www.burmeseclassic.com

ကမ္ဘာ့ပထမ
အာကာသခရီးသည်တင်နှင့်
ကုန်တင်ယာဉ်

အာကာသ
လွန်းပျံယာဉ်

ရောဘတ်(အမ်) အင်ဖြေပါဝါ(စ)

WORLD'S FIRST SPACESHIP

SHUTTLE

ROBERT M. POWERS

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

Copyright © 1979, 1980 By Robert M. Powers

ပထမအကြိမ်

*

အုပ်ရေ—၄၂၀၀

*

၁၉၈၂-ခုနှစ် မတ်လ

*

မေတ္တာသက်ဆောင်

*

ပုံနှိပ် / ထုတ်ဝေသူ

ဂျယ်ရီ၊ အီး၊ ကိုင်းလ်
ပုံနှိပ်သူမှတ်ပုံတင်အမှတ် ၀၂၈၇၂
ထုတ်ဝေသူမှတ်ပုံတင်အမှတ် ၀၃၀၇၄
အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးဌာနခွဲ
အမေရိကန်သံရုံး
၅၈၁၊ ကုန်သည်လမ်း
ရန်ကုန်မြို့။

BURMESE CLASSIC

မာတိကာ

၁။	ကနဦး ဗရယ် အငူမှ ညဦးဦးယံ အာကာသယာဉ် လွှတ်တင်မှု	၁
၂။	အုတ်ခဲ လ ဗိမာန်နှင့် အခြား စိတ်ကူးယဉ်မှုများ	၂၁
၃။	ကမ္ဘာ့ပတ် လမ်းကြောင်းအတွင်း ချိန်းဆိုခြင်း	၃၉
၄။	ဝန်းပတ်ယာဉ်တစင်းပေါ်တွင်	၅၅
၅။	လွှတ်တင်ခြင်း၊ သက်ဆင်းခြင်းနှင့် လွှတ်တင်အပြီး မသက်ဆင်းမီ ကြားကာလ	၈၄
၆။	အာကာသ ယာဉ်မှူး သစ်များ	၁၀၂
၇။	အာကာသ လွန်းပျံယာဉ် ကမ္ဘာ	၁၂၇
၈။	အာကာသ မာတ်ခွဲခန်း	၁၅၉
၉။	အာကာသတွင်းမှ နက္ခတ်ဗေဒ	၁၇၅
၁၀။	မော်ဂျူးများ၊ အာကာသ အလုပ်စခန်း များနှင့် အာကာသ စခန်းများ	၁၉၃
၁၁။	အာကာသတွင်း စက်မှုလက်မှု ထူထောင်ခြင်း	၂၁၁
၁၂။	နေအင်အား ဂြိုဟ်တုများ	၂၃၈
၁၃။	အာကာသလွန်းပျံယာဉ် ပေါ်ပေါက် လာပြီး နေ ပိုင်း၌	၂၅၅
၁၄။	ကိုလံဘီယာ အာကာသလွန်းပျံယာဉ် ပျံသန်းမှု	၂၈၂

www.burmeseclassic.com

www.burmeseclassic.com

စကားချီး

အာကာသ လွန်းပျံယာဉ် တည်ဆောက်ချခြင်း၏ အဓိက အကြောင်းရင်းမှာ ထွေထွေထူးထူး ဆန်းပြားမှုမပါ၊ သာမန် ရိုးရိုးအကြောင်းရပ်များသာ ဖြစ်ကြသည်။ တနည်းဆိုသော်- ပထမဦးဆုံးအကြိမ်အာကာသပျံသန်းမှုဖြစ်ပြီးခရီးစဉ်၏အဆုံး၌ သမုဒ္ဒရာအတွင်း၌သာ ကျဆုံးပျောက်ကွယ် သွားခဲ့ရသည့် လက်ရှိဒုံးပျံများကဲ့သို့မဟုတ်ပဲ၊ အကြိမ်ကြိမ် အဖန်ဖန်ထပ်မံ၍ အသုံးပြုနိုင်သော အာကာသယာဉ်တစင်းရရှိရန်စိတ်ကူးကြံစည် ခဲ့ကြခြင်းဖြစ်သည်။ သို့သော် အကြိမ်ကြိမ်အဖန်ဖန်ထပ်မံအသုံး ပြုနိုင်ရအောင် ဆောင်ရွက်ရခြင်းမှာ အပြောလွယ်သလောက် လက်တွေ့အလုပ်လုပ်ရာတွင် အထူးပင် ခက်ခဲလှသည်။ အာကာသ လွန်းပျံယာဉ် ဆောင်ရွက် ရမည့် တာဝန်ဝတ္တရားများ တိတိကျကျ ဆောင်ရွက်ရန်ရှိသဖြင့် ပုံစံရေးဆွဲ၍ ထုတ်လုပ်ခဲ့သူ များသည် မယုံကြည်နိုင်စရာ ရှုပ်ထွေးပွေလီလှသော စက်တခု ကို တီထွင် ဖန်တီးနိုင်ခဲ့သည် ဟု စာရေးသူ ရောဘတ် (တ) ဝါဝါ (စ) က ဤစာအုပ်တွင် အလျင်အမြန် သိသာထင်ရှား အောင် ရေးသား ဖော်ပြခဲ့သည်။ အာကာသလွန်းပျံယာဉ်ကို "ဝန်ဆောင်မြင်း" ကဲ့သို့ တာဝန်များ ထမ်းဆောင်နိုင်စေရန် ရည်မှန်း၍ တီထွင်ထုတ်လုပ်သူများ ကြိုးစား ထုတ်လုပ် ခဲ့ကြ သည်။ ပညာရှင်များ ရည်မှန်းသလို မှန်းချက်နှင့် နှမ်းထွက် လည်း ကိုက်ခဲ့သည်။

အာကာသလွန်းပျံယာဉ်မှာ၊ ဒီစီ-၉-လေယာဉ် အရွယ် အစား ပမာဏခန့်သာရှိသော်လည်း လေယာဉ်ကဲ့သို့ ပြေပြစ်ချော မွေ့မှုသိပ်မရှိပေ။ ကျွန်တော့် အနေနှင့်ပြောရပါမူ၊ အာကာသ လွန်းပျံယာဉ်ကို "ကွန်ကော့(ဒ)" လေယာဉ်နှင့် "မက်(ခ)" ထရပ်ကားတို့ နှစ်ခုစပ်၍တည်ဆောက်ထားသည်နှင့်တူသည်ဟု မြင်မိပါသည်။ အာကာသလွန်းပျံယာဉ်သည် အာကာသ အ တွင်း ဒုံးပျံကဲ့သို့ တည့်တည့်ထောင်၍ တက်ရောက်နိုင်ပြီး၊ လေ ယာဉ်ကဲ့သို့ပြေးလမ်းနှင့် တပြေးညီ ပျံသန်းကာ သက်ဆင်းနိုင် သည်။ နောင် နှစ်ပေါင်း အတန်ကြာသည်အထိ ကျွန်ုပ်တို့နိုင်ငံ မှ ဟင်းလင်းပြင်အာကာသဆိုင်ရာ ကုန်ပစ္စည်းများ လိုရာသို့ အရောက်ပေးပို့နိုင်ရန် အာကာသလွန်းပျံယာဉ်ဖြင့် ကမ္ဘာအား ဝန်းပတ်စေမည်ဖြစ်သည်။

ကျွန်တော်၏ချစ်မိတ်ဆွေဂျွန်ယမ်း အာကာသလွန်းပျံယာဉ် ဖြင့် ပထမဦးဆုံးအကြိမ် အာကာသသို့တက်ရောက်သည့်အခါ က ဂျင်မိနီနှင့် အပိုလိုအာကာသပျံသန်းမှုများ ပြုလုပ်စဉ်ကကဲ့ သို့မဟုတ်ပဲ၊ လုပ်ငန်းရပ် အများအပြားကို ကွဲပြားစွာ လုပ် ဆောင်ခဲ့ရလေသည်။ ကြီးမားသည့် လောင်စာအခဲသုံး ဒုံးပျံ နှစ်လုံး မီးစတင်ကူးပြီးသည့်နောက်ပိုင်း၌ လွန်းပျံယာဉ်သည် ၎င်း ဒုံးပျံတို့အပေါ်၌သာ မှီခိုနေရတော့သည်။ အာကာသ လွန်းပျံယာဉ်တွင် တစုံတခုသောအန္တရာယ်နှင့် ကြုံတွေ့ရသည့် အခါတို့၌ အသုံးပြုရသော လွတ်မြောက်ရေးဒုံးကျည်များ တပ် ဆင်ထားခြင်း မရှိခဲ့ပေ။ အာကာသယာဉ်မှူးနှစ်ဦးသာ လိုက် ပါသော ပထမဦးဆုံးပြုလုပ်သည့် အာကာသ ပျံသန်းမှုများ ပြုလုပ်စဉ်က၊ တစုံတခုသော အရေးအကြောင်းပြုပေါ်ပါက တွန်းထုတ်ထိုင်ခုံဖြင့် ယာဉ်၏အပြင်ရောက်အောင် လုပ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

နိုင်သည်။ သို့သော် ယာဉ်မှူးများ တဖြည်းဖြည်းချင်းတိုးလာပြီး၊ ၄-ဦးမှ ၇-ဦး အထိ ရောက်သည့်အခါ၌မူ ယင်း ထိုင်ခုံများကို ဖယ်ရှားပစ်မည်ဖြစ်သည်။ နောက်ပိုင်းတွင်မူ အမှား အယွင်း အဖြစ်ခံနိုင်မည်မဟုတ်ပေ။

ထို့နည်းတူစွာ လူမဲ့ အာကာသလွန်းပျံယာဉ် ပျံသန်းမှုတစုံတခုမှ ပြုလုပ်တော့မည်လည်း မဟုတ်တော့ပေ။ ဂျင်မိနီ အာကာသယာဉ်ကြီးများအား အာကာသသို့ အရောက်တင်လွှတ်ပို့ဆောင်ပေးသည့် တိုက်တန် ၂-ဒုံးပျံကြီးများကို လူစီး အာကာသ ယာဉ်များအား မတင်လွှတ်မီကပင် အကြိမ်ကြိမ် အဖန်ဖန် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ် ခဲ့ကြသည်။ နောက်ပိုင်း စိတ်ချရသည့် အခြေအနေရှိမှသာလျှင်၊ လူစီးဂျင်မိနီအာကာသယာဉ်များကို အာကာသသို့တင်ပို့ရာတွင် အသုံးပြုခဲ့ကြသည်။ ထို့နည်းတူစွာ စယ်တန်-၅ ဒုံးပျံများကိုလည်း ဤနည်းနှင်နှင် စမ်းသပ်စစ်ဆေးခဲ့ကြသည်။ ၁၉၆၈ ခုနှစ်၊ ခရစ်စမတ်အကြိုနေ့တွင် အာကာသယာဉ်မှူး ဖရင်(ခ)ဘိုမင်နှင့် သူ၏ တွဲဖက်ယာဉ်မှူးတို့အား လ ဆီသို့ ခရီးအရောက်နှင်နိုင်စေရန် စယ်တန် ၅-ဒုံးပျံကိုပင် အသုံးပြုခဲ့ရသည်။ သို့သော် ယင်း အာကာသ ပျံသန်းမှုမှာ အပိုလိုယာဉ်ဖြင့် တတိယအကြိမ်မြောက် ပြုလုပ်ခြင်း ဖြစ်ပြီး၊ ပထမနှစ်ကြိမ်ပြုလုပ်စဉ်က ယာဉ်မှူးများ ပါဝင်ခြင်း မရှိခဲ့ပေ။ အာကာသလွန်းပျံယာဉ်သည် ကမ္ဘာ့လူသားထုတရပ်လုံးအား အာကာသသို့ ခေတ်သစ်ဆီသို့ ခေါ်ဆောင်သွားနိုင်ခဲ့ပြီဖြစ်သည်။ ကိုလံဘီယာ အာကာသ လွန်းပျံယာဉ်အား အာကာသသို့ ပထမဦးဆုံးအကြိမ် ဦးဆောင်ပျံသန်းခဲ့သူ ယာဉ်မှူး ဂျွန်ယမ်းအနေဖြင့်လည်း အာကာသ သို့ စမ်းသပ်တက်ရောက်ခြင်း မဟုတ်ချေ။ သာမန် လုပ်ငန်းတခုသဘောမျိုးမျှ လုပ်ခဲ့ခြင်းဖြစ်ကြောင်း သက်သေထူခဲ့ပြီဖြစ်လေသည်။

အာကာသယာဉ်မှူး ဂျွန်ယမ်းသည် ကမ္ဘာ့လေထုအတွင်း ဝင်ရောက်စဉ်အခါကလည်း ယခင်က စီးနင်းလိုက်ပါခဲ့သော အာကာသယာဉ်များကဲ့သို့မဟုတ်ပဲ ပြောင်းလဲ လုပ်ဆောင်ခဲ့ရသည်။ ယခင်က အသုံးပြုခဲ့သော အာကာသ ယာဉ်များသည် ကမ္ဘာ့လေထုအတွင်းသို့ ဝင်ရောက်ရာတွင် ပဲ့ပိုင်းကို လေထုအတွင်း မျက်နှာမူ၍ သက်ဆင်းခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် ပဲ့ပိုင်းတွင်သာ အပူကာသတ္တုပြားများ ကပ်ထားခြင်းကြောင့် ဖြစ်သည်။ ယင်း အပူကာများကလည်း အာကာသယာဉ် ထိပ်ဖူးမှ လေထီး ပွင့်ပြီး ဖြည်းညှင်းစွာ သမုဒ္ဒရာရေပြင်အတွင်း မကျဆင်းမီအထိ လေထုနှင့် အာကာသယာဉ်တို့ပွတ်တိုက်ရာမှ ထွက်ပေါ်လာသောအပူရှိန်ကိုကာကွယ်ပေးခဲ့သည်။ သို့သော် အာကာသ လွန်းပျံယာဉ်၏ သက်ဆင်းစဉ်၌မူ၊ ထိုသို့မဟုတ်ချေ။ အာကာသလွန်းပျံယာဉ်သည် ခေတ်မီစွာ တည်ဆောက်ထားသော ဂလိုက်ဒါ-လေဟုန်စီးယာဉ်ပင်ဖြစ်သည်။ ဩစတြေးလျားတိုက်၏ အထက်စီးလောက်မှနေ၍ ဝန်းပတ်လမ်းကို ခွာကာ လေထုအတွင်း ဝင်ရောက်လာခဲ့သည်။ မူလတွင် အမြန်နှုန်း တနာရီလျှင် မိုင် ၁၇၀၀၀-ခန့်ဖြင့် ပျံသန်းခဲ့ရသော်လည်း ကယ်လီဖိုးနီးယား သဲကန္တာရအတွင်းရှိ လေယာဉ်ပြေး လမ်းသို့ ရောက်သည့်အခါ တနာရီလျှင် မိုင် ၂၀၀ ခန့်သာ ရှိတော့သည်။ လေယာဉ်မှူးများနှင့် အာကာသယာဉ်မှူး များအား မမျှော်လင့်သော ဘေးအန္တရာယ်များနှင့် ကြုံတွေ့စေနိုင်သော အသံလွန်အလျင်ပျံသန်းမှုမျိုးဖြင့် ဂျွန်ယမ်းသည် မြေပြင်သို့ ထိန်းကျောင်းမောင်းနှင် ပျံသန်းလာသည့် အခါတွင် ယာဉ်၌ပါဝင်သော ကွန်ပျူတာစက် ၅-လုံးတို့ များစွာ အထောက်အကူ ပြုခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အာကာသလွန်းပျံယာဉ်သည် ယာဉ်မှူးတဦးကိုဖြစ်စေ၊ သို့မဟုတ် သိပ္ပံပညာရှင်တဦးကိုဖြစ်စေ စိတ်လှုပ်ရှားအောင် ဆောင်ရွက်ပေးနိုင်သော အရာပင်ဖြစ်သည်။ သို့သော် အထူးအံ့ရေးပါသည့် အချက်မှာ စိတ်ကူးယာဉ်လာခဲ့သမျှကို လက်တွေ့ အကောင်အထည် ဖော်ပြလိုက်ခြင်းဖြစ်သည်။ စာရေးဆရာ ရောဘတ်(တ) ပါဝါ(စ) သည် ဤအချက်ကို ကောင်းစွာ သဘောပေါက်သူဖြစ်သည်။ ထို့ကြောင့် သူသည် ဤစာအုပ်တွင် ကောင်းစွာ သက်သေထူနိုင်ခဲ့သော အာကာသလွန်းပျံယာဉ်မှ စက်မှုနည်းပညာများကို လူသားများအတွက် မျှော်လင့်ချက်ရှိသော ကြယ်တာရာများနှင့် သမအောင် ရောနှော ရေးသားထားသည်။ သူသည် ကျွန်ုပ်တို့၏ အနာဂတ် အာကာသနှင့်ပတ်သက်ထင်မြင်လာနိုင်စေရန်နှင့် အာရုံခံကြည့်ရှုနိုင်ရန် ကောင်းစွာ ရေးသားနိုင်သည်။ သူ၏ ရေးသားချက်များ မှန်ကန်သည် ဟု ကျွန်ုပ် ထင်မြင်မိပါသည်။

မိုက်ကယ် ကော်လင်း(စ)
အပိုလို ၁၁–အာကာသယာဉ်မှူး

နိဒါန်း

အပိုလိုစီမံကိန်းသည် မီးလောင်ကျွမ်းရာမှ ပြန်၍ အသက်ရှင်လာသော ဖီးနက်(က)(စ)နတ်ငှက် (အီဂျစ်ဒဏ္ဍာရီ)ကဲ့သို့ အာကာသယာဉ်မှူးသုံးဦး သေဆုံးခဲ့ရသည့် စိတ်ကူး စိတ်သန်းများ ပျက်ပြားသွားမှု၊ မီးလောင်မှုနှင့် ဘေးအန္တရာယ်ကြုံတွေ့မှု များအကြားမှ အပိုအလို (၁၁) အာကာသယာဉ် လပေါ်ရှိ ဆိတ်ငြိမ် ပင်လယ်ပြင် ဒေသတွင် အောင်မြင်စွာ သက်ဆင်းနိုင်ရန် ဆောင်ရွက်ပေးခဲ့သော လုပ်ငန်းရပ် ဖြစ်လေသည်။ လူသားများ လပေါ်သို့ သက်ဆင်းနိုင်ခဲ့ကြသည်။ လ၏မျက်နှာပြင်အား စမ်းသပ်စစ်ဆေးခဲ့ကြသည်။ လကျောက် မြေသားများအား ကမ္ဘာသို့သယ်ဆောင် လာခဲ့ကြသည်။ ဤအချက်များကား အံ့အားသင့်စရာ အချက်အချို့ပင် ဖြစ်သည်။ ထိုမျှမက အခြားဂြိုဟ်ရံတလုံးဖြစ်သော လ၏ချိုင့်ဝှမ်းများထူထပ်စွာရှိသည့် မျက်နှာပြင်၏အထက်သို့ မြေကမ္ဘာကြီးသည် မည်းနက်သော ဟင်းလင်းပြင် အာကာသအား အပြာရောင် အဖြူကွက် မီးခိုးစက်တို့ဖြင့် နောက်ခံထား၍ မထင်မရှား ပေါ်မျောလျက်ရှိသည်ကိုလည်း တွေ့ရသည်။ ထိုအချိန်အခါသည် သမိုင်းဝင် အချိန်အခါဖြစ်ခဲ့သည်သာမက တပင်တပန်း စုပေါင်း၍ ကြိုးစားအားထုတ်ခဲ့ရကြောင်း ကိုလည်း နားလည်သဘောပေါက်သင့်ကြသည်။ ယင်းဖြစ်ရပ်၏ စွဲမှတ်ဖွယ် အချက်များမှာ ကျွန်ုပ်တို့၏စိတ်ဘဝင်ဝယ် အချိန်ကြာမြင့်စွာ စွဲထင်နေမည်ဖြစ်သည်။

အပိုလို အာကာသပျံသန်းမှုများ ပြုလုပ်စဉ်မှစ၍ ကျွန်ုပ်တို့သည် အာကာသတွင်း၌ စူးစမ်းရှာဖွေရေး လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လာခဲ့ကြသည်။ သောကြာဂြိုဟ်ပေါ် တွင်

www.burmeseclassic.com

www.burmeseclassic.com

ထည်း ဆိုဗီယက် ဂြိုဟ်ဆင်းယာဉ်၏ ခြေခုံအချို့ အောက်တွင် ထူးဆန်းသည့် ရွှံ့ကျောက်လွှာတို့ကို မထင်မရှား မြင်တွေ့ကြရသည်။ သောကြာဂြိုဟ်၏ လေထုအား စူးစမ်း လေ့လာမည့် အာကာသယာဉ်များနှင့် အမေရိကန် သောကြာဂြိုဟ်ဝန်းပတ်ရေးယာဉ်တို့လည်း နေအဖွဲ့အစည်းမှ ဒုတိယမြောက် ဂြိုဟ်ဖြစ်သော သောကြာဂြိုဟ်ဆီသို့ ဦးတည် ပျံသန်းကာ ၎င်းအား ဝန်းပတ်ပျံသန်းခဲ့ကြသည်။ နက်ရှိုင်းသည့်ဟင်းလင်းပြင် အာကာသအတွင်း၌လည်း ဗွိုင်ယေဂျာနှင့် ပိုင်အိုနီးယားအာကာသယာဉ်များသည် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့၏အနီးမှ ဖြတ်သန်းခဲ့ကြသည့်ပြင် ယင်းဂြိုဟ်ကြီးများ၏ အနီးကပ်ဓာတ်ပုံများပင် ရိုက်ကူးပေးပို့ခဲ့ကြသည်။ စနေဂြိုဟ်၏ကွင်းကြီးများကို အနီးကပ်ဓာတ်ပုံရိုက်ယူနိုင်ခဲ့ရာ တွေ့မြင်ရသူအများ အံ့အားပင် သင့်သွားခဲ့ကြသည်။

အင်္ဂါဂြိုဟ်ပေါ်၌ ကမ္ဘာမှာကဲ့သို့ သက်ရှိအရာများ ရှိနိုင်သည်ဟု ကျွန်ုပ်တို့သည် အထူးသဖြင့် ဤရာစုနှစ်အတွင်း၌ထင်မှတ်ခဲ့ကြသည်။ ဂြိုဟ်နီကြီးဟု ခေါ်တွင်သည့် အင်္ဂါဂြိုဟ်ပေါ်သို့ လွန်ခဲ့သော နှစ်နှစ်ခန့်က ဂြိုဟ်ဆင်းယာဉ်များ တင်လွှတ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ဂြိုဟ်ဆင်းယာဉ်များတင်လွှတ်နိုင်ခဲ့သည့် ဗိုက်ကင်းစီမံကိန်းမှာလည်း တဖြည်းဖြည်းချင်း ရပ်ဆိုင်းသွားခဲ့သည်။ မကြာမီနှစ်များ အတွင်း၌ ကြာသပတေးဂြိုဟ်အား ဝန်းပတ်ပျံသန်းမည့် အာကာသယာဉ်တစင်း တင်လွှတ်မည်ဖြစ်သည်။ ကြာသပတေးဂြိုဟ်၏ လေထုနှင့် ၎င်းအား ဝန်းပတ်နေကြသော ထူးဆန်းအံ့ဩဖွယ် ကောင်းသည့်လများအား လေ့လာရန် ၎င်းအာကာသယာဉ်သည် အချိန်နှစ်နှစ် သို့မဟုတ် ထိုထက်ကျော်လွန်၍ဝန်းပတ်နေမည်ဖြစ်သည်။ ကြာသပတေးဂြိုဟ်၏ လေထုထဲတွင်၊ သို့မဟုတ် စနေဂြိုဟ်အား ဝန်းပတ်နေကြသည့် လများအနက်မှ အကြီးဆုံး ဖြစ်သော တိုက်တန်လပေါ်တွင်၊ သို့မဟုတ် နဂါးငွေ့တန်း ဂလက်ဆီ ကြယ်အစုအဝေး၏ဗဟိုချက်မှ အလှမ်းကွာလှသည့် စကြဝဠာအတွင်း သေးငယ်ချောင်ကျသော တနေရာရာတွင်အမှုန်အမွှားအရွယ်ပမာဏသာ ရှိသည့် သက်ရှိ အရာများ၏ သန္ဓေတည်စအခြေအနေမျိုးကို ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိနိုင်သည်။

ယခုအခါတွင် ကျွန်ုပ်တို့သည် ကြီး ကျယ် ခမ်း နား သည့် စူးစမ်းရှာဖွေရေးလုပ်ငန်းများ ပြုလုပ်နိုင်သော အခြေအနေများလက်ဝယ်ရရှိပြီးဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၇၀၀၀ လျော့လျော့က ကျွန်ုပ်တို့သည် မိမိတို့၏ ဘာသာစကားကိုပင် မရေးတတ်ခဲ့ကြပေ။ ကမ္ဘာ့ဖြစ်ရပ် သမိုင်းစဉ်၏ အချိန်ကာလနှင့် နှိုင်းစာပါက သေးငယ်လှသော အပိုင်း ဂဏန်းသာ ဖြစ်သည့် လွန်ခဲ့သော နှစ်ပေါင်း ၇၀၀၀ ခန့်က ကျွန်ုပ်တို့သည် မိမိတို့၏ သားငယ်သမီးငယ်များကို ကောင်းစွာကျွေးမွေးပြုစု မျိုးထောင်ပေးခြင်း၊ သို့မဟုတ် ဘေးအန္တရာယ် အသွယ်သွယ်မှ ကာကွယ်ပေးခြင်းများကို ကောင်းမွန်စွာ မပြုလုပ်နိုင် ခဲ့ကြပေ။ ထို့အပြင်အမျိုးအမည်မသိရသော ရောဂါဆိုးတို့ကြောင့် လူအများစု အသက် ငယ်ငယ်နှင့် သေဆုံးသွားရသည့် ဘေးမှလည်း ကျွန်ုပ်တို့ မကာကွယ်နိုင်ခဲ့ကြပေ။

အာကာသလွန်းပျံယာဉ်ကို တီထွင်ထုတ်လုပ် နိုင် ခဲ့သည့် အထက် မကြာမီနှစ်အနည်းငယ်အတွင်း၌ ကမ္ဘာ့လူသားထုတရပ်လုံး၏ အစိတ်အပိုင်းမျှသာ ဖြစ်သည့် လူပေါင်း ၂,၀၀၀ ခန့်တို့သည် ကမ္ဘာ့အထက်အာကာသ အတွင်း၌ အလုပ်လုပ်ကိုင်နေထိုင်သွားလာနေကြမည်ဖြစ်ပေသည်။ ဤရာစုနှစ်မကုန်မီမှာပင် အာကာသအတွင်း၌ တနှစ်ပတ်လုံးနေထိုင်ကြသည့်လူသားများပင် ရှိနေပေတော့မည်။ ယခုအချိန်ဝယ်အသက်ရှင်လျက်

www.burmeseclassic.com

www.burmeseclassic.com

ရှိသူများထဲမှ အနည်းငယ်ခန့်တို့သည် ကျွန်ုပ်တို့ နေ ထိုင် ရာ မြေကမ္ဘာ၏ ထက်အာကာသတွင်း၌ပထမဦးဆုံးမွေးဖွားသည့် ကလေးငယ်တဦးကိုပင် တွေ့မြင်နိုင်ပေမည်။ ယင်း က လေး ငယ်သည်ပင် အခြားဂြိုဟ်တခုခုပေါ်၌ ပထမဦးဆုံး မွေးဖွား သော ကလေးငယ်ကိုလည်း မြင်တွေ့နိုင်မည်ဖြစ်သည်။ အာကာ သတွင်လည်းကောင်း၊ သို့မဟုတ်အခြားဂြိုဟ်တခုခုအပေါ်တွင် လည်းကောင်း ပေါက်ဖွားလာခဲ့သော မျိုးဆက်အရေအတွက် အနည်းငယ်သာရှိသည့်အချိန်အတွင်း၌ပင်ယင်းမျိုးဆက်များမှ လူသားများသည် ကြယ်တာရာများဆီသို့ ခရီးထွက်မည့်ယာဉ် တစင်း စကြဝဠာခရီးနှင်သည်ကို ကြည့် ရှု နိုင် ကြ မည် လည်း ဖြစ်သည်။

သို့သော် ကျွန်ုပ်တို့သည် အာကာသ တွင်း၌ ယဉ်ကျေး မှု ထွန်းကားအောင် ဆက်လက်၍ မပြုလုပ်နိုင်ပါက ဖော်ပြပါ ဖြစ်ရပ်များ တစုံတခုမှ ပေါ်ပေါက်လာမည်မဟုတ်ပေ။ အာ ကာသနှင့် ပတ်သက်သော စူးစမ်းမှုလုပ်ငန်းများ အ လျင် အ မြန်နှင့် အားသွန်ခွန်စိုက်မပြုလုပ်ကြပါက ဤမြေကမ္ဘာ၌သက် ရှိထင်ရှား နေထိုင်ကြသူ လူအများသည် တစုံတခုသောနစ်နာ မှုကို ကြုံတွေ့ရမည် မဟုတ်ပေ။ သို့သော် အာကာသ ဆိုင်ရာ စက်မှုပညာသည် ကျရောက်မည့်ဘေးကို အကာအကွယ် ပေး နိုင်ငြားလည်း လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းမရှိသည့်နောင် လာ နောက်သားများသာ နစ်နာခံစားကြမည်ဖြစ်သည်။ယင်း ပုဂ္ဂိုလ်များသည် နိုင်ငံတွင်းမှ ပင်ရင်းအခြေအမြစ်စွမ်းပကား များကိုသမိုင်းပေးအချိန်ကာလတွင် အားစိုက်ထုတ်၍ရွေးချယ် မသုံးစွဲပဲနေသူများနှင့်သာ တူပေတော့သည်။

အာကာသလွန်းပျံယာဉ်အား သင့်တင့်လျောက်ပတ်သော အစီအစဉ်ချမှတ်ကာဆောင်ရွက်မည်ဆိုပါကနောင်ကူးပြောင်း

တော့မည့် ရာစုနှစ်အတွက် အဓိက စက်မှုနည်းပညာ တရပ်ဖြစ် လာနိုင်သည်။ ၎င်းအာကာသလွန်းပျံယာဉ်သည် စကြဝဠာအ တွင်းမှ လုံးဝစူးစမ်းလေ့လာမှုမပြုလုပ်ရသေးသည့် နေရာဒေသ များသို့ ကို့ရိုးကားရားအသွင်ဖြင့် ချဲ့ထွင်သွားလာနိုင်ရေးတွင် လည်း အဓိက ယာဉ်ဖြစ်လာနိုင်သည်။ သောကြာဂြိုဟ်မှမြေ ကျောက်နမူနာများ သွားရောက်ယူငင်ပြီး ကမ္ဘာသို့ပြန်လည် ပေးပို့နိုင်ရေးအတွက် ကြိုတင်ကြံစီကာပြုသော ခရီးစဉ်အတွက် လည်း အဓိကယာဉ် ဖြစ်လာနိုင်သည်။ ထို့ပြင် အင်္ဂါဂြိုဟ်အား လူအများ နေထိုင်နိုင်သောဂြိုဟ်အဖြစ် ဖန်တီးရန်ပျံသန်းမှုများ ပြုလုပ်သည့် အခါ၌လည်းကောင်း၊ ဝေးကွာသည့်ပလူတိုဂြိုဟ် ဆီသို့ ပျံသန်းမှုများပြုရာ၌လည်းကောင်း၊ လမျက်နှာပြင်သို့ ထပ်မံသက်ဆင်းလိုသည့်အခါ၌လည်းကောင်း အာကာသလွန်း ပျံယာဉ်အား အဓိကသော့ချက်ယာဉ် အ ဖြစ် လည်း အသုံး ပြု နိုင်သည်။

အာကာသ စက်မှု နည်းပညာအား လူသားများအတွက် ကောင်းကျိုးသာမက ဆိုးကျိုးများအတွက် အသုံးချလိုပါက လည်း အာကာသ လွန်းပျံယာဉ်သည် အဓိကသော့ချက် ဖြစ် လာနိုင်သည်။ အဝေးမှ အာရုံခံနိုင်စွမ်းရှိသော ကိရိယာအစိတ် အပိုင်းများအား အာကာသ၌ ထားရှိ၍၊ မြေကမ္ဘာ၏ အ ခြေအနေကို မပြတ်စောင့်ကြပ်ကြည့်ရှုမှတ်သားနိုင်ရန်အတွက် လည်း အာကာသလွန်းပျံယာဉ်ကိုပင် အသုံးပြုနိုင်သည်။ ကမ္ဘာ့ ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန် လာစေရေး အတွက် အာကာသတွင်း လွှတ်တင်ထားသော ဆက်သွယ်ရေး ဂြိုဟ်တုများအား ပြုပြင်မွမ်းမံခြင်း၊ နေရာအတိအကျ ပြန်ကြား ပို့ပေးနိုင်သော လမ်းညွှန်ဂြိုဟ်တုများအား ရွှေ့သားတ [illegible] ပြုပြင်ပြောင်းလဲပေးခြင်းနှင့် ကမ္ဘာ့စွမ်းအင် ပြဿနာ

www.burmeseclassic.com

www.burmeseclassic.com

များကို အခိုက်အတန့်အားဖြင့် ဖြေရှင်းပေးနိုင်မည့် နေအင်အား ဂြိုဟ်တုများ တည်ဆောက်ထုတ်လုပ်ခြင်း စသည်လုပ်ငန်းများအတွက်လည်း အာကာသလွန်းပျံယာဉ်ကိုပင် အသုံးပြုရပေမည်။

အာကာသလွန်းပျံယာဉ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ အထူးမျှော်လင့်ချက်ထားပြီး ပုံစံရေးဆွဲ တည်ဆောက်ကြရာ၌ လူသားများသည် အာကာသနှင့် ကူးလူးဆက်ဆံရာတွင် သာမန်သွားရိုးသွားစဉ်အတိုင်း မသွားပဲ၊ ထူးထွေ ဆန်းပြားသော လုပ်ငန်းရပ်များ အနည်းအပါးသာ လုပ်ဆောင်ကြလိမ့်မည်ဟု ထင်မြင်ခဲ့ကြသည်။

ယင်း ကဲ့ သို့သော လုပ်ငန်းရပ်များကို လုပ်ဆောင်မည် ဟု ကျွန်ုပ်တို့ရွေးချယ်ပြီး ရရှိသည့်အခွင့်အလမ်းများကို ကျွန်ုပ်တို့ မလွတ်တမ်း မိမိရရ ဆွဲကိုင်ထားကာ၊ ကုန်ကျစရိတ်များသည့် အနာဂတ်ကောင်းစားရေး လုပ်ငန်းများလုပ်ဆောင်ရန် လက်ရှိ နိုင်ငံရေးသမားများအားသိမ်းသွင်းနိုင်မည်ဆိုပါက၊ ကမ္ဘာနှင့် လုံးဝမတူ တမူကွဲနေသော ပတ်ဝန်းကျင်မျိုးသာ ရှိသည့် အာကာသ၌ အမျိုးသားနှင့်အမျိုးသမီးများ နေထိုင်သွားလာ လုပ်ငန်းခွင် ဝင်နိုင်မည်သာမက အနာဂတ်အတွက်စိတ်ကူးများလည်း ယဉ်နိုင်ပြီး ရှေ့ရေးအတွက် အလားအလာများကို လေ့လာ မှတ်သားနိုင်မည့် ပထမဦးဆုံးသော အာကာသစခန်းကို ကမ္ဘာမြေကြီး၏အထက် အတန်ငယ် အလှမ်းကွာသည့် အာကာသ တွင် ကျွန်ုပ်တို့ မြင်တွေ့ရမည် ဖြစ်သည်။ ယင်း ဖြစ်ရပ်ထက် ကျော်လွန်၍ ကျွန်ုပ်တို့ မျှော်ခေါ်ကြည့်မည် ဆိုပါက လည်း ပြိုးပြိုးပြက်ပြက် လင်းလျက်ရှိသော ကြယ် များအား နောက်ခံထားသည့် အာကာသကိုလိုနီများနှင့် အာကာသမြို့ပြ များကိုပါ မြင်တွေ့ကြရမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် တနေ့နေ့ တချိန်ချိန်၌ လှုပ်ရှားမှုကင်းမဲ့နေသည့် လ မျက်နှာပြင်၏အောက်ဝယ် နေအိမ်များတည်ဆောက်ကာ လူအများ အပြွတ်လိုက် အသိပ်လိုက် နေထိုင်ကောင်း နေထိုင်ကြပေမည်။ သို့မဟုတ် လ မျက်နှာပြင်တွင် တဲအုံပမာ ဆောက်လုပ်ထားသော အဆောက်အအုံ များတွင် နေထိုင်ကောင်း နေထိုင်ကြပေမည်။ ကျွန်ုပ်တို့သည်စွန့်စားကာ အင်္ဂါဂြိုဟ်သို့ခရီးနှင်ကောင်း နှင်ကြပေမည်။သို့မဟုတ် ဂြိုဟ်ကြီးတခုအား လျင်မြန်စွာဝန်းပတ်နေသောဂြိုဟ်ငယ်များပေါ်၌လည်း လမ်းလျှောက်ကောင်း လမ်းလျှောက်နေကြပေမည်။ထိုမှတဖန် သောကြာဂြိုဟ်၏အကြောင်း ကောင်းကောင်းကြီး သဘောပေါက်စေရန် သောကြာဂြိုဟ်၏ နှင်းခိုးလုံးများကို လေ့လာကောင်း လေ့လာကြပေမည်။ ဤသို့ နေထိုင်သွားလာပြီး စူးစမ်းရာမှ ထွက်ပေါ်လာခဲ့သော အချက်အလက်များသည် ကျွန်ုပ် တို့ နှင့် ဆိုင်သော အကြောင်းချင်းတများ ကို လည်းကောင်း၊ ကျွန်ုပ်တို့ မည်သို့မည်ပုံ သွားလာနေထိုင်ခဲ့သည် ဟူသော အချက်များကိုလည်းကောင်း ပြောကြားပေးမည် ဖြစ်ပေသည်။

သောကြာဂြိုဟ်နှင့် အင်္ဂါဂြိုဟ်တို့ထက် အလှမ်းဝေးသော ဂြိုဟ်များ၏ လေထုများနှင့် မျက်နှာပြင်များကို ကျွန်ုပ်တို့ အာကာသတွင်း တင်လွှတ်ထားသောဂြိုဟ်တုမှကင်မရာများဖြင့် ဓာတ်ပုံရိုက်ယူကာ ရရှိသော အချက်အလက်များသည်လည်း ကျွန်ုပ်တို့၏ ပုံဖော်ယူရေး ကိရိယာများနှင့် ကွန်ပျူတာ စက်များ၏ ရှေ့မှောက်တွင် အပိုင်းအစများအနေဖြင့် ပြန့်ကျဲနေကြမည်ဖြစ်သည်။ ဤရာစုနှစ်မကုန်မီတွင် အင်္ဂါဂြိုဟ်မှ ပထမဦးဆုံးသော ကျောက်ထုံး၊ အာကာသတွင်း အလှမ်းကွာသည့် နေရာ၌ရှိသော တိုက်တန် လ မှ ပထမဦးဆုံးသော လေထုနှင့်

www.burmeseclassic.com

သောကြောဂိုဟ်မှ ပထမဦးဆုံးသော မြေဆီလွှာများကို ရရှိနိုင်မည် ဖြစ်သည်။

အခြားသော အကြောင်းရပ်များထက် ဤဖြစ်ရပ်များမှာ သမိုင်းဝင် ဖြစ်ရပ် အနေဖြင့် ရပ်တည်နေမည်ဖြစ်ပြီး အချိန်ကိုက်၍ ဖြစ်ထွန်းလာမည်မှာ မလွဲဖြစ်သည်။ ဤသို့သောကာလ၌ လူသားထုတရပ်လုံးသည် ကြီးမားလှသော အောင်မြင်မှုကြီးတရပ် နောက်ထပ်ရရှိသည်ဟု ဆိုနိုင်ပေမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လုပ်ငန်းနှင့်ပတ်သက်သော ဆက်စပ်မှုများကို မပစ်ပယ်ပဲ ပေါ်ပေါက်နေသော အခွင့်အရေးကိုလည်း လက်လွှတ်မခံသင့်ပေ။ နောက်ဆုံးရရှိမည့် ရလဒ်ကို မြင်တွေ့ရမည်ဆိုပါက အထူးပင် သင့်လျော်ပေမည်။ သို့သော် ဤကဲ့သို့သော အခွင့်အရေးမျိုး ကျွန်ုပ်တို့ဘယ်အခါမှ မရခဲ့ကြ။ ကုန်ကုန်ပြောရမည်ဆိုသော် ကနဦး ရလဒ်များကိုသာ မြင်တွေ့ နိုင်သည်။ ဤသို့ဆိုပါ အထူးကျေနပ်နှစ်သိမ့်ဖွယ်ကောင်းလှပေပြီ။

လွန်ခဲ့သော နှစ်ပေါင်း သုံး လေးဆယ်မကျော်မီကာလအတွင်းက သိပ္ပံဝတ္ထုများကိုဖတ်ကာ စိတ်ကူးယဉ်ခဲ့ကြသူများ၏ စိတ်ကူးယဉ်အိပ်မက်များအား ကျွန်ုပ်တို့ ခေတ်နှင့်အညီ ဖန်တီးလုပ်ဆောင်ခဲ့ကြပြီ။

လီယိုနဒ်နီမွိုင်

အခန်း (၁)

ကနဗရယ်အငူမှ ညဉ့်ဦးယံ အာကာသယာဉ်လွှတ်တင်မှု

ကနဗရယ်အငူ၏ အနောက်မြောက်ထောင့်ရှိ "ဒေတိုနာဘိ(ခ)"မြို့ဘက်၌ တိမ်အနည်းငယ်နှင့်အတ္တလန္တိတ်သမုဒ္ဒရာထက် [illegible]င်းမှုန်များဖြင့် ဖုံးလွှမ်းနေသည်မှအပ ကြည်လင် အေးမြ[illegible]ညဖြစ်သည်။ 'အင်းဒီယမ်'မြစ်တဘက်ကမ်းရှိ "ဟီတူ(စ)[illegible]"မြို့မှ မြို့သူမြို့သားများသည်လည်း ဂျွန်နီကာဆင် ရုပ်မြင်[illegible]အစီအစဉ်ကို ကြည့်ရှုနေကြပေမည်။ သို့မဟုတ် အိပ်ရာ[illegible] ပြင်ဆင်ကောင်း ပြင်ဆင်နေကြပေမည်။ ပင်လယ်တွင်း

www.burmeseclassic.com

ကြည့်မည်ဆိုပါက မည်းမှောင်သည့် ည၏ကောင်းကင်ပြင်ဝယ် မီးတောက် မီးလျှံသာ တွေ့မြင်ရပေမည်။

လွှတ်တင်၍အပြီး အချိန်ခုနစ်စက္ကန့်ကျော်ကျော်အကြာတွင် အာကာသ လွန်းပျံယာဉ်၏ ထိန်းကျောင်းမှုကို ဂျွန်ဆင် အာကာသ စခန်းရှိ ဟူစတန်ထိန်းချုပ်ရေးဌာနမှ လွှဲပြောင်းယူခဲ့သည်။ လွှတ်တင်၍အပြီး၊ တမိနစ် အကြာတွင်မူ ပင့်အား လျော့ချရန် ဟူစတန်ထိန်းချုပ်ရေးဌာနမှ ပြောကြားခဲ့သည်။ ဤတွင် လူသားများ ခံနိုင်ရည်ရှိသည့် အခြေအနေမျိုးသို့ ရောက်အောင် အရှိန်ကို လျော့ချခဲ့ခြင်းဖြစ်သည်။ ထိုအခါ စိတ်တုန်လှုပ်ချောက်ချားဖွယ်ရာ တုန်ခါမှုမျိုး မရှိတော့သည် သာမက အပိုလိုစယ်တန် ၅ ဒုံးယာဉ်ကြီး၌လည်း ကြီးစွာသော အန္တရာယ်မှ ကင်းဝေးလာခဲ့သည်။ ယခု ယာဉ်မှူးတို့ကြုံတွေ့ နေရသည်မှာ ကမ္ဘာ့ဆွဲငင်အားထက် သုံးဆခန့် ရှိသော ဆွဲငင် အား၏ ဒဏ်ကို ခံနေရခြင်းပင်ဖြစ်သည်။ သို့သော် ကောင်းစွာ ခံနိုင်ရည်ရှိသဖြင့် အန္တရာယ် မရှိသော အာကာသသို့ တက်ရောက်မှုဟု ဆိုနိုင်သည်။

တင်လွှတ်အပြီး နှစ်မိနစ် အကြာတွင် အာကာသ လွန်းပျံ ယာဉ်နှင့် ဒုံးယာဉ်ကြီးတို့သည် ကမ္ဘာအထက် အတော်ပင် တက်ရောက်သွားခဲ့လေပြီ။ လွန်းပျံယာဉ်၏ ပြတင်းပေါက်ဝယ် မှ အပြင်သို့ကြည့်ပါမူ နက်ရှိုင်းပြီး မည်းပြာရောင် ရှိသော ကောင်းကင်ကို တွေ့ရမည်။ ကနဗာရယ်အငူ၏ အထက် မိုင် ၁၀၀ ခန့် ရောက်ရှိသွားပါမူ ကောင်းကင်၏ အရောင်သည် မည်းပြာရောင်မှ မည်းနက်သောအရောင်သို့ ပြောင်းလဲ သွား သည်။ ထိုစဉ် အထက်သို့တက်ရောက်နေသော အမြန်နှုန်းသည် တနာရီလျှင် မိုင် ၃၀၀၀ ရှိလေသည်။

"လောင်စာအခဲသုံး အရှိန်တိုးဒုံးပျံမှ လောင်စာများ ကုန် တော့မည်" ဟု ဟူစတန်ထိန်းချုပ်ရေး ဌာနမှ ပထမဆုံး တိုက်ရိုက် ဆက်သွယ် ပြောကြားခဲ့သည်။ ယခုအခါတွင် အာကာသ လွန်းပျံယာဉ်သည် ကမ္ဘာမြေအထက် ၂၅ မိုင် ကျော် ကျော်တွင် ရောက်ရှိနေပြီး လောင်စာအခဲသုံး အရှိန်တိုးဒုံးပျံ များမှ လောင်စာများလည်း ကုန်ခန်းသွားပြီဖြစ်သည်။ ယင်း ဒုံးပျံများကို အာကာသယာဉ် အထက်သို့ ရေမိုင် ၂၇ မိုင် အရောက်တွင် ဖြုတ်ချပစ်မည်ဖြစ်သည်။ ၎င်းတို့ကို အထက်သို့ တရှိန်ထိုး တက်ရောက်နေသော ဝန်းပတ်ယာဉ်နှင့် အပြင်ပိုင်း တိုင်ကီတို့မှ ဖြုတ်ချရာတွင် ဒုံးပျံ၌ပါရှိသော အင်ဂျင်များကို သုံး၍ ခွဲထွက်စေမည်ဖြစ်သည်။ သို့မှသာ ပင်လယ်တွင်းသို့ ကျ ရောက်ကာ နောက်တကြိမ်ထပ်မံ၍ အသုံးပြုနိုင်ရန် ပင်လယ် တွင်းမှ ဆယ်ယူမည်ဖြစ်ပေသည်။

"ခွဲထွက် ဖြုတ်ချရမည့်အချိန်အတွက် အသင့်ရှိပါ"

"လေး....သုံး....နှစ်....တစ်" အလုံပိတ်ထားသော အစိတ် အပိုင်းတွင်းမှ ပေါက်ကွဲသံ အတော်များများ ကြားရသဖြင့် အထူခံအစိတ်အပိုင်းများနှင့် ပေါက်ကွဲမှုဒဏ်ခံ အစိတ်အပိုင်း များ၌ မီးကူးပြီဖြစ်ကြောင်း သိရသည်။ လောင်စာအခဲသုံး အရှိန်တိုး ဒုံးပျံများ ပင်မယာဉ်ကြီးမှ ခွဲထွက်ကျဆင်းသွားကြ သည်။ အရှိန်တိုး ဒုံးပျံများ မရှိတော့သဖြင့် အရှိန် နည်းလာ သည်။ အာကာသလွန်းပျံယာဉ်သည် အာကာသအတွင်းသို့ ဦးတည်လျက်ရှိသည်။ အဓိကအင်ဂျင် သုံးလုံးသည် အပြင်ပိုင်း တိုင်ကီရှိ များပြားလှသော လောင်စာများကို ဆွဲယူသုံးစွဲပြီး ဦးတည်စေခဲ့ခြင်း ဖြစ်သည်။

တဖြည်းဖြည်းချင်း ပေါ့ပါးလာသည့် အာကာသလွန်းပျံ ယာဉ်၌ ပင့်အား များပြားလာခဲ့သည်။ သို့သော် အင်ဂျင်

www.burmeseclassic.com

www.burmeseclassic.com

စက်များက ကမ္ဘာ့ဆွဲငင်အား၏ ၃-ဆ(၃-ဂျီ)မျှသာရှိစေရန် လျှော့ချခဲ့ကြသည်။

ထိုစဉ် ယာဉ်မှူးများသည် ကမ္ဘာကြီး ကွေးဝိုင်းနေသည်ကိုတွေ့ရပြီး ကောင်းကင်ပြင်မှာလည်း လုံးဝမည်းနက်နေသည်ကို မြင်ကြရသည်။ ယာဉ်အတွင်း၌မူ ကမ္ဘာ့မြေပြင် ဖိအားမျိုး ရရှိစေရန် ပြုလုပ် ဖန်တီးပေးထားရာ အာကာသ ယာဉ်အနည်းငယ်လှုပ်ရှားသည်နှင့် ဖိအားကျရာမှ ပေါ်ထွက်လာသော 'တရှဲရှဲ' မြည်သံသာ ကြားနေရသည်။ ဤအချက်သည်ပင်လျှင် အင်ဂျင်စက် လည် ပတ် နေ ကြောင်း သိ ရှိ ရ သည်။ တိုင်ကီကြီးအတွင်းမှ လောင်စာသည်လည်း သုံးစွဲ၍ ကုန်ခန်းရန် နီးစပ်နေပြီဖြစ်သဖြင့် အဓိကအင်ဂျင်ကို မကြာမီ ရပ်ဆိုင်းရပေတော့မည်။

အင်ဂျင်များ ပိတ်လိုက်သည့်အခါ ယာဉ်၏လှုပ်ရှားမှုများ ရပ်ဆိုင်းသွားသည်။

"ဟူစတန်-ကျွန်ုပ်တို့ အင်ဂျင်ကို ပိတ်လိုက်ပါပြီ"ဟု ဦးစီးယာဉ်မှူးက အကြောင်းကြားလိုက်သည်။

မြေပြင်စခန်းမှပြန်လည်အကြောင်းကြားသံမှာ 'ရော်ဂျာ' ဟူ၍စင်ဖြစ်ပြီး၊ ၎င်းနှင့်အတူ အခြားသူများ နားမလည်ပဲ ယာဉ်မှူးနှင့် အကူယာဉ်မှူးတို့သာ နားလည်သဘောပေါက်နိုင်သော ကိန်းဂဏန်းရှည်ကြီးတခုကို ပြောကြားလိုက်လေသည်။ ယခုအခါတွင် အာကာသလွန်းပျံယာဉ်သည် ကမ္ဘာမြေပြင်အထက် ၁၁၅ မိုင်ခန့် အကွာသို့ရောက်ရန် နီးကပ်နေပေပြီ။ ထို့ပြင် ၎င်း၏အမြန်နှုန်းမှာလည်း "ဝန်းပတ်အလျှင်" သို့ ရောက်ရှိရန် တနာရီလျှင် မိုင် ၃-၄ ရာခန့်သာ တိုး၍ပေးရန် လိုပေတော့သည်။ (ဝန်းပတ်အလျှင်မှာ တနာရီလျှင် မိုင် ၁၇,၆၀၀ ခန့်သွားသော အမြန်နှုန်းဖြစ်သည်။) အပြင်

ဝိုင်း တိုင်ကီဖြုတ်ချရန် ယာဉ်မှူးတို့ စောင့်ဆိုင်းနေကြသည်။ ဤသည်ကား ကမ္ဘာအား ဝန်းပတ်နိုင်လောက်သောအမြင့်သို့ ရောက်ရန် အနည်းငယ်မျှသာလိုကြောင်း ပြသပေသည်။ ဒုံးပျံငယ်ကလေးများ ပေါက်ကွဲသည်နှင့်တပြိုင်နက် တိုင်ကီကြီးသည် လိမ့်ဆင်းသွားပြီး ကမ္ဘာမြေပြင်သို့ လွဲပစ်လမ်းကြောင်းအတိုင်း ကျဆင်းသွားသည်။ လူသူ အရောက်အပေါက်နည်းသော သမုဒ္ဒရာတွင် ကျဆင်းသွားပေမည်။ ပြန်လည် အသုံးပြုသည်းမဟုတ်၊ စွန့်ပစ်ပစ္စည်းအဖြစ် ဆုံးရှုံးသွားပေမည်။ သို့သော် တိုင်ကီ၏တန်ဖိုးမှာ မကြီးလှသဖြင့် ပြန်လည်ဆယ်ယူရန် မလိုအပ်ပေ။

"ဝန်းပတ်နိုင်ရေးလှုပ်ရှားမှုစနစ် စတင်နိုင်ရန် မီးကူးစေပါတော့မည်" ဟု ဦးစီးယာဉ်မှူးက အကြောင်းကြားလိုက်သည်။ တည်ငြိမ်စွာ ကမ္ဘာနှင့် နီးနီးကပ်ကပ် ဝန်းပတ်ပျံသန်းနိုင်ရန် လိုအပ်သည့်အလျှင်တိုးမှု မိုင် ၂၀၀-မိုင် ၃၀၀ ခန့်ကို အာကာသလွန်းပျံယာဉ်သည် ဝန်းပတ်နိုင်ရေး လှုပ်ရှားမှုစနစ်သုံး၍ ရယူနိုင်သည်။ အာကာသလွန်းပျံယာဉ်အား လိုအပ်သည့်အကက်သို့ ဦးတည်၍အပြီး လှုပ်ရှားမှုစွမ်းဆောင်ရေး အင်ဂျင်များအား မစတင်မီ ကွန်ပျူတာစက်များသည် ရရှိသော အချက်အလက်များကို မြေပြင်စခန်းနှင့်သာမက အချင်းချင်းအညီ ညှိနှိုင်းကြည့်ခဲ့ကြသည်။

မီးကူးသည့်အချိန်၌ဖြစ်ပေါ်နေသော အချက်အလက်များအား ရှင်းလင်းတင်ပြရန် ဟူစတန် ထိန်းချုပ်ရေး ဌာန က ကြောင်းဆိုလိုက်သည်။ ဝန်းပတ်နိုင်ရေးလှုပ်ရှားမှုမှ ပင်အားအနည်းငယ်သာ ရရှိကြောင်း ယာဉ်မှူးက အကြောင်းပြန်သည်။ လှုပ်ရှားမှုစွမ်းဆောင်ရေးအင်ဂျင်များမှရရှိသော အားတို့ အာကာသယာဉ်တင်လွှတ်စဉ်က ထုတ်ပေါ်ခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com

ဝင်အားဖြင့် နှိုင်းစာပါက၊ မပြောပလောက်အောင်ပင် နည်းပါးကြောင်း တွေ့ရှိရသည်။ မီးကူး၍အပြီး မိနစ်အနည်းငယ်အကြာတွင် ကွန်ပျူတာစက်က ၎င်းရရှိသောအဖြေကို ပေးလိုက်သည်။ ဝန်းပတ်နိုင်ရေး အမြန်နှုန်းမှာ အပိုအသို မရှိ။ အာကာသလွန်းပျံယာဉ်မှာ ဝန်းပတ်ပျံသန်းရန်သာ လိုတော့သည်။

"ဤဌာနရှိ စက်ကိရိယာများက ဝန်းပတ်ပျံသန်းနိုင်ရေး လှုပ်ရှားမှုစနစ်ပီတ်ရန် ဖော်ပြနေပါပြီ" ဟု ဟူစတန်ထိန်းချုပ်ရေး ဌာနက အစီရင်ခံလိုက်သည်။

" ရော်ဂျာ "

ယခုအခါတွင် အာကာသလွန်းပျံယာဉ်သည် ကမ္ဘာအား ဝန်းပတ် ပျံသန်းလျက် ရှိချေပြီ။ ယာဉ်မှူး နှစ်ဦးမှာ အာကာသတွင်းသို့ ၁၄-ကြိမ်မျှ ရောက်ဖူးပြီးဖြစ်သည်။တဦးသော ခရီးစဉ်ကျွမ်းကျင်သူမှာ ၅-ကြိမ်မျှ ရှိချေပြီ။ ကျန် ပုဂ္ဂိုလ်များမှာ အာကာသသို့ ပထမဆုံးအကြိမ် တက်ရောက်ခြင်း ဖြစ်ပြီး သုံးဦးမှာ ခရီးသည်အဖြစ် လိုက်ပါလာခြင်းဖြစ်သည်။

ခရီးသည်များသည် ကိုယ်သိုင်းကြိုးများကို ဖြည်းညင်းစွာ ဖြုတ်ချလိုက်ရာ အလေးချိန် မဲ့ လျက်ရှိသောအခြေအနေဖြင့် ယာဉ်၏ အလယ်ထပ်တဝိုက်၌ ပေါလောမျောလျက်ရှိကြသည်။ ဤခြေအနေမျိုးတွင် နေထိုင်နိုင်ရန် ထိုပုဂ္ဂိုလ်တို့ ကြိုးစား လုပ်ဆောင်ကြရပေမည်။ အာကာသလွန်းပျံယာဉ် အရှိန်သတ်ဒုံးပျံသုံး၍ ကမ္ဘာပတ် လမ်းကြောင်းအတွင်းမှ ထွက်ခွာပြီး ကနေဒီအာကာသဌာနရှိ လေယာဉ်ပြေးလမ်းပေါ်၌ မပြေးမီ နောက်ထပ် ၆-ရက်ခန့်အထိ ယင်းအခြေအနေမျိုးတွင် နေကြရမည်ဖြစ်သည်။

အာကာသတွင် ရက်သတ္တတပတ်ကြာ နေထိုင်ကြရာ ခရီးသည်နှင့် ခရီးစဉ်ကျွမ်းကျင်သူ လူသစ်အတွက် အချိန်မှာ ကုန်လွယ်သည်ဟုထင်ရပြီးအာကာသသို့ ယခင်က ရောက်ဖူးသူများအဘွက် အချိန်မှာမကုန်နိုင်ဟုထင်ရသည်။ ဟူစတန်ထိန်းချုပ်ရေး ဌာနမှ အရှိန်သတ်ဒုံးပျံသုံး၍ ကမ္ဘာပတ် လမ်းကြောင်းအတွင်းမှထွက်ခွာရန် အမိန့်ပေးလိုက်သောအခါ အာကာသယာဉ်မှာ ဝန်းပတ်ရေးလမ်းကြောင်းမှ ခွဲထွက်ရန် ပြင်ဆင်လိုက်ရသည်။ ထိုအခါ အာကာသလွန်းပျံယာဉ်အား ဝန်းပတ်လမ်းကြောင်းနှင့် ဆန့်ကျင်ဘက်ဆီသို့ ဝန်းပတ်ရေး လှုပ်ရှားမှုစနစ်မှ ဒုံးကျည်များ ဦးတည်ပစ်ဖောက်လိုက်ရသည်။ ယင်းစနစ်အား အရှိန်ထိန်း ဒုံးပျံကဲ့သို့ အသုံးပြုလိုက်သဖြင့် အာကာသယာဉ်သည် ဝန်းပတ်လမ်းကြောင်းမှ ခွဲထွက် လာခဲ့သည်။ ယင်း ဖြစ်ရပ်မှာ ပစိဖိတ်သမုဒ္ဒရာ အနောက်တောင်ပိုင်း ဒေသအပေါ်၌ ဖြစ်ပျက်ခဲ့သည်။အာကာသလွန်းပျံယာဉ်သည် ယခုအခါ၌ ကမ္ဘာအား ဝန်းပတ်ယင်း တဖြည်းဖြည်း နိမ့်ဆင်းလာခဲ့သည်။

လေထုအတွင်းသို့ ဝင်ရောက်သည့်အခါတွင် အာကာသလွန်းပျံယာဉ်၏ "စွန်ဖျား" သည် လေထုမျက်နှာပြင်နှင့် ၄၀ ဒီကရီ ထောင့်ကျအောင် ဦးတည်၍ ဝင်ရောက်ခဲ့ရသည်။ ထိုစဉ် ယာဉ်မှူး များသည် အောက်ပိုင်းရှိ ကမ္ဘာကြီးကို ထည်း လုံးဝ မမြင်ကြရတော့ပေ။ လေထုအတွင်း ဝင်ရောက်ပြီးနောင် မြေပြင်သို့သက်ဆင်းရာတွင် ကွန်ပျူတာစက်ဖြင့် လုံးဝ ထိန်းချုပ်ကာ ဝင်ရောက် သက်ဆင်းရသည်။ အကယ်၍တစုံတခု ချွတ်ယွင်းသွားပါက၊ ယာဉ်မှူးတဦးက လက်ဖြင့်ထိန်းချုပ်သည် ထိန်းချုပ် မောင်းနှင်နိုင်သည်။ သို့သော် ကွန်ပျူတာစက်များလောက် မည်သည့်အရာမှ တိကျမှုလည်းမရှိသို့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

မြန်လည်း မမြန်ဆန်ပေ။ ကွန်ပျူတာစက်များသည် တစက္ကန့်လျှင် အကြိမ်ပေါင်း ၅၀ မျှ အချင်းချင်း စောင့်ကြပ်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ အခြားသော ကွန်ပျူတာစက်များ၏ အခြေအနေကိုလည်း စိစစ်ပေးသည်။ အကယ်၍ ကွန်ပျူတာစက်တလုံးလုံး ယာယီစည်းကမ်း ဖောက်ဖျက်နေပါက အခြားသော စက်များက စုရုံး၍ ယင်းစက်မှာ ချွတ်ယွင်းချက်ရှိသည်ဟု အသိပေးပြီး ၎င်းထံမှ ရရှိသော အချက်အလက် များကို ပယ်ဖျက်ပစ်သည်။

ကမ္ဘာအထက် ပေ ၄၀၀,၀၀၀-ခန့်တွင် အာကာသလွန်းပျံယာဉ်၏ အပြင်အောက်ခြေပိုင်းသည် ပါးလွှာသည့် လေထုထိပ်ပိုင်းနှင့် စတင် တွေ့ထိတော့သည်။ ဟဝါယီပြည်နယ်၏ အထက်တနေရာရာ၌ ယင်းဖြစ်ရပ် ပေါ်ပေါက်သည်။ အနည်းငယ် သိပ်သည်းသော လေထုအတွင်း ဝင်ရောက်သည့်အခါ၊ တုန်ခါမှု အနည်းငယ် ပေါ်ပေါက်ပြီး အာကာသယာဉ်မှာလည်း လှုပ်ရှားသွားခဲ့သည်။ အာကာသယာဉ်အတွင်းမှနေ၍ ယာဉ်၏အပြင်ပိုင်း အပေါ်ယံလွှာမှ အပူချိန်ကို ဂနစ္စာ တိုင်းကြည့်ရာ၊ လေထု၏ပွတ်တိုက်မှုကြောင့် အပူချိန် စတင်မြင့်တက်လာကြောင်း တွေ့ ရှိရသည်။ အမြင့်ပေ ၃၀၀,၀၀၀ သို့ ရောက်သည့်အခါ အာကာသယာဉ်၏ ကိုယ်ထည်နှင့် လေထုတို့ ပွတ်တိုက်သံမှာ အထူးပင် မြည်ဟည်း လာပြီး အပူချိန်မှာလည်း ၂,၇၀၀ ဒီကရီအထိ မြင့်တက်သွားသည်။ ယာဉ်၏ အတွင်းပိုင်း၌မူ သာမန်အပူချိန်သာရှိ၏။ အာကာသယာဉ်၏ အပေါ်ယံလွှာတွင် အပူခံအဖြစ် ကြွေအုတ်ခဲများစီ၍ကပ်ထားခြင်းကြောင့် အပူရှိန်များ ယာဉ်အတွင်းသို့ ဝင်ရောက်နိုင်ခြင်း မရှိခဲ့ပေ။ ထိုသို့ လေထုအတွင်းဝင်ရောက်ရာတွင် အသက်ကယ်စနစ်ကို လိုအပ်သည်ထက် အချိန်ပိုမို၍ အသုံးပြုခဲ့သော်

လည်း ကောင်းစွာ စွမ်းဆောင် ပေးနိုင်ကြောင်း တွေ့ရှိရသည်။

လေထုအတွင်းဝင်ရောက်၍အပြီး အချိန် ၈ မိနစ်ကြာသောအခါ အာကာသယာဉ် ကိုယ်ထည်မှ အပူချိန် ကျဆင်းသွားခဲ့သည်။ ယခုအခါတွင် အာကာသဝန်းပတ်ယာဉ်အား လေယာဉ်ကဲ့သို့ ပဲ့ကိုင်၍ မောင်းနှင်နေရသည်။ ပိုမိုတိကျစွာပြောရပါမူ ကြီးမားသော စက်မဲ့ လေယာဉ်အား ပဲ့ကိုင်၍မောင်းနှင်နေရသည်နှင့် တူပေသည်။ လေထုအတွင်း ဝင်ရောက်လာစဉ် ပေါ်ပေါက်လာသော ဆွဲငင်အားမှာ ၁.၅ ဂျီသာ ရှိသဖြင့် နည်းပါးသည်ဟု ဆိုနိုင်သည်။ သို့သော် အာကာသသို့ ပထမဦးဆုံးအကြိမ် ရောက်ဘူးသူများ အတွက် အလေးချိန်မဲ့စွာ ကမ္ဘာအား ရက်သတ္တတပတ်ခန့် ပတ်၍နေရာမှ ယခုကဲ့သို့ ဆွဲအား၏ဒဏ်ကို ခံရသဖြင့် အနည်းငယ် မအီမသာဖြစ်နိုင်သည်။ အမြင့်ပေ ၁၆၀,၀၀၀ သို့ ရောက်သည့်အခါ ယာဉ်၏အမြန်နှုန်းမှာ ကမ္ဘာအား ဝန်းပတ်နိုင်သော အမြန်နှုန်းဖြစ်သည့် တနာရီလျှင်မိုင် ၁၇,၆၀၀ သွားရာမှ တမိနစ်လျှင် မိုင် ၁၈၀ အထိ သွားနိုင်သော အမြန်နှုန်းအထိ ကျဆင်းသွားခဲ့သည်။ ထိုမျှမကအာကာသလွန်းပျံ ယာဉ်မှာလည်း တဖြည်းဖြည်း နိမ့်ဆင်းလာလေသည်။

ရေဒီယိုဆက်သွယ်မှု ရပ်ဆိုင်းရာမှ ပြန်လည်ရရှိလာပြီ ဖြစ်သဖြင့် ယာဉ်မှူးများသည် ဟူစတန် ထိန်းချုပ်ရေး ဌာနနှင့် ဆက်သွယ် စကားပြောခဲ့ ကြသည်။ သို့သော် ကြည်လင်ပြတ်သားမှု သိပ်မရှိပေ။ ဆက်သွယ်စကားပြောရာတွင်လည်း [illegible] အာကာသလွန်းပျံယာဉ် ပြေးလမ်းပတ်ဝန်း [illegible]၌ တိမ်တိုက်များ ကင်းစင်ပါ၏လော၊ ထို့ပြင် မြင်နိုင်

www.burmeseclassic.com

www.burmeseclassic.com

သော အကွာအဝေး ကျယ်ပြန့်ပါ၏လော စသည့်မေးခွန်းများ ပါဝင်သည်။

အမြင့်ပေ ၁၂၀,၀၀၀ သို့ရောက်သည့်အခါ ကနဗာရယ် အငူနှင့် တတန်းတည်းရှိနေစေရန် အာကာသလွန်းပျံယာဉ်ကို ကွေ့ဝိုက်မောင်းနှင်ခဲ့သည်။ အာကာသယာဉ် လေဟုန်စီး၍ သက်ဆင်းရာ၌ သာမန် လေယာဉ်များထက် အကျ မြန်ကာ အုတ်ခဲတလုံး ပျံဝဲကျလာသည်နှင့်တူသည်။ အာကာသလွန်းပျံယာဉ်၏ "လျှောဆင်းဒေါင့်"သည် သာမန်လေယာဉ်စီးစဉ် ကြုံတွေ့ရသော လျှောဆင်းဒေါင့်ထက် ၇-ဆကျော်ကြီးသည့်အတွက် ယာဉ်မှူးများအဖို့ အောက်သို့ ဇောက်ထိုး နီးပါး သက်ဆင်းရသည်နှင့် တူပေသည်။ သို့သော် အာကာသလွန်းပျံယာဉ် ခရီးစဉ်တွင် ဤတကြိမ်တည်းသာ ယင်းအခြေအနေမျိုး ဖြစ်ပေါ်စေခဲ့သည်။ ဝန်းပတ်ယာဉ်ရှေ့ပိုင်းရှိ ပြတင်းပေါက်များမှာမူ အာကာသခရီး၌ အတွေ့အကြုံ မရှိသူများအတွက် ပိတ်ထားခဲ့သည်။ မြင်ကွင်းမှာလည်း ကမ္ဘာကြီးသည် ကြီးမားသော အမြန်နှုန်းဖြင့် အပေါ်သို့တက်ရောက်လာသည့်ပုံသဏ္ဌာန်မျိုးသာ မြင်ကြရမည်။

အာကာသလွန်းပျံယာဉ် အသံ၏ အမြန်နှုန်းထက် လျော့နည်းသော အမြန်နှုန်းဖြင့် ကမ္ဘာအားဦးတိုက်ပျံသန်းထိုးဆင်းနေစဉ်တွင် ပျံသန်းမှု ထိန်းချုပ်ရေးလုပ်ငန်းများကို ဟူစတန်ဌာနမှနေ၍ "အငူ ချဉ်းကပ်ရေး" ဌာနသို့ လွှဲပြောင်းပေးလိုက်သည်။ အမြင့်ပေ ၂၀,၀၀၀ အရောက်တွင် အာကာသယာဉ်သည် စောင်း၍ ကွေ့လိုက်ပြီး ပြေးလမ်းသို့ ချဉ်းကပ်ရန် ပြင်ဆင်လိုက်သည်။

"အမြင့်ပေ ၁၅,၀၀၀ ဟု အငူချဉ်းကပ်ရေးဌာနမှ ပြောကြားသည်။ ဆက်လက်၍လည်း "၂ မိနစ် .... ၂ မိနစ် သင်တို့၏ သက်ဆင်းရေးစနစ်အတွက် ကျွန်ုပ်တို့ရရှိပြီ" ဟုပြောကြားသည်။

ရော်ဂျာ.... အငူချဉ်းကပ်ရေးဌာန"

အာကာသယာဉ်ပေါ်မှ ကွန်ပျူတာစက်များသည် အငူချဉ်းကပ်ရေးဌာနမှ ကွန်ပျူတာစက်များနှင့်အတူ သင်္ကေတများ ကိန်းဂဏန်းများအား ဆိတ်ငြိမ်စွာ တွက်ချက်ပြီး ရလဒ်များအား နှိုင်းယှဉ်ကြည့်နေကြသည်။

ကနေဒီ အာကာသဌာနရှိ အာကာသ လွန်းပျံယာဉ်ပြေးလမ်းမှ တမိုင်ခွဲခန့်အကွာ အထက်အမြင့် ပေ ၁,၇၀၀ ခန့်မှ ပျံသန်း ထိုးဆင်းလာသော ဝန်းပတ်ယာဉ်သည် ယခုအခါတွင် မြေပြင်နှင့် တပြေးညီ အနေအထားသို့ပြောင်းလိုက်ပြီး အမြန်နှုန်းကိုလည်း တနာရီလျှင် မိုင် ၂၁၀ သာသွားသော နှုန်းသို့ လျှော့ချလိုက်သည်။

အငူချဉ်းကပ်ရေးဌာနမှ ယာဉ်၏ အမြင့်ကို ကြေငြာလျက်ရှိသည်။

"၉၀၀— ၆၀၀... ၄၀၀.... ၂၀၀...."

အမြင့်ပေ ၂၀၀ သို့ ရောက်သည့်အခါတွင် ယာဉ်မှူးသည် ဝဲဘက်လက်ဖြင့် ထိုင်ခုံစက်ခလုတ်စင်မှ နှိပ်သီးတခုကို နှိပ်လိုက်သည်။ တဆက်တည်းပင် အငူချဉ်းကပ်ရေးဌာနသို့ "အမြန်နှုန်း လျှော့ချလိုက်ပြီ" ဟု အကြောင်းကြားခဲ့သည်။ ထပ်မံ၍လည်း "အမြန်နှုန်းလျှော့၍ စက်ပိတ်လိုက်သည်။ မီးစိမ်းများ လင်းလာသည်" ဟုလည်း တင်ပြလိုက်သည်။

အာကာသလွန်းပျံယာဉ်သည် ပြေးလမ်းနှင့်ထိလိုက်သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com

မှ တိုက်ခတ်လာသော လေသည် နှင်းမှုန်များကို ဖလော်ရီဒါ ကမ်းခြေနှင့် တဖြည်းဖြည်း နီးကပ်သွားစေရန်၊ ပို့ဆောင်ပေး နေသည်။ ညမှာ အေးစိမ့်သည်ဟု ဆိုနိုင်သော်လည်း အေးစက်စက်ကြီး ရှိနေပေ။

ယခုအခါတွင် ညနေအချိန်၌သာ ထွက်ပေါ်လာလေ့ရှိသော သောကြာဂြိုဟ် ထွက်ပေါ်လာခဲ့သည်မှာ နာရီပေါင်း အတန်ကြာပေပြီ။ သို့သော် ကြာသပတေးဂြိုဟ်မှာမူ အရှေ့မိုးကုပ်စက်ဝိုင်းအထက် ဒီဂရီ အနည်းငယ်သာ မြင့်တက်နေသေးသည်။ ကနေဒီ အာကာသဌာနရှိ ဒုံးပျံပစ်စင် 'အမှတ်-၃၉-အေ' အား ဝန်းရံ၍ထွန်းညှိထားသော မီးရောင်များအထက်၌ ကြယ်အများ ပြန့်ကြဲလျက် ရှိသည်။ ဘေးဘက်တလျှောက်တွင်လည်း မီးမောင်းများ ဝိုင်းပတ်ထွန်းညှိထား၏။ ယင်း မီးမောင်းကြီးများသည် ပစ်စင်ကွန်ကရစ်အခြေမှ အာကာသလွန်းပျံယာဉ်ထိပ်ပိုင်းအထိ အမြင့်ပေပေါင်း ၃၀၀ ခန့်အား ဖုံးလွှမ်းသွားစေရန် မီးထိုးပေးထားရခြင်းကြောင့် မီးရောင်တခုနှင့်တခု ထပ်လျက်ရှိသည်။

ဤအချက်အချာနေရာ ဘူမိနက်သန်မြေကား ၁၉၆၉ ခုနှစ် အတွင်းတွင် အလေးချိန်တန် ၅၀ ရှိ၍၊ လူစီးနှင်း လိုက်ပါသော အပိုလိုထိပ်ဖူးအား လမိမာန်ပေါ်သို့ အရောက် နှင်စေရန်နှင့် အာကာသယာဉ်မှူး အမ်းစထရောင်း၊ ကောလင်း(စ) နှင့် အယ်လ်ဒရင် တို့အား သမိုင်း မှတ်တမ်းဝင်များအဖြစ်သာမက လူသန်းပေါင်းများစွာတို့၏စိတ်ဝယ် ထင်စွဲစေရန် အာကာသသို့ တင်လွှတ်ပေးခဲ့သော အမြင့် ၃၆၃ ပေရှိ စယ်တန်၅ ဒုံးပျံကြီး ပစ်လွှတ်ရာ နေရာပင်ဖြစ်သည်။

ဤပစ်စင်မှပင် ကမ္ဘာမြေပြင်၏အထက်၌တဖြည်းဖြည်းချင်း ပျက်စီး၍မသွားမီ အာကာသယာဉ်မှူး အုပ်စု သုံးအုပ်စုတို့

သွားရောက်လေ့လာ သုတေသနပြုခဲ့သည့် "စကိုင်းလက်(ဘ်)" အာကာသဓာတ်ခွဲခန်းကိုလည်း တင်လွှတ်ခဲ့သည်။ ထို့အပြင် အစဉ် ချစ်ကြည်စွာဆက်ဆံခဲ့ကြသော နှစ်နိုင်ငံမှ အာကာသယာဉ်များ တင်လွှတ်ကာ အာကာသ၌ လက်ချင်း ချိတ်ဆက်တွဲဖက်စေနိုင်သည့် အပိုလို-ဆိုယု-အစီအစဉ်အတွက် အပိုလို အာကာသယာဉ်ကိုလည်း တင်လွှတ်ခဲ့သည်။

ကနေဒီအာကာသဌာနရှိတင်လွှတ်ရေးထိန်းချုပ်မှုအခန်း၌ မီးရောင်များ လင်းချည် မှိတ်ချည် ပြုလုပ်နေသော စက်ခလုတ်စင် များအား အမိကစက်မှုပညာရှင်များက အာရုံစိုက်လျက်ရှိသည်။ အဆင်သင့်ပြီ၊ "တင်လွှတ်တော့" ဟူသော စကားသံကို လွယ်လွယ်ကူကူ ကြားနိုင်စေရန်သာ အထူး လေ့ကျင့်ပေးထားသော ပညာရှင်များသည်လည်း 'မော်နီတာ' ခေါ် အစောင့် စက်ကိရိယာ ၂၀ ခန့်အား စောင့်ကြပ်ကြည့်ရှုလျက်ရှိကြသည်။ သတင်းပြန်ကြားရေးဘက်မှ ပုဂ္ဂိုလ်များ ထားရှိသော နေရာ၌လည်း ရုပ်မြင်သံကြား ရိုက်ကူးသူများ စောင့်စားပြီး ဆေးလိပ်သောက်လျက်ရှိသည်။ အချို့မှာမူ အသံသွင်းစက် ငယ်ကလေးများဖြင့် တိုးညင်းစွာ အသံသွင်းလျက် ရှိကြသည်။ ကင်မရာ တဒါဇင်ခန့်မှာလည်း သုံးချောင်းထောက်များဖြင့် ကြည်သင်သော ဖလော်ရီဒါပြည်နယ်၊ ဆောင်းဦးပေါက် ရာသီ၏ မိုးကောင်းကင်အောက်ဝယ် ငွားငွားစွင့်စွင့် ချိတ်တည်လျက်ရှိသည့် အဖြူရောင် အာကာသယာဉ် ဘက်သို့ ချိန်ရွယ်လျက်ရှိကြသည်။

အာကာသလွန်းပျံယာဉ်မှ ယာဉ်မှူးများ ဆိုက်ရောက်လာသည်။ ထူထဲ ပွရောင်းသော ဝတ်စုံကို ဝတ်ဆင်မထားကြ။ ယင်းအုပ်စုတွင် သာမန်လူသား ၇ ဦးမျှ ပါဝင်သည်။ လူသားများသည် မကြာမီ မီးတောက်မီးလျှံ များ မှုတ်ထုတ် ကာ၊

www.burmeseclassic.com

www.burmeseclassic.com

တပြိုင်နက် ခုန်၍သွားပြီး အရှိန်သတ်ဂီယာသုံး၍ ဘရိတ်အုပ်ယူသည်။

ထိုစဉ် ဒေါင်လိုက်ရှိနေသည့် ပဲ့ထိန်းများကွဲသွားပြီး လေဘရိတ်ကဲ့သို့ လုပ်ဆောင်ပေးရာ အာကာသ လွန်းပျံယာဉ်၏ အမြန်နှုန်း နှေးသွားသည်။

အပြင်ဘက် တောက်ပသော ဖလော်ရီဒါ ပြည်နယ်၏ နေရောင်အောက်တွင် အခြားသောယာဉ်များသည် ဝန်းပတ်ယာဉ်အနီးသို့ ရောက်ရန် ပြေးလမ်းမပေါ်မှ မောင်းနှင်လာကြသည်။

ထိုစဉ် အင်းဒီးယမ်းမြစ်ကိုကျော်ဖြတ်ကာ ကနဗာရယ်အငူရှိ သဲပြင်နှင့် စိမ့်စမ်းတို့တဘက်၌ တည်ရှိနေသော တိတူ(စ)ဗိလ်မြို့မှ လူအများသည် နံနက်စာစားရန် ပြင်ဆင်လျက်ရှိသည်။

●

ခုံးပျံတည်ဆောက်ရေးအတွက် စာရွက်ပေါ်၌ ရေးသားရခြင်းမှာ အထူးပင်လွယ်ကူလှသည်။ အဘယ့်ကြောင့် ဆိုသော် အအေးဒဏ်ကြောင့် ခဲမသွားသောအစို့များ၊ ဦးတည်ထားရာမှရွေ့လျားမသွားနိုင်သော ဂျိုင်ရိုကိုရိယာများနှင့် ပေါက်ကွဲမှုမဖြစ်ပွားသော မော်တာစက်များသာ ပါဝင်ခြင်းကြောင့်ဖြစ်သည်။

ဗိလ်တန်- ဒဗလျူရေ့(စ)စင်
ခုံးပျံ အင်ဂျင်နီယာ၊ ၁၉၅၆ ခုနှစ်။

အခန်း (၂)
အုတ်ခဲ လဗိမာန်နှင့် အခြား စိတ်ကူးယဉ်မှုများ

အာကာသလွန်းပျံယာဉ်သည် ကမ္ဘာ၏အထက် ၁၁၅ မိုင်အကွာတွင် ကမ္ဘာ့မျက်နှာပြင်နှင့် နှိုင်းစာပါက စောက်ထိုးစောက်ထိုး ပျံသန်းလျက်ဖြင့် အာကာသပျံသန်းမှုတခု နောက်ထပ် ပြုလုပ်ခဲ့ပြန်သည်။

"ဟူစတန် ကျွန်ုပ်တို့၏ ဝန်းပတ် လမ်းကြောင်းအခြေအနေကို အတည်ပြုပါသလား"

"ရော်ဂျာ.... သင်တို့၏ပျံသန်းမှု တည်ငြိမ်ပါသည်။ အဖွဲ့အမှားရှိပါက မိုင်ဝက်ခန့်သာ ရှိနိုင်ပါသည်"

www.burmeseclassic.com

www.burmeseclassic.com

အာကာသယာဉ်၏ အလယ်ခန်း၌မူ၊ အာကာသသို့ တကြိမ်မှ မတက်ရောက်ဘူးသေးသူ ခရီးသည်အချို့သည် ယာဉ်အတွင်း ဝင်ရောက်ရာ ဘေးနားရှိ မလွယ်ပေါက်ဆီသို့ အလေးချိန်မဲ့စွာ ရွေ့မျောနေကြသည်။ မလွယ်ပေါက်မှ မြင်တွေ့ရသော မည်းမှောင်နေသည့်ဟင်းလင်းပြင်ပြင်ကွင်း၌လည်း ကမ္ဘာ့လေထု၏ မထင်မရှား ကွေးဝိုက်နေသော မျဉ်းခုံးကြီးက ကန့်လန့်ဖြတ်လျက်ရှိသည်။ မြူမှုန်များ၊ အဖြူရောင်တိမ်များနှင့် မည်းမှောင်သိပ်သည်းသည့် တိမ်မည်းကွက်များ၏အောက်တွင် ကမ္ဘာတိုက်ကြီးများအား၊ အညိုကန့်များနှင့် အစိမ်းကန့်များ အဖြစ်လည်းကောင်း၊ သမုဒ္ဒရာပင်လယ် မြစ်ပြင်ကျယ်တို့အား အပြာရောင်အကွက်ကြီးများ အဖြစ် လည်းကောင်း မြင်တွေ့ကြရသည်။ ကနေဗာရယ်အငူအား မလွယ်ပေါက်မှနေ၍ ကြည့်ရှုရာ ကရေဗီယံပင်လယ်တွင်း၌ဖြစ်ထွန်းပြီး၊ အာကာသယာဉ် တင်လွှတ်အပြီး မကြာမီ ဖလော်ရီဒါပြည်နယ် အနောက်ဘက်ကမ်းခြေအပေါ်သို့ရောက်ရှိနေသော တိမ်တိုက်များကြောင့် မထင်မရှားသာ တွေ့မြင်ကြရသည်။

အခြားဂြိုဟ်တခုပေါ်သို့ ရောက်နိုင်စေရန် လုပ်ဆောင်ပေးခဲ့သော 'အပိုလို' စီမံကိန်းသည် ဆန်းကြယ်ထွေပြားလှသည့် စိတ်ကူးယဉ် အိပ်မက်မှ အကောင်အထည် ပေါ်လာခဲ့ခြင်းဖြစ်သည်။ ရှေးခေတ် စာပေအရေး အသားများ အရ ဂရိ(ခ) စာရေးဆရာ လူကီအင်၏ "သမိုင်း ဖြစ်ရပ် အမှန်" စာအုပ် ပေါ်ပေါက်သည့် အခါမှစ၍ စတင် တွေးတောသာကြဟန်ရှိသည်။ ယင်းစာအုပ်ကို သက္ကရာဇ် အေဒီ ၁၈၀ပြည့်နှစ်က ရေးသားခဲ့ခြင်းဖြစ်သည်။ လေပွေ မုန်တိုင်းကြီးတခုက ပင်လယ်တွင်းသွားလာနေသော စွန့်စားလိုသူတို့၏ ရွက်လှေကို သမုဒ္ဒရာ အတွင်းမှ လပေါ်အရောက် သယ်ဆောင်သွားပုံကို ရေးသားထားသော ဇာတ်လမ်း ဖြစ်သည်။ ၁၆၃၄ ခုနှစ်

တွင် ဂျွန်ကက်ပလာ ရေးသည့် "အိပ်စက်ခြင်း" အမည်ရှိ လပေါ်သို့ သွားရောက်လိုသူများ အတွက် လက်စွဲစာအုပ်၊ ၁၆၃၈ခုနှစ်တွင် ဂိုဏ်းအုပ် ဖရန်စစ်(စ)ဂွတ်(ဒ)ဝင်း ရေးသားသော "လပေါ်ရောက် လူသား၊ ယင်းဒေသသို့ သွားရောက်ရေး ခရီးစဉ်"အမည်ရှိစာအုပ်၊ ၁၈၆၅ ခုနှစ်လောက်တွင်ဂျူးလ်ဗန်း(န)၊အယ်လက်ဇန္ဒားဒူးမားတို့ရေးသားခဲ့သော စာအုပ်နှင့် အခြား အမည်မသိရသူ အင်္ဂလိပ် လူမျိုးတဦးတို့ ရေးသားသော "လဗိမာန် ခရီးစဉ်၏ သမိုင်းဝင် မှတ်တမ်း" အမည်ရှိစာအုပ်၊ စာရေးဆရာ အိပ်(ချ)ဂျီဝဲလ်(စ) ရေးသားသော "လပေါ်ရောက် ပထမလူသားများ" အမည်ရှိစာအုပ်များသည် အထက်ဖော်ပြပါ စိတ်ကူးယဉ်အိပ်မက် မပျောက်ပျက်စေရန် ကျားကန်ပေးခဲ့ကြသည်။ ထို့ပြင် ၂၀ရာစုအတွင်း၌ လဗိမာန်ပေါ် သက်ဆင်းရေးနှင့်ပတ်သက်၍လည်း စာအုပ်စာတမ်းများသာမက ဝတ္ထုတိုများပင် အများအပြား ရေးသားခဲ့ကြသည်။ နောက်ဆုံး လဗိမာန်ပေါ်သို့ လူသားများ အောင်မြင်စွာ သက်ဆင်းနိုင်သည့် အခါတွင်မူ ယင်းစာအုပ်များကို မဖတ်ဘူးသေးသူများသာ အထူးအံ့အားသင့်သွားခဲ့ကြသည်။

အာကာသလွန်းပျံယာဉ်မှာအခြားစိတ်ကူးယဉ်အိပ်မက်တခုမှ အကောင်အထည်ဖော်၍ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ယင်းစိတ်ကူးယဉ်ချက် ပေါ်ပေါက်လာသည်မှာ မကြာသေး။ အနည်းဆိုသော် ဂရိ(ခ)စာပေလောက်လည်း ရှေးမကျ၊ [illegible] ၁၇ ရာစုနှစ်၌ ပေါ်ပေါက်ခဲ့သော စိတ်ကူးယဉ်အိပ်မက်လောက်လည်း နောက်မကျခဲ့ပေ။ ကမ္ဘာကိုဝန်း[illegible]လျက် အာကာသအတွင်း နေထိုင်၊ အလုပ်လုပ်ကိုင်နိုင်ရန် အာကာသ

www.burmeseclassic.com

www.burmeseclassic.com

စခန်းများနှင့် အဆောက်အအုံများတည်ဆောက်ရန်၊ လူသားများကောင်းကျိုးအတွက် အာကာသတွင် လူအချို့နေထိုင်ကာ အသုံးဝင်သတ္တုများ ထုတ်လုပ်နိုင်ရန်နှင့် နက်ရှိုင်းသော အာကာသအတွင်း သွားရောက် လေ့လာနိုင်ရန်အတွက် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

အာကာသ လွန်းပျံယာဉ်သည် အာကာသသို့ အသုံးအဆောင်ပစ္စည်းများ နေ့စဉ်နေ့တိုင်း တင်ပို့နိုင်ရေး၊ တန်ဖိုးကြီးမားခြင်းမရှိပဲ၊ အကြိမ်ကြိမ်အသုံးပြုနိုင်ရေးနှင့် လူသားထုတရပ်လုံး အာကာသအား လိုအပ်သလိုအသုံးချနိုင်ရေးအတွက် အသုံးပြုနိုင်ရန် အာကာသယာဉ် တည်ဆောက်ရေးမှ ထွက်ပေါ်လာခဲ့သောယာဉ်ဖြစ်သည်။ တနည်းဆိုသော် အာကာသနှင့် မြေကမ္ဘာအကြား ကူးသန်းသွားလာမှုဖြင့် ဆက်သွယ်နိုင်ပြီး လူစီးနင်း လိုက်ပါသော အာကာသ စခန်း တည်ဆောက်နိုင်ရေးအတွက် ပထမဦးဆုံးသော ခြေလှမ်းပင် ဖြစ်သည်။

အာကာသစခန်း တည်ဆောက်ရေး၊ သို့မဟုတ် ကမ္ဘာ့အနီးဝန်းကျင် အာကာသအတွင်း၌ ဒုံးပျံသုံး၍တက်ရောက်ရေး စိတ်ကူးများ ပေါ်ပေါက်လာသည်မှာ မကြာသေးပေ။ "အုတ်ခဲလဗိမာန်" ဟုခေါ်တွင်သော အခန်းဆက် ပုံပြင်ကို ၁၈၇၀ မှ ၁၈၇၁ ခုနှစ်အတွင်း အတ္တလန္တိတ်လစဉ်မဂ္ဂဇင်း၌ ထည့်သွင်းဖော်ပြခဲ့သည်။ စာရေးသူမှာ အက်(ဒ)ဝမ်၊ အဲဗရက်ဟေးလ် ဖြစ်ပြီး၊ ၁၈၉၉ ခုနှစ်တွင် စာအုပ်အဖြစ် ရေးသားထုတ်ဝေခဲ့သည်။ အုတ်ခဲဖြင့်တည်ဆောက်ထားသော ဂြိုဟ်တုကြီးအား အာကာသသို့ တင်လွှတ်ရန်အဆိုပြုသော ဇာတ်လမ်းဖြစ်သည်။ ရေကြောင်း သွားလာမှု လမ်းညွှန်နိုင်ရန် ကမ္ဘာ

အထက် မိုင် ၄,၀၀၀ ခန့်အကွာမှနေ၍ ကမ္ဘာအား ဝင်ရိုးစွန်းဒေသများ အပေါ်မှဖြတ်၍ ဝန်းပတ်နေရမည်ဖြစ်သည်။ အုတ်ခဲလဗိမာန် ဂြိုဟ်တုအား အားအပြည့်ဖြင့် လည်ပတ်နေသော အားထိန်းဘီးနှင့် ဆန့်ကျင်၍ လိမ့်သွားစေခြင်းဖြင့် အာကာသသို့တင်လွှတ်ရန် အဆိုပြုခဲ့သည်။ ထိုစဉ်က ဤစိတ်ကူးယဉ်ချက်ထက် ဆန်းသစ်သော အတွေးအခေါ်များ မပေါ်ပေါက်သေးပေ။

ကံအားလျော်စွာပင် အုတ်ခဲ လဗိမာန်ဂြိုဟ်တုအား တည်ဆောက်သူ ၃၇ ဦးနှင့်အတူ ၎င်းတို့၏ မိသားစုပါ အာကာသသို့ ဆောလျင်စွာ အမှုမဲ့ တင်လွှတ်ခဲ့ကြသည်။ ကမ္ဘာသို့ပြန်လည်သက်ဆင်းရန် နည်းလမ်း မရှိသဖြင့် အလုပ်သမား များသည် ဂြိုဟ်တုပေါ်၌ အိုးအိမ်တည်ဆောက်ခဲ့ကြသည်။ လိုအပ်သော ပစ္စည်းများကိုလည်း ကမ္ဘာမှ ယူဆောင်ရန် စီစဉ်ခဲ့ကြသည်။

အာကာသစခန်းနှင့် အတူ ပစ္စည်းများ သယ်ဆောင်ရန် လွန်းပျံဒုံးယာဉ်အကြောင်း ဖော်ပြသည့် အခြားစာအုပ်တအုပ်ကို ၁၈၉၇ ခုနှစ်က ထုတ်ဝေခဲ့သည်။ အနာဂတ်အာကာသခရီးသွားလာရေးအတွက် အာကာသစခန်း တည်ဆောက်ရေးမှာ အဓိကအရာဖြစ်ကြောင်း ယင်းစာအုပ်၌ ရေးသားခဲ့သည်။

စာပေ အရေးအသားတွင် အမြဲတမ်း အာကာသ စခန်းတည်ဆောက်ရန် အကြောင်း အချက်များကို နောက်ကျစွာရေးသားခဲ့ကြသဖြင့် အာကာသနှင့် ကမ္ဘာအကြား အကြိမ်ကြိမ် ကူးလူးသွားလာနိုင်သော ယာဉ်မျိုးနှင့် အာကာသစခန်းများအကြောင်း ပုံပြင်အရေးအသားများသည် လဗိမာန်ဂြိုဟ်တုများအကြောင်း ရေးသားသည့် သိပ္ပံဝတ္ထုများလောက်အဆန်းတကြယ် မဖြစ်ခဲ့ပေ။ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံတို့မှ စာရေးဆရာများသည် ဒုံးပျံများကို ဦးဆောင်

www.burmeseclassic.com

www.burmeseclassic.com

ကြိုးပမ်း၍ သုတေသနပြုသူတို့၏ လုပ်ငန်းများနှင့် နီးကပ်စွာ လေ့လာ၍ ရေးသားခဲ့ကြသည်။

မူလအစ စိတ်ကူးယဉ်ချက်ဖြစ်သည့် ထာဝရ အာကာသ စခန်း တည်ဆောက်ရေးနှင့် ပစ္စည်းများ သယ်ဆောင်ပေးမည့် ဒုံးယာဉ်များပေါ်ပေါက်ရေးအတွက် နောက်ဆုံးပေါ်ပေါက် လာသော စာအုပ်မှာ "မြေကမ္ဘာနှင့် မိုးကောင်းကင်၏ အိပ်မက်များ" အမည်ရှိ စာအုပ်ပင်ဖြစ်သည်။ ရုရှသိပ္ပံပညာရှင် ကွန်စတန်တင်အက်ဒွာဒိုဗစ်(ချ) စီအိုလ်ကော့(ဗ)စရီ ရေးသား၍ ၁၈၉၅ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ အာကာသ သုတေသနလုပ်ငန်းအားဦးဆောင်၍လုပ်ကိုင်ခဲ့သူ ရုရှသိပ္ပံပညာရှင်က ကမ္ဘာ့အထက် မိုင် ၂၀၀ ခန့် အကွာ မှ နေ၍ ဂြိုဟ်တုတလုံး ကမ္ဘာအား ဝန်းပတ်နေပုံကို စိတ်ကူးယဉ်၍ ရေးသားခဲ့သည်။

ယင်းဖော်ပြပါ စာအုပ်များ ထွက်ပေါ်လာသည့် ရာစုနှစ် မကုန်မီမှစ၍ အချိန် ၂၅-နှစ်ခန့် မည်သည့် အာကာသခရီး သွားလာရေးဆိုင်ရာ အရေးအသားမျှ ပေါ်မပေါက် မလာပဲ နောက်ပိုင်းကျမှ ထပ်မံရေးသားခဲ့ကြပြန်သည်။ ၂၅ နှစ်တာ ကြားကာလ အတွင်း၌ စာအုပ်ပါ အကြောင်းအရာ များကို ထိတွင်ကြံဆ လုပ်ကိုင်ခဲ့ကြသည်။ အထူးသဖြင့် လောင်စာ အရည်သုံး ဒုံးပျံ ရရှိစေရန် ကြိုးပမ်းခဲ့ကြသည်။

အာကာသခရီးသွားလာရေး ကြိုးပမ်းသူ ဖခင်ကြီး ၃-ဦး ရှိခဲ့သည်။ တဦးမှာ ရုရှသိပ္ပံပညာရှင် စီအိုလ်ကော့(ဗ)စကီ ဖြစ်သည်။ ၁၈၈၃ ခုနှစ်က သူ ရေး သား ထုတ်ဝေခဲ့သည့် "အနှောင်အဖွဲ့ကင်းလွတ်သည့် အာကာသ" အမည်ရှိဆောင်း ပါး၌ အာကာသတွင် အလေးချိန်မဲ့မှု အခြေအနေအကြောင်း အတိအကျဖော်ပြခဲ့သည်။ သူသည် ၁၈၉၈ ခုနှစ်တွင်ဒုံးပျံတွန်း အားနှင့်ပတ်သက်၍ အခြေခံသီအိုရီကို တွက်ချက်ယူနိုင်ခဲ့သည်။

ထို့ပြင် အလေးချိန်သတ်မှတ်ထားသောဒုံးပျံအတွက် တွန်းကန် ပစ္စည်းမည်မျှလိုအပ်မည်ကို ကိန်းဂဏန်းချကာ ရေးသားပြသ နိုင်ခဲ့သည်။ ၁၉၀၃ ခုနှစ်တွင်ရေးသားထုတ်ဝေသည့် "တုံ့ပြန် တွန်းအားပေး ကိရိယာများသုံး၍ အာကာသအား စူးစမ်း ခြင်း" အမည်ရှိ ဆောင်းပါးတွင်လည်း သူသည် ဒုံးပျံသုံး၍ အာကာသခရီး သွားနိုင်ကြောင်း ရေးသားခဲ့သည် သာမက လောင်စာဟိုက်ဒရိုဂျင်အရည်နှင့် အောက်စီဂျင်အရည်သုံးဒုံးပျံ တခု၏ပုံစံကိုပင် ရေးဆွဲပြနိုင်ခဲ့သည်။ အာကာသလွန်းပျံယာဉ် အမှန်တကယ် တင်လွှတ်သည့်အခါတွင် ယင်းလောင်စာဟိုက် ဒရိုဂျင်အရည်နှင့်အောက်စီဂျင်အရည်တို့ကိုသုံးစွဲခဲ့သည်။ စီအိုလ် ကော့(ဗ)စကီသည် အပိုလို ခရီးစဉ်များအတွက် အာကာသ ယာဉ်ကို အာကာသအတွင်း တင်လွှတ်ပေးသလို စယ်တန် ၅ ဒုံးပျံကဲ့သို့ အခြေအနေ အမျိုးမျိုးတွင် အသုံးပြုနိုင်သောလှေ ကားထစ်ဒုံးပျံ(အဆင့်အမျိုးမျိုးသုံးဒုံးပျံ) အကြောင်းကို ကြို တင်မှန်းဆ နိုင်ခဲ့သည်။ အမှန်အားဖြင့် ဆိုသော် အာကာသ လွန်းပျံယာဉ်မှ လောင်စာအခဲသုံး အရှိန်တိုး ဒုံးပျံ သည် လှေ ကားထစ်ဒုံးပျံတခုဖြစ်သဖြင့် ယင်းအာကာသ လွန်းပျံယာဉ် အား လှေကားထစ်ဒုံးပျံဟု ခေါ်ဆိုနိုင်၏။

သို့သော် စီအိုလ်ကော့(ဗ)စကီသည် လက်တွေ့မပါပဲ အမြဲ တမ်းပင် တွေးခေါ်မြော်မြင်သူသာ ဖြစ်ခဲ့သည်။ ခေတ်သစ် အာကာသ ခရီးသွားလာရေး၏ ဒုတိယဖခင်မှာ အမေရိကန် လူမျိုး ရောဘတ် ဟတ်ချင်း(စ) ဂေါ်ဒတ်ပင် ဖြစ် သည်။ ၁၉၁၄ ခုနှစ်တွင် သူသည် ဒုံးပျံမှတ်ပုံတင်ခွင့် မူပိုင်ကို ထုတ်ယူ ခဲ့ပြီး ကမ္ဘာပေါ်တွင် ပထမဦးဆုံးသော လောင်စာအရည်သုံး ဒုံးပျံကို တည်ဆောက်ခဲ့သည်။ အောက်စီဂျင်အရည်နှင့် ဓာတ်ဆီ

www.burmeseclassic.com

www.burmeseclassic.com

သုံးဒုံးပျံကို ၁၉၂၆ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် စမ်းသပ်ပစ်လွှတ်ခဲ့သည်။ ယင်းဒုံးပျံသည် လေထဲတွင် ၂.၅ စက္ကန့်မျှနေ၍ အမြင့် ၄၁ ပေအထိ တက်သွားသည်။ ဒုံးပျံ တည်ဆောက်ရန်နှင့် ၎င်းဒုံးပျံတို့၏ တုံ့ပြန်မှုများ အပေါ် လေ့လာရန် လုပ်ငန်းအများအပြားဖြင့် ဂေါ့ဒတ်သည် အလုပ်ရှုပ်လျက် ရှိခဲ့သည်။ စမ်းသပ်ရေးနှင့် လွှတ်တင်မှုတို့ ပြီးဆုံးသည့် အခါတွင် သူ့နာမည်ဖြင့် မူပိုင် မှတ်ပုံတင်ထားသော တီထွင်မှုပေါင်း ၂၀၀ ကျော်ရှိခဲ့သည်။ ယင်းဒုံးပျံတီထွင်မှုများသည် အမေရိကန် အာကာသအစီအစဉ်တခုလုံး၏အခြေခံလုပ်ငန်းရပ်များ ဖြစ်လာခဲ့သည်။ ဂေါ့ဒတ် လုပ်ဆောင်ခဲ့သော အကြီးဆုံးဒုံးပျံမှာ အလျား ၂၂ ပေ အချင်း ၁၈ လက်မနှင့် အလေးချိန် ပေါင် ၄၅၀ ရှိ၏။ ဒုံးပျံတီထွင်ရေး လုပ်ငန်းများ ကိုလည်း ဂေါ့ဒတ်တဦးတည်း လုပ်ဆောင်ခဲ့သဖြင့် သူ၏ဘဝတလျှောက်လုံးတွင် သူ့လုပ်ငန်းနှင့် ပတ်သက်၍ လူအများစု သိရှိခွင့်မရခဲ့ပေ။ သို့သော် ဒုတိယကမ္ဘာစစ် အတွင်းက ဒုံးပျံများအား ကြောက်ဖွယ် ဗွီ-၂ ဒုံးပျံလက်နက်အဖြစ် ဖန်တီး ပေးခဲ့သူ ဝါနာဗွန်ဗရွန်းက ဂေါ့ဒတ်၏ ဒုံးပျံလုပ်ငန်းရပ်များမှာ မိမိတို့၏လုပ်ငန်းထက် သာလွန်စွာလုပ်ဆောင်ခဲ့သည်ဟု ၁၉၄၇ ခုနှစ်က ပြောကြားခဲ့သည်။

အာကာသ ခရီးသွားလာရေး၏ တတိယဖခင်မှာ ဟာမင် ဂျူလီယပ်(စ)အိုဘာ့(သ)ဖြစ်သည်။ သူသည် စီအိုလ်ကော့(ဗ)စကီကဲ့သို့ တွေးခေါ် မြော်မြင်သူ ဖြစ်၏။ သို့သော် သူ၏ အရေးအသားများမှာ ဂျာမန်ပညာရှင်များ ဒုံးပျံ သုတေသန လုပ်ငန်း၌စိတ်ဝင်စားရန်အားပေးလှုံ့ဆော်ပေးသကဲ့သို့ရှိခဲ့၏။ ယင်းဒုံးပျံသုတေသန လုပ်ငန်းသည်ပင် ဒုတိယ ကမ္ဘာစစ်ကြီး

အပြီး အမေရိကန်နှင့် ဂျာမနီနိုင်ငံတို့၏ အာကာသအစီအစဉ် များ သာယာဖြောင့်ဖြူးစေရန်လမ်းခင်းပေးသလိုလည်းရှိခဲ့၏။ အိုဘာ့(သ)သည် ၁၉၁၇ ခုနှစ် လောက်မှစ၍ လောင်စာအရည်သုံး ဒုံးပျံ၏ပုံစံကို ရေးဆွဲခဲ့သည်။ ပါရဂူဘွဲ့အတွက် ဒုံးပျံ အကြောင်း ကျမ်းစာတစောင်နှင့် အတူ ဒုံး ပျံ ၏ ပုံစံများကို သူတင်သွင်းခဲ့ရာ ပယ်ချခြင်းခံရသည်။ သို့သော်ယင်းကျမ်းစာ ကိုပင် သူသည် "ကြယ်နက္ခတ်များအကြား အာကာသ သို့ ဒုံးပျံဖြင့် တက်ရောက်ရာ" အမည်ရှိ စာအုပ်တအုပ်အဖြစ် ထုတ်ဝေလိုက်သည်။

ဤစာအုပ်ကို ၁၉၂၃ ခုနှစ်တွင် ရိုက်နှိပ် ထုတ် ဝေ ခဲ့ ရာ အာကာ သစခန်းနှင့် ဒုံးပျံများအကြောင်း စာ ပေ အရေးအသားနှင့် လက်တွေ့လုပ်ဆောင်သော အချိန်ကာလတို့အကြားမှ ကွာဟချက် ၂၅ နှစ်ကို ရပ်ဆိုင်းပစ်လိုက်သလို ဖြစ်ပေသည်။ "ကြယ်နက္ခတ်များအကြား အာကာသသို့ ဒုံးပျံဖြင့်တက်ရောက်မှု" စာအုပ်တွင် အိုဘာ့(သ)သည် ကမ္ဘာပတ် အာကာသ စခန်းများအကြောင်း အဆိုပြုရေးသားထားသည်။ ထို့ပြင် လူနှစ်ဦး တင် ဆောင် ထား သော ဒုံးပျံများ၏ အကြောင်း ကိုလည်း ဆွေးနွေးခဲ့သည်။ "အကယ်၍ လူနှစ်ဦးတင်ဆောင် ထားပြီး ကြီးမားလှသည့် ဒုံးပျံအား ကမ္ဘာ ကို စက်ဝိုင်း သဏ္ဌာန် ဝန်းပတ်လမ်းမှနေ၍ ဝန်းပတ်နေစေမည် ဆိုပါက ၎င်းတို့သည် သေးငယ်သော လ,ကလေးကဲ့သို့လုပ်ဆောင်ပေး မည်ဖြစ်ပေသည်။ ယင်းကဲ့သို့သော ဒုံးပျံများနှင့် မြေကမ္ဘာတို့ ဆက်သွယ်လိုပါက သေးငယ်သော ဒုံးပျံများကို အသုံးပြုနိုင် သည်။ သို့မှသာ လေ့လာရေးစခန်းများဟု ခေါ်တွင်နိုင်သည့် ဒုံးပျံကြီးများကို အကြံအစည်အတိုင်း ကိုက်ညီအောင် ကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com

အားဝန်းပတ်ယင်းဖြင့် ပြန်လည် တည်ဆောက်နိုင်ပေမည်'' ဟု စာအုပ်တွင် ရေးသားထားလေသည်။

ယင်း ၁၉၂၃ ခုနှစ်က ထွက်ပေါ်လာသော အယူအဆမှာ စကိုင်းလက်(ဘ)ခေါ် အာကာသ ဓာတ်ခွဲခန်းနှင့် အာကာသ လွန်းပျံယာဉ်တို့၏ ရွေ့ပြေးအကြောင်းအရာများသာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အဓိကစခန်း ယာဉ်မှာ ကမ္ဘာသို့ ပြန်လည်သက်ဆင်းရန် စီမံမထားပဲ အာကာသတွင်သာ နေရမည်ဖြစ်ပြီး လိုအပ်သမျှပစ္စည်းကိရိယာများကို သေးငယ်၍အကြိမ်ကြိမ် အသုံးပြုနိုင်သော ပို့ဆောင်ရေး ဒုံးပျံယာဉ်ဖြင့် သယ်ဆောင်ပေးရမည်ဖြစ်သောကြောင့်ပင်။ အာကာသ၌ကြီးမားသောအဆောက်အအုံများကို တဖြည်းဖြည်းချင်း တည်ဆောက်ရန်တင်ပြခဲ့ခြင်းမှာလည်း အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့ (နာဆာ) က ၁၉၇၀ ခုနှစ်များနှင့် နောက်ပိုင်းကာလအတွက် စီစဉ်ထားသည့် အကြံအစီကဲ့သို့ပင်ဖြစ်သည်။

အာကာသစခန်း တည်ဆောက်ရေး အစီအစဉ်တိုင်းလိုလိုပင် ကမ္ဘာအား ဝန်းပတ်နေသော အာကာသစခန်းသို့ ပစ္စည်းကိရိယာများကိုသယ်ယူပို့ဆောင်ရေးဒုံးယာဉ်ဖြင့်ပို့ဆောင်ပေးရန် လိုအပ်သည်။ ဤသို့သော အာကာသစခန်းတည်ဆောက်ရေး အကြံအစည်များမှနေ၍ အကြိမ်ကြိမ် အသုံးပြုနိုင်သည့် အာကာသလွန်းပျံယာဉ် ပေါက်ဖွားလာခြင်းဖြစ်သည်။

''ပိုတောနစ်'' ဟူသော ကလောင်အမည်ဖြင့် စာရေးသူ ဩစတြီးယား လူမျိုးတဦးကလည်း လွန်းပျံ ဒုံးယာဉ်များ အသုံးပြု၍ လိုအပ်သော ကြီးမား ရှုပ်ထွေးလှသည့် အာကာသ စခန်းတခု တည်ဆောက်ရန် ၁၉၂၉ ခုနှစ်က စာရေး

အကြံပြုခဲ့သည်။ တင်ပြရာ၌ ထူးခြားသည့်အချက်မှာ အာကာသ စခန်း၏ ပုံစံပင်ဖြစ်သည်။ စာရေးဆရာ ဟာမင်နူဒမ်း၏ အာကာသစခန်းမှာ အချင်းပေ ၁၀၀ ရှိ ''လှုပ်ရှားနေသော ဘီးကြီး'' ဟု အမည်ပေးထားသည်။ ကြီးမားသည့် ဘီး သဏ္ဌာန် အဆောက်အအုံပင်ဖြစ်သည်။ နူဒမ်း၏ ကိုးရိုးကားရား အတွေးအခေါ်များဖြင့် တင်ပြခဲ့သော ပုံစံပင် ဖြစ်လင့်ကစား သိပ္ပံပုံဝတ္ထုအများအပြား၌ ထည့်သွင်းရေးသားခြင်း ခံရသည်သာမက ''သက္ကရာဇ် ၂၀၀၁ ခုနှစ်'' အမည်ရှိ သိပ္ပံ ရုပ်ရှင်၌လည်း ရိုက်ကူးပြသခြင်းခံခဲ့ရသည်။

အာကာသ လွန်းပျံယာဉ်တွင် တစိတ်တပိုင်း အနေဖြင့် ပါဝင်သည့် ပထမဆုံးသော ဒုံးယာဉ်သုံး သယ်ယူပို့ဆောင်ရေးစနစ် အကြံအစည်ကို ဩစတြေးလျ လူမျိုး ရှေ့ဆောင် အာကာသယာဉ်တည်ဆောက်ရေး ပညာရှင် ယူဂျင်းဆန်ဂျာ ကြံစည်ခဲ့ခြင်းဖြစ်သည်။ ၁၉၂၀ ခုနှစ်များ နောက်ပိုင်းတွင်လည်း သူသည် အကြိမ်ကြိမ် အသုံးပြုနိုင်သော အာကာသ သယ်ယူ ပို့ဆောင်ရေးယာဉ် တီထွင်နိုင်ရန် ကြိုးပမ်းခဲ့သည်။ သူသည် ၁၉၃၃ ခုနှစ်တွင် ဒုံးပျံလေယာဉ်ပုံစံကိုရေးဆွဲခဲ့သည်။ ဒုတိယ ကမ္ဘာစစ်၏ အရှိန်မြင့်မားနေချိန် အတွင်းကလည်း သူသည် ကိုယ်ပိုင်အင်ဂျင်၏ အားဖြင့်သာမက ဒုံးယာဉ်အားဖြင့် တွန်းပင့်သွားနိုင်သော ခရီးဝေးသွား အတောင်ပံပါ ဒုံးကြဲလေယာဉ် တီထွင်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးစားခဲ့သည်။ အဆိုပါလုပ်ငန်းရပ်များသည် နောက်ဆုံးရလဒ်အနေဖြင့် အာကာသလွန်းပျံယာဉ်ဖြင့် အဆုံးသတ်ခဲ့သည်။ စစ်ပြီးခေတ်၌ အကြိမ်ကြိမ်သုံး ဒုံးပျံစနစ်ပေါ်ထွက်ရေး လေ့လာမှုများ ပြုလုပ်နိုင်ကြရန် ဖန်တီးပေးခဲ့သည်။ ဆန်ဂျာမသေမီ

www.burmeseclassic.com

www.burmeseclassic.com

ကလေးတွင် ကမ္ဘာပတ် အာကာသစခန်းဆီသို့ လူနှင့် ပစ္စည်းများ တင်ဆောင်ပေးပို့နိုင်မည့် အတောင်ပံပါ အဆင့် ၂ ဆင့်သုံး ပို့ဆောင်ရေး ဒုံးယာဉ်ပုံစံ ရေးဆွဲနေခဲ့သည်။ ဤသည်ကား ဆန်ဂျာသေဆုံးအပြီး ၁၅ နှစ်အကြာတွင် အကောင်အထည် ပေါ်လာခဲ့သည့် အာကာသလွန်းပျံယာဉ်၏ အခြေအနေနှင့် လွန်စွာပင်တူညီနေ၏။

ဆန်ဂျာ တဦးတည်းသာ အာကာသ သယ်ယူပို့ဆောင်ရေး ယာဉ်များကိုစိတ်ဝင်စားနေသည်မဟုတ်ပေ။ အချို့သောပုံစံများကို ဒုတိယကမ္ဘာစစ်အတွင်းက ဝါနာဗွန်ဘရွန်းနှင့် အပေါင်းပါ ဒုံးပျံတည်ဆောက်ရေးပညာရှင်များ ဂျာမနီရှိ ပါမွန်နန်ဒူရွာအနီးမှ ဂျာမန်ဒုံးပျံအခြေခံစခန်း၌အလုပ်လုပ်စဉ်က ရေးဆွဲခဲ့ကြသည်။ စစ်ကြီးပြီးဆုံးသွားသည့်အခါ ဗွန်ဘရွန်းသည် သူ၏ တွေးခေါ်ယူဆချက်များကို ကော်နဲလီးယား(စ) ရိုင်း တည်းဖြတ်ပြီး ၁၉၅၂ ခုနှစ်က ရိုက်နှိပ်ထုတ်ဝေခဲ့သော "အာကာသ နယ်ခြားကို ဖြတ်၍" အမည်ရှိ ဂန္ထဝင် စာပေ မှတ်တမ်းတွင် စုစည်း၍ ရေးသား ဖော်ပြခဲ့သည်။ ယင်းစာအုပ်တွင် ရေးသားခဲ့ကြသော အခြား စာရေးဆရာ များမှာ ထင်ရှားသော သိပ္ပံစာရေးဆရာဝီလီလေနှင့်နက္ခတ္တဗေဒပညာရှင် ဖရက်(ဒ)အယ်လ်ဂှစ်ပါလ်တို့ဖြစ်ကြသည်။ ပန်းချီသရုပ်ဖော်သူမှာ ထိုစဉ်ကရော၊ ယခုအခါ၌ပါ အာကာသဆိုင်ရာ ပန်းချီသရုပ်ဖော်ရာ၌ ထင်ရှားနေသူ ချက်(စ)လေ၊ ဘိုနက်(စ)တဲလ် ဖြစ်၏။ စာအုပ်တွင်ပါရှိသော အဓိကအယူအဆမှာ ဘီးပုံသဏ္ဌာန် အာကာသ စခန်းအား ကမ္ဘာ့အထက် မိုင် ၁၀၇၅ မှနေ၍ ဝန်းပတ်နေရန် အဆင့် ၃ ဆင့်ပါ ကြီးမားသည့် ဒုံးပျံပေါ်ပေါက်လာရေး ဖြစ်သည်။ ယခင်အယူအဆ

များကိုလည်း ယခုအခါ၌ အသုံးမပြုတော့သည့် ကော်လီးယား(စ) စွယ်စုံကျမ်း၌ "လူသားများ မကြာမီ အာကာသအား အောင်နိုင်တော့မည်" ဟူသော သိပ္ပံဆောင်းပါးများမှ ထုတ်နုတ်ယူခဲ့ခြင်း ဖြစ်သည်။

အာကာသယာဉ် တင်လွှတ်ရေး ဒုံးပျံအကြောင်း ကိုလည်း ဗွန်ဘရွန်း၏ စာအုပ်တွင် ဖော်ပြခဲ့သည်။ အာကာသယာဉ် တင်လွှတ်ရေးဒုံးပျံမှာ အမြင့် ၂၆၅ ပေနှင့် အချင်း ၆၅ ပေ ရှိသည်။ ၂၄ ထပ်ရှိ အဆောက်အအုံထက် မြင့်မားပြီး ပေါ့ပါးသော တိုက်သင်္ဘောလောက် အလေးချိန်ရှိသည်။ ပထမအဆင့် ဒုံးပျံတွင် မော်တာအင်ဂျင် ၅၁ လုံးရှိပြီး ဒုတိယ အဆင့်၌မူ ၃၄ လုံးသာရှိသည်။ ဗွန်ဘရွန်းတင်ပြသော တတိယ အဆင့်နှင့် နောက်ဆုံးအဆင့် ဒုံးပျံမှာ ယခုခေတ်အာကာသ လွန်းပျံယာဉ်မှ အချို့တိုး ဒုံးပျံများ စုစည်းပုံနှင့် အယူအဆအားဖြင့် တူညီသည်။

ဗွန်ဘရွန်း၏ တတိယအဆင့် ဒုံးပျံတွင် ဒုံးယာဉ်မော်တာစက် ၅ လုံးပါပြီး အာကာသကုန်စည် ၃၆ တန်ခန့် သယ်ဆောင်နိုင်သည်ဖြစ်သည်။ မျက်မှောက်ခေတ် အာကာသ လွန်းပျံယာဉ်မှာလည်း ယင်းအလေးချိန်လောက်ကို အာကာသအတွင်းသို့ သယ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် ဗွန်ဘရွန်းတင်ပြခဲ့သော ဒုံးပျံမှာ အမေရိကန် အရှေ့ဘက်ကမ်းခြေ တနေရာရှိအခြေခံ စခန်းမှ တင်လွှတ်ရန် ရည်ရွယ်ခဲ့သည်(ယင်းတနေရာမှာ ဖလော်ရီဒါပြည်နယ် ကိုဒ့ါမြို့ရှိ လေတပ်မတော် စမ်းသပ်ရေးစခန်းကို ဆိုလိုသည်)။ ထိုသို့ လွှတ်တင်အပြီး အာကာသ ယာဉ်သည် ကမ္ဘာအားဝန်းပတ်ကာ ခရီးသည်များနှင့် ပစ္စည်း များကို စခန်းသို့ပို့ပြီး မြေပြင်သို့ လေယာဉ်ကဲ့သို့ လေယာဉ်ပြေးလမ်းမှ ပြန်လည်သက်ဆင်းမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဖလော်ရီဒါပြည်နယ် ကိုအာမြို့အနီးရှိ ဗွန်ဘရွန်၏ စမ်းသပ်ရေးစခန်းမှာ အမှန်ဆိုသော် ယခုကနေဒီအာကာသ ဌာနရှိ ကနဗာရယ် အငူပင်ဖြစ်သည်။ သူ၏အတောင်ပါသည့် ဒုတိယအဆင့်ဒုံးပျံမှာလည်း လေယာဉ်ကဲ့သို့ ပြန်လည် သက်ဆင်းနိုင်သော အာကာသလွန်းပျံ ဝန်းပတ်ယာဉ်မျိုးဖြစ်သည်။ ပထမဦးဆုံးသော ကမ္ဘာပတ် အာကာသလွန်းပျံယာဉ်၏ အမည်ကို "အင်တာပရိုက်(စ)ဟု အမည်ပေးခဲ့သည်။

၁၉၅၂ ခုနှစ်က တင်ပြခဲ့သော အယူအဆတွင် လွန်းပျံဒုံးယာဉ်ဖြင့် လိုက်ပါမည့် အာကာသယာဉ် အမှုထမ်း အရေအတွက်ကိုပါ ကြိုတင်ခန့်မှန်း တင်ပြခဲ့ကြသည်။ ဗွန်ဘရွန်ကမှူးယာဉ်မှူး ၂-ဦးနှင့်အမှုထမ်း ၄-ဦး ပေါင်း ၆-ဦးဟု ကြိုတင်ခန့်မှန်းခဲ့သည်။ စာအုပ်တွင် အသေးစိတ်အချက်အလက်အချို့ကို ရေးသားထားရာ နောင် ၁၈ နှစ်ခန့်ကြာသည့်အခါ ကနဗာရယ်အငူ၌ ကြုံတွေ့ရမည့် အကြောင်းအရာ အချို့ကို ကြိုတင်ခန့်မှန်း ရေးသားထားသည်နှင့် တူပေသည်။ "ဒုံးပျံတင်လွှတ်ရေး စခန်း"၌ ကြီးမားလေးလံသော ဒုံးပျံကြီးကို စင်ကြီးတခုပေါ်၌ တပ်ဆင်ခဲ့ကြသည်။ ထို့နောက်ယင်းစင်ကြီးကို ဘီးများ အသုံးပြု၍ ပြန်ခေါင်းသဏ္ဌာန် နေရာသို့ အရောက်ရွှေ့ကာ ပထမအဆင့် ဒုံးပျံမော်တာစက်များမှ မီးတောက်လောင်နိုင်သောအငွေ့များကို ဂျက်မှုတ်အားဖြင့် ဖယ်ရှားပစ်သည်။ ယခုကဲ့သို့ ရေးသားဖော်ပြချက်သည် ၁၉၇၉ ခုနှစ်တွင် ကနဗာရယ်အငူ၌ အာကာသယာဉ်နှင့် ဒုံးပျံကြီးတို့အား ဘီးတပ်ယာဉ်ကြီးဖြင့် ဒုံးပျံပစ်စင်အမှတ် (၃၉) အောသို့ သယ်ဆောင်ကာ အာကာသ လွန်းပျံ ယာဉ်အား ပထမဆုံး တင်လွှတ်သည့် အခြေအနေ ဖြစ်ရပ်အမှန်များနှင့် နှိုင်းစာသော် အတော်အတန်ပင် မှန်ကန်သော ရေးသားချက်ဟု ဆိုနိုင်သည်။

အသုံးပြုပြီးသော ဒုံးပျံပထမဆင့်အား ထပ်မံအသုံးပြုနိုင်ရန်အတွက် ဆယ်ယူရေးသင်္ဘောဖြင့် သမုဒ္ဒရာအတွင်းမှဆယ်ယူရန် ကြိုတင် ခန့်မှန်းမှုမှာလည်း အာကာသ လွန်းပျံယာဉ်မှ လောင်စာအခဲသုံး အရှိန်ဘိုး ဒုံးပျံအား နောက်ပိုင်းတွင်ထပ်မံအသုံးပြုနိုင်ရန် သမုဒ္ဒရာအတွင်း ကျဆင်းရာဒေသမှ ပြန်လည်ဆယ်ယူရပုံနှင့် များစွာတူညီသည်။

ဒုတိယကမ္ဘာစစ် အတွင်းက လုပ်ဆောင်ခဲ့သော ဒုံးပျံသုတေသန၏ ရလဒ်မှာ အယူအဆသဘောအရ တည်ဆောက်နိုင်သည့် ဒုံးပျံပုံစံများအပြင် လက်တွေ့ လုပ်ဆောင်နိုင်မှုများကိုလည်း တီထွင်နိုင်ခဲ့ကြသည်။ ဗီ ၂ သည် ကမ္ဘာ့ပထမဦးဆုံးသော အာကာသမှ ဖြတ်၍ သွားနိုင်သော ဒုံးပျံ ဖြစ်သည်။ စမ်းသပ်ဆုံးသည့်အခါက တင်လွှတ်ခဲ့သော ဒုံးပျံသည် အထက်သို့ ၁၁၄ မိုင်အထိ တက်သွားခဲ့သည်။ သို့သော် ၎င်းအားသုတေသနယာဉ်အဖြစ် လွှတ်တင်ခဲ့ခြင်းမဟုတ်ပေ။ ဗီ ၂ ဒုံးပျံများသာ ပေါက်ပြီး နောက်ပိုင်းတွင် အမေရိကန် ပြည်ထောင်စုသည် ဒုံးပျံများကို အစီအရီအလိုက် တီထွင်ထုတ်လုပ်ခဲ့သည်။ ၎င်းတို့ကို ဂေါဒတ်၏ မူပိုင်ခွင့်များမှလည်းကောင်း၊ ဗီ ၂ များမှ လည်းကောင်း ၁၉၄၉ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ ထိုပိုင်ထုတ်လုပ်ခဲ့သော ဗိုက်ကင်းဒုံးပျံများကို စမ်းသပ်ခြင်းမှ လည်းကောင်း၊ အခြားနည်းလမ်းများမှ လည်းကောင်း စုစည်းနာယူ၍ ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။ ၁၉၅၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ဒုံးပျံသုတေသနပြုရာ အမေရိကန်အာကာသ အစီအစဉ်အတွက် တွန်းအားဆိုင်ရာ စက်ကိရိယာ အများ

www.burmeseclassic.com

www.burmeseclassic.com

အခြား ပေါ်ထွက်လာ ခဲ့သည်။ ၎င်းတို့မှာ ရက် (ဒ)စတုံး၊ ဂျူပီတာ-စီ၊ အက်တလတ် (စ)၊ သော၊ အက်တလက်(စ) အဂျီနာ၊ တိုက်တန်၊ တိုက်တန်-၃၊ စယ်တန်-၅ နှင့် တိုက်တန် စင်တော အမည်ရှိ ဒုံးပျံများ ဖြစ်ကြသည်။ ထို့ပြင် အာကာသလွန်းပျံယာဉ်မှာလည်း ဖော်ပြပါသုတေသနလုပ်ငန်းများမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

နာဆာသည် အာကာသလွန်းပျံယာဉ်ပုံစံ ထုတ်လုပ်နိုင်ရေးကို ၁၉၆၀ ခုနှစ် နှစ်ဦးပိုင်းလောက်မှစ၍ တရားဝင်လေ့လာဆန်းစစ်ခဲ့သည်။ ၁၉၇၂ ခုနှစ်သို့ ရောက်သည့်အခါ ယေဘုယျပုံသဏ္ဍာန်ကို ဖော်ယူနိုင်ခဲ့ကြသည်။ စောစောပိုင်းတွင် တင်ပြခဲ့သော အာကာသလွန်းပျံယာဉ်၏ ပုံသဏ္ဍာန်တို့တွင် အတောင်ပါသော ဝန်းပတ်ယာဉ်အဖြစ်သာမက၊ အတောင်ပါသော အရှိန်တိုး ဒုံးပျံတို့ပင် ပါဝင်ခဲ့သည်။ နောက်ဆုံး အတည်ပြုလိုက်သော အာကာသလွန်းပျံယာဉ်၏ ပုံသဏ္ဍာန်နှင့် ၁၉၅၂ ခုနှစ်က ဗွန်ဘရွန် တင်ပြသော လှေကားထစ် ဒုံးပျံတို့၏ ပုံသဏ္ဍာန်ကို နှိုင်းယှဉ်နိုင်သည့်အချက်အလက် အတော်များများ ရှိခဲ့သည်။ အာကာသလွန်းပျံယာဉ်သည် ဗွန်ဘရွန်တင်ပြသော ဒုံးပျံလောက် မကြီးမားပေ။ ဗွန်ဘရွန်၏ဒုံးပျံသည် ပေါင်-၁၄,၀၀၀,၀၀၀ အလေးချိန်ရှိ၍ အာကာသလွန်းပျံယာဉ်မှာမူ ပေါင် ၄,၄၀၀,၀၀၀ သာ လေးသည်။ ဗွန်ဘရွန်၏မူလ လှေကားထစ်ဒုံးပျံ တတိယ အဆင့်နှင့် တူသော အာကာသလွန်းပျံယာဉ်မှ ဝန်းပတ်ယာဉ်သည် ခေတ်သစ် ဂျက်လေယာဉ် အရွယ်လောက်သာ ရှိပြီး အရှည် ၁၂၂ ပေနှင့် အတောင်နှစ်ဘက်အစွန်အလျားသည် ၇၈ ပေရှိသည်။

အာကာသလွန်းပျံယာဉ်ကို ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့က စတင် ပျံသန်း ကြည့်ခဲ့ကြသည်။ ထိုစဉ်က

စမ်းသပ်ပျံသန်းမှု ပြုလုပ်သည်သာဖြစ်သဖြင့် လူစီးနှင်းလိုက်ပါခြင်းမရှိပဲ လေယာဉ်တွင် ချိတ်ဆက်ကာ ထက်ကောင်းကင်သို့ တက်ရောက်ခဲ့ရသည်။ နောက်ပိုင်း၌ ဤနည်းနှင့်နှင့် စမ်းသပ်မှု ၄ ကြိမ်မျှ ပြုလုပ်ပြီး ၁၉၇၇ ခုနှစ် မတ်လအတွင်း၌ ယင်းကဲ့သို့သော စမ်းသပ်မှုများ ရပ်ဆိုင်းခဲ့သည်။ လူစီးနှင်းလိုက်ပါသော အာကာသလွန်းပျံယာဉ်အား လေယာဉ်၌ ချိတ်ဆက်၍ ပြုလုပ်သော စမ်းသပ်မှု နောက်ထပ် ၃ ကြိမ်မျှ ပြုလုပ်ခဲ့ပြီး ၁၉၇၇ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ရပ်ဆိုင်းခဲ့သည်။ နောက်ပိုင်းတွင် ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့အထိ လူစီးနှင်းလိုက်ပါသော အာကာသလွန်းပျံယာဉ် ပျံသန်းမှုများသာမက ကယ်လီဖိုးနီးယား ပြည်နယ်၊ အက်ဒဝပ် လေတပ် အခြေခံစခန်းရှိ လေယာဉ်ပြေးလမ်း၌ပင် စမ်းသပ်သက်ဆင်းမှုများ ပြုလုပ်ခဲ့သည်။ စမ်းသပ်ပျံသန်း ဆင်းသက်မှုများနှင့် အခြားယာဉ်၏ ကိုယ်ထည်အဖွဲ့အစည်းအချို့အား စစ်ဆေးပြီးစီးသည့်အခါတွင် အာကာသလွန်းပျံယာဉ်မှာ အာကာသသို့တက်ရောက်ရန်အဆင်သင့်ဖြစ်ပေပြီ။ ၁၉၈၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့က အာကာသယာဉ်မှူး ဂျွန်ယန်းနှင့် ရောဘတ်ခရစ်ပင်တို့ လိုက်ပါသည့် ကိုလံဘီယာ အမည်ရှိ အာကာသလွန်းပျံယာဉ်ကို ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ပထမဦးဆုံးအကြိမ် တင်လွှတ်ခဲ့ကြသည်။ ၎င်းအာကာသယာဉ်သည် အာကာသတွင် ၅၄ နာရီကြာမျှ ကမ္ဘာအား ဝန်းပတ်နေခဲ့သည်။ ယာဉ်မှူးများသည်လည်း အာကာသယာဉ်၏ စွမ်းရည်ရှိမှု အမျိုးမျိုးအဖုံဖုံ ပြုပြင်ပြောင်းလဲနိုင်မှုနှင့် အခြား စမ်းသပ်မှုအချို့ကို ပြုလုပ်ခဲ့ကြသည်။

ဤသည်ကား "အုတ်ခဲလဝိမာန်" စာအုပ် ရိုက်နှိပ်ထုတ်ဝေပြီး နှစ်ပေါင်း ၁၀၀ ခန့်အကြာ၊ ဒုံးပျံပညာရှင်[illegible] ဒြိတ်၏

www.burmeseclassic.com

www.burmeseclassic.com

ပထမဆုံးသော လောင်စာအရည်သုံး ဒုံးပျံအား စမ်းသပ်အပြီး နှစ် ၅၀ အကြာနှင့် ဗွန်ဘရွန်၏ လှေကားထစ်ဒုံးပျံနှင့် ထပ်မံ အသုံးပြုနိုင်ပြီး၊ အတောင်ပါသော တတိယအဆင့် ဒုံးပျံ အကြောင်း သတင်းဆောင်းပါးများ ဂန္ထဝင်စာပေ မှတ်တမ်း၌ပါဝင်၍အပြီး နှစ် ၃၀ ခန့်အကြာတွင် သိပ္ပံပညာရှင်အချို့ စိတ်ကူးယာဉ်ခဲ့သည့် အကြောင်း အရာများ အမှန် တကယ် အကောင်အထည် ပေါ်လာခြင်း ဖြစ်ပေသည်။

●

အနာဂတ်အရေး အလွန်အမင်း မျှော်တွေးစရာမလိုပေ။ မလွဲမသွေ ခမ်းနားထည်ဝါမည်ဆိုသည်ကို ကျွန်ုပ်တို့ အတော်အတန်ပင် မြင်တွေ့ခဲ့ရပေပြီ။ ထို့ကြောင့် ကျွန်ုပ်တို့ လမ်းစဖော်နိုင်ရေးအတွက် ဆောလျင်စွာ လုပ်ဆောင်ကြိုးစားကြပါစို့။

ဝိလ်ဘာရိုက် (တ)

အခန်း (၃)
ကမ္ဘာပတ်လမ်းကြောင်းအတွင်း ချိန်းဆိုခြင်း

အာကာသလွန်းပျံယာဉ် ကမ္ဘာအား ပထမဦးဆုံး အကြိမ် ဝန်းပတ်၍အပြီးမကြာမီ ကြီးမားသော ဝန်တင်တံခါးကြီးများ ဖွင့်သွားသဖြင့် အအေးဖြာထွက်ကိရိယာများ အာကာသဘက် မျက်နှာမူလျက်ရှိနေသည်။ ပစ္စည်းတင်အခန်းမှာလည်း ကမ္ဘာဘက်သို့ မျက်နှာမူနေသဖြင့် ကမ္ဘာ့မြေပြင်နှင့် ရေပြင်တို့၏ ရောင်ပြန်ဟပ်မှုကြောင့် ထွန်းတောက်လျက်ရှိသည်။ လျှပ်စစ် စနစ်များနှင့် အသက်ကယ်ပစ္စည်းများကြောင့် အပူရှိန် တက်လာသည့် အာကာသလွန်းပျံယာဉ်အား အအေးဖြာထွက် ကိရိယာ များက ပြန်လည်အေးသွားစေရန် ဖန်တီးပေးသည်။

www.burmeseclassic.com

အာကာသယာဉ်အား ကမ္ဘာမြေအထက် အာကာသတွင်းသို့ တင်လွှတ်ပေးမည့် အလူမီနီယမ်သတ္တုဖြင့် ပြုလုပ်ထားသော ဒုံးပျံကြီးနှင့်စာသော် သေးငယ်ပုကွနိုင်လွန်းသည်။ ၇ ဦးစလုံး "အဖြူရောင်အခန်း" ဟုခေါ်တွင်သည့် ဆောင်ရွက်မှုအခန်းသို့ သွားရောက်ရန် ပစ်စင်၏ဓာတ်လှေကားဆီသို့ တက်ရောက်ခဲ့ကြသည်။ လောင်စာဆီ မဖြည့်တင်းရသေးသည်မှအပ အာကာသလွန်းပျံယာဉ်တင်လွှတ်ရန် အားလုံး အဆင်သင့်ဖြစ်နေပေပြီ။ ပစ်စင်၏ အထက်သို့ ဓာတ်လှေကားဖြင့် တက်သွားစဉ် ယာဉ်ကြီး၏ ကျိုးကျိုးကျွံကျွံ မြည်သံများကို ယာဉ်မှူးများ ကြားကြရသည်။

"စနူပီ" သံခမောက်ဆောင်းထားသည့် ယာဉ်မှူးများသည် အဖြူရောင်အခန်းမှ ကမ္ဘာ့ပထမ အာကာသ လွန်းပျံ ယာဉ်အတွင်းသို့ ဝင်ကြသည်။ ဦးစီးယာဉ်မှူးနှင့် အကူယာဉ်မှူးတို့ ဦးဆောင်၍ မလွယ်ပေါက်မှ ပျံသန်းမောင်းနှင်ရေး အခန်းသို့ဝင်ကာ ရှေ့ပိုင်းရှိ ထိုင်ခုံများဆီရောက်ရန် အထက်သို့ တက်ခဲ့ကြသည်။ အာကာသလွန်းပျံယာဉ် မောင်းနှင်ရန်နေရာ၌မူ ထိန်းချုပ်ရေးနှင့် တိုင်းတာရေးကိရိယာများဖြင့် ရှုပ်ထွေးနေသည်။ ပတ်ဝန်းကျင်ရှိ မှန်ကွက်များမှလည်း အစိမ်းနှင့် အနီရောင်မီးလုံးများ မှိတ်ချည်ပွင့်ချည်ဖြင့် တဖျပ်ဖျပ် ရှိနေကြသည်။ ဖန်သားအဖုံး၏ နောက်ဘက်၌ရှိသော ညွှန်တံများမှာလည်း လှုးလာ လှုပ်ရှား နေကြသည်။ ရှုပ်မြင်သံကြားစက်ကဲ့သို့သောကိရိယာ၌ ပေါ်ထွက်လာသည့် "ကက်သုတ်ရောင်ခြည်"၏ သင်္ကေတများမှာလည်း လျင်မြန်စွာ ပေါ်ပေါက်လာသဖြင့် ကောင်းစွာပင် မမြင်လိုက်ရပဲ ပျောက်ကွယ်သွားကြသည်။

ဦးစီးယာဉ်မှူးနှင့် အကူယာဉ်မှူးတို့၏နောက်မှ ပျံသန်းရေး ခရီးစဉ် ကျွမ်းကျင်သူ နှစ်ဦးသည် မလွယ်ပေါက်မှ ဝင်ရောက်ကာ ပျံသန်းမောင်းနှင်ရေးအခန်းရှိ နေရာထိုင်ခုံနှစ်ခုဆီသို့ တက်ရောက်သွားခဲ့ကြသည်။ ကျန် သုံးဦးမှာမူ အလယ်ထပ်ရှိ ထိုင်ခုံသုံးလုံးဆီသို့ လှေကားဖြင့်တက်ရောက်ခဲ့ကြသည်။ ယာဉ်မှူးတိုင်းသည် ပခုံး သိုင်းကြိုး နှစ်ပင်၊ ပေါင်သိုင်းကြိုး တပင်နှင့် ပေါင်ကြဉ်သိုင်းကြိုး တပင်တို့ဖြင့် သိုင်းချည်ခဲ့ကြသည်။ ယာဉ်မှူးများ လိုအပ်သမျှကို ပြင်ဆင်ပေးရသည့် စက်မှုပညာရှင်သည် ယာဉ်မှူးများအား ထိန်းချုပ်ရေးနှင့် ဆက်သွယ်ရေး ကိရိယာများနှင့်ဆက်သွယ်ပေးလိုက်သဖြင့် ယာဉ်မှူးများအဖို့ စနူပီ သံခမောက်မှတဆင့် အပြင်အခန်းနှင့် ဆက်သွယ်နိုင်ခွင့် ရခဲ့လေသည်။

ယာဉ်မှူးများ အလယ်ထပ်သို့တက်ရောက်ရာတွင်သုံးခဲ့သော လှေကားကိုလည်း ဖယ်ရှားလိုက်သည်။ စက်မှုပညာရှင် မှာလည်း လက်ဝှေ့ယမ်းနှုတ်ဆက်ကာ မလွယ်ပေါက်မှ ထွက်ခွာသွားလေသည်။ ထို့နောက် မလွယ်ပေါက်ကို အလုံပိတ်လိုက်သဖြင့် ကမ္ဘာ့ပထမ အာကာသလွန်းပျံယာဉ်အတွင်းမှ ယာဉ်မှူးများ အပြင်ကမ္ဘာကို ကောင်းစွာမြင်နိုင်ခွင့် မရတော့ပေ။ ယာဉ်အတွင်း၌ ပိုးသတ်ဆေးအနံ့ တသင်းသင်းရှိနေခဲ့သည်။ တင်လွှတ်မည့်အချိန်ကိုသာ စောင့်ဆိုင်းနေကြရတော့သည်။

ဆောင်ရွက်မှုအခန်းမှာ တဖြည်းဖြည်းနှင့် အာကာသလွန်းပျံယာဉ်မှ အောက်သို့ လျော့ဆင်းလာခဲ့သည်။ တနည်းဆိုသော် စက်မှုပညာရှင်များ နောက်ဆုံး စစ်ဆေးမှုများ ပြီးပြီး ယာဉ်မှူးများနှင့် နှုတ်ဆက်ခဲ့သော အဖြူရောင်အခန်းမှာ အာကာသယာဉ်ထိပ်ပိုင်းနှင့် ပေပေါင်း အတန်ငယ် ကွာဝေးလျက် ရှိချေပြီ။ လောင်စာသုံးဒုံးပျံ၌ချိတ်ဆွဲထားသော

www.burmeseclassic.com

www.burmeseclassic.com

ပျံသန်းရေး ကုန်းပတ် ပြတင်းပေါက်များမှ နောက်ပိုင်းပန္နည်းတင်အခန်းအား ဖြတ်၍ကြည့်ပါမူ အမှုထမ်းများသည် အာကာသလွန်းပျံယာဉ်ကြီး၏ ကြီးမားသော အမြီးပိုင်းနှင့် မဲ့နိုင်းသာမက လှုပ်ရှားနေသော အင်ဂျင်စက်တို့အား အချွန်အဖူး ပုံသဏ္ဍာန် မြင်တွေ့ရပေမည်။

အာကာသယာဉ်ကမ္ဘာအား ဆက်လက် ဝန်းပတ်ယင်းပင်၊ ကမ္ဘာမှ မမြင်တွေ့နိုင်သော နေဝင်ပုံမျိုးကိုလည်း မြင်တွေ့ရပေမည်။ အလင်းရောင်ကိုစုပ်ယူ ကွယ်ဖုံးနိုင်သော လေထုမရှိသည့်အတွက် တောက်ပသည့် နေလုံးကြီးသည် ကမ္ဘာ့ကွေးပိုက်သော သဏ္ဍာန်ဆီသို့ နီနီရဲရဲကြီးဖြင့် ချဉ်းကပ်နေသည်ကိုလည်း မြင်ရမည်။ တောက်ပသည့် နေလုံးကြီး ကမ္ဘာလေထု နောက်ကွယ်သို့ ရောက်သွားသည့်အခါ အာကာသ လွန်းပျံယာဉ်အား လကြတ်သော ညအချိန်ကဲ့သို့ အရိပ်ပမာသာ မြင်တွေ့ရတော့သည်။ နေလုံးကြီး ကမ္ဘာ့လေထု အလွှာအသီးသီးနောက်ကွယ်သို့ ဝင်ရောက်သွားသည့်အခါ၊ ဘေးတဘက်တချက်စီသို့ အရောင်မျိုးစုံ ဖြာထွက်နေသည်ကို မြင်ရသည်။ လေထု သိပ်သည်းလာသည်နှင့်အမျှ အလင်းရောင့် ဟူ၍ မတွေ့ရတော့ပဲ ကြီးမားသည့် ပရစ်ဇမ်ပမာ အနီနှင့်အဝါ၊ အပြာနှင့်အစိမ်း စသည့် အရောင်များကိုသာ တွေ့ရသည်။ ကမ္ဘာ့အပေါ်ယံမြေမျက်နှာပြင်အလွှာအောက် နေလုံး ရောက်သည်နှင့်တပြိုင်နက် အရောင်များလည်း မှေးမှိန်သွားတော့သည်။

နေဝင်သွားမှုမှာ မြန်ဆန်လွန်းလှသည်။ ဤဖြစ်ရပ်မျိုး မည်သည့်သဲကန္တာရတွင်မှ မဖြစ်ပေါ်ခဲ့။ အလင်းကွယ်ပျောက် အမှောင်ရောက်ပြီဟု မသတ်မှတ်နိုင်မီမှာပင် နေလုံးကို မမြင်တွေ့ရတော့ပေ။

ထိုအခါ မဟူရာတွင် အမည်းယှက်သကဲ့သို့သော အမှောင်ထု၌ ပြိုးပြိုးပြက်ပြက် လင်းလက်နေသောအရာတို့ဖြင့် ပြည့်နှက်နေသည့် ကောင်းကင်ပြင်ကို တွေ့ရသည်။ ဤသည်ကား ထက်

ကောင်းကင်တဝိုက်၌ ပျံ့နှံ့နေသော ကြယ်တာရာ အစုအဝေးတို့ပင် ဖြစ်သည်။

အာကာသလွန်းပျံယာဉ် ကမ္ဘာအား ဝန်းပတ်ပျံသန်းနိုင်ရေး စမ်းသပ်မှုများကို သတ်မှတ်ထားသည့်အတိုင်း ၁၉၇၁-ခုနှစ်အတွင်းက ပြုလုပ်နိုင်ရန် အရာရာတွင်ကြိုးစားလုပ်ဆောင်ခဲ့ကြသည်။ ၁၉၇၁ ခုနှစ် ဧပြီလအတွင်းတွင် ယာဉ်မှူး ၂ ဦးပါသော အာကာသလွန်းပျံယာဉ်ကို ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာ တင်လွှတ်ခဲ့ကြသည်။ နောက်ထပ်ပြုလုပ်မည့် အာကာသ ပျံသန်းမှု အနည်းငယ်တွင် ယာဉ်မှူး ၂ ဦးသာ လိုက်ပါခွင့်ပြုမည်ဖြစ်သည်။ နောက်ပိုင်းတွင်မူ လုပ်ငန်းရပ်နှင့် ခရီးစဉ်အလိုက် လိုအပ်သောယာဉ်မှူးနှင့် အမှုထမ်း အရေအတွက်အရ တင် ဆောင် သွား မည် ဖြစ် သည်။ အာကာသလွန်းပျံယာဉ်သည် လူဦးရေ ၆ ဦးမှ ၁၀ ဦးအထိကို၊ ကမ္ဘာအထက် ၁၁၅ မိုင်မှ မိုင် ၆၉၀ အရောက် သယ်ဆောင်သွားပြီး ရက်သတ္တတပတ်မှ ရက်ပေါင်း ၃၀ အထိ နေထိုင်စေနိုင်ကာ၊ ကမ္ဘာအား ဝန်းပတ်နေနိုင်သည်။ နာဆာသည် သတ်မှတ်ပေးထားသော ငွေကြေးများအရ အာကာသလွန်းပျံယာဉ်ဆိုင်ရာ လုပ်ငန်းရပ်များကို ကြိုးစား၍ လုပ်ဆောင်သွားမည် ဖြစ်သည်။

အာကာသလွန်းပျံ ယာဉ်မှာ စက်ကိရိယာ များဖြင့် ရှုပ်ထွေးလှသော ယာဉ်တစင်းဖြစ်သည်။ ၎င်းတွင် ဂျက်လေယာဉ်အရွယ်အစားရှိပြီး အတောင်ပါသော ဝန်းပတ်ယာဉ်၊ ပြင်ပလောင်စာတိုင်ကီ၊ ဝန်းပတ်ယာဉ်အတွက် အောက်စီဂျင်အရည်နှင့် ဟိုက်ဒရိုဂျင်အရည်တို့ ထည့် သွင်း ရသော ကြီးမားသည့်တိုင်ကီကြီး၊ ကန်ဗာရယ်အငူရှိ ပစ်စင်မှ အာကာသ လွန်းပျံ

www.burmeseclassic.com

www.burmeseclassic.com

ယာဉ်အား တင်လွှတ်ရာတွင် အဓိကအင်အား တစ်တိတ်ဒေသ ပေးစွမ်းသော လောင်စာအခဲသုံး အရှိန်တိုးဒုံးပျံများ စသည် တို့ ပါဝင်သည်။ ဝန်းပတ်ယာဉ်နှင့် လောင်စာအခဲသုံး အရှိန် တိုး ဒုံးပျံတို့အား ပြန်လည်၍ အသုံးပြုနိုင်စေရန် လုပ်ဆောင် ထားသည်။ အရှိန်တိုး ဒုံးပျံများကို သင်္ဘောများဖြင့် ပြန်လည် ဆယ်ယူသည်။ ပြင်ပလောင်စာတိုင်ကီမှာမူ သတ်မှတ်သော ပင် လယ်တွင်းတနေရာသို့ ကျရောက်စေရန်လုပ်ဆောင်ထားသည်။ သို့သော် ပြန်လည် ဆယ်ယူခြင်း မပြုပေ။

၁၉၆၈ ခုနှစ်မှ၊ ၁၉၇၂ ခုနှစ်အတွင်း အာကာသလွှန်းပျံ ယာဉ်ပုံစံအား စတင်ရေးဆွဲ တင်ပြကြရန် တောင်းခံစဉ်က အစိတ်အပိုင်းအားလုံး ပြန်လည်အသုံးပြုနိုင်ရေး အတွက်သာ ဦးတည်ခဲ့သည်။ ယင်းပုံစံ၌ လောင်စာများကို အတောင်ပံ တခုနှင့် လူစီးအရှိန်တိုး ဒုံးပျံများတွင် ထည့်သွင်းကာ သုံးစွဲ ပြီးပါက ဝန်းပတ်ယာဉ်ကဲ့သို့ပင် ကနားဗားရယ်အငူသို့ ယာဉ် မှူး၏ အကူအညီဖြင့် သက်ဆင်းမည်ဖြစ်သည်။ ကုန်ကျစရိတ် အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ယင်းစနစ်ကိုပယ် ဖျက်ပြီး ပြင်ပလောင်စာတိုင်ကီ ဆုံးရှုံးစေသောစနစ်ကို လက် ခံခဲ့သည်။ ထို့ပြင် နောက်ဆုံး လက်ခံအတည်ပြုပြီး ဆောက် လုပ်ခဲ့သော အာကာသလွှန်းပျံယာဉ်မှာ ယခင်ကတင်ပြခဲ့သော ပုံစံများထက် ကျစ်လျစ်သိပ်သည်းသည်။

အာကာသ လွှန်းပျံယာဉ်အား အစီအစဉ်အလိုက် ဆောင် ရွက်ချက်များအရ တရားဝင်နာမည်အပြင်၊ အလွတ်သဘော မှည့်ခေါ်သော နာမည်များလည်း ရှိသည်။ ဝန်းပတ်ယာဉ် အစိတ်အပိုင်း အားလုံးနှင့် လောင်စာအခဲသုံး အရှိန်တိုးဒုံးပျံ တို့ကို "အာကာသ လွှန်းပျံ သယ်ယူပို့ဆောင်ရေး စနစ်" ဟု

အမည်ပေးခဲ့သည်။ သို့သော် ၎င်းကို "အာကာသလွှန်းပျံ ယာဉ်" သို့မဟုတ် "လွှန်းပျံယာဉ်" ဟု ခေါ်ဆိုခဲ့ကြသည်။ လုပ်ငန်းသဘောအရမူ "ဝန်းပတ်ယာဉ်" တခါတရံ "လွှန်းပျံ ဝန်းပတ်ယာဉ်"ဟုခေါ်သည့် ယာဉ်တခုတည်းသာ အာကာသ အတွင်း ရောက်ရှိသွားခဲ့သည်။ ထို့ပြင် ပစ္စည်းထုတ်လုပ်သူ များကမူ "ဝန်းပတ်ယာဉ် ၁၀၁" ဟု အမည်ပေးထားသော ယာဉ်ကို အင်တာပရိုက်(စ)ဟု ခေါ်တွင်ခဲ့ကြသည်။ အခြား အာကာသ လွှန်းပျံယာဉ် ၃ စီးတို့အား "ဒစ်(စ) ကာဗရီ၊ ချယ်လင့်ဂျာနှင့် အတ္တလန်တစ်(စ)" ဟု အမည်ပေးမည်ဖြစ် သည်။

ဝန်းပတ်ယာဉ်အား အလွတ်သဘောအရ "အုတ်ခဲပျံ"ဟု ချစ်စနိုး ခေါ်တွင်ခဲ့ကြပြန်သည်။ အဘယ့်ကြောင့် ဆိုသော် အာကာသမှလေထုအတွင်း ပြန်လည်ဝင်ရောက်သည့်အခါတွင် ဖြစ်ထွန်းလာလေ့ရှိသော အပူရှိန်ကို ဝန်းပတ်ယာဉ်အပေါ်ယံ လွှာ၌ ကြွေထည်အုတ်ကြွပ်များဖြင့် ကာကွယ်သည့် အပူကာ စနစ်ကို အသုံးပြုခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် "အာကာသမှ ဒိုင်ငှက်" ဟူ၍လည်း ခေါ်ဆိုကြသည်။ နှစ်ပေါင်း ၃၀၊ သို့ မဟုတ် ၃၀ ကျော်ကြာမျှ လေကြောင်းမှ ကူး သန်း ရောင်း ဝယ်မှုလုပ်ငန်း တိုးပွားစေရန် ဆောင်ရွက်ပေးခဲ့သော ဒီစီ ၃ လေယာဉ်ကို မှီငြမ်းပြု၍ မှည့်ဆိုခဲ့ခြင်းဖြစ်သည်။ တခါတရံ "အချပ်ဆိုး" ဟုလည်း ခေါ်ခဲ့ကြသည်။ အာကာသယာဉ် လူပရန် လိုအပ်သည်ဟုလည်း မည်သူကမှ မဆိုသော်လည်း ထင်းသို့ခေါ်ဆိုခြင်းကို မနှစ်ခြိုက်သူ အများအပြားရှိသည်။

ဝန်းပတ်ယာဉ်နှင့်အတူ လိုအပ်သမျှပစ္စည်းများ ထားရာ အခန်းနှင့် ယာဉ်အမှုထမ်းများ လိုက်ပါသော အခန်းတို့၏

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကို နောက်ပိုင်း အခန်းတနေရာတွင် ရေးသား ဖော်ပြမည်ဖြစ်ပါသည်။ အရေးအကြီးဆုံးအချက်မှာ ယာဉ်မှူးများနှင့် ပစ္စည်းများ အာကာသအတွင်းရောက်ရှိရန်ဖြစ်သည်။ ယင်းလုပ်ငန်းအတွက် အထူး အရေးပါသော အခြား အစိတ်အပိုင်းများမှာ လောင်စာအခဲသုံး အရှိန်တိုးဒုံးပျံ၊ ဝန်းပတ်ယာဉ်၏ အဓိက ဒုံးပျံအင်ဂျင်များ၊ ဝန်းပတ်လမ်းကြောင်းအတွင်း ရွေ့လျား ပြောင်းလဲနိုင်ရေးစနစ်နှင့် တုံ့ပြန်မှုထိန်းသိမ်းရေးစနစ်တို့ ဖြစ်ကြသည်။ ယာဉ်မှူးများနှင့် ယာဉ်အမှုထမ်းများ ကမ္ဘာသို့ချောမောစွာ ပြန်လည်ရောက်ရှိနိုင်ရေးမှာ ဦးစီးယာဉ်မှူးနှင့် လေထုအတွင်း ပြန်လည်ဝင်ရောက်စဉ် ဖြစ်ပေါ်သော ကြီးမားသည့် အပူရှိန်ကို ကာကွယ်သည့်စနစ်တို့၏ လုပ်ဆောင်ချက်အပေါ်တွင် မူတည်သည်။

လောင်စာအခဲသုံး အရှိန်တိုးဒုံးပျံများကို ပြင်ပတိုင်ကီ၏ ဘေးတွင်တွဲဆက်ထားသည်။ ယင်းဒုံးပျံ မှလောင်စာကို အာကာသ လွန်းပျံယာဉ်၏ အဓိကအင်ဂျင်များကို မီးကူးပြီးပါမှ မီးကူးယူရသည်။ တွန်းအားပေးနိုင်သည့် ဒုံးပျံများဖြစ်သည်။ အာကာသလွန်းပျံယာဉ်အား ပစ်စင်မှနေ၍ ထက်ကောင်းကင်သို့ရောက်အောင် ပို့ဆောင်ပေးသည့် အရာများမှာ လောင်စာအခဲသုံး အရှိန်တိုးဒုံးပျံနှင့် အာကာသ လွန်းပျံယာဉ်၏ အဓိက အင်ဂျင်များ ဖြစ်ကြသည်။

လောင်စာ အခဲသုံး အရှိန်တိုးဒုံးပျံအတွင်းမှ "သေနတ်ယမ်း" မှာ ဓာတ်တိုး ပစ္စည်းအဖြစ် လုပ်ဆောင်ပေးသော "အယ်လူမီနီယမ်ပါကလိုရိတ်" အမှုန့်နှင့် လောင်စာ အဖြစ် ဆောင်ရွက်ပေးသော "အယ်လူမီနီယမ်အမှုန့်" တို့ ရောနှော နေသော ဒြပ်နှောဖြစ်သည်။ ယင်းဒြပ်နှောတွင် "ဓာတ်ကူ" ပစ္စည်းအဖြစ် လုပ်ဆောင်ပေးသော သံအောက်ဆိုက်အမှုန့်နှင့် ဒြပ်နှောအား ပေါင်းစည်းထားနိုင်ရန် ချုပ်ကိုင်သော "ပေါ်လီမာ" တို့လည်းပါဝင်သည်။ ပေါ်လီမာသည် လောင်စာ အဖြစ်လည်း လုပ်ဆောင်နိုင်သည်။ အာကာသ လွန်းပျံယာဉ်အား ကမ္ဘာမြေပြင်အထက် ၃၁ မိုင်ခန့်အထိ ရောက်အောင် အဓိက အင်ဂျင်နှင့်အတူ အင်အားပေးခဲ့ကြသည့် လောင်စာ အခဲသုံး ဒုံးပျံများကို ၎င်းတို့၏ တာဝန်များ ပြီးဆုံးပါက "မီးရှူးမီးပန်း ပစ်ဖောက် နိုင်သော ကိရိယာများ" သို့မဟုတ် အလားတူအစီအမံများဖြင့် အဓိကယာဉ်မှ ခွဲထုတ်ပစ်ခဲ့ကြသည်။ လောင်စာအခဲသုံး အရှိန်တိုး ဒုံးပျံ၏ ရှေ့ပိုင်းတွင် ၄ လုံးနှင့် နောက်ပိုင်းတွင် ၄ လုံးမျှ တပ်ဆင် ထားသော "တွန်းကန်ပစ္စည်းအခဲသုံးခွဲထွက်ရေးမော်တာအင်ဂျင်" ၈ လုံးသည် အရှိန်တိုးဒုံးပျံအား အာကာသလွန်းပျံယာဉ်နှင့် ပြင်ပတိုင်ကီတို့၏ ဘေးဘက်သို့ တွန်းထုတ်ပေးခဲ့သည်။

လောင်စာအခဲသုံး အရှိန်တိုး ဒုံးပျံ၏ "စွန်ဖျားထိပ်ဖူး" တွင် အီလက်ထရွန်းနစ်ကိရိယာများ၊ မတော်တဆ ချွတ်ယွင်းခဲ့ပါက လုံခြုံမှုအတွက် အလိုအလျောက် ဖျက်ဆီးရေးစနစ်၊ ရှေ့ပိုင်းတွင် တပ်ဆင်ထားသော ခွဲထွက်ရေး ဒုံးပျံ ၄ လုံး၊ ဒုံးပျံကျဆင်းစဉ်တည်ငြိမ်မှု လုပ်ဆောင်ပေးသော ကိရိယာနှင့် ပြန်လည်ရယူရေး ကိရိယာ စသည်တို့ပါဝင်သည်။

လောင်စာအခဲသုံး အရှိန်တိုးဒုံးပျံသည် ခရီးနှင်နေသော အာကာသလွန်းပျံယာဉ်မှ ခွဲထွက်အပြီး ကြိုတင်သတ်မှတ်ထားသော အမြင့်သို့ ရောက်ရှိသည့်အခါ အလေးချိန် လျော့သွားစေရန် စွန်ဖျားထိပ်ဖူးမှ အရှိန်ထိန်း အစိတ်အပိုင်းကို ဖြုတ်ထုတ်သည်။ ထို့နောက် တည်ငြိမ်မှုလုပ်ဆောင်ရေး ကိရိယာ

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ဒုံးပျံ၏ အရှိန်ကို လျှော့ပါးသွားအောင်ဆောင်ရွက်သည်။ တဖန် အဓိကလေထီးကြီးပွင့်သွားပြီး ကနဗာရယ်အငူ၏အရှေ့ဘက် အတ္တလန္တိတ်သမုဒ္ဒရာတနေရာတွင် ကျဆင်းကာ ရေပြင်၌ မျောလျက်ရှိသည်။ ထိုစဉ်ဆယ်ယူရေး အဖွဲ့သားများ အထူးစီးထားသော ကုန်တင်ရေယာဉ်ဖြင့် ရောက်ရှိလာကာ ဒုံးပျံကြီးအား ဆယ်ယူပြီး ကနဗာရယ်အငူသို့ ဆွဲယူသွားကြသည်။ ၎င်းအား စစ်ဆေးခြင်း၊ ပြုပြင် မွမ်းမံခြင်း၊ လောင် စာ နှင့် ခေတ်တိုးပစ္စည်းများဖြင့် ဖြည့်စွက်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြသည်။ ရက်အနည်းငယ်ကြာသည့်အခါ လောင်စာအခဲသုံးဒုံးပျံများသည် နောက်တကြိမ် ပြု လုပ် မည့် အာကာသ လွှန်းပျံယာဉ် ပျံသန်းမှု အတွက် အဆင်သင့် ဖြစ်၍ နေပေတော့သည်။

ပြင်ပတိုင်ကီ၏ အရွယ်အစားနှင့် ပတ်သက်၍ ကောင်းစွာ မခန့်မှန်းနိုင်သော ကိန်းဂဏန်းဖြင့်သာ ဖော်ပြနိုင်သည်မှအပ အခြားအချက်အလက်များကိုရှင်းလင်းပေါ်အောင်ရေးသားရန်မှာ မလွယ်ကူပေ။ ၎င်းသည် ၁၅၄.၂ ပေရှည်ပြီး အချင်းမှာ ၂၇.၅ ပေရှိကာ၊ ၇၄၇-ဘိုးအင်းလေယာဉ်ကိုယ်ထည်၏ အရွယ်အစားလောက် ရှိသည်။ အရွယ်အစား ကြီးမား သဖြင့် အာကာသ လွှန်းပျံယာဉ်နှင့် အခြား အနီးဝန်းကျင်မှ အရာဝတ္ထုများမှာ ၎င်းနှင့်စာသော် သေးငယ်သည်ဟု ထင်မှတ်ရသည်။ သို့သော် ကနဗာရယ်အငူ၏ အဆောက်အအုံ များလောက် ကြီးမားခြင်း မရှိပေ။

ကနဦးအစက ဤမျှ ရှုပ်ထွေးလိမ့်မည်ဟု မထင်မှတ် ခဲ့ရသော ပြင်ပတိုင်ကီတွင် အောက်စီဂျင်အရည် တိုင်ကီ၊ ဟိုက်ဒရိုဂျင်အရည် တိုင်ကီနှင့် ယင်းတိုင်ကီ ၂-ခုအား ဆက် စပ် ပေး

သည့် အတွင်းဘက် ဆက်စပ်ရေးအစိတ်အပိုင်းတို့ပါဝင်သည်။ ရှေ့နှာပိုင်းတွင် အောက်စီဂျင် အရည် တိုင်ကီရှိပြီး အရှိန်နှစ်မစ် ဆွဲငင်မှုနှင့် အပူ ဖြစ်ထွန်းမှုများ လျော့ပါး စေရန် "ထိပ်ချွန်ခုံးသဏ္ဍာန်" ဟု ခေါ်တွင်သည့် ထိပ်ဖူးပုံသဏ္ဍာန်ဖြင့် လုပ်ဆောင် ထားသည်။ အတွင်းဘက် ဆက်စပ်ရေး အစိတ်အပိုင်းသည် အစိတ်အပိုင်းတခုလုံးအတွက် လောင်စာအရည်များ ပေးစွမ်းနိုင်ပြီး ပြင်ပတိုင်ကီ၏အတွင်းဘက်မှနေ၍ လောင်စာတိုင်ကီ ၂-ခုကိုလည်းဆက်စပ်ပေးသည်။ ၎င်းအတွင်းဘက် ဆက်စပ်ရေးအစိတ်အပိုင်းတွင် ပစ္စည်းကိရိယာတပ်ဆင်နိုင်ရန်နှင့် ဒုံးပျံပစ်စင်သို့ သွားရောက်နိုင်ရန် အဆက်အသွယ်များလည်း ပူးပေါင်းပါဝင်ထားခဲ့သည်။

အာကာသလွှန်းပျံယာဉ်၏ အစိတ်အပိုင်းအားလုံးတွင် ပြင်ပတိုင်ကီသည် အမြင်အားဖြင့် မရှုပ်ထွေးသော်လည်း ထုတ်လုပ်ရာ၌ ခက်ခက်ခဲခဲ ထုတ်လုပ်ခဲ့ ရသည်။ ကြီးမားလွန်း သဖြင့် ကြံ့ခိုင်းတည်ဆောက်ရာ၌ အထူးပြုလုပ်ထားသော ဖစ္စည်းကိရိယာများကို အသုံးပြုခဲ့ ရသည်။ ထို့ပြင် ပထမဆုံးသောပြင်ပတိုင်ကီတည်ဆောက်ရန် အထူးပြုလုပ်ထားသော ဝတ္ထုပစ္စည်းများကိုပင် ထုတ်လုပ်ခဲ့ရသည်။ တိုင်ကီ၏ အဖွဲ့အစည်းတွင်ပါဝင်သော အယ်လူမီနီယမ် အလိပ်များ လိပ်ပေးသည့် ပစ္စည်းကိရိယာကို "စီးကရက်လိပ်" ကိရိယာဟု ချစ်စနိုး ခေါ်ဆိုခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် တိုင်ကီအတွက် အယ်လူမီနီယမ် ဆလင်ဒါများ ရရှိစေရန် အယ်လူမီနီယမ်အပြားကြီးများကို လိပ်ပေးရခြင်းကြောင့် ဖြစ်သည်။ ထုတ်လုပ်သူ များက "ဆယ်(လ်)တီမို ပစ္စည်းကိရိယာ"ဟုခေါ်တွင်ခဲ့သော ယင်းကိရိယာမှာ ၄၅ ပေ ကျယ်ပြီး ၃၁ ပေ မြင့်ကာ၄၈ ပေ

www.burmeseclassic.com

ရှည်လေသည်။ ပထမ ဦးဆုံးသော ပစ္စည်းစုံ ပါဝင်သည့် အာကာသသုံး ပြင်ပတိုင်ကီ တည်ဆောက်ရေးအတွက် အမြဲတမ်း တပ်ဆင်ထားရသည့် အစိတ်အပိုင်းကြီး ၃၄ ခုအပါအဝင် အထူးပြုလုပ်ထားသော ပစ္စည်းကိရိယာ ၃၆၄ ခုကိုပြုလုပ်ခဲ့ရသည်။ အာကာသလွန်းပျံခရီးစဉ်အတွက် ပြုလုပ်ခဲ့သောယာဉ်း ပြင်ပလောင်စာ တိုင်ကီကို ပြန် လည် အသုံးမပြုသဖြင့် ၁၉၇၀ ခုနှစ်များ နောက်ပိုင်းတွင် တနှစ်လျှင် ပြင်ပလောင်စာတိုင်ကီ ၄၅ ခုမှ ၆၀ အထိ ပြုလုပ်ရန် စီစဉ်တောင်းဆိုထားသည်။ ၁၉၇၀ ခုနှစ်များ တလျှောက်၌ အာကာသ လွန်းပျံယာဉ် ပျံသန်းမှု အကြိမ်ပေါင်း ၅၀၀ မှ ၆၀၀ အထိ ပြုလုပ်မည်ဟု ခန့်မှန်းထားရာ ဖော်ပြပါအရေအတွက်အတိုင်း တည်ဆောက်မှသာ လုံလောက်ပေမည်။

ပြင်ပလောင်စာတိုင်ကီသည် သတ်မှတ်ထားသော ဝန်းပတ်လမ်းကြောင်းသို့မဝင်မီ အထက်အမြင့် ၆၉ မိုင်ခန့်ရောက်သည့်အခါတွင် အာကာသလွန်းပျံယာဉ်မှ ခွဲထွက်သည်။ ၎င်းသည် လှဲပစ်လမ်းကြောင်းအတိုင်း ကွေး၍ အောက်သို့ကျကာ လူသူနေထိုင်ရာဒေသနှင့်ဝေးသည့် သမုဒ္ဒရာအတွင်းသို့ ကျဆင်းခဲ့သည်။ ပြန်လည်၍လည်း ဆယ်ယူခြင်းမပြုခဲ့။ ထပ်မံ သုံးစွဲရန်လည်း မရည်ရွယ်ခဲ့ပေ။

ပြင်ပတိုင်ကီ အတွင်းမှအောက်စီဂျင်အရည်နှင့် ဟိုက်ဒရိုဂျင်အရည် လောင်စာတို့ကို အာကာသလွန်းပျံယာဉ်၏ အဓိကအင်ဂျင်များအတွင်းသို့ ဖြည့်တင်းပေးသည်။ ဝန်းပတ်ယာဉ်၏နောက်ပိုင်း၌ အာကာသလွန်းပျံယာဉ် အင်ဂျင် ၃ လုံးရှိသည်။ လောင်စာဖြည့်တင်းရာ၌လည်း ဒုံးပျံပစ်စင်မှ ဟီလီယမ်အငွေ့ကို အချင်း ၁၇ လက်မရှိ ပြွန်မှရယူသည့်အခါ ထွက်ပေါ်လာခဲ့သော ဖိအားကို အသုံးပြုခဲ့သည်။ ဖော်ပြပါ အင်ဂျင်မှ လောင်စာများကို သေးငယ်သည့် အဓိကအင်ဂျင် ၃ လုံးဆီသို့ အဓိက လောင်စာဖြည့်တင်းရေးပိုက်လိုင်းမှပေးပို့သည်။ အဓိကအင်ဂျင်သို့လောင်စာဖြည့်တင်းသည့် ပိုက်လိုင်းသေး၏အချင်းမှာ ၁၂ လက်မ ရှိသည်။ အာကာသလွန်းပျံယာဉ်၏ အဓိကအင်ဂျင်စက်များ စတင်လည်ပတ်ပါက လောင်စာ ဖြည့်တင်းရန် လိုအပ်သောဖိအားကို အာကာသလွန်းပျံစနစ်မှ ပေါက်ကွဲသွား စေခဲ့သည်။

အာ ကာ သ လွန်း ပျံ ယာဉ် မှ အဓိက အင်ဂျင်များသည် တစက္ကန့်လျှင် လောင်စာရည် ၁,၁၂၂ ပေါင် သုံး စွဲ သ ဖြင့် လောင်စာ အလွန်စားသည်ဟု ဆိုနိုင်သည်။ ကြီး မား သည့် အာကာသလွန်းပျံယာဉ်အား အာကာသ သို့ တင် လွှတ် ပြီး ကမ္ဘာပတ် လမ်းကြောင်းအတွင်း ရောက်စေရန် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့်လည်း ကြီးမား များပြားလှသော တွန်းအားများ ထုတ်ပေးသည် ဟု ဆိုနိုင်ခဲ့ပြန်သည်။ အင်ဂျင်သုံးလုံးအသီးသီးတွင်လည်း ခရီးစဉ် ၅၅ -ကြိမ် ကျော် သည့် တိုင်အောင် (အသုံးပြုချိန် ၇-နာရီခွဲနှင့် ညီမျှသည်) အသုံးပြုနိုင်ရန် ပြုလုပ်ထားသည့် တွန်းကန်အား ထိန်းညှိရေး အဆို့ရှင် တပ်ဆင်ပေးထားခဲ့သည်။

လေယာဉ်ပြုပြင် မွမ်းမံရေးအတွက် ပျံသန်းမှု မှတ်တမ်းများ ထားရှိသကဲ့သို့ အာကာသလွန်းပျံယာဉ်အဓိကအင်ဂျင်အတွက်လည်း မှတ်တမ်းများ ထားရှိသည်။ ယင်း မှတ်တမ်းသည် အင်ဂျင်၏ လုပ်ဆောင်မှုသမိုင်းစဉ်ကို ဖော်ပြပေးသည်သာမက၊ ပြင်ဆင်ရေး အချိန်ဇယားများ ရေးဆွဲရန်နှင့် အင်

www.burmeseclassic.com

www.burmeseclassic.com

ဂျင်၏ သတ်မှတ်သက်တမ်း တိုးရန်အတွက်လည်း ညွှန်ပြ ပေးနိုင်သည်။

အာကာသလွန်းပျံယာဉ် ကမ္ဘာအား ဝန်းပတ်နိုင်သည့် လိုအပ်သော အမြန်နှုန်းရရှိရန် ပို့ပေးသည့်အရာများမှာ ပြင်ပတိုင်ကီ၊ အာကာသ လွန်းပျံယာဉ်၏ အဓိက အင်ဂျင်များနှင့် လောင်စာအခဲသုံးအရှိန်တိုး ဒုံးပျံတို့ဖြစ်ကြသည်။လိုအပ်သော အမြန်နှုန်းကိုရရှိမှသာ တဖြောင့်တည်းပျံသန်းနေရာမှ ဝန်းပတ်ရေး လုပ်ရှားမှုစနစ်ကို စတင်အသုံးပြုခဲ့သည်။လွန်းပျံဝန်းပတ်ယာဉ်၏ အမြီးပိုင်းရှိ ပဲတောင့်သဏ္ဍာန် သေတ္တာ အတွင်းမှ အင်ဂျင်စက် ၂ လုံး၏ စွမ်းအားဖြင့် ဝန်းပတ်ရေးလုပ်ရှားမှုစနစ် စတင်လည်ပတ်ကာ၊ အာကာသယာဉ် ဝန်းပတ်လမ်းကြောင်းအတွင်း ရောက်စေရန် တွန်းကန်ပို့ပေးသည်။ ဝန်းပတ် လမ်းကြောင်းအတွင်း ဝင်ရောက်သွားသည့်အခါ၊ လမ်းကြောင်း တခုအတွင်းမှ နောက်တခုသို့ ပြောင်းခြင်းနှင့် ကနဗာရယ်အငူ လွန်းပျံယာဉ်ပြေးလမ်းတွင် သက် ဆင်း နိုင် ရန် ကမ္ဘာပတ်လမ်းကြောင်းမှ စတင်ထွက်ခွာခြင်း စသည်တို့ကို ပြုလုပ်နိုင်သည်။

အာကာသလွန်းပျံယာဉ်၌ ဝန်းပတ်ရေး လှုပ်ရှားမှုစနစ်အပြင်၊တုံ့ပြန်မှုထိန်းချုပ်ရေးစနစ်လည်း တပ်ဆင်ထားသည်။ တုံ့ပြန်မှု ထိန်းချုပ်ရေးစနစ်သည် ဝန်းပတ်ယာဉ် ဝန်ရိုးတလျောက်မှ အလျင်ကို အနည်းငယ် ပြောင်းလဲသွားစေနိုင်သည်။ တို့ပြင် ပေ ၇၀,၀၀၀ အထက်၌ အာကာသလွန်းပျံယာဉ်အား လိုအပ်သောအခြေအနေရောက်အောင် လှူးလှိမ့်စေ၊ ဝန်းပတ်စေရုံဖြင့် ပြုပြင်ထိန်းချုပ် ပေးနိုင်သည်။

ဝန်းပတ်ရေးလှုပ်ရှားမှုစနစ်မှ အင်ဂျင် ၂-လုံးမှာ ခရီးစဉ်အကြိမ်တရာကျော်တွင် အသုံးပြုနိုင်ပြီး စက်ကိုလည်း အကြိမ်ပေါင်း တထောင်ကျော်မျှဖွင့်ချည်ပိတ်ချည်ပြုလုပ်နိုင်ကာတွန်းအားပေးမှုအချိန် ၁၅ နာရီကျော်မျှ တောက်လျှောက်ပြုလုပ်နိုင်သည်။ ဝန်းပတ်ရေးလှုပ်ရှားမှု စနစ်တွင် ဖိအားအတွက် ဟီလီယမ်အငွေ့တိုင်ကီတလုံး၊ ဓာတ်တိုးပစ္စည်းတခုနှင့် လောင်စာတိုင်ကီတလုံးတို့ ပါဝင်သည်။ ဖော်ပြပါစနစ်အတွက် တွန်းအားပေး ပစ္စည်းတွင် ဓာတ်တိုးပစ္စည်း အဖြစ် အသုံးပြုသော နိုက်ထရိုဂျင်တက်ထရော့(ခ)ဆိုက် အငွေ့နှင့် လောင်စာအဖြစ်အသုံးပြုသော မိုနိုအိသိုင်းလ် ဟိုက်ဒရာဇင်ဒြပ်ပေါင်းတို့ပါဝင်သည်။ ယင်းဒြပ်ပေါင်း ၂ ခုတို့သည် တခုနှင့်တခု တွေ့ထိမိသည်နှင့် တပြိုင်နက် မီးကူးလောင်နိုင်သော သတ္တိရှိ၏။

ပစ္စည်းတင်အခန်း၌ ပါဝင်သော ပစ္စည်းများ၏အလေးချိန်အရ အာကာသလွန်းပျံယာဉ်၏ ခရီးစဉ် တိုးချဲ့ရန်လိုအပ်ပါက ပစ္စည်းတင်အခန်း၌ လောင်စာတိုင်ကီ သို့မဟုတ် တွန်းအားပေး ကိရိယာ အပိုများ တင်ဆောင်သွားနိုင်သည်။ သို့မှသာ အာကာသလွန်းပျံယာဉ် ကမ္ဘာအား ဝန်းပတ်ယင်း လိုအပ်ပါက ရွှေ့ရှားပြောင်းလဲမှုများ ပြုလုပ်မည် ဖြစ်သည်။

အာကာသ လွန်းပျံယာဉ်၏ တုံ့ပြန်မှု ထိန်းချုပ်ရေးစနစ်သည် အာကာသယာဉ် ကိုယ်ထည် နောက်ပိုင်းရှိ လှုပ်ရှားမှုစနစ်၏ ဝဲဘက်နှင့် ယာဘက်တို့တွင် ရှိသည်။ ပဲတောင့်ကဲ့သို့သော သေတ္တာ ၂-ခုတွင် ၁-ခုစီနှင့် ကိုယ်ထည် ရှေ့ပိုင်းတွင် ၁-ခု စုစုပေါင်း ၃-ခုရှိသည်။

တုံ့ပြန်မှု ထိန်းချုပ်ရေးစနစ် တခုစီအတွက် လောင်စာနှင့် ဓာတ်တိုးပစ္စည်း တိုင်ကီတို့အတွက် ဖိအားများရှိစေရန် ဟီလီ

www.burmeseclassic.com

www.burmeseclassic.com

ယမ်တိုင်ကိုကြိုး ၂-လုံး ရှိသည်။ ယင်းစနစ်တွင် အသုံးပြုသော လောင်စာသည် ဝန်းပတ်ရေး လှုပ်ရှားမှုစနစ်တွင် အသုံးပြုသော လောင်စာမျိုးပင်ဖြစ်သည်။ အာကာသယာဉ် ပျံသန်းစဉ် တိကျသည့် ထိန်းချုပ်မှုများ ပြုလုပ်နိုင်ရန် သေးငယ်သော အဓိက အင်ဂျင် ၁၂ လုံးနှင့် ဗာနီယာအင်ဂျင် ၂-လုံးတို့ကို အသုံးပြုရသည်။ ရှေ့တိုးတုံ့ပြန်မှု ထိန်းချုပ်ရေး စနစ်တွင်လည်း သေးငယ်သော အဓိကအင်ဂျင် ၁၄ လုံးနှင့် ဗာနီယာ အင်ဂျင် ၂ လုံးတို့ပါရှိသည်။ အဓိက အင်ဂျင်မှာ သေးငယ်သော်လည်း အာကာသ လွန်းပျံယာဉ်အား ကောင်းစွာ ထိန်းသိမ်း လမ်းကြောင်းနိုင်သည်။ ၎င်းတို့ကို ခရီးစဉ်အကြိမ်တရာကျော်တွင် အသုံးပြုနိုင်ပြီး၊ စက်နှိုးအကြိမ်ပေါင်း ၅၀,၀၀၀ ခန့် ပြုလုပ်နိုင်သည်။ ဤသည်ကား တွန်းအားအတွက် စက်လည်ပတ်မှုအချိန် ၅ နာရီခွဲမျှ တောက်လျှောက်လည်ပတ်နိုင်ခြင်းဖြစ်သည်။ အာကာသ လွန်းပျံယာဉ်သည် အာကာသ၌ အနေအထား အနည်းငယ် ပြောင်းလဲလိုပါက ဗာနီယာ အင်ဂျင်ကို အသုံးပြုသည်။ ၎င်းတို့သည် အဓိကအင်ဂျင်များနှင့် လက္ခဏာအသွင်အပြင် တူညီသော်လည်း အကြိမ်ပေါင်း ၅၀၀,၀၀၀ ခန့် စက်နှိုးယူနိုင်ပြီး အချိန် ၃၄ နာရီခွဲ ကြာမျှ တွန်းအားပေးနိုင်သည်။

ဝန်းပတ်ရေး လှုပ်ရှားမှုစနစ်မှ လောင်စာများကို ကြားဆက်ပြွန်ဖြင့် တုံ့ပြန်မှုထိန်းချုပ်ရေးစနစ်သို့ ရယူကာ အသုံးပြုနိုင်သည်။ တဖန် ကြားဆက်ပြွန်လှုပ်ရှားမှုစနစ်၏ ဝဲဘက်နှင့် ယာဘက်တို့တွင်ရှိသော အင်ဂျင် ၂ လုံးမှ လောင်စာများကို ချိတ်ဆက်သည့်ဘက်သို့ ပို့နိုင်အောင် ဆောင်ရွက် ထားသည်သာ မက စနစ်တခုလုံးနှင့် အကယ်၍ တပ်ဆင်ထားပါက အင်

လောင်စာထည့် ကိရိယာများဆီသို့လည်း အဓိက လောင်စာတိုင်ကီမှ လောင်စာများ ရောက်ရှိအောင် ပြုလုပ်ထားသည်။

အာကာသလွန်းပျံယာဉ် သက်ဆင်းရာတွင် ဝန်းပတ်လမ်းကြောင်းမှ ထွက်ခွာရန် ဝန်းပတ်ရေးလှုပ်ရှားမှုစနစ်ကို အသုံးပြုသည်။ ထို့နောက် သက်ဆင်းရေးဂိယာသွင်းကာ သက်ဆင်းခဲ့သည်။ အာကာသယာဉ် ကမ္ဘာသို့ ပြန်ဆင်းသည့်အခိုက် အရှိန်ပြင်းပြင်းဖြင့် လေထုအထက်ပိုင်းတွင်းသို့ ဝင်ရောက်သည့်အတွက် အပူရှိန်များတက်လာခဲ့သည်။ ၎င်းကိုအပူရှိန်ကာကွယ်ရေးစနစ်ဖြင့် ကာကွယ်ခဲ့ရသည်။ လေထုအတွင်းဝင်ရောက်စဉ် အကာအကွယ်ပြုမထားသော မျက်နှာပြင်များ၌ အပူရှိန်သည် ၁၅၀ ဒီဂရီအထိ တက်ရောက်သွားနိုင်ပြီး ဝန်းပတ်ယာဉ်၏ အောက်ပိုင်း အပေါ်ယံလွှာ အချို့နေရာတွင် အပူရှိန်သည် ၂,၃၀၀ ဒီဂရီထက် မြင့်မားသွားသည်။

ဝန်းပတ်ယာဉ်၏ အချက်အချာနေရာများအား အပူကာအဖြစ် အသုံးပြုခဲ့သည့် အရာမှာ ကြွေထည်အုတ်ခဲများသာ ဖြစ်သည်။ ဤအချက်နှင့် ပတ်သက်၍ ဝန်းပတ်ယာဉ်အား အဘယ့်ကြောင့် "အုတ်ခဲပျံ" ဟုချစ်စနိုး အမည်တွင်ရသည့် အကြောင်းများသားစဉ်က ဖော်ပြပြီးဖြစ်သည်။ အခြားအပူကာ အမျိုးအစားများကိုမူ ဝန်းပတ်ယာဉ်၏ အရေးမကြီးသည့် နေရာအချို့တွင် တပ်ဆင်ခဲ့ကြသည်။

အချို့ကမူ အာကာသလွန်းပျံသယ်ယူပို့ဆောင်ရေးစနစ်၏ အဓိက အရေးအကြီးဆုံး အစိတ်အပိုင်းများမှာ ယာဉ်မှူး ယာဉ်အမှုထမ်းများ လိုက်ပါသော ဝန်းပတ်ယာဉ်နှင့် ဝန်များတင်ဆောင်သော အခန်းတို့ဖြစ်သည် ဆိုကြသည်။ ထိုသို့ဆိုသော် ယင်းအစိတ်အပိုင်း နှစ်ခုသည် အာကာသလွန်းပျံ

www.burmeseclassic.com

www.burmeseclassic.com

ယာဉ်၏ အဓိက အကြောင်းရပ်များပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့တွင် အာကာသသို့ သွားရောက်မည့် အမျိုးသားနှင့် အမျိုးသမီးများသာမက လိုအပ်သောပစ္စည်းများကိုပင် တင်ဆောင် သွား နိုင် ခြင်း ကြောင့် ဖြစ် သည်။ အာကာသ လွန်းပျံယာဉ်မှာ ရှုပ်ရှုပ်ထွေးထွေးနှင့် စွဲလမ်းနှစ်သက်စရာ ယာဉ်တခုသာဖြစ်ပြီး ၎င်း၏ပုံစံမှာလည်း ဧောဧောပိုင်းက တင်ပြပြီးဖြစ်သည့်အတိုင်း ၁၉၅၀ ခုနှစ်များ အတွင်း ပေါ်ပေါက်ခဲ့သော စိတ်ကူးယဉ်ချက်များမှ ပေါ်ထွက်လာသည့် ပုံစံဖြစ်သဖြင့် အခြားယာဉ်များနှင့် မတူ တမူ ထူး၍ နေပေသည်။

ယခုအခါတွင် ဘိုးဘိုးလေယာဉ်မှူးများရှိနေလေပြီ။ သို့သော်ကျွန်ုပ်သည် ဘိုးဘိုးအာကာသ ယာဉ်မှူးသာ ဖြစ်လိုသည်။

ဝါနာဗွန်ဘရွန်

၁၉၆၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့၊

အပိုလို ၁၁ အာကာသယာဉ်လပေါ် ဆင်းအပြီး မကြာမီ။

အခန်း (၄)

ဝန်းပတ်ယာဉ်တစင်းပေါ်တွင်

အာကာသ လွန်းပျံယာဉ်၏ ကျဉ်းကျပ်သည့် မီးမိုးခန်းတွင် ယာဉ်အမှုထမ်းများ ည စာ သုံးဆောင်နေ ကြသည်။ အောက် တွင် လ၏အရောင်ကြောင့် မှုန်ပျပျလင်းလက် နေသော ကမ္ဘာကို တွေ့ရသည်။ ကမ္ဘာသို့ သက်ဆင်းရန်လည်း ရက်သတ္တ လိုသေးသည်။ အခြားဘက်၌မူ လဆန်း ၁၀ ရက်ခန့် ရှိပြီ ဖြင့် ထွန်းသစ်စလကိုတွေ့ရပြီး၎င်း၏အရောင်သည် ယာဉ် န်းမှ ကုန်းပတ်ပြတင်းမှ နေ၍ အတွင်းသို့ထိုးဝင်လျက်ရှိ ဤလကိုပင် အပိုလို အာကာသယာဉ် မှလည်း မြင်တွေ့ရ အကွာအဝေးခြားနားမှုသိပ်မရှိပဲ ကမ္ဘာမှမြင်တွေ့ရသ တွေ့မြင်ရသည်။ အမှန်ဆိုသော် အာကာသ လွန်းပျံယာဉ် ကမ္ဘာမြေပြင်အထက် ၁၁၅ မိုင် အကွာ၌သာ ရှိသဖြင့် စုံ း စုံးလွှမ်းပြီး လှုပ်ရှားမှုမရှိသောလနှင့် ၁၁၅ မိုင်သာပို၍ သည်ဟု ဆိုနိုင်သည်။ လဗိမာန်ပေါက်ကွဲသွား လာခဲ့သည်မှာ

www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်းသန်းနှင့်ချီ၍ ရှိပြီဖြစ်သော်လည်း လပေါ်တွင် မည်သည့် ပြောင်းလဲမှုမှ မပေါ်ပေါက်ခဲ့ပေ။ အရာရာသည် လှုပ်ရှားမှုမရှိပဲ ယင်းနေရာ၌ပင် တည်ရှိနေခဲ့သည်။ သို့သော်စိတ်ကူးယဉ်သူတို့၏ အိပ်မက်များ၊ ကဗျာများနှင့် တေးသီချင်းများတွင်မူ လမှာ အမြဲလှုပ်ရှားနေခဲ့သည်။

လွန်ခဲ့သော အနှစ် တသန်းက ကမ္ဘာပေါ်တွင် အာကာသလွန်းပျံယာဉ် အမှုထမ်းများဟု မှတ်သားနိုင်လောက်သည့် လူသားမျိုးဆက်တူ၍ မပေါ်ပေါက်သေးပေ။ သမိုင်း နောက်ကြောင်း နှစ်တသောင်းခန့်ကပင် ကိုယ့်အမည်ကိုယ် ရေးသားနိုင်သော လူသားများနှင့် ဝန်းပတ်နေသည့် အာကာသယာဉ်စက်ခန်းရှိမှန်ကားတချပ်ပေါ်၌အဓိပ္ပာယ်ရှိသောသင်္ကေတများ မပြတ်ပေါ်ပေါက်စေရန် ထူးဆန်းသည့် သင်္ကေတဖြင့် သတင်းများကို ပို့ပေးနိုင်သည့် နည်းလမ်းရှာဖွေသူ လူသားများ ဟူ၍ မပေါ်ပေါက်ခဲ့သေးပေ။ ဖော်ပြပါ အချက်အလက် များကို ယာဉ်အမှုထမ်းများ ညစာစားယင်း စဉ်းစားမိကြမည် ဆိုပါက စိတ်လက်ချောက်ချားစွာ ပြုံးရုံသာ ပြုံးနိုင်ကြ ပေမည်။ သို့သော် လူသားများသည် အင်္ဂလန်နိုင်ငံ စတုံဟင်း(ဂျ) ဒေသ၌ ကျောက်တိုင်ကြီးကို စိုက်ထူခြင်း၊ သဘာဝ၏ လုပ်ဆောင်ချက်အကြောင်း ဆန်းစစ်လေ့လာခြင်း၊ အာဏာရှိအား ချုပ်ကိုင်ခြင်းနှင့် လူသားများအား ကမ္ဘာ့ လေထု၏ အထက်အာကာသ အတွင်းသို့ တင်လွှတ်ခြင်း စသည့်လုပ်ငန်းရပ်များကို ကြိုးစားလုပ်ဆောင်ခဲ့ကြသည်။

အာကာသလွန်းပျံယာဉ်နှင့် လိုက်ပါသူများသည် မောပန်းနွမ်းနယ်နေ ကြသည်။ ကမ္ဘာပေါ်ရှိ သူတို့နေထိုင်ရာ ဒေသ၌ ညအချိန်ကျရောက် နေသဖြင့် အာကာသယာဉ်ပေါ်၌လည်း ညအဖြစ် သူတို့သတ်မှတ်ခဲ့ကြသည်။ ကမ္ဘာနှင့် လအကြား သူတို့ အာကာသယာဉ်ဖြင့် ဆက်လက်ခရီးသွားနေစဉ်မှာပင် သူတို့အစာစားသောက် ခဲ့ကြသည်။

အာကာသလွန်းပျံယာဉ် တည်ဆောက်ရာတွင် အကူအညီပေးခဲ့သည့် ဝါနာဗွန်ဘရွန်သည် အသက် ၇၁ နှစ်အထိ ကျန်းမာဖျတ်လတ်စွာ မနေရပဲ သေဆုံးသွားခဲ့ သဖြင့် အာကာသလွန်းပျံယာဉ်၏ ခရီးသည်အဖြစ် မရောက်ရှိခဲ့ပေ။ အကယ်၍သူသာအသက်ရှင်လျက် ရှိနေပါက အာကာသခရီးသည်ဖြစ်မည်မှာ မလွဲပင်။ ဗွန်ဘရွန်သည် ကျန်းမာသည့် လေယာဉ်မှူးကောင်းတဦး ဖြစ်သည်။ အာကာသ လွန်းပျံယာဉ် မှာလည်း သက်ရာဆင်းရာတွင် အထူးညင်သာသည့် ယာဉ်ဖြစ်သည်၊ ထို့ကြောင့် ဗွန်ဘရွန်သည် နာဆာအတွက် ခရီးစဉ်ကျွမ်းကျင်သူအဖြစ်လည်းကောင်း သို့မဟုတ် ကုမ္ပဏီ တဒါဇင်ခန့်၏ ပစ္စည်းကျွမ်းကျင်သူအဖြစ် အမှုထမ်းနိုင်သည်။

"အာကာသသယ်ယူပို့ဆောင်ရေးစနစ်"၏ အဓိကအရာမှာ လွန်းပျံဝန်းပတ်ယာဉ်ပင် ဖြစ်သည်။ အရွယ်အစားမှာ ဒီစီ-၉ လေယာဉ်ခန့်မျှသာရှိ၍ တြိဂံသဏ္ဍာန် အတောင်ပံပါရှိသည်။ ကုန်တင်ခန်းမှာလည်း ကြီးမားပြီး 'ဂရေးဟောင်း' ဘတ်(စ)ကား တင်နိုင်သမျှသော ကုန်များကို တင်ဆောင် နိုင် သည်။ လိုက်ပါနိုင်သော သာမန် အာကာသယာဉ်အမှုထမ်းများတွင် ယာဉ်မှူး နှစ်ဦး၊ နာဆာမှ ခရီးစဉ် ကျွမ်းကျင်သူတဦး၊ သို့မဟုတ် နှစ်ဦးနှင့် အာကာသလွန်းပျံယာဉ် ကမ္ဘာပတ် လမ်းကြောင်းအတွင်း ဝင်ရောက်မည့်အခါ ပါဝင်မည့်ကုန်ပစ္စည်းများအလိုက် ကုန်တင် ကျွမ်းကျင်သူ တဦးမှ သုံးဦးတို့ ဖြစ်ကြသည်။

အရေးပေါ် အခြေအနေ၌မူ၊ အာကာသ လွန်းပျံယာဉ်သည် ခရီးသည် ၁၀ ဦးခန့် သယ်ဆောင်နိုင်သည်။ ကယ်ဆယ်ရေးခရီးစဉ်တွင် ချွတ်ယွင်းနေသော အာကာသယာဉ်မှ အမှု

www.burmeseclassic.com

www.burmeseclassic.com

ယင်း ၅ ဦးအား ကယ်ဆယ်ရန် ယာဉ်နှင့်အတူ ယာဉ်အမှုထမ်း အမျိုးသား၊ သို့မဟုတ် အမျိုးသမီး ၃ ဦး လိုက်ပါကြမည်ဖြစ်သည်။

အစဦးပိုင်းကမူ အာကာသလွန်းပျံယာဉ် ၅ စင်း နှစ်စင်းမှာ ထုတ်လုပ်စနှင့် သုံးစင်းမှာ ထုတ်လုပ်ပြီး....ဖြစ်ရန် အစီအစဉ်ရှိခဲ့သည်။ ထုတ်လုပ်ဆဲ အာကာသလွန်းပျံယာဉ်များမှာ နောင်တွင် အာကာသပျံသန်းရေးခရီးစဉ်၌ ထည့်သွင်း အသုံးပြုမည်ဖြစ်သည်။ သို့သော် ထောက်ပံ့ကြေး ဖြတ်တောက်မှုနှင့် အာကာသအစီအစဉ် ဘတ်ဂျက်ပြဿနာများကြောင့် မူလအစီအစဉ်ကို ပြုပြင်လိုက်ရသည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက "အင်တာပရိုက်(စ)"ဟု ခေါ်တွင်သော ဝန်းပတ်ယာဉ် ၁၀၁ ကို တည်ဆောက်ကာ "ချဉ်းကပ်ရေးနှင့် သက်ဆင်းရေးစမ်းသပ်မှု" ဟု ခေါ်တွင်သည့် စမ်းသပ်စစ်ဆေးမှုအဖုံဖုံကို ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ပြင်ပတိုင်ကီနှင့် အာကာသလွန်းပျံယာဉ်မှ အခြားသောလေးလံသည့်အရာများ ချိတ်တွဲကာ၊ အာကာသယာဉ်စနစ်တခုလုံးကဲ့သို့ သတ်မှတ်၍ စမ်းသပ်စစ်ဆေးမှုများလည်း ပြုလုပ်ခဲ့သည်။ စမ်းသပ်စစ်ဆေးမှုများ ပြီးဆုံးပြီဖြစ်သဖြင့် နောင်တွင် အသုံးပြုနိုင်ရန် ပစ္စည်းထုတ်ရေးဌာနသို့ ပို့ထားပြီး ဖြစ်သည်။

တည်ဆောက်ပြီးစီးခဲ့သော ကိုလံဘီယာကိုမူ ကမ္ဘာအား ဝန်းပတ်နိုင်သော အာကာသလွန်းပျံယာဉ်အဖြစ် စမ်းသပ်ပြီး ဖြစ်သည်။ စမ်းသပ်ပျံသန်းမှု ၆ ခု ပြုလုပ်ရန် ရည်ရွယ်ထားသည့်အနက် ၄ ခုမှာ ကယ်လီဖိုးနီးယားပြည်နယ်ရှိ အက်ဒဝပ်လေတပ် အခြေစိုက်စခန်းတွင် သက်ဆင်းကြပြီး၊ ကျန် ၂ ခုမှာ မူ ကနေဗာရယ်အငူရှိ အာကာသလွန်းပျံယာဉ်ပြေးလမ်း၌ သက်ဆင်းရန် စီစဉ်ထားသည်။

ဝန်းပတ်ယာဉ် ၁၀၃ ဟုခေါ်တွင်သည့် အာကာသလွန်းပျံယာဉ်အတွက်လည်း ၁၉၇၈ ခုနှစ်မှစ၍ တည်ဆောက်လာခဲ့ရာ ယခု ပြီးစီးရန် အနည်းငယ်မျှသာလိုတော့သည်။ ယင်းအချက်နှင့် ပတ်သက်၍လည်း နာဆာ၏ အာကာသ သယ်ယူပို့ဆောင်ရေး စနစ်မှ တွဲဖက် အုပ်ချုပ်ရေးမှူး ဂျွန်ယာ့(ဒ)လေက၊ အမေရိကန် ကွန်ဂရက်လွှတ်တော် အာကာသသိပ္ပံနှင့် အသုံးချရေး ဆပ်ကော်မတီသို့ အစီရင်ခံရာတွင် ထည့်သွင်း ပြောကြားခဲ့လေသည်။ ဝန်းပတ်ယာဉ် ၁၀၃ ကို 'ဒစ်(စ)ကာဗရီ' ဟု အမည်ပေးထားပြီး မူလက ၁၉၈၂ ခုနှစ်တွင် တင်လွှတ်ရန် သတ်မှတ်ထားခဲ့သည်။ နောက်ပိုင်းတွင် အတ္တလန်တစ်(စ)' ခေါ် ဝန်းပတ်ယာဉ် ၁၀၅ နှင့် 'ချာလင်ဂျာ' ခေါ် ဝန်းပတ်ယာဉ် ၀၉၉ တို့ကိုလည်း ဆက်လက်ထုတ်လုပ်မည် ဖြစ်သည်။

ဒီစီ ၃ -လေယာဉ်သည် 'ဆော့(ဖ)ဝစ်(သ)ကင်မယ်လ်' လေယာဉ်နှင့် ခြားနားဘိသကဲ့သို့ ဝန်းပတ်ယာဉ်သည်လည်း အပိုလိုအာကာသယာဉ်နှင့် မတူပေ။ ဤနှိုင်းယှဉ်မှုသည် အနည်းအကျဉ်းမျှ မသင့်လျော်သော နှိုင်းယှဉ်မှု ဖြစ်သည်။ (အဘယ့်ကြောင့်ဆိုသော် အပိုလိုအာကာသယာဉ်မှာ ခေတ်နောက်သို့ ကျရောက်သွားခြင်းမရှိသေးသကဲ့သို့ ဒီစီ ၃၊ လေယာဉ်မှာမူ ခေတ်မီလေယာဉ် မဟုတ်ခြင်းကြောင့်ဖြစ်သည်။) အာကာသလွန်းပျံယာဉ် တင်လွှတ်စဉ်က ဖြစ်ပေါ်သောဆွဲအားသည် အပိုလို အာကာသယာဉ်တင်လွှတ်စဉ်က ဖြစ်ပေါ်သော ဆွဲငင်အား၏ သုံးပုံတပုံသာ ရှိသည်။ လွန်းပျံယာဉ် တင်

www.burmeseclassic.com

www.burmeseclassic.com

အာကာသလွန်းပျံယာဉ်ရှိ အချက်အချာနေရာမှနေ၍ ယာဉ်မှူးများ ကြည့်မည်ဆိုပါက မီးရောင်များဖြင့် တောက်ပနေသော ကနေဗရယ်အငူအား ခပ်လှမ်းလှမ်းတွင် တွေ့ရမည်ဖြစ်သည်။ ထို့ပြင် ကိုကိုးဝါမြို့ရှိ ဟိုတယ်များအနီးမှ ကမ်းခြေသို့ တလိမ့်လိမ့်နှင့် တက်လာသည့် ရေလှိုင်းများကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။

ယာဉ်မှူးများစောင့်စားနေစဉ် ဒုံးပျံအတွင်းသို့ လောင်စာများ ဖြည့်သွင်းခဲ့ကြသည်။ ပထမဦးဆုံး ကြီးမားသည့် ဒုံးပျံကြီးရှိ အပြင်တိုင်ကီတွင်းသို့ နောက်ပိုင်းမှနေ၍ ဟိုက်ဒရိုဂျင် အရည်များ ထည့်သွင်းသည်။ ဤသို့လောင်စာဖြည့်နေစဉ် မည်သို့မျှ အန္တရာယ်မပေးနိုင်သော ကြောက်မက်ဖွယ်ရာ ကျွီးကျွီး ကျွံ ကျွံ မြည်သံများ ကြားကြရသည်။ ထည့်သွင်းလိုက်သည့် ဟိုက်ဒရိုဂျင်အရည်၏ အအေးဒဏ်ကြောင့် အလူမီနီယံသတ္တုဖြင့် ပြုလုပ်ထားသော အာကာသလွန်းပျံယာဉ်၏ လောင်စာတိုင်ကီနှင့် အခြားအစိတ်အပိုင်းများ ကျုံ့ဝင်သွားခဲ့ကြသည်။ လောင်စာ အရည်များ ဖြည့်နေစဉ် သတ္တုများ ကျုံ့ဝင်ရာမှ စူးရှကျယ်လောင်သော အသံများမြည်ဟည်းခဲ့သည်။ အပူကာဝန်းပတ်ယာဉ်၏အပြင်၌မူ ဟိုက်ဒရိုဂျင်အရည်သည် အခိုးအငွေ့အဖြစ် ပြောင်းလဲသွားသည်သာမက တရှဲရှဲ မြည်ကာ ထွက်လာပြီး အပြင်ပိုင်းတိုင်ကီအတွင်းသို့ အပေါက်ငယ်ကလေးများအတွင်းမှ အငွေ့ပြန်ကာ ဝင်ရောက်သွားခဲ့ကြသည်။

အပြင်ပိုင်း တိုင်ကီအတွင်းသို့ အေးမြသည့် အောက်ဆီဂျင် အရည်များဖြင့် ဖြည့်တင်းသည့် အခါတွင်၊ သတ္တုကျုံ့ဝင်မှုများ မပေါ်ပေါက်တော့ပေ။ အဘယ့်ကြောင့်ဆိုသော် ဟိုက်ဒရိုဂျင် အရည်၏ အအေးဒဏ်ကြောင့် နောက်ထပ် ကျုံ့မဝင်

နိုင်လောက်အောင် အခြေအနေမျိုး ရှိနေခြင်းကြောင့် ဖြစ်သည်။ တင်လွှတ်ရန် သုံးမိနစ်အလိုတွင် အောက်ဆီဂျင် လောင်စာအရည် ဖြည့်တင်းမှု ရပ်ဆိုင်းလိုက်သည်။ ထိုအချိန်၌ ဟိုက်ဒရိုဂျင် လောင်စာအရည် ဖြည့်စဉ်က၊ အပေါက်ငယ်ကလေးများမှ အငွေ့ပြန်ကာ ဝင်ရောက်သွားသော ဟိုက်ဒရိုဂျင် အငွေ့များအား အစားထိုးရန် ထပ်၍ ဖြည့်တင်းခဲ့သည်။ ထို့နောက် ဟိုက်ဒရိုဂျင်အရည် ဖြည့်တင်းမှုလည်း ရပ်ဆိုင်းလိုက်သည်။ တင်လွှတ်ရန် နှစ်မိနစ် အလိုတွင် အောက်ဆီဂျင် လောင်စာတိုင်ကီကို ဖိအားပေးကာ အလုံ ပိတ်လိုက်သည်။ တင်လွှတ်ရန် တမိနစ်အလိုတွင် ဟိုက်ဒရိုဂျင် လောင်စာတိုင်ကီကိုလည်း ဖိအားပေးကာ အလုံပိတ်ခဲ့ကြသည်။ ဤသို့သော အချိန်တွင် ခရီးစဉ် ထိန်းချုပ်ရေးစခန်း အခြေအနေမှာမူ ခါတိုင်းကဲ့သို့ပင် လူတိုင်း ဘဝင်မကျရှိနေခဲ့သည်။ ယာဉ်မှူးများနှင့် အခြား အလုပ်သမားများက ယင်းတင်လွှတ်ရန်၊ တမိနစ်အလိုအချိန်ကို "ကမ္ဘာ့အရှည်ကြာဆုံးသော တမိနစ်" ဟု ခေါ်ဆိုခဲ့ကြသည်။

ထိန်းချုပ်ရေးစခန်း၌ အဆင်သင့်ဖြစ်ပါပြီ၊ အားလုံးသော စနစ်များကလည်း လွှတ်တင်ရန် အဆင်သင့် ဖြစ်ပါက အကြောင်းကြားပါ။

"ရော်ဂျာ" အားလုံး တင်လွှတ်ဖို့အခြေအနေ ရှိနေပါပြီ။

ထိုအချိန်မှစ၍ ဂဏန်းနောက်ပြန် ရေတွက်မှု အစီအစဉ် စတင်ခဲ့သည်။

"၁၉...၁၈...၁၇" (ဂဏန်းနောက်ပြန် ရေတွက်မှုအ[illegible] အစည်ကို အချို့သော ဒုံးပျံစက်မှုပညာရှင်များ၊ သို့မဟုတ် အမျိုးသားလေကြောင်းနှင့် အာကာသဆိုင်ရာအုပ်ချုပ်မှုအဖွဲ့မှ ပညာရှင်များ *တီထွင်ထားခြင်း မဟုတ်ပေ။ သို့သော်—*

www.burmeseclassic.com

www.burmeseclassic.com

လွှတ်စဉ် ကမ္ဘာ့ဆွဲငင်အားဓါ ၃ ဆမျှသော ဆွဲငင်အားဒဏ်ကို ခံရ၍ ကမ္ဘာသို့ပြန်လည်သက်ဆင်းရာ၌လည်း ကမ္ဘာ့ဆွဲအား၏ တပုံခွဲမျှသော ဆွဲအားဒဏ်ကိုခံရ၏။ ဝန်းပတ်ယာဉ်အတွင်း၌ သာမန်အဝတ်အစားများသာ ဝတ်ဆင်နေထိုင်နိုင်သည့် ပတ်ဝန်းကျင်မျိုး ဖန်တီးပေးထားသည်။ ဝန်းပတ်ယာဉ်အတွင်း၌ ပွယောင်းသော အာကာသဝတ်စုံ သို့မဟုတ် လေးလံသော ပျံသန်းရေးဝတ်စုံများ ဝတ်ဆင်ရန်မလိုပေ။ အာကာသလွန်းပျံယာဉ်သည် အခြားယာဉ်များနှင့်မတူ တမူထူးသောအချက်မှာ ခရီးသွားလာရေးစနစ်၌ဖြစ်သည်။ အာကာသယာဉ်သည် ဒုံးပျံကဲ့သို့ ပစ်လွှတ်နိုင်ပြီး အာကာသတွင် အာကာသယာဉ်ကဲ့သို့ သွားလာလှုပ်ရှားနိုင်ကာ သမားရိုးကျလေယာဉ်ကဲ့သို့ပြန်လည် သက်ဆင်းနိုင်သည်။

ဝန်းပတ်ယာဉ်ကို ဖော်ပြပါ အဓိက အစိတ်အပိုင်းများအားဖြင့် ခွဲခြားထားသည်။ ၎င်းတို့မှာ ကိုယ်ထည်ရှေ့ပိုင်း (ကိုယ်ထည်ရှေ့ပိုင်းရှိ အပေါ်ထပ်၊ အောက်ထပ်နှင့် ယာဉ်အမှုထမ်းများ နေထိုင်သော အခန်းတို့ပါဝင်သည်) အတောင်နှစ်ဘက်၊ ကိုယ်ထည်အလယ်ပိုင်း၊ ကုန်တင်ခန်းတံခါးများ၊ ကိုယ်ထည်နောက်ပိုင်းနှင့် မြင့်မားပြီး ဒေါင်လိုက်တည်ရှိသည့် အမြီးတို့ဖြစ်ကြသည်။ ၎င်းအစိတ်အပိုင်းအများစုကို အလူမီနီယမ်သတ္တုဖြင့်ပြုလုပ်ထားပြီး၊ အာကာသလေထုအတွင်း ဝင်ရောက်ရာ၌ ပေါ်ပေါက်သော အပူဒဏ်ကို ကာကွယ်နိုင်ရန် အကာအကွယ်များ တပ်ဆင်ထားသည်။

အာကာသလွန်းပျံယာဉ်တွင် "လေကာ" ဟုခေါ်ဆိုသည့် ရှေ့ပိုင်း ပြတင်းပေါက် ၆ ခု၊ ဦးခေါင်းအထက်ရှိ ပြတင်းပေါက် ၂ ခုနှင့် ယာဉ်အမှုထမ်းများ၏နောက်ပိုင်းမှ ကုန်တင်

ခန်းအား ကြည့်ရှုနိုင်ရန် ပျံသန်းမှုကုန်းပတ် အထက်ပိုင်းရှိ ပြတင်းပေါက် ၂ ခုတို့ပါဝင်သည်။ ထို့ပြင် ယာဉ်မှူးများ နေထိုင် သွားလာသော အခန်းဘက်သို့ ဝင်နိုင်ရန် ဖောက်ထားသော မလှယ်ပေါက်၌လည်း ပြတင်းပေါက်တခု ပါရှိသည်။ လေကာ ၆ ခုအဖြစ် ပြုလုပ်ထားသည့်မှန်ချပ်များမှာ ဖောက်ထွင်း မြင်နိုင်စေရန် လုပ်ဆောင်ပေးခဲ့ပြီး အာကာသမှန်ချပ်တို့တွင် အကြီးဆုံးဖြစ်သည်။ ၎င်းတို့ကို အထူးပြုလုပ်ထားသော မှန်ချပ် ၃ ခု တပ်ထားပြီး တခုစီ၏ဒေါင့်တန်းအရှည်မှာ ၄၅ လက်မရှိ၏။ ဘေးနှစ်ဘက်ရှိ မှန်ချပ်တို့၏အထူမှာ ၀.၆၂၅- လက်မရှိ၍၊ အလယ်မှန်ချပ်၏အထူမှာ ၁.၃ လက်မ ရှိသည်။ ဝန်းပတ်ယာဉ်အတွင်းဝင်ရောက်ရာမလှယ်ပေါက်မှ ၁၀-လက်မ အချယ်ရှိ ပြတင်းပေါက်ကလေးအပါအဝင် အခြား ပြတင်းပေါက်များတွင်လည်း အလားတူမှန်ချပ်များ ပြုလုပ် တပ်ဆင် ထားသည်။

အာကာသယာဉ်အမှုထမ်းများ နေထိုင်ရာအခန်းတွင်းသို့ ဝန်းပတ်ယာဉ် မလှယ်ပေါက်မှ ဝင်ရောက် နိုင် သည်။ ယင်း မလှယ်ပေါက်သည် လက်မ ၄၀ ရှိ၍ အလယ်ထပ်ဘေးဘက်၌ တည်ရှိပြီး၊ အကယ်၍ ဝန်းပတ်ယာဉ်သက်ဆင်းသည့်အနေ အထားမျိုး (မြေပြင်နှင့်တပြေးညီ) ၌ရှိနေပါမူ တံခါးကိုအောက် ၉၀ ဒီဂရီမျှဖွင့်သွားသည်အထိတွန်း၍ဖွင့်ရသည်။ အကယ်၍ ဝန်းပတ်ယာဉ်သည် အာကာသသို့တက်ရောက်စဉ်အနေအထား (မြေပြင်နှင့် ဒေါင့်မှန်) ရှိပါမူ၊ ၎င်းမလှယ်ပေါက်ကို အောက် ၉၀ ဒီဂရီ ပွင့်သွားသည်အထိ တွန်း၍ဖွင့်ရသည်။ ဝန်းပတ်ယာဉ်မှ ခန်းမကြီးကိုပျံသန်းရေးကုန်းပတ်၊ အလယ်ပိုင်း အောက်ပိုင်း ဟူ၍ အပိုင်း ၃ ပိုင်း ခွဲထားသည်။

www.burmeseclassic.com

www.burmeseclassic.com

အာကာသလွန်းပျံယာဉ်မှ ယာဉ်မှူးများသည် အာကာသယာဉ်တင်လွှတ်စဉ်၊ ဝန်းပတ်လမ်းကြောင်းအတွင်း လှုပ်ရှားပြောင်းလဲမှုများ ပြုလုပ်စဉ်နှင့် ကမ္ဘာ့လေထုအတွင်းဝင်ရောက်စဉ် စသည့်အချိန်တို့တွင် ပျံသန်းရေး ကုန်းပတ်မှနေ၍ စက်များကို ထိန်းချုပ် မောင်းနှင်ခဲ့ကြသည်။ ၎င်းအခန်းတွင်းရှိ စက်များနှင့် ထိန်း ချုပ် ရေး ကိရိယာများသည် အာကာသလွန်းပျံယာဉ်တစင်းလုံးနှင့် ခရီးစဉ်၌ပါရှိသော ကုန်ပစ္စည်းများကို ထိန်းချုပ်ပေးနိုင်သည်။ ပျံသန်းရေးကုန်းပတ်စခန်း၌ အာကာသလွန်းပျံယာဉ် ဦးစီးမှူးတဦး၊ ယာဉ်မှူးတဦးနှင့် နာဆာမှ ခရီးစဉ်ကျွမ်းကျင်သူ ၂ ဦးတို့နေထိုင်ရန် အခန်းတခန်း ပါရှိသည်။

ဝန်းပတ်ယာဉ်အလယ်ပိုင်း၊ သို့မဟုတ် ကုန်းပတ်ခန်းတွင် ခရီးသည်ထိုင်ခုံများ၊ နေထိုင်ရာနေရာ၊ လေညှိခန်းနှင့် အိလက်ထရွန်နစ် အစိတ်အပိုင်းများထားရာ အခန်းများ ပါရှိသည်။ လေညှိခန်း၌ အာကာသလွန်းပျံယာဉ်၏ပဲ့ပိုင်းရှိ ကုန်တင်ခန်းနှင့် ယင်းအခန်းတွင်းမှ ကုန်ပစ္စည်းများဆီသို့ သွားရောက်နိုင်သော မလွယ်ပေါက်တခုပါသည်။

ဝန်းပတ်ယာဉ်၏အပြင်ဘက် သို့မဟုတ် ကုန်တင်ခန်းတို့၌ အလုပ်လုပ်နိုင်ရန် လေညှိခန်း လိုအပ်သည်။ ၎င်းအခန်းတွင်း၌ လက်ရန်းများ၊လက်ကိုင်များပါရှိပြီး ''အာကာသယာဉ်ပြင်ပသွားလာလှုပ်ရှားနိုင်ရေး'' ဝတ်စုံဟုခေါ်သည့် အာကာသဝတ်စုံ ၂ ခုတို့လည်းထားရှိသည်။လေညှိခန်း၏အရေးပါသောဆောင်ရွက်ချက်မှာ အာကာသပျံသန်းရေးအတွက် မည်သည့်နေရာတွင်မဆို တပ်ဆင်ထားရှိနိုင်ခြင်းဖြစ်သည်။ အထူးသဖြင့်

ပဲ့ပိုင်း အတားအဆီးပေါ်ရှိ အလယ်ခန်း အ တွင်း ၌ လည်းကောင်း၊ ပဲ့ပိုင်းအတားအဆီးပေါ်ရှိ ခန်းမကြီးအပြင်ဘက်၌လည်းကောင်း၊သို့မဟုတ် အာကာသဓာတ်ခွဲခန်းနှင့် ဝန်းပတ်ယာဉ် ခန်းမကြီးတို့အား ဆက်သွယ်ပေးထားသည့် ''ကြားဆက် ပြွန်လမ်း'' ပေါ်၌လည်းကောင်း ထားရှိနိုင်သည်။အာကာသတွင် ချိတ်ဆက်ရေးလှုပ်ရှားမှုများပြုလုပ်မည်ဟု ကြံရွယ်ထားပါက ''ချိတ်ဆက်ရေးမော်ဂျူး'' အား အာကာသယာဉ်ပြင်ပ၌ လှုပ်ရှားမှုပြုနိုင်သည့် လေညှိခန်းအဖြစ် အသုံးပြု နိုင်သည်။ လေညှိခန်းလမ်းကြောင်းကို တဖြောင့်တည်း ရှိနေစေရန် ပြုလုပ်ထားသည်။ ဤသို့ပြုလုပ်ထားသဖြင့် ဝန်းပတ်ယာဉ်အတွင်းနှင့် အလယ်ကုန်းပတ်ရှိ အသုံးမပြုသော ပစ္စည်းများထားရာအခန်းမှ ပစ္စည်းကိရိယာများကို ပစ္စည်းတင်အခန်းသို့ လွယ်ကူစွာ ပြောင်းရွှေ့နိုင်သည်။ လေညှိခန်း မလွယ်ပေါက်များမှာ 'D' ပုံသဏ္ဍာန် ရှိသည်။ ထို့ကြောင့် ပွယောင်းလေးလံသော အာကာသဝတ်စုံဝတ်ဆင်ထားသည့် ယာဉ်မှူး ၂ ဦးက ထုထည် ၁၈ လက်မ×၁၈ လက်မ× ၅၀ လက်မရှိ အထုပ်ကို လေညှိခန်းတွင်းမှ ဖြတ်၍ သယ်ဆောင်နိုင်သည်။

ဝန်းပတ်ယာဉ်တွင် အချိန် ၆-နာရီကြာ အာကာသယာဉ်ပြင်ပ၌ လှုပ်ရှားမှု ၂-ကြိမ်မျှ ပြုလုပ်နိုင်သော အသက်ကယ်စနစ်နှင့် အရေးပေါ်အာကာသယာဉ် အပြင်ထွက်နိုင်ရေး အသက်ကယ်စနစ်တို့ ပါရှိသည်။

အောက်ဘက်ရှိ ကုန်းပတ်ခန်း၌မူ ဝန်းပတ်ယာဉ် အတွက် ကမ္ဘာ့ပတ်ဝန်းကျင် အခြေအနေမျိုး ဖန်တီး ချုပ်ထိန်းပေးသည့် ကိရိယာတပ်ဆင်ထားသည်။ ယင်းပတ်ဝန်းကျင် အခြေအနေမျိုး ဖန်တီးထိန်းချုပ်ပေးသည့် စနစ်သည် အာကာသပျံ

www.burmeseclassic.com

www.burmeseclassic.com

သန်းရေးအမှုထမ်းများနှင့် ခရီးသည်များ အတွက် ချောင်ချိပြီး လုံခြုံသော ပတ်ဝန်းကျင်အခြေအနေမျိုး၊ ကမ္ဘာ့လေထုဖိအားမျိုး၊ စိုထိုင်းမှုမျိုး၊ ကာဗွန်ဒိုင်အောက်ဆိုက်အငွေ့ ပါဝင်မှုမျိုး၊ အပူချိန်မျိုးတို့ကို ပြုလုပ်ဖန်တီးပေးသည်။ ထို့ပြင် မလိုလားအပ်သော အငွေ့အနံ့များ ကိုလည်း ခန်းမကြီး တဝိုက်မှ ဖယ်ရှားပေးသည်။ ကုန်းပတ် အပေါ်ပိုင်းမှ အောက်ပိုင်းသို့ သွားလိုပါမူ ပြောင်းရွှေ့၍ရသော ကြမ်းခင်းများအကြား ဖြတ်၍သွားနိုင်သည်။

အပေါ်ပိုင်း၌ရှိ ပျံသန်းရေးကုန်းပတ်ကိုလည်းအခြေခံဒေသ ၄ ခု အနေဖြင့် သတ်မှတ် ထား သည်။ ၎င်းတို့မှာ (၁)အာကာသယာဉ် မောင်းနှင်ရန် ရှေ့ပိုင်းသို့ မျက်နှာမူထားသည့် "အဓိကပျံသန်းရေး အလုပ်ခန်းများ"၊ (၂) ပဲ့ပိုင်းသို့ မျက်နှာမူထားသောအခန်း ၂ ခု (တခုမှာ ကုန်ပစ္စည်းများ စီမံခန့်ခွဲရန်နှင့် အခြားတခုမှာ ချိတ်ဆက်ရေးလှုပ်ရှားမှုများ ပြုရန်)၊ (၃) လုပ်ငန်းဆောင်ရွက်နိုင်သော ပစ္စည်းများအား ချုပ်ကိုင်ရန်နှင့် ထုတ်ပေးရန် "ကုန်ထိန်းခန်း" တခုနှင့် (၄) ဝန်းပတ်ယာဉ်အတွင်း အင်အားရရန်နှင့် ဆက်သွယ်ရေး ပြုလုပ်နိုင်ရန် ထို့ပြင် ဝန်းပတ်ယာဉ်တွင် တင်ဆောင်ထားသောပစ္စည်းများ ဆက်စပ်၍ ယူနိုင်ရန် လုပ်ဆောင်ပေးသော "ခရီးစဉ်အခန်း" တို့ ဖြစ်ကြသည်။

ရှေ့ပိုင်းမျက်နှာမူထားသည့် အဓိကပျံသန်းရေးအလုပ်ခန်းများ၌ ယာဉ်မှူးနှင့် တွဲဖက်ယာဉ်မှူးတို့ တဦးမရှိလျှင် တဦးက ထိန်းသိမ်းမောင်းနှင်နိုင်ရန် ထိန်းချုပ်ရေး ကိရိယာ ၂ ခု တပ်ဆင်ထားသည်။ ထိန်းသိမ်း မောင်းနှင်ရာ၌လည်း ထိ လျက်ဖြစ်စေ၊ မတ်တတ်ရပ်လျက် ဖြစ်စေ မောင်းနှင် နိုင်ပြီး

အရေးပေါ်ကိစ္စ ပေါ်ပေါက်နေပါက ယာဉ်အမှုထမ်း အမျိုးသားဖြစ်စေ၊ သို့မဟုတ် အမျိုးသမီးဖြစ်စေ ထိန်းသိမ်းမောင်းနှင်နိုင်သည်။ အလုပ်ခန်းများ၌လည်း လက်ဖြင့်သာမက အလိုအလျောက်ထိန်းသိမ်းနိုင်သော ကိရိယာများဖြင့် လုပ်ဆောင်နိုင်သည်။

ကုန်ပစ္စည်းစီမံခန့်ခွဲရေး အခန်း၌ အာကာသလွန်းပျံယာဉ်၏ ပစ္စည်းကိရိယာများကိုပြောင်းရွှေ့ခြင်း၊တပ်ဆင်ခြင်း၊အာကာသအတွင်းလွှတ်တင်ခြင်း၊အာကာသမှရယူခြင်းတို့ပြုလုပ်နိုင်ရန်ကိုင်တွယ်ထိန်းချုပ်ရေးစက်ခလုတ်များတပ်ဆင်ထားသည်။ ၎င်းအခန်း၌ အလုပ်သမားများ လုပ်ဆောင်ရသောလုပ်ငန်းများမှာ အခန်းတံခါး အဖွင့်အပိတ် ပြုလုပ်ရခြင်း၊ ဝန်းပတ်ယာဉ်မှ လက်ကဲ့သို့ လှုပ်ရှားနိုင်သော ကိရိယာကို ကိုင်တွယ်ရခြင်း၊ ပစ္စည်းတင်အခန်း၌ မီးအဖွင့်အပိတ်များကိုလည်း လုပ်ဆောင်ရခြင်းနှင့် ရုပ်မြင်သံကြား ကင်မရာရိုက်ကူးခြင်းအပြင် အခြားလုပ်ငန်းတာဝန်များကိုလည်း လုပ်ဆောင်ရခြင်းစသည်တို့ ဖြစ်ကြသည်။ ပစ္စည်းတင် အခန်းမှ ကုန်ပစ္စည်းများ အပြောင်းအရွှေ့ အသယ်အပိုးကို စီမံခန့်ခွဲရာ၌ မှန်ကန်စွာလုပ်ဆောင် ခြင်း ရှိမရှိ သိနိုင်ရန် အတွက် ရုပ်မြင်သံကြား ကင်မရာ ၂ လုံး တပ်ဆင်ထားကာ အစောင့်ကိရိယာအဖြစ် အသုံးပြုသည်။

"အာကာသတွေ့ဆုံချိတ်တွဲရေးထိန်းချုပ်မှုအခန်း"၌ထိန်းချုပ်ရေးကိရိယာများ အများအပြားရှိသည်။ ၎င်းတို့တွင်တွေ့ဆုံရေး ရေဒါနှင့် လည်ပတ်မှုကိရိယာ၊ အာကာသယာဉ်အား ရွှေ့ရှားမှုများအား လက်ဖြင့် ကိုင်တွယ် ထိန်းချုပ်ရေး ကိရိယာနှင့် အမြင့်နှင့် ဦးတည်ချက်ညွှန်ပြရေးကိရိယာစသည် ပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com

အာကာသယာဉ်၏ ပဲ့ပိုင်းနှင့် ဦးစီးယာဉ်မှူး၏ နေရာမှ ဝဲဘက်တွင် ရှိသော ကုန်ပစ္စည်း စီမံခန့်ခွဲရေး အခန်း၌ ၂၁.၅ ပေပတ်လည်ရှိ နေရာတခုထားရှိသည်။ ၎င်းနေရာတွင် အာကာသလွန်းပျံယာဉ်၏ အထူးကိရိယာများဖြစ်သော အာကာသမှန်ပြောင်း၊ အာကာသဓာတ်ခွဲခန်းနှင့် ကြယ်တာရာ လေ့လာရေး အာကာသယာဉ်စသည်တို့ ထားရှိသည်။ ဖော်ပြပါ အခန်းမှ ပစ္စည်းကိရိယာများပြောင်းရွှေ့တင်လွှတ်ရေးအတွက် အင်ဂျင်များ ရနိုင်သည့်အပြင် စောင့်ကြည့်ရေး၊ ဦးတည် လမ်းညွှန်ရေးနှင့် ထိန်းချုပ်ရေးအတွက်လည်း ပြုလုပ်နိုင်သည်။

အာကာသခရီးစဉ်ထိန်းချုပ်ရေးအခန်းရှိ ယာဉ်ပဲ့ပိုင်းနှင့် ယာဉ်မှူးထိုင်ခုံ၏ ညာဘက်တွင် ဝန်းပတ်ယာဉ်အရေးကြုံပါက အသုံးပြုရမည်ဖြစ်သောထိန်းချုပ်ရေးနှင့် ကြိုးကိုင်ရေးစနစ်များထားရှိသည်။ ယင်းအခန်း၌ပင် ယာဉ်အမှုထမ်း များအား အရေးပေါ် ပြဿနာများနှင့် စက်ကိရိယာများ ချွတ်ယွင်းမှုများကို သတိပေး အချက်ပြနိုင်သည့် စခန်းများလည်း ထားရှိသည်။ ဤအခန်းမှပင် ယာဉ်အမှုထမ်းများသည် ပစ္စည်းကိရိယာများအတင်အချပြုလုပ်သည်ကိုစောင့်ကြည့်ထိန်းကျောင်းချုပ်ကိုင်မှုများပြုလုပ်ခဲ့ကြသည်။

အာကာသ ဝန်းပတ်ယာဉ်သည် ခေတ်ဟောင်း ဝေလငါးဖမ်း သင်္ဘောကဲ့သို့ပင် လိုအပ်သောပစ္စည်းကိရိယာများသိမ်းဆည်းထားရန်အကြိုအကြားကလေးများများစွာပါဝင်သည်။ ယာဉ်အမှုထမ်းများအတွက်ထားရှိသော အခန်း၌လည်းပစ္စည်းပိုများသိုထားရန် ကုဗပေ ၁၅၀ ခန့်ကို ပေးထားသည်။ယင်းပစ္စည်းအားလုံးသည် အလယ်ကုန်းပတ်၌ ရှိသည်။ သို့သော် အာကာသလွန်းပျံယာဉ်၏ ခရီးစဉ်တခေါက်သည် အခြားခရီး

စဉ်တခုနှင့် လုပ်ငန်းရပ်ချင်း တူညီမှု မရှိသည့် အတွက် သယ်ဆောင်သွားရမည့် ပစ္စည်းအပိုများမှာလည်း တူညီမည်မဟုတ်ပေ။

အပိုပစ္စည်းသယ်ဆောင်ရေးကိုလည်း အဲဝင်မလွယ်ပေါက်၏ အရွယ်အစားနှင့် အလယ်ကုန်းပတ်၏ အနေအထား အရသာ တင်ဆောင်နိုင်သည်။ ဝန်းပတ်ယာဉ်နှင့် အတူ သယ် ဆောင်သွားမည့် အပိုပစ္စည်းများကိုလည်း ကုန်းပတ်နံရံနှင့် ရှေ့ပိုင်း အကာအရံများတွင် စံချိန်ကိုက် ထည့်စရာများတွင် ထည့်၍တွဲချိတ်သိုမှီးထားနိုင်သည်။

ယာဉ်အမှုထမ်းခန်း၌လည်း အမှုထမ်းတို့၏ကိုယ်ပိုင်ပစ္စည်းများ ထားရှိသည်။ ခရီးစဉ်တခုအတွက် အမှုထမ်း များ သည် ရှေးခေတ်သင်္ဘောသားများကဲ့သို့ မိမိပိုင် လိုအပ်သော ပစ္စည်းများကို အိတ်များတွင် ထည့်ထားနိုင်သည်။ အပိုလိုယာဉ်မှူးများသည် တရားဝင်မဟုတ်သည့် ကိုယ်ပိုင်ပစ္စည်းများကို (တံဆိပ်ခေါင်းနှင့် စာအိတ်များ၊ တန်ဖိုးကြီးမားစေရန် အာကာသတွင် စာတိုက်တံဆိပ်ရိုက်နှိပ်ခြင်း) သယ်ဆောင် သွားခဲ့ ကြောင့် အာကာသ လွန်းပျံယာဉ်မှူးများအဖို့ မိမိပိုင် ပစ္စည်းများကို လုံခြုံမှုအတွက် ရှာဖွေခြင်းခံရမည်ဖြစ်သည်။

အာကာသယာဉ်အမှုထမ်းများ၏ ပစ္စည်းပစ္စယများမှာ အများအားဖြင့် ခရီးတိုသွားလာရေး၊ သို့မဟုတ် အထွေထွေ အသုံးတပ်ဆင် အသုံးမပြုရသောပစ္စည်းများ ဖြစ်ရမည့်အပြင် အခါတရံ ခရီးရှည်သွားလာရေးအတွက် အသုံးဝင်သောပစ္စည်းများလည်းဖြစ်ရမည်။ယင်းပစ္စည်းများတွင် စာအုပ်များနှင့်အခြား အလေးချိန်မဲ့ ဒေသတွင် အပျင်းပြေကစားနိုင်ရန် ပစ္စည်းများပါဝင်မည်ဖြစ်သည်။အလေးချိန်မဲ့သော အာကာသတွင်ဖဲ

www.burmeseclassic.com

www.burmeseclassic.com

ထားရန်မှာလွန်စွာခက်ခဲပေမည်။ အဘယ့်ကြောင့် ဆိုသော် ၅၂ ချပ်သော ဖဲချပ်များ ဝန်းပတ်ယာဉ်ထဲ၌ လွင့်ပါး၍ပလူ ပျံသကဲ့သို့ရှိနေမည် ဖြစ်သောကြောင့်ပင်။ ထို့ပြင် ဖဲများကို ထုထားရန်ထိုးရန်မှာလည်း လွန်စွာခက်ခဲသည်။

အာကာသယာဉ်ပေါ်၌ ဖဲကစားလိုပါက ခက်ခက်ခဲခဲဖြင့် ဝန်တီးပြုလုပ်၍ ကစားနိုင်သည်။ တနည်းဆိုသော် ဖဲချပ်များ မလွင့်ပါးစေရန် လုပ်ဆောင်၍ကစားရမည်ဖြစ်သည်။ အခြား နည်းတခုမှာလည်း ဖဲချပ်များကို ပါးလွှာသော သတ္တုပြား ကလေးများဖြင့် ပြုလုပ်၍ ယင်း ဖဲချပ်များကို သံလိုက်ဓာတ် သက်ဝင်နေသော စားပွဲပေါ်၌တင်၍ ကစားခြင်း ဖြစ်သည်။

အကယ်၍ သံလိုက်ဓာတ်သက်ဝင်သော စစ် တုရင် ခုံနှင့် ကျားကွက်များသာမက စစ်တုရင်အရုပ်များနှင့် ကျားကစား သည့်အခါ အသုံးပြုရသော အရာများ ပြုလုပ်ထားရမည် ဆို ပါက အာကာသခရီးတွင် ကောင်းစွာ ကစားနိုင်မည် ဖြစ် သည်။မည်သည့်ကစားနည်းမျိုးမဆို အောက်ခံခုံနှင့် ရွှေ့လျား နိုင်သောအရာများ ပါသည်ဆိုပါက ဖော်ပြပါ သံလိုက်ဓာတ် သက်ဝင်စေသောစနစ်ဖြင့် ကစားနိုင်သည်။

အာကာသလွန်းပျံယာဉ်၏ ခရီးစဉ်တွင် အလေးချိန် ... သော စက္ကူဖုံးစာအုပ်များမှာ အထူးပင် အရေးပါမည် ဖြစ် သည်။အထူးသဖြင့် ခရီးရှည်သွားရသော အာကာသခရီးမျိုး ပျင်းရိမှုမှ ကင်းဝေးစေမည်ဖြစ်သည်။ သို့သော် အာကာသ လွန်းပျံယာဉ်နှင့် လိုက်ပါသူအမှုထမ်းများအတွက် ဆောင် ... စရာ ... ဝန်များမှာ များပြားမည်ဖြစ်သဖြင့် ကစားရန် ... အချိန်ရှိမည်မဟုတ်ပေ။

ဝန်းပတ်ယာဉ်နှင့် ကမ္ဘာတို့၏ ဆက်သွယ်မှုသည် အပိုလို ယာဉ် ကမ္ဘာနှင့်ဆက်သွယ်နိုင်သည်ထက် ပိုမိုကောင်းမွန်သည်။ အမှုထမ်းများသည် နာဆာကခွင့်ပြုပါက ကမ္ဘာပေါ်ရှိ မည် သည့် တယ်လီဖုန်းလိုင်းနှင့်မဆို ဆက်သွယ်နိုင်မည် ဖြစ်သည်။ အမှုထမ်း တဦးဦးသည်လည်း ကမ္ဘာအား ဝန်းပတ်နေသော ဝန်းပတ်ယာဉ်မှနေ၍ အလုပ်သဘော ပြောမှုဆိုမှုများကို မည် သည့်နေရာမှမဆို တွေ့ဆုံလိုသူနှင့် တွေ့ဆုံစကားပြောနိုင်သည်။

ကမ္ဘာပေါ်၌ပြသနေသော ရုပ်မြင်သံကြားအစီအစဉ်များ သို့မဟုတ် ခေတ်ဟောင်းရုပ်ရှင်ကားများကို အစီအစဉ်ပြုလုပ် ပေးမည်ဆိုပါက၊အာကာသလွန်းပျံယာဉ်ပေါ်၌ ပြသနိုင်မည် ဖြစ်သည်။ အာကာသလွန်းပျံယာဉ်ပေါ်မှ ရုပ်မြင် သံကြား ပြသနိုင်မှုသည် သာမန်ဟိုတယ်ရှိအခန်းများနှင့် ဂျက်ခလယာဉ် ပေါ်၌ပြသသော ရုပ်မြင်သံကြားအစီအစဉ်ပြသမှုများလောက် သာ ရှိပေမည်။ တခါတရံ ဗီဒီယိုတိတ်ခွေကို ယူဆောင်သွား၍ အမှုထမ်းများအတွက်ထားရှိသော ရုပ်မြင်သံကြား လွှင့်ထုတ် ရေးစက်ကိုသုံး၍ ကြည့်ရှုနိုင်မည်လည်းဖြစ်သည်။ ကမ္ဘာအား ဝန်းပတ်ယင်း သိပ္ပံဆိုင်ရာ ရုပ်မြင်သံကြား အစီအစဉ်များကို ကြည့်ရှုရခြင်းသည် အထူး စိတ်လှုပ်ရှားဖွယ်ပင် ဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် လက်တွေ့နှင့် စိတ်ကူးယဉ်ချက်တို့ကို ကောင်းစွာ သရုပ်ခွဲနိုင်မည်ဖြစ်သောကြောင့်ပင်။

တူစတန်ထိန်းချုပ်ရေးစခန်းမှလွှင့်ထုတ်သော စ တီ ရီ ယို ... သံ သို့မဟုတ် ကက်ဆက်ခွေဖြင့် သွင်းယူသွားသောတေး ... များကို အာကာသလွန်းပျံယာဉ်ပေါ်တွင်နားဆင်နိုင်သည်။ ... သော် လေယာဉ်ပေါ်၌ တေးသီချင်းများအားနားထောင် ... သကဲ့သို့ နားကျပ်ဖြင့် နားဆင်ကြရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာအား ဝန်းပတ်နေသော အာကာသယာဉ်ပေါ်မှ ဘေးပတ်ဝန်းကျင် မြင်ကွင်းသည် ထူးဆန်းအံ့သြဖွယ်ဖြစ်နေမည်မှာ မလွဲပင်။ ကမ္ဘာ မြေသားထုပင်လျှင် အပြာတကွက်၊ အညိုတသွင်၊ အဖြူကန့်တိုမ်အဆင်တို့နှင့် ရှုမငြီးဖြစ်နေပေမည်။ ညအချိန်၌မူ မည်းမှောင်နေသောမျက်နှာပြင်၌ပြိုးပြိုးပြက်ပြက် တလက်လက်နှင့် တောက်ပနေသော မီးရောင်များကို လေ့လာ၍ မြို့များ ရွာများဟူ၍ ခွဲခြားနိုင်ကြမည် ဖြစ်သည်။ မရေမတွက်နိုင်သော ကြယ်များနှင့် ကြယ်အစုအဝေး များကို မြင်တွေ့ရမည်ဖြစ်သော်လည်း ကမ္ဘာမှနေ၍ ကြည့်ရဘိသကဲ့သို့ မဟုတ်ပဲ အမြင်မှာ ပြောင်းလဲနေမည်ဖြစ်သည်။ အာကာသယာဉ်အမှုထမ်းများ လုပ်ငန်းခွင်မဝင်သည့်အခါတွင် လစန္ဒာအားလည်းကောင်း၊ ဂြိုဟ်များအားလည်းကောင်း၊ သူရိယနေမင်းကြီးအား လည်းကောင်း မြင်တွေ့နေရမည် ဖြစ်သည်။

အာကာသလွန်းပျံယာဉ်ပေါ်၌ စကိုင်းလက်(ဘ)အာကာသ ဓာတ်ခွဲခန်းကဲ့သို့ တိရစ္ဆာန်ငယ်ကလေးများ သယ်ဆောင်သွားမည်ဆိုပါက ၎င်းတိရစ္ဆာန်ငယ်ကလေးများ အလေးချိန်မဲ့သောဒေသနှင့် ပြောင်းလဲနေသော အခြေအနေမျိုးတွင် မည်သို့မည်ပုံ နေထိုင်သွားလာကြသည်ကို ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။ ရှင်မြူးဖွယ်ရာဖြစ်မည်ကား မလွဲပင်။ စကိုင်းလက်(ဘ)သို့ ဒုတိယ အသုတ်အနေဖြင့် တက်ရောက်ခဲ့ကြသူ အာကာသယာဉ်မှူးများနှင့်အတူ "အာရ်ဘဲလား" အမည်ရှိ ပင့်ကူအား အာကာသသို့ ပထမဦးဆုံးအကြိမ် သယ်ဆောင်သွားစဉ်က ယာဉ်မှူးများအဖို့ ယင်းပင့်ကူအား ကြည့်ရှု လေ့လာရသဖြင့် ရှင်မြူးမဆုံးဖြစ်ခဲ့ကြရသည်။ ပထမတွင် အာကာသသို့ လိုက်ပါခဲ့ကြသည့် ပင့်ကူနှစ်ကောင်မှာ ဟိုယိမ်းဒီယိမ်း

ဖြစ်နေပြီး နောက်ပိုင်းတွင်၊ ပင့်ကူမေးတုတ်ကာ ပင့်ကူအိမ် ရက်လုပ်နိုင်ခဲ့ကြသည်။ ယင်း ပင့်ကူအိမ်များသည် သာမန် ကမ္ဘာပေါ်၌ ရက်လုပ်ခဲ့သော ပင့်ကူအိမ်များနှင့်မခြား အတူတူပင်ဖြစ်သည်။ စကိုင်းလက်(ဘ)ဖြင့် ငါးကြင်း မျိုးပေါက်ကလေးများကိုလည်း ယူဆောင်သွားခဲ့ကြသည်။ အလေးချိန်မဲ့သည့် ဒေသတွင် ငါးကြင်း မျိုးပေါက်ကလေး များ သည် ကြီးကွင်းသဏ္ဌာန် အနေအထားဖြင့် ရေတွင် ကူးခပ်ခဲ့ကြပြီး သာမန်ပေါက်ခါစ ငါးကလေးများမှာ သာမန်ငါးကြင်းကြီးများကဲ့သို့ ရေတွင်ကူးခပ်နိုင်ကြသည်ကို တွေ့ကြရသည်။

အာကာသလွန်းပျံယာဉ်မှ အမှုထမ်းများအတွက် အားလပ်ချိန်ဟူ၍ သိပ်ရှိသည်မဟုတ်ပေ။ အာကာသ ဓာတ်ခွဲခန်းအဖြစ်ဖြင့် အာကာသသို့ တက်ရောက်သော်လည်း အခြားလုပ်ငန်းများဖြင့် မအားမလပ်ရှိနေကြသဖြင့် အာကာသယာဉ်ရှိအသက်ရှင်ရေး အထောက်အကူပြုစနစ်၌ မည်သို့မည်ပုံ ဖြစ်ပျက်နေသည်ကို ကြည့်အားမည်လည်း မဟုတ်ပေ။ အလုပ်လွှဲပြောင်းချိန်၌ ရရှိသော အချိန်အနည်းငယ်လောက်သာ ကြည့်ခွင့်ရကြည်ဖြစ်သည်။ နောင် အာကာသလွန်းပျံယာဉ် ပျံသန်းမှုများ ထုပ်ရိုးလုပ်စဉ်အခြေအနေမျိုးသို့ ရောက်ရှိသွားသောအခါ၌မူ ထင်းကဲ့သို့သော အချိန်ပိုကလေးများအား ရုပ်မြင်သံကြား ကြည့်ရှုခြင်း၊ ရေဒီယိုနားထောင်ခြင်းနှင့် ကမ္ဘာအား သိလိုသော အချက်များမေးမြန်းခြင်း စသည့်လုပ်ငန်းများဖြင့်ကုန်ဆုံးစေမည်ဖြစ်သည်။

ခရီးသွားချိန် တရက်ထက် ပိုသော အာကာသ ခရီးစဉ်အတွက် လိုက်ပါမည့်သူများသည် အာကာသအတွင်း၌ လေ့ကျင့်ခန်းယူရန် လိုအပ်သည်။ အလေးချိန်မဲ့ဒေသတွင် နေထိုင်

www.burmeseclassic.com

လှုပ်ရှားရသည့် အခြေအနေမှာ ကမ္ဘာ့အနိမ့်ပိုင်း ဒေသတွင် နေထိုင်ရာမှ အမြင့်ပိုင်းဒေသသို့ ပြောင်းရွှေ့နေထိုင်ရသကဲ့သို့ လည်းကောင်း၊ သို့မဟုတ် အမြင့်ပိုင်းမှ အနိမ့်ပိုင်းသို့ ပြောင်းရွှေ့နေထိုင်ရသကဲ့သို့ လည်းကောင်း ကနဦးအစတွင် အနေရအထိုင်ရ ကျပ်သလောက်သာရှိသည်။ စိတ်ခေတ်ဆိုင်ရာ အပြောင်းအလဲလည်း များစွာဖြစ်ပေါ်တတ်သည်။ထို့ပြင် သက်လုံကောင်းမှုနှင့် ကိုယ်ကာယစွမ်းအင်တို့လည်း လျော့ပါးသွားတတ်သည်။ ကိုယ်ခန္ဓာသည် ပြောင်းလဲသွားသည့် အခြေအနေသစ်နှင့် လိုက်လျောညီထွေ နေထိုင်ရသဖြင့်လည်း အရာရာတွင် နှောင့်နှေးနေတတ်သည်။

စကိုင်းလက်(ဘ) အာကာသယာဉ်ဖြင့် ခရီးနှင်ကြစဉ်က ဝန်ကျဉ်းကျဉ်းဖြင့် ကိုယ်လက်လှုပ်ရှားမှု ပြုနိုင်သော ပစ္စည်းများ ယူဆောင်သွားခဲ့ကြသည်။အိပ်စင်များ၌ ဆွဲကန့်လန့်ကာများ တပ်ဆင်ထားပြီး၊ ယင်းအိပ်စင်များတွင် ကိုယ်သိုင်းကြိုးများလည်း ထားရှိသည်။ ဤသို့မပြုလုပ်ပါက အိပ်ပျော်နေသူသည် ယာဉ်အတွင်းမှ ရှိသမျှလေ အနည်းငယ်၏ သယ်ယူခြင်းခံရပြီး၊ အမှုထမ်းများနေထိုင်ရာ အခန်းတွင်း၌ မျောပါ၍နေပေမည်။

အာကာသယာဉ်အတွင်း၌ အိပ်စက်စဉ် အခြားတနေရာသို့ မလွင့်ပါးသွားစေရန် နံရံတွင် ချိတ်ဆွဲထားသော အိတ်များထားရှိပေးသည်။ ယင်းအိတ်များကို အထည်စအထပ်ထပ်ဖြင့် ချုပ်လုပ်ထားသည်။ယာဉ်မှူးတဦးသည် အိပ်စက်ရန်အဆင်သင့် ပြီဆိုပါက အိပ်မှ ဇစ်ကိုဆွဲဖွင့်၍ စောင်များထည့်ကာ အထဲသို့ လျောဆင်းဝင်ပြီး ဇစ်ကိုပြန်ပိတ်ရသည်။အိတ်တွင် ကိုယ်သိုင်း

ကြိုးများပါရှိသဖြင့် သက်သောင့်သက်သာရှိလှ၍ အနီးဝန်းကျင်သို့ လွင့်ပါးသွားမည်မဟုတ်ပေ။

အလေးချိန် မဲ့သောဒေသတွင် အိပ်စက်ရာ၌ မည်သို့မျှ ပြဿနာမရှိပေ။ ထို့ပြင် အာကာသ၌ အထက်အောက် အနေအထားဟူ၍ မရှိသည့်အတွက် အာကာသ ယာဉ်မှူးများနှင့် ခရီးသည်များသည် မည်သည့်အနေအထား၌မဆို အိပ်စက်နိုင်သည်။ အလေးချိန် မဲ့နေသည့်အတွက်လည်း ဦးခေါင်းကို ညီသည့်ဘက်တွင်ထားထား မည်သို့မျှ ခြားနားမှုရှိမည် မဟုတ်ပေ။

အာကာသလွန်းပျံယာဉ်ပေါ်မှ တကိုယ်ရေ သန့်ရှင်းရေးအသုံးအဆောင်များမှာ အာကာသယာဉ် အမှုထမ်းများနေထိုင်ရာ အခန်းများ ကျယ်ကျယ်ဝန်းဝန်းရှိသည့် စကိုင်းလက်(ဘ) အာကာသယာဉ်လောက် ကောင်းမွန်ခြင်း၊ ပြည့်စုံခြင်း မရှိနိုင်သည်။ အာကာသလွန်းပျံယာဉ်ပေါ်တွင် ရေချိုးရန်နေရာပါ၊ မျက်နှာသုတ်ပဝါနှင့် ကိုယ်သုတ် အဝတ်အထည် များလည်းမရှိပေ။ သို့သော် နာဆာ၏အဆိုအရ အာကာသလွန်းပျံယာဉ်ပေါ်ရှိ တကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင် တို့တွင် ဆိုင်းနေသော မျက်နှာသုတ်ပဝါ အများအပြားပါရှိသည်ဟု ဆို၏။ ယင်းမျက်နှာသုတ်ပဝါ ကလေးများဖြင့် ကိုယ်ကိုပွတ်တိုက်နိုင်၏။ သို့သော် မလွယ်ကူပေ။ အဘယ်ကြောင့် ဆိုသော် မျက်နှာသုတ်ပဝါကလေးသည် အခန်းအတွင်း၌ လွင့်ပါးသွားပါက အာကာသယာဉ်မှူးက လိုက်လန်ဆွဲယူရမည်ဖြစ်သောကြောင့်ပင်။

အာကာသလွန်းပျံယာဉ်မှ ကျင်ကြီးကျင်ငယ်စွန့်ပစ်ရာ နေရာမှာ စကိုင်းလက်(ဘ) အာကာသယာဉ်၌ပါဝင်သောနေရာ

www.burmeseclassic.com

www.burmeseclassic.com

ကဲ့သို့ပင် ဖြစ်သည်။ အဓိက စဉ်းစားခဲ့ရသည့် ကိစ္စမှာ ကုန်တိုက်ခိုင်ခံ့ခိုင်းကြိုးနှင့် ခြေကုတ်တို့အတွက် ဖြစ်သည်။ ဆွဲငင်အားမဲ့သောဒေသ၌ လေဟာနယ်တလျှောက်စီးဆင်းမှု ဖြစ်ပါက အညစ်အကြေးကိုလူ့ကိုယ်ခန္ဓာမှ ချက်ချင်း ခွဲခြားပေးလိုက်သကဲ့သို့ရှိခဲ့သည်။

အလေးချိန်မဲ့ ဒေသတွင် သန့်ရှင်းသော တူညီဝတ်စုံဝတ်ဆင်ရာ၌ အခက်အခဲ မရှိပေ။ ဆွဲကန့်လန့်ကာများ ပါရှိသောအိပ်စင်၌ပင် လွတ်လွတ်လပ်လပ် လဲလှယ် ဝတ်ဆင် နိုင်သည်။ အာကာသလွန်းပျံယာဉ်ပေါ်၌ သွားလာနေထိုင်ရေးအခြေအနေသည် မီးရထားနှင့် ခရီးဝေး သွားရသည်နှင့် တူပေ သည်။ ခေတ်မီဟိုတယ်ကြီးများ၌ နေထိုင်ရ သကဲ့သို့လည်း မ ဟုတ်။

ထို့ပြင် ခေတ်ဟောင်း မြင်းလှည်းဖြင့် ခရီးသွားရသကဲ့သို့လည်း မပင်ပန်းပေ။

စိတ်ပြေလက်ပျောက်နှင့် အပြောင်းအလဲ ဖြစ်လိုသူတို့ အတွက် အာကာသလွန်းပျံယာဉ်ဖြင့် ခရီးသွားခြင်းသည် အထူးပင် သင့်တော်လှပေသည်။ ယေဘုယျအားဖြင့် အာကာသတွင် အချိန်ကြာမြင့်စွာ နေထိုင်ပါက အရပ်တလက်မလောက်ပိုရှည်လာပြီး ကိုယ်အလေးချိန် လျော့ပါးသွားနိုင်သည်။ သို့မဟုတ် ခန္ဓာကိုယ်အတွင်း အရည်များ လှည့်ပတ်မှု နှေးကွေးရာမှမြန်ဆန်သွားသဖြင့် လူ့ကိုယ်ရည် စစ်သွားနိုင်သည်။

အာကာသလွန်းပျံယာဉ်ပေါ်၌ ခမ်းခမ်းနားနား မဟုတ်သော်လည်း ခြိုးခြိုးခြံခြံဖြင့် နေထိုင်စားသောက်ရမည် မဟုတ်ပေ။ လူတဦးအတွက် တနေ့လျှင် ကယ်လိုရီ ၃,၀၀၀ ခန့် ပါဝင်သော အစားအစာများ စားသုံးရန် အစားအ သောက်စာရင်းရေးဆွဲထားသည်။ အပိုအလိုအာကာသယာဉ်ဖြင့် လိုက်

ပါကြသူ အာကာသယာဉ်မှူးများ၏ နေ့စဉ်အစာတွင် ကယ်လိုရီ ၂,၈၀၀ သာ ပါဝင်သည်။ ထို့ကြောင့် အာကာသလွန်းပျံယာဉ်ဖြင့် အာကာသခရီး သွား လာ ရ ခြင်း မှာ သက်တောင့်သက်သာ ရှိသည်ဟု ဆိုရပေမည်။ အထောက် အထားများလည်း ရှိသည်။ ယာဉ်အမှုထမ်းများ အနေဖြင့်လည်း သူတို့ကြိုက်နှစ်သက်ရာ အစား အစာနှင့် အဖျော်ယမကာ တို့ကိုလိုအပ်ပါကစားခွင့်ပြုသည်။ အချို့သောသူများသည် အိပ်ခါနီးမှန့်ချိုစားသုံးရပါမှ သို့မဟုတ် အဖျော်ယမကာ တဇွန်းတခွက် သောက်ရပါမှ အိပ်ပျော်နိုင်သည့် အလေ့အကျင့် ရှိခဲ့ကြသည်။ ယင်းကဲ့သို့သော ပုဂ္ဂိုလ်များအတွက် လိုရာကိုစားသုံးခွင့်ပြုခဲ့သည်။

ကနဦး အာကာသ အစီအစဉ်များ ပြုလုပ်စဉ်က ပျံ သန်းချိန် တိုးတောင်း လွန်းသဖြင့် အစား အစာနှင့် ပတ်သက်၍ပြဿနာမရှိခဲ့ပေ။ စားသောက်ရန်အတွက်ပြဿနာလည်းနည်း၏။ ဂျင်မီနီပျံသန်းမှုများ ပြုလုပ်သည့် အခါတွင်မူ အစားအစာကိုမျစ် ခွဲခွဲအရာများ အဖြစ်သို့ ပြောင်းလဲ ပြုလုပ်ကာ သွားတိုက်ဆေးဗူးကဲ့သို့သော ဗူးတွင်ထည့်၍ ပါးစပ်နှင့်တေ့ပြီးညှစ်ထုတ်စားသောက်ခဲ့ ကြရသည်။ ထိုအချိန်ကမူ အစားအစာမှ အစအနများ အလေးချိန်မဲ့သောအခန်းတွင်း၌ လွင့်ပါးသွားပါက အခြား စက်ကိရိယာများအား အန္တရာယ် မပြုနိုင်ရန် လိုက်လံဖမ်းယူကြရသည်။

နောက်ပိုင်းတွင်မူ အစားအစာများကို သွားတိုက်ဆေးဗူးကဲ့သို့သော အရာတွင်ထည့်၍ ထားသည့်အရာများ အပြင် မဝေးသောအားနှင့် ရေနုတ်ထားသော အစား အစာခဲများ သို့မဟုတ် အအေးဓာတ်ဖြင့် အခြောက်ခံကာ ပြုလုပ်ထားသော အစားအ

www.burmeseclassic.com

www.burmeseclassic.com

စာများကို အာကာသတွင် စားခွင့်ပြုခဲ့သည်။ ယင်းကဲ့သို့သော အစားအစာများကို အာကာသယာဉ်မှူးများသည် မစားလိုကြပေ။ ထို့ကြောင့် အစားအစာနှင့် ပတ်သက်၍ မကျေနပ်ချက်များကို ဟူစတန်ရှိ အာကာသထိန်းချုပ်ရေးဌာနသို့တိုင်တန်းခဲ့ကြသည်။

အပိုလိုအာကာသယာဉ်ဖြင့်အာကာသခရီးရှည်သွားရောက်ခဲ့ကြသည့်အခါတွင် အစားအစာစားသောက်ရေးမှာ အတော်ကလေးအဆင်ပြေလာခဲ့သည်။ စားသုံးသူတို့ခံတွင်းတွေ့စေရန် ပြုပြင်ရေး နည်းသစ်များ၊ အပူပေးခြင်းနှင့် အအေးခံ ခြင်းများတို့ကိုပါ ပြုလုပ်နိုင်အောင် ဖန်တီးပေးခဲ့ကြသည်။ အပိုလို ၈-အာကာသယာဉ်ဖြင့် လိုက်ပါခဲ့ကြသူ အာကာသယာဉ်မှူးများသည် အာကာသယာဉ်ပေါ်၌ ခရစ်စမတ် ညစာကို သာမန်အိမ်၌ စားသောက်ရသကဲ့သို့ စားသုံး ကြရသဖြင့် အံ့အားသင့်ခဲ့ကြရသည်။ အစားအစာများကိုလည်း ဗူးအတွင်းမှညှစ်ထုတ်မစားရပဲ အိမ်မှာကဲ့သို့ပင် ဇွန်းခက်ရင်းဖြင့် စားသောက်နိုင်ခဲ့ကြသည်။ အပိုလို ၈-ဖြင့် ယူဆောင်သွားသော အစားအစာကို အမြဲတမ်းနွေးနေစေရန် လုပ်ဆောင်ထားပြီး သတ္တုပြား ပါးပါးကလေးများဖြင့် ထုပ်ကာ ထားခဲ့သည်။ ဤသို့ပြုလုပ်ရာမှ နောက်ပိုင်းတွင် ရေရောယူရသော အစား အစာများကို ပလတ်စတစ်ခွက်ရော ဇွန်းပါ ပါသည့် အထုပ်အဖြစ်တီထွင်ထုတ်လုပ်ခဲ့ကြသည်။ ရေကို အဆို့ရှင် တခုမှ ထုတ်ယူနိုင်ပြီး အစာကိုမူ ဇစ်ဖြင့် ဖွင့်နိုင်ပိတ်နိုင်သောဗူးမှ ယင်းဇွန်းဖြင့် ခပ်ယူ စားသုံးနိုင်သည်။

စကိုင်းလက်(ဘ) အာကာသယာဉ်ဖြင့် လိုက်ပါကြသောအာကာသယာဉ်မှူးများသည် အစားအသောက်နှင့်ပတ်သက်

၍ လွန်မင်းစွာညည်းညူခြင်းမပြုကြတော့ပေ။ ယာဉ်မှူးတဦးစီကို တနေ့လျှင် အစားအစာ ၄.၄ ပေါင်ခန့်ပေးသည်။ ထို့အပြင် အာကာသယာဉ်ပေါ်၌ ပထမဦးဆုံးအကြိမ်အဖြစ် အအေးခံ သေတ္တာ၊ ရေခဲသေတ္တာနှင့် အပူပေးခွက် စသည်တို့ကို သယ်ဆောင်သွား ခဲ့သည်။ အဖျော်ယမကာ များကို ညှစ်၍သောက်သုံးရသော ဗူးများတွင်ထည့်ထားလေ့ရှိသည်။သို့သော် အစားအစာများကိုမူ အလူမီနီယမ် သတ္တုဗူးများတွင် ထည့်၍စားသောက်ရာတွင် အသုံးပြုရသည့် အပူပေးခွက် အတွင်း၌ထားရှိသည်။

အပိုလို-ဆိုယု တွဲဖက်၍ အာကာသပျံသန်းမှု ပြုလုပ်သည့်အခါတွင် ရုရှအာကာသယာဉ်မှူးများသည် သူတို့အ တွက်အစားအစာများကို သတ္တုဗူးများ၊ အလူမီနီယမ်ဗူးများတွင် ထည့်၍ ယူဆောင်လာကာ စားသုံးကြသည်။ အာကာသယာဉ်ပေါ်၌လည်း အပူပေးကိရိယာများပါဝင်လာပြီး ယာဉ်မှူးတို့ အလိုရှိသော အစားအစာများကိုရွေးယူ၍ စားသုံးခဲ့ကြသည်။

အာကာသလွန်းပျံယာဉ်ပေါ်၌ အစားအစာ စားသောက်ခြင်းသည် များစွာ အဆင်ပြေသည်ဟု ဆိုနိုင်သည်။ ယာဉ်၏ကြိတွင် မီးဖိုငယ်တခု ပါရှိသည်။ နောက်ပိုင်းတွင် နေရာထွက်နှင့် ဓာတ်အားရရှိမှုအပေါ် မူတည်၍ ရေခဲသေတ္တာ ယူဆောင်သွားမည်ဖြစ်သည်။ အစားအစာများမှာလည်း စကိုင်းလက်(ဘ) ယာဉ်မှာကဲ့သို့မဟုတ်ပဲ ပူပူနွေးနွေးဖြင့် စားသုံးနိုင်ကြမည်ဖြစ်သည်။ စကိုင်းလက်(ဘ)အာကာသယာဉ်ပေါ်၌ရှိသော လေဖိအားသည် သာမန်ထက် လျော့နည်းနေသဖြင့် အစားအစာများ ပူကျက်၍ လာလေ့မရှိပေ။ ကမ္ဘာပေါ်ရှိ

www.burmeseclassic.com

www.burmeseclassic.com

မြင့်မားသောဒေသများတွင် အလွန်ပူလောင်နေသော ရေနွေး တည်မရသကဲ့သို့ပင်ဖြစ်သည်။

အာကာသလွန်းပျံယာဉ်မှ မီးဖိုသည် ပင်လယ် ရေမျက်နှာပြင် ဖိအားမျိုးရစေရန် ဖန်တီးထားသောအခန်းတွင်း၌ လုပ်ဆောင်ရသဖြင့် အစားအစာများကို ၁၈၅ ဒီဂရီအထိ အပူပေးနိုင်ပြီး အပူရှိန်ကိုလည်း နွေးနေစေရန် သို့မဟုတ် ထပ်မံအပူပေးရန်အတွက် ၁၅၀ ဒီဂရီ တပြေးညီ ထားနိုင်သည်။ ထို့ပြင် ပုံစံအမျိုးမျိုး ခွက်အမျိုးမျိုးတွင် ထည့် ထား သော အစားအစာ အများအပြားကိုလည်း အပူပေးနိုင်သည်။

အတော်အတန်ကျယ်ဝန်းသည့် အာကာသလွန်းပျံယာဉ် မှ စင်္ကြံတွင် အစားအစာသိုလှောင်ခန်း၊ မီးဖို၊ ပန်းကန်ဆေးကိရိယာ၊ ရေပူနှင့်ရေအေးထွက်ရှိသော ပိုက်များနှင့် ထမင်းစားပွဲတခု ပါရှိသည်။ လေး-ငါးမိနစ် အတွင်း၌ အမှုထမ်းတဦးဦးက ထမင်းဟင်းများကို ပြင်ဆင်နိုင်သည်။ ထို့နောက် တနာရီခန့်အပူပေးကာ စားသုံးနိုင်ကြသည်။ ခွက်များနှင့် အခြား အသုံးအဆောင်များကို စိုထိုင်းနေသော မျက်နှာသုတ်ပဝါအငယ်ကလေးများဖြင့်သုတ်ကာ သန့်ရှင်းစေနိုင်သည်။ အကယ်၍ တစုံတယောက်သောသူက အချက်အပြုတ်တာဝန် မယူပါက၊ အမှုထမ်းတဦးချင်းသည် မိမိ၏အစားအစာကို မိမိဘာသာ ပြင်ဆင်ကြရသည်သာမက သန့်ရှင်းရေးကိုလည်း တာဝန် ယူကြရသည်။

အာကာသ လွန်းပျံယာဉ်ပေါ်တွင် အမှုထမ်းများအတွက် အစားအစာ ၇၄ မျိုးနှင့် အဖျော်ယမကာ ၂၀ မျိုး ထားရှိသည်။ ၆ ရက်စာ တခုနှင့်တခု မတူသည့်အစားအစာ စာရင်းလည်း ရရှိနိုင်သည်။ သတ္တမမြောက်သောနေ့၌မူ၊ မူလ စတင်

ခဲ့သောအစားအစာ စာရင်းပြန်လည်အသုံးပြုရမည်ဖြစ်သည်။ စင်္ကြံရှိ ထမင်းစားစာပွဲတွင်မစားလိုသူများအတွက် အလေးချိန်မဲ့သောနေရာတွင် အစားအစာခွက်ကို ပေါင်ပေါ်တင်၍ စားလည်းကောင်း၊ သို့မဟုတ် ထရံရှိ အထူးပြုလုပ်ထားသောချိတ်ကဲ့သို့သောအရာတွင် ချိတ်၍လည်းကောင်း စား သောက်နိုင်သည်။ အစားအစာများကိုလည်း နံနက်စာ နေ့လယ်စာ နှင့် ညစာဟူ၍ခွဲခြားကာ စားသုံးနိုင်သည်။အချို့အစားအစာများမှာ အထူးပြုလုပ်ထားခြင်းမရှိပဲ သာမန်အစားအစာမျိုးကဲ့သို့ပင် ပြုပြင်ထားသည်။ တခါတရံ ဈေးဆိုင်မှ ဝယ်ယူခဲ့သောအခြေအတိုင်းပင် တွေ့နိုင်သည်။ သို့သော် စားသောက်ရသည့်အခါတွင် အရသာ တွေ့ချင်မှ တွေ့ပေမည်။ အာကာသလွန်းပျံယာဉ်ပေါ်တွင် ရေခဲမုန့်နှင့် အေးနေသောအာလူးပြုတ်စသည်တို့ကို ရရှိနိုင်မည်မဟုတ်ပေ။

အာကာသလွန်းပျံယာဉ်နှင့် တင်ဆောင်သွားသော ပစ္စည်းကိရိယာများအတွက် လျှပ်စစ်ဓာတ်အားကို ဟိုက်ဒရိုဂျင် နှင့် အောက်စီဂျင် အရည်များ အအေးခံရာ၌ အသုံးပြုသည့် လောင်စာအိုး ၃ လုံးမှ ရယူနိုင်ခဲ့သည်။ယင်းလောင်စာ ဓာတ်အိုးများသည် ဝန်းပတ်ယာဉ်ကိုယ်ထည်အလယ်ပိုင်းရှိ ရှေ့ခန်းအခန်းတွင် ထားရှိသည်။ လောင်စာ ဓာတ်အိုးများအတွက် ဟိုက်ဒရိုဂျင်နှင့် အောက်စီဂျင်ကို ဝန်းပတ်ယာဉ်ဖြင့် သယ်ယူခြင်းမှ စွမ်းအင်ဓာတ်အား ၁,၅၃၀ ကီလိုဝပ်နာရီ ထွက်ရှိသည်။ အာကာသတွင်း ၇ ရက်ကြာနေထိုင်စဉ်တွင်၊ တင်ဆောင်သွားခဲ့သည့် ပစ္စည်းကိရိယာများကလည်း အနည်းဆုံး စွမ်းအင်ဓာတ်အား ၅၀ ကီလိုဝပ်နာရီ သုံးကြမည်ဖြစ်သည်။ ထို့ပြင် အရေအတွက်ကို မူလထွက်ရှိသော ဓာတ်အား အရေ အ

www.burmeseclassic.com

www.burmeseclassic.com

အာကာသ သုတေသနနှင့် ဒုံးပျံဆိုင်ရာ ပညာရပ်များနှင့် **အနည်းအပါးသာ** သက်ဆိုင်သည့် ရုပ်ရှင်ဒါရိုက်တာ ဖရစ် (ဇ)လင်း (ဂ) ၁၉၂၉ ခုနှစ်က တီထွင်ခဲ့ခြင်း ဖြစ်သည်။ **မစ္စတာလင်း**(ဂ) ရိုက်ကူးသော "ဖရော အင် (မ) မွန်ဒေး" **ရုပ်ရှင်ကား၏** ဇာတ်ဝန်ခန်းတခု သက်ဝင်လှုပ်ရှားလာစေရန် **တီထွင်ခဲ့ခြင်းဖြစ်သည်**။)

၁၀ စက္ကန့်အလိုတွင်၊ ဝန်းပတ်ယာဉ် စက်ကိရိယာခုံမှ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသော မီးရောင်များအားလုံး စိမ်းသွားခဲ့သည်။ ပျံသန်းမောင်းနှင်ရေး အခန်းတဘက်ထောင့် အပေါ်ပိုင်းရှိ စက်ခလုတ်ခုံ၌လည်း တည်ငြိမ်သော အစိမ်းရောင် မီးလုံးများဖြင့် တောက်ပနေသည်။ "တာဘိုလောင်စာပံ့စက်မှာ" လည်း မြည်ဟည်းကာ စတင် လှုပ်ရှားလာသည်။

"ကိုး" ထိန်းချုပ်ရေးစခန်းမှ ဂဏန်း နောက်ပြန်ရေတွက်မှုကို ယာဉ်မှူးများ နားကျပ်မှတဆင့် ကြားရသည်။ အသံချဲ့စက်များမှ တဆင့် ကြားရသော၊ ၎င်းအသံသည် သတင်းပြန်ကြားရေးဘက်မှ ပုဂ္ဂိုလ်များရှိသော နေရာများနှင့် ဒုံးပျံပစ်စင်အမှတ် ၃၉-အေ၏ အနောက်ဘက်ရှိ အဆောက်အအုံများ အတွင်း၌ ပဲ့တင်ထပ်သွားခဲ့သည်။

"ဝုန်း"

အာကာသလွန်းပျံယာဉ်၏ အဓိကအင်ဂျင် မီး စတင်ကူးလောင်ပြီ။

"ရော်ဂျာ"

အာကာသ လွန်းပျံယာဉ်၏ အဓိကအင်ဂျင်သုံးလုံးမှ တွန်းကန်အားများ တဖြည်းဖြည်းချင်း များလာစေရန် စက္ကန့်အနည်းငယ်အတွင်း စုစည်းတည်ဆောက်လျက် ရှိသည်။ ဤသို့တည်ဆောက်ရာတွင်၊ အပြင်ပိုင်း တိုင်ကီမှ အောက်စီဂျင်

အရည်နှင့် ဟိုက်ဒရိုဂျင်အရည်တို့ကို ဂါလန်ထောင်နှင့်ချီ၍ စုပ်ယူခဲ့သည်။ ဝန်းပတ်ယာဉ် လှုပ်ရှား ယိမ်းယိုင်လာပြီး၊ မိုးရာသီ၌ ကြုံတွေ့ရလေ့ရှိသော လေပြင်းမုန်တိုင်း အတွင်းမှ မိုးချုန်းသံကဲ့သို့သော အသံများသည်လည်း တဖြည်းဖြည်းချင်း ကျယ်လောင်လာသည်။

"ငါး... လေး"

လောင်စာအခဲသုံး ဒုံးပျံများ၏ လှုပ်ရှားမှုဖြင့် စတင်ကာ ဒုံးပျံနှင့်ယာဉ်ပါတွန်းကန်ကာ တွန်းကန်အားပေါင်း ခုနစ်သန်းခန့်ဖြင့် တွန်းပေးခဲ့သည်။

"ကျွန်ုပ်တို့၏ လောင်စာအခဲသုံးဒုံးပျံ မီးစတင်ကူးလောင်ပြီ..."

"ရော်ဂျာ"

"လွှတ်တင်ပါတော့" ထိန်းချုပ်ရေးစခန်းမှ အမိန့်ပေးသံသည် ပတ်ဝန်းကျင်အသံဗလံနှင့် ဒုံးပျံလောင်စာတို့၏ တွန်းကန် အားသံတို့အကြား၌ အထူးပင် တိုးလှသည်။

"ကျွန်ုပ်တို့ လွှတ်တင်လိုက်ပါပြီ"

"ရော်ဂျာ...ကျွန်ုပ်တို့၏ ဒုံးပျံယာဉ်ကြီး စတင် ထွက်ခွာပါပြီ"

အာကာသလွန်းပျံယာဉ်နှင့်ဒုံးပျံကြီးတို့ ထက်ကောင်းကင်သို့ စတင်ထွက်ခွာ၍အပြီး၊ခြောက်စက္ကန့်အကြာတွင် ပစ်လွှတ်မျှော်စင်၏အထက် ရောက်ရှိသွားသည်။ စက္ကန့် ၃၀ အကြာတွင်မူ "ကွန်ကော့(ဒ) လေယာဉ်ထက် ပို၍လျင်မြန်စွာ ခရီးအောက်နိုင်သည်။ အာကာသ လွန်းပျံယာဉ်၏ အဓိက အင်ဂျင်တွင်းသို့ လောင်စာအရည်များ တစက္ကန့်လျှင် အလေးချိန် (၁၁)တန်မျှ ဝင်ရောက်ခဲ့ကြပြီး လောင်စာအခဲသုံး ဒုံးပျံများ အတွင်းဝယ် လောင်ကျွမ်းခဲ့ကြသည်။ မြေပြင်မှ

www.burmeseclassic.com

တွက်မှ ရယူမည်လည်းဖြစ်သည်။ အကယ်၍ အာကာသယာဉ်သည် အာကာသတွင်း၌ ရက်ပေါင်း ၃၀ ခန့် နေရမည်ဆိုပါက၊ သို့မဟုတ် ဓာတ်အားများ ထပ်မံလိုအပ်မည်ဆိုပါက ဝန်းပတ် ယာဉ်တွင် အထူး လောင်စာဆုပ် ပစ္စည်းများတင်ဆောင်သွားမည်ဖြစ်သည်။

လျှပ်စစ်စွမ်းအင်ရရှိရန် ဟိုက်ဒရိုဂျင်နှင့် အောက်စီဂျင်တို့ကို ဓာတ်တုံ့ပြန်စေခဲ့ရာမှ ရရှိသော အပိုပစ္စည်းသည် ရေဖြစ်၏။ ယင်းစနစ်သည် အထူးပင် သင့်လျော်သည် ဟု ဆိုရပေမည်။ အာကာသယာဉ်အမှုထမ်းများအသုံးပြုရသည့်ရေမှာ အာကာသ ယာဉ်အတွက် စွမ်းအားထုတ်လုပ်ရာမှ ရရှိသော အပိုပစ္စည်းဖြစ်၍နေပေသည်။

အာကာသလွန်းပျံ ခရီးစဉ်များ၌ အစွမ်းထက်ထက်ဆောင်ရွက်နိုင်ရန် ဝန်းပတ်ယာဉ်တွင်ပစ္စည်းမျိုးစုံတင်ဆောင်နိုင်သည့်အပေါ်တွင် တည်ရှိသည်။ ထိုသို့ ပစ္စည်းမျိုးစုံ တင်ဆောင်နိုင်ရန် ဝန်းပတ်ယာဉ်ပစ္စည်းကိရိယာခန်းရှိ နံရံနှင့် ပေ ၆၀ ရှည်ကြမ်းပြင်လိုဏ်ခေါင်းတို့တွင် ချိတ်စရာများ တပ် ဆင် ထားသည်၊ ပစ္စည်းခန်း၌လည်း အမှုထမ်းများ၏ အပို အသုံး အဆောင်များ၊ လျှပ်စစ်ဓာတ်အားထုတ် အပို ပစ္စည်းများနှင့် ကိရိယာများထားရှိရန် ချိတ်များနှင့် အခြား အသုံးပြုဖွယ်ရာများ ထားရှိသည်။ ပစ္စည်းနှင့်ကိရိယာခန်းတွင် အပြည်ပြည်ဆိုင်ရာ စံချိန်အရ ပြုလုပ်ထားသော ချိတ်ဆက်ရေး ကိရိယာတပ်ဆင်ထားသည်။ ဤသို့ပြုလုပ်ထားခြင်းဖြင့် နောင် အနှစ် ၂၀ ခန့်အကြာ၊ အာကာသလွန်းပျံယာဉ်အား နိုင်ငံတကာမှ အသုံးပြုသည့်အခါတွင် ပိုမို၍ လွယ်ကူစွာ အသုံးပြုနိုင်ကြမည်ဖြစ်သည်။

ဝန်းပတ်ယာဉ်၏ ဆက်သွယ်ရေးစနစ်အတွက် အင်တင်နာ ၂၀ (ကောင်းကင်ကြိုး)ကိုလည်းကိုယ်ထည်ရှေ့ပိုင်းတွင် တပြေးညီတပ်ဆင်ထားသည်။ ဤသို့တပ်ဆင်ထားသဖြင့် မြေပြင်ဆက်သွယ်ရေးစခန်းမှ အမိန့်ပေးသံများ ရောက်ရှိနေသော အမြင့်အကွာအဝေး ဖော်ပြချက်များနှင့် ရုပ်မြင်သံကြားဖြင့် ဆက်သွယ်မှုများကို တိုက်ရိုက်ပြုလုပ်နိုင်မည်ဖြစ်သည်။ ထို့ပြင် အာကာသယာဉ် အပြင်ထွက်၍ တာဝန် ထမ်းဆောင်သူ များနှင့် ပစ္စည်းကိရိယာ အတင်အချပြုလုပ်သူများနှင့်လည်း တိုက်ရိုက်ဆက်သွယ်နိုင်သည်။ အာကာသဝန်းပတ်ယာဉ်သည် ကမ္ဘာပေါ်ရှိ မည်သည့် စုပေါင်းဆက်သွယ်ရေးစခန်းများနှင့်မဆို ဆက်သွယ်နိုင်ပြီး၊ ဆက်သွယ်ရေးဂြိုဟ်တုများနှင့်လည်း အဆက်အသွယ် ပြုလုပ်နိုင်သည်။

အာကာသလွန်းပျံယာဉ်ပေါ်၌ ဆောင်ရွက်သမျှအဖုံဖုံကို မြေပြင်ထိန်းချုပ်ရေးစခန်းသို့ ကြိုတင်အစီရင်ခံရသည်။ ယင်းစခန်းမှ အတည်ပြုချက်ရမှသာ လုပ်ငန်းစတင်ရသည်။ အာကာသလွန်းပျံယာဉ်၏ တာဝန်တရပ်မှာ အာကာသယာဉ်ပေါ်တွင် ပါဝင်သည့် လက်အတုကဲ့သို့သောကိရိယာကိုသုံး၍ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းလက်တုကိရိယာကို ပျံသန်းရေးကုန်းပတ်အထက်ပိုင်းရှိ ထိန်းချုပ်ရေးအခန်းမှ ကိုင်တွယ်ထိန်းချုပ်ပေးသည်။

လက်တုကိရိယာ၏ လိုအပ်သမျှအနေအထားကို စက်ကိုင်တွယ် မောင်းနှင်သူက ထိန်းကျောင်းပေးသည်။ ယင်းပုဂ္ဂိုလ်၏ လုပ်ဆောင်ချက် မှန် မမှန်၊ အနေအထား ရွေးယူမှု မှန် မမှန်သည်တို့ကို အာကာသယာဉ်ပေါ်၌ ပါရှိသော ကွန်ပျူတာ

www.burmeseclassic.com

www.burmeseclassic.com

စက် ၅ လုံးမှ ရရှိသော အချက်အလက်များနှင့် ညီမညီ ကိုက်ကြည့်နိုင်သည်။ ထို့ပြင် လက်တွေ့မြင်နိုင်ရန်အတွက်မူ ပစ္စည်းခန်းအပေါ်ဆီး၌ရှိပြီး၊ နောက်ဘက်သို့မျက်နှာမူ ဖောက်ထားသော ပြတင်းပေါက်ကို အသုံးပြုနိုင်သည်။

လက်တုကိုရိယာမှာ အဖျားနှစ်ခု ဆက်ထားသော တယ်လီဖုန်းတိုင် နှစ်တိုင်ခန့်ရှည်လျားသည်။ အာကာသတွင်း၌မူ ၎င်းသည် ဘတ်(စ)ကားတမျှ ကြီးမားသော ပစ္စည်း ကိရိယာများကို ကိုင်တွယ် ပြောင်းရွှေ့နိုင်သည်။ ဝန်းပတ်ယာဉ်အား ပခုံးဆက်ဖြင့် ချိတ်ဆက်ထားသည့် လက်တုကိရိယာ၏အလယ်၌ ချိုးရန် ကောက်ရန်အတွက် အဆက်ပြုလုပ်ထားသည်။ အဖျားပိုင်း၌မူ လက်သဏ္ဌာန် အစိတ်အပိုင်းများ တင်ဆင်ထားပြီး လက်ကောက်ဝတ် အဆက်ကဲ့သို့လည်း ကွေးနိုင် ကောက်နိုင်အောင်လည်း ပြုလုပ်ထားသည်။

ယင်းလက်တုကိရိယာဖြင့် အာကာသလွန်းပျံယာဉ် ပစ္စည်းခန်း၌ပါရှိသော ဂြိုဟ်တုသစ်ကို အာကာသအတွင်းထားရှိခြင်း၊ ပြင်ဆင်ရန်လိုအပ်သော ဂြိုဟ်တုများကို အာကာသမှရယူ၍ ပစ္စည်းခန်းတွင် ထားခြင်းနှင့် ပစ္စည်းခန်းမှ ပစ္စည်း ကိရိယာများ ပြောင်းရွှေ့ခြင်း စသည်တို့ကို ပြုလုပ်နိုင်သည်။

အာကာသလွန်းပျံယာဉ်၌ ပစ္စည်းခန်း၊ လက်တုကိရိယာနှင့် အရာရာကို ထိန်းချုပ်မောင်းနှင်နိုင်သော စက်ခလုတ်များပါရှိသဖြင့် ဝန်းပတ်ယာဉ်နှင့် ယာဉ်အမှုထမ်းများသည် တကြိမ်သာ အသုံးပြုနိုင်သော အာကာသယာဉ် တင်လွှတ်ရေးများခေတ်စားစဉ်က လူအပေါင်းတို့ စိတ်ကူးယဉ်ခဲ့ကြသည့် လုပ်

ငန်းရပ်များကို ကောင်းစွာ လုပ်ဆောင်နိုင်ခဲ့ကြသည်။ နောင်အနှစ် ၂၀ ခန့်ကြာသည့်အခါ၌မူ အာကာသအတွင်း သွားလာနေထိုင်ရေးမှာ သာမန်လုပ်ငန်း အဖြစ်ဖြင့်သာမက အရာရာကို အာကာသတွင် လုပ်နိုင်သည် ဟူသော စိတ်လှုပ်ရှားမှု အများအပြားလည်း ပါဝင်လာမည်မှာ မလွဲပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အာကာသယာဉ် လွှတ်တင်ရန် နေရာ ရွေးချယ်ရေး အတွက် အခက်အခဲ အဟော်ပင်တွေ့ခဲ့သည်။ အမေရိကန်ပိုင် ပစိဖိတ်သမုဒ္ဒရာတွင်းရှိ ဩန်စတင်ကျွန်းကလေး၊ သို့မဟုတ် ဖလော်ရီဒါ ပြည်နယ်၊ ကိုကိုးမြို့ကလေးရှိ လေတပ်မတော် လေ့ကျင့်စမ်းသပ်ရေးစခန်းစသည်တို့မှာ အထူးသင့်လျော်သော နေရာများဖြစ်သည်။

ဝါနာဗွန်ဘရွန်
၁၉၅၂ ခုထုတ်
"အာကာသနယ်ခြားကိုဖြတ်၍" စာအုပ်မှ။

အခန်း (၅)
လွှတ်တင်ခြင်း၊သက်ဆင်းခြင်းနှင့် လွှတ်တင်အပြီး မသက်ဆင်းမီကြားကာလ

အာကာသလွှန်းပျံယာဉ် ကုန်တင်ခန်းတွင် ပစ္စည်းကိရိယာ ပါဝင်သည်။ လိုက်ခေါင်းသလ္လာန် ပြုလုပ်ထားသော ပစ္စည်း ခန်း၌ ဖြုတ်သိမ်နေအောင်ထားရှိသည်။ ၎င်းတို့တွင် ဆက်သွယ်ရေး ဂြိုဟ်တုတလုံးလည်းပါဝင်ခဲ့သည်။ ယင်းဂြိုဟ်တုကို ကျူ ... မြို့ရှိ ကွန်ပျူတာစက်များနှင့် အခြားမြို့များရှိ ကွန်ပျူ ... စက်များ၏ ညွှန်ကြားချက်အတိုင်း ကနဗာရယ်အငူ၏ အ... အလွန်မြင့်တက်သောနေရာမှ ဆက်သွယ် ဆောင်ရွက် ပေးစေ...

ဖြစ်ရာ အာကာသယာဉ်သည် ဂြိုဟ်တုလွှတ်တင်ရန်အတွက် လိုအပ်သော နေရာနှင့် အချိန်သို့ ရောက်သည့် တိုင်အောင် ထိန်းကျောင်း မောင်းနှင်ခဲ့ရသည်။ မြေပြင်မှပေးပို့သော ညွှန်ကြားချက်အတိုင်း ယာဉ်အမှုထမ်းများသည် ဗာနီယာ အင်ဂျင် တို့ နှိုးရ၊ အမြင့်ထိန်းချုပ်ရေးအရှိန်တိုး ဒုံးပျံကိုလည်း လိုအပ်သည့် အချိန်အတိုင်း ဖွင့်ရ၊ အာကာသယာဉ်ကိုလည်း ထိန်းသိမ်းမျှ သန်းရစသည့်လုပ်ငန်းများကို လုပ်ဆောင်ကြရသည်။ ကွန်ပျူ တာစက်များကလည်း အချိန်မဆိုင်း လိုအပ်သမျှများကို တွက်ချက် ရှာဖွေပေးခဲ့ကြသည်။

ထိုစဉ် အာကာသယာဉ်သည် အမြီးပိုင်းနှင့် ဦးပိုင်းတို့မှ အရှိန်တိုးဒုံးပျံများကိုဖွင့်ချည်ပိတ်ချည်ပြုရသဖြင့် ဟိုလူးဒီလှိမ့် ဖြစ်နေသည်။ နောက်ဆုံးတွင် လိုအပ်သော အခြေအနေ အားလုံး ရရှိပြီမှ ကွန်ပျူတာစက်မှပင် အဖြေပေးခဲ့သည်။ နောက်ဆုံးတွင် အာကာသယာဉ်၏ ဝမ်းဗိုက်ပိုင်းသည် ကမ္ဘာဘက် မျက်နှာမူလျက် ကုန်တင်ခန်းဘက်မှာမူ မည်းမှောင်သည့် ဟင်းလင်းပြင် အာကာသဘက် မျက်နှာမူလျက်ရှိသည်။ အမှန်ဆိုသော် မျက်မှောက်ခေတ် တိုးတက်သော စက်မှုပညာသည် ဂျက်လှည့်ပညာနှင့် မည်သို့မျှ ခြားနားခြင်းမရှိပေ။ အာကာသ လွှန်းပျံယာဉ်သည် လူသားများနေထိုင်ရန် မသင့်လျော်သော ဟင်းလင်းပြင် အာကာသ၌ ဟိုရွေ့သည်ပြောင်း ပြုလုပ်ကာ သွားလာနေသည်ကို ၁၇ ရာစုနှစ်မှ လူတဦးဦး မြင်တွေ့ရမည်ဆိုသော် မည်သို့ပြောဆိုပါမည်နည်း။

အမေရိကန် ပြည်ထောင်စု၏ ပထမဆုံးသော ဒုံးပျံပစ်လွှတ်ရေးဌာန၊ တနည်းဆိုသော် ရှေးခေတ် ပုံပြင်ဝတ္ထုများ၌ ခေါ်အဝေါ်အရ "အာကာသယာဉ်" တင်လွှတ်ရေးစခန်းသည် နယူးမက္ကစီကိုပြည်နယ်၊ အယ်လမဂိုဂေါ်ဒိုမြို့ အနီးရှိ ... ဆင်း(ဒ) စမ်းသပ် လေ့ကျင့်ရေး စခန်း၌ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အမေရိကန်ပြည်ထောင်စု အနောက်တောင်ပိုင်းဒေသရှိ ယင်းစခန်းမှာ ညီညာပြန့်ပြူးပြီး သစ်ပင်များ မပေါက်ပဲ တိတ်ဆိတ် ငြိမ်သက်လျက်ရှိသည်။ ဒုံးပျံ ပစ်လွှတ်ရန်အတွက် သင့်တော်သည်ဟုဆိုရပေမည်။

သို့သော် ဒုံးပျံလွှတ်တင်ရေး လုပ်ငန်းများ တဖြည်းဖြည်းချင်း တိုးပွားလာသည့် အတွက် အယ်လ်ပါဆို၊ အယ်လ်ဘူကွာကြူနှင့် စင်တာဖေးမြို့များသည် ပစ်ကွင်းနှင့် မလွတ်ဖြစ်လာသည်။ အခြားဆိုးရွားသည့် အချက်တချက်မှာ မက္ကစီကိုနိုင်ငံနှင့် နီးကပ်နေခြင်းဖြစ်သည်။ ဒုံးပျံချွတ်ယွင်းပြီး မက္ကစီကိုနိုင်ငံတွင် ကျရောက်သွားပါက နိုင်ငံတကာအရေးအခင်း ဖြစ်ပွားစေနိုင်သည်။

၁၉၄၀ ခုနှစ်များ ကုန်ဆုံးချိန်ကာလ ဒုတိယ ကမ္ဘာစစ်အတွင်း ဖမ်းဆီးရမိသော ဗွီ ၂ ဒုံးပျံတလုံးပစ်လွှတ်ရာ မက္ကစီကို နယ်ခြားဆီသို့ ဦးတည်သွားခဲ့သည်။ ထိုစဉ်မှစ၍ အခြားဒုံးပျံ စမ်းသပ်ပစ်လွှတ်ရာ အမိက စခန်းတခုရှာဖွေရန် အကြံရခဲ့ကြသည်။ ချွတ်ယွင်းသွားခဲ့သော ဗွီ ၂ ဒုံးပျံသည် နယ်ခြားမြို့ ဂျူရက်(စ)အနီး ကျရောက်ခဲ့သော်လည်း လူနှင့်ကိရိယာနှင့် အသေအပျောက် မရှိသည်သာမက အခြား အပျက်အစီးဟူ၍လည်း မဖြစ်ပွားခဲ့ပေ။

ဒုံးပျံပစ်လွှတ်ရေးစခန်းသစ် ရှာဖွေရာတွင် ၁၉၅၀ ပြည့်နှစ်က ဖလော်ရီဒါပြည်နယ် အတ္တလန္တိတ် သမုဒ္ဒရာ ကမ်းခြေအနီး သဲသောင်စွန်းတခုကို တွေ့ရှိခဲ့ကြသည်။ ၎င်းဒေသက ဖလော်ရီးဒါပြည်နယ် ကိုကိုးမြို့ရှိ လေဘာပ်မတော် စမ်း သပ်လေ့ကျင့်ရေး စခန်း အဖြစ် ကနဦးက တည်ထောင်ခဲ့သည်။ တောင်ဘက် ၁၅ မိုင်ခန့်အကွာရှိ ပက်ထရစ် လေတပ်

မတော်အခြေခံစခန်း အတွက် အထောက် အကူ ရစေရန် အတွက်လည်း ဖြစ်သည်။ ကိုကိုးဘိ(ချ)ဟု ခေါ်တွင်သော ကိုကိုးမြို့ကလေးမှာ အတ္တလန္တိတ်သမုဒ္ဒရာကမ်းခြေတွင် တည်ရှိပြီး တဘက်၌ အမိက လမ်းမကြီးတခု၏ လမ်းဆုံရှိပြီး အခြားတဘက်၌မူ ကနဗာရယ်အငူမှ ရပ်ကွက်ငယ်တခု ရှိသည်။

ခေတ်မီဗွီ ၂-ဒုံးပျံ များကို ကနဗာရယ်အငူမှနေ၍ အစောဆုံး ၁၉၅၀ ပြည့်နှစ်မှ စ၍ စမ်းသပ်ပစ်လွှတ်ခဲ့သည်။ ဒုံးပျံများကို ကနဦးပိုင်း ပစ်လွှတ်စဉ်က တင်းနစ် က စား ကွင်းများကို ပြုပြင်၍ ပစ်စင်တည်ဆောက်ကာ သိပ္ပံပညာရှင်များနှင့် ဒုံးပျံအင်ဂျင်နီယာများသည်လည်း "ရှာမင်" တင့်ကားအခွံကို အကာပြုကာ ပစ်လွှတ်ကြကြောင်း မဟုတ်မမှန်လုပ်ကြံပြောဆိုခဲ့သည်။ ကနဗာရယ်အငူမှာ တချိန်ကအနားယူရာအပန်းဖြေရာ နေရာတခုဖြစ်ခဲ့သည်။

ကနဗာရယ်အငူတွင် အာကာသ ခရီး သွား လာ ရေး နှင့် စူးစမ်းရေးအတွက် သမိုင်းတွင်စေမည့် အမြဲတမ်း ပစ်စင်များတည်ဆောက်ခဲ့သည်။ ပစ်စင် ၅-၆ နှင့် ၂၆ တို့မှာ ယခုအခါ လေဘာပ်မတော်အာကာသပြတိုက် အဖြစ် ရောက်ရှိနေလေပြီ။ ယင်းပစ်စင်များမှ မာကြူရီအာကာသပျံသန်းရေးများအပါအဝင် ဂျူပီတာနှင့် ရက်(ဒ)စတုံး ဒုံးပျံများကို ပစ် လွှတ် ခဲ့သည်။ ပစ်စင် ၁၇-မှနေ၍ မိုးလေဝသဂြိုဟ်တုများဖြစ်သည့် တိုင်စတား၊အိက်(စ)ပလိုရာ၊တိုင်ရော့(စ)အပါအဝင်အခြား ဂြိုဟ်တုများကို ပစ်လွှတ်ခဲ့သည်။ ကနဗာရယ်အငူ၏အရှေ့ဘူးစွန်းသောင်ပြင်အဆုံး၌မူ ဆာဗေယာလစန္ဒာ စူးစမ်းရေးယာဉ်များကို ပစ်လွှတ်ခဲ့သည့် အတ္တလတ်(စ)စင်တော ဒုံးပျံပစ်စင်များနှင့် ရိန်ဂျာ,လစန္ဒာလေ့လာရေးယာဉ်များအား တင်လွှတ်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့သော အတ္တလတ်(စ)အဂ္ဂါနာ ဒုံးပျံများ ပစ်လွှတ်ရာစင်များ ရှိသည်။ ဂျင်မီနီအာကာသယာဉ်များကိုမူ ပစ်စင် ၁၉-မှနေ၍ တင်လွှတ်ခဲ့ကြသည်။

ပြည်မနှင့် အငူတို့အား မြစ်နှစ်စင်းနှင့် ကျွန်းတကျွန်းတို့ဖြင့် ခြားနားထားခဲ့သည်။ "ဘနားနား"မြစ်ဖြတ်၍ ကနဗာရယ် အငူပိုင်းကုန်းတွင်းသို့ ဝင်ရောက်ပါက "မာရစ်"ကျွန်းပေါ်သို့ ရောက်ရှိမည်ဖြစ်ပြီး ယင်းကျွန်းကို ပြည်မနှင့် "အင်ဒီယမ်း" မြစ်ကဖြတ်တောက်ထားသည်။ အင်ဒီယမ်းမြစ်ကမ်းတလျှောက် နှင့် တပြေးညီတည်ရှိသော ပြည်မလမ်း တလျှောက်၌ ဒေတိုနာ ဘိ(ချ)၊ တီတူ(စ)ဗီလ်နှင့်မဲလ်ဘုန်းမြို့ကလေးများရှိသည်။

ကနဗာရယ်အငူကို နှစ်ပိုင်းခွဲထားသည်။နာဆာမှာ ကနေဒီ အာကာသဌာနအသွင်ဖြင့် စစ်နှင့်မပတ်သက်သော အာကာသ အစီအစဉ်များကို ချုပ်ကိုင်ခဲ့သည်။ စစ်နှင့်ပတ်သက်သော ပစ်လွှတ်မှုများကိုမူ ကနဗာရယ်အငူ လေတပ်စခန်းမှ တာဝန်ယူ လုပ်ဆောင်ခဲ့သည်။

လူစီးအာကာသယာဉ် အစီအစဉ် တိုး ချဲ့ သည် နှင့် အမျှ နာဆာသည် ကနဗာရယ်အငူ၌ သက်ဆိုင်ရာ အဆောက်အအုံ နှင့် ပစ်စင်များ တည်ဆောက် ခဲ့သည်။ ကနဗာရယ်အငူလေ တပ်စခန်းနှင့် ကနေဒီ အာကာသစခန်း တို့သည် ဗိုက်ကင်းအာ ကာသယာဉ်အား အင်္ဂါဂြိုဟ်သို့လည်းကောင်း၊ ဗွိုင်ယေဂျာ အာကာသ ယာဉ်အား ကြာသပတေးနှင့် စနေဂြိုဟ်တို့ဆီသို့ တင်လွှတ် ပေးသည့် ဒုံးပျံပစ်စင် ၄၁ ၏ တောင် ဘက် တွင် ရှိသည်။ တဖန် "မာရစ်" ကျွန်း၏ ဝိမ့်စမ်းများ အလယ် တွင်လည်း အပိုလို အာကာသယာဉ်နှင့် စယ် တန် ဒုံးပျံများ

ပစ်လွှတ်ရာ ဒုံးပျံပစ်စင် ၃၉ အေနှင့် ဘီတို့ရှိသည်။ ဤနေရာ မှပင် အမေရိကန် အာကာသ ယာဉ်မှူး အ ချို့ လကမ္ဘာသို့ ခရီးနှင်ပို့ခဲ့သည်။ အာကာသလွန်းပျံယာဉ် ခရီးစဉ် ကိုလည်း ဤနေရာမှ အစပျိုးစေခဲ့သည်။

၁၉၆၃ ခုနှစ်က ယင်းဒေသတခုလုံးကို ကနေဒီအငူ ဟု ပြောင်းလဲခေါ်တွင်စေခဲ့သည်။ သို့သော်ယင်းအမည်မှာအသုံး နည်းလာသဖြင့် ၁၉၇၃ ခုနှစ်က ကနေဒီ အာကာသဌာနနှင့် လေတပ်မတော် စမ်းသပ်လေ့ကျင့်ရေးစခန်းတို့အား စုပေါင်း ထားသည့် စခန်း ဌာနေအား ကနဗာရယ်အငူဟု ပြန်လည် ခေါ်တွင် စေခဲ့သည်။ သို့သော်အာကာသလုပ်ငန်းရပ်နှင့်ပတ် သက်သူ အများအပြားက "အငူ"ဟူ၍အတိုကောက် ခေါ်ယူ မှတ်သားခဲ့ကြ၏။

ဤနေရာမှာ အာကာသယာဉ် မြေပြင်စခန်း ပြု လုပ် ရန် အသင့်တော်သောနေရာ ဖြစ် သည်။ အနီးဝန်းကျင် တွင် ကျယ်ပြန့် လှသော အတ္တလန္တိတ် သမုဒ္ဒရာ တည်ရှိနေ သဖြင့် အမှားအယွင်းရှိပါက (အနည်းငယ်တော့ရှိသည်) ပြဿနာ ပေါ်ပေါက်ရန် အကြောင်းမရှိပေ။ ဒုံးပျံများ၏ ပထမအဆင့် နှင့် ဒုတိယအဆင့်တို့သည် အောက်ဘက် ပင်လယ် တွင်းသို့ကျ ဆင်းသဖြင့် တဦးတယောက် ကိုမျှ အန္တရာယ် ပြုမည်လည်း မဟုတ်ပေ။

အမေရိကန်ပြည်ထောင်စု၏အခြားဒုံးပျံပစ်လွှတ်ရေးစခန်းမှာ အင်လီဖိုးနီးယား ပြည်နယ်ရှိ ဗင်ဒင်ဘာ့(ဂ)လေတပ် အခြေ ခံစခန်း ဖြစ် သည်။ နောင် တ ချိန် ချိန် တွင် အာကာသ လွန်းပျံယာဉ်များကို ဗင်ဒင်ဘာ့(ဂ) မှ တင်လွှတ်၍ ဗင်ဒင် ဘာ့(ဂ)၌ပင် သက်ဆင်းစေမည်ဟု ကြံရွယ်ထား သည်။

www.burmeseclassic.com

www.burmeseclassic.com

အနောက်ပိုင်း စမ်းသပ်ရေး ဒေသဟု ခေါ်တွင်သည့် ဗင်ဒင်ဘာ့(ဂ) စခန်း၏ (အငှားအား အရှေ့ပိုင်းစမ်းသပ်ရေးဒေသဟု အသုံးအနှုန်းသန့်စင်သူများက ခေါ်ကြသည်။)ဘေးဝန်းကျင်တွင်လည်း သမုဒ္ဒရာရေပြင်ကျယ်ကြီးရှိနေသဖြင့် လူသူလေးပါးအတွက်အန္တရာယ်ကင်းမဲ့စွာ ဒုံးပျံအဆင့်များကို ဖြုတ်ချလိုကဖြုတ်ချ သို့မဟုတ် ဖောက်ခွဲလိုက ဖောက်ခွဲနိုင်သည်။

အာကာသလွှန်းပျံယာဉ် ဝင်ရောက်ရမည့် ဝန်းပတ်လမ်းကိုမြောက်အမေရိကတိုက်၏ ရှုပပထဝီဝင်အနေအထားအရ သတ်မှတ်ခဲ့ရသည်။ အာ ကာ သ ယာဉ် လွှတ်စတွင် အဘက်ဘက်၌ အန္တရာယ် ကင်းဝေးရေးအတွက် မြေပြင်ပေါ်မှဖြတ်၍ မပျံသန်းရပေ။ ထို့ကြောင့် အင့ူမှနေ၍ တင်လွှတ်ပါက ဦးတည်လမ်းကြောင်းသည် မြောက်ဘက်တွင် "လာဘရာဒေါ်" ဒေသတောင်ပိုင်းထက် လွန်မသွားစေရပဲ တောင်ဘက် တွင် လည်း "ဘဟားမား" ကျွန်းထက်လွန်၍ မသွားရန်ဖြစ်သည်။ ဗင်ဒင်ဘာ့(ဂ)မှ တင်လွှတ်မည်ဆိုပါက ဟာဝါယီကျွန်းစုနှင့် မက္ကစီကိုနိုင်ငံတို့ထက် လွန်၍သွားရမည် မဟုတ်ပေ။ ဝင်ရိုးစွန်းဒေသများအား ဖြတ်၍ပျံသန်းရမည့် ဝန်းပတ် လမ်းကြောင်းနှင့်ဂုင်းဒေသဘက်သို့ တိမ်းသည့် လမ်းကြောင်းများ လိုအပ်ပါမူဗင်ဒင်ဘာ့(ဂ)မှ တင်လွှတ်ရန် သင့်တော်ပြီး အီကွေတာတလျောက် သွားရောက်သော ဝန်းပတ် လမ်း ကြောင်း များအတွက် ကနေဒီ အာကာသဌာနမှ တင်လွှတ်ရန် သင့်လျော်ပေသည်။

အာကာသလွှန်းပျံယာဉ် တင်ဆောင်သွားနိုင်သော ပစ္စည်းကိရိယာ အလေးချိန် အနည်းအများမှာလည်း တင်လွှတ်ရာဒေသအပေါ်၌ တည်သည်။ အင့ူမှနေ၍ အ ရှေ့ စူး စူး သို့

လွှတ်တင်မည်ဆိုပါကကမ္ဘာကြီးသည်အရှေ့ဘက်သို့တနာရီလျှင်မိုင်(၁၀၀၀)နှုန်းဖြင့် လည်ပတ်နေသဖြင့် ဖော်ပြပါ အာကာသယာဉ်တင်လွှတ်မှုကို အထောက်အကူ ပြုပေမည်။ ယင်းသို့သောအခါမျိုးတွင် အာကာသ လွှန်းပျံယာဉ်သည် စံချိန်တင်အလေးချိန်ပေါင် ၆၅,၀၀၀ ခန့် ကို တင်ဆောင်နိုင်မည်ဖြစ်သည်။ ဗင်ဒင်ဘာ့(ဂ)မှ တင်လွှတ်ပါမူ ကမ္ဘာကြီး၏ လည်ပတ်မှုကမည်သို့မျှ အကျိုးမပြုသဖြင့်ကုန်ချိန်ပေါင် ၄၀,၀၀၀ ခန့်သာ တင်နိုင်ပေမည်။ အကယ်၍ ဗင်ဒင်ဘာ့(ဂ) စခန်းမှနေ၍ အ နောက်ဘက် သို့ ဦး တည် ပစ်လွှတ်မည် ဆိုပါကကမ္ဘာကြီး၏ လည်ပတ်မှုနှင့် ဆန့်ကျင်ဘက်ဆီသို့ ဦးတည်နေသ ဖြင့် ကုန်ချိန်ပေါင် ၃၂,၀၀၀ ခန့်သာ တင်ဆောင်နိုင်မည်ဖြစ်သည်။

စစ်နှင့် မပတ်သက်သော အာကာသလွှန်းပျံယာဉ်ပျံသန်းမှုအားလုံးလိုလိုကို အင့ူမှနေ၍ တင်လွှတ်မည်ဖြစ်သည့်အပြင် ပြန်လည် သက်ဆင်းမည်လည်း ဖြစ် သည်။ က န ဗာ ရယ် အင့ူရှိအာကာသယာဉ် ပစ်လွှတ်ရေး စခန်းကိုလည်း အာကာသလွှန်းပျံယာဉ်များလွှတ်တင်နိုင်ရေးအတွက်လိုအပ်သမျှသောပြင်ဆင်မှုများ ပြုလုပ်ထားခဲ့သည်။ ထို့အပြင် ကနေဒီ အာကာသဌာနရှိ အသုံးအဆောင်နှင့် ပစ္စည်းကိရိယာများသည် အာကာသလွှန်းပျံယာဉ်ပျံသန်းမှု ၁၆၀ နာရီလျှင်တကြိမ်ကျ သို့မဟုတ်ရက်သတ္တနှစ်ပတ်လျှင် တကြိမ်ကျ ပြန်လည်ပျံသန်းစေနိုင်ရန်ပြုပြင်မွမ်းမံပေးနိုင်သည်။

ခရီးစဉ်တခုမှ ဝန်းပတ်ယာဉ် ပြန်လည်သက်ဆင်းလာချိန်မှစ၍ ထပ်မံအသုံးပြုနိုင်ရေး လုပ်ငန်းများ မြေပြင်၌ပင် စတင်လုပ်ဆောင်တော့သည်။ ကနဦး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ယာဉ်ပြေးလမ်း၌ပင် ပြီးစီးအောင်ဆောင်ရွက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့အတူ ဘေးကင်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ခဲ့သည်။ ကာကွယ်ရေးဌာနမှ ပစ္စည်းကိရိယာများ ထုတ်ယူရန်နှင့်ဖိအားပေးကိရိယာများနှင့် လောင်စာခွက်အိုးများမှ အပေါက်ငယ်ကလေးများ ဖွင့်ရန် ဝန်းပတ်ယာဉ် အား တနေရာသို့ ဆွဲယူသွားခဲ့၏။ ထို့နောက် ဘေးရန်မကင်းသောအရာများကို အာကာသလွန်းပျံယာဉ်မှ ဖယ်ရှားခဲ့ကြသည်။

အာကာသလွန်းပျံယာဉ်ကိုကြည့်ရှုစစ်ဆေးရန်အတွက်ပြုပြင်ထိန်းသိမ်းရေး ဒေသသို့ ပြောင်းရွှေ့ သွားခဲ့ကြသည်။ ပြီးခဲ့သည့် ခရီးစဉ်အတွင်းက ကမ္ဘာ့ လေထု အတွင်း ပြန်လည်ဝင်ရောက်ရာ၌ ဆုံးရှုံးသွားခဲ့ကြသော ဝန်းပတ်ယာဉ် အပေါ်ယံလွှာမှ လျှပ်ကာ ပစ္စည်းများကိုလည်း ပြန်လည် တပ်ဆင်ခဲ့ကြသည်။

ထို့နောက် ပစ္စည်းကိရိယာ အသစ်များကို ဝန်းပတ်ယာဉ်ရှိ ပြုပြင်ထိန်းသိမ်းရေးအခန်း၌ တပ်ဆင်ထားရှိ ခဲ့ကြသည်။ သို့သော် ဘေးမကင်းသည့် ကိရိယာများ၊အချိန်ကိုက်၍ လုပ်ဆောင်ရသော ကိရိယာများနှင့် ကာကွယ်ရေးဌာနမှ ပစ္စည်းများကိုမူ ဒုံးပျံပစ်စင်ရှိ ပစ္စည်းလွှဲပြောင်း တင် ပို့ ရေး အခန်းကို အသုံးပြု၍ ဝန်ပတ်ယာဉ်ဒုံးပျံပစ်စင် တက်ရောက်မှ တင်ပို့ကြမည်ဖြစ်သည်။ ကနေဒီ အာကာသ ဌာနရှိ အခြားတနေရာတွင် ပြုပြင် မွမ်းမံခဲ့သော အာကာသ လွန်းပျံယာဉ်မှ ပစ္စည်းကိရိယာ အားလုံးကိုလည်းပြန်လည်တပ်ဆင်ခဲ့ကြသည်။ ထို့နောက်ဝန်းပတ်ယာဉ်အား ယာဉ်တပ်ဆင်ရေးအဆောက်အအုံဆီသို့ ပြောင်းရွှေ့ခဲ့ကြသည်။

ဝန်းပတ်ယာဉ်အား စုစည်းတပ်ဆင်၍ စမ်းသပ်စစ်ဆေးပြီးသည့်အခါတွင် စမ်းသပ်စစ်ဆေးပြီးဖြစ်သော ပြင်ပလောင်

စာတိုင်ကီကြီးကို ပြုပြင်မွမ်းမံထားသည့် လောင်စာအခဲသုံး အရှိန်တိုးဒုံးပျံတို့နှင့် ပေါင်းစပ်လိုက်သည်။ ထိုသို့တပ်ဆင်ပြီးစီးသည့်အခါတွင် ထပ်မံ၍ စမ်းသပ်စစ်ဆေးပြန်သည်။

ထို့နောက်အာကာသလွန်းပျံယာဉ်အား ဘီးတပ်ယာဉ်ဖြင့် တဖြည်းဖြည်းချင်းသယ်ဆောင်သွားပြီး ပစ်စင်ရှိ လိုအပ်သောအစိတ်အပိုင်းများနှင့်ချိတ်ဆက်လိုက်ကြသည်။ထို့နောက်တဖန်ပစ်လွှတ်ရန် အဆင်သင့်ရှိမရှိ စစ်ဆေး စမ်းသပ်ကြပြန်သည်။ အချိန်နောက်ပြန် ရေတွက်မှုများ၊ လောင်စာဖြည့်တင်းခြင်း၊ နှင့် ယာဉ်အမှုထမ်းများ အာကာသယာဉ်အတွင်း ဝင်ရောက်ခြင်းတို့ လုပ်ဆောင်ပြီးစီးပါက အာကာသလွန်းပျံယာဉ် အာကာသခရီးနှင်ရန်အဆင်သင့် ဖြစ်ပေပြီ။ ယင်းသည့်အခါတွင် နောက်ဆုံးပိတ် အချိန်နောက်ပြန်ရေတွက်၍ အာကာသယာဉ်အား ကမ္ဘာ့အနီးဝန်းကျင် ဝန်းပတ်လမ်းကြောင်း အတွင်း တင်လွှတ်လိုက်သည်။ ဤသို့ဖြင့် အာကာသလွန်းပျံယာဉ်သည် အာကာသအတွင်းသို့ တပတ်ကျော့၍ရောက်ရှိသွားခဲ့ပြန်သည်။ ဤနည်းနှင့်နှင့် အကြိမ်ပေါင်း များစွာ လုပ်ဆောင် ကြမည်လည်းဖြစ်သည်။

ကနေဒီအာကာသဌာနရှိမှတ်သားဖွယ်ရာ အသုံးအဆောင်တို့တွင် အများက ယာဉ်ပြေးလမ်းဟု ခေါ်ဆိုသည့် "ဝန်းပတ်ယာဉ်သက်ဆင်းရေး အသုံးအဆောင်" ပင် ဖြစ်သည်။ ၎င်းယာဉ်ပြေးလမ်းသည် ကမ္ဘာပေါ်တွင် အကြီးဆုံးသော ကွန်ကရစ်လမ်း ဖြစ်သည်။ အလျားပေ ၁၅,၀၀၀ ခန့်ရှိ၍ ဖုက်ဆ ၃၀၀ ရှိရာ အာကာသလွန်းပျံယာဉ်သည် ဤယာဉ်ပြေးလမ်းပေါ်၌ ကောင်းစွာ သက်ဆင်းနိုင်မည်ဖြစ်သည်။ ယာဉ်ပြေးလမ်းဆုံးတို့တွင် ကျော်ဖြတ်၍ သွားနိုင်သော တိုးချဲ့လမ်း

www.burmeseclassic.com

www.burmeseclassic.com

ပေ ၁,၀၀၀ စီ ရှိသေးသည်။ ၎င်း ယာဉ် ပြေး လမ်း သည် ယာဉ်တပ်ဆင်ရေး အဆောက်အအုံကြီး၏ အနောက်မြောက်ဘက်တွင် တည်ရှိပြီး ကနေဒီအာကာသဌာန၏ အထင်ပေါ်ဆုံးသော အရာဟုလည်း ဆိုနိုင်သည်။

ယာဉ်ပြေးလမ်းမှ နှစ်မိုင်ခန့်ဝေးသောနေရာတွင် "ဝန်းပတ်ယာဉ် တပ်ဆင်ပြင်ဆင်မှု အဆောက်အအုံ" ရှိသည်။ သန့်ရှင်းစင်ကြယ်သောအဆောက်အအုံဖြစ်၍ အသုံးအဆောင်ပစ္စည်းများနှင့် ကျန်ရှိနေသော လောင်စာများ လုံခြုံစေရန် ဤနေရာ၌ပင် ထိန်းသိမ်းထားသည်။ ထို့ပြင် ပျံသန်းရေးနှင့် သက်ဆိုင်ရေးစနစ်မှ ကိရိယာများအား ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ အခြား ကုန်ပစ္စည်းများအား သယ်ချ ရွှေ့ပြောင်းခြင်းနှင့် ကုန်ပစ္စည်းအသစ်များအားယာဉ်ပေါ်သို့တင်ခြင်းစသည့် လုပ်ငန်းများကိုလည်းလုပ်ဆောင်သည်။

ဖော်ပြပါ ယာဉ်ပြေးလမ်းနှင့် ဝန်းပတ်ယာဉ်တပ်ဆင်မှု အဆောက်အအုံတို့သည် ကနဗာရယ်အငူတွင်အသစ်ထပ်မံဆောက်လုပ်သော အရာများဖြစ်သည်။ အာကာသလွန်းပျံယာဉ် တင်လွှတ်ရေးအတွက် အခြား အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများနှင့် အဆောက်အအုံ များမှာ အပိုလိုနှင့် စကိုင်းလက်(ဘ) အာကာသယာဉ်များကို တပ်ဆင် ပြင်ဆင် ပေးခဲ့သည့် အရာများသာဖြစ်ပြီး၊ ၎င်းတို့ကို ပြုပြင်မွမ်းမံထားသည်မှ အပ အခြား မည်သို့မျှ တိုးချဲ့ဆောက်လုပ်ခဲ့ခြင်းမရှိပေ။

ဒုံးပျံပစ်စင် ၃၉-အတွင်း အဓိကပြောင်းလဲတပ်ဆင်ထားသည့်အရာမှာ အာကာသလွန်းပျံယာဉ် ပြုပြင်မွမ်းမံရေး မျှော်စင်ပင်ဖြစ်သည်။ ၎င်း မျှော်စင်တွင် အာကာသယာဉ်ကမ္ဘာမြေမှ စတင်ထွက်ခွာစဉ် ထွက်ပေါ်လာသော အသံများ၏ဒဏ်

ကို အာကာသယာဉ်အမှုထမ်းများနှင့် နုနယ်သိမ်မွေ့သော ကိရိယာများ ခံနိုင်ရည်ရှိရန် ရေဖြင့် အသံလုံအောင် ပြုပြင်ဖန်တီးထားသော စနစ်နှင့် ကုန်ပစ္စည်း အတင်အချ ပြုလုပ်သော အခန်းတို့ ပါဝင်သည်။ ဒုံးပျံပစ်စင်၌ အာကာသယာဉ်မှ ကုန်ပစ္စည်း အတင်အချပြုလုပ်လိုပါက ယင်းအခန်းကိုပင် အသုံးပြုရမည်ဖြစ်သည်။

ကုန်ပစ္စည်း အတင်အချအခန်းမှာ အဖြူရောင်အခန်းဖြစ်ပြီး ပြုပြင်မွမ်းမံရေး မျှော်စင်နှင့် အာကာသယာဉ်ပေါ်သို့ တက်ရောက်ရေးမျှော်စင်တို့မှ တိုးချဲ့ဆောက်လုပ်ထားကာ စက်ဝိုင်းခြမ်း သဏ္ဌာန် သံလမ်းပေါ်၌ တပ်ဆင်ထားသည်။ အာကာသယာဉ် တင်လွှတ်ရန် အချိန်နီးကပ်လာသည့်အခါ၊ ယင်း မျှော်စင်ကို ဒုံးပျံပစ်စင်ရှိ ရပ်နားရာနေရာသို့ သံလမ်းတလျှောက်မှ ပြန်လည် သယ်ဆောင်သွားသည်။ ဒုံးပျံပစ်လွှတ်ရေးစခန်း ၃၉-ဘီ တွင်လည်း အလားတူ ပြုပြင်ဆောက်လုပ် ထားသော အဆောက်အအုံများ ရှိသဖြင့် အာကာသလွန်းပျံယာဉ် တင်လွှတ်ရာတွင် အသုံးပြုနိုင်မည်လည်း ဖြစ်သည်။

အပိုလို စယ်တန် ၅-ဒုံးပျံများအား ဒုံးပျံပစ်လွှတ်ရေးစင်များဆီသို့ သယ်ဆောင်ပေးသည့် ကြီးမားသော သံဘီးတပ် ပို့ဆောင်ရေးယာဉ်များကို အာကာသလွန်းပျံယာဉ် သယ်ဆောင်ရာတွင် အသုံးပြုသည်။ သို့သော် ၎င်းပို့ဆောင်ရေးယာဉ်များကို အာကာသလွန်းပျံယာဉ်အစိတ်အပိုင်းတခုလုံးနှင့် ရွှေ့လျားနိုင်သော ဒုံးပျံပစ်လွှတ်စင်တို့အား အာကာသယာဉ် စုစည်းတည်ဆောက်ရေးအဆောက်အအုံနှင့် ဒုံးပျံပစ်လွှတ်ရေးစခန်း ၃၉-ဧ ပစ်စင်နှစ်ခုတို့ အကြား၌ သယ်ဆောင်သွားနိုင်ရန် ပြုပြင်ဆောက်လုပ်ထားခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အငူရှိ အာကာသယာဉ်ထိန်းချုပ်ပစ်လွှတ်ရေးအခန်းများကို ရုပ်မြင်သံကြား ကြည့်ရှုသူတိုင်း မှတ်သားမိမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အပိုလို အာကာသယာဉ်များ အာကာသတွင်း တင်လွှတ်စဉ်က ရုပ်မြင်သံကြားမှနေ၍ ပြသခဲ့ဘူးခြင်းကြောင့်ဖြစ်သည်။ ယင်းအခန်းများကို အာကာသလွန်းပျံယာဉ်အား စက်ဖြင့် အလိုအလျောက်စစ်ဆေး၍ ပစ်လွှတ်နိုင်ရန် ခေတ်မီကိရိယာများတပ်ဆင်၍ ပြုပြင်ထားသည်။ အပိုလို အာကာသယာဉ်ကို ထိန်းချုပ်ပစ်စဉ်က ယင်း ပစ်လွှတ်ရေးအခန်း၌ ပညာရှင်ပေါင်း ၄၅၀-ခန့် လိုအပ်ပြီး အချိန်နောက်ပြန် ရေတွက်မှုကိုလည်း ၂၈-နာရီ ယူခဲ့သည်။ အာကာသလွန်းပျံယာဉ် တင်လွှတ်စဉ်ကမူ ပညာရှင်ပေါင်း ၄၅-ဦးသာ သုံးခဲ့ပြီး အချိန် နောက်ပြန်ရေတွက်မှု နှစ်နာရီခဲ့သာ ယူခဲ့သည်။

အာကာသယာဉ် စုစည်းတည်ဆောက်ရေး အဆောက်အအုံမှာ ကြီးမားလွန်းလှသဖြင့် ယင်းအဆောက်အအုံထဲ၌ပင် ရာသီဥတု ပုံစံအမျိုးမျိုး ဖြစ်ပေါ်နေခဲ့သည်ဟု ပြောဆိုခဲ့ကြသည်။ အာကာသလွန်းပျံယာဉ် တည် ဆောက် နိုင် ရေး အတွက်လည်း အတွင်းပိုင်း၌ ပြုပြင်မှုများ အဖုံဖုံပြုလုပ်ခဲ့ကြသည်။ အဆောက်အအုံထဲ၌ပင် အာကာသပျံသန်းရေးဆိုင်ရာကိရိယာပစ္စည်းများ တပ်ဆင်ကြသည်သာမက၊ အာကာသလွန်းပျံယာဉ်မှ ကြီးမားလှသည့် ပြင်ပလောင်စာတိုင်ကီနှင့် လောင်စာအခဲသုံး အရှိန်တိုး ဒုံးပျံများအား ထိန်းသိမ်းထားခဲ့လေသည်။ ထို့ပြင် လဲလှယ်ရန်လိုအပ်သည့် လောင်စာအခဲသုံး ဒုံး ပျံ များ ကို လည်း အဆောက်အအုံတနေရာ၌ပင် လဲလှယ်ခဲ့ကြသည်။

အာကာသလွန်းပျံယာဉ်တွင်ပါဝင်သည့် အာကာသ ခေါင်ခွဲခန်းမှ ပစ္စည်းကိရိယာများကို အပိုလိုအာကာသယာဉ်အား တပ်ဆင်ပေးသည့်တပ်ဆင်ရေးနှင့်စစ်ဆေးရေးအဆောက်အအုံ

၌ပင် တပ်ဆင်ခဲ့ကြသည်။ ဖော်ပြပါတပ်ဆင်ရေးလုပ်ငန်းများကို စယ်တန် ၅ ဒုံးပျံကြီးတွင်မချိတ်ဘဲမီလုပ်ဆောင်ကြရသည်။

အာကာသလွန်းပျံယာဉ် ခရီးစဉ်တခုမှ ပြန်လည်သက်ဆင်းအပြီးတွင် ယာဉ်၏ရှေ့ပိုင်း တို့ ပြန်မှုထိန်းချုပ်ရေးစနစ်နှင့် ပဲ့ပိုင်း တွန်းအားပေးစနစ်တို့ကို စမ်းသပ် စစ်ဆေး နိုင်သည့် အဆောက်အအုံများ ကနေဒီအာကာသဌာန၌ရှိသည်။ လောင်စာ အခဲသုံး ဒုံးပျံများ သမုဒ္ဒရာတွင်းသို့ကျဆင်းရာတွင် အသုံးပြုရသည့် ကြီးမားသော 'လေထီး' များ ကောင်းစွာပွင့်စေရန် ပြုပြင်ဆောင်ရွက်ပေးသော ဌာနလည်း ရှိသည်။ ယင်းလေထီးများကို၊ နောက်ထပ်တကြိမ် အသုံးပြုရန်အတွက် ဖွပ်လျှော်၊ အခြောက်ခံသိမ်းဆည်းပြီး လိုအပ်သော ပုံစံအတိုင်း ထုပ်ထားခဲ့ကြသည်။

အာကာသလွန်းပျံယာဉ်မှ ဒုံးပျံကြားခံအထက်ပိုင်းများနှင့် အခိုင်အခဲလိုက်လည်ပတ်သည့် အသက် ပိုင်း များ ကဲ့ သို့ သော ဒေါင်လိုက် အာကာသသို့ တက်ရောက်သွားရသည့် အရာများကို "ဒေါင်လိုက် အစိတ်အပိုင်းများ တပ်ဆင်ရေးဌာန" ၌ တပ်ဆင်ကြသည်။ သို့သော် ဒုံးပျံပစ်စင်၌ အာကာသလွန်းပျံယာဉ် ပစ္စည်း သိုလှောင်ခန်း သို့ မထည့်သွင်းမီ တပ်ဆင်ကြရသည်။ အပိုလိုအာကာသယာဉ် စုစည်းတပ်ဆင်တည်ဆောက်ရေးဌာနကိုလည်း လက်ရှိအခြေအနေအရ စက်ကိရိယာ သစ်များဖြင့် ပြုပြင်တပ်ဆင်ထားရသည်။

အာကာသ လွန်းပျံယာဉ်အတွက်သာ အသုံးပြုရသော အဆောက်အအုံတခုကို ကနေဒီအာကာသဌာနတောင်ဘက် ကနာဗရယ်အငူ လေတပ်မတော်ဝင်းအတွင်း၌ ရှိသည်။ ၎င်းကို

www.burmeseclassic.com

" ဝန်းပတ်ယာဉ် ပြန်လည်ရယူရေးနှင့် ပစ္စည်းကိရိယာများ ဖြုတ်ပစ်ရေးအဆောက်အအုံ " ဟုခေါ်တွင်သည်။ ဝန်းပတ်ယာဉ်နှင့် လောင်စာအခဲသုံး အရှိန်တိုး ဒုံးပျံများ ပြုပြင်မွမ်းမံရန် ပြုပြင်ထားသည့် ကြီးမားသော ချိတ်ကြီးလည်း တပ်ဆင်ထားသည်။

ယင်း အဆောက်အအုံ၏ နောက်ကျောဘက် ရှိ လေတပ်မတော် အခြေခံစခန်း၌ လျှောတိုက်၍သွားရသော ကုန်တင်ရေယာဉ်ကြီးများရှိသည်။ သမုဒ္ဒရာတွင်းမှ သင်္ဘောများဖြင့် ဆယ်ယူရရှိခဲ့သော လောင်စာအခဲသုံး အရှိန်တိုးဒုံးပျံအခွံများကို အငှားရှိ ပြန်လည်တည်ဆောက်ရေးအဆောက်အအုံဆီသို့ ကုန်တင် ရေယာဉ်ကြီးများဖြင့် တင်ပို့ပေးသည်။

ကနဗာရယ်အငူ၏လုပ်ငန်းမှာ အထူးပင် ရှုပ်ထွေးလှသည်။ ကြီးမားသည့် ဖြင်ပလောင်စာ တိုင် ကီ များ ကို ၎င်းတို့အား တည်ဆောက်ရာ၊ နယူးအော်လိန်း(စ)မြို့မှ ကနေဒီအာကာသ ဌာနသို့ ဖလော်ရီဒါပြည်နယ်အစွန်းကိုပတ်ကာ ကုန်တင် ရေယာဉ်ကြီးများဖြင့် သယ်ဆောင်ခဲ့ကြသည်။ လောင်စာအခဲသုံး ဒုံးပျံအခွံများကိုလည်း ဤ နည်း နှင် နှင် ပင် ပို့ပေးခဲ့သည်။ နောက်ပိုင်း၌ ပြန်၍ဆယ်ယူရရှိခဲ့သော ဒုံးပျံအခွံများ အလုံ အလောက်ရှိမှသာ ဤသို့ ပြုလုပ်တင်ပို့ပေးခြင်းများ ရပ်ဆိုင်းမည် ဖြစ်သည်။ ဝန်းပတ်ယာဉ်ကိုမူ ကယ်လီဖိုးနီးယား ပြည်နယ်မှနေ၍ ကနေဒီ အာကာသဌာနသို့ အထူး ပြု ပြင် တည်ဆောက်ထားသော ၇၄၇-လေယာဉ်ကြီးများဖြင့် သယ်ယူခဲ့သည်။ ပျံသန်းမှုမပြုမီ ပြုပြင်ရန် လိုအပ်သော အစိတ်အပိုင်းများနှင့် အရှိန်တိုးဒုံးပျံများ၏ တွန်းအားဆိုင်ရာအစိတ်အပိုင်းများကို အငူသို့ရောက်အောင် မီးရထားဖြင့် သယ်ယူကြသည်။

အာကာသလွန်းပျံယာဉ်နှင့် ရှုပ်ထွေးသော ကိရိယာများသည် တီထွင်ဆန်းသစ်မှု အပြည့်အဝရှိသည် ဟူသော အချက်ကိုလည်း ကြီးမားဆန်းကြယ်၍ စိတ်ဝင်စားဖွယ်ကောင်းသော ကွန်မာအစိတ်အပိုင်းကြီးများကို ထည့်မတွက်ပဲ၊ စီမံကိန်းတွင် ပါဝင်သော ကုန်ပစ္စည်းကိရိယာများနှင့် စွမ်းဆောင်နိုင်မှုများက သက်သေခံလျက်ရှိသည်။ အာကာသယာဉ်တွင် အာကာသခန်းပြောင်း၊ အာကာသဓာတ်ခွဲခန်း စသည်တို့ ပါဝင်ခဲ့ကြသည်သာ မက ဂြိုဟ်ပုများအား ဟင်လွှတ်ခြင်း၊ အာကာသ၌ ရှူခြင်းနှင့် ပြုပြင်မွမ်းမံခြင်း၊ အာကာသ၌ သတ္တုပစ္စည်းများ ထုတ်လုပ်နိုင်ခြင်း၊ လူသားများ နေထိုင်နိုင်အောင် ဖန်တီးခြင်း စသည်တို့ကိုလည်း စွမ်းဆောင်နိုင်ခဲ့ကြသည်။

၁၉၈၁ ခုနှစ်၊ ဧပြီလအတွင်းက အာကာသ လွန်းပျံယာဉ်အား ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့တင်လွှတ်ခဲ့ကြသည်။ ကိုလံဘီယာ အာကာသယာဉ်သည် အာကာသ အတွင်း၌ ကြာမျှ နေထိုင်ပြီး အာကာသယာဉ်၏ ခံ နိုင် ရည် ရှိမှု၊ မျိုး အဖိုးဖိုးသော စွမ်းဆောင်နိုင်မှုများအား စမ်း သပ်ဆေးခဲ့ကြသည်။ ထို့ပြင် အာကာသအတွင်း ဂြိုဟ်တုများ လွှတ်ရန်နှင့် ကုန်တင်ခန်းရှိ တံခါးများ ကောင်းစွာ ပွင့်ခြင်းကိုလည်း စမ်းသပ်စစ်ဆေးခဲ့ကြသည်။

နာဆာရှိ ပညာရှင်များက ၁၉၈၂-ခုနှစ်အတွင်း၌အာကာသ လွန်းပျံယာဉ်ပျံသန်းမှု လုပ်ရိုးလုပ်စဉ် လုပ်ငန်းကဲ့သို့ ပြုလုပ်ဆောင်ရွက်နိုင် မည်ဟု ခန့်မှန်း ခဲ့ကြသည်။ ထိုသို့ မတိုင်မီ ၎င်း နောက်ထပ် စမ်းသပ်မှု ၃-ကြိမ်မျှ ပြုလုပ်ရန်လည်း စီစဉ်ထားသည်။ ဂြိုဟ်နက္ခတ် တာရာများ အကြား အာကာသယာဉ်ဖြင့် လေ့လာရေးလုပ်ငန်းများကိုလည်း ၁၉၈၃-မှ ၁၉၈၄-ခုနှစ်အတွင်း ပြုလုပ်ရန် ကြံရွယ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အာကာသလွှန်းပျံယာဉ် ပျံသန်းမှုအစီအစဉ်အတွက် ဂြိုဟ် တု ထောက်လှမ်းရေးနှင့် အချက်အလက် ပြန်လည် ပေးပို့ရေ ဂြိုဟ် တု ၈ နစ် မှာ အဓိကနေရာမှ ပါဝင်နေ သဖြင့် ၎င်းဂြို တုများကို အာကာသလွှန်းပျံယာဉ် ပျံသန်းမှု နောက်ထပ် လုပ်သည့်အခါများတွင် တင်လွှတ်မည်ဖြစ်သည်။ ဖော်ပြ စနစ်တွင် ကမ္ဘာ့အထက် မိုင်ပေါင်း ၂၄,၀၀၀ ခန့်မှနေ ကမ္ဘာကြီး လည်ပတ်သည့်အတိုင်း ပြိုင်တူ လိုက်လံလှည့်ပတ် မည့် အထူး ပြုလုပ်ထားသော ဂြိုဟ်တု ၄ လုံးနှင့် နယူးမက္ကဆီ ပြည်နယ် ဝှိုက်ဆင်း(ဒ)မြို့ရှိ မြေပြင်ဂြိုဟ်တု ထောက်လှမ်းရေ စခန်းတို့ ပါဝင်သည်။ ဂြိုဟ်တုတလုံးကို ပြည်တွင်းဆက်သ ရေး အတွက် ဝက်စတင်ယူနီယံကုမ္ပဏီက အသုံးပြုမည်ဖြစ် အခြား တလုံးမှာမူ အရန်ဂြိုဟ်တုအဖြစ်ထား မည် ဖြစ် သည် ကျန်ဂြိုဟ်တုနှစ်လုံးမှာမူ နာဆာအတွက် ဂြိုဟ်တုထောက်လှ ရေး၊ ဂြိုဟ်တုထိန်းသိမ်းရေးနှင့် အချက်အလက်ပြန်လည်ပို့ဆေ ရေးအတွက် အသုံးပြုမည်ဖြစ်သည်။

အာကာသလွှန်းပျံယာဉ် အာကာသအတွင်း တာဝန်မျ ထမ်းဆောင်နေစဉ်တွင် အထက်ပါ ဂြိုဟ်တုစနစ်က များ အထောက်အကူပြုမည်ဖြစ်သည်။ ယင်း ဂြိုဟ်တုများသည် လိုရာအချက်အလက်များ လေ့လာ၍ပေးမည်သာမက ဂျွန်ဆ အာကာသဌာနရှိ ထိန်းချုပ်ရေးစခန်းနှင့် အာကာသလွှန် ယာဉ်တို့အကြား အမိန့်ပေးဆက်သွယ်မှုများကို တိုက်ရိုက်ဆ သွယ် ပေးနိုင်မည်လည်း ဖြစ်သည်။ ထို့အပြင် ကမ္ဘာအ ဝန်းကျင်မှ လှည့်ပတ်ပျံသန်းနေသောဂြိုဟ်တုများအခြေအ အကြောင်းကိုလည်း မပြတ်ပေးပို့မည်ဖြစ်သည်။

ဂြိုဟ်တုထောက်လှမ်းရေးနှင့် အချက်အလက်ပြန်လည်ပေ ရေးစနစ်သည် အချက်အလက်များ လျင်မြန်စွာ ပေးပို့နို

သုံးလွှင့်လိုင်းကြိမ်နှုန်း အုပ်စုခပ်များများ အသုံးပြုနိုင်သဖြင့် အာကာသအတွင်း ဓာတ်ခွဲစမ်းသပ်မှုနှင့် အလားတူလုပ်ငန်း များအတွက် ကောင်းစွာ ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။ ၎င်းစနစ်သည် ကမ္ဘာကြီးတခုလုံးမှ ဆက်သွယ်ရေး များ ကို ဆောင်ရွက် ပေးနိုင်သည့်အတွက် နာဆာ၏ ဆက်သွယ်ရေး စခန်းများထက် ၆ ဆမျှပို၍ လုပ်ဆောင်ပေးနိုင်မည်လည်း ဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုကြည့်ပါ။ လေထဲ၌ပျံသန်းလိုသူ၊ ထိုသူမှာ ထွက်သွား
ပါပြီ။

စားပွဲရုံတခုအတွင်း၌ စား
ထိုးက၊ကောင့်(တ) ဇက်ပ
လင်အား လက်ညှိုးထိုး ညွှ
ပြ၍ဦးပျံဦးစွာတည်ဆောင
သူဟာမင်အိုဘာ့(သ)အ
ပြောကြားပုံ။

အခန်း (၆)
အာကာသယာဉ်မှူးသစ်များ

ဝန်းပတ်ယာဉ် အတွင်း၌ လူတယောက်သည် ကွန်ပျူတာ
စက်မှ ထွက်လာသမျှသော အာကာသယာဉ်၏ တည်နေ
နှင့်ပတ်သက်သည် အချက်အလက်နှင့် သင်္ကေတများကို ဆ
စစ်လျက်ရှိသည်။ ဆံပင်ကိုမထုံးပဲ ပါးလွှာသော ယူနီဖောင်
ဝတ်ဆင်ထားသည့် အမျိုးသမီးတဦးသည် အာကာသ လွန်း
ယာဉ်ရှိ ပစ္စည်းတင်အခန်းမှ ကြီးမားသောစက်တခု၏ ခလု
မောင်းတံတခုကို ညင်သာစွာလှည့်ပေးသောအခါ ပစ္စည်းတ
ခန်း၌ ပါရှိသော လက်တုကြီး၏ အချိုးအဆစ်များ ကွေးကာ
ကောက်ကာ ဂြိုဟ်တုတလုံးအား ကမ္ဘာပတ် လမ်းကြောင်း
အတွင်း ထားပစ်နိုင်သည့် အခြေအနေသို့ ရောက်ရှိသွားသည်။

အာကာသလွန်းပျံယာဉ် တင်လွှတ်ခဲ့သည်မှစ၍ အာကာသ
ယာဉ်မှ စွမ်းအင်ဖြင့် လှုပ်ရှားနေခဲ့ရသည့် ဂြိုဟ်တုမှာ ယခု
အခါတွင် စွမ်းအင် မရပဲရှိနေသည်။ သို့သော် ယင်းဂြိုဟ်တု
အတွင်းရှိ ဓာတ်အိုးများမှ စွမ်းအင်ရယူနိုင်သည်။ ထို့နောက်
လက်တုတွင် ပါ၍ လာခဲ့သည့် ဂြိုဟ်တုမှာ ပစ္စည်းတင်ခန်းမှ
တဖြည်းဖြည်းချင်း ထွက်ပေါ်လာခဲ့သည်။

ဂြိုဟ်တုကို လက်တု၏ အများပိုင်း အာကာသ အတွင်း၌
သံမဏိညှပ်များဖြင့် ချိတ်ဆွဲထားလျက်ရှိသည်။ တနည်းဆိုသော်
အာကာသလွန်းပျံယာဉ်နှင့်အတူ ကမ္ဘာ့အထက် ဝန်းပတ်လမ်း
ကြောင်းအတွင်း၌မလှုပ်မယှက် လိုက်ပါလျက်ရှိသည်။ ဝန်းပတ်
ယာဉ်အတွင်းရှိ အီလက်ထရွန်နစ်ကိရိယာများမှ ဂြိုဟ်တုအား
မည်သည့်အချိန် မည်သည့်နေရာ၌ အာကာသအတွင်း ထားရှိ
ရမည်ဟူသော ပေးပို့မည့် အချက်အလက်များနှင့် ညွှန်ကြား
ချက်များကို အမျိုးသမီးငယ်သည် စောင့်စားလျက် ရှိသည်။

ဂြိုဟ်တုတွင်ပါရှိသော နေခြည်မှန်ကူကွက်များ ယခုအခါ
ဖြန့်ထွက်လာသည်။ ဂြိုဟ်တုမှာ ပစ္စည်းတင် အခန်းတွင်းမှ သံ
မဏိ၊ အယ်လူမီနီယမ်၊ ပလက်တီနံရွှေစသည်တို့နှင့် ပြုလုပ်ထား
သော လုံးတုံးတုံးအရာဝတ္ထု မဟုတ်တော့ပေ။ ထို့နောက်
လက်တုရှိချိတ်များမှ တဖြည်းဖြည်းချင်း ထွက်ခွာသွားခဲ့သည်။
ယင်းသို့သောအချိန်၌ အာကာသလွန်းပျံယာဉ်သည် မူလဝန်း
ပတ်လမ်းကြောင်းအတွင်းသို့ ပြန်လည်လှုပ်ရှားကာ ဝင်ရောက်
လာခဲ့သည်။ ဂြိုဟ်တုသည်လည်း ပေးပို့ရန်ရှိသော အချက်
အလက် သတင်းစုံကို ကမ္ဘာသို့ ပေးပို့လျက်ရှိချေပြီ။

အာကာသလွန်းပျံယာဉ်မှာ ယခင်အာကာသယာဉ်များနှင့်
မတူပေ။ ထူးခြားသည့်အချက်များမှာ အရွယ်အစားခြားနား
ခြင်း၊ လေယာဉ်ပြေးလမ်း၌ သက်ဆင်းနိုင်ခြင်း၊ အာကာသ
ယာဉ်အခန်းတင် ကမ္ဘာ့လေထုမျိုးကဲ့သို့ ဖန်တီးပြုလုပ်ထား
ခြင်းနှင့် အကြိမ်ကြိမ် ထပ်မံအသုံးပြုနိုင်ခြင်း စသည်တို့ဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com

သည်။ အာကာသယာဉ်အမှုထမ်းများ ရွေးချယ်ရာတွင်လည်း အလူးပင် ကွဲပြားခြားနားလေသည်။ အာကာသလွန်းပျံယာဉ်ကို အာကာသယာဉ်းမှူးမပါတ်သည့် ခရီးသည်များတင်ဆောင်ရန် ပြုပြင်ဆောက်လုပ်ထားသည်။

အမေရိကန်ပြည်ထောင်စု၏ အကြီး ဆုံး အာကာသယာဉ်ဖြစ်သော အပိုလိုတွင်အာကာသယာဉ်မှူး ၃-ဦးသာတင်ဆောင်နိုင်သည်။ (စကိုင်းလက်(ဘ) ယာဉ်မှူးများ၊ ကယ်ဆယ်ရေးအတွက် ပြုပြင်ထားသော ကယ်ဆယ်ရေး အပိုလို ယာဉ်တွင် ယာဉ်မှူး ၅-ဦးလိုက်ပါနိုင်သည်)။ အာကာသလွန်းပျံယာဉ်၌မူ ယာဉ်အမှုထမ်း ၇-ဦး သယ်ဆောင်ရန် သတ်မှတ်ထားပြီး အရေးပေါ်လိုအပ်ပါက ၁၀-ဦး အထိ တင်ဆောင်နိုင်မည်ဖြစ်သည်။ အမှုထမ်း ၇-ဦး သတ်မှတ်ရာ၌ နာဆာအမှုထမ်းဟူ၍ ၃-ဦးသာ ရှိမည်ဖြစ်ပြီး ၂-ဦးမှာ အာကာသယာဉ်မှူးများဖြစ်မည်ဟု သာမန်အားဖြင့် ယူဆရသည်။

နောင် ၁၀-နှစ်မှ ၁၅-နှစ် အတွင်းတွင် စီစဉ်ထားသည့်အတိုင်း အာကာသလွန်းပျံယာဉ် ပျံသန်းမှု အကြိမ် ၅၀၀-မျှ ပြုလုပ်နိုင်မည် ဆိုပါက ဤရာစုနှစ် မကုန်မီ ၁၀-နှစ်ခန့် အလိုတွင် သာမန်လူပေါင်း ၂,၀၀၀-ခန့် အာကာသသို့ ရောက်ဘူးကြမည်ဖြစ်သည်။

ယင်းခရီးသည်တို့တွင် အာကာသသို့အကြိမ်ကြိမ်ရောက်ဘူးသူများ ပါဝင်မည် ဖြစ်သော်လည်း အများစု အတွက်မူမူ တကြိမ်သာရောက်ဖူးသူများဖြစ်ကြပေမည်။ အာကာသလွန်းပျံယာဉ်မပျံသန်းမီကာလစန္ဒာပေါ်သို့ရောက်ဘူးသူ ၁၂ ဦးနှင့် အာကာသအစီအစဉ်တခုလုံးအတွက် အာကာသသို့ ရောက်ဘူးသူ အမေရိကန်လူမျိုး ၅၀ ခန့်သာရှိသည်။ (အမှန်အားဖြင့်ဆိုသော်

အာကာသခရီးစဉ်ပေါင်း ၇၁ ကြိမ်မျှ အမေရိကန်တို့ပြုလုပ်ခဲ့ဆု လုံးအာကာသပျံသန်းမှု ၃၁-ကြိမ်အတွက် အမေရိကန် အာကာသယာဉ်မှူး ၄၃-ဦး အာကာသသို့ ရောက်ခဲ့ဘူးကြသည်။) ၁၉၉၀ ခုနှစ်များအတွင်း၌ အာကာသလွန်းပျံယာဉ် ခရီးစဉ်များကို အစွမ်းကုန်ဆောင်ရွက်ကြမည်ဖြစ်ရာ ပျမ်းမျှခြင်းအားဖြင့် အမေရိကန် ၂၀၀,၀၀၀ တွင် တဦးကျ အာကာသသို့ ခရီးနှင်ဘူးမည်ဖြစ်သည်။ ယင်းပျမ်းမျှခြင်းကိုအခြေခံ၍ တွက်ချက်သည်ဆိုပါက လော့(စ)အိန်ဂျယ်လိ(စ)မြို့ကဲ့သို့ အရွယ်အစားရှိသော မြို့တမြို့မှ လူပေါင်း ၃၅-ဦးခန့် အာကာသခရီးသည်များဖြစ်ကြမည်ဟု ဝါကြွား ပြောဆိုနိုင်မည်ဖြစ်သည်။

အာကာသ လွန်းပျံယာဉ်သည် အာကာသ စူးစမ်းမှုများ စတင်ပြုလုပ်စဉ်က လူအများ ပြောဆိုခန့်မှန်းခဲ့ကြ သည်ထက် အာကာသအတွင်း လူသားများ ပိုမို၍ သယ်ဆောင် ပေးခဲ့သည်သာမက အမေရိကန်အာကာသအစီအစဉ်အတွက် ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီးများအား အာကာသသို့ သယ်ဆောင်သွားမည်ဖြစ်သည်။ (ဆိုဗီယက်ယူနီယံမှ အမျိုး သမီး အာကာသယာဉ်မှူးတဦးကို အာကာသသို့တင်ပို့ပြီးဖြစ်သည်) ထို့အပြင် အာကာသ လွန်းပျံယာဉ်မှ ကန်ပစ္စည်း ကိရိယာများနှင့် သက်ဆိုင်သည့် လူနည်းစုလူမျိုး အာသခရီးသည်များ နှင့် အခြားနိုင်ငံတို့မှ ခရီးသည် များကိုလည်း အာကာသသို့ သယ်ဆောင်ပေးသွားမည် ဖြစ်သည်။

အာကာသယာဉ်အမှုထမ်းများအား ၃-မျိုး ၃-စားခွဲခြားထားသည်။ ၎င်းတို့မှာ (၁)ယာဉ်ဦးစီးမှူးများ၊ (၂)တွဲဖက်ယာဉ်မှူးများနှင့် (၃) ခရီးစဉ် ကျွမ်းကျင်သူများ စသည်တို့

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြသည်။ စကုတ္တအမျိုးအစားဟုခေါ်တွင်မည့်ကုန်ပစ္စည်းကိရိယာကျွမ်းကျင်သူများမှာ အာကာသ လွန်းပျံယာဉ် ခရီးသည်များသာ ဖြစ်သည်။ ယင်းပုဂ္ဂိုလ်များမှာ နာဆာမှ အမှုထမ်းများ သို့မဟုတ် အာကာသ ယာဉ်မှူးများ မဟုတ်ပဲ အာကာသသို့ တက်ရောက်ရန် အချိန်တို သင်တန်း များ ကို တက်ရောက်ခဲ့ကြပြီး အာကာသသို့ ပါဝင် သွားသည့် ပစ္စည်းကိရိယာ တခုခုနှင့်သာ သက်ဆိုင် စွမ်းဆောင်နိုင်သူ များဖြစ်သည်။

အာကာသလွန်းပျံယာဉ်၏ခရီးစဉ်များမှန်မှန်ကြီးသွားလာနိုင်သည့်အခါတွင် အရေးပါအရာရောက်သူအချို့သည် ခရီးသွားဟန်လွှဲ သဘောမျိုးဖြင့်လည်းကောင်း၊ လူထု ဆက် ဆံရေးအကျိုးပြုလုပ်ငန်းများအတွက်လည်းကောင်းအာကာသသို့ ခရီးသွားကြမည်မှာ မလွဲဖြစ်သည်။ အကယ်၍ ဒုံးပျံပညာရှင် ဝါနာဗွန်ဘရွန် အသက်ရှင်လျက် ရှိမည်ဆိုပါက ယင်းကဲ့သို့သော အရေးပါအရာရောက်သူများ ခရီးစဉ်တွင် မလွဲမသွေ လိုက်ပါရမည်မှာ မလွဲပေ။ အခြား ထင်ရှားသူများ ဖြစ်သည့် ဝါလတာခရွန်ကိုက်၊ နက္ခတ္တဗေဒပညာရှင် ကားလ်ဆာဂင်နှင့် သိပ္ပံစာရေးဆရာ အာသာ စီ-ကလပ် တို့ကလည်း အာကာသ လွန်းပျံယာဉ်ဖြင့်လိုက်ပါလိုကြောင်း ပြောကြားခဲ့ကြသည်။

အာကာသလွန်းပျံယာဉ်တွင် လိုက်ပါ အမှုထမ်း ကြ မည့် အမျိုးသားနှင့် အမျိုးသမီး အများစုမှာ အာကာသသို့ရောက်ဘူးသူများ မဟုတ်ကြပေ။ ယခင် လူစီးအာကာသ ပျံသန်းမှု အစီအစဉ်များမှ ကြွင်းကျန်ရစ်သော အာကာသ ယာဉ်မှူး ဦးရေမှာ ၂၇ ဦးသာ ရှိတော့သည်။ ၎င်းအာကာသယာဉ်မှူး

တို့တွင် အပိုလိုအစီအစဉ်မှ ကြွင်းကျန်ရစ်သော သိပ္ပံဆိုင်ရာ အာကာသယာဉ်မှူးများနှင့် လေတပ်မတော် လူစီးကမ္ဘာပတ် အာကာသ ဓာတ်ခွဲခန်းစမ်းသပ်ရေးအစီအစဉ်အား ဖျက်သိမ်းလိုက်ရမှ ကျန်ရစ်ခဲ့သည့် အရွေးချယ်ခံ အာကာသ ယာဉ်မှူးများပါဝင်သည်။

အာကာသယာဉ်မှူးတဦးဖြစ်ရန်မှာမလွယ်ကူပေ။ သင်တန်းကာလတွင်း၌ စိတ်ပင်ပန်းခြင်း၊ ခန္ဓာကိုယ်၏ ပင်ပန်းခြင်း လွန်းမင်းစွာခံစားကြရသည်။ ကမ္ဘာ့ဆွဲငင်အားထက် အကြိမ် ၂၀-မျှ ကြီးမားသော ဆွဲငင်အားဒဏ်ကို ခံနိုင်စေရန် "ဗဟိုခွာစက်" တွင် ဝင်ရောက်စမ်းသပ်ခံရာ၌ ဆံပင်များပင်ပေါက်ကွဲသွားသည်ဟု ထင်မှတ်ကြရပြီး ဗဟိုခွာစက်၏ လည်ပတ်မှုနှုန်းမှာ မြန်လွန်းသဖြင့် အစမ်းသပ်ခံသူများ၏ မျက်နှာတခုလုံးမှာ ပိပိ ပြင်ပြင် မရှိပဲ ဖြူ ဖွေး သော သွား ကို သာ လျှင် မှတ်မိနိုင်တော့သည်။ အပူချိန် ၁၄၀ ဒီဂရီဖာရင်ဟိုက်ရှိ မီးဖိုတွင် အချိန်နှစ်နာရီမျှပိတ်လှောင်ထားပြီး တဖန်ရေခဲရည်ထဲသို့ ချကြည့်ကာ အာကာသယာဉ်မှူး လောင်းတို့၏ တုံ့ပြန်မှုကို ကြည့်ရှုခဲ့ကြသည်။ (ဤသို့ စမ်းသပ်စစ်ဆေးသည်ကို မနှစ်သက်ကြောင်း ယာဉ်မှူးလောင်းများက ပြောကြားဟန် ရှိသည်)။ သွားလာနေထိုင်ရန် ခက်ခဲသည့် တောကြီး တောင်ကြီးများ အတွင်းနှင့်သဲကန္တာရအတွင်းခေါ်ဆောင်သွားပြီးရသမျှအစားအစာကို ရှာဖွေစားသောက်၍ နေထိုင်ခိုင်းခဲ့ကြသည်။ အဆိုးရွားဆုံးမှာ သာမန်လူသားများအဖို့ မိနစ်အနည်းငယ်အတွင်း၌ ရူးသွပ်သွားစေနိုင်သော အော်သံ ဟစ်သံများဖြင့် ဆူညံနေသည့်အာကာသယာဉ် ပတ်ဝန်းကျင်အနေအထားမျိုး ဖန်တီးထားသော ကျဉ်းကျဉ်း ကျပ်ကျပ်နေရာ၌ ပိတ်လှောင်ထားခဲ့

www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြစ်သည်။ ထို့ကြောင့် အာကာသယာဉ်မှူးများက အာကာသယာဉ်ထိပ်ဖူးဖြင့် အစမ်းသပ်ခံ ပျံသန်းခြင်းသည် ခံနိုင်ရည်ရှိရန်သာဖြစ်ပြီး၊ အာကာသယာဉ်မှာမူ အာကာသတွင်ပျံသန်းရန်ဖြစ်သည်ဟု ပြောကြားခဲ့ကြလေသည်။

အာကာသယာဉ်မှူးများမှာသာမန်လူသားများထက် အရာရာတွင် မယုံကြည်နိုင်လောက်အောင် ခံနိုင်ရည်ရှိကြသည်။ခံနိုင်ရည်ရှိစေရန် မဆောက်ဖူးသေးသောဒေသများအား စူးစမ်းနိုင်ရန် ပတ်ဝန်းကျင်၏ ဖိအားပေးမှု၊ စိတ်ခေါက်ကြဲ့ခိုင်မှုရှိစေရန် လေ့ကျင့်ထားသူများဖြစ်သည်။သတ်မှတ်ထားသည့်အမှုကိစ္စကို မရမနေ ဆောင်ရွက်လိုသူများလည်းဖြစ်သည်။ သို့သော် ယခုအခါတွင် ယခင်ကရွေးချယ်ခဲ့သော အာကာသယာဉ်မှူးများ မရှိသလောက်ပင်ဖြစ်နေသည်။

မာကြူရီစီမံကိန်းအတွက် ပထမဆုံးရွေးချယ်ခဲ့သော အာကာသယာဉ်မှူးများမှ ဒေါနယ်-ကေ၊ စလေတန်တဦးတည်းသာ အာကာသပျံသန်းနိုင်သောအခြေအနေတွင်ရှိသည်။မူလက လေတပ်မတော်တွင် အမှုထမ်းခဲ့သော်လည်း၊ ယခုအခါတွင် မစ္စတာ စလေတန်သည် နာဆာတွင် အရပ်သားအမှုထမ်းအဖြစ် ဆောင်ရွက်နေသည်။ မစ္စတာ စလေတန်မှာ နှလုံးခုန်စိတ်မှု အနည်းငယ် ပြုလုပ်ခဲ့ရသဖြင့်ဂျင်မီနီနှင့် အပိုလိုအာကာသယာဉ်များအား မောင်းနှင် ပျံသန်းခွင့် မရခဲ့သော်လည်း အပိုလို-ဆိုယု စမ်းသပ်ရေး စီမံကိန်းအတွက် "ချိတ်ဆက်ယာဉ်" ကို အဲဓိကယာဉ်မှူးအဖြစ်ဖြင့် မောင်းနှင်ခဲ့ရသည်။ ၁၉၆၂ ခုနှစ်က ဒုတိယအကြိမ် အာကာသယာဉ်မှူးများအဖြစ် ရွေးချယ်ခြင်း ခံရသူများအနက်မှလည်း ဂျွန်ယန်းတဦးတည်းသာ အာကာသသို့ ပျံသန်းနိုင်သော အခြေအနေတွင် ရှိသည်။ မစ္စတာ

ယမ်း သည် အာကာသသို့ ၄-ကြိမ်မျှ တက်ရောက်ဘူးပြီး လပေါ်သို့ သက်ဆင်းဘူးသူ ဖြစ်သည်။

၁၉၆၃-ခုနှစ်မှ ၁၉၆၅-ခုနှစ်အတွင်းက ရွေးချယ်ခဲ့သော အာကာသယာဉ်မှူးများအနက်မှလည်း ၄-ဦးသာ အာကာသသို့ ပျံသန်းနိုင်သော အခြေအနေတွင် ရှိသည်။ ၎င်းယာဉ်မှူးတို့မှာ အယ်လင်ဘီး(န)၊အိုဝင်ဂယ်ရီအော့(တ)၊အက်(ဒ)ဝပ်ဂျစ်(ဘ)ဆင် နှင့် ဂျိုးဆက်ကာဝင်တို့ဖြစ်ကြသည်။ အယ်လင်ဘီး(န) မှလွဲ၍ ကျန် ၃ ဦးမှာ သိပ္ပံပညာရှင်များ ဖြစ်ပြီး၊ ကာဝင်မှာ ဆရာဝန်တဦးလည်း ဖြစ်သည်၊

ထို့ကြောင့် အာကာသလွန်းပျံယာဉ်အတွက် အာကာသယာဉ်မှူးများနှင့် ယာဉ်အမှုထမ်းများ အထူးပင်လိုအပ်သည်။ ထို့ကြောင့် နာဆာသည် ၁၉၇၈-ခုနှစ်က လျှောက်ထားသူ ၈,၀၀၀-ကျော်အနက်မှ ၃၅-ဦးကို ရွေးချယ်ချယ်ခဲ့သည်။ ၎င်း ၃၅-ဦးကို အာကာသလွန်းပျံယာဉ် ပထမနှစ် စတင် ပျံသန်းချိန်၌အဓိကယာဉ်အမှုထမ်းအဖြစ်အမှုထမ်းရန်သတ်မှတ်ထားမည်ဖြစ်သည်။

နောက်ဆုံးအသုတ် အာကာသယာဉ်မှူးများရွေးချယ်စဉ်က ယခင်ကကဲ့သို့ တင်းတင်းကျပ်ကျပ်စစ်ဆေးခြင်းမပြုပဲ ရွေးချယ်ခဲ့သည်။ အာကာသလွန်းပျံယာဉ်တင်လွှတ်စဉ်နှင့် မြေပြင်သို့ သက်ဆင်းစဉ်တွင် ယခင် အာကာသယာဉ်များကဲ့သို့ ဆွဲအားဒဏ် မခံရသဖြင့် ကြီးမားသည့် ကမ္ဘာ့ဆွဲအားဒဏ်ခံနိုင်ရည် ရှိရေး စမ်းသပ်မှုအမျိုးအပြားကို ပြုလုပ်ရန် မလိုခဲ့ပေ။ အထူးအဖွဲ့ဝင်ဟု သတ်မှတ်ထားသော သိပ္ပံပညာရှင် အာကာသ ယာဉ်မှူးများထံမှ သိရှိရသည့် အချက်များမှာ စစ်

www.burmeseclassic.com

www.burmeseclassic.com

ဘက်ဆိုင်ရာ စမ်းသပ်ပျံသန်းရေး လေယာဉ်မှူးအဖြစ် ရောက်စေနိုင်သော၊ တင်းကျပ်သည့် လိုအပ်ချက်ပင် မလိုအပ်တော့ဟူသော အချက်ပင် ဖြစ်သည်။ သို့သော် အာကာသ လွန်းပျံယာဉ် ဦးစီးမှူးများအတွက်မှာမူ လိုအပ်သည်။

၁၉၈၀-ခုနှစ်များအတွင်း အာကာသ လွန်းပျံယာဉ်များ အာကာသသို့ပျံသန်းနိုင်ရေးအတွက် အာကာသယာဉ်မှူးများ ရွေးချယ်ရာတွင် ၁၉၇၈-ခုနှစ်က လိုအပ်ချက်ထက် လျော့ပေါ့၍ စစ်ဆေးမည်ဖြစ်သည်။

နာဆာ၏ လိုအပ်ချက်များအနက်မှ ပြောင်းလဲမှုတခုမှာ အမျိုးသမီးများနှင့် လူနည်းစုလူမျိုးများ အာကာသယာဉ်အမှုထမ်း အဖြစ် လျှောက်ထားနိုင်သည် ဟူသော အချက်ပင် ဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ နာဆာသည် "မက်ကောလ်"ကဲ့သို့သော အမျိုးသမီးမဂ္ဂဇင်းများတွင် ထည့်သွင်းကြော်ငြာသည်၊ ဆင်းရဲနွမ်းပါးသော မြို့ပြဒေသတို့၌ အာကာသယာဉ်မှူး စုဆောင်းရေးဆိုင်ရာပုဂ္ဂိုလ်များစေလွှတ်၍စုဆောင်းသည့် စ သ ဖြင့် ပြုလုပ်သည်ဟု ကောလာဟလ ပြောဆိုနေကြသည့်ကြားမှပင် ယခင် အာကာသယာဉ်မှူးများ စုဆောင်းစဉ်ကကဲ့သို့ အမျိုးသမီးများနှင့် လူနည်းစုလူမျိုးများထံမှ လျှောက်လွှာများ နာဆာသို့ ရောက်ရှိလာခဲ၏။ ၎င်းလျှောက်လွှာများမှာ တက္ကသိုလ် ကြော်ငြာကျွှ၌လည်းကောင်း၊ သို့ မ ဟုတ် ကောပိုရေးရှင်းများမှထုတ်ဝေသော သတင်း စာစောင်များ၌လည်းကောင်း၊ သို့မဟုတ် သိပ္ပံနှင့် စက်မှုဆိုင်ရာမဂ္ဂဇင်း ဂျာနယ် များ၌လည်းကောင်း တွေ့မြင်ဖတ်ရှုရသဖြင့် ဤသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

လျှောက်လွှာပိတ်ရက် ကုန်ဆုံးချိန်တွင် နာဆာသည် "စအား ထရက်(ခ)" ရုပ်မြင်သံကြားဇာတ်လမ်းအစီအစဉ်တွင် ဆက်သွယ်ရေးအရာရှိ ဗိုလ် ယူ ဟူ ရာ အဖြစ် သရုပ်ဆောင်ရန် ခေါ်ချယ်လီနစ်ကိုးလ် (စ) ကို စေလွှတ်ခဲ့သည်။ ယင်း ဆောင်ရွက်ချက်သည် အမျိုးသမီးနှင့် လူနည်းစု လူမျိုးများအတွင်းမှ အာကာသယာဉ်မှူး စုဆောင်းရာတွင် မည်သို့မျှ အထောက်အကူ မပြုခဲ့ပေ။ သို့သော် ရုပ်မြင်သံကြားရိုက်ကူးမှု နာဆာသည် အာကာသ စူးစမ်းမှုများ ပြုလုပ်ရာ၌ လမ်းခရီးဘင်မြှင့်တင်စေရန် အမျိုးသမီး အဖော်အဖြစ် စေလွှတ် ခဲ့ သည် ဟု ယူဆမြဲ ယူဆခဲ့ကြသည်။ အမှန်မှာ အမျိုးသမီး အာကာသယာဉ်မှူးများထားရှိရန် စီစဉ်လာခဲ့သည်မှာ ကြာပြီဖြစ်သည်။ မှသ အပိုလိုအစီအစဉ်တွင် အပိုလိုအာကာသယာဉ် ၂၀ အထိ ဆင်လွှတ်ရန် စီစဉ်ခဲ့သော်လည်း အပိုလို ၁၇-အပြီးတွင် ရပ်ဆိုင်းလိုက်သဖြင့် အမျိုးသမီးများ အာကာသသို့ ပျံသန်း နိုင်ရေး အခွင့်အလမ်းမှာ ပိတ်ဆို့သွားခဲ့ရသည်။ ထိုနည်းတူစွာ အမျိုးသမီးများ စတိုင်းလက်(ဘ) အာကာသယာဉ်နှင့်လည်းကောင်း၊ အပိုလို-ဆိုယု ယာဉ်များနှင့်လည်းကောင်း လိုက်ပါခွင့် မရခဲ့ကြပေ။ အကယ်၍ အပိုလို ပျံသန်းမှုများ ပြုလုပ်နေသော အမျိုးသမီး စစ်ဘက်ဆိုင်ရာ စမ်းသပ်ပျံသန်းရေး လေယာဉ်မှူးများရှိနေပါက၊ အပိုလို အာကာသယာဉ်ဖြင့် အမျိုးသမီးများ လိုက်ပါခွင့်ရမည်မှာ မလွဲဖြစ်သည်။

အာ ကာ သ ယာဉ် မှူး ရွေးချယ်ရာတွင် ဒုတိယ အဓိကပြောင်းလဲချက်မှာ အသက် အကန့်အသတ်ထားခြင်းကို ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။အာကာသလွန်းပျံယာဉ်အတွက် ဦးစီးယာဉ်မှူးများ၊ ယာဉ်မှူးများနှင့် အခြား အာကာသယာဉ်အမှုထမ်းများအတွက် အသက် အကန့်အသတ်မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com

အာကာသလွန်းပျံယာဉ် အမှုထမ်းများ၏ ထူးခြားစွာ ဆောင်ရွက်ရမည့်အပေါ် အခြေခံ၍ တတိယ ပြောင်းလဲမှုကို ပြုခဲ့ပြန်ရသည်။ အာကာသတွင် ပျံသန်းနိုင်ရန်အတွက် အနည်းဆုံး ယာဉ်အမှုထမ်းနှစ်မျိုး နှစ်စားခွဲခြားထားမည် ဖြစ်သည်။ ပထမအမျိုးအစားမှာ ဦးစီးယာဉ်မှူး များနှင့် တွဲဖက်ယာဉ်မှူးများဖြစ်ပြီး ဒုတိယအမျိုးအစားမှာ ခရီးစဉ် ကျွမ်းကျင်သူများနှင့် ပစ္စည်းကိရိယာ ကျွမ်းကျင်သူများဖြစ်သည်။ ခရီးသည်များ သို့မဟုတ် အရေးပါသော ခရီးစဉ် အမှုထမ်းများမှာ ဒုတိယ အမျိုးအစားတွင် ပါဝင်မည်ဖြစ်သည်။

အာကာသလွန်းပျံယာဉ် ဦးစီးယာဉ်မှူး များနှင့် တွဲဖက်ယာဉ်မှူးအတွက် ပထမဆုံး လိုအပ်ချက်မှာ ရူပဗေဒသိပ္ပံပညာဖြစ်သည့် သင်္ချာ သို့မဟုတ် စက်မှုလက်မှု သိပ္ပံ သို့မဟုတ် ဝိဇ္ဇာဘွဲ့တခုခုရရှိရမည်ဖြစ်သည်။ ဒုတိယ လိုအပ်ချက်မှာ ဂျက်လေယာဉ်ဖြင့် လေကြောင်းခရီး နာရီပေါင်း ၂,၀၀၀ သို့မဟုတ် ၂,၀၀၀ ကျော် သွားဘူးရမည်ဖြစ်ရာ နာရီပေါင်း ၁၀၀၀ မှာ ပထမ ဦးစီးလေယာဉ်မှူးအဖြစ် မောင်းနှင်သွားလာဘူးရမည်ဖြစ်သည်။ ခေတ်မီ ဂျက်လေယာဉ် မောင်းနှင်ခဲ့ဘူးသူများကို ဦးစားပေးမည်။ သို့သော် ယင်းကဲ့သို့သောလေယာဉ်မှူးများကိုသာ ရွေးချယ်မည်ဟု မသတ်မှတ်ခဲ့။စစ်ဘက်ဆိုင်ရာ စမ်းသပ်စစ်ဆေးရေး လေယာဉ်မှူးများမှာလည်း အခွင့်အလမ်းရှိသည်။အာကာသလွန်းပျံယာဉ်ဖြင့်ပျံသန်းနိုင်ရန်အတွက် လိုအပ်သည့် ကိုယ်ခန္ဓာကြံ့ခိုင်မှုမှာ စစ်ဘက်ဆိုင်ရာအဆင့်(၁) စမ်းသပ်စစ်ဆေးမှုများ သို့မဟုတ် အလားတူစမ်းသပ်စစ်ဆေးမှုများကို အောင်မြင်ရမည်ဖြစ်သည်။ ဥပမာပြရသော်အိုလံပစ်အားကစားအဖွဲ့တွင် အရွေးချယ်ခံရသူတမျှ ကိုယ်ခန္ဓာကြံ့ခိုင်

တောင့်တင်းရမည်။ ထို့အပြင် စိတ်ခေါင် တည်ငြိမ်မှု ရှိသူကို လည်း ဦးစားပေးမည် ဖြစ်သည်။

အာကာသလွန်းပျံယာဉ်အတွက် ယာဉ်မှူးများရွေးချယ်ရာတွင် ယခင် အာကာသယာဉ်မှူးများ ရွေးချယ်စဉ်က ကဲ့သို့ အောင်မြင်ရန် ခဲယဉ်းသည့် စမ်းသပ်မှုများဖြင့် ရွေးချယ်မည် မဟုတ်သော်လည်း စစ်ဘက်နှင့် အရပ်ဘက်ဆိုင်ရာလေယာဉ်မှူးများထဲမှ အကောင်းဆုံးနှင့် အထူးချွန်ဆုံး လေယာဉ်မှူးများ ရရှိစေရန် ရွေးချယ်မည်ဖြစ်သည်။ ဦးစီး ယာဉ်မှူးနှင့် ယာဉ်မှူးအတွက် မပြုမပြင်ရပဲ မြင်ရသော အမြင်သည် ၂၀/၅၀ ရှိရမည်ဖြစ်ပြီး ပြုပြင်ထားပါက ၂၀/၂၀ ရှိရမည် ဖြစ်သည်။

အာကာသလွန်းပျံယာဉ်နှင့် လိုက်ပါမည့် ခရီးစဉ်ကျွမ်းကျင်သူမှာမူ စက်မှုလက်မှု၊ သင်္ချာ သို့မဟုတ် ရူပဗေဒသိပ္ပံပညာ ဘာသာရပ်များထဲမှ တခုခုတွင် ဘွဲ့ရရှိထားသူ ဖြစ်ရမည်။ ထိုပ်ငန်းအတွက် အခြေခံကန့်သတ်ချက် ဟူ၍ မထား ရှိသော်လည်း ကိုယ်ကာယကျန်းမာရေးနှင့် အထူး ပြည့်စုံရပေမည်။ ယင်းပုဂ္ဂိုလ်များသည်လေယာဉ်မှူးဖြစ်ရန် သို့မဟုတ်လေယာဉ် မောင်းနှင်ခွင့် လိုင်စင်ရရှိထားသူ ဖြစ်ရန်မလိုအပ် သော်လည်း အနည်းအပါးခန့်မှာ ကျွမ်းကျင်သော လေယာဉ်မှူးများနှင့် အရွယ်အစား အလယ်အလတ်ရှိသော လေယာဉ် မောင်းနှင်သူ ဖြစ်ကြမည်မှာ မလွဲပေ။ သူတို့၏ မျက်စိအမြင်များမှာသည် အာကာသယာဉ်မှူးများကဲ့သို့ ကောင်းမွန်ရမည်ဖြစ်သည်။

အာကာသလွန်းပျံယာဉ်၏သီးသန့် ခရီးစဉ်များတွင်လိုက်ပါရမည့် ကုန်ပစ္စည်း ကျွမ်းကျင်သူများအတွက် အထူး လိုအပ်ချက်များ မရှိသော်လည်း ထားရှိသည့် ကန့်သတ်ချက်များကိုမူ

www.burmeseclassic.com

www.burmeseclassic.com

သာမန်လူများပင် အောင်မြင်နိုင်သည်။ သို့သော် ရုပ်ပိုင်းသိပ္ပံဘာသာရပ်များ သို့မဟုတ် သင်္ချာဘာသာရပ် တခုခု တို့တွင် မဟာသိပ္ပံဘွဲ့ရရှိထားရန် လိုအပ်သည်။ မရှိလျှင်မဖြစ်ဟူသော သဘောထားမျိုးမဟုတ်ပေ။ ယင်းပုဂ္ဂိုလ်များသည် နာဆာမှ ပြုလုပ်သော စွမ်းရည်စမ်းသပ်ချက်များကို အောင်မြင်ရမည် ဖြစ်ပြီး ပြုပြင်မထားသောအမြင်မှာ ၂၀/၁၀၀ ရှိရမည်။ သို့မဟုတ် ပြုပြင်ထားပါက ၂၀/၂၀ ရှိရမည်ဖြစ်သည်။ ကိုယ်ကာယကြံ့ခိုင်မှုမှာ သာမန် စစ်ဘက်ဆိုင်ရာ ကြံ့ခိုင်ရေးနှင့် တူညီသည့် အဆင့် ၂-ကို အောင်မြင်ရမည်ဖြစ်သည်။

အရေးပါ အရာရောက်သူများအတွက် ပျံသန်းသော ခရီးစဉ်တွင်လိုက်ပါသူများသည်အာကာသသို့ အဘယ့်ကြောင့်သွားရောက် ရ ပါ သ နည်း ဟူ သော အကြောင်းပြချက် ရှိရမည်။ (သို့သော်နာဆာက အဆုံးအဖြတ်ပေးမည် ဖြစ်သည်)။ကြံ့ခိုင်မှုနှင့် ပတ်သက်၍မူ အဆင့် ၂-ကိုယ်ကာယကြံ့ခိုင်ရေးစစ်ဆေးခြင်းကို အောင်ရမည် ဖြစ်သည်။ လွယ်လွယ် ပြောရပါမူ မည်သူမဆို အာကာသသို့ တက်ရောက်နိုင်စွမ်းရှိသည်။

အကာသယာဉ်အမှုထမ်းအားလုံးကိုစိတ္တဗေဒပညာရှင်နှင့် စမ်းသပ်စစ်ဆေးရမည် ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ၊ နပ်ကြောဆိုင်ရာ၊ ကြွက်သားဆိုင်ရာနှင့် အရိုးဆိုင်ရာတို့ကို စစ်ဆေးခံရမည်သာမက မျက်စိကိုလည်း စမ်းသပ်ခြင်း ခံရမည်။ ထို့ပြင် နှလုံးလှုပ်ရှားမှု မှန်မမှန်နှင့် အားစိုက်၍လုပ်ရသော စမ်းသပ်စစ်ဆေးနည်း များဖြင့်လည်း အစစ်ဆေးခံရမည် ဖြစ် သည်။ လျှောက်လွှာတင်သူအားလုံး အထူးသဖြင့် ခရီးစဉ်နှင့် ပစ္စည်းကိရိယာကျွမ်းကျင်သူများမှာ ကယ်ဆယ်ရေး လုပ်ငန်းဆိုင်ရာ စစ်ဆေးစမ်းသပ်မှုများကို အောင်မြင်ရမည် ဖြစ်သည်။

အာကာသလွန်းပျံယာဉ်အမှုထမ်းများ၏ တာဝန်ဝတ္တရားများကိုလည်း ခရီးစဉ်လုပ်ငန်းစဉ်အရ ခွဲခြားသတ်မှတ်ထားသည်။ဦးစီးမှူးနှင့်ယာဉ်မှူးများသည် အာကာသယာဉ်အတက်အဆင်း ဝန်းပတ်လမ်းကြောင်းအတွင်း ဝင်ရောက်မှုနှင့် ဝန်းပတ်လမ်းကြောင်း အပြောင်းအလဲပြုလုပ်မှု စသည်တို့ကိုတာဝန်ယူဆောင်ရွက် ပေးရမည်။ ခရီးစဉ် ကျွမ်းကျင်သူ များမှာမူ အာကာသလွန်းပျံယာဉ်၏ လုပ်ငန်းစဉ်များဟု ဆို အပ် သည့် အာကာသယာဉ်အပြင်ထွက်၍ တာဝန်ထမ်းဆောင်ခြင်း၊ တင်ဆောင်လာခဲ့သော ပစ္စည်းကိရိယာ များကို ကိုင် တွယ် ပြု ပြင်မွမ်းမံပေးခြင်း၊ အချိန်ရရှိပါက သိပ္ပံဆိုင်ရာ စမ်းသပ်မှုများကိုလုပ်ဆောင်ရွက်ခြင်း၊ သို့မဟုတ် လိုအပ်သော လုပ်ငန်းရပ်များတွင် ပါဝင်ဆောင်ရွက်ပေးခြင်း စသည်တို့ကို ပူးပေါင်းလုပ်ဆောင်ပေးရမည် ဖြစ်သည်။ ဖော်ပြပါအမှုထမ်းအားလုံးမှာ နာဆာမှ လုပ်သားများ ဖြစ်ကြသည်။

ပစ္စည်းကိရိယာ ကျွမ်းကျင်သူများမှာ အခြား လုပ်ငန်းများ၊ သို့မဟုတ် ဌာနများမှအမှုထမ်းများဖြစ်ကြပြီး၊ အာကာသ လွန်းပျံယာဉ်ခရီးစဉ်တခုတွင် အဖိုးအခပေး၍ တင်ဆောင်ထားသည့် ကုန်ပစ္စည်းကိရိယာအား ကိုင်တွယ်ပြုပြင်မွမ်းမံရန် တာဝန်ရှိသည်။ အကယ်၍ တင်ဆောင်သွားသော ပစ္စည်းကိရိယာများမှာ နာဆာပိုင် ပစ္စည်းကိရိယာများ ဖြစ်ပါက နာဆာမှ အမှုထမ်းများသာ အာကာသယာဉ်နှင့် လိုက်ပါမည်ဖြစ်သည်။ ကာကွယ်ရေးဌာနမှ ကုန်ပစ္စည်းများအား စစ်ဘက်ဆိုင်ရာ ကျွမ်းကျင်သူလိုက်ပါပြီး ကိုင်တွယ်ပြုပြင်ပေးမည်ဖြစ်သည်။သို့သော် ပစ္စည်းတင်ပို့နေကျ လုပ်ငန်းဌာနများမှ [illegible]များ၊ တိုင်းတပါးမှ ဆက်သွယ်ရေးဂြိုဟ်တုများနှင့် အာ

www.burmeseclassic.com

www.burmeseclassic.com

ကာသခေတ်ခွဲခန်းများပါဝင်ပါက သက်ဆိုင်ရာ လုပ်ငန်းဌာန ပိုင် အလုပ်သမားများကို ပစ္စည်းကိရိယာ ကျွမ်းကျင်သူအဖြစ် လိုက်ပါစေမည်ဖြစ်သည်။

ပစ္စည်းကိရိယာကျွမ်းကျင်သူများ အာကာသတွင် တကြိမ် တခါသာ တက်ရောက်ပြီး၊ ထိုက်သင့်သလို နေထိုင်နိုင်စေရန် နာဆာမှ ရက်တိုသင်တန်းတခုကို တက်ရောက်ရမည်ဖြစ်သည်။ ယင်းသို့သင်တန်းတက်ရောက်ပြီးမှသာကမ္ဘာ့အနီးဝန်းကျင်ဝန်း ပတ်လမ်းတွင် သက်ဆိုင်ရာပစ္စည်းကိရိယာ၊ သို့မဟုတ် စမ်းသပ် မှုများနှင့်အတူ အာကာသသို့ တက်ရောက်ကြရမည်ဖြစ်သည်။ အချို့သော ပစ္စည်းကိရိယာ ကျွမ်းကျင်သူများမှာ ပိုမို လေး နက်သော သင်တန်းများကို တက်ရောက် ခဲ့ကြမည်ဖြစ်ပြီး၊ ဝန်းပတ်လမ်းအတွင်း ပြောင်းရွှေ့ လှုပ်ရှားမှုများနှင့် တင် ဆောင်သွားသော ကုန်ပစ္စည်းကိရိယာတခုခုအား လိုအပ်သော နေရာတို့တွင် ထားရှိခြင်းစသည့် တာဝန်များကို ထမ်းဆောင် ကြရပေမည်။

အသစ်ရွေးချယ်ထားသော အာကာသ ယာဉ်မှူးများနှင့် ပတ်သက်၍ အထင်ရှားဆုံးသော သာဓကကို ပြရမည်ဆိုသော် အာကာသ ခေတ်ခွဲခန်း(၁)အတွက် ရွေး ချယ် ထား သော ယာဉ်အမှုထမ်းများကို ပြရပေမည်။ ယင်းအမှုထမ်းများသည် ၁၉၈၀ ခုနှစ်များအတွင်း၌ အာကာသလွန့်ပျံယာဉ်ဖြင့် လိုက် ပါကြမည်ဖြစ်သည်။ အာကာသ ခေတ်ခွဲစမ်းသပ်မှုများ ပြုနိုင် ရန် ၁၉၇၈ ခုနှစ်၊ ဇူလိုင်လအတွင်းက ဥရောပတိုက်နှင့် အမေရိကန်ပြည်ထောင်စုမှ သိပ္ပံပညာရှင် ၅ ဦး ရွေးချယ် ခဲ့သည်။ ပညာရှင်များသည် အာကာသ ခေတ်ခွဲခန်းအတွက်

ပစ္စည်းကိရိယာ ကျွမ်းကျင်သူများဖြစ်ကြသည်။ ၎င်းပညာရှင် များကိုလည်း အာကာသ လွန်းပျံယာဉ်ဖြင့် တင်ပို့မည့်ပစ္စည်း ကိရိယာများအား တီထွင်ထုတ်လုပ်သူ သိပ္ပံပညာရှင်များက ရွေးချယ်ခဲ့ကြသည်။ သိပ္ပံဆိုင်ရာ ပစ္စည်းကိရိယာများ ကိုင် တွယ်အသုံးချပုံများကို ၃ လတာမျှ သင်တန်းတက်ရောက်သင် ကြားပြီး၊ နာဆာသင်တန်းကို ၁၉၇၉ ခုနှစ်၊ ဇန်နဝါရီလ အတွင်းက တက်ရောက်ခဲ့ကြသည်။နာဆာသင်တန်းမှာ အချိန် ၃ လကြာခဲ့ပြီး၊ မြို့ပေါင်း ၉ မြို့နှင့် နာဆာဌာန ၂ ခုတို့တွင် သွားပတ်သင်ယူခဲ့ရသည်။ ထို့ပြင် တက္ကစပြည်နယ်၊ ဟူစတန် မြို့ရှိ လူစီးအာကာသယာဉ်ဌာနတွင်လည်း ရက်သတ္တ ၂ ပတ်မျှ နေထိုင်ကာ သင်တန်းတက်ခဲ့ရသည်။

အာကာသ ခေတ်ခွဲခန်းပါရှိသည့် အာကာသလွန်းပျံယာဉ် အာကာသသို့ တက်ရောက်သည့်အခါတွင် ရွေးချယ်ထားသော အာကာသယာဉ်အမှုထမ်း ၂ ဦးသာ လိုက်ပါမည်။ အခြား ၃ ဦးမှာ မြေပြင်ရှိ အထောက်အကူပြုရေး ကိရိယာများကိုသာ ကိုင်တွယ်အသုံးပြုကြမည် ဖြစ်သည်။ အာကာသယာဉ်နှင့်လိုက် ပါရန် ရွေးချယ်ထားသည့် ပစ္စည်းကိရိယာ ကျွမ်းကျင်သူ ၂ ဦးမှာလည်း သိပ္ပံဆိုင်ရာ ကိရိယာ ပေါင်း ၄၀ ခန့်ကို ကိုင်တွယ်အသုံးပြုရမည်ဖြစ်သည်။ အာကာသ ခေတ်ခွဲခန်း(၁) ၇ ရက်ကြာ အာကာသတွင် နေစဉ်အတွင်း သွေးရည်ကြည် ရူပဗေဒ၊ အရာဝတ္ထုတို့၏ ဆင့်တက်ပြုပြင်မှု၊ နေရူပဗေဒနှင့် အားများအကြောင်း ခေတ်ခွဲစမ်းသပ် ကြည့်မည် ဖြစ် သည်။ ယင်းဖော်ပြပါ အာကာသခရီးစဉ်တွင် ခရီးကျွမ်းကျင်သူ ၂ ဦးလည်း လိုက်ပါမည်ဖြစ်သည်။ ၎င်းခရီးစဉ်အတွက် ဝန်း ပတ်ယာဉ်နှင့် စက်များကို ကြည့်ရှုရန် အာကာသယာဉ်မှူး

www.burmeseclassic.com

www.burmeseclassic.com

အသစ်များ ထပ်မံရွေးချယ်ခြင်း ပြုမည်မဟုတ်ပေ။ အာကာသ ခရီးစဉ်ခွဲခန်း (၁) အတွက် ခရီးစဉ် ကျွမ်းကျင်သူ ၂ ဦးမှာ ဒေါက်တာ အိုဝင်၊ ကေ၊ ဂယ်ရီယော့(တ)နှင့် ဒေါက်တာ ရောဘတ်အောပါကားတို့ ဖြစ်ကြသည်။ ဂယ်ရီယော့(တ)မှာ ၁၉၆၅ ခု၊ ဂျွန်လအတွင်းက မူလအပိုလို သိပ္ပံပညာရှင် အာကာသ ယာဉ်မှူးအဖြစ် ရွေးချယ်ခြင်း ခံရသူဖြစ်သည်။ သူသည် လျှပ်စစ် စက်မှုလက်မှု ပါရဂူဘွဲ့ ရရှိထားသူဖြစ်ပြီး ဂျွန်ဆင်အာကာသဌာန၏ အာကာသသိပ္ပံ ဆိုင်ရာ လက်ထောက် ညွှန်ကြားရေးမှူးဖြစ်သည်။ ထို့ပြင် စကိုင်းလက်(ဘ) ဒုတိယ အသုတ် ခရီးစဉ်ဖြင့် အာကာသသို့လိုက်ပါကာ ရက်ပေါင်း ၅၆ ရက်ကြာမျှ အာကာသတွင် နေထိုင်ခဲ့ဘူးသည်။

အခြား ခရီးစဉ်ကျွမ်းကျင်သူတဦးဖြစ်သူ ခရီးစဉ် ကျွမ်းကျင်သူ ရောဘတ်ပါကာမှာ အပိုလိုနှင့် စကိုင်းလက်(ဘ) အာကာသယာဉ်များအတွက် အာကာသယာဉ် ဆက်သွယ်ရေး မှူးအဖြစ် ထမ်းရွက်ဘူးသည်။ အာကာသယာဉ်မှူး ပါကာမှာ နက္ခတ္တဗေဒ ပါရဂူဘွဲ့ရထားသူဖြစ်ပြီး ၁၉၆၇ ခုနှစ်၊ ဩဂုတ် လအတွင်းက အပိုလိုသိပ္ပံပညာရှင် အာကာသယာဉ်မှူးအဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

အာကာသခရီးစဉ်ခွဲခန်း(၁)အတွက် ဦးစီးမှူးနှင့် ယာဉ်မှူး တို့မှာ လေ့ကျင့်မှုအပြည့်အဝရှိသည့် စစ်ဘက်မှ လေယာဉ်မှူး ဖြစ်ရမည်။ နှစ်ဦးစလုံးမှာလည်း အာကာသသို့ တကြိမ်ထက် မနည်း တက်ရောက် ဘူးသူများကို ရွေးချယ်မည် ဖြစ်သည်။

အာကာသ လွန်းပျံယာဉ်မှူးအရေအတွက်မှာ ရှိသင့်သည် ထက် နည်းပါးနေသေးသည့်အတွက် အာကာသ လွန်းပျံယာဉ်

ခရီးစဉ်များ စတင်စဉ်ကမူ တကြိမ်ထက်မနည်း အာကာသသို့ တက်ရောက်ဘူးသူအာကာသယာဉ်မှူးများအား အာကာသသို့ တကြိမ်မျှ မတက်ရောက်ဖူးသေးသူ၊ သို့မဟုတ် တကြိမ်သာ ရောက်ဘူးသူတို့နှင့်တွဲဖက်၍ စေလွှတ်မည်ဖြစ်သည်။ အလား တူပင် ခရီးစဉ် ကျွမ်းကျင်သူများနှင့် ပစ္စည်းကိရိယာ ကျွမ်း ကျင်သူများကိုလည်း ဤနည်းနှင်နှင် ရွေးချယ်စေလွှတ်မည် ဖြစ်သည်။

အာကာသလွန်းပျံယာဉ်တွင် လိုက်ပါတာဝန်ထမ်းဆောင် ကြမည့် အမှုထမ်းများ၏ တာဝန် ခွဲဝေယူရမည့် အချက်နှင့် စပ်သက်၍လည်း အာကာသခရီးစဉ်ခွဲခန်း(၁)ကိုပင် ဥပမာပြု၍ တင်ပြလိုပေသည်။ ပထမဦးဆုံးယာဉ်၌ပါဝင်သော အမှုထမ်း ၆ ဦးအား အဆိုင်း ၂ ဆိုင်းခွဲ၍ တာဝန်ယူစေရမည်ဖြစ်သည်။ အဆိုင်းတဆိုင်းစီတွင် လုပ်ငန်းစဉ်အလိုက် ပါဝင်သူအမှုထမ်း တဦးစီ၊ ဥပမာ– ယာဉ်မှူး၊ ခရီးစဉ်ကျွမ်းကျင်သူနှင့် ပစ္စည်း ကိရိယာကျွမ်းကျင်သူတဦးစီ ပါဝင်ရမည်ဖြစ်သည်။ ဖော်ပြ ပါ ခရီးစဉ်အတွက် သင်တန်းတက်ခဲ့ကြသူ ၅ ဦးရှိရာ ဂျာမန် လူမျိုး၊ ဒတ်(ချ)လူမျိုးနှင့် ဆွစ်(စ)လူမျိုး တဦးစီပါဝင်ပြီး၊ ကျန် ၃ ဦးမှာ အမေရိကန်လူမျိုးများဖြစ်ကြသည်။ ၄ ဦးမှာ တက္ကသိုလ်မှဖြစ်ပြီး၊ တဦးမှာ ဥရောပ အာကာသစက်မှုဌာနမှ ဖြစ်သည်။

နာဆာမှ နောက်ဆုံးအသုတ် ရွေးချယ်ခဲ့သော အာကာသ ယာဉ်မှူး အသစ်အုပ်စုတွင် လုပ်ငန်းပေါင်းစုံမှ ပညာရှင် ပေါင်းစုံပါဝင်သည်။ ၁၉၇၈ ခုနှစ်အတွင်းကအာကာသယာဉ် မှူးလောင်း ၃၅ ဦး ရွေးချယ်ခဲ့ရာ စစ်ဘက်မှ ၂၁ ဦးနှင့်

www.burmeseclassic.com

www.burmeseclassic.com

အရပ်သား ၁၄ ဦးပါဝင်သည်။ (ယင်းအာကာသယာဉ်မှူးလောင်း ၃၅ ဦးထဲမှ ဦးစီးမှူး၊ ယာဉ်မှူးနှင့် ခရီးစဉ်ကျွမ်းကျင်သူများ ရွေးချယ်ခဲ့ပြီး ပစ္စည်းကိရိယာ ကျွမ်းကျင်သူတဦးမှ ရွေးချယ်ခြင်းမပြုခဲ့ပေ။) ထို့ပြင် ၎င်း ၃၅ ဦးထဲမှ ၆ ဦးမှာ အမျိုးသမီးများဖြစ်ပြီး၊ ၄ ဦးမှာ လူနည်းစု လူမျိုးများထဲမှဖြစ်သည်။အမေရိကန် အမျိုးသမီးများထဲမှ အာကာသသို့ တက်ရောက်ခဲ့ဖူးသူ မရှိခြင်းကြောင့် ယင်းအမျိုးသမီးများ၏ အာကာသယာဉ်မှူးသင်တန်းမှာ အတန်ကြာဦးမည်ဖြစ်သည်။ ထို့ကြောင့် အမေရိကန် အမျိုးသမီး အာကာသယာဉ်မှူးများ အာကာသသို့ ၁၉၈၁ ခုနှစ်ကျော်မှသွားရောက်ကြလိမ့်မည်ဟု ခန့်မှန်းရသည်။

အာကာသ လွန်းပျံယာဉ်၊ ယာဉ်မှူးသင်တန်းမှာ အပိုလိုအာကာသယာဉ်၊ ယာဉ်မှူးသင်တန်းနှင့်တူညီသည်။ ယာဉ်မှူးလောင်းသည် အာကာသလွန်းပျံယာဉ်ထိန်းချုပ်ရေး ခလုတ်အချို့နှင့်တူညီသည်။ ခလုတ်များ ပါဝင်သော လေ့ကျင့်ရေးအာကာသလွန်းပျံ ဝန်းပတ်ယာဉ်နှင့် လေ့ကျင့်မှုများ ပြုလုပ်ရသည်။ သင်တန်းပေးသူများသည် တကယ့် ပျံသန်းမှုမျိုးရှိအောင် ဖန်တီးပြုလုပ်ကာ ယာဉ်မှူးလောင်းများ၏ တုံ့ပြန်မှုကို လေ့လာခဲ့ကြသည်။ အာကာသလွန်းပျံယာဉ် ကိုင်တွယ်မောင်းနှင်ရေး သင်တန်းအတွက်မူ လွန်းပျံယာဉ် ပျံသန်းရေးကုန်းပတ်မှ မူလပျံသန်းရေးထိန်းချုပ်မှု အလုပ်ခန်းတခုတည်းကိုသာ အစားထိုးလေ့ကျင့်စေခဲ့သည်။

ပိုမိုထူးခြား၍ ရှုပ်ထွေးသော သင်တန်းများအတွက် ယာဉ်မှူးလောင်းများသည် တက္ကစပြည်နယ်၊ ဟူစတန်မြို့ရှိ ဂျွန်ဆင်အာကာသဌာနရှိ လေကြောင်းပျံသန်းမှုဝန်းပတ်ယာဉ်အတုကို

အသုံးပြုခဲ့ကြသည်။ ယင်းလေကြောင်းပျံသန်းမှုဝန်းပတ်ယာဉ်အတုသည် ယာဉ်မှူးလောင်းများနှင့် ပျံသန်းရေး ထိန်းချုပ်သူများ၊ သင်တန်းတက်ရာတွင် အထောက်အကူ ဖြစ်စေရန် ခလုတ်ပေါင်းစုံဖြင့် တပ်ဆင်တည်ဆောက်ထားသည်။ တနည်းဆိုသော် တကယ်ပျံသန်းရာ၌ မောင်းနှင်ရသကဲ့သို့၊ အထူးသဖြင့် အရေးပေါ်အချိန်မျိုးတွင် မည်သို့ အင်အားစိုက်ထုတ်ကာ လုပ်ဆောင်ရကြောင်းကို ပြသနိုင်ရန် ဖန်တီး ပြုလုပ်ထားထားသည်။

အာကာသယာဉ်မှူးလောင်းများသည် ယာဉ်မှူး သင်တန်းတို ဝန်းပတ်ယာဉ်အတုဖြင့် အောင်မြင်စွာစမ်းသပ်မောင်းနှင်နိုင်သည့်အခါတွင် ဝန်းပတ်ယာဉ်ဖြင့် မြေပြင်သို့ချဉ်းကပ်ခြင်းနှင့် သက်ဆင်းခြင်း၊ အာကာသယာဉ်အား တင်လွှတ်ခြင်းနှင့် အရေးပေါ်ကိစ္စ ဆောင်ရွက်ခြင်းတို့အတွက် ကောင်းစွာ လုပ်ဆောင်နိုင်ပြီ ဟု သတ်မှတ်ရပေမည်။ အပိုသင်တန်းများ တက်ရောက်ရသည့်အခါတွင် ဝန်းပတ်ယာဉ်အစစ်၏စက်ခန်းတွင်း၌ ထိုင်ကာ စမ်းသပ်မောင်းနှင်ကြရသည်။သင်တန်းများပြီးသည့်အခါတွင် အာကာသသို့ တက်ရောက်ဘူးသူ အာကာသယာဉ်မှူးက ဦးစီးမှူးအဖြစ် ဆောင်ရွက်ကာ အာကာသယာဉ်ဖြင့် အာကာသသို့ ယာဉ်မှူးအဖြစ်တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

အာကာသယာဉ်အမှုထမ်းအဖြစ် ရွေးချယ်ထားခြင်းခံရသူအားလုံးသည် ရေထဲ၌ လေ့ကျင့်ခန်းများ ယူကြရသည်။တခါတရံ နာဆာဌာနများတွင် ရေအောက်အသက်ရှူနိုင်ရေးတန်ဆာပလာများဝတ်ဆင်၍ ရေအောက်၌ လွယ်ကူစွာ ဖော့နိုင်စေရန် လုပ်ဆောင်၍ လေ့ကျင့်ခဲ့ကြသည်။ ရေအောက် သွား

www.burmeseclassic.com

www.burmeseclassic.com

လာလှုပ်ရှားမှုသည် အာကာသတွင်း သွားလာလှုပ်ရှားမှုနှင့် များစွာတူညီသောကြောင့် အာကာသ၌ ကြုံတွေ့နိုင်သော ပြဿနာရပ်များကို ကြိုတင်ခန့်မှန်းနိုင်သည်။ အတွေ့အကြုံလည်း ရရှိနိုင်သည်။

တခါတရံ ရေတိုင်ကီအတွင်း လေ့ကျင့်ခန်းများ ယူရာ၌ အာကာသယာဉ်အပြင်ထွက်စဉ် ဝတ်ဆင်ရသော အာကာသဝတ်စုံမျိုးကို ဝတ်ဆင်ခဲ့ရသည်။ အမျိုးသမီးအာကာသယာဉ်မှူးများအဖြစ်ရွေးချယ်လိုက်သည့်အခါတွင် အာကာသဝတ်စုံချုပ်လုပ်၍ တင်သွင်းသောကုမ္ပဏီသည်ဝတ်စုံ၌ ပြုပြင်မှုအချို့ကို ပြုလုပ်ခဲ့ရသည်။ အထူးသဖြင့် အချို့ ဝတ်စုံများကို ခပ်သေးသေးချုပ်လုပ်ခဲ့ပြီး အမျိုးသမီးများ အလွယ်တကူဝတ်ဆင်နိုင်ရလေအောင် ပြုပြင်ပေးခဲ့ကြသည်။

ရေတိုင်ကီကြီးများအတွင်း၌ အာကာသဝတ်စုံကို ဝတ်ဆင်ကာ သွားလာလှုပ်ရှားပါက အလေးချိန်မဲ့သော အာကာသ၌ သွားလာလှုပ်ရှားရဘိသကဲ့သို့ ဖြစ်သည်။ ထို့ပြင် အာကာသလွန်းပျံယာဉ်မှ ပစ္စည်းကိရိယာတင် အခန်းတခုလုံးကို ရေတိုင်ကီအောက်သို့ ချ၍ ဝတ်စုံပြည့် ဝတ်ဆင်ထားသော ယာဉ်မှူးများ ရေအောက်၌ပင် လေ့လာမှု ပြုလုပ်နိုင်ကြသည်။ ထို့ပြင် အာကာသယာဉ်မှူးများသည် လိုရာသို့ တွန်းကန်ရန်းထွက်ပြီး ကြိုးတန်းများကို ကိုင်ကာ သွားလာကြရပြီး အခြားသော အာကာသယာဉ်မှူးများနှင့်လည်း အဆက်အသွယ်လုပ်ဆောင်နိုင်သဖြင့် အာကာသလွန်းပျံယာဉ်နှင့် လိုက်ပါသွားရသကဲ့သို့ ခံစားကြရသည်။ အကယ်၍ တိုင်ကီကြီးထက်ဝက်ခန့်ကို ထက် မိုးကောင်းကင်မှ ကြယ်တာရာများ သဏ္ဍာန် ပုံများနှင့် ကျန် တဝက်ခန့်ကို ကြီးမားကျယ်ပြန့်သော ကမ္ဘာလုံးကြီးသဏ္ဍာန်

ရေးဆွဲထားမည်ဆိုပါက တကယ့် အာကာသ လွန်းပျံယာဉ်နှင့် ပျံသန်းသွားလာရသကဲ့သို့ ထင်မြင်ကြရပေမည်။

အခြားသောလေ့ကျင့်မှုများကို "ကယ်ဆယ်ရေးစက်လုံး" တွင်း၌ ပြုလုပ်ကြရသည်။ အကယ်၍ ဝန်းပတ်ယာဉ် တစုံတခု ချွတ်ယွင်းသွားပါက ယင်းစက်လုံးကို အဓိကအရေးပေါ်ကယ်ဆယ်ရေး အစိတ်အပိုင်းအဖြစ် အသုံးပြုရမည်ဖြစ်သည်။ ထိုသို့ စက်ချွတ်ယွင်းသွားချိန်တွင် ကမ္ဘာမြေပြင်မှ ယာဉ်အမှုထမ်း အနည်းဆုံး ပါဝင်သော ဝန်းပတ်ယာဉ် နောက်တစင်းသည် ဝန်းပတ်လမ်းကြောင်းအတွင်း ဝင်ရောက်ကာ ပထမ လွန်းပျံယာဉ်နှင့် နီးနိုင်သမျှနီးအောင်ပျံသန်းမည်ဖြစ်သည်။ အကယ်၍ စက်ချွတ်ယွင်းသော ဝန်းပတ်ယာဉ်သည် မလှုပ်နိုင်၊ မပတ်နိုင် ဖြစ်နေပါက ကြိုးဖြင့် ထိန်းထားပြီး အာကာသယာဉ်မှူး တဦးစီပါသော ကယ်ဆယ်ရေးစက်လုံးများအား လက်တုကြီးဖြင့် သိမ်းယူကာ ဒုတိယဝန်းပတ်ယာဉ်အတွင်းသို့ ဆွဲယူမည် ဖြစ်သည်။ အခြားသော အာကာသယာဉ်မှူးများမှာမူ အာကာသအတွင်း လမ်းလျှောက်ကာလာကြရမည်ဖြစ်သည်။

အကယ်၍ စက်ချွတ်ယွင်းသော ဝန်းပတ်ယာဉ်သည် ထိန်း၍ ရအောင် လည်ပတ်နေမည်ဆိုပါက ကြိုးဖြင့် ထိန်းထားနိုင်မည်မဟုတ်ပေ။ ယင်းသို့သောအခါမျိုးတွင် အမှုထမ်းအားလုံးသည် အာကာသယာဉ်အပြင်ထွက်စဉ် ဝတ်ဆင်ရသောဝတ်စုံကို ဝတ်ကြ၍ အသက်ကယ်စက်လုံးဖြင့် စောင့်ဆိုင်းနေသော ဝန်းပတ်ယာဉ်ဆီသို့ ရောက်အောင် "နောက်ကျောလွယ် တွန်းအားပေးစက်" ဖြင့် ထိန်းကျောင်းမောင်းနှင်သွားလာကြမည် ဖြစ်သည်။ အသက်ကယ်စက်လုံးသည် မိနစ် ၆၀ မျှ အာကာသယာဉ်မှူးများ အသက်ရှင်အောင် ထိန်းသိမ်းထားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

အာကာသယာဉ် အပြင်ထွက်စဉ် ဝတ်ဆင်ရသော ဝတ်စုံမှာ ယာဉ်မှူးများအား နာရီအတန်ကြာသည်အထိ အသက်ရှင်အောင် ထိန်းသိမ်းထားနိုင်သည်။

အာကာသလွန်းပျံယာဉ်ဖြင့် အရေးပါ အရာရောက်သူတို့ အာကာသသို့ ခရီးသည်များအဖြစ်လိုက်ပါစေရန် ခွင့်ပြုမည်ဟု ကြံရွယ်ထားသော်လည်း အာကာသ လွန်းပျံယာဉ်အား ခရီးသွားဧည့်သည် တင်ဆောင်ရေးယာဉ် အဖြစ် အသုံး ပြုမည်မဟုတ်ပေ။

သို့သော် အာကာသလွန်းပျံယာဉ်တွင် အာကာသ ဓာတ်ခွဲခန်းပင် တင်ဆောင်ထားနိုင်သည်ဟု ဆိုသောကြောင့် ကုန်ပစ္စည်းကိုရိယာတင် အခန်းတွင် အလားတူ ကြီးမားသော ပစ္စည်းများလည်း တင်ဆောင်နိုင်မည်မှာမလွဲဖြစ်သည်။ နောင်အခါသင့် အခွင့်ကြုံသည့် အခါ၌ ပစ္စည်းကိရိယာတင်အခန်း၌ ပတ်ဝန်းကျင် မြင်ကွင်း လေ့လာရေး အခန်းလည်း ပါဝင်ကောင်းပါဝင်ပေမည်။ ၎င်းပတ်ဝန်းကျင် မြင်ကွင်း လေ့လာရေးအခန်းတွင် ပြတင်းပေါက်များ ထားပေးမည် ဖြစ်သဖြင့် အာကာသအား ကောင်းစွာကြည့်ရှု လေ့လာနိုင်မည်ဖြစ်သည်။

ခရီးသွား ဧည့်သည်များ၏ အခန်းအတွက် အလင်းရောင် အပူရှိန်နှင့် အောက်စီဂျင်အငွေ့များကို ဝန်းပတ်ယာဉ်မှ ပေးမည်ဖြစ်ပြီး၊ အာကာသယာဉ်ကိုလည်း ကမ္ဘာ့အနီး ဝန်းကျင် ဝန်းပတ် လမ်းကြောင်းအတွင်း နာရီအနည်းငယ် သို့မဟုတ် ခရီးသည်တို့မအိပ်စက်ကြသော အချိန်တို့တွင် ဝန်းပတ်ပျံသန်းစေမည် ဖြစ်သည်။

တရက်တာခရီးစဉ်အတွက် ခရီးသွား ဧည့်သည် တို့သည် ကမ္ဘာကြီး၏ ကွေးဝိုက်သည့်ပုံသဏ္ဌာန်တို့ကို မြင်ကြရမည် ဖြစ်

ပြီး၊ လ နှင့် နေတို့ကိုလည်း ကမ္ဘာကြီးအားဝန်းပတ်နေယင်း မြင်တွေ့ကြရမည် ဖြစ်သည်။ ထို့ပြင် တည်ဆောက်နေသော အာကာသစခန်းနှင့် ကမ္ဘာအားဝန်းပတ်နေသော အာကာသယာဉ်ပြောင်းတို့၏ အနီးအနားမှလည်း ဖြတ်၍ ပျံသန်း ကြမည်ဖြစ်သည်။

အာကာသခရီးသွားယာဉ်ပေါ်၌ ခရီးသည်များ ပါရှိပါမူ ယင်း ခရီးသည်တို့အတွက် အထူးပင် လုံခြုံစိတ်ချရသည်ဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အရေးပေါ်ကိစ္စများအတွက် ယာဉ်ပေါ်တွင် အသက်ကယ် စက်လုံးအပိုများ သယ်ဆောင်သွားမည်ဖြစ်ပြီး၊ မြေပြင်၌လည်း ခရီးသွားဧည့်သည်များအတွက်အစမ်းတပ်ဆင်ထားသောအာကာသလွန်းပျံယာဉ်တစင်းကို အကူကယ်ဆယ်ရေးယာဉ်အဖြစ်ထားရှိခြင်းကြောင့်ဖြစ်သည်။

အာကာသလွန်းပျံယာဉ်နှင့် ခရီးသည်ပေါင်း မည်မျှ လိုက်ပါနိုင်သနည်း ဟူသော မေးခွန်းအတွက်မှာမူ အာကာသလွန်းပျံယာဉ် အသက်ကယ်စနစ်များ၊ အသက်ကယ်စက်လုံးများနှင့် အလားတူ ပစ္စည်းတင်ဆောင်နိုင်သည့်အပေါ် တည်သည် ဟု မှတ်ယူရမည်ဖြစ်သည်။ ခရီးသွား ဧည့် သည် များ အခန်းမှာ လေယာဉ်ဖြင့်ခရီးသွားရသကဲ့သို့ အစစလိုလေသေးမရှိအောင် စီစဉ်တီးပြုလုပ်ထားမည်ဖြစ်သည်။ အာကာသ လွန်းပျံယာဉ်မှ ပစ္စည်းကိရိယာတင်အခန်းကို ခရီးသွား ဧည့်သည်များအခန်း အဖြစ် ပြုပြင်ပြောင်းလဲမည်ဆိုပါက၊ ခရီးသည်ပေါင်း ၃၀ ခန့် တင်ဆောင်နိုင်မည်ဖြစ်သည်။

အာကာသခရီးသွားစရိတ်မှာ အထူးပင်များပြားပေမည်။ မည်မျှ ကျမည်ကိုလည်း ယခု မခန့်မှန်းနိုင်သေးပေ။ အဘယ့်

www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ဆိုသော် ခရီးသွားဧည့်သည်ခန်းကို ပုံစံပင် မရေးဆွဲ မတည်ဆောက်ရသေးခြင်းကြောင့်ဖြစ်သည်။ သို့သော် လွန်းပျံအာကာသယာဉ်၏ သက်တမ်း တချိန်ချိန်တွင် လူတဦးလျှင် ဒေါ်လာ ၁၀,၀၀၀ ခန့် အနည်းဆုံး ပေးရမည်ဟု ခန့်မှန်းကြသည်။ ဤစရိတ်မှာလည်း ကမ္ဘာ့တပတ် လေယာဉ်ဖြင့်ခရီးသွားသည့် စရိတ်ထက်ပင် နည်းနေသေးသည်။

စယ်တန်အပိုလို အာကာသယာဉ်ဖြင့် ခရီးနှင်ကြစဉ်က ကျွန်ုပ်တို့သည် အသိဉာဏ် တိုးတက်ရေးအတွက် အာကာသခရီး ထွက်ခဲ့ကြသည့် ခရီးသည်များနှင့်တူသည်။ ယခုအခါတွင် ကျွန်ုပ်တို့သည် စက်မှုနည်းပညာများအား ထိန်းကျောင်းပေးသည့် သင်းအုပ်ပညာရှင်များအဖြစ် ရောက်ရှိလာခဲ့ကြပြီ။ သို့သော် ကျွန်ုပ်တို့သည် စက်မှုနည်းပညာအား ထိန်းကျောင်းယင်း စကြဝဠာအား မပြတ် အာရုံစိုက်နေကြရမည်ဖြစ်သည်။

သမ္မတဂျင်မီကာတာ၊ ၁၉၇၈-ခုနှစ်။

အခန်း (၇)
အာကာသလွန်းပျံယာဉ်ကမ္ဘာ

ကမ္ဘာ့အား ဝန်းပတ်နေမည့် ဂြိုဟ်တုများအား တင်ဆောင်သွားခဲ့သည့် အာကာသ လွန်းပျံယာဉ် သက်ဆင်းလာခဲ့သည်မှာ အတန်ကြာပေပြီ။ ယာဉ်အမှုထမ်းများသည် လုပ်ငန်းဟောင်းများဆီသို့လည်းကောင်း၊ သို့မဟုတ် ဂျွန်ဆင်အာကာသဌာနသို့လည်းကောင်း၊ သို့မဟုတ် အငှုရှိ အာကာသ လွန်းပျံယာဉ် ဆင်လွှတ်ရာ နေရာနှင့် မနီးမဝေးတွင် လည်းကောင်း သွားရောက်ခဲ့ကြလေပြီ။ အချို့မှာမူ အာကာသလွန်းပျံယာဉ်ဖြင့် နောက်တခေါက်ပြန်၍ လိုက်ရမည် ဖြစ်သည်။ အချို့အဝတ်မှာ လုပ်ငန်းခွင်ပြန်ဝင်ရန် အစီအစဉ် ရေးဆွဲယင်း စောင့်စားနေ

www.burmeseclassic.com

www.burmeseclassic.com

မည်ဖြစ်သည်။ ကျန်အချို့မှာမူ အာကာသသို့ ပြန်လည် တက်ရောက်ကြတော့မည်မဟုတ်ပေ။ သို့သော် သူတို့ကြုံတွေ့ခဲ့ရသော အာကာသ အတွေ့အကြုံကိုမူ ဘယ်အခါမှ မေ့ပျောက်မည်မဟုတ်ပေ။

ကမ္ဘာနှင့် သိပ်မဝေးသော ဝန်းပတ်လမ်းကြောင်းတွင် အထူး အာကာသယာဉ်တစင်း ရောက်ရှိနေသည်။ ၎င်းနှင့်အတူ အခြား ဒုံးပျံတစင်း ကုန်ပစ္စည်းအဖြစ် ပါဝင်ခဲ့သည်။ ဒုံးပျံ၏ ထိပ်ပိုင်း၌ ဂီယာများ၊ ဝါယာကြိုးများ၊ ကင်မရာများ၊ အခြား အစိတ်အပိုင်းများ၊ အင်တင်နာခေါ် ကောင်းကင်ကြိုးများပါဝင်သည့် ကြယ်နက္ခတ္တာရာ လေ့လာရေးဂြိုဟ်တုတလုံး ချိတ်ဆက်ထားသည်။

အာကာသလွန်းပျံယာဉ် ပစ္စည်းကိရိယာတင် အခန်းတံခါး ပွင့်သွားပြီး ရှည်လျားသော ဒုံးပျံကြီးအား ယာဉ်အပြင်ဘက် အတန်ငယ်ဝေးသည့် နေရာသို့ရောက်အောင် ဆွဲထုတ် ယူခဲ့ကြသည်။

နောင်ကာလ အတန်ကြာသည့် အခါတွင် ဒုံးပျံ၏ထိပ်ပိုင်းမှ ဂြိုဟ်တုအား စနေဂြိုဟ်၏ ဂြိုဟ်ရံ လတလုံး ဖြစ်သည့် "တိုက်တန်"၏ မျက်နှာပြင်မှ ပေးပို့လွှင့်ထုတ်သော ရုပ်မြင်သံကြား အစီအစဉ်တွင် မြင်တွေ့ရမည် ဖြစ်သည်။ လွန်ခဲ့သော အချိန် နှစ်နှစ်ကျော်က အေးမြငြိမ်သက်သော တိုက်တန်၏ မျက်နှာပြင် ဓာတ်ပုံ ခပ်ဝါးဝါးများကို ပိုင်အိုနီးယား ဂြိုဟ်တုက ပေးပို့ခဲ့သည်။ တိုက်တန်ဂြိုဟ်၏ လေထုအောက်၌ ရှုပ်ထွေးသော မော်လီကျူးများ တခုနှင့်တခု ဆက်စပ်ကာ သက်ရှိအရာ အဖြစ် တည်ရှိကောင်း တည်ရှိနိုင်သည်ဟု ပညာရှင်များ ထင်မြင်ခဲ့ကြသည်။

ယခုအခါတွင် စနေဂြိုဟ်၏ ဂြိုဟ်ရံတိုက်တန်၏မျက်နှာပြင်ကို လူအပေါင်းတို့ ကောင်းစွာ မြင်တွေ့ကြရတော့မည် ဖြစ်သည်။ ထိုမျှမက တိုက်တန်အပေါ် သက်ဆင်းခဲ့သော အာကာသယာဉ်ငယ်က မျက်နှာပြင်ရှိ မြေသားနှင့် ရေခဲပြင်များကို တူးဆွ၍

လေ့လာမည်သာမက ပတ်ဝန်းကျင်ရှိ လေထုသည် အဆိပ်သင့် မသင့် စမ်းသပ်ကာ အပူချိန် စသည်တို့ကိုလည်း တိုင်းတာကြည့်မည် ဖြစ်သည်။

အာကာသ လွန်းပျံယာဉ်ဖြင့် တင်ဆောင်လာခဲ့သော ဒုံးပျံတို့ အာကာသ ဝန်းပတ်လမ်းမှ နေ၍ ဂြိုဟ်နက္ခတ္တာရာများ အကြား တင်လွှတ်ရန် အဆင်သင့်ဖြစ်သည့် အခါတွင် အာကာသ လွန်းပျံယာဉ်သည် ဒုံးပျံနှင့် အာကာသယာဉ်တို့ဆီမှ ခွာလာခဲ့သည်။ ထိုစဉ် ဒုံးပျံရှိ အင်ဂျင်များ မီးကူးကာ တာရာများ အကြားသို့ ဒုံးပျံနှင့် အာကာသယာဉ်တို့ ထိုးထွက်သွားခဲ့ကြပြီး မိနစ်အနည်းငယ်အတွင်း မြင်ကွင်းမှ ပျောက်ကွယ် သွားတော့သည်။ စနေဂြိုဟ် လေ့လာရေး အာကာသယာဉ်သည် စနေဂြိုဟ်၏ ဆွဲအားနယ်အတွင်းသို့ ရောက်အောင် အချိန် ၄—နှစ် တာမျှ သွားရမည် ဖြစ်သည်။ အာကာသ ယာဉ်သည် နောက်ပိုင်း၌ စနေဂြိုဟ်ဝန်းပတ်လမ်းမှနေ၍ လေ့လာလိုသော တိုက်တန်လ၏ မျက်နှာပြင်ပေါ်သို့ သက်ဆင်းသွားမည်ဖြစ်သည်။

အာကာသလွန်းပျံယာဉ်ဖြင့် တင်ဆောင်သွားသည့် ပစ္စည်းကိရိယာများနှင့် ပတ်သက်၍ တခါတရံ ဒေါ်လာသန်းအနည်းငယ်တန်သော တိုးတက်ဆန်းပြားသည့် စက်မှုနည်းပညာဖြင့် တည်ဆောက်ထားသည့် ပင့်ကူပုံသဏ္ဍာန် အလူမီနီယမ် စက်မှုအစည်း သို့မဟုတ် အာကာသဓာတ်ခွဲခန်းကဲ့သို့သော ကြီးမားသည့် တခုတည်းသော အရာများ သို့မဟုတ် အာကာသ မှန်ပြောင်းနှင့်ဂြိုဟ်နက္ခတ်တာရာလေ့လာရေးယာဉ်များဖြစ်မည်ဟု တွေးထင်ခဲ့ကြသည်။

ထိုသို့ပင် အမြဲတမ်းမဟုတ်ချေ။ အာကာသလွန်းပျံယာဉ်၌ တကြိမ်တည်းသာ သယ်ဆောင်ရမည့် ကြီးမားသည့်အရာများ တင်ဆောင်နိုင်သည် သာမက ကုမ္ပဏီ ကလေးများနှင့် ပုဂ္ဂိုလ်

www.burmeseclassic.com

www.burmeseclassic.com

တဦးချင်း၏ စမ်းသပ်ရေး ကိရိယာများကိုလည်း တင်ဆောင်နိုင်သည်။ ထို့ ကြောင့် အာကာသ လွန်းပျံယာဉ် ကြီး အား အကြိမ်ကြိမ် အသုံးပြုမည့် ကြီးမားသည့် ကုမ္ပဏီကြီးများ ဖြစ်သော ဝက်(စ်)တင်းယူနီယံ၊ကာကွယ်ရေးဌာနနှင့် နာဆာအဖွဲ့ကြီးတို့သည် တဖွဲ့လျှင် ဒေါ်လာ ၁၀၀,၀၀၀ စီ အပ်နှံ ကြရသည်။ ကုမ္ပဏီငယ်ကလေးများကမူ အနည်းဆုံးဒေါ်လာ ၅၀၀ အထိ အပ်နှံကြရမည် ဖြစ်သည်။ အာကာသလွန်းပျံယာဉ်ခရီးစဉ်တခု အတွက် ကုန်ကျစရိတ်မှာ ဒေါ်လာ သန်း ၂၀-ခန့် ဖြစ်သည်။

၁.၅ ကုဗပေရှိသည့် စမ်းသပ်ရေးပစ္စည်းနှင့် ကုန် ပစ္စည်း များအားအာကာသလွန်းပျံယာဉ်ဖြင့်ကမ္ဘာပတ်လမ်းကြောင်းတွင် တင်ဆောင်စရိတ်မှာ ဒေါ်လာ ၃,၀၀၀ နှင့် ၅ ကုဗပေရှိသောအရာ၏ စရိတ်မှာ ဒေါ်လာ ၁၀,၀၀၀ ဖြစ်သည်ဟု နာဆာအဖွဲ့ကြီးက ကြေငြာထားသည်။ ဤသယ်ယူခစရိတ်ဖြင့် အလေးချိန် ပေါင် ၆၀ မှ ပေါင် ၂၀၀ အထိသယ်ယူနိုင်ခွင့်ကို နာဆာအဖွဲ့က ခွင့်ပြုထားသည်။ သို့သော် ဤသို့တင်ဆောင်နိုင်ရန် အချက် ၄ ချက်ကို နာဆာအဖွဲ့က သတ်မှတ် ခဲ့သည်။ ၎င်းတို့မှာ (၁) သိပ္ပံသဘော ကျယ်ပြန့်စွာ သက်ရောက်စေသည့် စမ်းသပ်မှုများ၊ (၂) မပေါက်မကွဲစေပဲ လုံခြုံ စိတ်ချရသည့် ပစ္စည်းများ၊ (၃) အစိတ်အပိုင်းစုံ တစုတည်း ပါဝင်သော ပစ္စည်းများနှင့် (၄) ကောင်းမွန်သော စေတနာဖြင့် တင်လွှတ်သော ပစ္စည်းများ ဖြစ်ရမည်။

မမှန်ကန်သောစေတနာဖြင့် ပစ္စည်းများ တင်ပို့လိုကြောင်း နာဆာအဖွဲ့ထံ ခွင့်ပန်ပါက အဖွဲ့ကြီးအနေဖြင့် လက်မခံပဲ နေခဲ့သည်။ ၁၉၈၂ ခုနှစ်အထိ ပြုလုပ်မည့်ပျံသန်းမှုများအတွက်

ကြိုတင်စရာ နေရာများအားလုံး ရောင်းချပြီးဖြစ်သည်။ လက်ခံခဲ့သော ပစ္စည်းအမျိုးအပြားလည်းရှိသည်။ ဒါးလက်(စ်)မြို့မှ အရောင်းသမားတဦးက ၎င်း၏ဂါဗီ(သဲကြွက်)များဈေးကောင်းရစေရန် အာကာသအတွင်း တင်လွှတ်ခွင့်တောင်းသောအခါ နာဆာအဖွဲ့မှ ပယ်ချခဲ့သည်။ ထို့အပြင် နယူးယောက်မြို့မှ သူဌေးဝန်တဦးက သူ၏သားအား မင်္ဂလာလက်ဖွဲ့အဖြစ်ပေးရန် ရည်သည့် ဂြိုဟ်တုငယ်ကလေးတလုံးကို အာကာသလွန်းပျံယာဉ်ဖြင့် တင်ဆောင်ခွင့်တောင်းသည့်အခါကလည်း ပယ်ချခြင်းခံရသည်။ အာကာသလွန်းပျံယာဉ်ပေါ်၌ တံဆိပ်ခေါင်းများကို စာတိုက်တံဆိပ်ရိုက်မည်လည်း မဟုတ်၊ ထို့ပြင် သတ္တုပြားများ၊ ပန်းပုရုပ်တုများ၊ ပန်းချီကားများ၊ ပိုက်ဆံ အကြွေများကိုလည်း ယူဆောင်သွားမည်မဟုတ်ပေ။ သို့သော် အာကာသ လွန်းပျံယာဉ်မှနေ၍ ကမ္ဘာကြီးနှင့် လ တို့အား ရုပ်ရှင်ရိုက်ကူးရန် တီထွင်ထားသည့် ကင်မရာတလုံးကို သယ်ဆောင်သွားမည်ဖြစ်သည်။

ဗောက်(စ)ဝယ်ဂွန်း မော်တော်ကားထုတ်လုပ်ရေးဌာနကလည်း အာကာသအတွင်း ဗောဗယ်ရင် ထုတ်လုပ်နိုင်ရေး စမ်းသပ်မှုများ ပြုလုပ်ရန် အာကာသလွန်းပျံယာဉ် ကုန်ပစ္စည်းတင်အခန်း၌ ကြိုတင်နေရာယူထားပြီး ဖြစ်သည်။ အလားတူပင် ကန်ဆင်နှင့် ဂျွန်ဆင်ကုမ္ပဏီကလည်း လူ့ သွေးများတွင်းမှ အပ်ပစ္စည်းများအား အာကာသတွင်စမ်းသပ်ခွဲထုတ်ရန် စီစဉ်ထားသည်။ ထို့ပြင် ဂျပန်နိုင်ငံမှ ယိုမိယူရီရှင်ဘွန်း သတင်းစာကလည်း ဂျပန်လူငယ်တဦး ပြုလုပ်သော သိပ္ပံ စမ်းသပ်ရေး လက်ရာ ပန်းတခုအတွက် ကြိုတင်နေ ရာယူ၍ ထားခဲ့သည်။

၁၉၇၈ ခုနှစ်အထိ ကြိုတင် စာရင်းသွင်းထားသည့် အရာ ဝတ္ထုပေါင်း ၂၄၀ ကျော်ရှိကြောင်း သိရသည်။ ကုန်ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com

ကိရိယာများ၏ စုစုပေါင်းတန်ဖိုးမှာ ဒေါ်လာသန်း ၅၂၀ ကျော်သဖြင့် အာကာသလွန်းပျံယာဥ်တည်ဆောက်ရာတွင် ကုန် ကျစရိတ် များသည် ဟု စွပ်စွဲသူများအား အထက်ပါအချ တခုတည်းဖြင့် ချေပပြောဆိုနိုင်သည်။ ထို့ကြောင့် အာကာသ လွန်းပျံယာဥ် ခရီးစဥ်များမှ နာဆာအဖွဲ့အတွက် အမြတ်ထွ နိုင်ကြောင်း တွေ့ရှိရသည်။ လက်ရှိ လက်ခံထားသည့်ကုန်ပစ္စည်း ကိုရိယာများ၏ အရေအတွက်အရ အာကာသ လွန်း ပျံ ယာ သည် အာကာသသို့ အကြိမ်ပေါင်း ၂၀ ကျော် ပျံသန်း အစီအစဥ် ပြုထားရသည်။ အထက်တန်း ကျောင်းသားတ အကြံပြုထားသည့် သွားနာ သွားကိုက်စေသည့် ဘက်တီး ယား ပိုးများ အလေးချိန်မဲ့သည့် ဒေသတွင် မည်သို့ကြီးထွ သည်ကိုလည်း လေ့လာကြမည်ဖြစ်သည်။ ထိုမျှသာမက ကော လိပ် ကျောင်းများမှ တင်ပြ အကြံ ပြု ခဲ့ကြသော သိပ္ပံ ဆိုင် စမ်းသပ်မှုများကိုလည်း လုပ်ဆောင်ကြမည်ဖြစ်သည်။

အမေရိကန်အာကာသလွန်းပျံယာဥ်တွင် အမေရိကန်လူ များသာမက အခြားသောနိုင်ငံသားများပင် တင်ဆောင် ဖြစ်သည်။ ကုန်ပစ္စည်းများကိုလည်း နိုင်ငံစုံမှ အာကာသ တင်လွှတ်လိုသော အရာများသည်လည်း သင့်တော်မည် ဆို က သယ်ဆောင်သွားမည်ဖြစ်သည်။ အိင်္ဂလိပ်နိုင်ငံမှ အလေ ချိန် ပေါင် ၂၀၀ ခန့်ရှိမည့် ပစ္စည်းကိရိယာတခုအတွက် ကတည်းက ကြိုတင်နေရာယူထားသည်။ ဤသည်ကား နို ခြားမှ ပထမဦးဆုံးသော ပညာရေးအထောက်အကူပြုပ ကို နာအာအဖွဲ့မှ လက်ခံရယူခြင်းဖြစ်သည်။ အခြားသော နိုင်ငံများကလည်း အိင်္ဂလိပ်နိုင်ငံကဲ့သို့ လုပ်ဆောင်ကြမည်ဟု မှန်းရသည်။ အိင်္ဂလိပ်နိုင်ငံမှ အာကာသလွန်းပျံယာဥ်ဖြင့်

လွှတ်လိုသောအရာတို့တွင် ကျောင်းသားများလုပ်ဆောင်သည့် စမ်းသပ်ရေးကိရိယာများပါဝင်မည်ဖြစ်သည်။

အာကာသလွန်းပျံယာဥ်ဖြင့် တင်ဆောင်သွားမည့် ပစ္စည်း ကိရိယာများတွင် ကမ္ဘာပတ်ဂြိုဟ်တုများသည် အဓိကနေရာမှ ပါဝင်ကြမည်ဖြစ်သည်။ ထို့ပြင် ကမ္ဘာပတ်ဂြိုဟ်တုအမျိုးမျိုး ကိုလည်း သယ်ဆောင်နိုင်မည်ဖြစ်ရာ ခရီးစဥ် တကြိမ် တည်း ဖြင့် အနိုင်နိုင်ငံမှ ဂြိုဟ်တုများ တင်လွှတ် ပေးနိုင် မည် လည်း ဖြစ်သည်။ အိန္ဒိယနိုင်ငံကလည်းအင်ဒီးယမ်းအမျိုးသားဂြိုဟ်တု စနစ်အမှတ် (၁)ကို အာကာသလွန်းပျံယာဥ်ဖြင့် တင်လွှတ်နိုင် ရန် နေရာတခု ကြိုတင်၍ သဟ်မှတ်ဝယ်ယူထားသည်။

၎င်းအိန္ဒိယနိုင်ငံမှဂြိုဟ်တုအား အထက်တနေရာတည်း၌ ရပ် တည်နေသကဲ့သို့ ကမ္ဘာနှင့် ယှဥ်၍ ပြိုင်တူလည်ပတ် နေစေရန် တင်လွှတ်ထားမည် ဖြစ်သဖြင့် အိန္ဒိယနိုင်ငံအတွက် ပြည်တွင်း သုံး ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေးများ၊ တိုက်ရိုက်ရုပ် မြင်သံကြား လွှင့်ထုတ်မှုများနှင့် မိုးလေဝသ သတင်းကြေငြာ ချက်များကို လုပ်ဆောင်ပေးမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် မိမိပိုင်ဂြိုဟ်တုအား အာကာသလွန်းပျံယာဥ်ဖြင့် လွှတ်တင်ရန် ပထမဆုံး လက်မှတ်ရေးထိုးတည့် နိုင်ငံဖြစ်သည်။ လွှတ်တင်မှု အတွက် ကုန်ကျစရိတ်ကို နာဆာအဖွဲ့ကြီးကပေးမည်ဖြစ်သည်။

ကမ္ဘာ့အနီးဝန်းကျင် အာကာသတွင် နိုင်ငံစုံမှ ဂြိုဟ်တုများ အား ကွန်ယက်သဖွယ်ထားရှိကာ အသုံးပြုနိုင်ရန် အာကာသ လွန်းပျံယာဥ်သည် အဓိကသော့ချက်သဖွယ် ဖြစ်သည်။ အနာ ဂတ်ဂြိုဟ်တု ကွန်ယက်များ မည်သို့ ဆောင်ရွက် မည်ကို ပြသ လိုသည့်သဘောဖြင့် ၁၉၇၈ ခုနှစ်အတွင်းက နာဆာအဖွဲ့ကြီး

www.burmeseclassic.com

www.burmeseclassic.com

သည် ကနေဒါဆက်သွယ်ရေးဌာနနှင့် ပူးပေါင်း၍ အာဂျ တီးနားနိုင်ငံ ဘွေနိုအဲး(စ)မြို့၌ ကျင်းပသည့် အမေရိကန်ပြ ထောင်စုကကြီးမှူးသော ဖွံ့ဖြိုးဆဲနိုင်ငံများအကြား စက်မှုနည် ပညာ ပူးပေါင်း ဆောင်ရွက်ရေး ညီလာခံအကြောင်းကို ဆ သွယ်ရေး စက်မှုနည်းပညာ ဂြိုဟ်တုမှတဆင့် ထုတ်လွှင့် ပေး သည်။ ဖေဖော်ဝါရီ သရုပ်ဆောင်မှုအတွက် နာဆာအဖွဲ့ကြီးနှ ပူးပေါင်း ဆောင်ရွက်ခဲ့သော အဖွဲ့အစည်းများမှာ ဆက်သွ ရေးဂြိုဟ်တုကော်ပိုရေးရှင်း၊ကွန်(မ)စက်(တ)ခေါ်ဆက်သွ ရေး ဂြိုဟ်တုအဖွဲ့နှင့် အာဂျင်တီးနားနိုင်ငံမှ တယ်လီဖုန်းကု တို့ဖြစ်ကြသည်။

ဤသို့အနာဂတ်အတွက် သရုပ်ဖော် လုပ်ဆောင် ချက်တွ ညီလာခံသို့ တက်ရောက်သူများ၏ ရုပ်ပုံနှင့် အသံများကို နယူ ယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်မှ နာဆာအဖွဲ့ပိုင်ခရီးဆော ဖမ်းယူလွှင့်ထုတ်နိုင်သော စက်ကိရိယာသို့ ပို့ပေးသည်။ နယူ ယောက်မြို့၌မူ ကုလသမဂ္ဂ၏ တရားဝင် ဘာသာ ၅-မျိုး သ ဘာသာပြန်ဆိုပြီး ဘွေနိုအဲး(စ) မြို့သို့ တဖန် ပြန်ပို့ ခဲ့သည် ဤသို့ပို့ဆောင်ရာတွင် ဆက်သွယ်ရေးစက်မှုနည်းပညာ ဂြိုဟ်တ နှင့် မြို့တွင်းရှိ ကွန်(မ)စက်(တ)အသံနှင့် ရုပ်ပုံများပေးပို့ရေ ခရီးဆောင်စက်ငယ်တို့ကို အသုံးပြုခဲ့သည်။ ဘာ သာ ၅-ဘာ သာ ရှိသည့်အနက် ကုလသမဂ္ဂကိုယ်စားလှယ်များသည် မိမိ ကြိုက်နှစ်သက်ရာ ဘာသာကို ရွေးယူ ကြည့်ရှုနားဆင်နိုင်သည်

အထက်ဖော်ပြပါ စနစ်ဖြင့် ပေးပို့ခဲ့သော အခြားလုပ်ငန်း တခုမှာ မိန့်ခွန်းများနှင့် အခြားစာရွက် စာတမ်းများကို ဘွေ နိုအဲး(စ)မြို့မှ နယူးယောက်မြို့သို့ ပေးပို့ပြီး နောက် တ နေ့

ပြန်လည် ဖတ်ကြားရန် နယူးယောက်မြို့၌ ဘာသာ ပြန်ဆိုကာ ဘွေနိုအဲး(စ)မြို့သို့ ပြန်လည်ပို့ပေးခဲ့သည်။ ဆက်သွယ်ရေးစက် မှုနည်းပညာ ဂြိုဟ်တုမှာ အာကာသမှ အင်အား အကောင်းဆုံး ဂြိုဟ်တုတလုံးဖြစ်သည်။ ရောင်စုံ ရုပ်မြင်သံကြားနှင့် အချက် အလက်လိုင်းများကိုတချိန်တည်း၌ပင်ကမ္ဘာ့မြေပြင်ရှိဆက်သွယ် ရေးစခန်း နှစ်ခုအကြား ဖမ်းယူလွှင့်တုတ်ပေးနိုင်သည်။

ဆက်သွယ်ရေး လုပ်ငန်းများကို ဤသို့ အဆော တလျင် ဆောင်ရွက်ပေးနိုင် ခဲ့သဖြင့် တကမ္ဘာလုံးရှိ နိုင်ငံ များ သည် ဂြိုဟ်တုမှတဆင့် ဆက်သွယ်ရေး လုပ်ငန်းများ တိုးတက်အသုံး ပြုခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် မမြင့်မားသော ကမ္ဘာ့ပတ် လမ်းကြောင်းအတွင်းသို့ ဆက်သွယ်ရေးဂြိုဟ်တု အမျိုးမျိုးကို သယ်ဆောင်တင်လွှတ်ပေးနိုင်သည့် အာကာသ လွန်းပျံယာဉ်၏ စွမ်းရည်ကို ချီးကျူးဂုဏ်ပြု သင့်လှပေသည်။ နောင်ကာလတွင် ကုလသမဂ္ဂအစည်းအဝေးများကို ဆက်သွယ်ရေး ဂြိုဟ်တုများ အသုံးပြု၍ ကျင်းပကြမည်လည်းဖြစ်သည်။ ဤသို့သောအချိန် အခါမျိုးတွင် ကိုယ်စားလှယ်များသည် နယူး ယောက် မြို့ သို့ လာရောက်ရန်မလို မိမိတို့၏ နေရင်းဌာနီ မှာပင် နေကြပြီး အစည်းအဝေးကို ဆက်သွယ်ရေးဂြိုဟ်တု၏အကူအညီဖြင့်ကျင်း ပမည် ဖြစ်သည်။ ကိုယ်စားလှယ်များသည်လည်းရောင်စုံရုပ်မြင် သံကြား စနစ် အသုံးပြု၍ ဆက်သွယ် စကား ပြောခြင်း၊ နား ထောင်ခြင်း၊ သတင်းအချက်အလက်နှင့် စာရွက်စာတမ်းများ ရယူခြင်းနှင့် ကုလသမဂ္ဂဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်ခြင်း စသည်တို့ကို မိမိတို့ဘာသာ မိမိတို့ အချိန်ဇုန်အရပ်ပါ လု ဆောင်နိုင်ကြမည်ဖြစ်သည်။

အာကာသလွန်းပျံယာဉ် တင်ဆောင်သွားမည့် ကိရိယာတို့တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ဆက်သွယ်ရေး ဂြိုဟ်တု

www.burmeseclassic.com

www.burmeseclassic.com

များသာမက အမေရိကန်ပြည်ထောင်စုမှ တီထွင် လုပ်ကိုင်ခဲ့သော ခေတ်မီတိုင်ရော့(စ) ဂြိုဟ်တုများတို့လည်း ပါဝင်မည်ဖြစ်သည်။ တိုင်ရော့(စ) မိုးလေဝသ ဂြိုဟ်တုများသည် နိုင်ငံအများစု၏ မိုးလေဝသ အခြေအနေများကို လေ့လာမှတ်သား၍ အခြေအနေကို ကမ္ဘာသို့ ပြန်လည်ပေးပို့မည်ဖြစ်သည်။ နိုင်ငံကြီးများက ကိုယ်ပိုင် မိုးလေဝသဂြိုဟ်တုများ ထားနိုင်ကြမည်ဖြစ်သော်လည်း နိုင်ငံငယ်များကမူ ဂြိုဟ်တု၏ကုန်ကျစရိတ်ကို အချိုးကျ ခံကြရမည်။

အာကာသလွန်းပျံယာဉ်ဖြင့် တင်ဆောင်မည့် သိပ္ပံဆိုင်ရာ ဂြိုဟ်တုတို့တွင် ခေတ်မီ အပြည်ပြည်ဆိုင်ရာ နေနှင့် မြေကမ္ဘာ လေ့လာရေး ဂြိုဟ်တုလည်း ပါဝင်မည်ဖြစ်သည်။ ယင်းဂြိုဟ်တုများကို ယခင် လွှတ်တင်ပြီးသော ဂြိုဟ်တုများကဲ့သို့ နေ၏ဆွဲအားနှင့် ကမ္ဘာ-လတို့၏ ဆွဲအားတို့ ဟန်ချက်ညီသော နေရာအထိ ရောက်အောင် တင်လွှတ်ရမည်ဖြစ်သည်။ အမြင်အားဖြင့်ဆိုသော် ၎င်းဂြိုဟ်တုများသည် နေအား ၆-လလျှင်တကြိမ် မျှ ပတ်မိရန် ဝန်းပတ်နေသည်ဟု ထင်မှတ်ရသည်။ အမှန်မှာ ကမ္ဘာနှင့်အတူ နေအားဝန်းပတ်နေခြင်း ဖြစ်သည်။ နေနှင့် ကမ္ဘာလတို့၏ ဆွဲအားဟန်ချက်ညီသော နေရာမှာ ကမ္ဘာနှင့် မိုင်တသန်းခန့် အကွာတွင် တည်ရှိသည်။

အပြည်ပြည်ဆိုင်ရာ နေ-ကမ္ဘာ လေ့လာရေး ဂြိုဟ်တုသည် အတားအဆီးမရှိ၊ ကောင်းစွာမြင်တွေ့ရသောနေရာမှ နေ၏ ရောင်ခြည်လွှင့်ထုတ်မှုများ၊ နေပြောက်များနှင့် နေဥပေါက်ကွဲမှုများကို လေ့လာတိုင်းတာမည်ဖြစ်သည်။ ဤသို့လေ့လာခြင်းဖြင့် ကမ္ဘာ့လေထုနှင့် အထက်ပိုင်း ဒေသတို့တွင် နေက

အဘယ်မျှ ကြိုးကိုင်ထားနိုင်သည်ကို သိရှိနိုင်မည်ဖြစ်သည်။ အထူးသဖြင့် မိုးလေဝသနှင့် ရာသီဥတု စွမ်းအင် ထုတ်လုပ်ရေးနှင့် အိုဇုံးအငွေ့ ကုန်ဆုံးမှုများအကြောင်း ပိုမို၍ သိနားလည်လာကြမည်ဖြစ်သည်။ ထိုအခါ နေ၏လှုပ်ရှား ဖြစ်ပေါ်မှုများနှင့် ပတ်သက်၍ ကမ္ဘာက ရုတ်တရက် သိရှိနိုင်မည်ဖြစ်သည်။ တနည်းဆိုသော် ကြိုတင်အသိပေးသကဲ့သို့ ရှိသည်။ အကယ်၍ ယင်းကဲ့သို့သော အချက်အလက်များကို နှစ်အနည်းငယ်ခန့် ကြို၍ ရရှိမည်ဆိုပါက စကိုင်းလက် (ဘ) အာကာသဓာတ်ခွဲခန်းယာဉ်ကို ပိုမို၍မြင့်သော ဝန်းပတ်လမ်းကြောင်းအတွင်းသို့ တင်ပို့ကြမည်ဖြစ်သည်။ ဤသို့ပြုလုပ်မည်ဆိုပါက စကိုင်းလ(ဘ)အာကာသယာဉ်သည် ကမ္ဘာသို့လည်း ပြန်လည်ကျဆင်းလာမည်မဟုတ်ပဲ လူအများစုသည် လည်း စိုးရိမ်ထိတ်လန့်မှုများ ဖြစ်မည်မဟုတ်ပေ။ စကိုင်းလက်(ဘ) အာကာသယာဉ်သည် နေ၏လှုပ်ရှားမှုကြောင့် ဝန်းပတ်လမ်းနိမ့်ဆင်းကာ ကမ္ဘာသို့ ပြန်လည်ကျဆင်းခဲ့ခြင်း ဖြစ်သည်။

အာကာသလွန်းပျံယာဉ်ဖြင့် တင်လွှတ်မည့် သိပ္ပံဆိုင်ရာ ဂြိုဟ်တုများမှာ အပြည်ပြည်မှ စုပေါင်း လုပ်ဆောင်သော ဂြိုဟ်တုများဖြစ်ကြပေမည်။ အပြည်ပြည် နေကမ္ဘာလေ့လာရေး ဂြိုဟ်တုများကဲ့သို့သော နေလှုပ်ရှားမှုလေ့လာရေးဂြိုဟ်တုများတွင် တက္ကသိုလ် ၃၀ ခန့်နှင့် နိုင်ငံ ၁၀ နိုင်ငံတို့မှ သိပ္ပံပညာရှင် ၁၀၀ ခန့်တို့၏ စမ်းသပ်ရေးပစ္စည်းများ ပါဝင်မည်။ အမှန်[illegible]င်ပြုရမည်ဆိုသော် ဂြိုဟ်တု၏ အစိတ်အပိုင်း အများစုကို အခြားနိုင်ငံများတွင် ပြုလုပ်မည်ဖြစ်ပြီး၊ ထို့နောက် အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ကာ နောက်ပိုင်းကျမှ ကေနဗာရယ်အငူမှ အာကာသလွန်းပျံယာဉ်ဖြင့် တင်လွှတ်မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခြားသိပ္ပံဆိုင်ရာဂြိုဟ်တုများလည်း အာကာသလွန်းပျံယာဉ်ဖြင့် တင်လွှတ်မည်ဖြစ်သည်။ ၎င်းတို့တွင်ပိုမိုအစွမ်းထက်သော အပြည်ပြည်ဆိုင်ရာ ခ႑မ်းလွန်ရောင်ခြည် လေ့လာရေးဂြိုဟ်တုလည်း ပါဝင်သည်။ အမေရိကန်များ၊ ဗြိတိသျှလူမျိုးများနှင့် ဥရောပတိုက်သားများ ပထမဆုံး စုပေါင်းတည်ဆောက်သော ခရမ်းလွန်ရောင်ခြည် လေ့လာရေး ဂြိုဟ်တုသည် ကျွန်ုပ်တို့၏ ဂလက်ဆီအတွင်းမှ အလင်းရောင်နှစ် ၁၅,၈၀၀ ခန့်ကွာဝေးသော ကြယ်အစုအဝေး အတွင်းကို ထိုးထွင်း မြင်နိုင်သည်။ ကြယ်အစုအဝေးဆိုသည်မှာ ဂလက်ဆီအငယ်စား ကလေးတခု ဖြစ်၍ ၎င်းအတွင်း၌ ကြယ်ပေါင်း သောင်းနှင့် သိန်းနှင့်ချီ ရှိသည်။ ကြယ်များလည်းပြွတ်သိပ်၍ နေခဲ့သည်။ ကျွန်ုပ်တို့၏ ဂလက်ဆီကို နဂါးငွေ့တန်းဟုလည်းခေါ်ဆိုပြီး၊ ၎င်းဂလက်ဆီတွင် ကြယ်အစုအဝေးပေါင်း ၁၅၀ ခန့် ဟိုတကွက် ဒီတကွက် ပြန့်ကြဲလျက်ရှိသည်။ ယင်းကြယ်အစုအဝေးတို့၏ သက်တမ်းမှာလည်း နဂါးငွေ့တန်း ဂလက်ဆီ၏ သက်တမ်းတမျှရှိသည်ဟု သိပ္ပံပညာရှင်များ သတ်မှတ်ခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ ခရမ်းလွန်ရောင်ခြည်လေ့လာရေးဂြိုဟ်တုသည် ကျွန်ုပ်တို့၏ဂလက်ဆီတွင်းရှိ ကြယ်အုပ်စုများ၏ဗဟိုမှ ထုထည်ကြီးမားသော "တွင်းနက်" ကြီးများကိုလည်း ရှာဖွေမည်ဟုခန့်မှန်းကြည်ဖြစ်သည်။ တွင်းနက်ဆိုသည်မှာကြီးမားသော ကြယ်ကြီးတလုံး ပျက်စီးယိုယွင်းရာ၌ နောက်ဆုံးအဆင့်သို့ ရောက်နေချိန်ဖြစ်သည်ဟု ယုံကြည်ထားခဲ့ကြသည်။ ပျက်ယွင်းနေသော ကြယ်ကြီးမှ အရာဝတ္ထုများမှာ အတူးပင်သိပ်သည်းစွာ တည်ရှိသဖြင့် ၎င်း၏ဆွဲငင်အားဒဏ်ကို အလင်းရောင်လှိုင်းပင် မလွတ်နိုင်ပေ။

အာကာသ လွန်းပျံယာဉ်ဖြင့် တင်ဆောင်မည် ဖြစ်သော ဂြိုဟ်တုအချို့မှာ နိုင်ငံခြားအစိုးရပိုင် ပစ္စည်းများဖြစ်သည်။ သို့သော် ပစ္စည်းကိရိယာအများစုမှာ နာဆာအဖွဲ့၊ အမေရိကန် ကာကွယ်ရေးဌာနနှင့် ပုဂ္ဂလိကကော်ပိုရေးရှင်းပိုင်ပစ္စည်းများဖြစ်မည်။ အမေရိကန်ကာကွယ်ရေးဌာနမှကာကွယ်စောင့်ရှောက်ရေး ဂြိုဟ်တုများ တင်လွှတ်ရန် အာကာသ လွန်းပျံယာဉ်မှ နေရာအချို့ကို ကြိုတင်သတ်မှတ် ဝယ်ယူထားပြီးဖြစ်သည်။ နာဆာအဖွဲ့ကြီးကလည်း အာကာသ လွန်းပျံယာဉ်ဖြင့် သိပ္ပံဆိုင်ရာဂြိုဟ်တုများချထွင်လွှတ်တင်ရန် စီစဉ်လျက်ရှိသည်။ ထို့ပြင်အခြားကော်ပိုရေးရှင်းများကလည်း ၎င်းတို့ပိုင်ပစ္စည်းကိရိယာကြီးများကို ကမ္ဘာပတ်လမ်းကြောင်း အတွင်း တင်လွှတ်ရန် စီစဉ်နေကြသည်။ ယင်းပစ္စည်း ကိရိယာကြီးများကို အထက်တန်းကျောင်းများ၊ ကောလိပ်များနှင့် လူတဦးချင်းတို့ တီထွင်လုပ်ကိုင်ခဲ့သည့် ပစ္စည်းကိရိယာငယ်များနှင့်အတူ ဝန်းပတ်ယာဉ်ရှိ ကုန်တင်ခန်းမ၌ တပ်ဆင် ချိတ်ဆွဲ ထားမည်ဖြစ်သည်။ ထို့ကြောင့် အာကာသ လွန်းပျံယာဉ်အား ကမ္ဘာ့အမြန်ဆုံး ကုန်တင်မီးရထားဟု ခေါ်ဆိုခဲ့ကြသည်။

အာကာသလွန်းပျံယာဉ်များ ၎င်းတို့၏ခရီးစဉ်များ စတင်သည့်အခါတွင် ဆက်သွယ်ရေးဂြိုဟ်တုများနှင့် မိုးလေဝသဂြိုဟ်တုများကို သယ်ဆောင်သွားမည်သာမက နာဆာအဖွဲ့၏ ဟာင်းလင်းပြင်တွင် အကွယ်အကာမရှိ ကြာမြင့်စွာ ထားရှိမည့် ပစ္စည်းများလည်း ပါဝင်မည်ဖြစ်သည်။ ၎င်းပစ္စည်းသည် နာဆာအဖွဲ့ ပထမဆုံးတင်လွှတ်မည့် ပစ္စည်းများတွင် တခု အပါအဝင် ဖြစ်ခဲ့သည်။ ထို့ပြင် အခြေခံသုတေသနစီမံကိန်းတခု အတွက် နာဆာအဖွဲ့ကြီးက ဦးဆောင်ထုတ်လုပ်ခဲ့ပြီး ပညာ

www.burmeseclassic.com

www.burmeseclassic.com

ရှင်များ၊ ကုမ္ပဏီများနှင့် အစိုးရများအတွက် အသုံးဝင်မည်ဟု ခန့်မှန်းရသည်။ ၎င်းကို "နှောင်ကြိုးမဲ့ အဆောက်အအုံပျံ" ဟု ခေါ်တွင်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းကို အာကာသလွန်းပျံယာဉ် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ရောက်ရှိသည်နှင့်တပြိုင်နက် အာကာသတွင် အချိန်ကြာမြင့်စွာ တည်ရှိရန် ချိတ်ဆက်ထားရာမှ ဖြုတ်လွှတ်လိုက်မည် ဖြစ်သည့်အတွက်ကြောင့်ပင်။

နှောင်ကြိုးမဲ့ အဆောက်အအုံပျံပေါ်တွင် အာကာသအတွင်း အာကာသလွန်းပျံယာဉ် နေနိုင်သည့် ရက်ပေါင်း ၃၀ ထက် ကျော်၍ထားရှိရန် လိုအပ်သော စမ်း သပ် မှု တ ခု တင်ဆောင်သွားမည်ဖြစ်သည်။ အဆောက်အအုံမှာလည်း အမျိုးမျိုး အဖုံဖုံ ပြုပြင်၍ အသုံးပြုနိုင်ရန်၊ အကြိမ် ပေါင်း များ စွာ ထပ်မံ၍သုံးနိုင်ရန်နှင့် စရိတ်စကသက်သာစေရန်အတွက် စံချိန်ကိုက်အောင် ပြုလုပ်ဖန်တီးထားသည်။ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများက အဖိုးအခပေးသဖြင့် အာကာသလွန်းပျံယာဉ်ဖြင့် ကမ္ဘာ့အနီး ဝန်းပတ်လမ်းကြောင်းသို့သယ်ယူလာခဲ့သော စမ်းသပ်ရေးပစ္စည်းများကို ယင်းအဆောက်အအုံတွင် ထားရှိနိုင်သည်။ စမ်းသပ်မှုများ လုပ်ဆောင်ပြီးစီးပါက နောက် ၂-လမှ ၂ နှစ်အကြာတွင် တက်ရောက်လာမည့် အာကာသလွန်းပျံယာဉ်ဖြင့် ယင်းပစ္စည်းများကို ကမ္ဘာသို့ ပြန်လည် ယူဆောင်လာမည်ဖြစ်သည်။ စမ်းသပ်မှုအဟောင်းများကိုလည်း အသစ်များဖြင့် လဲလှယ်နိုင်သည်။

အာကာသလွန်းပျံယာဉ်ဖြင့် သယ်ဆောင်သွားမည့် နှောင်ကြိုးမဲ့ အဆောက်အအုံပျံတွင် လက်ရေးမှာတမ်း ရာနှင့်ချီ၍

ပါဝင်သော မိုက်ခရိုဒေါ့(တ)ခေါ် 'အဏုပြောက်' တခုပါဝင်မည်။ ယင်းမှာတမ်းများကို နာဆာအဖွဲ့ရှိ လိုင်(ဂ)လေသုတေသနဌာနန်္ဒကျင်းပသော အမေရိကန်ပြည်ထောင်စု၏ ပထမဦးဆုံး အာကာသယာဉ်ဖြစ်သည့် ပိုင်အိုးနီးယား-၁-အာကာသယာဉ်လွှတ်တင်ခဲ့သော အနှစ် ၂၀ မြောက်နှစ်ပတ်လည်နေ့တွင် လာရောက်ကြသော ဧည့်သည်များ ရေး သား ခဲ့ကြ ခြင်း ဖြစ်သည်။ ပိုင်အိုးနီးယား ၁ အာကာသယာဉ်ကို ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့က တင်လွှတ်ခဲ့သည်။ မှာတမ်းများကိုလည်း အာကာသတွင် ၆ လမှ တနှစ်အထိ ထားရှိမည်ဖြစ်သည်။ မိုက်ခရို ဒေါ့(တ)ခေါ် အဏုပြောက်မှာ စာပို့တံဆိပ်ခေါင်း အရွယ်ခန့်သာရှိပြီး ရေးထိုးထားသော လက်မှတ်ပေါင်း တသောင်းခန့် ဝင်ဆံ့သည်။ ကမ္ဘာအား ဝန်းပတ်နေမည့် မှာတမ်းများတွင် "လူသားထု တရပ်လုံးအတွက် ငြိမ်းချမ်းရေး ယူဆောင်ခဲ့ပါ"၊ "ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ရှိနေပါစေ"၊ "နိုင်ငံတခု" နှင့် "ငြိမ်းချမ်းရေး" စသည်တို့ ပါဝင်သည်။

နာဆာအဖွဲ့ပိုင် အာကာသလွန်းပျံယာဉ်ဖြင့် တင်ဆောင်မည့် အခြားပစ္စည်းတခုမှာ ခရီးစဉ် အများအပြား သွားနိုင်မည့် မိုဂျူလာ အာကာသယာဉ်ဖြစ်သည်။ ၎င်းသည် အခြေခံဂြိုဟ်တု၏ အတွင်းပိုင်းမျှသာဖြစ်ပြီး စမ်းသပ် စစ်ဆေးမှုများအတွက် ပစ္စည်းကိရိယာများကိုတပ်ဆင်ချိတ်ဆွဲထားနိုင်သည်။ နောင်ကာလတွင် ၎င်းသည် အထူးပင်အသုံးဝင်မည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အခြားဂြိုဟ်တုများ တည်ဆောက်ရသည်ထက် ပိုမိုလွယ်ကူပြီး ဈေးလည်း သက်သာခြင်းကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့မြေပြင်၌ စမ်းသပ်စစ်ဆေးပြီးစီးခဲ့သော ဆက်သွယ်ရေး ကိရိယာများကို မိုဂျူလာအာကာသယာဉ်တွင်တပ်ဆင်၍ အာကာသလွန်းပျံယာဉ်ဖြင့် အာကာသတွင်ထားကာ စမ်းသပ်စစ်ဆေးနိုင်စွမ်းလည်းရှိသည်။ အခြားတကြိမ်၌မူ မိုးလေဝသ ဂြိုဟ်တုအတွက် ပိုမိုကောင်းမွန်သော အစိတ်အပိုင်းများကို စမ်းသပ်နိုင်စွမ်းရှိသည်။ မိုဂျူလာ အာကာသယာဉ်အား လွန်းပျံယာဉ်ကဲ့သို့ အကြိမ်ကြိမ်သုံးနိုင်ရန်နှင့် စျေးသက်သာစေရန် ကြံဆောင်၍ ပညာရှင်များ ထုတ် လုပ် ခဲ့ ကြ သည်။ ထို့ပြင် ကုမ္ပဏီတခု၊ သို့မဟုတ် အစိုးရတခုခုတို့က ၎င်းတို့ထုတ်လုပ်ရန် ကြံရွယ်ထားသည့် ပစ္စည်းတခု အရင်းစိုက်ထုတ်၍ မထုတ်လုပ်မီ အမျိုးမျိုး အဖုံဖုံ စမ်းသပ်စစ်ဆေးနိုင်စေရန်အတွက်လည်း လုပ်ဆောင်ထားသည်။

၁၉၈၀ ခုနှစ်များအတွင်းနှင့် ၁၉၉၀ ခုနှစ်များအတွင်းတွင် ဂြိုဟ်တုများကို အာကာသလွန်းပျံယာဉ်ဖြင့် အာကာသသို့ တင်လွှတ်ကြမည်ဖြစ်သဖြင့် ဆက်သွယ်ရေး၊ မိုးလေဝသ၊ ကမ္ဘာ့ရေကြောင်း နှင့် လေကြောင်း လမ်းညွှန်ရေး၊ ကမ္ဘာ့သယံဇာတ ဓာတ်သတ္တုပစ္စည်းများနှင့် လေထု-ရေထုညစ်ညမ်းမှုနှင့် ပင်လယ်သမုဒ္ဒရာ လေ့လာစူးစမ်းရေး ဂြိုဟ်တု အများအပြား ကမ္ဘာအား ဝန်းပတ်၍နေကြပေမည်။ မကြာမီကာလ အတွင်း၌ ပုဂ္ဂလိကပိုင် ဂြိုဟ်တုများကို အာကာသလွန်းပျံယာဉ်ဖြင့် တင်လွှတ်ခြင်း၊ သို့မဟုတ် အာကာသလွန်းပျံယာဉ်ဖြင့် သယ်ဆောင်သွားသောပစ္စည်းများဖြင့် အာကာသ၌ တပ်ဆင်တည်ဆောက်ခြင်း စသည်တို့ကို ပြုလုပ်ကြမည်ဖြစ်သည်။ ယင်း ပုဂ္ဂလိကပိုင် ဂြိုဟ်တုများသည် ပိုင်ရှင်များထံသို့ ကမ္ဘာ အရပ်ရပ်မှ တယ်လီဖုန်းဆက်သွယ်မှုများ၊ သို့မဟုတ် တစုံတယောက်

ထံသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်မှုများကို ပြုလုပ်ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။

အာကာသလွန်းပျံယာဉ်ကို အကြိမ်ကြိမ် အသုံးပြုနိုင်ရန်နှင့် အာကာသသို့ အကြိမ်ကြိမ်တက်ရောက်နိုင်ရန်ပြုလုပ်ထားသဖြင့် အနာဂတ်တွင် လူမဲ့အာကာသယာဉ်ဖြင့် ဂြိုဟ် နက္ခတ် တာရာများအကြား လေ့လာမှုပြုနိုင်ရန် ရှုပ်ထွေးလေးလံသော အာကာသယာဉ်ကြီးများ တည်ဆောက်ကောင်း တည်ဆောက်နိုင်မည်ဖြစ်သည်။ ယခင်အခါများက ဂြိုဟ် နက္ခတ် တာရာများအကြား လေ့လာနိုင်သော အာကာသယာဉ်များတည်ဆောက်ရာတွင် လိုအပ်သည့်ပစ်မှတ်သို့ ဒုံးပျံတလုံးတည်းဖြင့် ကနဦးရွယ်အင်မှနေ၍သာ ပစ်လွှတ်နိုင်သဖြင့် သေးငယ်ရန်လိုအပ်သည်။ သို့သော် အာကာသလွန်းပျံယာဉ်ဖြင့် အာကာသ သို့ ၃-၄-ကြိမ်ခွဲ၍ သယ်ယူနိုင်ခဲ့သောပစ္စည်းများဖြင့် အာကာသ၌ တည်ဆောက်သည့်အခါတွင် စမ်းသပ်ရေးပစ္စည်းစုံပါသဖြင့် လေးလံလာမည်ဖြစ်သည်။ ထို့နောက် ဂြိုဟ်တခုခု၊ သို့မဟုတ် ထိုဂြိုဟ်ပေါ်သို့ပျံသန်းသက်ဆင်းနိုင်မည့် ဆင်းသက်ရေးယာဉ်များလည်း ပါဝင်ကြမည် ဖြစ်သည်။

အာကာသလွန်းပျံယာဉ်ဖြင့် တင်ပို့ရန် သတ်မှတ် ထားပြီး ဒီဇိုင်းရေးဆွဲထားသည့် အာကာသယာဉ်မှာ ဂယ်လီ-လေယိုအာကာသစူးစမ်းရေး ဝန်းပတ်ယာဉ်ပင် ဖြစ်သည်။ ၎င်းအာကာသယာဉ်ကို ၁၉၈၂ ခုနှစ် သို့မဟုတ် ၁၉၈၃-ခုနှစ် တွင် တင်လွှတ်မည်ဖြစ်ပြီး ကြာသပတေးဂြိုဟ် အနီး ၁၉၈၄-ခုနှစ် ၈၅-ခုနှစ်အတွင်း ရောက်ရှိသွားမည် ဖြစ်သည်။ နောင်တွင် ဂြိုဟ်သားတုပင် ပိုမိုလေးလံသောဗိုက်ကင်း အာကာသယာဉ်များ အင်္ဂါဂြိုဟ်သို့ လည်းကောင်း တင်လွှတ်မည်သာမက အင်္ဂါ

www.burmeseclassic.com

ဂြိုဟ်နှင့် သောကြာဂြိုဟ်မှ မြေသားနှင့် လေထုနမူနာများ ယူဆောင်လာမည့် အာကာသယာဉ်များပါ တင်လွှတ် မည်ဖြစ်သည်။ ထို့ပြင် ကြာသပတေးဂြိုဟ်၏ လ တလုံးဖြစ်သော ဂင်နီမိ(ဒ)နှင့် စနေဂြိုဟ်၏ လ,ဖြစ်သောတိုက်တန်တို့၏ မျက်နှာပြင်သို့သက်ဆင်းမည့်အာကာသယာဉ်များလည်း တင်လွှတ်မည်ဖြစ်သည်။ ၎င်းအာကာသ ယာဉ်များသည် ဂြိုဟ်သိမ် ဂြိုဟ်မွှားများထူပြောသော ဒေသကို ဖြတ်၍သွားရမည်ဖြစ်ရာ ဂြိုဟ်သိမ်များနှင့် ရောထွေးယှက်တင် ပျံသန်းကြမည်လည်း ဖြစ်သည်။ နောင်ကာလ အတန်ကြာသည့်အခါတွင် အာကာသ လွန်းပျံယာဉ်ကို အသုံးပြု၍ ဂြိုဟ် နက္ခတ် တာရာများ အ ကြား သို့ အရောက်သွားကြမည့် ကြီးမားသည့်အာကာသ ယာဉ်ကြီးများသည် နေအဖွဲ့အစည်းမှ ဂြိုဟ်တခုစီကိုလေ့လာ၍ သတင်းအချက်အလက်များအား ကမ္ဘာမြေသို့ ပြန်လည် ပေးပို့ကြမည် ဖြစ်သည်။ နေအဖွဲ့အစည်းမှ နေနှင့် အဝေးဆုံးဖြစ်သည့် ပလူတိုဂြိုဟ်ကို ကျော်လွန်၍ပင် ဆန်းစစ်မှုများ ပြုမည်လည်း ဖြစ်သည်။

အာကာသဓာတ်ခွဲခန်းနှင့် အာကာသ မှန် ပြောင်း တို့ ကို အာကာသ လွန်းပျံယာဉ်ဖြင့် အာကာသတွင်း တင် လွှတ် ထားမည်ဖြစ်သည်။ နောင်ကလာတွင် အာကာသ အဆောက်အအုံ အတွက် ပစ္စည်းများ၊ လူသားများနေထိုင်နိုင်အောင် ဖန်တီးထားသည့် အခန်းများနှင့် လျှပ်စစ်ဓာတ်အားပေး ပစ္စည်းများကိုပါ သယ်ဆောင်သွားမည် ဖြစ်သည်။ ၎င်းပစ္စည်း ကိရိယာများဖြင့် ကမ္ဘာ့အနီးဝန်းကျင် အာကာသ၌ စက်မှုလုပ်ငန်းထူထောင်ရေးနှင့် အာကာသ နယ်ခြားဒေသအားကူးသန်းရောင်းဝယ်ရေးအတွက် အသုံးပြုနိုင်ရန် အာကာသ စခန်းများနှင့် အခြေစိုက်ဒေသများ တည်ဆောက်မည် ဖြစ်သည်။

ဤသို့သော လုပ်ငန်းအဖုံဖုံတွင် အသုံးပြုရန်လွန်းပျံအာကာသယာဉ်အတွက် ပစ္စည်းအမျိုးစုံ လိုအပ်သည်။ ရှိလည်း ရှိနေသည်။ ဖော်ပြပါ အကြောင်းရင်းများကြောင့် စီမံကိန်း တခုလုံးကို အာကာသလွန်းပျံယာဉ် စီမံကိန်း ဟူ၍ မခေါ်တွင်စေပဲ “အာကာသသယ်ယူပို့ဆောင်ရေးစနစ်” ဟုသာခေါ်တွင်စေခဲ့သည်။ အာကာသလွန်းပျံယာဉ်ကို အခြားသော အမိကစက်မှုပစ္စည်းများ (မော်တော်ယာဉ်)ကဲ့သို့အာကာသ၌ တနေရာရာတွင်အသုံးပြုနိုင်သည်။ တန်ဖိုးကြီးမားသော ပစ္စည်းများလည်း ပါဝင်သည်။

တခုသောပစ္စည်းမှာ ပစ္စည်းကိရိယာများကိုအဝေးမှ ထိန်းကျောင်း ယူငင်သော စနစ်ပင်ဖြစ်သည်။ ၎င်းကို အာကာသလွန်းပျံယာဉ်၏ ပစ္စည်းကိရိယာ ထိန်းသိမ်းရေး အခန်း၌ပင် ထား၍သယ်ဆောင်သွားမည်ဖြစ်သည်။ အာကာသယာဉ်ဝန်းပတ်လမ်းကြောင်းအတွင်းရောက်ရှိသွားသောအခါပစ္စည်းများအဝေးမှ ထိန်းကျောင်းယူငင်ရေး ကိရိယာသည် အာကာသယာဉ်နှင့် ဂြိုဟ်တုများသာမက တနေရာမှ အခြား တနေရာသို့ ပြောင်းရွှေ့လိုသော ပစ္စည်းများကို စစ်ဆေးခြင်း၊ ချိတ်ဆက်ခြင်း၊ ပြန်လည်ရယူခြင်းနှင့် ယှဉ်တွဲပျံသန်းခြင်းစသည်တို့ကိုပြုလုပ်ပေးနိုင်သည်။ အထူးသဖြင့် အာကာသအတွင်း ချိတ်ဆွဲယူရေးကို ဦးစားပေးလုပ်ဆောင်မည် ဖြစ်သည်။ ထို့ပြင် သိပ္ပံဆိုင်ရာပစ္စည်းများ သယ်ဆောင်သည့်အခါတွင်လည်း အသုံးပြုမည်ဖြစ်သည်။

ပစ္စည်းများ အဝေးမှ ထိန်းကျောင်းယူငင်နိုင်ရေးစနစ်ဖြင့် ဂြိုဟ်တုများအား အာကာသ လွန်းပျံယာဉ်ထက်မြင့်မားသော ဝန်းပတ်လမ်းကြောင်းအတွင်းသို့ တင်သွင်းပို့နိုင်သည်။ မြင့်မား

www.burmeseclassic.com

www.burmeseclassic.com

သော ဝန်းပတ်လမ်းကြောင်းအတွင်းရှိ ဂြိုဟ်တုများကိုလည်း ပြုပြင်ရန်အတွက် အာကာသလွန်းပျံယာဉ် သို့မဟုတ် အာကာသစခန်းသို့ ယူဆောင်ပေးမည်လည်း ဖြစ်သည်။ ယင်းစနစ်တွင် လက်အတုကဲ့သို့သော ကိရိယာ သို့မဟုတ် ခရီးဝေး ဆက်သွယ်ရေးအတွက် အင်အားကောင်းသော အင်တင်နာများကို ဈေးသက်သက်သာသာဖြင့် လွယ်လင့်တကူ လျင်မြန်စွာ တပ်ဆင်ပေးနိုင်သော ပစ္စည်းများပါဝင်သည်။

ဖော်ပြပါစနစ်၏ အဓိက သာလွန်ချက်တခုမှာ ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ အာကာသလွန်းပျံယာဉ်ဖြင့် လိုက်ပါနိုင်ပြီး ထိုမှတဖန် ခရီးအတန်ငယ်ကွာသော ပစ္စည်းတခုရှိရာသို့ ထိန်းကျောင်းသွားရောက်ကာ ယင်းပစ္စည်းအား အာကာသလွန်းပျံယာဉ်သို့ ယူဆောင်လာနိုင်သည် ဟူသော အချက်ပင်ဖြစ်သည်။ ပစ္စည်းကိုလည်း ပြင်ဆင်ရန် မြေပြင်သို့ယူဆောင်ကြမည်လည်း ဖြစ်သည်။ ပစ္စည်းများ အဝေးမှ ထိန်းကျောင်းယူငင်ရေးစနစ်ကို ကမ္ဘာပတ် လမ်းကြောင်း အတွင်း၌ လိုသလောက်ထားနိုင်သည်။ တာဝန်များပြီးဆုံးမှသာ အာကာသလွန်းပျံယာဉ်ဖြင့် ကမ္ဘာသို့ ပြန်လည်ယူဆောင် လာမည် ဖြစ်သည်။ သို့သော် အာကာသလွန်းပျံယာဉ်တွင် လက်တုကဲ့သို့သော ကိရိယာ ပါဝင်နေသည့်အတွက် ဂြိုဟ်တုများ ပြုပြင်မွမ်းမံရန် ဆောင်ရွက်လိုပါက ပစ္စည်းများ အဝေးမှထိန်းကျောင်းယူငင်ရေးစနစ်ကိုသာ အသုံးပြုမည် မဟုတ်ပေ။ အာကာသလွန်းပျံယာဉ် ကိုယ်တိုင်ပင် ပြုလုပ်ဆောင်ရွက်မည် ဖြစ်သည်။ အကယ်၍ အာကာသ၌ ကြီးမားသော အဆောက်အအုံများ တည်ဆောက်လိုပါက ပစ္စည်းများ အဝေးမှ ထိန်းကျောင်းယူငင်ရေးစနစ်ဖြင့် လုပ်ငန်းများစတင် လုပ်ဆောင်ရမည် ဖြစ်သည်။

ပစ္စည်းများ အဝေးမှ ထိန်းကျောင်း ယူငင်ရေး စနစ်တွင် ပင်ကိုယ်ပဲ့ထိန်းစနစ် ပါဝင်သဖြင့် တွန်းအား လောင်စာအပိုများကို ထပ်ဆင့်ယူဆောင်နိုင်သည်။ ထို့အပြင် စနစ်တွင်လမ်းကြောင်းနှင့် အမြင့်ထိန်းသိမ်းရေးအတွက် ကွန်ပြူတာစက် ပါဝင်သည်။ သို့မဟုတ်ပါက အာကာသလွန်းပျံယာဉ်ပစ္စည်းတင်အခန်းမှနေ၍ အမှုထမ်းတဦးဦးက ထိန်းကျောင်း မောင်း နှင်ပေးနိုင်သည်။ ဖော်ပြပါ စနစ်မှာ အလျား ၄-ပေ၊ အနံ ၄ ပေနှင့် အမြင့် ၆.၇-ပေ ရှိသည်။ ဦးပိုင်းတွင် ရုပ်မြင်သံကြားကင်မရာ ၂-လုံးနှင့်အတူ ချိတ်ဆက်ရေးစနစ်တခု ပါဝင်သည်။

ပစ္စည်းကိရိယာတင်ခန်း၌ ထည့်သွင်းနိုင်သော ကြားခံအာကာသ၊ အထက်ဆင့်သုံး ဒုံးပျံမှာ အာကာသလွန်းပျံယာဉ်၏ အခြားကိရိယာ အစိတ်အပိုင်းတခုဖြစ်သည်။ အာကာသလွန်းပျံယာဉ်ဖြင့် တင်ဆောင်လာသော ပစ္စည်းကိရိယာများကို လွန်းပျံယာဉ်၊ သို့မဟုတ် ပစ္စည်းများ အဝေးမှ ထိန်းကျောင်းယူငင်ရေးစနစ်သို့ အရောက်ပို့နိုင်သော နေရာ၊ သို့မဟုတ် အခြား ဂြိုဟ်နက္ခတ်တာရာတို့၏ ဝန်းပတ်လမ်းကြောင်းများဆီသို့ အရောက်ပို့ပေးနိုင်ရန် ၎င်းကြားခံ အာကာသအထက်ဆင့် ဒုံးပျံကိုပြုလုပ်ထားခြင်းဖြစ်သည်။ လုပ်ငန်းပေါင်းစုံ လုပ်နိုင်ရန် ဒုံးပျံအဆင့်ပေါင်းများစွာပါဝင်ပြီး၊ လောင်စာအခဲကို အသုံးပြုရလေသည်။ ယင်းဒုံးပျံကို အမေရိကန် လေတပ်မတော် တိုက်တန် ၃ ဒုံးပျံနှင့် စစ်တပ်မှတင်လွှတ်မည့် တိုက်တန် ၃၄ ဒီအမျိုးအစား ဒုံးပျံတို့၏ အထက်အဆင့်ပိုင်း အနေဖြင့် အသုံးပြုမည်လည်းဖြစ်သည်။

မူလက ကြားခံ အာကာသ အတက်ဆင့်သုံး ဒုံးပျံ ၆ ခု တည်ဆောက်ရန် ကြံရွယ်ခဲ့ရာ ၄ ခုကို ကာကွယ်ရေးဌာနအ

www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း၊ ကျန် ၅ ခုကို နာဆာအဖွဲ့ကြီးကလည်းကောင်း အသုံးပြုကြမည် ဖြစ်သည်။ ကာကွယ်ရေးဌာနက ၎င်းဒုံးပျံများကို တိုက်တန်ဒုံးပျံ၏ ဒုတိယအဆင့်အနေဖြင့် တည့်သွင်း၍ မြေပြင်မှ ပစ်လွှတ်တင်ရန် စီစဉ်လျက်ရှိသည်။ ၎င်းကြားခံ အာကာသအတက်ဆင့် ဒုံးပျံများသည် ဗိုက်ကင်း အာကာသယာဉ်အား အင်္ဂါဂြိုဟ်သို့လည်းကောင်း၊ ဗွိုင်ယေဂျာ အာကာသယာဉ်အား ကြာသပတေးနှင့် စနေဂြိုဟ်များ ဆီသို့လည်းကောင်း တင်ပို့ပေးခဲ့သည်။ နောင်တွင်စင်တော အတက်ဆင့် ဒုံးပျံအစား အသုံးပြုမည်လည်းဖြစ်သည်။

ကျန်ရှိနေသော ကြားခံ အာကာသအတက်ဆင့်သုံး ဒုံးပျံ ၅ခုမှတခုကို ဂယ်လီလေယိုအာကာသယာဉ်အား ကြာသပတေးဂြိုဟ်အား ဝန်းပတ်နိုင်ရန် တင်လွှတ်စေမည်ဖြစ်သည်။ ယင်းအာကာသယာဉ်သည် သိပ်သည်းသော ကြာသပတေးဂြိုဟ်လေထု၏ အကြောင်းစုံကို ကမ္ဘာသို့ ပြန်လည်ပေးပို့မည်ဖြစ်သည်။ ဂယ်လီလေယိုအာကာသယာဉ်မှာ အာကာသလွန်းပျံယာဉ်ဖြင့် အာကာကာသအတွင်းမှနေ၍ လိုရာသို့ ပထမဦးဆုံး တင်လွှတ်မည့်ယာဉ်ဖြစ်သည်။

ကြားခံ အာကာသအတက်ဆင့်သုံး ဒုံးပျံကို အခြားသော အာကာသလွန်းပျံယာဉ်မှ ပစ္စည်းကိရိယာများကဲ့သို့ လုပ်ငန်းစုံတွင် အသုံးချနိုင်ရန် ပြုလုပ်ဖန်တီးထားသည်။ သို့မှ သာ နောင် အနှစ် ၂၀ ကျော် ကြာသည့်အချိန်အထိ အမေရိကန် အာကာသ အစီအစဉ်အတွက် သိပ္ပံဆိုင်ရာ၊ ကူး သန်း ရောင်းဝယ်ရေး ဆိုင်ရာနှင့် အခြား ကာကွယ်ရေးဆိုင်ရာတို့ကို ကုန်ကျစရိတ် သက်သာစွာဖြင့်ပြုလုပ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ဖော်ပြပါ ဒုံးပျံတွင် အဆင့် ၂ ဆင့် ပါဝင်ပြီး၊ ယခင် အာကာသအစီအစဉ်များ၌ စမ်းသပ် အသုံးပြုခဲ့သော အစိတ်အပိုင်းများကိုပင် တပ်ဆင်ထားခဲ့သည်။ ၎င်းကို အကွက်လိုက် အတုံးလိုက် တပ်ဆင်နိုင်အောင် ဖန်တီးထားပြီး အရွယ်အစားအားဖြင့် ၄ မျိုး ပြုလုပ်နိုင်သည်။ အမှန်ဆိုသော် ကြားခံ အာကာသအတက်ဆင့်သုံး ဒုံးပျံ ၄ မျိုး ၄ စား ရှိသည်။ ၎င်းတို့မှာ ကာကွယ်ရေးဌာနနှင့် နာဆာတို့၏ အခြေခံ အမြှာဆင့် ဒုံးပျံ၊ ကာကွယ်ရေးဌာန၏ အမြှာဆင့် ဒုံးပျံ၊ နာဆာ၏ ပိုမိုကြီးမားသော အမြှာဆင့်ဒုံးပျံနှင့် နာဆာ၏ စွမ်း အင် ကြွယ်ကြွယ်နက္ခတ်တာရာများအကြား တင်လွှတ်မည့် လည်ပတ်နေသော အဆင့် ၃ ဆင့်ပါ ဒုံးပျံ စသည်တို့ဖြစ်သည်။

အာကာသ ဘယ်ယူပို့ဆောင်ရေး စနစ်တွင် ကြားခံ အာကာသအတက်ဆင့်သုံး ဒုံးပျံပါဝင်မည်ဖြစ်သဖြင့် လူမဲ့ အာကာသယာဉ်များနှင့် ဂြိုဟ်တုများအား ကမ္ဘာအထက်တနေရာတည်း၌ တည်ရှိသည့်အလား ကမ္ဘာနှင့် ယှဉ်ပြိုင် လှည့်ပတ် နိုင်သော ဝန်းပတ်လမ်းကြောင်း အရောက်တင်ပို့ပေးနိုင်မည် ဖြစ်သည်။ ၎င်းဝန်းပတ်လမ်းကို "ကလပ်(ခ)ဝန်းပတ်လမ်း" ဟု ခေါ်ဆိုသည်။ ဤသို့သောဝန်းပတ်လမ်းမျိုးကို အကြံပြုခဲ့သော သိပ္ပံစာရေးဆရာ အာသာစီကလပ်(ခ)အားဂုဏ်ပြုသည့် အနေဖြင့် မှည့်ခေါ်ခဲ့ခြင်း ဖြစ်သည်။ အကယ်၍ ဖော်ပြပါ ကမ္ဘာနှင့်ယှဉ် ပြိုင်တူလှည့်ပတ်နေနိုင်သော ဆက်သွယ်ရေး ဂြိုဟ်တု ၃ လုံးအား အီကွေတာအထက် ၁၂၀ ဒီဂရီ အကွာ အဝေးခြားကာ တင်လွှတ်ထားမည်ဆိုပါက တကမ္ဘာလုံးအား တချိန်တည်း၌ ဆက်သွယ်ပေးနိုင်မည် ဖြစ်သည်။ ၎င်း ဝန်းပတ်လမ်း၏အမြင့်မှာ ကမ္ဘာ့အထက် မိုင် ၂၃,၃၀၀ ခန့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကြားခံ အာကာသအထက်ဆင့်သုံး ဒုံးပျံဖြင့် လူမဲ့ အာကာသယာဉ်များ၊ သို့မဟုတ် ဂြိုဟ်တုများကို လနှင့် အခြားဂြိုဟ်များသို့ ပစ်လွှတ်နိုင်သည်။ ယင်းသို့သောအစီအစဉ်ဖြင့် ပြုလုပ်နိုင်မည်ဟု မျှော်မှန်းထားသည့် လုပ်ငန်းရပ်များမှာ ဗုဒ္ဓဟူးဂြိုဟ်အား ဓာတ်ပုံရိုက်ယူစုံစမ်းရန်၊ အခြားလေ့လာမှုများ ပြုရန်၊ သောကြာဂြိုဟ်ပေါ်သို့သက်ဆင်းရေး ယာဉ်တစင်း စေလွှတ်ရန်၊ အင်္ဂါဂြိုဟ်ပေါ်သို့ ဗိုက်ကင်းသက်ဆင်းရေး ယာဉ်များကဲ့သို့ ပြုလုပ်ထားသည့် သက်ဆင်းရေးယာဉ်များ နေရာအနှံ့ စေလွှတ်ရန် စနေဂြိုဟ်နှင့် ၎င်း၏ လ ငယ် တိုက်တန်တို့အား ဝန်းပတ်နေမည့် အာကာသယာဉ်များ စေလွှတ်ရန်၊ ကြာသပတေးဂြိုဟ်သို့ လေ့လာရေးယာဉ်များ စေလွှတ်ရန် စသည်တို့ဖြစ်သည်။ ကြာသပတေးဂြိုဟ် လေ့လာရေးအတွက်မူ ဂယ်လီယေယို အာကာသယာဉ်အား ပထမဆုံး တင်လွှတ်မည် ဖြစ်သည်။

အခြားလုပ်ဆောင်နိုင်မည်ဟု ခန့်မှန်းထားသည့် အာကာသခရီးစဉ်တခုမှာ အင်္ဂါဂြိုဟ်မှ မြေသားနမူနာ ပြန်လည် သယ်ဆောင်လာမည့် အာကာသယာဉ် စေလွှတ်ရေးပင် ဖြစ်သည်။ ၁၉၇၆-၁၉၇၈ ခုနှစ်များအတွင်းက အင်္ဂါဂြိုဟ်ပေါ်သို့ ဗိုက်ကင်း အာကာသယာဉ် စေလွှတ်၍ စူးစမ်းမှုများ ပြုလုပ်စေရာ သက်ရှိအရာ ရှိ မရှိဟူသောအချက်နှင့်ပတ်သက်၍အဖြေမတွေ့ခဲ့ပေ။ ထို့ကြောင့် အင်္ဂါဂြိုဟ်မှ မြေသားနမူနာယူ၍ ကမ္ဘာပတ် လမ်းကြောင်းအတွင်း၌ပင် စမ်းသပ်မှုများ ပြုနိုင်ရန် အတွက် အင်္ဂါဂြိုဟ်ဆင်းယာဉ်တစင်း စေလွှတ်ရန် ကြံရွယ်ကြခြင်း ဖြစ်သည်။ ဤအချက်သည်ပင်လျှင် အာကာသစခန်း တည်ဆောက်ရေး လိုအပ်ကြောင်းကို ပြသလျက်ရှိသည်။ အာ

ကာသစခန်း၌ အခြားဂြိုဟ်များမှ ယူဆောင်လာသော ပစ္စည်းနမူနာများကို ပိုးမွှားများ ပါမပါ စစ်ဆေးရန်မလိုပဲ စမ်းသပ်နိုင်မည်ဖြစ်သည်။ ကြားခံ အာကာသအဘက်ဆင့်သုံး ဒုံးပျံဖြင့်လည်း နေအား အနီးကပ်လေ့လာနိုင်ရန် နေ၏ဝန်ရိုးစွန်းအတိုင်း လှည့်ပတ်မည့်အာကာသယာဉ်တစင်းလည်း လွှတ်တင်နိုင်မည်ဖြစ်သည်။ ထို့ပြင် လ၏ ဝန်ရိုးစွန်းဒေသအား လေ့လာ၍ မြေပုံရေးဆွဲနိုင်ရန် အာကာသယာဉ် တစင်းကိုလည်း တင်လွှတ်မည် ဖြစ်သည်။

နေအဖွဲ့အစည်း လေ့လာ စူးစမ်းရန် အတွက် အာကာသ သယ်ယူပို့ဆောင်ရေး စနစ်တွင် နေအား လျှပ်စစ် တွန်းအား ပေးစနစ် ပါဝင်မည်ဖြစ်သည်။ နေအားလျှပ်စစ်တွန်းအားပေး စနစ်ဆိုသည်မှာ အာကာသလွန်းပျံယာဉ်များ ခရီးမှန်မှန်ကြီး သွားနိုင်ကြသည့်အခါတွင် နက်ရှိုင်းသော အာကာသအတွင်း ခရီး နှင် နိုင် ရန် တွန်းအား အနည်းငယ်သာ ပေးနိုင်အောင် နာဆာအဖွဲ့ကြီးက ပုံစံရေးဆွဲ ထုတ်လုပ်ထားသည့် "အိုင်ယွန်မောင်း" တွန်းအားပေးကိရိယာ ဖြစ်သည်။ ၎င်းကို အလျှင်အများအပြားမလိုအပ်ပါက အသုံးပြုနိုင်သည်။ အထူးသဖြင့် ကြားခံအာကာသအတက်ဆင့်သုံး ဒုံးပျံနှင့်တွဲ၍ မသုံးလိုသည့် အခါတွင် ဖြစ်သည်။

အိုင်ယွန်မောင်း နေအားလျှပ်စစ် တွန်းအားပေးစနစ်တွင် လျှပ်စစ်စွမ်းအင်ကို လေထုတ်ယက်မ၏ အရွေ့စွမ်းအင် အဖြစ် ပြောင်းလဲလိုက်သည်။ နေခြည်ဓာတ်အိုးများမှ ထွက်ပေါ်လာသော လျှပ်စစ်ဓာတ်အားများကို လိုအပ်သော တွန်းအားများ ရရှိစေရန် အားပြုပြင်ရေး စက်က ဆောင်ရွက်ပေးသည်။ အာကာ

www.burmeseclassic.com

သယာဉ်အတွက် တွန်းအားကို မာကြူရီအိုင်ယွန်းများ၏ လျှပ်ပြိမ်းစီးထွက်မှုတို့ကြောင့် ရရှိခဲ့လေသည်။

နေအားလျှပ်စစ်ဓာတ်သည် ကြီးမားသောအရှိန်ကို ပေးနိုင်စွမ်းမရှိပေ။ သို့သော် ၎င်းမှ ဓာတ်အားမပြတ် ရရှိနိုင်သည်။ အာကာသယာဉ်အား ကြားခံ အာကာသအထက်ဆင့်သုံးဒုံးပျံဖြင့် ဝန်းပတ်လမ်းကြောင်းမှ ခွဲထွက်နိုင်မည့် အရှိန် ရအောင် လုပ်ဆောင်ပြီးသည့်အခါတွင် နေအားလျှပ်စစ်တွန်းအားပေးစနစ်ဖြင့် လောင်စာကုန်သည်အထိ တွန်း အား များ ရအောင် ဆောင်ရွက်နိုင်သည်။ အဓိကတွန်းအားကိုမူ နေခြည်စွမ်းအင်မှ ရနိုင်မည်ဖြစ်သည်။ အကယ်၍ တွန်း ကန် အား များ အချိန် ၅-နှစ် သို့မဟုတ် ၁၀-နှစ် အထိရအောင် လုပ်ဆောင်ထားမည်ဆိုပါက နေအားလျှပ်စစ်အဆင့်မှ ထွက်လာမည့် အလျင်သည် အထူးပင် ကြီးမားပေမည်။

နေအားလျှပ်စစ် တွန်းအားပေးစက်သည် ပေါင် ၃,၀၀၀ ခန့်လေးပြီး အာကာသလွန်းပျံယာဉ်၏ ကုန်ပစ္စည်းတင် အခန်းတွင် လွယ်လင့်တကူ တင်ဆောင်နိုင်သည်။ ၎င်းအားနှစ်ပေါင်း ၅-နှစ်ခန့် ခံနိုင်အောင် လုပ်ဆောင်ထား၍ ထိုအချိန်အတွင်း၌ နာရီပေါင်း ၂၀,၀၀၀ မျှ တွန်းအားပေးနိုင်မည်ဟု ခန့်မှန်းထားကြသည်။

နာဆာအဖွဲ့ကြီးသည် အာကာသလွန်းပျံယာဉ်အား ကနဦးတင်လွှတ်ရေးယာဉ်အဖြစ် အသုံးပြုပြီး ဂြိုဟ်နက္ခတ်တာရာများ အကြားသို့ အရောက်ပို့မည့် ဒုံးပျံ အဖြစ် ကြားခံ အာကာသ အတက်ဆင့်သုံး ဒုံး ပျံ အား အသုံးပြုမည်ဖြစ်သည်။ ထို့ပြင် နောက်ဆုံးအဆင့် အနေဖြင့် နေအားလျှပ်စစ် တွန်းအားပေးစနစ်ကို အသုံးပြုကာ အာကာသ ခရီးစဉ်များပြုလုပ်ရန်လည်း ကြံရွယ်ထားသည်။ ၎င်းတို့တွင် ဂြိုဟ်သိမ် ဂြိုဟ်ငယ်များ အကြားသွားလာမည့်ခရီးစဉ်လည်း ပါဝင်သဖြင့် သိပ္ပံဆိုင်ရာအချက်အလက် ကောင်းမွန်စွာ ပြန်လည် ရရှိစေရန် အာကာသယာဉ်သည်ဖြည်းညင်းစွာပျံသန်းရမည်ဖြစ်သည်။ အခြားခရီးစဉ်တခုမှာ ၁၉၈၆ ခုနှစ်တွင် နေအဖွဲ့အစည်းအနီးသို့ ချဉ်းကပ်လာမည့် "ဟေလီကြယ်တံခွန်" အား လေ့လာနိုင်ရန် အာကာသယာဉ်တစင်း တင်လွှတ်ရေးဖြစ်သည်။

အာကာသယာဉ် တစင်းအား နေ့အဖွဲ့အစည်း နှင့် ၀.၁ အလင်းနှစ် ကွာဝေးသော ဒေသတို့၏ အကြားသို့ ရောက်ရန် အာကာသလွန်းပျံယာဉ်၊ ကြားခံ အာကာသ အတက်ဆင့်သုံးဒုံးပျံနှင့် နေအား လျှပ်စစ်တွန်းအားပေးစနစ်တို့ဖြင့် ပထမဆုံး တင်လွှတ်ပေးမည်ဟုလည်း ပညာရှင်များ ခန့်မှန်းထားသည်။ အာကာသ လွန်းပျံယာဉ်တွင် ခေတ်အမီဆုံး ပစ္စည်း ကိရိယာများ ပါဝင်သော်လည်း ဂြိုဟ်နက္ခတ် တာရာများ အကြားသို့ အင်အားကောင်းသည့် ဒုံးပျံ အဆင့်များဖြင့် တင်သွင်းပို့ဆောင်နိုင်စေကာမူ နက်ရှိုင်းသော အာကာသမှ သ တင်း အ ချက်အလက်များ ပြန်လည်ရရှိရေးမှာ အချိန်လွန်းမင်းစွာကြာမည်ဖြစ်သည်။ လက်ရှိအသုံးပြုနေသော ဆက်သွယ်ရေး စနစ်များဖြင့်ပင် ပလူတိုဂြိုဟ်မှ သတင်းအချက်အလက်ပြန်လည်ရရှိရေးမှာ နှစ်ပေါင်း ၄၀ ကျော်ကြာမည် ဖြစ်သည်။

အကယ်၍ ဂြိုဟ်နက္ခတ်တာရာများအကြား သွားရောက်စူးစမ်းမည့် အာကာသယာဉ်သည် ကြီး မား ပါက အာကာသလွန်းပျံယာဉ်ဖြင့် ၂ ကြိမ်မျှ ပျံသန်းသယ်ယူရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်တွင် အလေးချိန် ပေါင် ၅၄၆၀၀ ရှိမည် ဖြစ်ပြီး၊ အာကာသလွန်းပျံယာဉ်နှင့် အပြည့်တမျှရှိသည့် နာဆာအဖွဲ့ပိုင် ဂြိုဟ်များဆိုင်ရာ ကြားခံ အာကာသအတက်ဆင့်သုံးဒုံးပျံ ၃ ဆင့်ပင်ဖြစ်သည်။ အခြား ပျံသန်းမှုတခု၌မူ နေအားလျှပ်စစ်တွန်းအားပေးစနစ်တွင် တပ်ဆင်ထားသည့် လေးလံသော အာကာသယာဉ်ကို သယ်ဆောင်လာမည် ဖြစ်သည်။ ဂြိုဟ်တခုမှ မြေသားနမူနာ ပြန် လည် ပေးပို့မည့်ယာဉ်၊ ယင်းဂြိုဟ်အား ဝန်းပတ်နေမည့်ယာဉ်နှင့် နေအား လျှပ်စစ် တွန်းအားပေးစနစ်တို့၏ စုစု ပေါင်း အ လေး ချိန် သ ည် ပေါင် ၂၀,၀၀၀ ခန့် ရှိပေမည်။ ယင်းပစ္စည်းကိရိယာများနှင့် အခြား အသုံးပြုရန်ရှိသော ပစ္စည်းများကို ကြားခံ အာကာသအတက်ဆင့်သုံး ဒုံးပျံအား ယခင်ကတင်ပို့ထားသည့် ဝန်းပတ်လမ်းကြောင်းအထိ အာကာသလွန်းပျံယာဉ် က အရောက် ပို့မည် ဖြစ်သည်။

ဂြိုဟ်နက္ခတ်တာရာ များအကြား ခရီးနှင်မည့် အာကာသယာဉ်တွင် ပစ္စည်းကိရိယာစုံ တပ်ဆင်ပြီးစီးသည့်အခါ ကမ္ဘာပတ် လမ်းကြောင်းအတွင်း၌ပင် စမ်းသပ်စစ်ဆေးပြီး ကြားခံ အာကာသအတက်ဆင့်သုံးဒုံးပျံဖြင့် ကမ္ဘာ့ဆွဲအားလွတ်မြောက်ရေး အလျင်ရအောင်ပြုလုပ်ကာ ခရီး စတင်နှင်မည် ဖြစ်သည်။ နောက်ပိုင်းတွင် နေအဖွဲ့အစည်းအတွင်းမှ အလှမ်းကွာသော ဒေသများသို့ နေအား လျှပ်စစ်တွန်းအားပေးစနစ်ကိုသုံးကာ ခရီးဆက်မည်ဖြစ်သည်။

အာကာသလွန်းပျံ သယ်ယူပို့ဆောင်ရေး စနစ်မှ တတိယအမျိုးအစား အာကာသတွင်းတွန်းအားပေးကိရိယာကို လည်ပတ်နေသော အာကာသအတက်ဆင့် လောင်စာအခဲသုံး ဒုံးပျံ

ဟု ခေါ်ဆိုသည်။ ၎င်းကို ဝန်တင်ပစ္စည်းထောက်ကူရေး မော်ဂျူး ဟုလည်း ခေါ်ခဲ့ကြသည်။ ပုဂ္ဂလိကကုမ္ပဏီတခုက ထုတ်လုပ်သော ယင်းဒုံးပျံကို ပစ္စည်းတင်ပို့ကြမည့်သူများက အာကာသလွန်းပျံယာဉ်ဖြင့် တင်ပို့ကြမည်ဖြစ်သည်။ အထူးသဖြင့် အာကာသလွန်းပျံယာဉ် မတက်ရောက်နိုင်သော အာကာသတွင်းသို့ ယင်းပစ္စည်းများ တင်ပို့မည်ဖြစ် သည်။

လည်ပတ်နေသော အာကာသအတက်ဆင့် လောင်စာအခဲသုံး ဒုံးပျံတွင်လည်း နှစ်မျိုးရှိသည်။ တမျိုးမှာ 'အေ' အမျိုးအစားဖြစ်ပြီး မြေပြင်မှ အက်တလတ်(စ) စင်တော်ဒုံးပျံဖြင့် ပစ်တင်လေ့ရှိသော ဂြိုဟ်တုများနှင့် တွဲဖက်အသုံးပြုနိုင်သည်။ အခြားတမျိုးမှာ 'ဒီ' အမျိုးအစားဖြစ်ပြီး ၎င်းကို ကနဗာရယ်အငူမှ ဒယ်လ်တာဒုံးပျံဖြင့် လွှတ်တင်လေ့ရှိသောဒုံးပျံများနှင့် တွဲ၍ အသုံးပြုရမည်ဖြစ်သည်။ သေးငယ်သည့် ဆက်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာဂြိုဟ်တုများကို ဒယ်လ်တာဒုံးပျံဖြင့် 'ယခင်အခါများက တင်လွှတ်ပေးလေ့ရှိသည်။

လည်ပတ်နေသော အာကာသအတက်ဆင့် လောင်စာအခဲသုံး ဒုံးပျံသည် အာကာသလွန်းပျံယာဉ်၏ လောင်စာအခဲသုံး အရှိန်တိုးဒုံးပျံကဲ့သို့ပင် နောက်ထပ် အသုံးပြုနိုင်ရန် ပြန်လည်ရယူခြင်း မပြုပေ။ သေးငယ်သည့်'ဒီ'အမျိုးအစားမှာ အချင်း ၄၇ လက်မ၊ အလျား ၇၆ လက်မနှင့် အလေးချိန် ပေါင် ၄၅၀၀ ရှိသည်။ လည်ပတ်နေသော အာကာသအတက်ဆင့် လောင်စာအခဲသုံး ဒုံးပျံ နှစ်မျိုးနှစ်စားစလုံးကို ၁၉၈၃ ခုနှစ်လောက်တွင် အာကာသလွန်းပျံယာဉ်နှင့်တွဲ၍ အသုံးပြုနိုင်မည်ဖြစ်သည်။ အဓိကအားဖြင့် ဂြိုဟ်တုများနှင့် အခြား အာကာသ

www.burmeseclassic.com

www.burmeseclassic.com

ယာဉ်များကို ကမ္ဘာနှင့်နီးကပ်သော ဝန်းပတ်လမ်းကြောင်းမှ အခြား အလှမ်းကွာသော ဝန်းပတ်လမ်းကြောင်း သို့မဟုတ် ကမ္ဘာနှင့်ယှဉ်ပြိုင် လှည့်ပတ်နေနိုင်သောဝန်းပတ်လမ်းကြောင်း သို့ပြောင်းရာတွင် အသုံးပြုမည်ဖြစ်သည်။

အာကာသလွန်းပျံယာဉ် စီမံကိန်းအတွက် သတ်မှတ်ထားသော ငွေကြေးပမာဏမှာ နည်းပါးသဖြင့် လုပ်ဆောင်မှု အနည်းငယ်ကို ကန့်သတ်ထားရသည်။ တခုသောကန့်သတ်ချက်မှာ အာကာသလွန်းပျံယာဉ်သည် အာကာသ၌ရက်ပေါင်း ၃၀ အထိသာ နေနိုင်ခွင့်ရှိခြင်းဖြစ်သည်။ ယာဉ်နှင့်အတူ ပါသွားမည့် လောင်စာများမှာ ရက် ၃၀ ကျော်လျှင် ကုန်ဆုံးသွားမည်ဖြစ်သည်။ အာကာသလွန်းပျံယာဉ်၏ တိုးချဲ့ခရီးစဉ်များအတွက် ယူဆောင်သွားရသောလောင်စာတိုင်ကီမှာလည်း အလေးချိန် ၁၆,၀၀၀ ပေါင် ရှိသဖြင့် ၎င်းကို တင်ဆောင်သွားပါက အခြားကိရိယာများကို ချန်လှပ်ထားခဲ့ရပေမည်။

လေ့လာချက်များအရ အာကာသလွန်းပျံယာဉ်တွင် အင်အား၊ သို့မဟုတ် အသုံးအဆောင် မော်ဂျူးများ လိုအပ်ကြောင်း သိရှိရသည်။ ယင်းကဲ့သို့သော မော်ဂျူးသည် အာကာသလွန်းပျံယာဉ်အတွင်း၌ အသုံးပြုနိုင်သည့် လျှပ်စစ် ဓာတ်အားများ ရအောင် ဆောင်ရွက်ပေးမည်ဖြစ်သည်။ ၎င်းသည် ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေသော နေရာများ၌ အရေးပေါ် ဆွဲယူအသုံးပြုသော လျှပ်စစ်ဓာတ်အားပေး စက်နှင့် တူညီပေမည်။

မော်ဂျူးအား အာကာသလွန်းပျံယာဉ်ဖြင့် တင်ဆောင်သွားကာ အာကာသတွင်းရောက်မှ တပ်ဆင်အသုံးပြုမည် ဖြစ်

သည်။ တိုးချဲ့ခရီးစဉ်များအတွက် အဆို့သုံး ကိရိယာလည်း ပါဝင်မည် ဖြစ်သည်။ အခြေအတင်ဆွေးနွေး၍ တည်ဆောက်ရန် ကြံရွယ်သည့်ပုံစံအရ ၂၅ ကီလိုဝပ် ဓာတ်အားပေး မော်ဂျူးသည် နေရောင် အပြည့်အဝရရှိပါက ဓာတ်အား ၅၉- ကီလိုဝပ်ပေးနိုင်မည်ဖြစ်သည်။ယင်းဓာတ်အားဖြင့် အာကာသလွန်းပျံယာဉ် ရက် ၆၀ ခရီးနှင်နိုင်သည်။ အာကာသယာဉ်မှူးများအတွက် အသက်အထောက်အကူပြုပစ္စည်းများနှင့် အစားအစာများလည်း ယင်း တိုးချဲ့ရက်များအတွက် ပါဝင်ရမည်ဖြစ်သည်။

မော်ဂျူးထံမှ ရရှိသောအင်အားဖြင့် အာကာသ လွန်းပျံယာဉ်အား တိုးချဲ့ခရီးစဉ်များ သွားစေနိုင်မည်သာမက၊လိုရာသို့တင်ပို့ရန် စက်ကိရိယာမပါဝင်သော ပစ္စည်းများအတွက် အင်အားများလည်း ရရှိနိုင်မည်ဖြစ်သည်။ အာကာသလွန်းပျံယာဉ်တွင် ပစ္စည်းတင်အခန်းပေါက် နှစ်ခုပါဝင်သဖြင့် မော်ဂျူးအား ယာဉ်တွင်တပ်ဆင်နေစဉ်အတွင်း လိုရာသို့တင်ပို့ရန် စက်ကိရိယာမပါသောပစ္စည်းများ ချိတ်ဆွဲထားနိုင်မည် ဖြစ်သည်။ ဤသို့ဖြင့် အင်အား မော်ဂျူးသည် ကမ္ဘာပတ် လမ်းကြောင်းအတွင်းမှ ကြီးမားရှုပ်ထွေးသောပစ္စည်းကိရိယာများကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အင်အား မော်ဂျူးသည် အာကာသဓာတ်ခွဲခန်း၏ ခရီးစဉ်တိုးချဲ့ရာတွင်လည်း ဝင်ရောက်ဆောင်ရွက်ပေးမည်ဖြစ်သည်။ ယခုအခါတွင် ကမ္ဘာပတ်အာကာသဓာတ်ခွဲခန်းအား ၁၂ ရက်ကြာမျှ လုပ်ငန်းဝင်ရန် သတ်မှတ်ထားသည်။ သို့သော် အင်အား မော်ဂျူးဖြင့် ၎င်းဓာတ်ခွဲခန်း၌ လုပ်ငန်းခွင်ရက်ပေါင်း ၆၀ ထက်မနည်း ဝင်နိုင်မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ အာကာသစခန်းအား အာကာသတွင် အကုပ်အထိန်းမဲ့ ပျံသန်းနိုင်သော ယာဉ်အဖြစ် ဖန်တီးပြီး ၂၅ ကီလိုဝပ်အင်အား မော်ဂျူးကို အသုံးပြုမည်ဆိုပါက လုပ်ငန်းခွင် ရက်အကန့်အသတ်မရှိ ဝင်နိုင်သည်။ သို့သော် အစားအစာရေနှင့် အောက်စီဂျင်ငွေ့တို့ကိုအာကာသလွန်းပျံယာဉ်မှတဆင့် ပို့ပေးရမည်ဖြစ်သည်။

အင်အားမော်ဂျူးသည် ကူးသန်း ရောင်းဝယ်ရေးအတွက် အထူးအသုံးဝင်မည့် အာကာသ လွန်းပျံယာဉ်မှ ကိရိယာတခု ဖြစ်ပေမည်။ အဘယ့်ကြောင့်ဆိုသော် အာကာသ၌ ပြုလုပ်ရန် ကြံရွယ်ထားသည့် စမ်းသပ်မှုအများစုမှာရက်ပေါင်း ၃၀–ထက် ကျော်လွန်နေကြခြင်းကြောင့် ဖြစ်သည်။ နေလှည့်ပတ်မှု ၂–ကြိမ်ကို လေ့လာမည်ဆိုပါက ရက်ပေါင်း ၅၆ ရက်ကြာမည်ဖြစ်သည်။ ထို့ပြင် အလေးချိန်မဲ့သော ဒေသတွင် သက်ရှိသတ္တဝါနှင့် အပင်ငယ်တို့၏ ဆက်တိုက်မျိုးပွားမှုကို လေ့လာသည့် စမ်းသပ်ရေးမှာလည်း အချိန်အတိအကျ မသတ်မှတ်နိုင်ပေ။ အာကာသတွင်း စက်မှုလုပ်ငန်းများ ထွန်းကားသည့် ပထမနှစ်အတွင်း၌ပင် ၂၅–ကီလိုဝပ်အား မော်ဂျူး၏ ကုန်ကျစရိတ်ကို ကျေမည်ဟု ပညာရှင်များ ခန့်မှန်းကြသည်။ယင်းမော်ဂျူးများသည် ၁၉၈၄ သို့မဟုတ် ၁၉၈၅ ခုနှစ်လောက်တွင် အကောင်အထည် ပေါ်လာမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ကမ္ဘာ့စုရုံးပေါင်းစည်းမှုအတွက် လုံးဝဥဿုံအရေးပါမည်ဟု ထင်မှတ်ရသော အာကာသအား မှန်ကန်ကျနစွာ အလေးဂရုပြုရေးကို အားပေးရမည့် သမိုင်းကာလသို့ ရောက်ခဲ့ပြီ။

မာဂရက်မိ (ဒ)။

အခန်း (၈)
အာကာသစခန်း

အာကာသစခန်းမှ အခန်းငယ်ကလေး အတွင်း၌ အမျိုးသားနှင့် အမျိုးသမီးများ သွားလာလှုပ်ရှား နေကြသည်။ တနေရာတွင် ကမ္ဘာပေါ်တွင် မတွေ့နိုင်သောအထူးသန့်စင်သည့် ပုံဆောင်ခဲတခု ဖြစ်ထွန်းနေသည်။ အခြားတနေရာတွင်မူ သစ်သားကဲ့သို့ ပေါ့ပါးပြီး သံတုတ်ကြီးများတမျှခိုင်မာသော သံမဏိတမျိုးထုတ်လုပ်လျက်ရှိသည်။ သိပ္ပံပညာရှင်များ၏ အီလက်ထရွန်းနစ် မှတ်စုစာအုပ်များမှ စာမျက်နှာများတွင်လည်း ‘ပန္နည်းသစ်၊ မစမ်းသပ်ရသေးသော၊ ရရှိမည်ဟုမျှော်လင့်သည်၊ မြင်နိုင်ခဲသော သမားရိုးကျ မဟုတ်သော’ စသည့်စကားလုံးများဖြင့် ပြည့်နှက်နေသည်။

လူ့သမိုင်းစဉ်တွင် အနာဂတ် အဆောက် အအုံ များ တည်ဆောက်ရန် အနာဂတ်ဆိုင်ရာ ပန္နည်းများကို ပထမဦးဆုံးအကြိမ်

www.burmeseclassic.com

အဖြစ် ရရှိခဲ့ကြလေပြီ။ အာကာသလွန်းပျံယာဉ်၏ ပစ္စည်းတင် အခန်းတွင်း၌ စနစ်တကျ တင်ဆောင်ထားပြီး ယာဉ်နှင့်အတူ ခရီးအကြိမ်ကြိမ်နှင်ခဲ့သည့် အာကာသဓာတ်ခွဲခန်းသည်ယခုအခါ အာကာသတွင်း၌ရောက်၍နေပေပြီ။ အာကာသတွင်း၌ အချိန် ၃ လမျှနေမည်ဖြစ်သည်။ မကြာမီကကမ္ဘာသို့ပြန်လည်ယူဆောင် သွားခဲ့သော အာကာသ ဓာတ်ခွဲခန်းမှာ အာကာသ၌ ၆ လမျှ နေခဲ့သည်။ ၎င်းအတွက်အင်အားများကို နေစွမ်းအင်အား လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲနိုင်သည့် အင်အား မော်ဂျူးထမှ ရယူခဲ့သည်။ ၎င်းကို အာကာသယာဉ်မှ လုပ်သားများ နေထိုင်နိုင်သော နေထိုင်ရေး မော်ဂျူးနှင့် ချိတ် ဆက် ထား သည်။ အာကာသယာဉ်မှ လုပ်သားများသည် အာကာသတွင်အမြဲတမ်း နေထိုင်မည့် လုပ်သားများ အတွက် အဆောက်အအုံများ တည်ဆောက်နိုင်ရန် လုပ်ငန်းများ မလုပ်သည့်အခါနှင့် စမ်းသပ်ရေး လုပ်ငန်းများ မဆောင်ရွက်သည့်အခါတွင် ယင်း နေထိုင်ရေး မော်ဂျူးတွင် နေထိုင်ခဲ့ကြသည်။

အာကာသလွန်းပျံယာဉ်ဖြင့်တင်ဆောင်သွားမည့်ကုန်ပစ္စည်းများတွင် အာကာသဓာတ်ခွဲခန်းလည်း တခုအနေဖြင့် ပါဝင်သည်။ အာကာသလွန်းပျံယာဉ်သည် အာကာသနယ်ခြားဒေသသို့ ပိုမိုကောင်းမွန်သော ဂြိုဟ်တုများ တင်လွှတ်ရန် ကမ္ဘာ့အနီးဝန်းကျင် အာကာသအား ဂြိုဟ်တုများဖြင့် ကူး သန်း ရောင်းဝယ်ရေးတွင် အသုံးပြုနိုင်ရန်နှင့် အာကာသအတွင်း အသုံး ပြုနိုင်သောပစ္စည်းကိရိယာများအား အာကာသသို့ တင်ပို့ပေးရန် အထူးပင် အသုံးဝင်သည်။ သို့သော်လူသားထုအတွင်းမှ သိပ္ပံဆိုင်ရာ အသိုက်အဝန်းအား အာကာသတွင်း လွယ်လင့်တကူ စရိတ်သက်သာစွာဖြင့် တက်ရောက်နိုင်ရေးနှင့် အနာဂတ်စက်မှု နည်းပညာ ထွန်းကားရေးတို့ အတွက် ဆောင် ရွက် ပေး မည့် အရာမှာ အာကာသဓာတ်ခွဲခန်းပင်ဖြစ်သည်။

အာကာသဓာတ်ခွဲခန်းတွင် အခြေခံအားဖြင့် သာမန်အဝတ်အစားများပင် ဝတ်ဆင်၍ လုပ်ငန်းခွင်ဝင်နိုင်သော ပတ်ဝန်းကျင်မျိုး ဖန်တီးပြီး အာကာသတွင်း စမ်းသပ်မှုများ ပြုနိုင်ရန် ပြင်ပပစ္စည်းတင်ခုံနှင့် ဆက်၍ ထားသည်။ ပျံသန်းမှု တခုတွင် ဓာတ်ခွဲခန်းနှင့် ပစ္စည်းတင်ခုံတို့တွင် တွဲ၍သို့မဟုတ် ပစ္စည်းတင်ခုံတွင် လုပ်ဆောင်ရမည့် လုပ်ငန်းရပ် ၁၃ ခု ပါဝင်မည်။

အာကာသဓာတ်ခွဲခန်းမှာ နာဆာအဖွဲ့ကြီးနှင့် ဥရောပ အာကာသဌာနတို့ ပူးပေါင်း၍ ကြံဆောင်ခဲ့သော အ ပြည်ပြည်ဆိုင်ရာ လုပ်ငန်းဖြစ်သည်။ ပထမအာကာသဓာတ်ခွဲခန်းအတွက် ၁၀ နိုင်ငံမှ ကုမ္ပဏီ ၄၀ ကျော်တို့သည် လုပ်ဆောင်ရေး စနစ်များနှင့် တွဲဖက်စနစ် များကို တည်ဆောက်ပေးခဲ့ ကြ သည်။ အာကာသ ဓာတ်ခွဲခန်းတွင် ပါဝင်မည့် စမ်းသပ်မှု များမှာလည်း အနိုင်နိုင်ငံတွင်အစပျိုးခဲ့သည့် အယူအဆများဖြစ်ကြပေမည်။ ပထမအာကာသ ဓာတ်ခွဲခန်းအတွက် စမ်းသပ်မှုပေါင်း ၇၇ ခု ရွေးချယ်ထားခဲ့ကြသည်။ ၎င်းတို့မှာ ဥရောပမှ ၆၁-ခု အမေရိကန်ပြည်ထောင်စုမှ ၁၅ ခုနှင့် ဂျပန်နိုင်ငံမှ တခုတို့ဖြစ်ကြသည်။

အာကာသဓာတ်ခွဲခန်းကို အာကာသလွန်းပျံယာဉ်၏ ကုန်ပစ္စည်းတင်အခန်း၌ ထား၍ တင်လွှတ်နိုင်ရန်နှင့် ခရီးစဉ် တလျှောက်လုံး ယင်းခန်းရာ၌ပင်ရှိနေစေရန် ပုံစံရေးဆွဲခဲ့ကြသည်။ အာကာသဓာတ်ခွဲခန်းခရီးစဉ်၏ အချိန်အတိုင်းအတာမှာလည်း အာကာသလွန်းပျံယာဉ် ခရီးစဉ်ကဲ့သို့ပင် ၇ ရက်မှ ရက် ၃၀ အထိ ကြာမည်ဖြစ်သည်။ ပျံသန်းမှု ၁၃ ခု လောက်အထိ အာကာသဓာတ်ခွဲခန်းနှင့် အာကာသလွန်းပျံယာဉ်တို့အား "လေခို"

www.burmeseclassic.com

မှုအတွက် ကုန်ကျစရိတ် ခွဲဝေကျခံရေး၏ အဓိကပထမ ခြေလှမ်း ဖြစ်လာခဲ့သည်။ အာကာသဓာတ်ခွဲခန်း ကုန်ကျစရိတ်အားလုံးကို ဥရောပ အာကာသအေဂျင်စီ ၉ နိုင်ငံမှ ကျခံကြမည်ဖြစ်သည်။ ယင်း ၉ နိုင်ငံမှာ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ နယ်သာလင်(စ)၊ စပိန်၊ ဆွစ်ဇာလင်နှင့် ယူနိုက်တက် ကင်းဒမ်း(မ)တို့ဖြစ်ကြသည်။ ဩစတြေးလျားနိုင်ငံသည်လည်း ဥရောပ အာကာသ အေဂျင်စီ အဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း အာကာသဓာတ်ခွဲခန်း တည်ဆောက်ရေး ကုန်ကျစရိတ်ကို ခွဲဝေကျခံရမည်ဖြစ်သည်။

နာဆာအဖွဲ့ကြီးသည် အာကာသဓာတ်ခွဲခန်းကို ပြုပြင်ထိန်းသိမ်း လုပ်ဆောင်ပေးသည်သာမက အစီအစဉ်လိုအပ်ချက်များစုံဆောင်းပေးခြင်း၊ အထောက်အကူပြု ကိရိယာများ တည်ဆောက် ထိန်းသိမ်းပေးခြင်းနှင့် စမ်းသပ်မှုပြုလုပ်ကြမည့်သူများအား သင်တန်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးသည်။ လုပ်ငန်းစု၏အဓိကအချက်မှာ အမေရိကန်ပြည်ထောင်စုသည် အာကာသဓာတ်ခွဲခန်းအား အသုံးပြုနိုင်ပြီး၊ အမေရိကန်အစီအစဉ်များလုပ်ဆောင်ရန် အာကာသဓာတ်ခွဲခန်းအပိုများကို ဥရောပ အာကာသအေဂျင်စီမှ ဝယ်ယူနိုင်မည်ဖြစ်သည်။

အာကာသဓာတ်ခွဲခန်း၏ ခရီးစဉ်တခုတတွက် အခြေခံပုံစံ ၈ မျိုးရှိရာ ၎င်းတို့အားလုံးလိုလိုပင် သိပ္ပံဆိုင်ရာ စမ်းသပ်မှုများအတွက် "မော်ဂျူးအရှည်" ဟု ခေါ်သော ဖိအားသွင်း မော်ဂျူး ၂ ခု၊ သို့မဟုတ် ၃ ခုနှင့်ပစ္စည်းတင်ခုံ ၂ ခု၊ သို့မဟုတ် ၎င်းအရေအတွက်ထက်ပို၍ အသုံးပြုမည် ဖြစ်သည်။ အကယ်၍ မော်ဂျူးရှည် ပါဝင်သွားမည် ဆိုပါက ထုထည်

၇၀၄ ကုဗပေရှိအခန်းတခု ပါဝင်သွားမည်ဖြစ်သည်။ မော်ဂျူးရှည်နှင့် သိပ္ပံဆိုင်ရာ ပစ္စည်းတင်ခုံတို့ တင်ဆောင်ပါက ဖိအားသွင်းအခန်းကျယ်ကြီးတခုနှင့်အတူ ၁၀၄ စတုရန်းပေရှိ ပြင်ပစမ်းသပ်ရေး ပလက်ဖောင်းတခုတို့ရရှိအောင် နေရာပေးနိုင်သည်။ အခြားပြောင်းလဲ တင်ဆောင်နိုင်သော နည်းလမ်းများမှာ မော်ဂျူးရှည်နှင့် ပစ္စည်းတင်ခုံ ၂ ခုနှင့် မော်ဂျူးတိုနှင့် ပစ္စည်းတင်ခုံ ၂ ခု၊ သို့မဟုတ် ၃ ခုတို့ဖြစ်သည်။ သိပ္ပံဆိုင်ရာ ပစ္စည်းတင်ခုံကို အာကာသဓာတ်ခွဲခန်းမှ ဖိအားသွင်းမော်ဂျူးနှင့်အတူပူးတွဲမယူပဲ သီးသန့်ယူဆောင်သွားနိုင်သည်။ အာကာသလွန်းပျံယာဉ်၏ ပစ္စည်းတင်အခန်းတွင် ပစ္စည်းတင်ခုံတခုမှ ၅ ခုအထိ တွဲတခု၌ ထည့်၍ယူသွားနိုင်သည်။

အကယ်၍ သိပ္ပံဆိုင်ရာ ပစ္စည်းတင်ခုံများကိုသာ အသုံးပြုမည်ဆိုပါက အာကာသဓာတ်ခွဲခန်းမှရလေ့ရှိသော လျှပ်စစ်ဓာတ်အားနှင့် အပူရှိန်ထိန်းချုပ်မှုစသည်တို့ကို ရွေ့ပိုင်းပစ္စည်းတင်ခုံအစွန်းပေါ်ရှိ ဆလင်ဒါပုံအခန်းငယ်တခုမှ ရရှိနိုင်သည်။

အာကာသ ဓာတ်ခွဲခန်း အတွင်းပိုင်းတွင် ပစ္စည်းကိရိယာများအတွက် စင်များနှင့် စမ်းသပ်ရေး ကိရိယာများ ထားရှိသဖြင့် ခန့်မှန်းသည်ထက် ပို၍သိပ်သည်းသည်။ ဓာတ်ခွဲခန်းအတွင်း၌ ၁၂ နာရီလျှင် တကြိမ်ကျ ပြောင်းလဲရသော ကုန်ပစ္စည်း ကျွမ်းကျင်သူ ၃ ဦး ပါသည့်အဆိုင်း တဆိုင်း ဖြင့်ရောက်လုပ်ကိုင်နိုင်ပြီး၊ တနာရီလျှင် တကြိမ်ကျ အချိန်ယူ၍ပြောင်းလဲနိုင်သည့် နောက်ထပ် ၄ ဦးထားရှိနိုင်သည်။ အခန်းတွင်း အပူချိန်ကိုလည်း ၆၄ မှ ၈၁ ဒီဂရီအထိ ထားရှိသည်။ ဓာတ်ခွဲခန်းအတွင်း တလျှောက်၌လည်း အလုပ်ခုံများ ထွင်

www.burmeseclassic.com

ရေးဆိုင်ရာပစ္စည်းများ တင်ဆောင်သွား၍ လေ့လာမည့် လုပ်ငန်းပင် ဖြစ်သည်။ ယင်းစီမံကိန်းသည် နေနှင့်ကမ္ဘာတို့၏ တုံ့ပြန်မှုကို လေ့လာမည်ဖြစ်ပြီး၊ အထူးသဖြင့် နေခြည်မှန် တိုက်ခတ်မှုနှင့် စွမ်းအင်ကြွယ်အမှုန်တို့အကြောင်းကို စူးစမ်းမည်ဖြစ်သည်။ နေရူပဗေဒဆိုင်ရာ လေ့လာရေးပစ္စည်းများကို ပစ္စည်းတင်ခုံ ၁၁ ခုနှင့်တင်ဆောင်မည်ဖြစ်ပြီး ၎င်းတို့ကို မြေပြင်မှ သော်လည်းကောင်း၊ သို့မဟုတ် ဝန်းပတ်ယာဉ်ရှိ ပစ္စည်းတင်စခန်းမှသော်လည်းကောင်း ထိန်းချုပ်နိုင်သည်။

အာကာသခေတ်ခွဲခန်းဖြင့် နက္ခတ္တရူပဗေဒလေ့လာရေး ပျံသန်းမှု ပြုသည့်အခါတွင် ဝန်းပတ်လမ်းကြောင်း အမြင့်သည် ၂၁၆.၆၇-မိုင်ရှိမည်ဖြစ်ပြီး နေရူပဗေဒလေ့လာရေးပျံသန်းမှု ပြုသည့်အခါတွင်မှ ၂၅၄.၆၇ မိုင်အထိ မြင့်တက်မည်ဖြစ်သည်။ နက္ခတ္တရူပဗေဒ လေ့လာရေးပျံသန်းမှုကို ၇-ရက်ကြာ ပြုလုပ်ရမည်ဖြစ်ပြီး နေရူပဗေဒ လေ့လာရေး ခရီးစဉ်မှာ မူ ၁၅ ရက်ခန့် ကြာမည်ဖြစ်သည်။

အာကာသခေတ်ခွဲခန်းဖြင့် နောက်ထပ်လေ့လာမှုပြုမည့် လုပ်ငန်းစဉ်ကို "အေအင်(မ) ပီအက်(စ)" ဟု နာမည်ပေးထားသည်။ ၎င်းစီမံကိန်းအရ ကမ္ဘာမြေကြီး၏ လျှပ်စစ်အားနှင့် သံလိုက်စက်ကွင်းစနစ်၊ အမှုန်နှင့် လှိုင်းတို့၏ အချင်းချင်း တုံ့ပြန်မှုနှင့် မသိပ်သည်းသော သွေးရည်ကြည်ရှိသည့် ခန္ဓာကိုယ်လှုပ်ရှားသည့်အခါတွင် ပေါ်ပေါက်လာသော ရုပ်သတ္တိများအကြောင်းကို လေ့လာကြမည်ဖြစ်သည်။

အာကာသခေတ်ခွဲခန်းသုံး၍ အခြားပြုလုပ်မည့် စီမံကိန်းများတွင် အဆင့်မြင့်စက်မှုနည်းပညာခေတ်ခွဲခန်းလည်း ပါဝင်

သည်။ ယင်း ခေတ်ခွဲခန်းတွင် သုတေသနပညာရှင်များအတွက် အနာဂတ် စက်မှုနည်းပညာဖြင့် ဖန်တီးထားမည့် လုံးဝလေမဲ့ ဒေသနှင့် ဆွဲအားမဲ့ ဒေသများ ပေါ်ပေါက်စေမည်သာမက စမ်းသပ်ရေး ကိရိယာများကို အာကာသသို့တင်လွှတ်ပြီးတဖန် လိုအပ်ပါက ပြန်လည်ရယူနိုင်မည့် နည်းလမ်းသစ်များလည်း ရကြမည်ဖြစ်သည်။ ယင်း အဆင့်မြင့် စက်မှုနည်းပညာခေတ်ခွဲခန်းတွင် မော်ဂျူးရှည်ကြီးတခုနှင့် သိပ္ပံဆိုင်ရာ ပစ္စည်းတင်ခုံ နှစ်ခုတို့ ပါဝင်မည်ဖြစ်ပြီး ကမ္ဘာအား ၇ ရက်ခန့် ဝန်းပတ်နေမည်ဖြစ်သည်။

ပညာရှင်များသည် အာကာသခေတ်ခွဲခန်းအား မြေကမ္ဘာ လေ့လာရေး ခေတ်ခွဲခန်းအဖြစ် အသုံးပြုမည်လည်းဖြစ်သည်။ ယင်း အစီအစဉ်အရ ကမ္ဘာသီးနှံလေ့လာရေး၊ မြို့ပြစီမံရေးရာ အထောက်အကူပြုရေး၊ သယံဇာတပစ္စည်းများ ခန့်မှန်းတိုင်းထွာရေး၊ သောက်သုံးရေ ရရှိရေး၊ မိုးလေဝသနှင့်ရာသီဥတု လေ့လာရေးနှင့် ကမ္ဘာ့ပင်လယ် သမုဒ္ဒရာကြီးများအား စူးစမ်းလေ့လာရေး စသည့် လုပ်ငန်းရပ်များကို လုပ်ဆောင်မည်ဖြစ်သည်။

အနာဂတ် အာကာသခေတ်ခွဲခန်း ခရီးစဉ်များ၌ သက်ရှိသိပ္ပံဆိုင်ရာ စမ်းသပ်မှုများ ပြုလုပ်ရန်လည်း ပညာရှင်များဆွေးနွေးခဲ့ကြသည်။ ၎င်းအာကာသခေတ်ခွဲခန်းများကို ပထမပိုင်းတွင် အာကာသသို့ ၇-ရက်ခန့်သာ တင်လွှတ်ထားမည်ဖြစ်ပြီး နောက်ပိုင်းတွင် ရက်ပေါင်း ၃၀ အထိ ထားရှိမည်ဖြစ်သည်။ ထိုစဉ်အတွင်း အာကာသဝန်းကျင်တွင် သီးနှံပင်နှင့် တိရစ္ဆာန်တို့၏ တစ်ရှူးအသားမျှင်များ၊ ဆဲလ်များ၊ ဘက်တီးရီးယားပိုးများ မည်သို့ အကျိုးသက်ရောက်မှုရှိသည်ကို လေ့

www.burmeseclassic.com

ဆွဲအားသည် မော်လီကျူးလ်များ ကွာဟအောင် ဆောင်ရွက်လေ့ရှိသည့်အတွက် မသန့်မှုန်များ အကြား၌ဝင်ပြီး လျှပ်စစ်ဆိုင်ရာ ဂုဏ်သတ္တိများအား ပြုပြင်ပြောင်းလဲ၍ အားလျော့စေနိုင်သောအနာအဆာမျဉ်းကြောင်းများပေါ်ပေါက်စေသည်။ ယင်းကဲ့သို့သောဖြစ်ရပ်မျိုး အာကာသတွင် မပေါ်ပေါက်နိုင်ပေ။ ခိုင်မာတောင့်တင်းသော သတ္တုရောများကို အာကာသတွင် အလွယ်တကူ ထုတ်လုပ်နိုင်သည်။ ဤသည်ကား လက်ရှိထုတ်လုပ်နေသော တာဗိုင်ဒလက်များထက် ပိုမိုခိုင်ခံ့ပြီး ရေရှည်ခံသည့်အရာများ ရရှိနိုင်မည့်အရေးပင်ဖြစ်သည်။ လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများတွင် လက်ငင်းအသုံးပြုနေသော စွမ်းအင်ပြုန်းတီးသည့် လျှပ်စစ်သံလိုက်များအား အစားထိုးနိုင်သော တည်မြဲသံလိုက်များကိုလည်း အာကာသတွင် ထုတ်လုပ်နိုင်သည်။

အနာဂတ်ကာလတွင် ပျံသန်းမည့် လွန်းပျံယာဉ်များမှ အောက်ခံခွက်မပါရှိပဲ အာကာသ၌ အစိုင်အခဲဖြစ်နိုင်သည့် ထူးခြားသော ကြွေထည်မြေထည်နှင့် ဖန်သားမှန်သားများ ကိုလည်း ရရှိစေမည်ဖြစ်သည်။ ဆွဲအားမဲ့သည့် ကမ္ဘာ့အထက် ဟင်းလင်းပြင် အာကာသတွင် ပညာရှင်များသည် ကမ္ဘာ့ဝန်းကျင် အခြေအနေနှင့်ကွဲပြားသော ပတ်ဝန်းကျင်အခြေအနေရှိသည့် ကမ္ဘာသစ်တခုကို တည်ထောင်လိုကြပြီ။ အရာဝတ္ထုတို့၏ ဂုဏ်သတ္တိကို တွက်ချက်ရာ၌ အသုံးပြုသည့် သင်္ချာဆိုင်ရာ ညီမျှခြင်းများမှ ကမ္ဘာ့ဆွဲအားကို ထုတ်ပယ်မည်ဆိုပါက မည်သို့ဖြစ်ပေါ်လာမည်ကို မည်သူမျှ ယခုတိုင် မခန့်မှန်းနိုင်သေးပေ။

ပစ္စည်းထုတ်လုပ်ရေးစမ်းသပ်မှုအချို့ကို အမေရိကန်စကိုင်းလက်(ဘ) အာကာသယာဉ်မှ ယာဉ်မှူးများသည် အာကာသအတွင်း၌ပင် အကန့်အသတ်ဖြင့် စမ်းသပ်ပြီး ဖြစ်သည်။ ရုရှ

လူမျိုးများသည် ၎င်းတို့၏ ဆယ်လု(တ) အာကာသစခန်းရှိ အာကာသသုတေသန စက်ရုံ၌ စမ်းသပ်မှုအများအပြားပင် ပြုလုပ်ပြီး ဖြစ်သည်။ ရုရှအာကာသယာဉ်မှူးများသည်၎င်းတို့၏ "စပ်(ပ)လက်(ဘ)"နှင့်"ခရစ်(စ)တော" အာကာသမီးပြင်းဖိုများဖြင့် စက်မှုနည်းပညာ ဆိုင်ရာ စမ်းသပ်မှု ၅၀ ကျော်ကို ပြုလုပ်ပြီးဖြစ်သည်။

အာကာသဓာတ်ခွဲခန်း(၁)ကို ယခုနှစ်အတွင်းလွှတ်တင်ရန် စီစဉ်ထားသည်။ ၎င်းကို ကမ္ဘာ့အထက် ၁၅၅ မိုင်အထိကနေဒီ အာကာသစခန်းမှ တင်လွှတ်မည်ဖြစ်သည်။ ၎င်း၏ ခရီးစဉ်မှာ ၇ ရက်ကြာမည်ဖြစ်ရာ ထိုစဉ်အတွင်းအထက်လေထုပိုင်းရူပဗေဒ ပစ္စည်းဖြစ်စဉ်၊ အာကာသသွေးရည်ကြည် ရူပဗေဒ၊ စက်မှုသိပ္ပံ၊ နက္ခတ္တဗေဒ၊ နေရူပဗေဒ၊ မြေကမ္ဘာလေ့လာရေးနှင့် အာကာသစက်မှုနည်းပညာ အပါအဝင် စမ်းသပ်မှုမျိုးစုံ ပြု လုပ် မည် ဖြစ်သည်။ အာကာသ ဓာတ်ခွဲခန်းနှင့် အတူ ပစ္စည်း ကိရိယာ ကျွမ်းကျင်သူ ၂-ဦးလိုက်ပါပြီး သိပ္ပံဆိုင်ရာ ပစ္စည်းကိရိယာများကို ကိုင်တွယ်လုပ်ဆောင်ကြမည် ဖြစ်သည်။

အာကာသ ဓာတ်ခွဲခန်း(၂)ကိုလည်းနက္ခတ္တရူပဗေဒဆိုင်ရာ ပစ္စည်းကိရိယာများတင်ဆောင်၍လွှတ်တင်ရန်စီစဉ်ထားသည်။ ၎င်းတွင်ဖိအားဖန်တီးထားသည့် မော်ဂျူးမပါဝင်ပဲ ဖိအားမဲ့ ပစ္စည်းတင်ခုံများသာ ပါဝင်မည်ဖြစ်သည်။ တင်ဆောင်သွားမည့် ကိရိယာတို့တွင် အနီအောက် ရောင်ခြည် လေ့လာရေးမှန်ပြောင်း၊ ကော့(စ)မစ် ရောင်ခြည်စမ်းသပ်မှု၊ သက်ရှိသိပ္ပံဆိုင်ရာစမ်းသပ်မှု ၂-ခုနှင့် အာကာသ စက်မှု နည်းပညာ ဆိုင်ရာ စမ်းသပ်မှု ၂-ခုတို့ ပါဝင်မည်ဖြစ်သည်။

ကွဲပြားသည့်စမ်းသပ်မှုများကိုလုပ်ဆောင် ပေးမည့်အာကာသဓာတ်ခွဲခန်း ၃ ကိုလည်းဆက်လက်လွှတ်တင်ရန်ကြံစည်ထား

www.burmeseclassic.com

www.burmeseclassic.com

တာ စက်များသာ ခန့်မှန်းနိုင်သည့် နက်ရှိုင်းသော အာကာသအား ထင်လင်းစွာ မြင်တွေ့ရမည်ဖြစ်သည်။ ထို့မှတဖန် ကြယ်များ၏ အမြန်နှုန်းကို တိုင်းထွာ၍ အမှုချိန်များကို မှတ်သားကာ နေအဖွဲ့အစည်း၏ အနီးဝန်းကျင်သို့ ရောက်ရှိလာခြင်းနှင့် ပြန်လည်ဆုတ်ခွာခြင်း တို့ကိုလည်း မှတ်သားနိုင်မည် ဖြစ်သည်။ ကြယ်များက ထုတ်လွှင့်သည့် အလင်းရောင်နှင့် ဓွမ်းအင်များ၏ စုပ်ယူလေ့ရှိသည့် လေထု၏ အထက်မှ စကြဝဠာအား အာကာသမှန်ပြောင်းဖြင့်တဖုံ၊ အထူးဖန်တီးထားသည့်ဂြိုဟ်တုများဖြင့် တလီ လေ့လာလျက်ရှိသည်။ တနည်းဆိုသော် ၎င်းတို့ထံမှ ရရှိသော အချက်အလက်များသည် စကြဝဠာအား ပုံစံရေးဆွဲ မှတ်ယူသူ သိပ္ပံပညာရှင်များ၏ သီအိုရီ အယူအဆများနှင့် ခန့်မှန်းချက်များကို မပြတ်ပြောင်းလဲ စေခဲ့သည်။

လူသားများသည်ကမ္ဘာ့မြေမျက်နှာပြင်မှမှန်ပြောင်းဖြင့်မြင်ရသော ကြယ်များဆီသို့ အချိန်ယူ၍စိတ်ဆန္ဒ ကူးသန်းပြောင်းရွှေ့ရာတွင်ဖော်ပြပါစက်ကိရိယာများသည်အခြေအနေပြောင်းလဲမှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို အနက်အဓိပ္ပာယ် ပြန်ဆိုလျက် ရှိသည်။ ယင်းစက်ကိရိယာများအား အာကာသလွန်းပျံယာဉ်က ကမ္ဘာပတ် လမ်းကြောင်း ဆီသို့ မှ ဆောင်ခဲ့သည်သာမက နေအဖွဲ့အစည်း၏အစွန်းသို့ လည်းကောင်း၊ သို့မဟုတ် နေအဖွဲ့အစည်းထက် လွန်၍လည်းကောင်း တင်ပို့ပေးနိုင်ခဲ့သည်။ လေ့လာရေး ကိရိယာများအား ဇုဒ္ဓဟူးဂြိုဟ်ပေါ်သို့ သက်ဆင်းစေခြင်း၊ ယူရေနက်နှင့် နက်ပကျွန်းဂြိုဟ်များအနီး ဖြတ်သန်းစေခဲ့ခြင်း၊ ကြယ်တံခွန် အနီး ပျံသန်းစေခြင်းနှင့် သတ်မှတ်ထားသော ဂြိုဟ်သိမ်ဂြိုဟ်မွှားများ၏ မျက်နှာပြင်အနီး ပျံသန်းစေခြင်း စသည်တို့ကို ပြုလုပ်ပြီးဖြစ်သည်။ လူသားအချို့သည် အာကာသလွန်းပျံယာဉ်ဖြင့် မြေကမ္ဘာမှ ခွာခဲ့ကြလေပြီ။ အမျိုးသားနှင့် အမျိုးသမီးတရာခန့်တို့ အာကာသသို့ ရောက်နှင့်ဘူးခဲ့ကြပြီ။ နောင်တွင် ထောင်နှင့်ချီ၍ ရောက်ကြဦးမည်ဖြစ်သည်။

မှုန်ဝါးဝါး အဆီးအတားများဖြစ်သည့် ကမ္ဘာ့လေထု၏ အထက် အာကာသအတွင်းသို့ အာကာသ မှန်ပြောင်းထားရှိနိုင်ရေး စိတ်ကူးယဉ်ချက်မှာ ကမ္ဘာ့အနီးဝန်းကျင်၊ ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ အာကာသ စခန်းများ တိုးချဲ့တည်ဆောက်နိုင်ရေး စိတ်ကူးယဉ်ချက်လောက်ပင် သက်တမ်းရှည်ပြီဖြစ်သည်။ ဟာမင်အိုဘက်(သ)သည် ၁၉၂၃ ခုနှစ်က အာကာသမှန်ပြောင်းတခုထားရှိရန် ပထမဦးဆုံးအကြိမ်အဖြစ် အကြံပြုခဲ့သည်။ ဗွန်ဘရွန်အပါအဝင် အခြားသောစာရေးဆရာများကလည်း အာကာသအတွင်း၌ မှန်ပြောင်းတခုသာ ထားရှိရန် အကြံပြုခဲ့ကြသည်။

နက္ခတ္တဗေဒပညာရှင်များသည် မှန်ပြောင်း အငယ်ကလေးများကို အထက်လေထုအတွင်းသို့ အမြင့်ပျံ ပူဖောင်းများဖြင့်လည်းကောင်း၊ ဒုံးပျံများဖြင့်လည်းကောင်း နှစ်ပေါင်းအတန်ကြာကပင် တင်လွှတ်ခဲ့ကြသည်။ သို့သော် ၁၉၆၀ ခုနှစ်များအလယ်ပိုင်းလောက်ရောက်မှ ဂြိုဟ်တုဖြင့် ဂြိုဟ်နက္ခတ်တာရာများ လေ့လာရေးကို ပြုလုပ်နိုင်ခဲ့ကြသည်။ အိုအေအို-၁ ခေါ် ကမ္ဘာပတ် ဂြိုဟ်နက္ခတ်လေ့လာရေး မျှော်စင်ကို ၁၉၆၆ခုနှစ် ဧပြီလ ၈ ရက်နေ့က တင်လွှတ်ခဲ့သည်။ ၎င်းနှင့်အတူ ၁၆ လက်မ မှန်ပြောင်းတခုနှင့် ၈ လက်မ မှန်ပြောင်း ၄ ခုတို့ကို သယ်ဆောင်သွားခဲ့သည်။ သို့သော်တင်လွှတ်၍အပြီး ၂ ရက်အကြာတွင် လျှပ်စစ်ဓာတ်အား မရရှိခြင်းကြောင့် လုပ်ဆောင်ချုပ်ဆိုင်းသွားခဲ့သည်။

အိုအေအို ၁ ဂြိုဟ်တု တင်လွှတ်အပြီး၊ ၂ နှစ်ကျော်အကြာ ၁၉၆၈ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် အိုအေအို ၂ ဂြိုဟ်တု

www.burmeseclassic.com

www.burmeseclassic.com

ကို တင်လွှတ်ခဲ့သည်။ ယင်းဂြိုဟ်တုတွင် ပင်မကြယ်စင်ဟုခေါ်တွင်ပြီး အလွန်တရာပူလောင်လှသော ကြယ်များအား ခရမ်းလွန်ရောင်ခြည်ဖြင့် လေ့လာမှုများ ပြုလုပ်နိုင်ရန် ၁၂ နှစ်ပိုင်းတပိုင်း လက်မရှိ မှန်ပြောင်း ၄ ခုပါဝင်သွားခဲ့သည်။ ထို့ပြင်နက်ဗျူလေခေါ် အာကာသအမှုန်တိမ်တိုက်များ လေ့လာရန် ၁၆ လက်မ အလင်းပြန် မှန်ပြောင်း ၁ ခုနှင့် အခြားလေ့လာမှုများ ပြုလုပ်နိုင်ရန် ၈ လက်မမှန်ပြောင်း ၄ ခုတို့လည်း ပါဝင်သွားခဲ့သည်။ ၎င်းဂြိုဟ်တုအား ကမ္ဘာ့အနီးဝန်းကျင် ဝန်းပတ်လမ်းကြောင်း အတွင်းသို့ အောင်မြင်စွာ ပစ်လွှတ် နိုင်ခဲ့သည်။

အိုအေအို–ဘီ ဂြိုဟ်တုမှာ လွှတ်တင်ရာတွင် အစိတ်အပိုင်းတခု အလိုအလျောက် ပြုတ်ကျမသွားသဖြင့် ဝန်းပတ်လမ်းကြောင်းအတွင်း မရောက်ပဲရှိခဲ့သည်။ ၎င်းနှင့်အတူ ၃၆ လက်မ မှန်ပြောင်းတခု ပါဝင်သွားခဲ့သည်။

အိုအေအို ၃ ဟုခေါ်တွင်သော ကော်ပါနီးကပ်(စ)ဂြိုဟ်တုကို ၁၉၇၂ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့က အောင်မြင်စွာ လွှတ်တင်ခဲ့သည်။ ၎င်းသည် လိုရာ ဝန်းပတ် လမ်းကြောင်းအတွင်းသို့ ၃၂ လက်မ မှန်ပြောင်း တခုနှင့် အိပ်(စ)ရေးရောင်ခြည် အာရုံခံကိရိယာ ၄ ခုတို့ကို သယ်ဆောင်သွားသည်။ ဤသို့ သေးငယ်သော မှန်ပြောင်းများဖြင့် အာကာသလေ့လာမှုများ ၁၀ နှစ်တာမျှ ပြုလုပ်ခဲ့ရာ ၎င်းတို့ထက်ကြီးမားသော မှန်ပြောင်းများ လိုအပ်ကြောင်းကို သိသာထင်ရှားလာခဲ့သည်။

ကြီးမားသော မှန်ပြောင်းကြီးများ အာကာသအတွင်းတင်လွှတ်ရေးကို ၁၉၆၂ ခုနှစ်နှင့် ၁၉၆၅ ခုနှစ်များအတွင်းက စတင်ဆွေးနွေးခဲ့ကြသည်။ ထိုအချိန်အတွင်းက အမျိုးသားသိပ္ပံဆိုင်ရာ အဖွဲ့ကြီး၏ အာကာသ သိပ္ပံဆိုင်ရာ ဘုတ်အဖွဲ့သည် ဆွေးနွေးမှုများ၊ လေ့လာမှုများနှင့် ကော်မတီဖွဲ့စည်းမှုများအတွက် ဆောင်ရွက်ခဲ့သည်သာမက ၁၉၆၉ ခုနှစ်အထိ ယင်းလုပ်ငန်းရပ်များကို ဆက်လက် ဆောင်ရွက်ခဲ့သည်။ ၎င်းလေ့လာမှုများကို ဆန်းစစ်ပါက ကမ္ဘာ့အနီးဝန်းကျင် ဝန်းပတ်လမ်းကြောင်းအတွင်း၌ ကြီးမားသော မှန်ပြောင်းများ တင်ပို့ရန် ပညာရှင်အများစု ထောက်ခံကြောင်း တွေ့ရှိခဲ့ကြသည်။ စက်မှုဆိုင်ရာ လေ့လာမှု အသေးစိတ်ကိုမူ နာဆာအဖွဲ့ကြီးက ပြုလုပ်ခဲ့သည်။ ပုံစံရေးဆွဲရေး လုပ်ငန်းများကိုလည်း ၁၉၇၇ ခုနှစ်တွင် နာဆာအဖွဲ့ကြီးက အတည်ပြုပြီး ၁၉၇၈ ခုနှစ်တွင် ကွန်ဂရက်လွှတ်တော်က အတည်ပြုကာ အဆုံးသတ်ခဲ့သည်။

၁၉၈၃ ခုနှစ် အတွင်းတွင် အာကာသ မှန်ပြောင်းအား အာကာသလွန်းပျံယာဉ်ဖြင့် တင်ဆောင်ကာ အာကာသအတွင်းသို့တင်လွှတ်မည်ဖြစ်သည်။ ယင်း အာကာသ မှန်ပြောင်းသည် ၉၆ လက်မအချင်းရှိ မှန်ပါဝင်ပြီး၊ ကမ္ဘာ့အထက် မိုင် ၃၁၀ အမြင့်မှ အီကွေတာနှင့် ၂၈.၈ ဒီဂရီ ခပ်ယွန်းယွန်းအနေအထားဖြင့် ဝန်းပတ်နေမည်ဖြစ်သည်။

အာကာသမှန်ပြောင်းအား အာကာသလွန်းပျံယာဉ်၏ ပစ္စည်းတင်အခန်းမှနေ၍ အာကာသအတွင်း တင်လွှတ်မည်သာမက အာကာသ မှန်ပြောင်းအား အာကာသယာဉ်မှူးများ ပြုပြင်ဆင်မံနိုင်ရန် စမ်းသပ်မှု အသစ်များအတွက် အာကာသမှန်ပြောင်းသို့ ပစ္စည်းကိရိယာများ တင်ပို့ရန် အခြေခံစခန်း အတွက်

www.burmeseclassic.com

လည်း အာကာသ လွန်းပျံယာဉ်ကို အသုံးပြုမည် ဖြစ်သည်။ အကယ်၍လိုအပ်ပါက အာကာသမှန်ပြောင်းအား အာကာသ လွန်းပျံယာဉ်၏ ပစ္စည်းတင်အခန်းသို့ ဆွဲငင်သွင်းယူပြီး ပြင်ဆင်မှုများ၊ ပြုပြင်ထိန်းသိမ်းမှုများ၊ သို့မဟုတ် အထွေထွေပြင်ဆင် ထိန်းသိမ်းမှုများ ပြုလုပ်ရန် မြေပြင်သို့ သယ်ဆောင်လာမည် ဖြစ်သည်။ ယင်းလုပ်ငန်းများကို ၁၉၇၇ ခုနှစ်တွင် ပြုလုပ်မည် ဟုခန့်မှန်းထားကြသည်။

အာကာသမှန်ပြောင်းမှာ အလျား ၄၃ ပေရှိပြီး အချင်း ၁၄ ပေရှိသည်။ ၎င်းသည်အာကာသလွန်းပျံယာဉ်၏ပစ္စည်းတင် အခန်းတွင်ဝင်ဆံ့ပြီး၊ အလေးချိန်မှာမူ တင်ယူနိုင်သောပစ္စည်း အားလုံးအလေးချိန်၏ သုံးပုံတပုံခန့်ရှိသည်။ မှန်ပြောင်း လည် ပတ်နိုင်ရန် လိုအပ်သော လျှပ်စစ်ဓာတ်အားကို နေခြည်မှန်ကူ ကွက်များမှရရှိသောဓာတ်အားဖြင့် အားသွင်းထားသောဘက် ထရီ ဓာတ်အိုးများမှ ရယူမည်ဖြစ်သည်။ အာကာသမှန်ပြောင်း တွင် တပ်ဆင်ထားသော နေခြည် မှန်ကူကွက်များမှာ မှန် ပြောင်း ကမ္ဘာအားဝန်းပတ်စဉ် နေဘက်သို့ မျက်နှာမူနေကြ မည်ဖြစ်သည်။ မှန်ပြောင်း၌ ပေါ်လာသည့် ပုံရိပ်များကို ကမ္ဘာ့မြေပြင်သို့ ရေဒီယို အချက်ပေးစနစ်ဖြင့် ပေးပို့မည်ဖြစ် သည်။

အာကာသမှန်ပြောင်း၏ ထိန်းကျောင်းရေးစနစ်မှာ တိကျ လွန်းသဖြင့် လိုအပ်သောအရာကို အနည်းငယ် ရွေ့လျားရုံဖြင့် ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။

အာကာသမှန်ပြောင်း၏ ဖွင့်ထားသည့်ဘက်သည် သာမန် မှန်ပြောင်းကဲ့သို့ပင်ဖြစ်သည်။ လေ့လာလိုသည့် ကြယ်များနှင့်

အရာဝတ္ထုများထံမှ အလင်းရောင်သည် မှန်ပြောင်းဖွင့်ထား သည့်ဘက်မှ ဝင်ရောက်လာပြီး၊ မှန်ပြောင်း၏ အရင်းပိုင်းရှိ ရောင်ပြန်ဟပ်မှန်ကို ထိရိုက်မိသည်။ ရောင်ပြန်ဟပ် မှန်သည် ထင်ပေါ်လာသော ပုံရိပ်ကို မှန်ပြောင်း ရှေ့ပိုင်းရှိ မှန်ငယ် ကလေးပေါ်သို့ ကျရောက်စေခဲ့သည်။ တဖန် အလင်းရောင် တန်းကို ကိရိယာများအောက်မှ နောက်ပိုင်းရှိ သိပ္ပံဆိုင်ရာ အစိတ်အပိုင်းများဆီသို့ ရောင်ပြန်ဟပ်စေပြန်သည်။ ဤသည် ကား ရှေးဟောင်းအစဉ်အလာအတိုင်း ပုံဖော်ယူခြင်းမဟုတ်ပဲ ခေတ်ပေါ်နည်းဖြင့် ပုံဖော်ယူခြင်းဖြစ်သည်။

အာကာသ လွန်း ပျံယာဉ် ဖြင့် သယ်ဆောင် သွား မည့် အာကာသမှန်ပြောင်းသည် လက်မ ၂၀၀ ရှိ အမေရိကန်ပြည် ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်၊ ပါလိုမာတောင်ကုန်း ပေါ်၌ အခြေစိုက်ထားသော မှန်ပြောင်းကြီးထက် ပို၍ပုံကြီး ချဲ့အင်အားကောင်းမွန်သည်။ အာကာသမှန်ပြောင်း၏ အရွယ် အစားသည် ပါလိုမာ တောင်ကုန်းထိပ်ရှိ မှန်ပြောင်းကြီး အရွယ်အစား၏ ထက်ဝက်ခန့်သာရှိသော်လည်း ကြီးမားသော မှန်ပြောင်းများထက် အာကာသထုအတွင်း မြင်နိုင်အားသည် အဆပေါင်း ၃၅၀ ခန့် ပိုမိုများပြားမည်ဟု ခန့်မှန်းရသည်။

လက်မ ၂၀၀ ရှိ ပါလိုမာတောင်ကုန်းပေါ်မှ မှန်ပြောင်း ကြီးသည် ကမ္ဘာပေါ်တွင် လေတိုက်မှုအတည်ငြိမ်ဆုံးနေရာ၌ တည်ဆောက်ထားသော်လည်း ကမ္ဘာ့လေထု၏ တားဆီးမှု ကြောင့် အလင်းရောင် နှစ် ကုဋေ ၂၀၀ အကွာအဝေးရှိအရာ ဝတ္ထုများကိုသာ မြင်နိုင်စွမ်းရှိသည်။ အလင်းရောင်နှစ် တနှစ် တွင် မိုင်ပေါင်း ၁၀[၁၂] ခန့် ကွာဝေးသည်။ ကမ္ဘာ့မြေပြင်ရှိ

www.burmeseclassic.com

www.burmeseclassic.com

မှန်ပြောင်းများကို အင်္ဂါက အကြောင်းအရာကြီးနှစ်ခုက ကန့်သတ်ထားသည်။ ၎င်းတို့မှာ ဖြတ်ကျော်ကြည့်ရှုရသည့် မငြိမ်သက်သော လေထုနှင့် ကမ္ဘာ့ဆွဲအားကြောင့် အကန့်အသတ်ဖြင့် တည်ဆောက်ရသော ပုံသဏ္ဌာန်အရွယ်အစားတို့ဖြစ်သည်။ ကြီးမားသည့် မှန်ပြောင်းမှ မှန်သည် ကမ္ဘာ့ ဆွဲအားကြောင့် အိတွဲနေမည်ဖြစ်သည်။ ၎င်း၏ အပြစ်အနာအဆာမဲ့ အလင်းပုံသဏ္ဌာန်ပင်လျှင် တဘက်သို့ထွက်လာသောအခါ ပျက်ယွင်းနေမည်ဖြစ်သဖြင့် မည်သို့မျှ အသုံးဝင်မည်မဟုတ်ပေ။ လေထုသည် မငြိမ်မသက်ဖြစ်နေသည်သာမက လူသားများ မြင်တွေ့ရသော အလင်းရောင်သည်ပင်လျှင် တစိတ်တဒေသအနေဖြင့်ပါဝင်သော လျှပ်စစ်သံလိုက်ဖြာထွက်ရာမှ အချို့သောလှိုင်းအလျားများကို တားဆီးကွယ်ဝှက်ထားနိုင်သည်။ သို့သော် အာကာသမှန်ပြောင်းသည် အနီအောက်ခရမ်းလွန်နှင့် အိပ်(စ)ရေး နယ်တို့မှ လှိုင်းအလျားများကို ရှာဖွေတွေ့ရှိနိုင်သည်သာမက ၎င်းတို့၏အကြားရှိလှိုင်းအလျားများကိုလည်းရှာဖွေတွေ့ရှိနိုင်သည်။ အာကာသမှန်ပြောင်း သို့မဟုတ် အာကာသရောင်ပစ္စည်းတစုံတခု စသည်တို့သည် ရောင်စဉ်တခုလုံးနှင့် တွေ့ထိဖွင့်လှစ်ထားသကဲ့သို့ဖြစ်သည်။ ထို့ကြောင့် ဖြာထွက် ရောင်ခြည်တခုခုအား ရှာဖွေနိုင်ရန် ပုံစံရေးဆွဲပြုလုပ်နိုင်ပါက ယင်းဖြာထွက်ရောင်ခြည်ကို အာကာသ၌ ရှာ ဖွေ ဖူး စမ်း နိုင် မည်ဖြစ်သည်။

အာကာသမှန်ပြောင်းသည် အရာဝတ္ထုများအား ဓာတ်ပုံရိုက်ယူရာတွင် မြေကမ္ဘာ၌ အခြေစိုက်ထားသော မှန်ပြောင်းများထက် အချိန်ယူ ရိုက်ကူးနိုင်သည်။ ရလဒ်မှာ ပုံများ ပိုကြည်လင်ပြတ်သားပြီး မှုန်ဝါးဝါးကြယ်များကိုပင် ရိုက်ကူးယူနိုင်သည်။ နေအဖွဲ့အစည်းအတွင်း၌လည်း အာကာသ မှန်ပြောင်း၏အစွမ်းဖြင့် တချိန်က ကမ္ဘာ့လေထု၏ ဟန့်တားမှုကြောင့် မမြင်မတွေ့ရ[illegible]းသော လ များ၊ အထူးသဖြင့် ကြာသပတေး၊ စနေ၊ ယူရေ[illegible](စ) နှင့် နက်ကျွန်းဂြိုဟ်တို့မှ လ များကို တွေ့မြင်ကောင်း [illegible]တွေ့မြင်ကြရမည်ဖြစ်သည်။ ထို့ပြင် ကမ္ဘာနှင့်အလှမ်းကွာလှသော ပလူတိုဂြိုဟ်အား ဝန်းပတ်နေသည့် ဂြိုဟ်သိမ်ဂြိုဟ်ငယ်များအားလည်း တွေ့နိုင်မည်ဖြစ်သည်။

သို့သော် အာကာသမှန်ပြောင်းအား ၎င်းတို့ထက် ပိုမိုအလှမ်းကွာသောဒေသမှ အရာဝတ္ထုများအား ထောက်လှမ်းစေမည် ဖြစ်သည်။ အထူးသဖြင့် ကွေ့စာများ၊ ဂယ်လက်ဆီ၊ ကြယ်အစုအဝေးများ၊ နက်ဗျူလာ အာကာသ အခိုးအငွေ့အမှုန်များနှင့် စက်(ပ)ဟိ(စ) ကြယ်ရှင်အုပ်စုခွဲများကို လေ့လာစေမည်ဖြစ်သည်။ ယင်း အရာဝတ္ထုများသည် ယခု မြေကမ္ဘာမှ မြင်တွေ့နေရသော အရာများထက် အကြိမ် ၅၀ မျှ မှုန်ဝါးသည့် အခြေအနေ ရှိနေသော်လည်း အာကာသ မှန်ပြောင်းနှင့် ကြည့်ပါမူ ကောင်းစွာတွေ့ရှိရမည်ဖြစ်သည်။ မြေပြင်၌ အခြေစိုက်ထားသော မှန်ပြောင်းများသည် တနှစ်တွင် နာရီပေါင်း ၂,၀၀၀ ခန့်မျှသာ အာကာသအား လေ့လာနိုင်ခွင့်ရှိသော်လည်း အာကာသမှန်ပြောင်းမှာမူ တနှစ်လျှင် နာရီပေါင်း ၅,၀၀၀ မျှ လေ့လာခွင့်ရမည်ဖြစ်သည်။ နေရောင် ရရှိနေသောအခိုက်မှာပင် အာကာသ မှန်ပြောင်းဖြင့် အရာဝတ္ထုများအား (လုံးဝ မှုန်ဝါးဝါးဖြစ်နေသော အရာဝတ္ထုများမပါ) လေ့လာဆန်းစစ်နိုင်မည်လည်း ဖြစ်သည်။

အာကာသမှန်ပြောင်းအတွက် စိတ်အလှုပ်ရှားဆုံး ဖြစ်စေမည့် စီမံကိန်းတခုမှာ အနီးအနားရှိကြယ်များအား ဝန်းပတ်

www.burmeseclassic.com

www.burmeseclassic.com

နေသော ဂြိုဟ်များကို ရှာဖွေလေ့လာရေးစီမံကိန်းဖြစ်သည်။ မြေကမ္ဘာရှိ နက္ခတ်မျှော်စင်များမှရိုက်ကူးသော ဓာတ်ပုံများ အရလည်းကောင်း၊ သင်္ချာဆိုင်ရာ ဆင်ခြင်သုံးသပ်မှုအရလည်းကောင်း၊ ကြာသပတေးဂြိုဟ်၏ အရွယ်အစားလောက်ရှိသော ကြယ်များ အနီးအနားတွင် ရှိကြောင်း သက်သေခံလျက် ရှိသည်။ ယင်းကဲ့သို့သော သတင်းယူဆချက် မှန်ကန်ကြောင်း အာကာသမှန်ပြောင်းကအထောက်အထားပြဆိုမည်ဖြစ်သည်။ ထို့ပြင် ကမ္ဘာနှင့် အင်္ဂါဂြိုဟ်တို့လောက် သေးငယ်သောဂြိုဟ်များ၊ နေ၏အနီးဝန်းကျင်ရှိ ကြယ်များအား ဝန်းပတ်နေကြောင်းကို အာကာသမှန်ပြောင်းသည် သက်သေခံအထောက်အထားများ ရှာဖွေတွေ့ရှိကောင်း တွေ့ရှိမည်ဖြစ်သည်။

၁၉၈၃ ခုနှစ်နောက်တွင်အာကာသလွန်းပျံယာဉ်နှင့်စတင်တင်ဆောင်သွားမည့် အာကာသမှန်းပြောင်းတွင် နေခြည်မှန်ကူကွက်များ၊ စံကိုက်ပစ္စည်း ကိရိယာထုပ်တခု၊ ကင်မရာ ၂-လုံး၊ ရောင်စဉ်တိုင်း ကိရိယာ ၂ ခုနှင့် လင်းအားတိုင်း ကိရိယာ တခုတို့အား အဓိက ကိရိယာများအဖြစ် ပါဝင်စေမည်ဖြစ်သည်။

အာကာသမှန်ပြောင်းသည် အာကာသလွန်းပျံယာဉ် အာကာသတွင်း တင်ဆောင်သွားမည့် တခုတည်းသော နက္ခတ္တဆိုင်ရာ ကိရိယာ မဟုတ်ပေ။ ၁၉၈၄ ခုနှစ်တွင် ဂမ္မာရောင်ခြည်ဂြိုဟ်တုကို အာကာသလွန်းပျံယာဉ်ဖြင့် သယ်ဆောင်လွှတ်တင်၍ ကမ္ဘာအား ဝန်းပတ်စေရန် ကြံရွယ်ထားသည်။ နေမှဖြာထွက်လာသော ရောင်ခြည်အုပ်စုတွင် ဂမ္မာရောင်ခြည်၌ စွမ်းအင် အများဆုံးပါဝင်သည်ဟု တွေ့ရှိထားခဲ့ကြသည်။ ဂမ္မာရောင်ခြည်ဂြိုဟ်တုတွင် ဂမ္မာရောင်ခြည် ပေါက်ကွဲမှု ညူး က လီး ယား ဂမ္မာရောင်ခြည်နှင့် ပါလ်ဆာခေါ် ရေဒီယိုလှိုင်း လွှင့် ထုတ်

ပေးသည့် အာကာသအရာဝတ္ထုမှ တွက်ရှိလာသော စွမ်း အင်ကြယ်ဂမ္မာရောင်ခြည်များ စသည်တို့ကို ရှာဖွေ လေ့လာနိုင်ရန် ပစ္စည်းများ တပ်ဆင်ပေးမည် ဖြစ်သည်။

ဂမ္မာရောင်ခြည်ဂြိုဟ်တု ရှာဖွေစုဆောင်းခဲ့သောသတင်း အချက်အလက်များသည် ကြီးမားတောက်ပသည့်နိုဗာကြယ်များ၊ ပါလ်ဆာများ၊ ကွေဆာခေါ် အာကာသမှ ကြယ်ကဲ့သို့သော အရာဝတ္ထုများနှင့် ရေဒီယို ဂလက်ဆီကြယ် အစုအဝေးများ အကြောင်း ပိုမိုသိရှိနားလည်စေရန် ဆောင်ကြဉ်း ပေးနိုင်မည် ဖြစ်သည်။

ကြီးမားတောက်ပသည့် နိုဗာကြယ်ဆိုသည်မှာ သက်တမ်းကုန်ဆုံးလုနီးပြီဖြစ်သော ကြယ်ကိုဆိုလိုသည်။ ၎င်းသည် မျက်နှာပြင်များ၌ လှုပ်ရှားထကြွကာ ပေါက်ကွဲမှုများ ဖြစ်ပွားပြီး သုံးဝ ပျက်ယွင်းသွားလေ့ရှိသည်။ ကျွန်ုပ်တို့၏နဂါးငွေ့တန်းကြယ်အစုအဝေးမှ နောက်ဆုံး နိုဗာကြယ်ကို ၁၆၀၄ ခုနှစ်က မြင်တွေ့ခဲ့ရသည်။ ရေဒီယိုအချက်ပေးသံများ အလွန်တရာတိကျစွာ တုန်ခါလွှင့်ထုတ်ပေးသော ပါလ်ဆာများကို ၁၉၆၇ ခုနှစ်က ရှာဖွေတွေ့ရှိခဲ့ကြသည်။ ယင်းအထောက်အထား များက ပါလ်ဆာများသည်လျှပ်စစ်ဓာတ်သက်ဝင်ခြင်းမရှိသောအဏုမြူ နှုန်ကလေးများ သိပ်သည်းစုစည်းပြီး အစိုင်အခဲများအဖြစ်ရပ်တည်နေသော လျှင် မြန် စွာ လည် ပတ် နေ သည့် ညူထရွန်ကြယ်များသာ ဖြစ်ကြောင်းကို အထောက်အထားပြသလျက် ရှိသည်။ ကြီးမားသည့် ကြယ်များမှ လောင်စာများ မီးလောင်ကျွမ်းကုန်ဆုံး၍ ပျက်ယွင်းသွားသောအခါ ညူထရွန်ကြယ် အဖြစ် ရောက်ရှိသွားသည်ဟု ယူဆခဲ့ကြသည်။ ကွေ့ဆာ များ

www.burmeseclassic.com

www.burmeseclassic.com

မှာမူ ဟင်းလင်းပြင်မှ ကြယ်ကဲ့သို့သော အရာဝတ္ထုများ ဖြစ်သော်လည်း အင်အားအကောင်းဆုံး ၈ လက်ဆိ ကြယ်အစု အဝေးထက် ရေဒီယိုစွမ်းအင် ပိုမိုထုတ်လွှတ် နိုင်သော အရာဝတ္ထုဖြစ်သည်။ ၎င်းတို့သည်အများအားဖြင့် ဤကမ္ဘာမှအလွန် အလှမ်းကွာသော အာကာသအတွင်း၌ ရှိခဲ့ကြသည်။ ၎င်းကွေဆာများသည် တွေးထင်ကြသည့်အတိုင်း ကမ္ဘာနှင့်အလွန်တရာ အလှမ်းကွာသည့်နေရာတွင် တည်ရှိပြီး ကမ္ဘာမှ ထင်မြင် ယူဆခဲ့သော စွမ်းအင်များကို ထုတ်လွှတ်မည်ဆိုပါက ကွေဆာတခုမှ တစက္ကန့်အတွင်းထုတ်လွှတ်သော စွမ်းအင်ကို လျှပ်စစ် စွမ်းအင် အဖြစ်ပြောင်းမည်ဆိုပါက ယင်းလျှပ်စစ်ဓာတ်အားကို ကမ္ဘာကြီး၌ နှစ်ပေါင်း ကုဋေတရာမျှ သုံးစွဲနိုင်မည်ဖြစ်သည်။

ဂမ္မာရောင်ခြည် ဂြိုဟ်တုသည် လစဉ်အချိန်မှန်မဟုတ်ပဲ ဖြစ်ပေါ်လေ့ရှိသည့် နေအဖွဲ့အစည်းအတွင်း အလင်းရောင် ပြိုးပြိုး ပြက်ပြက်ပေါ်ထွက်တတ်သော ဂမ္မာရောင်ခြည်တောက်လောင်မှုနှင့် ပတ်သက်၍လည်း သိနားလည်စေရန် အချက်အလက်များရရှိကောင်းရရှိပေမည်။ ဂမ္မာရောင်ခြည်သည် အိပ်(စ)'' ရေးရောင်ခြည်နှင့် သာမန် အလင်းရောင် တို့ကဲ့သို့ 'ဖိုတွန်' သို့မဟုတ် လျှပ်စစ်သံလိုက် ဖြာထွက်ခြင်း သဏ္ဍာန်မျိုးရှိသည်။ သာမန်အလင်းရောင်နှင့် မတူသည့်အချက်မှာ ဂမ္မာရောင်ခြည်တွင် စွမ်းအင်အများအပြားပါဝင်ပြီး လှိုင်းအလျားမှာလည်း ထိုတောင်းလွန်းသည်။ ပထမအတန်းအစား ဂမ္မာရောင်ခြည်တွင် စွမ်းအင်များ သိပ်သည်းစွာပါရှိရာ သာမန်အလင်းရောင်တွင် ပါဝင်သော စွမ်းအင်ထက် အဆပေါင်းသန်းနှင့်ချီ၍ကြီးမားသည်။

အာကာသအတွင်းမှ ဂမ္မာရောင်ခြည်၏လေ့လာရေးလုပ်ငန်းကို မကြာသေးမီကမှ ပြုလုပ်နိုင်ခြင်း ဖြစ်သည်။ ၎င်းကိုဒုတိယ

ကမ္ဘာစစ်အပြီးတွင်မှ တွေ့မြင် မှတ်သားခဲ့ကြခြင်းဖြစ်သည်။ သို့သော် ၁၉၆၇ ခုနှစ်တွင် ''ဗဲလ်လာ'' ဂြိုဟ်တုဖြင့် စမ်းသပ် ကြည့်ရှုပြီးမှ ဂမ္မာရောင်ခြည် အစစ်အမှန်ရှိကြောင်း အတည်ပြု နိုင်ခဲ့သည်။ ဂမ္မာရောင်ခြည်များကို ကမ္ဘာ့လေထုက စုပ်ယူလိုက်သဖြင့် ၎င်းတို့ကို ဒုံးပျံနှင့် ဂြိုဟ်တု များ မှအပ မည်သို့မျှ လေ့လာ ခြင်း မပြုနိုင် ပေ။ ဂမ္မာရောင်ခြည် ရှိကြောင်းကို ၁၉၆၇ ခုနှစ်က သက်သေထူနိုင်ခဲ့ရာ၊ နောက်ပိုင်းတွင် 'အိုအက်(စ)အို' ခေါ် နေလေ့လာရေး ဝန်းပတ်မျှော်စင် ဂြိုဟ်တုတွင် ကိရိယာများတပ်ဆင်ကာ ရှာဖွေ စူးစမ်းခဲ့ကြသည်။ အိုအက်(စ)အို ဂြိုဟ်တုများကို ၁၉၆၂ ခုနှစ်မှ ၁၉၇၅ ခုနှစ် အတွင်းက တင်လွှတ်ခဲ့ကြသည်။

၁၉၇၂ ခုနှစ်တွင်လည်း အက်(စ)အေအက်(စ)၂၊ သို့မဟုတ် သေးငယ်သည့် နက္ခတ္တဗေဒဂြိုဟ်တုခေါ် ဂမ္မာရောင်ခြည် စူးစမ်းရှာဖွေရေး ဂြိုဟ်တုတလုံးကို တင်လွှတ်ခဲ့သည်။ စီအိုကီ ၂-ခေါ် ဂြိုဟ်တုကိုလည်း ၁၉၇၅ ခုနှစ်က တင်လွှတ်ခဲ့ပြန်သည်။ ၁၉၇၇ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့က တင်လွှတ်ခဲ့သည့် အိပ်(ချ)အီး အေ အို ခေါ် စွမ်းအင်ကြွယ်နက္ခတ္တ ဂြိုဟ်တုဖြင့်လည်း ဂမ္မာရောင်ခြည်အကြောင်း ထပ်မံ လေ့လာခဲ့ကြပြန်သည်။ ယင်း ဂြိုဟ်တုဖြင့်လည်း ကောင်းကင်ပြင်ရှိ အိပ်(စ)ရေး ရောင်ခြည်ထွက်ရှိရာများကို တိုင်းထွာခဲ့ကြသည်။ အိပ်(ချ)အီးအေအို ၂ ကို ၁၉၇၈ ခုနှစ်အတွင်းက တင်လွှတ်ပြီး အိပ်(ချ)အီးအေအို ၃ ကို ၁၉၇၉ ခုနှစ်အတွင်းက တင်လွှတ်ခဲ့ရာ၊ ဂမ္မာရောင်ခြည်နှင့်ပတ်သက်၍ အမေရိကန်သိပ္ပံပညာရှင်များ ပိုမိုလေ့လာနိုင်ခဲ့ကြသည်သာမက အိပ်(စ)ရေး ရောင်ခြည် နက္ခတ္တဗေဒအကြောင်းကိုလည်း ပိုမို လေ့လာနိုင် ကြမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘာရောင်ခြည်နှင့်ပတ်သက်၍ ယခင်ကပြုလုပ်ခဲ့သော လေလာမှုများသည် ‘ ဂျီအာ(ရ်)အို ’ခေါ် ဂမ္ဘာရောင်ခြည် လေ့လာရေးမျှော်စင်ဂြိုဟ်တု တည်ဆောက်နိုင်ရေးအတွက် လမ်းခင်း ပေးသကဲ့သို့ရှိသည်။

အာကာသလွန်းပျံယာဉ်များ လုပ်ငန်းခွင်ဝင်ကြသည့်အခါတွင် နက္ခတ္တဗေဒလေ့လာရေးအတွက် ဂြိုဟ်တု ဒါဇင် အနည်းငယ်ခန့် လွှတ်တင်မည်မှာ မလွဲမသွေဖြစ်သည်။ အာကာသမှန်ပြောင်း တီထွင်ထုတ်လုပ်နိုင်ပြီး အာကာသ သယ်ယူပို့ဆောင်ရေး စနစ်မှာလည်း လိုအပ်သည့်ဘက်တွင် နည်းအမျိုးမျိုးနှင့် အသုံးပြုနိုင်သဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၄၀၀ ခန့်က ထက်ကောင်းကင် ဖြင် အား ပထမဦးသုံးအကြိမ် မှန်ပြောင်းနှင့် လေ့လာကြည့်ရှုနိုင်ခဲ့သကဲ့သို့ နက္ခတ္တဗေဒနယ်ပယ်တွင် အမြင်ကျယ်လာမည်မှာ မလွဲဖြစ်သည်။

အာကာသလွန်းပျံယာဉ်သည် အာကာသမှန်ပြောင်းအားကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ တင်ပို့ပြီး နက္ခတ္တဗေဒဆိုင်ရာ လေ့လာရေးဂြိုဟ်တုများ သယ်ဆောင်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း စသည့် လုပ်ငန်းများကို ပြုလုပ်ပေးမည့်အပြင် ဂြိုဟ်နက္ခတ်များအကြားသို့ အာကာသယာဉ်များ လွှတ်တင်နိုင်မည် ဖြစ်သဖြင့်လည်း ဂြိုဟ်နက္ခတ်ဆိုင်ရာ အသိဉာဏ်များ ပွင့်လင်းလာစေရန် စွမ်းဆောင်ပေးမည်လည်း ဖြစ်သည်။ ဂြိုဟ်နက္ခတ် တာရာများအကြား အာကာသယာဉ်များ စေလွှတ်ရာတွင် လွန်းပျံယာဉ်၌ပါရှိသော ကြားခံအထက်ဆင့်နှင့် နေခြည်လျှပ်စစ်အားဖြင့် ပဲ့ထိန်းပေးသော စနစ်တို့ကို အသုံးပြုမည်ဖြစ်သည်။

ဂယ်လီ လေယိုစီမံကိန်းအရ ကမ္ဘာအား ဝန်းပတ်နိုင်ပြီး အခြား ဂြိုဟ်များ၏ လေထုအတွင်း ဝင်ရောက်နိုင်သော အာကာသယာဉ်ကို အာကာသလွန်းပျံယာဉ်ဖြင့် တင်လွှတ်မည်ဖြစ်သည်။ ယင်း အာကာသယာဉ်ကို အစီအစဉ်အရ ကြာသပတေးဂြိုဟ်အနီးသို့ ၁၉၈၄-ခုနှစ်၊ ဒီဇင်ဘာလအတွင်း ရောက်ရှိစေရန်၊ ၁၉၈၂ ခုနှစ် နှစ်ဦးပိုင်းတွင် လွှတ်တင်ရန်ကြံရွယ်ထားသည်။ အကယ်၍ သတ်မှတ်ထားသည်ထက် နောက်ကျ၍ တင်လွှတ်မည်ဆိုပါက ကြာသပတေးဂြိုဟ်အနီးသို့ ၁၉၈၆ ခုနှစ်လောက်ကျမှ ရောက်ရှိနိုင်ပေမည်။ ဂယ်လီလေယို စီမံကိန်း အတွက် ငွေကြေးထောက်ပံ့မှု နည်းပါးသဖြင့် အာကာသယာဉ်အားတင်လွှတ်ရာတွင် အမှားအယွင်းရှိပါက ထားပေးလေ့ရှိသော “အကူအာကာသယာဉ်” မထားပဲ တကြိမ်တည်းသာ လွှတ်တင်မည်ဖြစ်သည်။ ငွေကြေးထောက်ပံ့မှုနည်းပြီး ရရှိလာမည့်အကျိုးကျေးဇူးမှာ ကြီးမားလွန်းသဖြင့် ပစ်ပယ်ရန် မသင့်သော လုပ်ငန်းစဉ်များကို နာဆာအဖွဲ့ကြီးသည် ဤနည်းနှင့်နှင့်ပင် လုပ်ဆောင်လေ့ရှိသည်။ ဗုဒ္ဓဟူးဂြိုဟ်သို့ မရီနာ အာကာသယာဉ် စေလွှတ်စဉ်က ဤသို့ တကြိမ်တည်းဖြင့်သာ စွန့်စားတင်လွှတ်ခဲ့သော်လည်း ဗုဒ္ဓဟူးဂြိုဟ်အား လူမဲ့အာကာသစူးစမ်းလေ့လာရေးယာဉ်များ ရိုက်ကူးခဲ့သမျှသော ပုံတို့တွင် အကောင်းဆုံးဖြစ်သည့် ပုံများကိုရိုက်ယူပေးပို့နိုင်ခဲ့သည်။ ယင်းအာကာသယာဉ်သည် ဝန်းပတ်လမ်းအမြင့် ထိန်းသိမ်းရာတွင် အသုံးပြုသောအငွေ့များ မလုံလောက်မှုကြောင့် မပျက်ယွင်းမီ ဗုဒ္ဓဟူးဂြိုဟ်အနီးသို့ ၃ ကြိမ်တိုင်တိုင် ရောက်ရှိခဲ့သည်။

ဂယ်လီလေယိုအာကာသယာဉ် ကြာသပတေးဂြိုဟ်အနီးသို့ ရောက်ရှိသည့်အခါ ကြာသပတေးဂြိုဟ်၏ လေထုကို စူးစမ်းလေ့လာမည့် အစိတ်အပိုင်းတခုအား ၎င်းအစိတ်အပိုင်း ကြာ

www.burmeseclassic.com

သပတေးဂြိုဟ်ပေါ်သို့ မကျမီ ၅၆ ရက်ခန့် အလိုတွင် စတင်လွှတ်လိုက်မည်ဖြစ်သည်။ ယင်းလေထုလေ့လာရေး အာကာသယာဉ် အစိတ်အပိုင်းမှာ ကြာသပတေးဂြိုဟ်၏ လေထုအတွင်း ဝင်ရောက်ကာ များပြားသည့် ဖိအားများကြောင့် ဂြိုဟ်ပေါ်သို့ ကျရောက်မပျက်စီးမီ သို့မဟုတ် အပူရှိန်ကြောင့်မီးမလောင်မီ ကြာသပတေးဂြိုဟ်၏ လေထုအကြောင်း သတင်း အချက်အလက်များကို လွှင့်ထုတ်ပေးမည်ဖြစ်သည်။ လေထုလေ့လာရေး အာကာသယာဉ်အစိတ်အပိုင်းသည် လေထုအတွင်း ဝင်ရောက်အပြီး ၁၅ မိနစ်မှ မိနစ် ၃၀ အထိ ခံနိုင်ရည်ရှိမည်ဟု မျှော်မှန်းခဲ့ကြသည်။ ဝန်းပတ်ယာဉ်ဟု ခေါ်တွင်သည့် ဂယ်လီလေယို ခရီးစဉ်မှ ဒုတိယအာကာသယာဉ် အစိတ်အပိုင်းမှာမူ လေထုလေ့လာရေး အစိတ်အပိုင်း ပစ်လွှတ်အပြီးတွင် ကြာသပတေးဂြိုဟ်ဆီသို့ဦးတည်သွားရောက်ကာ ကြီးမားလှသည့်ဂြိုဟ်ကြီးအား ဝန်းပတ်နေမည်ဖြစ်သည်။

ဂယ်လီလေယို ဝန်းပတ်ယာဉ်သည် နောက်ပိုင်း လပေါင်း ၂၀ မျှ ကြာသပတေးဂြိုဟ်၏ မျက်နှာပြင်တခုလုံးအား ဖြတ်ကျော်မိနိုင်စေရန် ကြက်အုသဏ္ဍာန် ဝန်းပတ်လမ်းကြောင်းအတိုင်း ဝန်းပတ်ကာ လေ့လာတိုင်းထွာမှုများပြုမည်ဖြစ်သည်။ ထို့ပြင် ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ရံလ ငယ်များ ဖြစ်သော 'ဂင်နီမက်(ဒ)နှင့် ကယ်လစ်(စ) ' တို့နှင့်လည်း ၁၁-ကြိမ်မျှ ဆုံတွေ့မည်ဖြစ်သည်။

ဂယ်လီလေယိုစူးစမ်းရေး အာကာသယာဉ်သည် အာကာသလွန်းပျံယာဉ်၏ စက်မှုနည်းပညာဖြင့် ဂြိုဟ်နက္ခတ်တာရာများအကြား တင်လွှတ်မည့် အာကာသယာဉ်များအနက်မှ ပထမ

ဦးဆုံးသော အာကာသယာဉ်ဖြစ်ပေမည်။ အာကာသလွန်းပျံယာဉ်လုပ်ငန်း တာဝန်များကို ထမ်းဆောင်ပေးမည့် အနှစ် ၂၀ အတွင်းတွင် ဂြိုဟ်များဆိုင်ရာ နက္ခတ္တဗေဒဘာသာရပ်သည် အထူးပင် တိုးတက်လာမည်ဖြစ်ရာ မည်သည့်အခါကမျှ ယခုလောက် တိုးတက်ခဲ့မည် မဟုတ်ပေ။ နေအဖွဲ့အစည်းအတွင်း ပျံသန်းမှုများပြုခြင်း၊ ကမ္ဘာ့အနီးဝန်းကျင်ရှိ ဂြိုဟ်များပေါ်သို့ ဆက်ဆင်းရေးယာဉ်များတင်လွှတ်ခြင်း၊ မရိနာ ၉ အာကာသယာဉ် အင်္ဂါဂြိုဟ်အား ဝန်းပတ်ပျံသန်းသကဲ့သို့ အခြားသော ဂြိုဟ်များဆီသို့ ဝန်းပတ်ယာဉ်များစေလွှတ်ကာ မျက်နှာပြင်ဆိုင်ရာ သွင်ပြင်လက္ခဏာများအား တိုင်းထွာ စစ်ဆေးခြင်း စသည့် လုပ်ငန်းများကိုလည်း လုပ်ဆောင်ကြမည် ဖြစ်သည်။

အာကာသ သယ်ယူပို့ဆောင်ရေးစနစ် (အာကာသလွန်းပျံယာဉ်)၏ စက်မှုနည်းပညာဖြင့် လူမဲ့ အာကာသယာဉ်များသည် ဂြိုဟ်များကိုလေ့လာကြမည်ဖြစ်ရာ မည်သည့်အခါကမျှ ကမ္ဘာဦးအခြေစိုက်ကာ တင်လွှတ်ခဲ့သည့် လူမဲ့အာကာသယာဉ်များ ယခုလောက် လေ့လာမှုပြုနိုင်မည်မဟုတ်ပေ။ ဤသည်မှာ ကုန်ကျစရိတ်ကြောင့် တစိတ်တဒေသဖြစ်နိုင်ပြီး၊ ပိုမိုရှုပ်ထွေး၍ ပိုမိုအင်အား ကောင်းမွန်သော အာကာသယာဉ်များကို ကမ္ဘာအားဝန်းပတ်ယင်း တပ်ဆင်နိုင်စေရန် အာကာသလွန်းပျံယာဉ်က လုပ်ဆောင်ပေးနိုင်သည်အတွက်ကြောင့်လည်း တစိတ်တဒေသဖြစ်သည်။

နေအဖွဲ့အစည်း၏ လျှို့ဝှက်ချက်များအား အားကြိုးမာန်တက်ဖော်ထုတ်ရာမှတွက်ပေါ်လာသောရလဒ်သည် ကျွန်ုပ်တို့အား ပတ်ဝန်းကျင်ရှိ အာကာသနှင့် ဂြိုဟ်များ၏သိပ္ပံဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com

အသိဥာဏ်အတွက်သာ ဖြစ်စေသင့်သည်။ ထို့ပြင် အနာဂတ်တွင် လူသားများသည် နက်ရှိုင်းသည့် အာကာသအတွင်း၌ လေ့လာမှုများ မလွဲမသွေပြုလုပ်မည်ဖြစ်ရာ အနီးဝန်းကျင်ရှိ ဂြိုဟ်များဆီသို့ လူစီးအာကာသယာဉ်များ တင်လွှတ်ရန် စီစဉ်ရာ၌လည်း တိကျသော အခြေခံအယူအဆ ဖြစ်သင့်ပေသည်။

●

ဒုတိယ အကြိမ် စမ်းသပ်တင်လွှတ်သည့် အာကာသ လွန်းပျံယာဉ်မှ ယာဉ်မှူး အမှတ်တံဆိပ်ကို ဝန်းပတ်ယာဉ်အမေရိကန်လင်းယုန်ငှက်နှင့် အလံတို့မှ ထိုးတက်လာသည့်ပုံဖြင့် သရုပ်ဖော်ခဲ့သည်။



အာကာသ လွန်းပျံယာဉ်၏ ပထမဦးဆုံးသော စမ်းသပ်ရေး ယာဉ် 'အင်တာပရိုက်(စ)' ဖလော်ရီဒါပြည်နယ်၊ ကနေဒီအာကာသဌာနရှိ ပစ်စင် ၃၉-အေတွင် စမ်းသပ်စစ်ဆေးမှုများပြုလုပ်ရန် သယ်ဆောင်သွားစဉ်တွေ့ရပုံ။

www.burmeseclassic.com

www.burmeseclassic.com



ပြင်ပလောင်စာ တိုင်ကီကြီး အာကာသယာဉ် တပ်ဆင်တည်ဆောက်ရေးအဆောက်အအုံသို့ ရောက်ရှိလာစဉ်တွေ့ရပုံ။

အာကာသ လွန်းပျံယာဉ်အား တွန်းတင်ပေးသည့် ဒုံးပျံကြီးမှ အဓိကအင်ဂျင် ၃ လုံးနှင့် ယှဉ်တွဲပျံသန်းနိုင်ရေး အင်ဂျင် ၂ လုံးတို့အား အင်ဂျင်များအား စမ်းသပ်စစ်ဆေးနေကြသည့် စက်မှုပညာရှင်များနှင့် နှိုင်းစာပါက အလွန်အမင်း ကြီးမားကြောင်း တွေ့ရှိရသည်။



ကိုလံဘီယာအာကာသ လွန်းပျံယာဉ်၏ ပစ္စည်းတင်အခန်းတွင်းသို့ အလူမီနီယမ် ပစ္စည်းတင်ခုံအား အလုပ်သမားများ ထိန်းကျောင်းပို့ဆောင်နေစဉ် တွေ့မြင်ရပုံ။



www.burmeseclassic.com

www.burmeseclassic.com

ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသဌာနရှိ ခုံးပျံဝင်
အမှတ် ၃၉-အေ တွင် ပထမဦးဆုံးတင်လွှတ်မည့် အာကာသလွှန်းပျံယာ
အား ပညာရှင်များ ပြင်ဆင်စစ်ဆေးနေစဉ်တွေ့ရပုံ။ ဤပစ်စင်နှင့်
အနားရှိ ပစ်စင် ဘီတို့အား အထူးအောင်မြင်ခဲ့သည့် အပိုလို ပျံသ
များ ပြုလုပ်ခဲ့စဉ်က အသုံးပြုခဲ့ကြသည်။

အာကာသ လွှန်းပျံယာဉ် ကိုလံဘီယာ
ဦး ကမ္ဘာအား ဒုတိယအကြိမ်ဝန်းပတ်ကာ
ယ်လီဖိုးနီးယားပြည်နယ်ရှိ အက်ဒဝဒ် အ
ခြေခံ စခန်းတွင် သက်ဆင်း၍အပြီး၌ ယာဉ်
မှူးအင်ဂျယ်လ်နှင့် ယာဉ်မှူး ရစ်ချဒ်ထရူ
သတို့အား လွှန်းပျံယာဉ် ပျံသန်းရေးလုပ်
န်းများဆိုင်ရာ ညွှန်ကြားရေးမှူး ဂျော့အက်
နှင့်အတူတွေ့ရပုံ။ ကိုလံဘီယာ အာကာသ
ာဉ် ဧပြီလအတွင်းက အာကာသသို့ ပထမ
ဦးဆုံးအကြိမ်ပျံသန်းစဉ်က အပူကာအုတ်ကြွပ်
ား အများအပြားပျက်ယွင်းသည်ကိုတွေ့ခဲ့ရ
သော်လည်း ဒုတိယအကြိမ် ပျံသန်းစဉ်ကမူ
နည်းငယ်သာပျက်စီးသွားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အာကာသလွန်းပျံယာဉ် ကိုလံဘီယာ အာကာသတွင်း ပထမဦးဆုံးအကြိမ် ပျံသန်းစဉ်က ယာဉ်မှူး ရောဘတ်ခရစ်ပင် အလေးချိန်မဲ့ဒေသ၌ ပေါ်မြောနေရိုက် မိမိ၏ဒူးခေါင်းများအား ဆုပ်ကိုင်ထားသည်ကို တွေ့ရ၏။ ဤပုံကို ဦးစီးယာဉ်မှူး ဂျွန်ယမ်းသည် ဝန်းပတ်ယာဉ်၏ အလယ်ကုန်းပတ်မှနေ၍ ရိုက်ယူခဲ့ခြင်းဖြစ်သည်။



ကမ္ဘာပတ် အာကာသ လွန်းပျံယာဉ်မှ ပစ္စည်းတင်အခန်း၏ တံခါးများကို ယာဉ်အမှုထမ်းများ ဖွင့်လှစ်နေသည်ကို သရုပ်ဖော်ရေး ထားသည့်ပုံဖြစ်သည်။ ယာဉ်အမှုထမ်းများ၏အခန်းတွင်း၌ ဦးစီးယာဉ်မှူးတဦး၊ ယာဉ်မှူးတဦး၊ ခရီးစဉ်ကျွမ်းကျင်သူတဦးနှင့် သိပ္ပံပညာရှင် ၃-၄ ဦးတို့အတွက် အလုပ်စခန်းကလေးများ ပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com





အမေရိကန်ပြည်ထောင်စုမှအာကာသလွန်းပျံယာဉ်မှာ ၁၉၈၀ ခုနှစ်များအတွင်း၌ လုပ်ငန်းခွင်ဝင်သည့် အခါတွင် အာကာသနေအိမ်အားစနစ်တကျ တည်ဆောက်နိုင်ရန် အတွက် ပစ္စည်းကိရိယာများသယ်ဆောင်ပေးမည်သာမက အခြေခံအလုပ်များကိုလည်း လုပ်ဆောင်ပေးမည်ဖြစ်သည်။ ဤပုံတွင် ထုပ်ယက်မ တပ်ဆင်ရေးကိရိယာက နေခြည်ဓာတ်အိုးများ တပ်ဆင်မည့် ထုပ်တန်း ၄ အဆင့်အထိ တည်ဆောက် ပေးထားသည်ကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

အာကာသလွန်းပျံယာဉ်ဖြင့် အာကာသတွင်းသယ်ဆောင်သွား ပြီး ဂြိုဟ်တုများအား ပြင်ဆင်မွမ်းမံခြင်းနှင့် ချွတ်ယွင်းနေသည့် ဂြိုဟ်တု အား မြေပြင်သို့ သယ်ဆောင်သွားရန် ပြင်ဆင်နိုင်ခြင်းစသည့် လုပ်ငန်း များလုပ်ဆောင်နိုင်သည့် ဂြိုဟ်တုပြင်ဆင်ရေးစနစ်တခု၏ပုံဖြစ်သည်။

အမေရိကန် အာကာသ လွန်းပျံယာဉ်ဖြင့် ကမ္ဘာပတ်လမ်း ကြောင်းအတွင်း သယ်ဆောင် သွား မည့် အရေးပါသည့် သုတေသန လုပ် ငန်းဆိုင်ရာပစ္စည်း များတွင် အချင်း ၉ ပေခွဲခန့်ရှိ အာကာသမှန်ပြောင်း တခုလည်း အပါအဝင်ဖြစ်မည်။ မြေ ပြင်မှ ထိန်း ချုပ် ကြိုး ကိုင် မည့် အာ ကာသမှန်ပြောင်းမှာ လက်ငင်း မြင် တွေ့နေရသော အကွာ အဝေး ထက် ၁၀ ဆမှ အဆပေါင်း ၃၀ အထိဝေး ကွာစွာမြင်နိုင်မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုလံဘီယားအာကာသလွန်းပျံယာဉ်ကမ္ဘာအားဝန်းပတ်နိုက်တွင် ရိုက်ကူးယူခဲ့သည့်ဓာတ်ပုံတွင် ဆီးနှင်းများဖုံးလွှမ်းနေသော ဟိမဝန္တာတောင်တန်းကြီးအား ဤသို့တွေ့ရသည်။

ကိုလံဘီယာအာကာသလွန်းပျံယာဉ်ဒုတိယအကြိမ် ပျံသန်းစဉ် ရှင်းနှံပါရှိသော လက်တုကြီးအား စမ်းသပ်ရေ များကြည့်ခဲ့သည်။ ကနေဒါနိုင်ငံမှ မြုလုပ်ပေးသော လက်တုကြီးမှာ ပစ္စည်းတင်အခန်းမှ ဂြိုဟ်တုများအား ဆွဲ ကမ္ဘာပတ်လမ်းကြောင်းအတွင်း ထားရှိပေးမည်ဖြစ်သည်။



ပါဝင်သွားသည့်သိပ္ပံဆိုင်ရာ ပစ္စည်းကိရိယာများ အတွယ်အတာမရှိ ထားနိုင်ရန် ကိုလံဘီယာအာကာသလွန်းပျံယာဉ် ကမ္ဘာအားဝန်းပတ်နေစဉ်တွင် ပစ္စည်းတင်အခန်းတံခါးများကို ဖွင့်လှစ်ပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အာကာသသို့ ၂ ကြိမ်တိုင်တိုင် တက်ရောက်နိုင်ခဲ့သည့် ပထမဦးဆုံးသော အာကာသယာဉ် ကိုလံဘီယာ လွန်းပျံယာဉ် ကယ်လီဖိုးနီးယား ပြည်နယ် ရေခန်းအိုင်မြေပြင်တွင် သက်ဆင်းလာပုံဖြစ်သည်။



ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသဌာနရှိ အာကာသလွန်းပျံယာဉ်ပစ်လွှတ်ထိန်းချုပ်ရေးစခန်းအား ဤသို့တွေ့ရ၏။ အမေရိကန် အဓိကလိုလူစီး အာကာသယာဉ်များအား ပစ်လွှတ်ရာတွင် အသုံးပြုခဲ့သော ပစ္စည်းကိရိယာများအားခေတ်မီစနစ်သစ် ပစ်လွှတ်ရေးကိရိယာများဖြင့်အစားထိုးခဲ့ကြသည်။



ကိုလံဘီယာအာကာသလွန်းပျံယာဉ် ဒုတိယအကြိမ်အာကာသသို့ တက်ရောက်၍အပြီး၌ ကယ်လီဖိုးနီးယားပြည်နယ်တွင်သက်ဆင်းလာပုံကို ကမ္ဘာနှင့်အဝန်း ရုပ်မြင်သံကြား ပရိသတ်များမြင်တွေ့ခဲ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုလံဘီယာ အာကာသ လွန်းပျံယာဉ်မှ ဦးစီးယာဉ်မှူး ဒွ[illegible]န်းအား ဝါရှင်တန်မြို့တော်ရှိ အိမ်ဖြူတော်တွင် ဒုတိယသမ္မတ ဂျော့ဘွတ်(ရှ်)က ဂုဏ်ထူးဆောင် ကွန်ဂရက်လွှတ်တော်ဆိုင်ရာ အာကာသ [illegible]ဆိပ်ဆွဲပေးနေ ရိုက် သမ္မတ ရော်နယ်ရေဂင်က လက်ဆွဲ၍ ချီးကျူး စကားပြောကြားနေစဉ်တွေ့ရပုံ။

ကျွန်ုပ်သည် အာကာသစခန်းတခု၌ တာဝန်ဝတ္တရားများကို ထမ်းဆောင်ပြီးသည့် တဦးတည်းသော လူသား ဖြစ်ကောင်း ဖြစ်ပေမည်။ လူကြီးမင်းများခင်ဗျား.... ကျွန်ုပ်တို့ဝတ်ဆင်ထားသောသီးခြားဝတ်စုံမှာ အာကာသစခန်းတခု၌ သမားရိုးကျတွေ့နေရသောဝတ်စုံပင်ဖြစ်ပါသည်။ တစုံတယောက်သည်ဝတ်စုံအပြည့်ဝတ်ဆင်ထားပါကသဲသောင်ပြင်ပေါ်ရောက်နေသည့် အပေါ်အင်္ကျီရှည်ကြီးကဲ့သို့ ထင်ရှားနေမည်ဖြစ်သည်။

ရောဘတ်၊ ဒဲ၊ ဟိုင်လိန်
သိပ္ပံဝတ္ထုစာရေးဆရာ
('သည်ပတ်ပတ်မာစတာ(စ)' စာအုပ်မှ)

အခန်း (၁၀)
မော်ဂျူးများ၊အာကာသအလုပ်စခန်းများနှင့် အာကာသ စခန်းများ

အာကာသစခန်း တည်ဆောက်ပြီးစီးပြီ ဖြစ်သည်။ အာကာသလွန်းပျံယာဉ်၏ ခွမ်းဆောင်မှုဖြင့် ပစ္စည်းသစ်များနှင့် နည်းလမ်းသစ်များရအောင် ဖန်တီးယူဆောင်နိုင်ခဲ့၏။ မြေကမ္ဘာ၏ အထက်တနေရာကို ဗဟိုပြု၍ လှည့်ပတ်နေသော ပစ္စည်းကိရိယာများနှင့် စက်များအား ဝန်းပတ်သွားလာနိုင်ရန် အမျိုးသား၊ အမျိုးသမီးတို့သည် သစ္စာပြားများဖြင့် ချုပ်ထားသော ဝတ်စုံကို ဝတ်ဆင်ထားခဲ့ကြသည်။ အာကာသစခန်း၏ ခရီးစဉ်စတင်

www.burmeseclassic.com

www.burmeseclassic.com

နိုင်ပြီဟု ဆိုရမည်ဖြစ်သော်လည်း စက်ကိရိယာများလည်ပတ်ရန် အင်အားများ၊ အသက်ရှူရန် လေများနှင့် အမှုထမ်းများ၏ လှုပ်ရှားမှုများကို စောင့်စားလျက်ရှိသည်။

အာကာသစခန်း၏ ကမ္ဘာ့ဆီမျက်နှာမူသောဘက်တွင် လတ်ဖက်ရည်သောက်ခန်း ရှိသည်။ ၎င်းအခန်းတွင် ကမ္ဘာမှရောင်ပြန်ဟပ်လာသော အလင်းရောင် ရရှိသဖြင့် 'ကမ္ဘာ့ ရောင်ဖြာခန်း'ဟု ခေါ်ဆိုခဲ့ကြသည်။ ယင်းအမည်ကို မေ့ပျောက်နေပြီဖြစ်သော သိပ္ပံဝတ္ထုအချို့မှ ထုတ်နုတ်ယူခဲ့ကြဟန်တူ၏။ စခန်းနှင့် ကန့်လန့်ဖြတ်တည်ရှိသည့်ဘက်တွင်လူ ၂၀-ခန့် ညစာစားသုံးနိုင်သော 'လရောင်ဖြာခန်း'ရှိသည်။ အမည်များမှာ အကြောင်းညီညွတ်စေရန်သာ ပေးခဲ့ခြင်းဖြစ်သည်။ အာကာသစခန်းမှာမူ ဆွဲအားတုများ ဖြစ်ထွန်းစေရန် လည်ပတ်နေရသဖြင့် ထမင်းစားခန်းသည် ကမ္ဘာ့ အထက်စီးတွင် ရောက်ကောင်းရောက်နေမည်။ သို့မဟုတ် တချိန်တည်း၌ပင် လနှင့် မျက်နှာချင်းဆိုင်ရှိချင်ရှိ နေပေမည်။

အာကာသစခန်း၏ 'အာကာသယာဉ်ချိတ်ဆက်ရေးအခွန်း'၌ အာကာသလွှန်းပျံ ခန်းပတ်ယာဉ် ချိတ်ဆက်လျက် ရှိသည်။ ခေတ်ဟောင်း အာကာသ လွှန်းပျံယာဉ်အား တိုးတက်ကောင်းမွန်လာစေရန်'အသစ်ပြုပြင်၍တည်ဆောက်ရေးစက်ရုံ'မှ မကြာမီကမှ ရရှိလာခဲ့သော်လည်း ယခင် အာကာသ လွှန်းပျံယာဉ်ကဲ့သို့ပင် တွေ့မြင်နေရ၏။ ကမ္ဘာမှ ပစ္စည်း ကိရိယာ တန်ဆာပလာများ၊ သို့မဟုတ် ဇိမ်ခံပစ္စည်းများပါ မလာခဲ့ပေ။

၎င်းနှင့်အတူ အာကာသ စခန်းရှိ အလုံပိတ် ထားသော ပစ္စည်းတင်အခန်းများသို့ တွန်းတင် ပို့ဆောင်ရန် သေတ္တာ ကြီးငယ်များပါရှိသည်။ အာကာသတွင် အလေးချိန်မဲ့နေသည့်အတွက် အနည်းငယ်တွန်းရုံမျှဖြင့် သေတ္တာများသည်ရွေ့လျားသွားကြရာ အာကာသယာဉ်မှူးများ နေထိုင်ရန် အခန်းသစ်များအတွင်းသို့ မဝင်ရောက်စေရန် ပိုက်များဖြင့်ပင် တားဆီး ကာကွယ် ထားခဲ့ရသည်။

ခရီးသွားချိန် နာရီအနည်းငယ်ခန့်သာ ကြာမည့် အောက်ပိုင်းမြေကမ္ဘာပေါ်ရှိ ကနဗာရယ်အငူ၌ ပထမအသုတ်အာကာသလုပ်သားများသည် ပစ္စည်းများရောက်ကြောင်း သတင်းဖြန့်ကြားချက်ကို စောင့်စားနေကြသည်။ ပစ္စည်းစုံပါပါမှ အာကာသစခန်းလည်း အဆင်သင့် ဖြစ်ပေမည်။ ယင်း အုပ်စုမှာ ကမ္ဘာ့မြေအထက် အာကာသ၌ အစားထိုး ဝင်ရောက်လုပ်ကိုင်မည့်သူများ မရောက်မချင်း အမြဲတမ်းနေထိုင်ရမည့် ပထမဦးဆုံးသော အမျိုးသားများနှင့် အမျိုးသမီးအာကာသလုပ်သားများ ဖြစ်ကြသည်။

တနေ့သောအခါတွင် လက်ရှိအာကာသစခန်းထက်ကြီးမားသော အာကာသစခန်းတခု ပေါ်ပေါက်လာမည် ဖြစ်သည်။ နောင်တွင် ထို့ထက်ကြီးမားသော အာကာသစခန်းများလည်း တည်ဆောက်ကြမည်ဖြစ်၏။ ထို့ကြောင့် အာကာသ၌ ဆောက်လုပ်ရေးအခြေခံစခန်းများ၊ ကြားခံစခန်းများ ရှိနေမည်ဖြစ်သည်။ မကြာမီကာလအတွင်း၌ ပင့်ကူသဏ္ဍာန်ကိုယ်ထည်ကြီးတခု လအားဝန်းပတ်နေစေရန်လည်း အာကာသလုပ်သားများ တည်ဆောက်ကြမည်ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်က လူကြိုက်များသည့် စာပေနှင့်စက်မှုနည်းပညာ ဆိုင်ရာစာပေတို့၌ အာကာသစခန်းများအကြောင်း ဆီလျော်သင့်မြတ်အောင် ရေးခဲ့ကြောင်းကို အခန်း(၂)တွင် ဖော်ပြပြီးဖြစ်သည်။ ထင်ရှားသည့် အာကာသ စခန်းဆိုင်ရာ အယူအဆ နှစ်ခုမှာ "ဗွန်ဘရွန်" ရေးသားသည့် "အာကာသနယ်ခြားအားဖြတ်၍" ဟူသော စာအုပ်မှ "အာကာသစခန်း" နှင့် "၂၀၀၁ အာကာသ လက်ာတပုဒ်" အမည်ရှိ ရုပ်ရှင်ကားမှ လှည်းဘီးသဏ္ဍာန် အာကာသအမှတ်(၅) စခန်းယာဉ်တို့ ဖြစ်ကြသည်။ ဗွန်ဘရွန်သည် ၁၉၅၂ ခုနှစ်က အချင်းပေ ၂၅၀ ရှိပြီး လူပေါင်း ၈၀ ခန့် လိုက်ပါနိုင်သည့်

www.burmeseclassic.com

www.burmeseclassic.com

အာကာသ စခန်းတခုကို စိတ်ကူးဖြင့် ဖော်ပြ အဆိုပြုခဲ့သည်။ ၂၀၀၁ ရုပ်ရှင်မှ အာကာသစခန်းမှာ အချင်းပေ ၁၀၀၀ ခန့် ရှိပြီး လူပေါင်းများစွာလည်း လိုက်ပါနိုင်သည်။

အမေရိကန်ပြည်ထောင်စု အာကာသခေတ်အတွင်း ချင်းနင်း ဝင်ရောက်သည့်အခါက အလေးအနက်ထား၍ အဆိုပြု တင်ပြခဲ့သော အာကာသစခန်း ၂ ခုမှာမူ ဘတ်ဂျက် ရ-သုံး ခန့်မှန်းခြေငွေစာရင်း ဖြတ်တောက်မှုနှင့် ကွန်ဂရက်လွှတ်တော်က စိတ်မဝင်စားမှုတို့ကြောင့် အကောင်အထည် ပေါ်မလာခဲ့ပေ။ အမေရိကန်လေတပ်မတော်သည် ၁၉၆၅ ခုနှစ်လောက်က လူနှစ်ဦးလိုက်ပါသော ကမ္ဘာပတ် မောတ်ခွဲခန်း တည်ဆောက်ရေး အယူအဆနှင့် ၁၉၆၉ ခုနှစ်တွင် လူ ၁၂ ဦးလိုက်ပါသော အာကာသစခန်း တည်ဆောက်ရေး အယူအဆတို့ကို ကြံဆခဲ့လေသည်။

အာကာသစခန်း တည်ဆောက်ရေး စမ်းသပ် မှု များ နှင့် ပထမဦးဆုံးသော အမြဲတမ်းလူစီးကမ္ဘာပတ် အာကာသစခန်းနှင့်ပတ်သက်သည့် သတင်း အချက်အလက် ရရှိရေးအတွက် ရုရှများက ၁၉၇၁ ခုနှစ်တွင် ဆယ်လူ ၁ အာကာသယာဉ် တင်လွှတ်၍လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုကလည်း ၁၉၇၃ ခုနှစ် မေလ ၁၄ ရက်နေ့တွင် စကိုင်းလက်(ဘ) အာကာသမောတ်ခွဲခန်း တင်လွှတ်၍လည်းကောင်း ရှာကြံခဲ့ကြသည်။ စကိုင်းလက်(ဘ) အာကာသမောတ်ခွဲခန်းမှ ယာဉ်မှူး လုပ်သား အုပ်စုတစုသည် အာကာသတွင် ၈၄ ရက်ကြာ နေထိုင်ခဲ့ပြီး ရုရှ အာကာသယာဉ်မှူး အချို့မှာမူ ဆယ်လူ ၆ အာကာသယာဉ်ဖြင့် အာကာသတွင် ၁၃၉ ရက်ကြာ စံချိန်

တင် နေထိုင်ခဲ့ကြသည်။ ရုရှားအာကာသယာဉ်မှူးများအတွက် ပစ္စည်းအသုံးအဆောင်များကို လူမဲ့ပစ္စည်းတင် ဒုံးပျံများဖြင့် တင်ပို့ပေးခဲ့ကြသည်။

ပထမဦးဆုံးသော အမြဲတမ်း လူစီး အာကာသစခန်း တည်ဆောက် ပြီးစီးနိုင်ရေးအတွက် အလားတူ ယှဉ်ပြိုင်မှုမျိုးများ ဆက်လက် ရှိနေမည်မှာ မလွဲဖြစ်သည်။ အာကာသအတွင်း၌ ကြီးမားသည့် အာကာသ စခန်းယာဉ်တခုကို 'ပရိုဂရက်(စ)' အာကာသယာဉ် ဆွဲယူခဲ့သည့် မော်ဂျူးများဖြင့် ပေါင်းစပ်တည်ဆောက်ရန် ရုရှတို့စီစဉ်လျက်ရှိသည်။ ၁၉၈၀ ခုနှစ်များ အတွင်း၌ ဆိုဗီယက်တို့၏အစီအစဉ်အရ လုပ်သား ၁၂-ယောက်မှ ၂၄ ယောက်အထိ နေနိုင်သော အာကာသစခန်းတခု ပေါ်ပေါက် လာနိုင်သည်။ ယင်း အာကာသစခန်းအတွက် လိုအပ်သည့် ပစ္စည်းများကို "ပရိုဂရက်(စ)" လူမဲ့ကုန်တင် အာကာသယာဉ်ဖြင့် တင်ပို့မည်ဖြစ်သည်။ အာကာသလုပ်သားနှင့် ယာဉ်မှူးများကို အမေရိကန် အာကာသ လွန်းပျံယာဉ် ကဲ့သို့ တည်ဆောက်ထားပြီး အကြိမ်ကြိမ်အသုံးပြုနိုင်သည့် ကော့(စ)မိုလ်ယော့ အာကာသယာဉ်ဖြင့် တင် ပို့ သ ယ် ဆောင် ပေးမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် အာကာသလွန်းပျံယာဉ်ဟု ခေါ်တွင်သည့် အာကာသ သယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည် ဖော်နိုင်ပြီဖြစ်ရာ အာကာသစခန်းများ ကဲ့သို့သော ကြီးမားသည့် အာကာသအဆောက်အအုံများ တည်ဆောက်နိုင်ရန် အခြေခံအုတ်မြစ်မှာ အထူးပင် ကောင်းမွန်လာပြီဟု ဆိုနိုင်သည်။ အကယ်၍ နာဆာအဖွဲ့ကြီး၏ ဘတ်ဂျက်

www.burmeseclassic.com

www.burmeseclassic.com

ရာသုံး ခန့်မှန်းခြေ ငွေစာရင်း တိုးတက် လာစေရန် နိုင်ငံရေး အခြေအနေများ ကောင်းလာမည်ဆိုပါက အာကာသ စခန်းများ တည်ဆောက်မည်မှာ သေချာမလွဲဖြစ်သည်။

ငွေကြေး ထောက်ပံ့မှု မတိုးတက်သော်လည်း အမေရိကန် အာကာသစခန်း၊ တည်ဆောက်နိုင်ရေးအတွက် အလားအလာ အများအပြားရှိသည်။ ပထမအယူအဆမှာ အချိန်ကြာ ခရီးစဉ်များအတွက် အာကာသဓာတ်ခွဲခန်း ဝန်းပတ်ယာဉ်ကို တိုးချဲ့ လုပ်ဆောင်ရန်ပင်ဖြစ်သည်။ အခန်း ၇ တွင် တင်ပြထားသည့် အင်အား မော်ဂျူးဖြင့် ယင်း အယူအဆ အောင်မြင်လာနိုင်ဖွယ်ရှိသည်။ ဝန်းပတ်ယာဉ် သို့မဟုတ် အာကာသဓာတ်ခွဲခန်း ဝန်းပတ်ယာဉ်အား ၂၅ ကီလိုဝပ် အင်အား မော်ဂျူး တပ်ဆင်ထားမည်ဆိုပါက အာကာသလွန်းပျံယာဉ်သည် အာကာသအတွင်း၌ ရက်ပေါင်း ၆၀ မျှ နေနိုင်မည်ဖြစ်သည်။

အာကာသသယ်ယူပို့ဆောင်ရေးစနစ်မှ ဝန်းပတ်ယာဉ်များသည် အမြဲတမ်း အသုံးပြုနိုင်သော ပစ္စည်းများ မဟုတ်သဖြင့် ဝန်းပတ်ယာဉ် သို့မဟုတ် အာကာသဓာတ်ခွဲခန်းတွင် အင်အား မော်ဂျူး တပ်ဆင်ထားပါက အလိုအလျောက် ထိန်းကျောင်း မောင်းနှင်နိုင်သော ယာဉ်အဖြစ် ပြုပြင် မွမ်းမံ ရန် အထူးပင် လွယ်ကူမည်ဖြစ်၏။ ဤသည်ကား အမြဲတမ်း အာကာသစခန်း ယာဉ် ပေါ်ထွက်လာရေးပင်ဖြစ်ပြီး၊ ယင်း စခန်းယာဉ်အတွက် လိုအပ်သမျှသော ပစ္စည်း ပစ္စယများကို ဝန်းပတ်ယာဉ်ဖြင့် သယ်ဆောင်ပေးမည်ဖြစ်သည်။ အကယ်၍ အမြဲတမ်း အာကာသစခန်းယာဉ် တည်ဆောက်ရေးအတွက် ဆုံးဖြတ်ချက်ကို ၁၉၈၂ ခုနှစ်တွင် ပြုလုပ်နိုင်မည်ဆိုပါက အင်အားမော်ဂျူး

တပ်ဆင်ထားသော အာကာသဓာတ်ခွဲခန်း ယာဉ်တစင်းမှာ ၁၉၈၆ ခုနှစ်တွင် လုပ်ငန်းခွင် ဝင်နိုင်မည်ဖြစ်သည်။

ဖော်ပြခဲ့သည့် သိပ္ပံဆိုင်ရာ၊ သို့မဟုတ် စစ်ရေးအတွက် ဦးစားပေးရန် တည်ဆောက်မည့် လူစီးကမ္ဘာပတ် အာကာသဓာတ်ခွဲခန်းကဲ့သို့သော အစီအစဉ်များမှာ အယူအဆဟောင်းများသာ ဖြစ်သည်။ လွန်ခဲ့သော နှစ်အနည်းငယ် အတွင်းကမှ အရေးပါသည်ဟု ထင်မြင်လာခဲ့သည့် အချက်များမှာ လူစီး အခြေခံဆောက်လုပ်ရေးစခန်း တည်ဆောက်ရေးပင်ဖြစ်သည်။ ၎င်း အခြေခံ ဆောက် လုပ် ရေး စ ခန်း သည် အာကာသတွင် ပစ္စည်းထုတ်လုပ်မှုနှင့် အာကာသအား ကူးသန်းရောင်းဝယ်မှုအတွက် အသုံးချနိုင်ရန် ကြီးမားသော အာကာသအဆောက်အအုံများ ဆောက်လုပ်နိုင်ဖို့ အထောက်အကူပြုမည်ဖြစ်သည်။

၁၉၇၇ ခုနှစ်က တင်ပြခဲ့သည့် နာဆာအဖွဲ့ အာကာသသယ်ယူပို့ဆောင်ရေးစနစ် ရုံးခန်းမှ အဆင့်မြင့် အစီအစဉ်များရေးဆွဲရေးဌာနခွဲ၏ သုတေသနလေ့လာချက်များသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ အချိန်ကြာမြင့်စွာနေထိုင်နိုင်ရေးစနစ်ကိုသာ ရည်စူးဦးတည်ခဲ့သည်။ ယင်းစနစ်ကို "အာကာသ ဆောက်လုပ်ရေး အခြေခံစခန်း"ဟု နောက်ပိုင်းတွင်ခေါ်တွင်ခဲ့သည်။ ဤအမည်မှာ အာကာသစခန်းဟု ယခင်ကခေါ်တွင်ခဲ့သည့်အမည်ထက် ပိုမိုသင့်လျော်သည်ဟု ယူဆရပေမည်။ အာကာသဆောက်လုပ်ရေး အခြေခံစခန်း၊ တခုနှင့်ပတ်သက်သောအကြံအစီတခုမှာ၁၉၈၄ခုနှစ်လောက်တွင်လုပ်ငန်းခွင်ဝင်နိုင်မည်ဖြစ်၏။ကနဦးတွင် လူ လေးဦးမှ ရှစ်ဦးအထိလိုက်ပါနိုင်

www.burmeseclassic.com

www.burmeseclassic.com

ပြီး နောင်တွင် အခန်းများတိုးချဲ့ ဆောက်လုပ်ကာ ကမ္ဘာ့အနီးဝန်းကျင်မှ အမြဲတမ်း ဝန်းပတ်နေမည် ဖြစ်သော အာကာသစခန်းမျိုး တည်ဆောက်မည် ဖြစ်သည်။ ပထမတွင် ၂၅ ကီလိုဝပ် အင်အား မော်ဂျူးတပ်ဆင်ထားရန် ရည်ရွယ်ခဲ့သည်။ နောင်တွင်မူ နေခြည်အင်အားသုံး ၂၅၀ ကီလိုဝပ် အလင်းဗို့တိတ်အင်အား မော် ဂျူး တပ်ဆင်မည်ဖြစ်သည်။ အာကာသအတွင်း ဆောက်လုပ်ရေး လုပ်ငန်းများ ပြုလုပ်နိုင်ရန် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများကိုညှိကလီယာအင်အားမှလည်း ရယူနိုင်မည်ဖြစ်၏။

နေခြည်အင်အားသုံး ၂၅၀ ကီလိုဝပ်အင်အား မော်ဂျူးတပ်ဆင်ထားမည် ဆိုပါက ယင်းတိုးချဲ့ အဆောက် အအုံကို အာကာသ လွှန်းပျံယာဉ်ကြပ်မ ထိန်းကျောင်းသည့် အာကာသဆောက်လုပ်ရေးအခြေခံစခန်းဟု ခေါ်တွင်နိုင်သည်။ ယင်းကဲ့သို့သော ဆောက်လုပ်ရေး အခြေခံ အလုပ်စခန်းများ၊ လုပ်ငန်းစတင်နိုင်ရန်အတွက် လိုအပ်သောလျှပ်စစ်ဓာတ်အားအလုံအလောက်ကို ၁၉၇၅ ခုနှစ်လောက်တွင် ရရှိနိုင်မည်ဖြစ်သည်။ စခန်း၌လုပ်သားများ အချိန်ကြာမြင့်စွာ သို့မဟုတ် အမြဲတမ်းလိုအပ်နေမည်ဆိုပါက အာကာသလူနေ မော်ဂျူးအား အာကာသလွှန်းပျံယာဉ်ဖြင့် သယ်ဆောင်လာသည့် ပစ္စည်းများဖြင့် တိုးချဲ့ဆောက်လုပ်မည် ဖြစ်သည်။

အကယ်၍ ပြုပြင်ပြောင်းလဲထားသော အာကာသဓာတ်ခွဲခန်းသည် ကမ္ဘာ့အနီးအနားတွင် အာကာသ စခန်းကဲ့သို့ ဝန်းပတ်နေမည် ဆိုပါက အာကာသ ဆောက်လုပ်ရေးအလုပ်စခန်း သို့မဟုတ် အခြေခံစခန်း၊ကို ၁၉၇၀ ခု နှစ် များ ကုန်ဆုံးချိန်လောက်တွင် ဆောက်လုပ်နိုင်မည်ဖြစ်သည်။ သို့သော် အာကာသ လူနေမော်ဂျူးကိုမူ ၁၉၉၀ ခုနှစ်များ အတွင်း၌ တည်ဆောက်မည် ဖြစ်သည်။ မော်ဂျူးမတည်ဆောက်မီတွင် အခြေခံစခန်းကို အာကာသ လွှန်းပျံယာဉ် အကြိမ်ကြိမ်တင်လွှတ်၍ ကြပ်မထိန်းကျောင်းမည် ဖြစ်သည်။

ထို့ကြောင့် မကြာမီကာလများအတွင်း၌ စွမ်းရည် အမျိုးမျိုးရှိသည့် အာကာသ စခန်းများဟု ခေါ်တွင်နိုင်သည့် ရက် ၃၀ အာကာသခရီးနှင်မည့် အာကာသဓာတ်ခွဲခန်း၊ အင်အား မော်ဂျူးတပ်ဆင်ထားသော ရက် ၆၀-ကြာ အာကာသခရီးနှင်မည့် အာကာသ ဓာတ်ခွဲခန်းနှင့် ကနဦးတွင် အာကာသလွှန်းပျံယာဉ်ဖြင့် ထိန်း ကျောင်း ကြပ် မပြီး နောက်ပိုင်း၌ ပြုပြင်ပြောင်းလဲထားသည့် အာကာသ ဓာတ်ခွဲခန်းဖြင့် ထိန်းကျောင်းကာနောက်ဆုံးတွင် လူနေမော်ဂျူးဖြင့်ထိန်းကျောင်းကြပ်မမည့် အာကာသ ဆောက်လုပ်ရေး အခြေခံစခန်း များ ပေါ်ထွန်းလာမည် ဖြစ်သည်။

အမြဲတမ်း အာကာသစခန်း သို့မဟုတ် အာကာသဆောက်လုပ်ရေး အခြေခံ အလုပ်စခန်းများ တည်ဆောက်ရန် အခြားအကြံပြုချက်များလည်း ရှိသည်။ လေ့လာမှု အများအပြားမှလည်း အာကာသသယ်ယူပို့ဆောင်ရေးစနစ်မှ ပြန်လည်အသုံးပြုခြင်းမရှိသည့် ကြီးမားသော ပြင်ပလောင်စာ တိုင် ကီ အား အသုံးချနိုင်ရေးကို အလေးထားခဲ့ကြသည်။ အချို့သောအကြံပြုချက်များတွင် ပြင်ပလောင်စာ တိုင်ကီအား ကမ္ဘာအနီး အနား ဝန်းပတ်လမ်းကြောင်း အတွင်း ရောက်အောင် တင်ပို့၍ တင်ပြခဲ့ကြသည်။ သို့မှသာ ရင်းမြင်ပတိုင်ကီများ ကမ္ဘာအား

www.burmeseclassic.com

www.burmeseclassic.com

ဝန်းပတ်နေခိုက် ဆွဲယူ ရရှိရေး စနစ် သို့မ ဟုတ် အလားတူပဲ ထိန်း၍ ဆွဲယူရေးစနစ်တို့ဖြင့် ရယူနိုင်မည် ဖြစ်သည်။ ယင်းပြင်ပလောင်စာတိုင်ကီများ ရရှိသည့်အခါ၌ လောင်စာအတွက် တပ်ဆင်ထားသော အစိတ်အပိုင်းများကို ဖယ် ရှား ပြီး တခုစီအား လူနေမော်ဂျူးများအဖြစ် ပြုပြင်ယူကြမည် ဖြစ်သည်။ အာကာသဆောက်လုပ်ရေး အခြေခံစခန်း၌ အင်အား အလုံအလောက်ရနိုင်စေရန် တည်ဆောက်ပြီးစီးသည့်အခါတွင်ပြင်ပလောင်စာတိုင်ကီများသည် တဖြည်းဖြည်းချင်း ကြီးထွားလာမည့် အာကာသစခန်း၏ အဓိကကျောရိုးများအဖြစ် ရောက်ရှိလာမည်ဖြစ်သည်။ ဤသည်ကား ၁၉၇၀ ခုနှစ်များ ကုန်ဆုံးချိန်လောက်တွင် ကမ္ဘာပတ် လူစီးအာကာသစခန်းနှင့် ပဏာမအခြေခံဆောက်လုပ်ရေးစခန်းအဖြစ် အကောင်အထည် ပေါ်လာမည့် အာကာသအဆောက်အအုံအား အကုန်အကျ သက်သာစွာဖြင့် တည်ဆောက်နိုင်ရေးအကြံပြုချက်တခုပင်ဖြစ်သည်။

ရှေ့ရေးကို မျှော်တွေးကြည့်သည့်အခါ၌ ကမ္ဘာ့ အနီးဝန်းကျင်ဝန်းပတ်လမ်း အတွင်းတွင် လူသားများ နေထိုင်ကြမည်မှာ မလွဲဖြစ်သည်။ ယင်းအတူနေ လူသားစုသည် အာ ကာ သ လူနေ မော်ဂျူးများ၊ ဆောက်လုပ်ရေး အလုပ် စခန်းများ၊ စွမ်းအင်ဓာတ်အားပေး စက်များ၊ ပြုပြင်ထိန်းသိမ်းရေး ဌာနများ၊ အာကာသ မျှော်စင်များနှင့် လှည်းဘီး သဏ္ဍာန် အာကာသစခန်းများတွင် နေထိုင်ကြမည်ဖြစ်သည်။

သို့သော် ကမ္ဘာ့အနီးဝန်းကျင်ရှိ ဝန်းပတ် လမ်းကြောင်းသည် လူသားထုတရပ်လုံးအတွက် အမြဲတမ်း အာကာသစခန်းများ လိုအပ်သည့်နေရာဖြစ်သည်သာမက၊အခြားသောစီမံကိန်း

များစွာအတွက်လည်း နေရာကောင်းဖြစ်သည်ဟုမှန်းဆယူနိုင်သည်။အနာဂတ် အာကာသစနစ်အများစုမှာကမ္ဘာမြေနှင့်ပိုင်တူလည်ပတ်ယင်းလုပ်ဆောင်ကြမည်ဖြစ်သည်၊ယင်းကဲ့သို့ကမ္ဘာမြေနှင့် ပိုင်တူလည်ပတ်နေသည့်အခါတွင် စွမ်းအင် စနစ်များအတွက် နေရောင်ခြည်များ မပြတ် ရနေမည် ဖြစ်သည်။ ၎င်းစွမ်းအင်များကို အာကာသစခန်းရှိ အသုံးအဆောင်များသာမက ကမ္ဘာမြေမှပင် လွှဲပြောင်းအသုံးပြုနိုင်ပေမည်။ ထို့အပြင် ကမ္ဘာ့မြေမျက်နှာပြင်မှ ဒေသတခုကိုလည်း အမြဲတမ်း မြင်တွေ့နေရမည်ဖြစ်သည်။

၁၉၇၀ ခုနှစ်များအတွင်းနှင့် ၁၉၉၀ ခုနှစ်များစောစောပိုင်းအချိန်တို့၌ ကမ္ဘာ့အနီးဝန်းကျင် ဝန်းပတ်လမ်းကြောင်းအတွင်းတည်ဆောက်မည့် အာကာသစခန်းများအတွက်အစိတ်အပိုင်း ကိရိယာများကို ပညာရှင်များ တည်ဆောက်ကြမည်ဖြစ်သော်လည်း ကမ္ဘာ့အထက် မိုင်ပေါင်း ၂၄,၀၀၀ ခန့်မှကမ္ဘာနှင့်ယှဉ်၍ ပိုင်တူ လည်ပတ်နေမည်ဖြစ်သည့် အာကာသ အဆောက်အအုံများအတွက်လည်း ပစ်ပယ်မထားခဲ့ကြပေ။ကမ္ဘာနှင့်ယှဉ်၍ ပိုင်တူလည်ပတ်နေမည့် အာကာသ စ ခန်း အတွက် ပထမဦးဆုံးသော အစိတ်အပိုင်းများကို ကမ္ဘာအနီး ဝန်းကျင်ဝန်းပတ်လမ်းကြောင်းအတွင်းသို့ အာကာသလွန်းပျံယာဉ်ဖြင့် တင်ပို့မည်ဖြစ်သည်။ နောက်ပိုင်း ကမ္ဘာနှင့်ယှဉ်၍ ပိုင်တူလည်ပတ် နေနိုင်သော ဝန်းပတ်လမ်းကြောင်း အတွင်းသို့ ကြားခံဒုံးပျံ အတက်ဆင့်ကိုသုံး၍ တင်ပို့မည် ဖြစ်ပေသည်။ ကမ္ဘာနှင့်ယှဉ်၍ ပိုင်တူလည်ပတ်နေနိုင်သော ဝန်းပတ်လမ်းကြောင်း၏ နောက်ပိုင်းတွင် လိုအပ်မည့်အသုံးအဆောင်များ ဖြစ်သည့် အဆင့်မြင့် ဆက်သွယ်ရေးအင်တင်နာများအတွက်မူ ကြီးမားသည့်

www.burmeseclassic.com

www.burmeseclassic.com

တွန်းအားပေးစနစ်များနှင့် အပိုတွန်းအားပေး စနစ်များကို လိုအပ်မည်ဖြစ်သည်။ ထို နည်း တူ စွာ လူစီးဆောက်လုပ်ရေး အလုပ်စခန်းများ၊ လူနေ မေဒ်ဂျူးများနှင့် ပကတိ အာကာသ စခန်းများကို မြင့်မားသောဝန်းပတ်လမ်းကြောင်းများအတွင်း တင်ပို့လိုပါကလည်း အလားတူ အပိုတွန်းအားပေးစနစ်များ လိုအပ်မည်ဖြစ်သည်။

မြင့်မားသော ဝန်းပတ်လမ်းကြောင်းအတွင်း လူစီး အာကာသစခန်းများ တည်ဆောက်ရန် ကြီးမားသော တွန်းအား ပေး ကိရိယာများသာမက ပို့ဆောင်ရေး ဝန်းပတ်ယာဉ်များ လည်း လိုအပ်သည်။ ပို့ဆောင်ရေးဝန်းပတ်ယာဉ်ဖြင့် ကြီးမား သော အစိတ်အပိုင်းများ၊ လေးလံသော ကိရိယာများနှင့် လုပ်သားထုအများအပြားကို လိုရာသို့တင်ပို့ရမည်ဖြစ်သည်။တနည်း ဆိုသော် အာကာသလွန်းပျံယာဉ်၏ အတက်အနိမ့်ပိုင်းဝန်းပတ် လမ်းကြောင်းမှ အထက် အမြင့်ပိုင်း ကမ္ဘာနှင့်ယှဉ်၍ ပြိုင်တူ လည်ပတ်နိုင်သော ဝန်းပတ်လမ်းကြောင်း ရောက်အောင် ပို့ ဆောင်ရေး ဝန်းပတ်ယာဉ် လိုအပ်သည်။

သို့သော် ကမ္ဘာ့အနီးရှိ ဝန်းပတ်လမ်းကြောင်း အတွင်း၌ စုစည်းတပ်ဆင်မှုများ ပြုလုပ်ရန်လိုအပ်ပါက ပြုလုပ်နိုင်သည်။ အာကာသလွန်းပျံယာဉ်နှစ်စင်း သယ်ဆောင်လာသော အစိတ် အပိုင်းများကို သယ်ယူရေးယာဉ်ဖြင့် သယ်ဆောင် သွား နိုင် သည်။ သို့မဟုတ် အာကာသလွန်းပျံယာဉ် ကုန်ပစ္စည်းအပိုများ ယူဆောင်သွားနိုင်ရန် အင်အားကောင်းအောင် ပြုလုပ်ထား မည်ဆိုပါက အပိုပါလာသည့် ဒုံးပျံအဆင့်ဖြင့် လိုရာသို့ တင်ပို့ နိုင်သည်။

ပို့ဆောင်ရေးဝန်းပတ်ယာဉ်ကို ကမ္ဘာအနီး ဝန်းပတ် လမ်း ကြောင်း အတွင်းရှိ အာကာသဆောက်လုပ်ရေး အခြေခံစခန်း များ သို့မဟုတ် လူစီးအာကာသစခန်းများ၌ တည်ဆောက်တပ် ဆင်ခြင်း၊ လောင်စာဖြည့်ခြင်း စသည်တို့ကို ပြု လုပ် နိုင်သည်။ ကမ္ဘာ့အနီး ဝန်းပတ်လမ်းမှ ကမ္ဘာနှင့်ယှဉ်၍ ပြိုင်တူလည်ပတ် နိုင်သော ဝန်းပတ်လမ်းကြောင်းအထိ လူမဲ့ပို့ဆောင်ရေးယာဉ် ဖြင့် ပို့ဆောင်မည်ဆိုပါက ကြားခံ ဒုံးပျံအတက်ဆင့်ကို သုံးမည် ဖြစ်သည်။ သို့မဟုတ် တဘက်သွား ခရီးစဉ်တခုအတွက် ရက် ပေါင်း ၁၀၀ ကြာမည့် နေ့ခြည်လျှပ်စစ်မော်တာအားသုံး တွန်း အားပေးစနစ်ဖြင့်လည်း ပို့ဆောင်နိုင်သည်။ကြီးမားသည့် အာ ကာသ အဆောက်အအုံများ၊ အစိတ်အပိုင်းများကို ကမ္ဘာနှင့် ယှဉ်၍ ပြိုင်တူ လည်ပတ်နေနိုင်သော ဝန်းပတ်လမ်းကြောင်းသို့ လူစီးပို့ဆောင်ရေး ဝန်းပတ်ယာဉ်ဖြင့်လည်း ဆွဲယူ သွားနိုင် သည်။ သို့မဟုတ် ကမ္ဘာပတ်လမ်းကြောင်းအတွင်းမှ အင်အား ကြီးမားသော ကြားခံ-ဒုံးပျံအတက်ဆင့်ကဲ့သို့သော ဒုံးပျံ များ သုံး၍ တင်ပို့ပေးနိုင်သည်။

ကမ္ဘာနှင့်ယှဉ်၍ ပြိုင်တူလည့်ပတ်နေနိုင်သော ဝန်းပတ်လမ်း ကြောင်း အတွင်း၌ ခြေကုပ်များ ခိုင်မြဲစွာ ရရှိပြီ ဆို ပါက အနာဂတ်အတွက် ကြိုတင်မစီစဉ်ပဲနှင့် စိတ်ကူးယဉ်တမျှ ဆန်း ပြားမည့် စက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်း များ တည်ထောင်နိုင်သည့်ခေတ်အတွင်းသို့ စတင် ဝင်ရောက် မည်ဖြစ်သည်။ တချိန်တွင် ဤသို့ မြင့်မားသော ကမ္ဘာပတ် လမ်းကြောင်း အတွင်း၌ အာ ကာ သ အဆောက်အအုံများ၊ အလုပ်စခန်းများ၊ ဆောက်လုပ်ရေးနှင့် အ ခြေ ခံ စ ခန်းများ ရောက်ရှိနေမည် ဖြစ်သည့်အတွက် အာကာသသည် [illegible]နည်း

www.burmeseclassic.com

www.burmeseclassic.com

ပညာ တခေတ်ဆန်းရေး၏ နယ်ခြားမှတ်တိုင်အဖြစ် ရပ်တည်နေပေမည်။

လူသားများသည် ဟင်းလင်းပြင် အာကာသ၌ နယ်မြေဒေသ ချဲ့ထွင်သည့်အနေဖြင့် လူနေ အာကာသစခန်းများ သို့မဟုတ် ဆောက်လုပ်ရေး အခြေခံစခန်းများကို ကမ္ဘာနှင့် ယှဉ်၍ ပြိုင်တူ လှည့်ပတ်နေနိုင်သော ဝန်းပတ်လမ်းထက် ကျော်လွန်သောဒေသများသို့သွားရောက်၍ တည်ဆောက်ကြမည်မှာ မလွဲဖြစ်သည်။ ဦးစားပေး၍လည်း ဆောင်ရွက်မည်ဖြစ်သည်။ ထိုသော် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအတွက် ရည်စူး၍ တည်ဆောက်သော၊ ကြီးမားကျယ်ပြန့်သည့်အာကာသစခန်းများမှာ ကမ္ဘာ့အနီးရှိ ဝန်းပတ်လမ်းကြောင်းများတွင် လည်းကောင်း၊ ကမ္ဘာနှင့်ယှဉ်၍ ပြိုင်တူလှည့်ပတ်နိုင်သော ဝန်းပတ်လမ်းကြောင်းများတွင်လည်းကောင်း တည်ရှိမည်မှာ မလွဲဖြစ်သည်။ အာကာသမြို့တော်များ၊ ဟိုတယ်များနှင့် ဆေးရုံများကို အလေးထား တည်ဆောက်ကြမည်ဖြစ်သည်။ အထူးသဖြင့် ဆေးရုံများ တည်ဆောက်လိုကြသည်။ အဘယ့်ကြောင့်ဆိုသော် မြေပေါ်၌ ကမ္ဘာ့ဆွဲအား၏ဒဏ်နှင့် လေထု ညစ်ညမ်းမှုဒဏ်တို့ကြောင့် မသေသင့်သောလူနာများ သေဆုံးကြသည်ကို တွေ့ရှိရသောကြောင့် ဖြစ်သည်။

အာကာသစခန်းအချို့သည် ကမ္ဘာ့ကိုသာမက လစန္ဒာအားလည်း ဝန်းပတ်နေကြမည်ဖြစ်သည်။ ယင်းစခန်းများကို နောင်တွင် လူနေလစန္ဒာဝန်းပတ်ရေး ခေတ္တခွဲခန်းများအဖြစ် အသုံးပြုမည်ဖြစ်သည်။ လူသားများ ကမ္ဘာ့နှင့်ယှဉ်၍ ပြိုင်တူလည်ပတ်နေနိုင်သော ဝန်းပတ် လမ်းကြောင်းထက် ကျော်၍ အခြေချလိုပါက အာကာသယာဉ်အသစ်များ ဖော်ထုတ်ရမည်ဖြစ်ပြီး၊ ယင်းအာကာသယာဉ်အသစ်များသည် အာကာသလွန်းပျံယာဉ်နှင့် ဆက်နွယ်၍ပင်နေမည်ဖြစ်သည်။ ကြီးမားလေးလံသော ကုန်ပစ္စည်းများကို ကမ္ဘာ့အနီး ဝန်းပတ်လမ်းကြောင်းအတွင်း တင်ပို့နိုင်ရန် အင်အားကောင်းမွန် ကြီးမားသည့် တွန်းတင် ပို့ဆောင်ရေးယာဉ်များ ထုတ်လုပ်ရမည်ဖြစ်သည်။ ထိုမှသာ ကုန်များကို ကြီးမားသည့်ပို့ဆောင်ရေးယာဉ်များဖြင့် လူနေအာကာသ လစန္ဒာစခန်းဆီသို့ ပေးပို့နိုင်မည်ဖြစ်သည်။ အဆင့်တဆင့် တည်းသာပါ၍ ခေတ်တို့ပြန်မှုမှ ထွက်လာသောအင်အားကို သုံးသည့် ပို့ဆောင်ရေး ဝန်းပတ်ယာဉ်သည် လစန္ဒာစခန်းသို့ အလေးချိန်တန် ၄၀ ရှိကုန်များ သယ်ဆောင်သွားနိုင်ပြီး တဖန် ကမ္ဘာ့အနီးရှိ ဝန်းပတ်လမ်းကြောင်းသို့ အလေးချိန် ၉ တန်ရှိ ကုန်များ ပြန်လည်သယ်ဆောင်မည်ဖြစ်သည်။ ယင်းကဲ့သို့သော ပို့ဆောင်ရေးဝန်းပတ်ယာဉ်သည် အလျားပေ ၁၀၀ ခန့်နှင့်အချင်း ၂၆ ပေခန့်ရှိပြီး တပ်ဆင်ထားသော စံချိန်ကိုက် အာကာသလွန်းပျံယာဉ် အမိက အင်ဂျင်သည်လည်း အလေးချိန်တန် ၃၇၀ ရှိအောက်စီဂျင်နှင့်ဟိုက်ဒရိုဂျင်အရည်များကို လောင်စာအဖြစ် အသုံးပြုမည်ဖြစ်ပေသည်။

ကမ္ဘာ့အနီး ဝန်းပတ် လမ်းကြောင်းတွင် ဖွံ့ဖြိုးအောင် ဆောင်ရွက်ပြီး၍ ကမ္ဘာနှင့်ယှဉ်၍ ပြိုင်တူလှည့်ပတ်နေနိုင်သော ဝန်းပတ်လမ်းတွင် အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ပြီးစီးသည့် အခါမှသာ လူနေလစန္ဒာ အာကာသစခန်းကို တည်ဆောက်ကြပေမည်။ ဤသည်ကား အာကာသအတွင်း တိုးချဲ့ဆောက်လုပ်ခြင်းနှင့် အာကာသဖွံ့ဖြိုးရေးတို့အတွက် လပေါ်ရှိ သယံဇာတများ အသုံးချရေး၏ ပဏာမလုပ်ငန်းရပ်ပင်ဖြစ်ပေတော့သည်။

www.burmeseclassic.com

ကြီးမားလေးလံသည့် ပစ္စည်းများအား ကမ္ဘာ့အနီး ဝန်းပတ်လမ်းကြောင်းအတွင်းသို့ ရောက်အောင် ယခုအသုံးများနေသည့် ဒုံးပျံများအစား လေဆာရောင်တန်းကို အသုံးပြုနိုင်ဖို့ အလားအလာများစွာရှိသည်။ ကြီးမားသည့် လေဆာရောင်တန်းတခုသည် အင်အား မဂ္ဂါဝပ်တထောင် အသုံးပြုမည်ဆိုပါက အလေးချိန်တတန်ရှိ ကုန်ပစ္စည်းကို မြေပြင်အထက် မိုင် ၁၀၀ ရှိ ဝန်းပတ်လမ်းကြောင်းအတွင်း ရောက်အောင် ပို့နိုင်မည်ဖြစ်သည်။ အနာဂတ်အတွက် အလားအလာမှာ အထူးပင် ကောင်းမွန်လှသည်။ အရှိန်နှင့် သွားနိုင်သော အရာဝတ္ထုတခုတွင် ပေါက်ကွဲစေနိုင်သော အငွေ့များ ထည့်ပြီး စွမ်းအင်ကြွယ် လေဆာရောင်တန်းဖြင့် ထိအောင် ပစ်ခတ်နိုင်စေရန် စမ်းသပ်မှုများပြုခဲ့ကြသည်။ ထိုသို့ ပစ်ခတ်သည့်အခါ အငွေ့ကိုမီးကူးပြီးထွက်လာသည့် တွန်းအားများက အရှိန်နှင့် သွားနေသော အရာဝတ္ထုအား ရှေ့သို့ဆောင့်၍ တွန်းပို့ပေးလိုက်သည်။ ဖော်ပြပါ အယူအဆဖြင့် ကုန်ပစ္စည်းတင်ဆောင်ထားသည့် အာကာသယာဉ်များအား ကမ္ဘာ့အနီး ဝန်းပတ်လမ်းကြောင်းအတွင်းသို့ ရောက်အောင်ပို့နိုင်မည်ဟု ပညာရှင်များက ခန့်မှန်းရသည်။

လူသားများသည် စိတ်ကူးယာဉ်ခဲ့ကြသလောက် အနာဂတ်အတွက် အစီအစဉ်ချမှတ်မှု နည်းပါးခဲ့သည်။ သို့သော် ယခင်ဖြစ်ရပ်များနည်းတူ ယုတ္တိတန်စွာ ပေါ်ပေါက်လာမည်မှာ မလွဲဖြစ်သည်။ အချိန်ကြာလျှင် အနာဂတ်မျှော်လင့်ချက်များသည် ရှေးဟောင်းဖြစ်ရပ်များအနေဖြင့် ဖြစ်ထွန်းလာကြပေလိမ့်မည်။ ၁၉၅၇ ခုနှစ်တွင် ဂြိုဟ်တုများပေါ်ပေါက်လာမည်ဟု ပညာရှင် အနည်းငယ်ကသာ ခန့်မှန်းခဲ့ကြသည်။ သို

မဟုတ် သေးငယ်သော ဂြိုဟ်တုများမှ တဆင့် ကျွန်ုပ်တို့၏ ကူးသန်း ရောင်းဝယ်ရေးနှင့် စစ်ရေးဆက်သွယ်မှုတို့ အတွက် တဖန် ကျွန်ုပ်တို့၏သယံဇာတထိန်းကွပ်ရေးနှင့် မိုးလေဝသခန့်မှန်းရေးတို့အတွက် များစွာအထောက်အကူ ပြုနိုင်သည့် ကြီးမားသော ဂြိုဟ်တုစနစ်များအဖြစ်သို့ ပြောင်းလဲမည်ဟူသော အချက် ကိုလည်း အနည်းငယ်သာ မြော်မြင် ခဲ့ကြ သည်။ လစန္ဒာသို့ လူသားများ ရောက်ရှိမှသာ တနေ့နေ့တွင် လူအများ လပေါ်၌နေထိုင်ကြမည့် အဖြစ်ကို လည်းကောင်း၊ ထိုမျှမက အခြားသော ဂြိုဟ်များ၌ပင် သွားရောက်နေထိုင်ကြမည့် အဖြစ်ကိုလည်းကောင်း၊ လူအနည်းငယ်သာ နားလည်သဘောပေါက်ခဲ့သည်။

အာကာသ သယ်ယူပို့ဆောင်ရေးစနစ်မှ တိုးချဲ့ထွက်ပေါ်လာမည့် အကြောင်းရပ်များကို ယုတ္တိတန်စွာ နားလည်သဘောပေါက်သူများသာလျှင် ပထမ၌ အာကာသ ဓာတ်ခွဲခန်းဖြင့်စပြီး နောက်ပိုင်း၌ ကမ္ဘာအားဝန်းပတ်နေမည့် လူစီးအာကာသ ဓာတ်ခွဲခန်းကြီးဖြင့် အဆုံးသတ်မည့် ဖြစ်ရပ်ကို အခက်အခဲမရှိ တွေးဆနိုင်မည်ဖြစ်သည်။ ဖော်ပြပါဖြစ်ရပ်မှာ လူနေအာကာသစခန်း တည်ဆောက်ရေးအတွက် သေးငယ်သော ခြေလှမ်းသာ ဖြစ်သည်သာမက ကမ္ဘာနှင့်ယှဉ်၍ ပြိုင်တူလှည့်ပတ်နေနိုင်သည့် မြင့်မားသော ဝန်းပတ်လမ်းကြောင်းသို့ ရောက်ရန်အတွက်လည်း ခြေလှမ်းငယ်ကလေးတခုမျှသာ ဖြစ်ပေတော့သည်။

၁၉၅၇ ခုနှစ်က စပွတ်နစ် ဂြိုဟ်တုတင်လွှတ်၍အပြီးတွင်မှ ချင်းနင်းဝင်ရောက်ခဲ့သည့် အာကာသခေတ်အတွင်း၌ ကြိုတင်

www.burmeseclassic.com

www.burmeseclassic.com

ခန့်မှန်းရန်မှာမလွယ်ကူပေ။ စက်မှုနည်းပညာများသည်လည်း အထူးပင် တိုးတက်လာခဲ့ပေသည်။ သို့သော် နောက်ရာစုနှစ်အတွင်း ချင်းနင်းဝင်ရောက်ပြီး၊ အချိန် ၁၀ နှစ်မကျော်မီမှာပင် နိုင်ငံပေါင်းစုံမှ လူမျိုးပေါင်းစုံတို့သည် လအား ဝန်းပတ်နေသည့် အာကာသစခန်းမှ ပူပြင်း ခြောက်သွေ့သည့် လမျက်နှာပြင်မှ ချိုင့်ဝှမ်းများ၊ တောင်တန်းများနှင့် ရှု့မြောင်များကို ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

ထရမ်(စ)ဝါလ်(ဒ)လေကြောင်းကုမ္ပဏီသည် ၁၉၆၉ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့က အမေရိကန် ပြည်ထောင်စုရှိ နေရာဒေသအချို့နှင့် လပေါ်ရှိနေရာဒေသအချို့တို့အကြား ခရီးသွား လုပ်ငန်းလုပ်ဆောင်ရန် အစိုးရထံမှ ခွင့်ပြုချက်ရနိုင်ရေးအတွက် မြို့ပြလေကြောင်းဘုတ်အဖွဲ့သို့ လျှောက်ထားတောင်းခံခဲ့သည်။ ယင်း တောင်းခံချက်မှာ အလူးအလေးထား၍ တောင်းခံခြင်းဖြစ်ကြောင်း သိရှိရသည်။

မကြာမီပေါ်ပေါက်လာမည့် အာကာသလွန်းပျံယာဉ်သည် ကမ္ဘာ့တိုက်ကြီးများအား ဖြတ်၍ တည် ဆောက် သော မီး ရ ထား လမ်း၏ နောက်ဆုံးသံလမ်း ချလိုက်သည်နှင့် တူပေသည်။ ခြား နား သည့် တအာကာသယာဉ် တည်ဆောက်ရာတွင်များစွာ အလုပ်ရှုပ်ခဲ့ကြသည်။ ကျွန်ုပ်တို့ မြင်တွေ့ရသည်ဖြစ်စေ၊ မမြင်တွေ့ရသည်ဖြစ်စေ နောင် ၁၀ နှစ် သို့မဟုတ် အနှစ် ၂၀ ကြာသည့်အခါတွင် လပေါ်မှ ပစ္စည်းများ သို့မဟုတ် ဂြိုဟ်သိမ် ဂြိုဟ်ငယ်တို့မှ ပစ္စည်းများကို အာကာသအတွင်း ယူဆောင်၍ အသုံးဝင် ပစ္စည်း များအဖြစ် ထုတ်လုပ်နေသည်ကို ယခု အသက်ရှင် နေသူများထဲမှ တွေ့မြင်ကောင်း တွေ့မြင်ကြမည် ဖြစ်သည်။

အက် (ဒ) မန်ဂျီ 'ဂျယ်ရီ' ဘရောင်း
ကယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး
၁၉၇၇—ခုနှစ်။

အခန်း (၁၁)
အာကာသတွင်း စက်မှုလက်မှု ထူထောင်ခြင်း

'အာကာသစက်ရုံ အမှတ် ၆ မှဝန်းပတ်ယာဉ်သို့' 'အာကာသစက်ရုံ အမှတ် ၆ မှ လဖေးယက်မြို့ရှိ မြေပြင်စခန်းသို့'

အာကာသလွန်းပျံယာဉ်သည် အာကာသစက်ရုံဆီသို့ ချိန်ရွယ်၍ အရှိန်ထိန်း ဒုံးပျံငယ်များနှင့် ဦးတည်ချက် လမ်းကြောင်း ပြောင်းရွှေ့ပေးနိုင်သော ဒုံးပျံများ ပစ်ဖောက်ကာ ပျံသန်း

www.burmeseclassic.com

လာခဲ့သည်။ ထိုနောက် ရှုတ်တရက်အရှိန်သတ်သွားပြီး အာကာသစက်ရုံနှင့် ချိတ်ဆက်လိုက်သည်။ 'လဖေးယက် မြေပြင်စခန်း ကျွန်ုပ်တို့ ချိတ်ဆက်မိပြီ....'

'ရော်ဂျာ စက်ရုံအမှတ် ၆၊ ကျွန်ုပ်တို့ ပစ္စည်း များ ချ တော့မည်....'

မြေပြင်မှ တင်ဆောင်လာသော ပစ္စည်းကိရိယာ များဖြင့် ပြည့်နှက်နေသောကုန်တင်ခန်းတံခါးပွင့်သွားသည်။ ကုန်ပစ္စည်းများ ချရာတွင် ကူညီမည့် အာကာသဝတ်စုံများ ဝတ်ဆင်ထားသည့် လုပ်သားများသည် စက်ရုံလေခိုခန်းမှ တဆင့် အာကာသတွင်း ထွက်လာကြသည်။ အချိန် ၅ နာရီအတွင်း သယ်ဆောင်ပြီးစီးကြသည်။ ယခုအခါတွင် အာ ကာ သ လွန်း ပျံ ယာဉ်ရှိ ပစ္စည်းတင်အခန်းမှ ချိတ်များနှင့် ဒလက်များတွင် အမိုးတန်အိလက်ထရွန်နစ် ပစ္စည်းသစ်များ ချိတ်ဆွဲထုပ်နှောင် ထားပြီသည်။ နောက်ဆုံး ကုန်တင်တံခါးပိတ်သွားသည်။

'အရာရာ အဆင်ပြေကောင်းရှင်းကြောင်း သိလို၍ စောင့်ဆိုင်းနေပါ....၊ လဖေးယက်.... စောင့်ဆိုင်းနေသည်'

'အိုကေ.... သင်တို့အတွက် အရာရာကင်းရှင်းပြီ'

အာကာသလွန်းပျံယာဉ်မှ ဗာနီယာ အင်ဂျင်များကို ဖြည်းညင်းစွာ မီးကူးစေသည့် အခါတွင် ယာဉ်သည် ချိတ်ဆက်ရာမှ တဖြည်းဖြည်းချင်း ခွာလာခဲ့သည်။ စက်ရုံ အမှတ် ၆ မှ အတန်ငယ်ဝေးသော နေရာသို့ ရောက်သည့်အခါတွင် ကြီး မား နီ ရဲနေသော အာ(ရ်)စီ၊ အေ ဟူသည့် စာလုံးများကို ထင်ရှားစွာ တွေ့ရသည်။

တတိယစက်မှုတော်လှန်ရေးဟူ၍ ခေါ်ဆိုသည့် "အာကာသစက်မှုလက်မှု ထူထောင်ခြင်း" အား အနာဂတ်အတွက်အလားအလာကောင်းတခု အနေဖြင့် ထင်မြင် ခဲ့ကြသည်။ အမှန်ပင်အနာဂတ်အတွက် အလားအလာကောင်းသော အရာတခုဖြစ်သည်။ သို့သော်အာကာသစက်မှုလက်မှုထူထောင်ရေးလုပ်ငန်းစတင်နေသည်မှာ အနှစ် ၂၀ ကျော် ရှိခဲ့လေပြီ။ အာ က ာ သ

တွင်း၌ စက်မှုလက်မှုလုပ်ငန်းများ ထူထောင်နိုင်ရန် အလားအလာရှိသည်ဟု ပြောဆိုရာတွင် အာကာသစက်ရုံကြီးများနှင့် အလားတူ စီမံကိန်းများကိုသာ လူအများ တွေးထင်ခဲ့ကြသည်။ သို့သော် လက်ရှိ အာကာသ စီးပွားဖြစ် လုပ်ငန်း အတွက် အသုံးပြုနေသည့်အချက်ကို ပစ်ပယ်ထားခဲ့ကြသည်။

မျက်မှောက်ခေတ်၌ အာကာသအား စီးပွားဖြစ် လုပ်ငန်းအတွက်အသုံးပြုနေသည့် အဓိကလုပ်ငန်းရပ်တခုမှာ ဆက်သွယ်ရေး ဂြိုဟ်တုများပင် ဖြစ်ကြသည်။ "ကွန်စက်" ခေါ် ဆက်သွယ်ရေးဂြိုဟ်တုများ၌ စီးပွားဖြစ်ငွေရင်းစိုက်ထုတ်မှုမှာ ဒေါ်လာ သန်းတထောင်ကျော်ပင် ရှိသည်။ ၁၉၈၅ ခုနှစ်လောက်တွင် တကမ္ဘာလုံးမှ စီးပွားဖြစ် လုပ်ငန်းများအတွက် အသုံးပြုငွေမှာ တနှစ်လျှင် ဒေါ်လာသန်းထောင်ပေါင်းများစွာပင် ရှိမည်ဟု ခန့်မှန်းတွက်ဆခဲ့ကြသည်။ ယခုအခါတွင် "ရီလေး" ဂြိုဟ်တုများမှ တယ်လီဖုန်း၊ ရေဒီယိုနှင့် ရုပ် မြင် သံကြားလွှင့်လှိုင်းများကို တကမ္ဘာလုံးသို့ ပေးပို့နေပြီဖြစ်သည်။ ဂြိုဟ်တုမှတဆင့် ဆက်သွယ်ရခြင်းသည် ခရီးရှည် ကြေးနန်း ကြိုး များ သွယ်တန်းကာ ဆက်သွယ်ရခြင်းထက် ကုန်ကျစရိတ် သက်သာပြီး သင့်တော်သည့် မြေပြင်ဆက်သွယ်ရေးစခန်းများ ရှိပါက ကမ္ဘာပေါ်တွင် မည်သည့်နေရာနှင့်မဆို ဆက်သွယ်နိုင်သည်။

အာကာသတွင်း စက်မှုလက်မှုထူထောင်ခြင်းကို ပထမဆုံး ကြိုးစားသည့်အနေဖြင့် အမေရိကန်အစိုးရသည် ၁၉၅၈ ခုနှစ် ဒီဇင်ဘာလအတွင်းကအတိုကောက်အားဖြင့် "စကိုး" ဟု ခေါ်တွင်သည့် ဝန်းပတ်နေသော ရီလေးဂြိုဟ်တုမှတဆင့် လှိုင်းလွှင့်ဆက်သွယ်ရေးစနစ်ကို ထူထောင်ခဲ့သည်။ ဂြိုဟ် တု မှ တ ဆင့်

www.burmeseclassic.com

www.burmeseclassic.com

ဆက်သွယ်နိုင်ရန် ပထမအကြိမ် ကြိုးစားကြစဉ်က နောင်တွင် အလား အလာ ကောင်းများ ပေါ်လာနိုင်သည် ဟူသော အချက်အလက်များမတွေ့ခဲ့ကြရပေ။ သို့သော် ထိုစဉ်က ယင်းကြိုးပမ်းမှုမှာအများ၏ အမြင်တွင်တမူထူးခဲ့သည်။ စကိုးစီမံကိန်းမှာလည်း တိတ်ရိကော်ဒါတလုံးအား ကမ္ဘာ့ အနီး ဝန်းပတ်လမ်းကြောင်းအတွင်း ရောက်အောင် သယ်ဆောင် သွားနိုင်သော သာမန်အတ္တလပ်(စ)ဒုံးပျံသာ ဖြစ်သည်။ ယင်း ရီကော်ဒါသည် ကြိုတင်အသံသွင်းထားသော ခရစ္စမတ်နေ့မှာတမ်းကို ပြန်လည်လွှင့်ထုတ်ပေးပြီး မြေပြင်မှပေးပို့သော အချက်ပေးသံများကို ဖမ်းယူအသံသွင်း ထားနိုင်သည် သာမက ပြန်လည်၍လည်း လွှင့်ထုတ် ပေးနိုင်သည်။

အတ္တလန္တိတ်သမုဒ္ဒရာအား ဖြတ်၍ ရုပ်မြင်သံကြား အစီအစဉ်များကို ၁၉၆၂ ခုနှစ်က "တယ်လ်စတား" ဂြိုဟ်တုအသုံးပြု၍ ပို့ဆောင်နိုင်ခဲ့သည်။ ပိုမိုအင်အားကောင်းသော ရီလေးဂြိုဟ်တုများ အသုံးပြုသည့်အခါတွင် အထူးပင်တိုးတက်၍လာခဲ့သည်။ နောင်တွင် ဆက်သွယ်ရေးဂြိုဟ်တုများအား ကမ္ဘာနှင့် အတူပိုင်၍ လှည့်ပတ်နေနိုင်သော ဝန်းပတ်လမ်းကြောင်းအတွင်းရောက်အောင် ပိုမိုအင်အားကောင်းသော ဒုံးပျံ များကို အသုံးပြုခဲ့သည်။ ဂြိုဟ်တုများဖော်ပြပါဝန်းပတ်လမ်းကြောင်းအတွင်း ရောက်ရှိသွားသည့် အခါတွင် ကမ္ဘာ့အထက် တနေရာတည်း၌သာ ရှိနေပေသည်။ ထို့ ကြောင့် ယင်း ကဲ့ သို့ သော ဝန်းပတ်လမ်းကြောင်းအတွင်း၌ ဂြိုဟ်တု ၃ လုံးခွဲ၍ တင်လွှတ်ထားမည် ဆိုပါက ဂြိုဟ်တုများသည် ကမ္ဘာ့မည်သည့်ဒေသနှင့်မဆို ဆက်သွယ်မှုများ ပြုလုပ်နိုင်သည်။ "စင်ကွန်" ဂြိုဟ်တုကို ကမ္ဘာနှင့်ယှဉ်၍ ပိုင်တူ လှည့်ပတ် နိုင်သော ဝန်းပတ် လမ်း

ကြောင်း အတွင်းသို့ ၁၉၆၃ ခုနှစ် အ တွင်း က တင်လွှတ်ခဲ့သည်။ နောက်ပိုင်းတွင် အင်တယ်လ်ဆက်ဂြိုဟ်တုများနှင့် ဂြိုဟ်တုမှတဆင့် ဆက်သွယ်မှု လုပ်ငန်းများ လုပ်လိုသည့် နိုင်ငံများမှ ဂြိုဟ်တုများကိုလည်း တင်လွှတ်နိုင်ခဲ့သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအများစုမှာ အင်တယ်လ်ဆက် ဂြိုဟ်တုများမှတဆင့် ဆက်သွယ်မှု ပြုနိုင်ခဲ့ကြသည်။ ဤ ဖြင့်ရပ်များသည်ကား ရုရှနိုင်ငံက စပွတ်နစ်ဂြိုဟ်တု လွှတ်တင်ကာ အာကာသ အစီအစဉ် စတင်ရာမှ အနှစ် ၂၀ မပြည့်မီ ပေါ်ပေါက်လာခဲ့သော အောင်မြင်ဖြစ်ထွန်းမှုများ ဖြစ်ကြပေသည်။

မိုးလေဝသဂြိုဟ်တုများသည် အာကာသတွင်း စက်မှုလက်မှုထူထောင်ခြင်း၏အသုံးဝင်မှုရှုထောင့်တွင် အထူးထင်ရှားအရေးပါသည့် သာဓကများဖြစ်သည်။ ကမ္ဘာအနှံ့ မိုးလေဝသ အခြေအနေ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရေရှည် ကြိုတင်ခန့်မှန်းမှု ပြုခြင်းတို့တွင် မိုးလေဝသဂြိုဟ်တုများသည် မပါလျှင်မဖြစ်သော အရာများ ဖြစ်ခဲ့ကြလေပြီ။ ကမ္ဘာ့စီးပွားရေးအခြေအနေသည် မိုးလေဝသအပေါ်တွင် အမှီပြုနေရသဖြင့် မိုးလေဝသ ဂြိုဟ်တုတို့၏ အကျိုးပြုမှုတို့မှာ မတိုင်းတာနိုင်ရလောက်အောင် များပြားပေသည်။ ကြိုတင် သတိပေးမှုနှင့် စီစဉ်မှုတို့မှ ရရှိသော အကျိုးကျေးဇူးတို့မှာ လက်ဆုပ်လက်ကိုင် မပြနိုင်သော်လည်း အာကာသ မိုးလေဝသလုပ်ငန်းမှ နှစ်စဉ် ဒေါ်လာသန်း ၅၀ ကျော် ထွက်ရှိအောင် ဆောင်ရွက်ပေးရသည်ဟု ဆိုခဲ့ကြသည်။ အနာဂတ်မိုးလေဝသပညာတွင် ပိုမိုအစွမ်းထက်၍ အဆင့်မြင့်စွာ လုပ်ဆောင်နိုင်သော စနစ်များနှင့် ပိုမိုခေတ်မီသော အာရုံခံ ကိရိယာများ ပါဝင်မည်ဖြစ်၏။ နောက်ဆုံး၌ အာကာသ

www.burmeseclassic.com

www.burmeseclassic.com

တွင် ကြီးမားသော နေခြည်ရောင်ပြန်ဟပ်ပစ္စည်းများ အသုံးပြုမည်ဆိုပါက၊ ကမ္ဘာ့မိုးလေဝသ ရာသီဥတုကို အတော်အတန် ထိန်းချုပ်နိုင်မည်ဟု ခန့်မှန်းခဲ့ကြသည်။

"လင်း(ဒ)ဆက်" ဟု ခေါ်တွင်သည့် ကမ္ဘာ့သယံဇာတရှာဖွေလေ့လာရေး ဂြိုဟ်တုများကလည်း အာကာသတွင်း စက်မှုလက်မှုထုထောင်ခြင်းလုပ်ငန်းတိုးချဲ့ရန် တနည်းတဖုံ အားပေးခဲ့သည်။ မြို့ပြနယ်ပယ်၊ ပြည်နယ်နှင့် နိုင်ငံအသီးသီးတို့သည် မြေယာအသုံးချရေး အစီအစဉ်ဟုခေါ်ဆိုသည့် သယံဇာတဖွံ့ဖြိုးရေး၊ အရန်ပစ္စည်းများခန့်မှန်းရေး၊ ဘူမိဗေဒဆိုင်ရာ ပြဿနာများ ခွဲခြားနိုင်ရေး၊လေထု ရေထု ညစ်ညမ်းမှု ရှာဖွေဖော်ထုတ်ရေးနှင့် အခြားသောဒေသများတွင် သုတေသန ပြုရေးတို့အတွက် ဂြိုဟ်တုတွင်ပါဝင်သော အဝေးထိန်း အာရုံခံ ကိရိယာများကို အသုံးပြုနိုင်ကြသည်။ ကမ္ဘာ့သယံဇာတ ရှာဖွေ လေ့လာရေး ဂြိုဟ်တုများသည် ပုံသဏ္ဌာန်ချင်းတူသည့် "နင်-(မ)ဘတ်(စ)"မိုးလေဝသဂြိုဟ်တုမှ ဆက်နွယ်ပေါက်ဖွားလာခြင်း ဖြစ်၏။ ၎င်းတို့ကို ဆက်လက်ဖွံ့ဖြိုးစေရန် ကြိုးပမ်းကြမည်ဖြစ်သဖြင့် ပိုမိုခေတ်မီ၍ နိုင်ငံအများက တိုးတက်အသုံးပြုကြမည်မှာ မလွဲ ဖြစ်သည်။

ရေကြောင်းနှင့် လေကြောင်းသွားလာရေးအတွက် "လမ်းညွှန်ဂြိုဟ်တု"များ ပေါ်ပေါက်လာသည်မှာ မကြာသေးသော်လည်း မကြာမီနှစ်များအတွင်း ဖွံ့ဖြိုးလာမည် ဖြစ်သည်။ ရေခဲဖုံးလွှမ်းနေသော ပင်လယ်ပြင်များ၊ အင်းအိုင်များနှင့်ရေမျောရေခဲတုံးကြီးများကို ဂြိုဟ်တုများက ရှာဖွေတွေ့ရှိ နိုင် သဖြင့် သင်္ဘောသွားလာရေး အချိန်များ တိုးချဲ့ပေးနိုင်ခဲ့ပြီး ဘေး

အန္တရာယ်များ လျော့ပါးအောင် ဆောင်ရွက်ပေးနိုင် ခဲ့သည်။ တနည်းဆိုသော် ဘေးအန္တရာယ်များ မဖြစ်ပွားအောင် ရှောင်ရှားနိုင်ခဲ့သဖြင့် ငွေကြေး ပိုလျှံလာခဲ့ရာ ယင်း ငွေများသည် ဂြိုဟ်တုလုပ်ငန်း သုတေသနပြုရေးနှင့် ဖွံ့ဖြိုးရေး ကုန်ကျစရိတ်များထက် ပိုနေမည် ဖြစ်သည်။

လမ်းညွှန်ဂြိုဟ်တုများသည်ကမ္ဘာကြီး၏အထက် ၁၂,၅၄၃ မိုင်အကွာရှိ စက်ဝိုင်းသဏ္ဌာန် ဝန်းပတ်လမ်းကြောင်းမှ နေ၍ အချက်ပေးသံများကို မပြတ်ပေးပို့မည် ဖြစ်သည်။ ၎င်းတို့သည် ကမ္ဘာအနှံ့ တည်နေရာ ညွှန်ပြရေးစနစ်ကြီး၏ တစိတ် တဒေသဖြစ်သည်။ ၁၉၇၈ ခုနှစ်အတွင်းက နဗ်စတား ဂြိုဟ် တုအမှတ်(၁)၊ (၂)နှင့်(၃)တို့ကို တင်လွှတ်ခဲ့ရာ ၎င်းနှစ်အတွင်း နိုဝင်ဘာလတွင် လုပ်ငန်းတာဝန်များ ထမ်းဆောင်ခဲ့ကြသည်။ ၁၉၈၅ ခုနှစ်တွင် နဗ်စတား ဂြိုဟ်တုပေါင်း ၂၄ လုံး အာကာသတွင်း ရောက်ရှိနေမည်ဖြစ်ရာ မည်သည့် ရာသီဥတုမျိုး၌မဆို ကမ္ဘာအနှံ့ လမ်းညွှန်မှုများ ပြုလုပ်ပေးနိုင်မည် ဖြစ်သည်။ ယင်းဂြိုဟ်တုများ၏ တည်နေရာ ညွှန်ပြမှုစနစ်မှာ တိကျ လွန်းသဖြင့် ကမ္ဘာပေါ်ရှိ တည်နေရာကို ပေ ၃၀ ခန့် အလွဲအမှားဖြင့် မှန်ကန်အောင် ထောက်ပြနိုင်သည်။

သို့သော် ကျွန်ုပ်တို့ သာမန်တွေးဆခဲ့သည့် အာကာသတွင်း စက်မှုထူထောင်ခြင်းမျိုးအတွက် စောင့်စားရပေဦးမည်။ ယခုအခါတွင် စီးပွားဖြစ် လုပ်ငန်းများအတွက် ကမ္ဘာ့သယံဇာတရှာဖွေလေ့လာရေး ဆက်သွယ်ရေးနှင့် အခြား အမျိုး အစားဂြိုဟ်တုများကိုသာ အသုံးပြုနေကြသည်။ အနာဂတ်အတွက်မူ မစူးစမ်းရသေးသောဒေသနယ်ပယ်များကို လေ့လာရှာဖွေမည်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သဖြင့် စိတ်လှုပ်ရှားမှုများ ဖြစ်ပေါ်မည်မှာ အမှန်ဖြစ်သည်။ အာကာသသည် ထူးခြားကွဲပြားသည့် နယ်ပယ်အချို့အတွက် အလားအလာကောင်းများ ပေါ်ထွက် စေနိုင်သည်။ အချို့သော အလား အလာများမှာ စက်မှုလက်မှု ထုထောင်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်မှသာ ရှာဖွေတွေ့ရှိလာမည် ဖြစ်သည်။

အာကာသဝန်းကျင်၏ အရေးပါသော ဝိသေသ မှာ အလေးချိန်မဲ့ခြင်း သို့မဟုတ် ဆွဲအားမဲ့ခြင်းပင် ဖြစ်သည်။ ဆွဲအား မဲ့နေသည့်အတွက်ကမ္ဘာပေါ် သို့မဟုတ် ဂြိုဟ်တလုံးလုံး၏ မျက်နှာပြင်ပေါ် သို့မဟုတ် လစန္ဒာ၏ မျက်နှာပြင်ပေါ်တို့တွင် လုပ်ဆောင်၍မရသည့် ကုန်ထုတ်လုပ်မှုအချို့ကို ပြုလုပ်နိုင်မည်ဖြစ်သည်။ ဆွဲအားရှိနေပါက အချို့သော သတ္တုရောများမှာ တခုနှင့်တခု မရောစပ် သို့မဟုတ် မရောပြွမ်းပဲ နေသည်။ ထို့အပြင် ဆွဲငင်အားကြောင့် အချို့သော ပစ္စည်း များ ကို ဒြပ်နှောအတွင်းမှ ထုတ်နုတ်ယူ၍ မရပေ။ ထိုးဆေးနှင့် ဆေးဝါးကဲ့သို့သော ပစ္စည်းများ ဖြစ်သည်။

ပစ္စည်းအမျိုးကို ကမ္ဘာပေါ်တွင် ထုတ်လုပ်နိုင် သည်ထက် ဟင်းလင်းလင်းပြင် အာကာသ၌ သက်သာစွာဖြင့် ထုတ် လုပ်နိုင်၏။ စရိတ်စက သက်သာသည့်အတွက် သို့မဟုတ် အရည်အသွေးကောင်းမွန်းသည့်အတွက်ဖြစ်နိုင်သည်။ ဥပမာ အစိုင်အခဲအခြေအနေရှိသော အီလက်ထရွန်းနစ် ကိရိယာများ အတွက် ပုံဆောင်ခဲအချို့ကို အာကာသတွင် လုပ်မည်ဆိုပါက ကမ္ဘာပေါ်တွင် ထုတ်လုပ်သည်ထက် အရည်အသွေး ကောင်း ပြီး တန်ဖိုးလည်း နည်းပါးမည် ဖြစ်သည်။

အာကာသတွင် ကြီးမားသော အဆောက်အအုံများကို ပေါ့ပါးသော ပစ္စည်းအသုံးအဆောင်များဖြင့် ဆောက်လုပ်နိုင်၏။ အဘယ့်ကြောင့်ဆိုသော် ဆောက်လုပ်ရေးပစ္စည်းများကို ကွေးညွှတ်သွားစေနိုင်သော ကမ္ဘာ့ဆွဲအားမရှိခြင်းကြောင့် ဖြစ်သည်။ ပင့်ကူအိမ်ကဲ့သို့သော ကြီးမားသည့် အင်တင်နာကောင်းကင်ကြိုး ကြီးများကိုလည်း အာကာသ ဝန်းပတ်လမ်းကြောင်းအတွင်း၌ တည်ဆောက်နိုင်၏။ ယင်းကဲ့သို့သော အဆောက်အအုံများကို ကမ္ဘာပေါ်တွင် တည်ဆောက်မည်ဆိုပါက ၎င်း၏ အလေးချိန်ကြောင့်ပင် ပြိုပျက်ယိုင်လဲ၍ သွားနိုင်သည်။ ထို့ပြင် အာကာသတွင် ဆောက်လုပ်သောမည်သည့် စက်ရုံ၊ သို့မဟုတ် မည်သည့်ဆောက်လုပ်ရေးအခြေခံစခန်းမဆို ကမ္ဘာ့သဘာဝ ဘေးအန္တရာယ်များဖြစ်သည့် မြေငလျင်၊ လေမုန်တိုင်းနှင့် မိုးသက်မုန်တိုင်းတို့၏ ဒဏ်မှ ကင်းလွတ်မည်ဖြစ်သည်။

အလေးချိန်မဲ့မှုသည် လုပ်သားအများ လွယ်လင့် တကူ သွားလာလှုပ်ရှားနိုင်ပြီး၊ ဆောက်လုပ်ရေးကိရိယာများလည်း အလွယ်တကူ ပြောင်းရွှေ့ပေးနိုင်သည်။ မိုးလေဝသရာသီဥတု မရှိသည့်အတွက်လည်း ကြီးမားသော အဆောက် အအုံများ တနေရာမှ တနေရာသို့ ပြောင်းရွှေ့ရာတွင် အဟန့်အတားများ မရှိခဲ့ပေ။ တနည်းဆိုသော် လူသားအများနားလည်ထားသည့် ကမ္ဘာ့ပေါ်မှ လုပ်ငန်းခွင်များအား ရပ်နားသွားစေမည့် အကြောင်းရင်းများ လုံးဝမပေါ်ပေါက်ပေ။ အာကာသ လုပ်သားများအတွက်လည်း ၂၄ နာရီတချက်တွင် အလုပ်ဆိုင်း ၃ ဆိုင်းခွဲ၍ လုပ်ဆောင်ရေးမှာ သာမန် လုပ်ရိုးလုပ်စဉ် ကဲ့သို့ပင် ဖြစ်၍နေပေမည်။

www.burmeseclassic.com

www.burmeseclassic.com

အာကာသအတွင်း၌ ရူပဗေဒနှင့် ပါဏဗေဒဆိုင်ရာ သုတေသန လုပ်ငန်းများကို ယခုလက်ရှိပညာရှင်များ စိတ်ကူးယဉ်ခဲ့သကဲ့သို့ လွယ်ကူစွာ လုပ်ဆောင်နိုင်ပေမည်။ အာကာသဆေးရုံတွင်လည်း သုတေသနဆိုင်ရာ ပစ္စည်းစုံရှိမည်ဖြစ်ပြီး သမိုင်းစဉ်တွင် တကြိမ်တခါမျှ လုပ်ဆောင်ခဲ့ဘူးခြင်း မရှိသေးသည့် ရောဂါရှာဖွေရေး လုပ်ငန်းများကိုပင် လုပ်ဆောင်မည်ဖြစ်သည်။ အာကာသ ဆေးဝါးများသည် ပျိုမျစ်မှု၏ အရင်းအမြစ်ကို သဘောပေါက်စေမည်ဖြစ်ပြီး၊ သက်တမ်း တိုးစေရန်၊ ရောဂါမဖြစ်ပွားစေရန်နှင့် အစဉ်ကျန်းမာစေရန်လည်း ဖန်တီးပေးမည်ဖြစ်သည်။

အာကာသသည်လေဟာနယ်နီးပါးတမျှဖြစ်နေခြင်းကြောင့် အနှောင်အဖွဲ့ဟူ၍ မရှိ။ ဤသို့သော လေဟာနယ်မျိုး ကမ္ဘာပေါ်တွင် ဖန်တီးယူဆောင်၍ မရပေ။ အာကာသတွင်း၌ လေးလံသော အီလက်ထရွန်နစ်ကိရိယာများ ထားမည်ဆိုပါက အဖုံးအအုပ်များပင် တပ်ဆင်စရာမလို ပစ်ထားနိုင်သည်။ ကမ္ဘာပေါ်တွင် နှစ်အတန်ကြာက အသုံးပြုခဲ့သော လေဟာပြွန်ကို အာကာသတွင် အသုံးပြုမည် ဆိုပါက ပြွန်တပ်စရာ မလိုတော့ပေ။ အသံဗလံများအား သယ်ဆောင်နိုင်သည့် ကြားခံ အရာများ မရှိသည့်အတွက် အသံတခုချင်း သီးသန့်ခွဲထုတ်နိုင်သော အလားအလာ မည်မျှရှိသည်ကို ယခု မသိရှိရသေးဖြစ်သည်။

ဟင်းလင်းပြင် အာကာသမှာ ခန့်မှန်း၍မရနိုင်အောင် ကြီးမားကျယ်ပြန့်လှသည်။ ၎င်းအတွင်းသို့ အပူရှိန်များ၊ စွန့်ပစ်ပစ္စည်းများ၊ ဘေးအန္တရာယ်ရှိသောအရာများကို အကန့်အသတ်မရှိ စွန့်ပစ်နိုင်သည်။ သိုလှောင်ခန်းအတွက်လည်း မပူမပင်ရ။

ကုန်ကျစရိတ်မရှိပဲ ပစ်ထားနိုင်သည်။ ပစ္စည်းများအား အာကာသ ဝန်းပတ်လမ်းကြောင်းအတွင်း ထားရှိမည်ဆိုပါက အပျက်အစီး မရှိ သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းစွာ အချိန်အကန့်အသတ်မရှိ တည်ရှိနေပေမည်။

အကယ်၍ လေထုနှင့် ရေထု ညစ်ညမ်းစေနိုင်သော စက်မှုလုပ်ငန်းများအား အာကာသအတွင်း ပြောင်းရွှေ့မည် ဆိုပါက ကမ္ဘာ့လေထုညစ်ညမ်းမှု အတူးပင်လျော့ပါးသွားပေမည်။ အသုံးမလိုသောအပူရှိန်များကို အာကာသအတွင်း စွန့်ပစ်မည်ဆိုပါက ယင်း အပူရှိန်များသည် လေဟာနယ်အတွင်းသို့ မည်သည့် အရာကိုမှ အန္တရာယ်မပြုပဲ ပျံ့နှံ့သွားမည် ဖြစ်သည်။ အန္တရာယ်ပြုနိုင်သော စွန့်ပစ်ပစ္စည်းများကိုမူ ကမ္ဘာပတ် လမ်းကြောင်းအတွင်း အချိန် အကန့်အသတ်မရှိထားခြင်း၊ သို့မဟုတ် ကမ္ဘာ့အနီးဝန်းကျင်သို့ ပြန်လည်ရောက်ရှိမလာနိုင်သော ဒေသဆီသို့ လွှတ်တင်ခြင်း စသည်တို့ကို ပြုလုပ်နိုင်သည်။ ထို့ပြင် စွန့်ပစ် ပစ္စည်းများအား ကမ္ဘာဘက် ပြန်မလာနိုင်စေရန် နေ အဖွဲ့အစည်းထက် ကျော်လွန်၍ နေအား ပါရာဗလာဝန်းပတ်လမ်းအတိုင်း ဝန်းပတ်နေမည့်ဒေသသို့ တင်လွှတ်နိုင်သည်။

အာကာသအတွင်း၌ နေခြည်စွမ်းအင်ကို အကန့်အသတ်မဲ့စွာ ကုန်ကျစရိတ်မရှိပဲ ရရှိနိုင်၏။ အမေရိကန်ပြည်ထောင်စုမှ လွှတ်တင်သော ဂြိုဟ်တုအားလုံး နီးနီးသည် အလကားရသည့် နေခြည်စွမ်းအင်ကို အသုံးပြုခဲ့ကြသည်။ နေခြည်စွမ်းအား အများအပြား ရနိုင်ခြင်းကြောင့် နောက်လာမည့် ရာစုနှစ်အတွင်း၌ ကမ္ဘာ့စွမ်းအင်ပြဿနာကိုပင် ဖြေရှင်းပေးနိုင်ပေလိမ့်မည်။ ဤအချက်နှင့်ပတ်သက်၍ နောက်ပိုင်းတွင် ရေးသား ဖော်ပြပါမည်။

www.burmeseclassic.com

နောက်ဆုံးတင်ပြလိုသည်မှာ ဟင်းလင်းပြင် ကာကာသ၌ ထာဝရရှေ့လျှားမှု ဖြစ်ပေါ်နိုင်သည်ဟူသောအချက်ဖြစ်သည်။ အာကာသ၌ အရာဝတ္ထုများ၏ ရွေ့လျှားမှု နှေးကွေးအောင် ပြုလုပ်နိုင်သည့် လေထုနှင့် အခြားသောစွမ်းအားများ မရှိခြင်းကြောင့် ရွေ့လျှားနေသော အာကာသစက်ရုံသည် မပြတ်ပင် ရွေ့လျှားနေပေမည်။ လှုပ်ရှားနေသော အစိတ်အပိုင်းများ အပေါ် အမှီပြုနေရသည့် စက်သည်ပတ်မှုမှာလည်း မည်သည့် အချိန်မှ ရပ်နားသွားမည် မဟုတ်ပေ။ အာကာသယာဉ် သို့မဟုတ် အာကာသ အလုပ်စခန်းတို့ ဝန်းပတ် လမ်းကြောင်း အတွင်း၌ တည်ဆောက်ပြီးစီးပါက ၎င်းတို့ကို ယင်းဒေသ၌ ဆက်လက်တည်ရှိနေစေရန် စွမ်းအင်အနည်းငယ်သာ အသုံးပြုရပေမည်။ ၁၉၇၀ ခုနှစ်များ ကုန်ဆုံးချိန်လောက်တွင် ကမ္ဘာအား ဝန်းပတ်နေခဲ့သော 'လေးဂိုး(စ)' အာကာသယာဉ်သည် နှစ်ပေါင်း ၈ သန်းခန့်ကြာသည်အထိ သက်တမ်းရှိမည် ဟု ခန့်မှန်း ခဲ့ကြသည်။

အာကာသစက်မှုလက်မှုထူထောင်နိုင်ရေးအတွက် များပြားလှစွာသော အလားအလာများဖြစ်ထွန်းလာစေရန် အာကာသလွန်းပျံယာဉ်က လမ်းဖွင့်ပေးခဲ့သည်။ ပဏာမပစ္စည်းထုတ်လုပ်ရေး သုတေသန စမ်းသပ်ချက်များကို အပိုလိုအာကာသယာဉ်၊ စကိုင်းလက်(ဘ) အာကာသဓာတ်ခွဲခန်းနှင့် အပိုလိုဆိုယု စစ်ဆေး စမ်းသပ်ရေး စီမံကိန်းတို့ဖြင့် ပြုလုပ်ခဲ့ကြသည်။ ရုရှလူမျိုးများသည် ဆယ်လု-အာကာသယာဉ်အပေါ်၌ ပဏာမစမ်းသပ်မှုများ ကျယ်ပြန့်စွာလုပ်ဆောင်နိုင်ခဲ့ကြသည်။

အာကာသလွန်းပျံယာဉ်နှင့် အာကာသဓာတ်ခွဲခန်း တို့ လုပ်ငန်းခွင် ဝင်နိုင်သည့်အခါတွင် ရွှေဆောင်ပစ္စည်း ထုတ်လုပ်ရေး

စက်ရုံငယ်ကလေးများ အာကာသတွင် အကန့်အသတ်မြင်း လည်ပတ်နေကြမည်ဖြစ်သည်။ အာကာသ၌ စီးပွားဖြစ်လုပ်ငန်းများ လုပ်ဆောင်ရေးအတွက် အလားအလာမှာ မင်ဟက်တန်ကျွန်းသို့ ပထမဆုံး ရောက်ရှိလာကြသော ခရီးသွားဧည့်သည်များ ရွှေရေး ကြိုတင်မခန့်မှန်းနိုင်သလို မည်သူမှ ခန့်မှန်း နိုင်မည်မဟုတ်ပေ။

ကုန်လွန်ခဲ့သော အနှစ် ၂၀ ကို ပိုင်းခြားဝေဖန်ကြည့်ပါက နောင်တွင် အာကာသအတွင်း လုပ်ဆောင်မည့် စီးပွားဖြစ်လုပ်ငန်းများအတွက် တနှစ်လျှင် ဒေါ်လာသန်းနှင့်ချီ၍ အသုံးပြုမည်မှာ သေချာမလွဲဖြစ်သည်။ လက်ငင်းဖြစ်ပေါ်နေသည်တို့ကို ဆန်းစစ်ပါက အာကာသ၌ အီလက်ထရွန်နစ် ပစ္စည်းများနှင့် ဆေးဝါးများကို ပထမဦးဆုံးစီးပွားဖြစ် စတင် ထုတ်လုပ်ကြမည်မှာ သေချာသလောက်ပင်ဖြစ်သည်။

အရေးပါသော လုပ်ငန်းရပ် ၂ ခု ဖြစ်သည့် အာကာသ၌ အလုပ်လုပ်ကိုင်ခြင်းနှင့် အဆောက်အအုံများ တည်ဆောက်ခြင်းတို့သည် အာကာသ စက်မှုလက်မှု ထူထောင်ခြင်း လုပ်ငန်း ဆက်လက် လုပ် ဆောင် ရမည့် အတိုင်း အတာကို သတ်မှတ် ပေးမည် ဖြစ်သည်။ ထို့ပြင် လုံခြုံ စိတ်ချ ရပြီး စွန့်ပစ် ပစ္စည်းများကို ရေရှည်ထုတ်လွှတ်ပစ် နိုင်ခြင်းနှင့် နေခြည် စွမ်းအင် အခမဲ့ရရှိခြင်းတို့အပေါ်၌လည်း တည်သည်။ အခမဲ့ ပစ္စည်းများသိုလှောင်နိုင်ခြင်း၊ ပြည်မအစိုးရဆိုင်ရာ စွန့်ပစ်ပစ္စည်း စွန့်ပစ်ရေးနည်းဥပဒေမရှိခြင်းနှင့် စွမ်းအင် အကန့်အသတ်မရှိ ရရှိနိုင်ခြင်း စသည့်အချက်တို့ကြောင့် မည်သည့်ကုမ္ပဏီမှ အာကာသသို့ သွားရောက် မလုပ်ကိုင်လိုသောဆန္ဒ ရှိမည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

ကနဦးပိုင်းတွင် အာကာသလွန်းပျံယာဉ်၏ပစ္စည်းတင်အခန်း၌ တင်ဆောင်လာနိုင်သော ပစ္စည်းကိရိယာများမှ ထုတ်လုပ်သော အသုံးအဆောင်ပစ္စည်းများကိုသာ ထုတ်လုပ်မည် ဖြစ်သည်။ ပစ္စည်းများသည် ကမ္ဘာမြေသို့ လွန်းပျံအာကာသယာဉ်ဖြင့် သယ်ဆောင်သွားရမည် ဖြစ်သဖြင့် သေးငယ်ရမည် ဖြစ်သည်။ နောက်ပိုင်းတွင် ကမ္ဘာ့အနီး ဝန်းပတ်လမ်းကြောင်းအတွင်း၌ တည်ရှိပြီး အာကာသလွန်းပျံယာဉ်ဖြင့် ပြုပြင်မွမ်းမံနိုင်သော အဆောက်အအုံများ တည်ဆောက်မည် ဖြစ်သည်။ ယင်း ကဲ့ သို့ သော ကြီးမားသည့် အဆောက်အအုံများမှ အာကာသ စက်မှုလက်မှု ထူထောင်ခြင်း၏အသီးအပွင့်များဖြစ်သည့် အဓိကပစ္စည်းကိရိယာများ ပထမဦးဆုံး ပေါ်ထွက်လာမည်ဖြစ်သည်။ ၁၉၉၀ ခုနှစ်များ၏ ကနဦးကာလတွင် လုံး၀ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ပုဂ္ဂလိကကုမ္ပဏီများ၏ စီးပွားရေးဆိုင်ရာ အဆောက်အအုံများ ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌တည်ရှိနေမည်မှာ မလွဲဖြစ်သည်။

စမ်းသပ် လုပ်ဆောင်မည့် သုတေသန လုပ်ငန်း များ တွင် လေတွင်ပြန့်လွင့်နေခိုက် အရည်ပျော်ခြင်း၊ သို့မဟုတ် အရည်ပျော်သတ္တုများသည်ထည့်ထား သည့်ခွက်၏ပုံစံကိုမလိုက်ပဲအခဲဖြစ်မှုအား လေ့လာရေးစသည်တို့လည်းပါဝင်သည်။အာကာသတွင် သတ္တုအချို့ပြန့်လွင့်နေခိုက် အရည်ပျော်အောင် ပြုလုပ်မည်ဆိုပါက ကမ္ဘာတွင်ပြုလုပ်သည်ထက် အခွင့်ထူးများစွာရရှိနိုင်သည်။ အထူးသဖြင့် ထည့်စရာခွက်များကြောင့် ဖြစ်ပေါ်သော မသန့်စင်မှုများ ပပျောက်နိုင်သည်။ ကမ္ဘာပေါ်တွင် မပြုလုပ်နိုင်သည့် သတ္တုရောများကို အာကာသတွင် အလွယ်တကူ ပြုလုပ်နိုင်မည်ဖြစ်ပြီး၊ လိုအပ်သော ပုံသဏ္ဍာန်ကိုလည်း

အပြစ်အနာအဆာမရှိ ချောသက်သာစွာဖြင့် အလွယ်တကူပြုလုပ်နိုင်မည်လည်းဖြစ်သည်။

အရည်ပျော်သတ္တုများကို အပူပေးအခွေဖြင့် ပူအောင်ပြုလုပ်ပြီး၊ အာကာသလွန်းပျံယာဉ်၏ ဝန်းပတ်ယာဉ်မှ အဝေးထိန်း လက်အတုဖြင့် ကိုင်တွယ်လုပ်ဆောင်မည်ဖြစ်သည်။သတ္တုရောများ၊ သို့မဟုတ် အရည်ပျော်နေသော သတ္တုများအတွင်းသို့ ဓာတ်ငွေ့များ ပေးသွင်းမည်ဆိုပါက သာမန်သတ္တုများထက် အရည်အသွေးကောင်းသော အရာဝတ္ထုများရနိုင်သည်။ ဥပမာ– ဘော်လ်ဆာ သစ်သားကဲ့သို့ ပေါ့ပါးသော သံမဏိများ၊ ကမ္ဘာပေါ်တွင် ထုတ်လုပ်၍မရနိုင်သော ဖန်သားများနှင့် သံမဏိများ စသည်တို့ဖြစ်သည်။

ကမ္ဘာပေါ်ရှိ အီလက်ထရွန်နစ် ကိရိယာများတွင် အသုံးပြုသည့်ပုံဆောင်ခဲတို့ကို လိုအပ်သလို အရွယ်အစားများ မပြုလုပ်နိုင်ပေ။ တခါတရံ သေးငယ်သော ကွဲအက်ကြောင်းများနှင့် မသန့်စင်မှုများကြောင့် သုံးမရဖြစ်ခဲ့ကြရသည်။ ထို့ပြင် ကုန်ကျစရိတ်ကလည်း ကြီးလေးလွန်းသည်။ အကယ်၍ ပုံဆောင်ခဲများကို အာကာသတွင် ပြုလုပ်မည်ဆိုပါက ထည့်စရာခွက်ကြောင့်ဖြစ်ပေါ်သော မသန့်စင်မှုများပပျောက်သွားပေမည်။ သတ္တုသားများလည်းအညီအမျှ ပြန့်နှံ့နေမည်ဖြစ်သည်။ထို့ပြင် ဆွဲအားမဲ့ ဒေသတွင် ပြုလုပ်ခြင်းဖြစ်သဖြင့် လိုအပ်သလောက် ကြီးကြီးမားမား ပြုလုပ်ယူနိုင်သည်။ စီလီကွန် ပုံဆောင်ခဲများ ထုတ်လုပ်သည့်အာကာသစက်ရုံတရုံတွင် ပစ္စည်းများကိုစက်ဖြင့် အလိုအလျောက်ထုတ်လုပ်မည်ဖြစ်ပြီး၊ လိုအပ်သောဓာတ်အားကိုလည်း နေခြည်ဓာတ်အိုးများမှ ရယူမည်ဖြစ်သည်။ ထို့နောက် အာကာသ လွန်းပျံယာဉ်သည် အာကာသ စက်ရုံသို့

www.burmeseclassic.com

www.burmeseclassic.com

ကုန်ကြမ်းများပို့ပြီး၊ ကုန်ချောများ ယူရန် အချိန်မှန် သွားရောက်မည်ဖြစ်သည်။

အာကာသတွင် ထုတ်လုပ်သော အပြစ် အနာအဆာမဲ့ ပုံဆောင်ခဲများ နောင် ၁၂ နှစ်ခန့်ကြာလျှင် ပေါ်ပေါက်လာမည်ဟု ဂျင်နရယ်အီလက်ထရစ် ကုမ္ပဏီ၏ လေ့လာခန့်မှန်းမှုအရ သိရှိနိုင်သည်။ တချိန်တည်း၌ပင်ပုံဆောင်ခဲနှင့်အလားတူ နယ်ပယ်တို့တွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ လုပ်ဆောင်ရာမှ ကွန်ပျူတာစက်ကိရိယာ အစိတ်အပိုင်းသစ်များနှင့် ဆေးကုသရေးတွင် အသုံးဝင်မည့် အလွန်တရာသေးငယ်သော အစိတ်အပိုင်းကလေးများ ထုတ်လုပ်ရေးကို လမ်းညွှန်ပေးမည်ဟု ခန့်မှန်းရသည်။

အာကာသတွင် လုပ်သောမှန်သည် ပုံသွင်းခွက်နှင့် တွေ့ထိခဲ့သော်လည်း ညစ်ညူးမှုနှင့်ဝါးမှု ဖြစ်မည်မဟုတ်ပေ။ ကမ္ဘာပေါ်တွင် မှန်ရည်မခဲမီ ညစ်ညူးမှုဖြစ်ပါက ပုံဆောင်ခဲအဖြစ် ပြောင်းလဲသွားပေမည်။ ထို့ပြင် အာကာသ၌ ပစ္စည်းများ ထုတ်လုပ်ရာတွင် ပိုမိုမြင့်မားသော အပူချိန်များကို အသုံးပြုနိုင်သည်။ အာကာသတွင် ထုတ်လုပ်သောမှန်သားသည် မှန်ပြောင်းနှင့် မှန်ဘီလူးတို့၏ အလင်းပုံစံများကို ပိုမိုကောင်းမွန်အောင် ဖန်တီးပေးမည် ဖြစ်သည်။ ကင်မရာများအတွက် မှန်ဘီလူးများလည်း အာကာသ မှန်သားဖြင့် ပြုလုပ်ပါက ဓာတ်ပုံများ ယခုထက်ကြည်လင် ပြတ်သားလာမည်ဖြစ်သည်။

အနာဂတ်တွင် အာကာသ ဆေးပညာနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန် အခွင့်အလမ်း များစွာ ပေါ်ပေါက်လာမည်ဖြစ်သည်။ အဆုံးမသတ်နိုင်သော အလားအလာများလည်း ရှိနေသည်။ ဥပမာ- လျှပ်စစ်ကွင်း အမှုန်

ရွေ့ခြင်းနည်းသည် အာကာသ၌ အထူးအစွမ်းထက်မည့် စိစစ်သရုပ်ခွဲမှုတရပ်ဖြစ်လာပေမည်။ လျှပ်စစ်ကွင်း အမှုန်ရွေ့ခြင်းဆိုသည်မှာ အစိုင်အခဲတခု၏ အမှုန်များ အရည်တွင် ဆိုင်းကြနေပါက ၎င်းဆိုင်းကြွအရည်ကို လျှပ်စစ်စက်ကွင်း သက်ရောက်စေသော် အမှုန်များ လျှပ်စစ်ဖိုဓာတ် သက်ဝင်သော အဲနိုတ်ဆီသို့လည်းကောင်း၊ သို့မဟုတ် လျှပ်စစ်မဓာတ် သက်ဝင်သော ကသုတ်ဆီသို့ လည်းကောင်း ရွေ့လျား သွားလာ ခြင်းကို ဆိုလိုသည်။

လျှပ်စစ်ကွင်း အမှုန် ရွေ့ခြင်းဖြင့် အိုင်ဆိုဇိုင်း များကို ခွဲထုတ်ယူ၍ လေ့လာနိုင်သည်။ ကျွန်ုပ်တို့၏ ဇီဝတွင်းဖြစ်ပျက်အစဉ်ကို ထိန်းချုပ်ကြိုးကိုင်သည့် အင်ဇိုင်း ၂၀၀၀ ခန့်ရှိသည်အနက် ၁၀၀ ခန့်မှာ အိုင်ဆိုဇိုင်းဓာတ်ရောများဖြစ်ကြသည်။ အကယ်၍ အိုင်ဆိုဇိုင်း အုပ်စုကိုခွဲထုတ်၍ လေ့လာနိုင်မည် ဆိုပါက ကိုယ်ခန္ဓာ၏ ဖောက်ပြန်မှု များနှင့် သွေးလွှဲမှု များကို ယခုလက်ငင်း အသုံးပြုနေသော စိစစ်သရုပ်ခွဲ နည်းစနစ်များထက် စော၍ သိရှိနိုင်မည်ဖြစ်သည်။

ဆေးဝါးများဘက်တွင်လည်း အာကာသမှ ရရှိမည့် အမိအ အကျိုးကျေးဇူးတခုမှာ အစွမ်းထက်သော "ယူရိုကိုင်နေ့"များ ထုတ်လုပ်နိုင်မည့် အရေးပင်ဖြစ်သည်။ ယူရိုကိုင်နေ့ဆိုသည်မှာ ကျောက်ကပ်အတွင်းရှိ သေးငယ်သည့် ဆဲလ်အုပ်စုမှ ဖန်တီးပေးသော ဓာတ်ပြောင်းကူဝတ္ထုပင်ဖြစ်သည်။ ၎င်းသည် သွေးမခဲစေရန် ဖန်တီးနိုင်ပြီး ရွေထက်ပင်ကန်ဖိုးကြီးလေသည်။ ဆေးတခွက်စာရဖို့အတွက် ကျင်ငယ်ရည် တတန်လိုအပ်သည်။ ထို့ကြောင့် ကုန်ကျစရိတ်မှာ ဒေါ်လာ ၁,၂၀၀ အထိ ဖြစ်လာသည်။ ယူရိုကိုင်နေ့များ အစိုင်အခဲအလိုက် လိုအပ်ပါက

လျှပ်စစ်ကွင်းအမှုန်ရွေ့ခြင်းနည်းကို အသုံးပြုနိုင်သည်။ ကုန်ကျ
စရိတ်လည်း အထူးပင် နည်းပါးလာမည်ဖြစ်သည်။

အာကာသ၏ အနာဂတ်ဖွံ့ဖြိုးမှုတခုမှာ ခရီးသွားလာရေး
လုပ်ငန်းဖြစ်ပေမည်၊ အာကာသယာဉ်မှူး မဖြစ်နိုင်သူများ
နှင့် အာကာသလွန်းပျံယာဉ်နှင့်အတူ ခရီးစဉ်ကျွမ်းကျင်သူ၊ သို့
မဟုတ် ကုန်ပစ္စည်းတင်ဆောင်ရေး ကျွမ်းကျင်သူအဖြစ် လိုက်
ပါနိုင်ခွင့်မရသူများအတွက်တကယ့်အခွင့်ထူးကြီးပင်ဖြစ်သည်။
ကွန်ကော့(ဒ)လေယာဉ်စီးရန် ဒေါ်လာ ၂,၀၀၀ သုံးစွဲလိုသူ
သို့မဟုတ် ကမ္ဘာပတ် ခရီးနှင်နိုင်ရန် ဒေါ်လာ ၁၀,၀၀၀
သုံးစွဲနိုင်သူများသည် နောင်အနှစ် ၂၀ အတွင်း၌ ကမ္ဘာ့အနီး
ဝန်းပတ်လမ်းကြောင်းအတွင်း၌ အပျော်ခရီးထွက်နိုင်ကြမည်
ဖြစ်သည်။

အကယ်၍ အာကာသ ခရီးသွားလာရေးကို စီးပွားဖြစ်
လုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်ပြီ ဆိုပါက ခရီးသွား လာ ရေး
လုပ်ငန်းအား အထောက်အကူပြုသည့် ကုန်သွယ်ရေးနှင့် စက်
မှုလုပ်ငန်းများ မလွဲမသွေ လုပ်ဆောင်လာမည် ဖြစ်သည်။
ယခုရာစုနှစ် မကုန်မီတွင် ကမ္ဘာ့အနီးဝန်းကျင် အာကာသ
ဟီလ်တန်ကဲ့သို့သော ဟိုတယ်များ ပေါ်ပေါက်လာနိုင်သည်
ဟူသောအချက်မှာ မယုံနိုင်စရာမဟုတ်ပေ။ သို့သော် နောက်
ရာစုနှစ် အလယ်လောက်တွင် ပေါ်ပေါက်လာမည်မှာ မလွဲဖြစ်
သည်။ အာကာသ ခရီးသွားလာရေးလုပ်ငန်းမှာ အ ချိန် တန်
လျှင် ပေါ်ပေါက်လာမည်ဖြစ်သည်။ အာကာသအား လူသား
များ အောင်နိုင်ခဲ့သည်မှာမကြာလှသေးပေ။ တနည်းဆိုသော်
လေထုထက်လေးသောလေယာဉ်ကို ဝရိုက်ညီနောင်သည် ထေ

တုထဲတွင် ပျံသန်းနိုင်ရန် ကြံဆောင် ခဲ့ သည် မှာ ၇၅-နှစ်
ကျော်ကျော်သာ ရှိသေးသည်။ ထိုစဉ်က လေယာဉ်သည် လေ
ထုထဲ၌ အချိန် ၁၂ စက္ကန့်သာ ပျံသန်း နိုင် ခဲ့ ပြီး လက် ရှိ
အာကာသလွန်းပျံယာဉ်၏ အလျားထက် ၂ ပေ လျော့သော
ခရီးကိုသာသွားနိုင်ခဲ့သည်။ နောင် ၇၅ နှစ်ကြာလျှင် အလား
တူ တိုးတက်မှုမျိုး ဖြစ်ထွန်းလာမည်မှာ မလွဲဖြစ်သည်။

အနာဂတ်တွင် ပိုမိုရှုပ်ထွေး၍ ခေတ်မီသော ဂြိုဟ်တု များ
အား ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ တင်ပို့ပေးမည့် အစီ
အစဉ်များအပြင် အာကာသလွန်းပျံယာဉ်နှင့်အတူ တွဲဖက်၍အ
သုံးပြုမည့်ဂြိုဟ်တုစနစ်သစ်တခုကိုလည်းပြုလုပ်ရန်လေ့လာလျက်
ရှိသည်။ ယင်းစနစ်သစ်မှာ "လွန်းပျံယာဉ်ဖြင့် ကြိုးဆွဲ ဂြိုဟ်တု
စနစ်" ပင် ဖြစ်သည်။ ကုန်ပစ္စည်းအဖြစ် တင်ဆောင်လာသော
ဂြိုဟ်တုကို အာကာသလွန်းပျံယာဉ် ကုန်တင်ခန်းမှနေ၍ လိုရာ
သို့ ရောက်အောင် ကြိုးဖြင့်ဆွဲယူမည် ဖြစ်သည်။ ကြိုး၏ အရှည်
မှာ ၆၂ မိုင်ခန့်ရှိမည်ဖြစ်သည်။ ကြိုးဆွဲဂြိုဟ်တုစနစ်ဖြင့် ကမ္ဘာ့
သံလိုက်စက်ကွင်းဘိုင်းထွားခြင်းနှင့် လေထုအထက်လွှာ စူးစမ်း
ခြင်း စသည်တို့ကို ပြုလုပ်နိုင်မည်ဖြစ်သည်။ အာကာသလွန်းပျံ
ယာဉ်သို့ ခရီးသွားလာမှု အကြိမ်ကြိမ် ပြုလုပ်နိုင်မည်ဖြစ်သည်။
ထို့ပြင် ယင်းစနစ်သည် ပစ္စည်းများသယ်ဆောင် ပေးခြင်းနှင့်
ကြီးမားသော အာကာသအဆောက်အအုံများ တည်ဆောက်
ရာ၌ အကူအညီပေးခြင်း စသည်တို့ကို လုပ်ဆောင် ပေးကာ
အာကာသတွင်း စက်မှုလက်မှုထူထောင်ခြင်းကို အထောက် အ
ကူပြုမည် ဖြစ်သည်။

အနာဂတ် အာကာသတွင်း စက်မှုလက်မှု ထူထောင်ခြင်း၏
အဓိက သော့ချက်တခုမှာ ၂၅ ကီလိုဝပ်နှင့် ၎င်းထက် ကြီး

www.burmeseclassic.com

www.burmeseclassic.com

သောအင်အား မေဝ်ဂျူးများပင် ဖြစ်သည်။ ယင်းမေဝ်ဂျူးအကြောင်းကို ပြီးခဲ့သည့် အခန်းတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ အင်အား မေဝ်ဂျူး များနှင့် အတူ လူနေ မေဝ် ဂျူး များ၊ သို့မဟုတ် အာကာသစခန်းများသည် အာကာသဆေးရုံများ၊ ခရီးသည်များအတွက် ဟိုတယ်များနှင့် အာကာသစက်ရုံမျိုးစုံတို့ ပေါ်ပေါက်လာရေးအတွက် လမ်းထွင်ပေးသကဲ့သို့ရှိသည်။ ဖော်ပြပါ လုပ်ငန်းရပ်များ မပြီးဆုံးမီ၌ ပထမ ဦး ဆုံး သော လူနေအာကာသစခန်းအား အနာဂတ် အဆင့်မြင့် အာကာသစက်မှုနည်းပညာ စမ်းသပ်နိုင်ရေးအတွက် ဆောက်လုပ်ရေး အမြေခံစခန်းအဖြစ် အသုံးပြုမည် ဖြစ်သည်။

အာကာသဖွံ့ဖြိုးရေး ကနဦးကာလတွင် အချင်း ၁၆၅ ပေခန့်သာရှိသော သေးငယ်သည့် အဆောက်အအုံများ လိုအပ်မည်ဖြစ်သည်။ ၁၉၇၅ ခုနှစ် မှ ၁၉၉၂ ခုနှစ် အတွင်း၌ ပေ ၂၀၀ မှ ၃၀၀ အထိရှိသော အဆောက်အအုံများလိုအပ်လာပေမည်။ နောင်ကာလများတွင်လည်း နေခြည်စွမ်းအင်အများအပြား လိုအပ်လာမည့်အတွက် အချင်းမိုင် အနည်းငယ်ကျယ်သော အဆောက်အအုံများ လိုအပ်လာမည် ဖြစ်သည်။

အနာဂတ် အာကာသ အစီအစဉ်၏ တစိတ် တဒေသတွင် ကြီးမားသော အာကာသ အဆောက်အအုံ သုံး မျိုး သုံး စား တည်ဆောက်ရေး ပါဝင်သည်။ ၎င်း တို့မှာ ဆေး ပြင်း လိပ်သဏ္ဍာန်၊ ပန်းကန်ပြားသဏ္ဍာန်နှင့် ပြင်ညီမျက်နှာပြင်ရှိပုံစံများ ဖြစ်သည်။ ပန်းကန်ပြားသဏ္ဍာန် အဆောက်အအုံကို ကမ္ဘာနှင့်လည်းကောင်း၊ အလှမ်းကွာသော အာကာသ အတွင်းနှင့်လည်းကောင်း ဆက်သွယ်နိုင်ရန် ကမ္ဘာအား လေ့လာမှုများပြု

လုပ်နိုင်ရန်၊ ဂြိုဟ်နက္ခတ်များအား စူးစမ်းနိုင်ရန်၊ ကမ္ဘာ့အပြင်၌ အသိဉာဏ်ကြွယ်ဝသော သတ္တဝါများ ရှိ မရှိ လေ့ လာ ရန် အင်အားထုတ်လုပ်ရန်နှင့် လွှင့်ထုတ်ပေးရန်အတွက် အသုံး ပြုမည်ဖြစ်သည်။ ဆေးပြင်းလိပ်သဏ္ဍာန် အဆောက်အအုံကို တည်နေရာများ ရှာဖွေရန်နှင့် ကြိမ်နှုန်းနိမ့် ဆက်သွယ်မှုများပြုလုပ်ရာတွင်အသုံးပြုမည်။ ပြင်ညီမျက်နှာပြင်ရှိအဆောက်အအုံများကိုမူ အင်အားထုတ်လွှင့်ရန် ဆက်သွယ်ရေးပြုလုပ်ရန်၊ ပုံတူလွှင့်ထုတ်မှုများ ပြုနိုင်ရန်နှင့် အာကာသရေဒါအဖြစ် အသုံးပြုရန်စသည်တို့တွင် အသုံးပြုမည် ဖြစ်သည်။

အချင်းပေ ၁၆၀ မှ ၆၄၀ ရှိ မြေကမ္ဘာ လေ့ လာ ရေး ပန်းကန်ပြားသဏ္ဍာန် အဆောက်အအုံသည် စိုက်ပျိုးရေး စီမံခန့်ခွဲရန်အတွက် အသုံးဝင်မည့် မြေဆီလွှာအစိုဓာတ် စာရင်းဇယားများကို ပထမဦးဆုံးအကြိမ်အဖြစ် ပေးပို့နိုင်မည် ဖြစ်သည်။ အလှမ်းဝေးသော အာကာသနှင့် ဆက်သွယ် နိုင်သည့် ပန်းကန်ပြားသဏ္ဍာန် အဆောက်အအုံသည် ဂြိုဟ်နက္ခတ်တာရာများအကြား၌သွားလာနေသောအာကာသယာဉ်များနှင့် ယခုဆက်သွယ်နေသော မြေပြင်၌ အခြေစိုက်ထားသည့် ဆက်သွယ်စခန်းများကို အစားထိုးမည် ဖြစ်သည်။ ၎င်းသည် အင်္ဂါဂြိုဟ်ပေါ်သို့ ကျရောက်သွားပြီး လှုပ်ရှားမှုများ ပြုနေသောယာဉ်များ၊ သောကြာဂြိုဟ်အနီး ဝန်းကျင်တွင် လှည့်ပတ် ပျံသန်းနေသော ယာဉ်များနှင့် ဆက်သွယ်နိုင်သည်။

အာကာသလွန်းပျံယာဉ်ဖြင့် သယ်ဆောင်ပြီး ကနဦးပိုင်းဆက်သွယ်ရေး စီမံကိန်းများအတွက် တည်ဆောက်မည့် ကြီးမားသော အဆောက်အအုံတို့တွင် ပုံသဏ္ဍာန် အမျိုးမျိုးတို့ ပါဝင်သည်။ ယင်းကိရိယာနှင့် အဆောက်အအုံများကိုအာကာ

www.burmeseclassic.com

www.burmeseclassic.com

သ၌ "တန်းစုပိုင် အင်တင်နာကောင်းကင်ကြိုး"တည်ဆောက်မှုထက် စော၍ စမ်းသပ်အသုံးချမှုများ ပြုမည်ဖြစ်သည်။တန်းစုပိုင် ကောင်းကင်ကြိုးတခုသည် အချင်းပေ ၂၀၀ နှင့် အလေးချိန်ပေါင် ၆၀,၀၀၀ ခန့်ရှိသည်။ လိုအပ်သည့် အင်အားကို နေခြည်ဓာတ်အိုးများမှရယူမည်ဖြစ်ပြီး ကမ္ဘာနှင့်ဆက်သွယ်ရာ၌ လူပေါင်း ၂ သန်းခွဲကို တဦးချင်း ဆက်သွယ်နိုင်အောင် ဆောင်ရွက်ပေးနိုင်သည်။

ဖော်ပြပါ ဆက်သွယ်ရေးစနစ်ထက် ပိုမိုခန့်ညားသောစနစ်တခုမှာ ပုဂ္ဂလိက ဆက်သွယ်ရေး "အာကာသ ကောင်းကင်ကြိုး"ပင်ဖြစ်သည်။ ၎င်း ကို အာကာသတွင် တည် ဆောက်ထားမည်ဆိုပါက ယင်းကဲ့သို့သော ဆက်သွယ်ရေး ကွန် ယက်သည် တယ်လီဖုန်းဆက်သွယ်မှု လုံးဝတခေတ်ဆန်းသွားစေရန် ဖန်တီးပေးမည်ဖြစ်သည်။ တယ်လီဖုန်းဖြင့် တိုင်းတပါးသို့ခေါ်လိုသည်ဖြစ်စေ၊ အိမ်ဘေးရှိ ပုဂ္ဂိုလ်တဦးဦးကို ခေါ်လိုသည်ဖြစ်စေ ဆက်သွယ်မှုမှာ အာကာသမှတဆင့် ပြုလုပ်ဆောင်ရွက်ပေးပေမည်။ စကားပြောလိုသူများသည် လက်ကောက်ဝတ်၌ ပတ်ထားသော တယ်လီဖုန်း သို့မဟုတ် လက်ဖြင့်ကိုင်တွယ်ထားရသော ဆက်သွယ်ရေးကိရိယာမှ လိုအပ်သောနံပါတ်ကို လှည့်၍ဖြစ်စေ၊ နှိပ်၍ဖြစ်စေ ပြုလုပ်ရုံသာရှိသည်။ အခေါ်ခံ ရသူမည်သည့်နေရာတွင် ရှိနေသည်ကို သိရန်မင်မလိုပေ။ လက်တွင် ပတ်ထားသော ဆက်သွယ်ရေးကိရိယာနှင့် ဆက်သွယ်မှုပြုနိုင်ရန် ကမ္ဘာ့မည်သည့် ဒေသနှင့်မဆို ဆက်သွယ်ယူမည်ဖြစ်သည်။ စကားပြောဆိုကြရာ၌လည်း ကြား ခံ အနှောင့်အယှက်နှင့် ဆူညံသံ များမှာ သာမန် အက်(ဗ) အင်(မ) ရေဒီယို၏ အသံလောက် သို့မဟုတ် ၎င်းထက်လျော့နည်း နေပေမည်။

ပုဂ္ဂလိကဆက်သွယ်ရေးဂြိုဟ်တုဆိုသည်မှာ သေးငယ်သော အင်တင်နာ ကောင်းကင်ကြိုးကို ဆိုလိုခြင်းမဟုတ်ပေ။ ဂြိုဟ်တုတွင် ၈၃ပေရှိ စွမ်းရည်ကောင်းသော အင်တင်နာကောင်းကင်ကြိုး ၃ ခု ပါရှိရာ ၎င်းတို့အတွက် နေခြည်ဓာတ်အားစုဆောင်းရန် ဒေသအကျယ် စတုရမ်း ပေ ၇၀,၀၀၀ ခန့် ပါရှိသည်။

ပုဂ္ဂလိကဆက်သွယ်ရေးဂြိုဟ်တုတင်လွှတ်စရိတ်များ ပြန်လည်ကောက်ခံ ရယူပြီးစီးသည့်အခါ၌ ယင်းစနစ်ဖြင့် ဆက်သွယ်မှုပြုပါက ကုန်ကျစရိတ်သည် လက်ရှိ ခရီးဝေးဆက်သွယ်ရေးစရိတ်ထက် သက်သာမည်ဖြစ်သည်။ အမေရိကတိုက်ကိုဖြတ်၍ တဦးနှင့် တဦး ဆက်သွယ်မှု ပြုလုပ်သည့်စရိတ်သည် မိုင်ငယ်ကလေးတခုမှ တခုသို့ ဆက်သွယ်သည့်စရိတ်လောက်ပင် အနည်းငယ်သာ ကုန်ကျမည်ဖြစ်သည်။ ပုဂ္ဂလိကဆက်သွယ်ရေးဂြိုဟ်တုသည် မည်သူမဆို လက်ရှိအိမ်သုံးတယ်လီဖုန်း၏ ကုန်ကျစရိတ်လောက်ဖြင့် "ဒေသကျယ်ပြန့်စွာ စကားပြောကြေးနန်းဆက်သွယ်ရေးစနစ်" မှ ကိုယ်ပိုင်လိုင်းတခုစီရရှိနိုင်အောင် ဖန်တီးပေးမည်ဖြစ်သည်။

ပုဂ္ဂလိကဆက်သွယ်ရေးမှ စိတ်လှုပ်ရှားဖွယ်ရာ ပေါ်ပေါက်လာနိုင်သော ကိစ္စရပ်တခုမှာ အိလက်ထရွန်နစ်စာပို့ဂြိုဟ်တုပင်ဖြစ်သည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စု စာပို့ဌာန၏ ဆောင်ပုဒ်အသစ်မှာ "မိုးရွာရွာ နှင်းထူထူ၊ ကြယ်ဥက္ကာပျံပင် ထန်ထန်၊ နှင်းမိုးသီးများပင် ကြွေကြွေ" ဟူ၍ဖြစ်လာပေမည်။ ကြီးမားသည့် ပင့်ကူသဏ္ဌာန် အိလက်ထရွန်နစ် စာပို့လုပ်ငန်း၏ အခန်းဆောင်ကို မြေပြင်၌ပင် စုစည်းတပ်ဆင်၍ ကမ္ဘာ့အဝန်းပတ်လမ်းကြောင်းအတွင်းသို့ အာကာသလွန်းပျံယာဉ်ဖြင့် တင်ပို့မည်ဖြစ်သည်။ နောက်ပိုင်း၌ ဝန်းပတ်ယာဉ်အား အခြေ

www.burmeseclassic.com

www.burmeseclassic.com

ခံ ဆောက်လုပ်ရေးစခန်းအဖြစ် အသုံးပြုကာ အီလက်ထရွန်နစ်စာပို့လုပ်ငန်းမှ အင်တင်နာကောင်းကင်ကြိုးကို စုစည်းတပ်ဆင်ပြီး လုပ်ငန်းဝင် ဝန်းပတ်လမ်းကြောင်းအတွင်းသို့ တင်ပို့မည်ဖြစ်သည်။ ဤသို့တင်ပို့ရာတွင် အဝေးထိန်းစနစ်ကို သုံးကာ ပစ္စည်းများ ပြန်လည်ရယူနိုင်သောစနစ်ကဲ့သို့ တွန်းအားနည်းပဲ့ထိန်းစနစ်ကို သုံးမည်ဖြစ်သည်။

အီလက်ထရွန်နစ်စာပို့လုပ်ငန်း အင်တင်နာသည် တူညီသည့် ဒေါက်များနှင့် ကျားကန်ချောင်းများဖြင့်ဖွဲ့စည်းတည်ဆောက်ထားကာ အာကာသအလုပ်စခန်းပေါ်၌တည်ရှိပြီး ကမ္ဘာမြေကြီး အထက် ၃၄၅ မိုင်အမြင့်မှ ဝန်းပတ်နေမည် ဖြစ်သည်။ အချင်း ပေ ၈၀၀ ရှိ အာကာသအလုပ်စခန်းတည်ဆောက်ရန် ဒေါက်အစုံပေါင်း ၂,၆၅၀ နှင့် ကျားကန်ချောင်း ၈ ခုတွဲ အစုံပေါင်း ၆၁၈ စုံဖြင့် တည်ဆောက်နိုင်သည်။ ယင်း အာကာသ စာပို့စခန်းသည် မြေပြင်ရှိ စာပို့စခန်း ၁,၂၇၄ ခုနှင့် စာတိုက်ပေါင်း ၃၀,၀၀၀ တို့ဖြင့် ဆက်သွယ်နိုင်ပြီး၊ တနှစ်လျှင် စာပေါင်း ကုဋေတသောင်းခန့်ကို ပေးပို့နိုင်မည် ဖြစ်ရာ လက်ရှိ တနှစ်စာ စာပို့စရိတ်နှုန်းထက် ဒေါ်လာကုဋေ တရာမျှ သက်သာစေမည်ဖြစ်သည်။ စာများကို ပုံတူကူးစနစ်ဖြင့်ကူးယူပြီး ဂြိုဟ်တုမှတဆင့် အီလက်ထရွန်နစ် စနစ်ဖြင့် ပို့ပေးမည် ဖြစ်သည်။ အမှန်ဆိုသော် ဖော်ပြပါစာပို့စနစ်သည် ကုန်ကျစရိတ်သက်သာသည်သာမက၊ လက်ရှိစနစ်ထက်လည်း ပိုမို စိတ်ချရသည်။ စာများလည်း မြန်မြန်ရောက်နိုင်သည်။ ယင်းကဲ့သို့သော အီလက်ထရွန်နစ် စာပို့စနစ်ကို အမေရိကတိုက်တခုတည်းအတွက်သာ အသုံးပြုလိုပါက ဂြိုဟ်တုအား အထက်မြင့်မားသည့်ကမ္ဘာနှင့် ယှဉ်၍ ပြိုင်တူ လှည့်ပတ်နေနိုင်သော ဝန်းပတ်လမ်းအထိ တင်ပို့ထားရမည်။

ကမ္ဘာ့အနီး ဝန်းပတ်လမ်းကြောင်းများအတွင်း၌အာကာသစက်မှုလက်မှုထူထောင်ခြင်း စတင်နိုင်ပြီ ဆိုပါက ကမ္ဘာနှင့်ယှဉ်၍ ပြိုင်တူလှည့်ပတ်နိုင်သော ဝန်းပတ် လမ်းကြောင်းများဆီသို့ ပျံ့နှံ့ သွားပေမည်။ ဥပမာ အနေဖြင့် တင်ပြရမည်ဆိုသော် ယခုအခါ၌ ကမ္ဘာ့အထက်မည်သည့်ဘက်ကိုမှမရွေ့လျားပဲ တည်ငြိမ်နေသည့် အာကာသအလုပ်စခန်းများကို အနာဂတ်ကာလတွင် တည်ဆောက်ရန်ပင် အဆိုပြုထားခဲ့သည်။ ယင်းအလုပ်စခန်းမှာ အင်တင်နာ ကောင်းကင် ကြိုးများ စုပေါင်းထားသည့် အရာသာဖြစ်ပြီး ဆက်သွယ်ရေး၊ စူးစမ်းရှာဖွေရေးနှင့် လူများစုအတွက် ထိန်းချုပ်ရေး လုပ်ငန်းများ အများအပြား ဆောင်ရွက်ရန် စီမံထားသည်။ ဖော်ပြပါ အလုပ်စခန်းဖြင့် အီလက်ထရွန်နစ် စာပို့စနစ်၊ ရဲအဖွဲ့အချင်းချင်းဆက်သွယ်ရေး၊ ပုဂ္ဂလိကဆက်သွယ်ရေးအေးအန္တရာယ်ကာကွယ်ထိန်းချုပ်ရေး၊ မြေငလျင်ရှာဖွေလေ့လာရေးနှင့် ကာကွယ်တားဆီးရေး၊ ရေချိုရေကောင်း ရရှိနိုင်မည့် အလားအလာ ဖော်ပြနိုင်ရေး၊ သွားလာနေသော ယာဉ်များ၏ အမြန်နှုန်းထိန်းချုပ်ရေးနှင့် လူဆိုးသူခိုးဝင်ရောက်နေကြောင်း သတိပေးနိုင်ရေးနှင့် ကျူးကျော်မှု စူးစမ်းရှာဖွေရေး စသည်တို့ကို ဆောင်ရွက် ပေး နိုင်မည်ဖြစ်သည်။ တင်ပြထားသည့် လုပ်ငန်းရပ် အဖုံဖုံတို့အတွက် ကုန်ကျစရိတ်မှာ လက်ရှိကုန်ကျစရိတ်ထက် အများအပြားပင် သက်သာစေမည်ဖြစ်သည်။

မြေကမ္ဘာ၏ အထက်တနေရာတည်း၌ ရပ်တည်နေသည့်အလားတည်ရှိနေကြမည့်အာကာသအလုပ်စခန်းများသည်တမျိုးတည်းသော မာတ်အားပေးစနစ်မရွေ့လျားစေရန် ထိန်းသိမ်းရေးစနစ်၊ အမြင့်ထိန်းစနစ်၊ ထောက်လှမ်းရေးစနစ်နှင့် ထိန်း

www.burmeseclassic.com

www.burmeseclassic.com

ချုပ်ရေးစနစ်တို့ကိုသာ အသုံးပြုကြပေမည်။ ၎င်းအတွက် လိုအပ်သမျှ ပစ္စည်းများနှင့် ပြုပြင်မွမ်းမံမှုများကို တခုတည်းသော ယာဉ်တွဲပျံသန်းရေးနှင့်ချိတ်ဆက်ရေးကြားဆက် ကိရိယာမှတဆင့် ပြုလုပ်ကြရမည်ဖြစ်သည်။ နောက်ပိုင်းတွင်အာကာသအလုပ်စခန်း၌ စက်မှုပညာရှင်များ မပြတ် ထားရှိမည် ဖြစ်ပြီး အာကာသ သယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက်ဆောက်လုပ်သော အာကာသယာဉ်များဖြင့် ပစ္စည်းများ တင်ပို့ ပေးမည်ဖြစ်သည်။

ပစ္စည်းအဆင့်ဆင့် ထုတ်လုပ်မှုနှင့် ပစ္စည်းထုတ်လုပ်မှုစခန်းများ တည်ဆောက်ရေးအတွက် အာကာသ အသုံးချ ရေးမှာ ပြီးခဲ့သည့် အခန်း၌ အကြမ်းဖျင်းအားဖြင့် တင်ပြခဲ့ရာ အာကာသစခန်းများ ဆင့်ပွား တိုးတက်လာဘိသကဲ့သို့ပင် ပေါက်ဖွားလာမည် ဖြစ်သည်။ ပထမဦးစွာ အာကာသဓာတ်ခွဲခန်းကို အင်အားမောင်းဂျူးတပ်ဆင်ပြီး တိုးချဲ့ ပျံသန်းစေမည် ဖြစ် သည်။ နောက်ပိုင်း၌ စမ်းသပ်စစ်ဆေးရန်နှင့် အစမ်းသဘော တည်ဆောက်ရန် လူနေမောင်းဂျူးများ တည် ဆောက် ကြ ပေမည်။ တနေ့နေ့ တချိန်ချိန်တွင် ကမ္ဘာ့အနီးဝန်းပတ် လမ်း ကြောင်း အတွင်း၌ လူများ လိုက်ပါသည့် အာကာသ စက်ရုံများ မလွဲမသွေ ပေါ်ပေါက်လာပေမည်။ အချို့မှာမူ ကမ္ဘာနှင့် ယှဉ်၍ ပြိုင်တူလည်ပတ်နေနိုင်သော ဝန်းပတ်လမ်းကြောင်း၌ ရောက်ရှိနေကြမည်ဖြစ်သည်။

အာကာသအသုံးချနိုင်ရေးနှင့် ပတ်သက်၍ ယခုအခါ ရေးရေးမျှပင် မြင်ရသေးသည်။ နောင်တွင် အလုံးစုံကို ထင်ထင်ရှားရှား တွေ့မြင်ကြရသော အခါတွင် အရာရာ၌ အထူးပင်

တိုးတက်ကောင်းမွန်နေမည်ဖြစ်သဖြင့် ယင်းကာလ၏ တိုးတက်ဖြစ်ထွန်းမှုများကို ယခုခေတ်လူသားများပင် မှတ်မိနိုင်ကြမည်မဟုတ်ပေ။ အကယ်၍ကနဦးပေါ်ပေါက်လာခဲ့သော တိုးတက်မည့် အမှတ်အသားများအား တကယ်ဖြစ်မည်ဟု ယုံကြည်မည်ဆိုပါက ဤမြေကမ္ဘာသည် အာကာသ စက်မှုနည်းပညာအား အသုံးပြု၍ ထွန်းတောက်လာသော မြေကမ္ဘာအဖြစ် ရပ်တည်နေမည်သာမက နောင်နှစ်ပေါင်း တရာနှစ်ရာအတွင်း လူသားများအတွက် ပေါ်ပေါက်လာမည့် အန္တရာယ်ပြဿနာရပ်များအား ထိန်းချုပ်နိုင်ပေမည်။ သို့မဟုတ် လုံးဝဥဿုံဖြေရှင်းပေးနိုင်ပေမည်ဖြစ်သည်။

●

www.burmeseclassic.com

ယခုချက်မှောက်ကာလမှ ဤရာစုနှစ် ကုန်ခါနီး အချိန်အထိ ဤမြေကမ္ဘာမှ အသုံးပြုမည့် လျှပ်စစ်ဓာတ်အား များမှာ ဒေါ်လာ ကုဋေတသိန်းခန့်ရှိသည့် လုပ်ငန်းရပ်တခုဖြစ်သည်။ ဤတန်ဖိုး၏ ရာခိုင်နှုန်း အနည်းငယ်ပင်လျှင် ၁၉၅၈ ခုနှစ်မှယခုတိုင် အာကာသသုတေသနနှင့် ဖွံ့ဖြိုးရေးတို့အတွက် အသုံးပြုခဲ့သော ကုန်ကျစရိတ်ထက် လွန်မင်းစွာများပြား နေပေသည်။

ဂျွန်အိဇ် (ချ) ဒဗ်ရှာ
အဆင့်မြင့် အစီအစဉ်ညွှန်ကြားရေးမှူး
အာကာသပျံသန်းရေးရုံး
နာဆာအဖွဲ့၊ ၁၉၇၆ ခုနှစ်။

အခန်း (၁၂)
နေအင်အား ဂြိုဟ်တုများ

အင်အားနှင့် စွမ်းအင်တို့မှာ ဤမြေကမ္ဘာမှလိုအပ်နေသော အရာတို့ ဖြစ်ကြသည်။ ၎င်းတို့တဖြည်းဖြည်းချင်းလည်း ကုန်ခန်းနေကြသည်။ ယင်းဖြစ်ရပ်ကို အာကာသ လွှန်းပျံယာဉ်နှင့် အာကာသစခန်းတို့က ပြောင်းလဲပစ်ခဲ့ကြသည်။ လွှန်းပျံယာဉ်၏ ပစ္စည်းတင်အခန်းတွင် ပထမဦးဆုံးအကြိမ် နေအင်အားအများအပြား ထုတ်လုပ်ရေးအတွက် အစမ်းသဘော လုပ်ဆောင်ပေးမည့် နေခြည်မှန်ကူကွက်များ ပျံ့ကြဲစွာ ထားရှိသည်။ ကမ္ဘာ့ဂြိုဟ်တုများနှင့် အာကာသယာဉ်များတွင် အနှစ် ၂၀ မျှ အသုံး

ပြုလာခဲ့သော ယင်းစနစ်များကို တိုးတက် အောင် ဖြစ်ဖြန်၍ ကြီးမားလာအောင်လည်း လုပ်ဆောင်ထားခဲ့ကြသည်။

အခြေခံဆောက်လုပ်ရေးစခန်းများ ဆောက်လုပ်ခဲ့ပြီး အာကာသစခန်းများ၌လည်း လူများနေထိုင်နိုင်ကြသည့် အခါတွင် နေအင်အား ရရှိရေး အဆောက်အအုံအတွက် ထုပ်များကိုအလိုအလျောက် တပ်ဆင်နိုင်သော စက်များ၊ ကျွမ်းကျင်သောလုပ်သားများနှင့် စတင် တည်ဆောက်မည်ဖြစ်သည်။ ထုပ် များ ၏ အပေါ်၌ နေအင်အား ရရှိရေး အဆောက်အအုံများ တပ်ဆင်ထားပြီး ၎င်းတို့သည် ကမ္ဘာ့အထက် အမြင့်မိုင် ၁၀၀၊ တခါ တရံ မိုင် ၂၀၀ ခန့်မှ နေ၍ ကမ္ဘာအား ဝန်း ပတ် နေ မည် ဖြစ်သည်။ ထိုစဉ် အခြေခံဆောက်လုပ်ရေး စခန်းဆီသို့ အာကာသ လွှန်းပျံယာဉ်ဖြင့် လုပ်သားများနှင့် ပစ္စည်းကိရိယာများပို့ပေးမည်လည်းဖြစ်သည်။ အဆောက်အအုံ၏ ပထမအပိုင်း ဆောက်လုပ်ပြီးစီးသည်နှင့် စမ်းသပ်စစ်ဆေး ကြမည်ဖြစ်သည်။ နေစွမ်းအင်မှ လျှပ်စစ်စွမ်းအား ပြောင်းလဲမှုနှုန်းကောင်းပါက ယခင်နှစ်အနည်းငယ်ခန့်ကမှ ပညာရှင်များတွေးထင်ထားသည်ထက် စွမ်းအင်ပိုမို ထွက်ရှိကြောင်း တွေ့ရှိကြပါသည်။

ပန်းကန်ပြားလေးတချပ်မျှ အဆောက်အအုံများ တဆင့်ပြီး တဆင့် တပ်ဆင် ဆောက်လုပ်သောအခါ နေစွမ်းအား ရရှိရေး ဂြိုဟ်တု၏ ပုံပန်းသဏ္ဍာန် တဖြည်းဖြည်းချင်း ရုပ်လုံးပေါ်လွင်လာခဲ့သည်။ ဆောက်လုပ် ပြီးစီးသောအခါ ဆောက်လုပ်ရာ ဝန်းပတ်လမ်းကြောင်းနှင့် ဖွံ့ဖြိုးလျက်ရှိသော အာကာသ ကူး သန်း ရောင်းဝယ်ရေးစခန်းများမှ ဝေးရာ ဝန်းပတ်လမ်းကြောင်းသို့ပြောင်းလဲပို့ဆောင်ခဲ့သည်။ ထို့နောက် မြေပြင်ရှိ ဓာတ်အားပေးရေးစခန်းများ၏ အကူအညီဖြင့် မြို့ငယ်ကလေးတခုအတွက် ဓာတ်အားများ ပေးစွမ်းခဲ့သည်။

နောက်ပိုင်း ၁၀ နှစ်ခန့် ကြာသည့်အခါ ဝန်း ပတ် လမ်းကြောင်းများ အတွင်း၌ အဆောက်အအုံများဖြင့် ပြည့်နှက်နေမည်ဖြစ်ပြီး အောက်ပိုင်းရှိ မြေကမ္ဘာ၌လည်း နေ၏စွမ်းအင်

www.burmeseclassic.com

www.burmeseclassic.com

မြင့် ဆောင်ရွက်လိုသည်များကို လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်စေခဲ့သည်။ ဤသည်ကား လူ့သမိုင်းစဉ်တွင် စကြဝဠာ၏ဖြစ်စဉ်များအား ခွဲခြမ်းစိတ်ဖြာကာ အသုံးဝင် ပစ္စည်းအဖြစ် ဒုတိယအကြိမ် ဖန်တီးယူငင်နိုင်ခဲ့ခြင်း ဖြစ်သည်။ တချိန်က အနုမြူကို ခွဲခြမ်းခဲ့ကြသည်။ ယခုအခါတွင် နေဟုခေါ်တွင်သည့်အရာမှ သာမိုညူကလီယာ တုံ့ပြန်မှု မပြတ် ဖြစ်ပေါ်ခြင်းကြောင့် ထွက်ရှိလာသော စွမ်းအင်များကိုနေအင်အားရရှိရေးအာကာသစခန်းများက အကုန်အကျမရှိပဲ ရယူကာမြေကမ္ဘာမှ လူသားများအတွက် အင်အား ကုန်ကြမ်းများ အဖြစ် ပြောင်းလဲပေးနိုင်ခဲ့သည်။

အနာဂတ်အာကာသဖွံ့ဖြိုးရေးမှ အဓိကကျသော အရာတခုမှာ "နေအင်အား ဂြိုဟ်တု" တလုံး တည်ဆောက်ရေးပင် ဖြစ်သည်။ အမြင့်တွင်လည်းကောင်း၊ ပါဝင်ပတ်သက်မှုတွင်လည်းကောင်း ယင်းဂြိုဟ်တုသည် ပိရမစ်များသဖွယ် တည်ရှိနေပေမည်။ ကုန်ကျစရိတ်တွင်လည်း အထူးပင် များပြားမည် ဖြစ်သည်။ ယင်းကဲ့သို့သော ဂြိုဟ်တုတလုံး တည်ဆောက်ပါက နိုင်ငံငယ်ကလေးတခုပင် မွဲသွားနိုင်လောက်သည့် အခြေအနေရှိသည်။ သို့သော် စက်မှုနည်းပညာ တိုးတက်ဖြစ်ထွန်းမှု အထောက်အပံ့ ပေးသည့်ဘက်မှ ဆန်းစစ်ပါမူ လပေါ်သို့သက်ဆင်းခဲ့သည့် ဖြစ်ရပ်ပင် မထင်မရှား မှေးမှိန်သွားစေနိုင်သည်။ နောင် ရာစုနှစ်များအတွင်း အမေရိကန် ပြည်ထောင်စုက လိုအပ်လျက်ရှိသော လျှပ်စစ်စွမ်းအားများကို ကမ္ဘာအား ဝန်းပတ်နေသည့် ဂြိုဟ်တုက ပေးစွမ်းနိုင်ရန် နေခြည်စွမ်းအင်ကို ထိန်းချုပ်ကြိုးကိုင်၍ ကမ္ဘာဆီသို့ ဦးတည်ပို့လွှတ်ပေးရန် ဖြစ်သည်။ လျှပ်စစ်ဓာတ်အားများ ကမ္ဘာမှ ရယူနိုင်သောအခါ လိုအပ်သည့်ဘက်သို့ ခွဲဝေ သုံးစွဲစေမည်ဖြစ်သည်။

နေအင်အား ဂြိုဟ်တု သို့မဟုတ် ဂြိုဟ်တုဖြင့် အင်အားရယူရေး စနစ် တည်ဆောက်ရန် ၁၉၆၈ ခုနှစ်က အာသာဒီလစ်တယ်လ်အင်(န) ကော်ပိုရိတ်တစ် (ဒ) မှ စက်မှု သိပ္ပံဆိုင်ရာ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ပီတာဂလေစာ ပထမဦးဆုံးတင်ပြခဲ့သည်။ သူ၏အခြေခံအယူအဆမှာ ထွက်လာသည့်နေရောင်ခြည်အား တနေ့လျှင် ၂၄ နာရီလုံးလုံးစုဆောင်းသိမ်းဆည်းနိုင်ရန် နေမှန်ကူကွက်များဖြင့် ဖုံးအုပ်ထားသည့် ကြီးမားသော ဂြိုဟ်တုကြီးတလုံး တည်ဆောက်နိုင်ရေးပင်ဖြစ်သည်။ နေအင်အား ဂြိုဟ်တုသည် ကမ္ဘာ့အထက် အမြင့်မိုင် ၂၂,၀၀၀ ခန့်မှနေ၍ ကမ္ဘာအား ဝန်းပတ်နေပြီး စုဆောင်းထားသည့် နေခြည် စွမ်းအင်များကို ကမ္ဘာသို့ မိုက်ခရိုလှိုင်းအသွင်ဖြင့် ပေးပို့မည်ဖြစ်သည်။ ယင်း မိုက်ခရိုလှိုင်းများအား လျှပ်စစ်စွမ်းအင်အဖြစ် ရရှိစေရန် မြေပြင်ကျမှ ပြောင်းလဲပစ်မည်ဖြစ်သည်။ အကျယ် စတုရန်း ၇၂ မိုင် ရှိ နေခြည်မှန်ကူကွက်များမှရရှိသော ဓာတ်အားများသည် နေအိမ်ပေါင်း တသန်းခန့်အား ဓာတ်အား အလုံအလောက် ပေးနိုင်မည်ဖြစ်သည်။ ကနဦးပိုင်းက တင်ပြခဲ့ကြသော အစီအစဉ်များအရ သက္ကရာဇ် ၂၀၂၅ ခုနှစ်လောက်တွင် ကြီးမားသည့် နေအင်အားဂြိုဟ်တု တရာခန့် ကမ္ဘာအား ဝန်းပတ်နေရမည်ဖြစ်သည်။

နေအင်အားဂြိုဟ်တု တည်ဆောက်ရန် စိတ်ကူး ရခဲ့သည်မှ ယခုအထိ နှစ်ပေါင်း အတန်ကြာပြီဖြစ်သဖြင့် ကုမ္ပဏီများက တင်ပြခဲ့သော ပုံစံများမှာ အမျိုးမျိုးဖြစ်နေသည်။ အလားတူပင် အင်တင်နာနှင့် မြေပြင်စွမ်းအင်လက်ခံရေး စခန်းတို့၏ ပုံစံများမှာလည်းအမျိုးမျိုး ကွဲပြားနေခဲ့သည်။ သို့သော် ပုံစံများနှင့်ပတ်သက်၍ တူညီသောအချက်တခုရှိခဲ့သည်။ ၎င်းမှာ ယင်း

www.burmeseclassic.com

www.burmeseclassic.com

ဂြိုဟ်တုမျိုးကို မြေပြင်၌ မတည်ဆောက်နိုင် ဟူသောအချက်ပင် ဖြစ်သည်။ နေအင်အားဂြိုဟ်တုစနစ်တခု တည်ဆောက်နိုင်ရန် အာကာသဆောက်လုပ်ရေး လုပ်သား ၄၀၀ နှင့် မင်ဟက်တန် ကျွန်း အရွယ်လောက်ရှိ အာကာသအခြေခံ ဆောက်လုပ်ရေး အလုပ်စခန်းတခုတို့ လိုအပ်သည်။

နေအင်အား ဂြိုဟ်တုစနစ်တခု တည် ထောင် ရန် ခန့်မှန်းခဲ့သည့် ကုန်ကျစရိတ်မှာလည်း အမျိုးမျိုးဖြစ်ရှဲနေသည်။ ပထမ ဦးဆုံး စတင်တည်ဆောက်သည့်အခါတွင် ဒေါ်လာကုဋေ ၆-ထောင်မှ ၈-ထောင်အကြားရှိမည်ဟုခန့်မှန်းသည်။ အမေရိကန် ပြည်ထောင်စုအတွက် လိုအပ်နေသော လျှပ်စစ်ဓာတ်အားရရှိရန် နေအင်အား ဂြိုဟ်တုများ တင်လွှတ်မည်ဆိုပါက ကုန်ကျစရိတ်သည် ဒေါ်လာကုဋေ တသိန်းမှ နှစ်သိန်းခွဲအထိ ရှိမည်ဟု ခန့်မှန်းခဲ့ကြသည်။ ဆန်းစက်(တ)ဟု လူသိများသည့် နေအင်အား ဂြိုဟ်တု တည်ဆောက်နိုင်ရေး အဆိုပြုချက်လောက်မည်သည့် အာကာသစီမံကိန်းမှ ထောက်ခံသူ သို့မဟုတ် ကန့်ကွက်သူများ မများပြားခဲ့ပေ။

ဆန်း စက်(တ) စီမံကိန်းအား ကန့်ကွက်သူများက ကမ္ဘာပေါ်၌လည်း နေရောင်ခြည်ရရှိနေသဖြင့် အာကာသတွင် နေရောင်ခြည် ရရန် ဒေါ်လာ ကုဋေကုဋာ အကုန်အကျ မခံသင့်ကြောင်း ပြောကြားခဲ့ကြသည်။ အချို့ကမူ ကြီးမားထည်ဝါသည့် အယူအဆနှင့် ကုန်ကျစရိတ် ကြောက်ခမန်းလိလိ များပြားလွန်းသည့်အတွက် မထောက်ခံခဲ့ကြခြင်းဖြစ်သည်။ အခြားကန့်ကွက်သူများက စွမ်းအင်ဆိုင်ရာ အရေးပေါ်အခြေအနေ ပေါ်ပေါက်နေချိန်၌ ကျဆင်းနေပြီဖြစ်သော အာကာသ လေ

ကြောင်း လုပ်ငန်းအား အထောက်အပံ့ ပြုနိုင်ရန်နှင့် နာဆာ အဖွဲ့ကြီး၏ အရွယ်ပမာဏတိုးချဲ့နိုင်ရန် အာကာသ လုပ်ငန်းစဉ်တခုအား လူထုထံ အေးအေးသက်သာဖြင့် ရောင်းစားရန် ကြံရွယ်နေသည်ဟု ပြောကြားခဲ့ကြသည်။

နေအင်အား ဂြိုဟ်တု စနစ်ကို ထောက်ခံသူများကလည်း သူ့နည်း သူ့ဟန်များဖြင့် တုံ့ပြန်ပြောကြားခဲ့ကြသည်။ ယင်းပုဂ္ဂိုလ်များက နေရောင်ခြည် စုစည်းထိန်းသိမ်းရေး အရာများထားရန် အကောင်းဆုံးနေရာဖြစ်သည့် အယ်ရီဇိုးနားပြည်နယ်၌ပင် နေရောင်ရရှိချိန်မှာ ၁၇-ရာခိုင်နှုန်းသာရှိကြောင်း၊ အမေရိကန် တပြည်ထောင်စုလုံး၏ နေရောင်ရရှိချိန်မှာ ယင်းအရေအတွက်ထက်ပင် နည်းပါးပြီး ၆ ရာခိုင်နှုန်း ခန့်သာ ရှိကြောင်း၊ အာကာသ၌မူ နေရောင်ခြည် ရချိန်သည် ၉၉-ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ကျန် တစ်ရာခိုင်နှုန်းမှာလည်း ဂြိုဟ်တုသည် ကမ္ဘာ့အရိပ်အောက် ရောက်သွားခဲ့၍ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။ အကယ်၍ နေရောင်ခြည် စုစည်းထိန်းသိမ်းရေးအရာများ အာကာသ၌ထားရှိပါက အသုံးဝင်နေရောင်ကို အယ်ရီဇိုးနားပြည်နယ်၌ ထားရှိသည်ထက် ၆ ဆမျှ ပို၍ များပြားစွာ ရမည်ဖြစ်ပြီး အမေရိကန်တပြည်ထောင်စုလုံးရရှိသည်ထက်လည်း ၁၇ ဆမျှ ပိုမိုရရှိမည်ဖြစ်သည်။

ဆန်း စက်(တ) ဂြိုဟ်တု တည်ဆောက်ဖို့ ကုန်ကျစရိတ်မှာ အထူးပင် များပြားလှသည်။ ယင်းအချက် မှန်ကန်ကြောင်း လူအများစုက လက်ခံခဲ့သည်။ သို့သော် ရရှိမည့်အကျိုးကျေးဇူးမှာ ခန့်မှန်း၍ပင် ရမည်မဟုတ်ပေ။ အကယ်၍ "အလင်းဗို့တိတ်ဂြိုဟ်တု" မှ ဓာတ်အားများကို ကီလိုဝပ် တနာရီလျှင်

www.burmeseclassic.com

www.burmeseclassic.com

၂၇ ဆင့် ပေးရမည်ဟုသတ်မှတ်ပါက ယင်းဂြိုဟ်တုမှာ တနှစ်လျှင် ဝင်ငွေဒေါ်လာကုဋေ ၂၀၀ ရရှိမည်ဖြစ်သည်။ အခြားတဘက်မှကြည့်ပြန်လျှင်လည်း ၀.၃၈ စတုရမ်းမိုင်ကျယ်သော နေရာမှရရှိသောဓာတ်အားကို တန်ဖိုးအတိုင်း ရောင်းချမည်ဆိုပါက တနှစ်လျှင် ဒေါ်လာ ၁၅ သန်းကျော်ရမည်ဖြစ်သည်။

ဆန်း စက်(တ) ဂြိုဟ်တုတည်ဆောက်ရန် ငွေရင်းမြှုပ်နှံမှုအများအပြား ပြုလုပ်ရမည့်ကိစ္စနှင့်ပတ်သက်၍ ထောက်ခံသူများက လက်ရှိဓာတ်အားပေးစနစ်သည် အကျိုးမပြုသည့်အပြင် စရိတ်လည်း အထူးကြီးကြောင်း ထောက်ပြခဲ့ကြသည်။ ယခုအခါတွင် အမေရိကန်ပြည်ထောင်စု၌ ပို့တိတ်အားများသည့် ဓာတ်အားများဖြတ်စီးသောကြိုးအရှည် မိုင် ၄၀၀,၀၀၀ ကျော်ရှိရာ မိုင်ပေါင်း ၁၁,၀၀၀ ခန့်မှာ ပုဂ္ဂလိကပိုင် အိမ်များနှင့် နေရာများအား ဓာတ်အားကြိုးများဖြတ်၍မသွယ်ရသဖြင့် သွယ်ဝိုက်၍ဆက်သွယ်ရခြင်းကြောင့် အပိုကုန်ကျသောကြိုးအရှည်ဖြစ်သည်။ လက်ရှိစနစ်သည် အနာဂတ်တွင် အသုံးပြုရန် မသင့်တော်တော့ပေ။ နေအင်အားဂြိုဟ်တုစနစ်တခုအတွက် ငွေရင်း မြှုပ်နှံမှုမှာ တကီလိုဝပ်အတွက် ဒေါ်လာ ၁,၅၀၀ မှ ၂,၅၀၀ အထိ ရှိမည်ဟု အများက ခန့်မှန်းကြသည်။ ငွေရင်းမြှုပ်နှံမှု အထူးပင်များပြားသော်လည်း ညကလီယာအင်အားပေးစက် လက်ငင်းတည်ဆောက်ပါက ကုန်ကျမည့် အရေအတွက်လောက်ပင် ရှိသည်။

နေအင်အား ဂြိုဟ်တုစနစ်အတွက် အနာဂတ် စက်မှုနည်းပညာ အထူးမလိုအပ်တော့ပေ။ အနာဂတ်တွင် အာကာသလွန်းပျံယာဉ်ကို အသုံးပြု၍ အာကာသဆောက်လုပ်ရေး နည်း

သစ်များသုံးကာ ဆောက်လုပ်မည်ဖြစ်သဖြင့် ကုန်ကျစရိတ်သက်သာမည်ဖြစ်သော်လည်း လက်ရှိစက်မှု နည်းပညာဖြင့်ပင်တည်ဆောက်နိုင်သည်။ ၁၉၉၅ ခုနှစ်လောက်တွင် ပထမဦးဆုံးသော ဆန်းစက်(တ)ဂြိုဟ်တု ကမ္ဘာအားဝန်းပတ်နေမည်ဟု မှန်းဆခဲ့ကြသည်။ သို့သော် ၂၁ ရာစုနှစ်၏ ပထမ ၁၀ နှစ်အတွင်းကျမှ အမေရိကန်ပြည်ထောင်စုအား ဓာတ်အားများပေးစွမ်းဖြည့်ဆည်းနိုင်မည်ဟု ထင်မြင်ခဲ့ကြသည်။

ဆန်းစက်(တ)ဂြိုဟ်တုအား ကမ္ဘာနှင့်ယှဉ်၍ ပြိုင်တူလှည့်ပတ်နေနိုင်သော ဝန်းပတ်လမ်းကြောင်းအတွင်းသို့ တင်ပို့မည်ဖြစ်သည်။ ဂြိုဟ်တုမှ နေအင်အား စုစည်းထိန်းသိမ်းရေး မျက်နှာစာသည် နေအား အမြဲတမ်း မျက်နှာမူနေမည် ဖြစ်ပြီး၊ ဓာတ်အားပေးလွှတ်ရေး အင်တင်နာများမှာ ကမ္ဘာ့မျက်နှာပြင်ရှိ တခုတည်းသော နေရာဘက်ကိုသာ မျက်နှာမူနေမည်ဖြစ်၏။ ဆန်းစက်(တ)ဂြိုဟ်တု၏ နေအင်အား စုစည်းသိမ်းဆည်းရေးအရာများမှာ နေစွမ်းအင်အား လျှပ်စစ်ဓာတ်အားအဖြစ်တိုက်ရိုက်ပြောင်းလဲပေးမည့် အလင်းဗို့တိုတ် ဆဲလ်များဖြစ်သည်။ ဂြိုဟ်တုတလုံးတွင် အလင်းဗို့တိုတ်ဆဲလ်ပေါင်း သန်းနှင့်ချီ၍ ပါရှိမည်ဖြစ်သည်။ ထို့နောက် လျှပ်စစ်စွမ်းအင်များအား နေအင်အား စုစည်းသိမ်းဆည်းရေး အရာများနှင့် လိုက်ဖက်ညီစွာ တနေ့လျှင်တကြိမ်ကျ လှည့်ပတ်မည်ဖြစ်သော မိုက်ခရိုလှိုင်း အင်တင်နာထံ ပေးပို့မည်ဖြစ်သည်။ မိုက်ခရိုလှိုင်းအဖြစ်ပြောင်းလဲထားသည့် လျှပ်စစ်စွမ်းအင်ကို "ရက်တီနာ" ဟုခေါ်သည့် မြေမျက်နှာပြင်ရှိ မိုက်ခရိုလှိုင်း လက်ခံရယူရေးစခန်းဆီသို့ဦးတည်ပေးပို့သည်။ ယင်းစခန်း၌ပင် လျှပ်စစ်ဓာတ်အားအဖြစ် တိုက်ရိုက်ပြောင်းယူလိုက်သည်။ ကမ္ဘာပေါ်၌ရှိရှိ

www.burmeseclassic.com

www.burmeseclassic.com

"ဒွိပိုစွန်းလျှပ်စစ်မြင်ကိရိယာ" ကပင် မိုက်ခရိုလှိုင်း များအား လျှပ်စစ်ဓာတ်အား (ဒီစီ)အဖြစ် တိုက်ရိုက်ပြောင်းလဲနိုင်သည်။ ပြောင်းလဲရာတွင်လည်း အလေအလွင့်မရှိ ပြောင်းလဲအားစွမ်းရည် ၉၀ ရာခိုင်နှုန်းအထိ ဆောင်ကြဉ်းပေးနိုင်သည်။

၁၉၇၅ ခုနှစ်ကမူ ကယ်လီဖိုးနီးယားပြည်နယ်၊ ဂိုလ်း(ဒ) စတုံးဒေသ၊ မိုဂျေ့(ဗ)သဲကန္တာရအတွင်း၌ မိုက်ကရိုလှိုင်းများအား လျှပ်စစ်ဓာတ်အဖြစ် တိုက်ရိုက်ပြောင်းလဲခဲ့ရာ ပြောင်းလဲအားစွမ်းရည် ၈၅ ရာခိုင်နှုန်းမျှသာ ပြောင်းလဲ နိုင်ခဲ့သည်။ ထိုစဉ်က မိုက်ခရိုလှိုင်း လွှင့်ထုတ်ရာနှင့် ပြောင်းလဲပေးရေး ကိရိယာ၏အကွာအဝေးမှာ တမိုင်ခန့်သာရှိသည်။ နေအင်အားဂြိုဟ်တုကို အသုံးပြုရာ၌လည်း ဖော်ပြပါမူအတိုင်း ပြုလုပ်စေမည်ဖြစ်သည်။ အိမ်သုံး လျှပ်စစ်ဓာတ်အားပေး စက်မျှးကမူ ပြောင်းလဲအားစွမ်းရည် ၃၅ ရာခိုင်နှုန်းဖြင့်သာ ပြောင်းလဲ ပေးနိုင်သည်။

ဆန်းစက်(တ)ဂြိုဟ်တုတွင် အသုံးပြုမည့် အလင်းဗို့တိတ်ဆဲလ်များထုတ်လုပ်ရန် လက်ရှိအချိန်တွင်တန်ဖိုးအလွန်ကြီးမားနေသည်။ တနည်းဆိုသော် ဆန်းစက်(တ)ဂြိုဟ်တု၏ ကုန်ကျစရိတ်လည်း လိုက်ပါကြီးမြင့်မည်ဖြစ်သည်။ သို့သော် မကြာမီကမှ နေခြည် ဆဲလ်ဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများအရ ဆီလီကွန်အစား ပုံဆောင်ခဲမဖြစ်သည့် ပုံဆောင်မဲ့ အရာဝတ္ထုများကို နေခြည်ဆဲလ်သစ်တွင်အသုံးပြုနိုင်ကြောင်းသိရှိရသည်။ ယင်းနေခြည်ဆဲလ်များသည် ၁၉၈၁ ခုနှစ်နောက်ပိုင်းတွင် ပေါ်ပေါက်လာမည်ဖြစ်ပြီး၊ ကမ္ဘာပေါ်၌ ရှေးဟောင်း ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်၊ သို့မဟုတ် ညူကလီယားဓာတ်အား

ပေးစက်များလောက် အကုန်အကျဖြင့် လျှပ်စစ် ဓာတ်အားများ ထုတ်ပေးနိုင်မည်ဖြစ်သည်။

နေအင်အားဂြိုဟ်တု လက်တွေ့ကျကျဖြင့် စရိတ်သက်သာစွာ တည်ဆောက်နိုင်ရန် အလင်းဗို့တိတ်ဆဲလ်များ ဈေးပေါပေါနှင့် ထုတ်လုပ်နိုင်ရမည် ဖြစ်သည်။ ထိုမျှမက ကုန်ကျစရိတ်မများပဲ ဂြိုဟ်တု အဖွဲ့အစည်းပေါ်သို့ ယင်း အလင်းဗို့တိတ်ဆဲလ်များ စတုရန်းတမိုင်ပြီးတမိုင် ဖုံးအုပ်ပေးနိုင်ရမည်လည်း ဖြစ်သည်။ ဖော်ပြပါ ဂြိုဟ်တုစနစ်နှင့်ပတ်သက်၍ ကုန်ကျစရိတ်များပြားနေခြင်းကို ပုံဆောင်မဲ့ အရာဝတ္ထုသစ်များက နည်းပါးအောင် ဆောင်ဉ်ကြးပေးမည်ဟုခန့်မှန်းရသည်။ ဆဲလ်သစ်များ ဂြိုဟ်တုတွင် တပ်ဆင် ထား မည် ဆိုပါက ဂြိုဟ်တုသည် သေးငယ်သွားမည်ဖြစ်သည်။ သို့မဟုတ် သန့်စင်သည့် စီလီကွန် ပုံဆောင်ခဲများ တပ်ဆင်ထားရသည်ထက် အရေအတွက် နည်းပါးသွားပေမည်။

ပုံဆောင်ခဲ ဆဲလ်များ အသုံးပြုရာတွင် ကုန်ကျစရိတ်များပြားလာခြင်းမှာ သန့်စင်သော ပုံဆောင်ခဲများကို လိုအပ်သည်သာမက ပုံဆောင်ခဲများကို ဖြတ်တောက်ခြင်းနှင့် ထုတ်လုပ်ခြင်းတို့၏ ကုန်ကျစရိတ် ကြီးမားသောကြောင့် ဖြစ်သည်။ ကုန်ကျစရိတ် ကြီးမားနေသည့် ပြဿနာအတွက် တခုသော အဖြေမှာ အာကာသစက်ရုံများမှ သန့်စင်သော ပုံဆောင်ခဲများ ထုတ်လုပ်ရေးပင်ဖြစ်သည်။ သို့သော် ဆဲလ်များအတွက် စီလီကွန်ကိုမသုံးပဲ၊ အခြားသော အရာဝတ္ထုများကို အသုံးပြုမည်ဆိုပါက နေအင်အားဂြိုဟ်တုများလျှင်မြန်စွာ ပေါ်ပေါက်လာမည်ဖြစ်သည်။ ပုံဆောင်မဲ့ အရာဝတ္ထုများကို အသုံးပြုသည့်

www.burmeseclassic.com

www.burmeseclassic.com

နေခြည် ဆဲလ်သည် သက်တမ်းအနှစ် ၂၀ ခန့် ရှိမည်ဖြစ်ပြီး စွမ်းအင်ပြောင်းလဲအား စွမ်းရည်မှာ ၁၀ ရာခိုင်နှုန်းခန့် ဖြစ်သည်။ စီလီကွန် ဆဲလ်များမှာ စွမ်းအင်ပြောင်းလဲအား ၁၂ မှ ၁၄ ရာခိုင်နှုန်းအထိရှိသဖြင့် ပုံဆောင်မဲ့ အရာဝတ္ထုများထက် ပိုမိုစွမ်းရည်ရှိသည်ဟု ဆိုရပေမည်။

နေခြည် ဆဲလ်အသစ်များ၏ စိတ်ဝင်စားဖွယ်ရာ အချက်တခုမှာ လျှပ်စစ်ဓာတ်အားများကို "နေရောင်စဉ်"၏အချိုးအဆအရ ပြောင်းလဲ ပေးခြင်းပင် ဖြစ်သည်။ နေခြည်ဆဲလ်အဖြစ် အသုံးပြုမည့် အရာဝတ္ထုမှ ဟိုက်ဒရိုဂျင်ဓာတ်ပါဝင်မှုနည်းပါးသွားစေရန် ဖလိုရင်းအငွေ့ဖြင့် ပေါင်းစပ်စေမည်ဆိုပါက နေခြည်ဆဲလ် သတ္တုစပ်အသစ်သည် နေရောင်စဉ်မှ ပိုမိုကျယ်ပြန့်သောအုပ်စုကို စွမ်းအင်အဖြစ် ပြောင်းလဲပေးမည်ဖြစ်သည်။ ဤသည်ကား နေအင်အား ဂြိုဟ်တုစနစ် ပိုမိုစွမ်းရည်ရရှိလာရေးကို အားပေးသကဲ့သို့ဖြစ်သည်။

နေအင်အား ဂြိုဟ်တုများမည်မျှလွှတ်တင်ထားသင့်သည်ဟူသော အချက်နှင့်ပတ်သက်၍လည်း အမျိုးမျိုးကွဲပြားလျက်ရှိသည်။ အလင်းဗို့ဆဲလ်ထုတ်လုပ်ရေး လုပ်ငန်း မဖွံ့ဖြိုးသည်ကတကြောင်း၊ အာကာသတွင်းဆောက်လုပ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ တွေးထင်ခဲ့ကြသည့်အချက်များနှင့် တကယ်ပင်လက်တွေ့ကြုံရသည့်အချက်များကွဲလွဲခဲ့ကြသဖြင့် ဆန်းစက်(တ) ဂြိုဟ်တု တည်ဆောက်ရေးမှာလည်း အကြိမ်ကြိမ် ပြောင်းလဲခဲ့ရသည်ကတကြောင်း၊ ယင်းအကြောင်းများကြောင့် ကွဲပြားခဲ့ကြဟန်တူသည်။

လက်ငင်းပေါ်ပေါက်နေသော စီလီကွန်ဆဲလ်များအား အသုံးပြုသည့် ဆန်းစက်(တ) ဂြိုဟ်တုတွင် အချင်း ၄ မိုင်ခွဲခန့်ရှိ

အင်တင်နာ ကောင်းကင်ကြိုး တပ်ဆင်ထားပါက ဓာတ်အားဝပ် ၁၀ သန်းခန့် လိုအပ်သော နယူးယောက်မြို့၏ အရွယ်အစားရှိ မြို့တမြို့ကို ဓာတ်အားကောင်းစွာ ပေးစွမ်းနိုင်မည်ဖြစ်သည်။ ယင်းဂြိုဟ်တု၏ မျက်နှာပြင်အကျယ် ဧရိယာမှာ စတုရန်း ၀.၃၈ မိုင်ခန့်ရှိသည်။ ယင်းအရွယ်အစားရှိ ဂြိုဟ်တု ၂၅လုံးသည် လက်ရှိအချိန်၌ အမေရိကန်ပြည်ထောင်စုတွင် လိုအပ်နေသော ဓာတ်အားများကောင်းစွာ ပေး စွမ်း နိုင် မည်ဖြစ်သည်။

နေအင်အား ဂြိုဟ်တုနှင့်ပတ်သက်၍ လေ့လာမှုများ ပြုရန် ထောက်ပံ့ငွေကို နာဆာအဖွဲ့ကြီးက ၄ နှစ်တိုင် ပေး အပ် ခဲ့သည်။ တွေးဆချက်များအပေါ် သုတေသနပြုရန် ကွန်ဂရက်လွှတ်တော်က ဒေါ်လာငွေ ၁၅.၆ သန်း ခွင့်ပြုခဲ့သည်။ လေ့လာမှုအတွက် ဒေါ်လာ ၂၅ သန်း တိုးမြှင့် ပေးရန် လည်း တောင်းခံခဲ့သည်။ အာကာသ လေကြောင်း ကန်ထရိုက်တာတဦးဖြစ်ပြီး ဂြိုဟ်တုတည်ဆောက်ရေး အယူအဆအား အသေးစိတ် လေ့လာခဲ့သည့် ဘိုအင်း ကုမ္ပဏီက နောင် ၅ နှစ်အတွင်း၌ ကွန်ဂရက်လွှတ်တော်သည် ဆန်းစက်(တ)ဂြိုဟ်တုတည်ဆောက်ရန် လေ့လာနိုင်ရေးနှင့် အာကာသ လွန်းပျံယာဉ်၏ စက်မှုနည်းပညာများကို သုံးစွဲ၍အာကာသတွင်း၌ စံနမူနာပြုဂြိုဟ်တုတလုံးတည်ဆောက်နိုင်ရေး အတွက် ဒေါ်လာငွေကုဋေ ၃၀၀ ခွင့်ပြုမည်ဟု ယုံကြည်ထားသည်။

ယခုအခါ၌ ဆန်းစက်(တ) အစီအစဉ်မှာသုတေသနပြုရေးနှင့် ဖွံ့ဖြိုးရေး အဆင့်တို့၌သာ ရှိသေးသည်။ ပဏာမလေ့လာမှုများ ပြီးဆုံးသည့်အခါနှင့်စံနမူနာပြု ဂြိုဟ်တုတလုံးသို့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

ဂြိုဟ်တုများ တည်ဆောက်ပြီးစီးသည့် အခါမှသာလျှင် ဆန်းစက်(တ)ဂြိုဟ်တုစနစ် တည်ဆောက်သင့် မသင့်ကို ဆုံးဖြတ်ကြပေမည်။ တည်ဆောက်ရာတွင် ကုန်ကျစရိတ် ကြီးမား မှုသည် အဆုံးအဖြတ်ပေးမည့် အရာမဟုတ်ပေ။

ယခုရာစုနှစ်အတွင်း၌ အမေရိကန် ပြည်ထောင်စု သည် ''ရေပေါ့''သုံး ညူကလီယာရီအက်တာဓာတ်အား ပေးစက်နောက်ထပ်အလုံး ၃၀၀ တည်ဆောက်ရန်လိုအပ်သည်ဟု ကွန်ဂရက် လွှတ်တော်ကြားနာစစ်ဆေးမှုက ဖော်ပြခဲ့သည်။ ယင်းညူကလီယာရီအက်တာ ဓာတ်အားပေးစက်တခု တလုံးလျှင် ဒေါ်လာကုဋေ ၂၀၀ ကုန်ကျမည်ဖြစ်သဖြင့်အလုံးပေါင်း ၃၀၀ ဆိုပါက ဒေါ်လာကုဋေ ၆၀,၀၀၀ ကုန် ကျ မည် ဖြစ်သည်။ ထို့ကြောင့် ဒေါ်လာကုဋေ ၆၀,၀၀၀ ငွေရင်း မြှုပ်နှံရမည်ဆိုသော် နေအင်အား ဂြိုဟ်တုစနစ်မှာ အသင့်တော်ဆုံး ဖြစ်သည်ဟု ယူဆရသည်။ သို့မှသာ မြေကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အားပေး စက်ရုံများဖြင့် ရှုပ်ပွမနေပဲ သန့်ရှင်း၍ အညစ်အကြေးကင်းကာ အလေအလွင့်မရှိသော လျှပ်စစ်ဓာတ်အားများ ရရှိနိုင်မည်ဖြစ်သည်။

ကန့်ကွက်သူများကမူ ဆန်းစက်(တ) ဂြိုဟ်တုမှ မိုက်ခရိုလှိုင်းသည် ကမ္ဘာမြေပြင်နှင့်လေထုအတွင်းမှ သက်ရှိအရာများအား အန္တရာယ်ပြုနိုင်သည် ဟူသောအချက်ကို အလေးထား၍ ပြောကြားခဲ့ကြသည်။ အချို့သော ကျွမ်းကျင်သူ များ က မိုက်ခရိုလှိုင်းတန်းဖြင့် သယ်ဆောင်လာသော အပူရှိန် သည် အထက်လေထုလွှာများနှင့် အိုင်ယွန်းဖြစ် အလွှာတို့တွင် အတော်အတန် ထိခိုက်စေနိုင်သည်ဟု ယုံကြည်ခဲ့ကြသည်။ အချို့ကမူ မိုက်ခရိုရောင်တန်းဖြင့် သယ်ဆောင် လာသော အပူရှိန်သည် ပျံ့နှံ့နေမည် ဖြစ်သဖြင့်ကမ္ဘာ့လေထုအပေါ် သက်ရောက်မှု အနည်းငယ် သို့မဟုတ် မရှိနိုင်ဟုထင်မြင်ပြောဆိုခဲ့ကြသည်။

ဆန်းစက်(တ) ဂြိုဟ်တုအား ဝေဖန်သူအချို့ကမူ မိုက်ခရိုလှိုင်းတန်းသည် ကမ္ဘာ့အနီးဝန်းကျင်၌ ပျံသန်း နေ သော လေယာဉ်များအတွက် အန္တရာယ်ကောင်းကောင်းကြီးပေးနိုင်ကြောင်း၊ ယင်းလှိုင်းတန်းအတွင်း ဖြတ်၍ ပျံသန်းသော ငှက်များပင် အပူလောင်သွားနိုင်ကြောင်း တင်ပြခဲ့ကြသည်။ အချို့သော သိပ္ပံပညာရှင်များကမူ လေယာဉ်၏ အသွားနှုန်းမြန်ဆန်မှုနှင့်မိုက်ခလှိုင်းတန်း၏ သိပ်သည်းမှု နည်းပါးခြင်းတို့ကြောင့် ဆန်းစက်(တ)ဂြိုဟ်တုမှ ထွက်လာသော မိုက်ခရိုလှိုင်းတန်းသည် လေယာဉ်များ အား အန္တရာယ်မပြုနိုင်ဟု တင်ပြခဲ့ကြသည်။ အချို့သော မိုက်ခရိုလှိုင်း ထုတ်လွှတ်သော အရာများအား တိုင်းတာကြည့်သည့်အခါတွင် မိုက်ခရိုလှိုင်းတန်း၏ သိပ်သည်းမှုသည် နေရောင်ခြည်သိပ်သည်းမှု၏ ငါးပုံ တပုံသာရှိကြောင်းတွေ့ရသည်။ ထို့ကြောင့်မည်သည့်အရာကိုမှအန္တရာယ်မပြုနိုင်ဟု ယူဆနိုင်သည်။ မိုက်ကရိုလှိုင်းတန်း၏ ဘေးနှုတ်ခမ်းပိုင်းမှ အန္တရာယ်ပြုနိုင်သော အလားအလာမှာ လက်ရှိအမေရိကန်ပြည်ထောင်စု၌ ကန့်သတ်ထားသော အန္တရာယ် ပြုရေးအလားအလာ၏ အပုံတရာပုံလျှင် တပုံခန့်သာရှိသည်။

နေအင်အားဂြိုဟ်တု တည်ဆောက်နိုင်ပါ၏လော။ အဖြေမှာ လက်ရှိအာကာသစက်မှုပညာ ဖွံ့ဖြိုးလာမှုအရ လိုအပ်သည့်ငွေကြေးထောက်ပံ့မှု ရပါက တည်ဆောက်နိုင်ပါသည် ဟူ၍ဖြစ်သည်။ ယခုအခါ၌ အာကာသစက်မှုနည်းပညာမှာလိုလျှင်လိုအပ်သလိုပြုလုပ်နိုင်ကြပြီး လျင်မြန်စွာ ဖွံ့ဖြိုးလာရန် ဦးဆောင် နိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

နေအင်အားဂြိုဟ်တု တည်ဆောက်ရေး၏ပထမဦးဆုံးသော ခြေလှမ်းမှာ အာကာသတွင်း ဆောက်လုပ်ရေးအတွက် နည်းသစ်များတီထွင်နိုင်ရန်နှင့် ထုပ်များ၊ ယက်မများဖြင့် မတည်သော အဆောက်အအုံများ ဆောက်နိုင်ရန် လို အပ် သည်။ ၁၉၈၃–၈၄ ခုနှစ်အတွင်း၌ အာကာသလွန်းပျံယာဉ်မှ ဝန်းပတ်ယာဉ်အား ဆောက်လုပ်ရေး အခြေခံစခန်းအဖြစ် အ သုံး ပြုပြီး အလိုအလျောက် ထုပ်၊ယက်မများ တည်ဆောက် ရေး ကိရိယာကို ပထမဦးဆုံးအကြိမ် လည်ပတ်စေပြီး အာကာသတွင်း ဆောက်လုပ်ရေး နည်းများကို စမ်းသပ်ကြည့်မည် ဖြစ်သည်။ ယင်းကဲ့သို့ စမ်းသပ်ခဲ့သော နည်းစနစ်များအား နေအင်အား ဂြိုဟ်တုများ တည်ဆောက်ရာနှင့်''အာကာသ စက်မှုလက်မှု ထူထောင်ခြင်း'' အခန်း၌ ဖော်ပြပြီးဖြစ်သော အာကာသ အဆောက်အအုံကြီးများ တည်ဆောက်ရာတွင် အသုံးပြုမည်ဖြစ်သည်။

ယင်းနည်းစနစ်များကိုစံနမူနာပြနေအင်အားဂြိုဟ်တုပထမဦးဆုံးတည်ဆောက်ရာတွင် အသုံးပြုမည်ဖြစ်သည်။ အကယ်၍ဆန်းစက်(တ)ဂြိုဟ်တုစနစ်သည် အနာဂတ်စွမ်းအင်လိုအပ်မှုကိုဖြည့်ဆည်းနိုင်ပြီး လက်တွေ့ကျကျ အသုံးချနိုင်သည့် သို့မဟုတ်အခြားသောအမျိုးအစားများထက် လက်တွေ့ကျကျ အသုံးချနိုင်သည့် စနစ်ဖြစ်ပါက လူသားထု တရပ်လုံးက အထူးပင်စိတ်ကူးယဉ်ခဲ့သော အကြောင်းရပ်တခု အာကာသ၌စတင်ရုပ်လုံးပေါ်လာမည် ဖြစ်သည်။

ယခုအခါတွင် သရုပ်ပြထုပ်ယက်မ အလိုအလျောက် ထုတ်လုပ်ရေးစက် ပေါ်ပေါက်လျက်ရှိသည်။ ယင်းစက်သည် အထူ

(၀.၀၁၆) လက်မရှိ သတ္တုပြားမှ အရှည် ၃၉.၃ လက်မရှိ ထုပ်များကို ထုတ်လုပ်ပေးနိုင်သည်။ ၁၉၇၈ ခုနှစ်က စတင်အသုံးပြုခဲ့သော ယင်းစက်သည် ယခုအခါ နာဆာအဖွဲ့ကြီး လက်အောက်တွင် ရောက်ရှိနေသည်။ ကုန်ကြမ်း ထပ်မံမဖြည့်ဆည်းရပဲ အရှည် ၅၃၂ ပေရှိ ထုပ်ကို ၎င်းစက်က ထုတ်လုပ်နိုင်ရန် ပုံစံရေးဆွဲထားသည်။ ပုံစံပြုပြင်မည်ဆိုပါက အရှည် ၉၈၄ ပေရှိ ထုပ်များကိုလည်း ထုတ်လုပ်နိုင်မည် ဖြစ်သည်။ အနာဂတ်တွင် အရှည်ပေ ၁,၅၀၀ ရှိထုပ်များကို ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ယင်း အလိုအလျောက် ထုပ်ယက်မ ထုတ်လုပ်ရေးစက်ကို အခြားအလိုအလျောက် တည်ဆောက်ရေး လုပ်ငန်းများအတွက်လည်း အသုံးပြုနိုင်စေရန် ပြုပြင်ယူနိုင်သည်။

အလိုအလျောက် ထုပ်ယက်မ ထုတ်လုပ်ရေးစက်ကို အစားထိုးနိုင်မည့် အာကာသ ဆောက်လုပ်ရေး ကိရိယာမှာ ဖွံ့ဖြိုးလာမည့် အာကာသ စက်မှုပညာသစ်ကသာ ပေါက်ဖွားပေးမည်ဖြစ်သည်။ နောက်ပိုင်းတွင် ကြီးသည်ထက်ကြီးမားသော အာကာသ အဆောက်အအုံများ တည်ဆောက်သည့်အခါတွင် နေအင်အား ဂြိုဟ်တုစနစ် တည်ဆောက်ရေးမှာ လက်တွေ့အကောင်အထည် ပေါ်လာမည်သာမက ကုန်ကျစရိတ်လည်း အထူးပင် နည်းပါးသွားပေမည်။

နေအင်အားဂြိုဟ်တုစနစ် တည်ဆောက်ရေး အတွက် အာကာသ လွန်းပျံယာဉ်အား သယ်ယူပို့ဆောင်ရေး ယာဉ်အဖြစ် အသုံးပြုရန် မသင့်တော်တော့ပေ။ လွတ်တင်ရေး ယာဉ်သစ်များ တည်ဆောက်ရန် လိုအပ်လာမည်ဖြစ်သည်။ ယင်းယာဉ်သည် အလေးချိန်တန်နှင့်ချီ၍ရှိသော ပစ္စည်းများကိုကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ တင်ပို့ပေးနိုင်ရမည်ဖြစ်သည်။ ရေးဆွဲထားသောပုံစံတခုမှာ မာကျူရီထိပ်ဖူးနှင့်တူသည်။ ၎င်းယာဉ်

www.burmeseclassic.com

www.burmeseclassic.com

ကို စတင်လွှတ်တင်စဉ် အလေးချိန်သည် တန်ချိန် ၁၂,၀၀၀ ရှိမည်ဖြစ်ပြီး၊ ဝန်းပတ် လမ်းကြောင်း အတွင်းသို့ ပေါင်ချိန် ၅,၀၀,၀၀၀ ခန့် ရောက်အောင် ပို့နိုင်မည်ဖြစ်သည်။ လေးလံသော ကုန်များတင်ဆောင်မည့် အာကာသယာဉ်တွင် စယ်တန် ၅ ဒိုးပျံ ၄ လုံးနှင့် ညီမျှသော တွန်းအားများ ပေးနိုင်သည့် ဒိုးပျံအင်ဂျင် ၂၀ ပါဝင်မည်ဖြစ်သည်။ ၎င်းနှင့်အတူ လိုအပ်သော ကုန်များကို အာကာသတည်ဆောက်ရေး စခန်းသို့ တင်ပို့ပေးမည့်အပြင် ရာနှင့်ချီ၍ ရှိနေသော အာကာသလုပ်သား များအတွက် အသုံးအဆောင် များလည်း ပါဝင်သွားမည် ဖြစ်သည်။

ဆန်းစက်(တ)ဂြိုဟ်တုတလုံးကို ကမ္ဘာပတ် လမ်းကြောင်း အတွင်း၌ တည်ဆောက် ပြီးစီးပါက နေခြည် အင်အားသုံး လျှပ်စစ်အင်ဂျင်များဖြင့် ကမ္ဘာနှင့်ယှဉ်၍ ပြိုင်တူလှည့်ပတ်နေနိုင်သော ဝန်းပတ်လမ်းသို့ တက်ရောက်သွားမည် ဖြစ်သည်။ ဤသို့ခရီးနှင်ရာတွင် အစစအရာရာ အဆင်ပြေစွာလုပ်ဆောင်မှု ရှိမရှိ သိရှိရန် အာကာသ လုပ်သားတစုပါ သယ်ဆောင်သွားမည်ဖြစ်သဖြင့် လိုရာသို့ ရက်သတ္တပတ် အနည်းငယ် ကြာမှ ရောက်ရှိပေမည်။ ကြီးမားသည့် ဆန်းစက်(တ)ဂြိုဟ်တုသည် အာကာသ ဆောက်လုပ်ရေး လုပ်သားများနှင့်အတူ မြင့်မားသော ဝန်းပတ်လမ်းကြောင်းသို့ တဖြည်းဖြည်းတက်သွားပုံမှာ အုတ်ခဲလဗိမာန် စာအုပ်ပါ အကြောင်းအရာများနှင့် အထူးပင် တူညီလှသည်။ အဘယ်ကြောင့်ဆိုသော် အာကာသဆောက် လုပ်ရေး လုပ်သားများသည် ပုံပြင်မှာကဲ့သို့ပင် ၎င်းတို့၏ မိသားစုများ၊ ယုတ်စွအဆုံး ဇနီး၊ လင် သား များပါ ခေါ်ဆောင်သွားကြမည့် အတွက်ကြောင့် ဖြစ်ပေသည်။

နေ့လယ်စာစားရန် နက်ရှိုင်းသည့် အာကာသအတွင်းသို့ ထွက်သွားသည်။

လု(ခ)၅း၄

အခန်း (၁၃)
အာကာသ လွှန်းပျံယာဉ် ပေါ်ပေါက်လာပြီး နောက်ပိုင်း၌

အာကာသယာဉ်တစင်း ကမ္ဘာ့အထက် မိုင်ပေါင်းထောင်ချီ၍ ဝေးသောနေရာမှ ကမ္ဘာအား ဝန်းပတ်လျက် ရှိသည်။ အနီးအနား မည်းမှောင်သည့် ကဏ္ဍပါသား ပတ်ဝန်းကျင်၌လည်း အခြားယာဉ် ၂ စင်း ကမ္ဘာအား ဝန်းပတ်လျက်ရှိ၏။

၎င်းယာဉ်များသည် တဖြည်းဖြည်းချင်း ဝန်းပတ် လမ်းမှ ခွဲထွက်ခွာခဲ့သည်။ မကြာမီပင် ၎င်းတို့သည် လကမ္ဘာသို့ အရောက်သွားနိုင်သော အမြန်နှုန်းထက်ပင်တိုး၍ ပျံသန်း ခဲ့ကြ၏။ အာကာသအတွင်း၌ ပျံသန်းရာတွင် အမြန်နှုန်းများ တဖြည်းဖြည်းချင်း မြှင့်တင်ခဲ့ကြသည်။ ထို့နောက် နေမှ စတုတ္ထမြောက် ဂြိုဟ်ဖြစ်သည့် အင်္ဂါဂြိုဟ်၏ နေဝန်းပတ်လမ်းအား ဖြတ်ကာ အင်္ဂါဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ဝင်ရောက်သွားခဲ့သည်။ ထိုအချိန်မှစ၍ အမြင့်ပျံ ဝန်းပတ်လမ်းရှိ လူ့စီးအာကာသ ဆောက်လုပ်ရေး အခြေခံစခန်း ၃ ဖြင့် အင်္ဂါဂြိုဟ် လေ့လာရေးလုပ်ငန်း ပထမဦးဆုံးအကြိမ် စတင်နိုင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

နှစ်အနည်းငယ်ကြာသည့်အခါ အင်္ဂါဂြိုဟ်မှ အရာဝတ္ထုကလေးများ၊ လေထုနမူနာများ၊ မြေဆီလွှာ နမူနာများနှင့် သက်ရှိအရာ အနည်းငယ်ခန့်ကို လေ့လာ၍ ကမ္ဘာသို့ သတင်းပို့ပေးမည်ဖြစ်သည်။ အခုအချိန်အထိမူ အင်္ဂါဂြိုဟ်အား လူမဲ့အာကာသယာဉ် ၃ စင်း စေလွှတ်၍ လေ့လာခဲ့ရာ သက်ရှိအရာဟူ၍ မတွေ့ရသေးပေ။

ရာစုနှစ် အသစ်အတွင်းသို့ ချင်းနင်း ဝင်ရောက်ခဲ့ပြီ ဖြစ်၏။ အာကာသလွှန်းပျံယာဉ်တို့မှာလည်း တမျိုးတဖုံပြောင်းလဲသွားခဲ့ကြသည်။ သို့သော် အာကာသလွှန်းပျံယာဉ်ပင် ဖြစ်နေသေးသည့်အလျောက် အာကာသတွင်း၌ ဝန်းပတ် လမ်းကြောင်းပြောင်းခြင်းနှင့် မြေမျက်နှာပြင်မှ အာကာသသို့ တက်ရောက်ခြင်းစသည့် လုပ်ငန်းများကိုသာ လုပ်ဆောင်လျက်ပင်ရှိသည်။ ၂၀ ရာစုနှစ် ကုန်ဆုံးချိန်က အာကာသလွှန်းပျံ ပုံစံရေးဆွဲထုတ်လုပ်သူများပင်လျှင် ပြောင်းလဲနေသော မြို့ပြများ၏ အခြေအနေကြောင့် သာမန်မြို့များကိုမြင်ရရုံဖြင့် မှတ်မိချင်မှ မှတ်မိကြပေမည်။ အချိန်ပြောင်းလဲလာသလို စက်မှုနည်းပညာများလည်း ပြောင်းလဲလာခဲ့သည်။ မကြာမီအချိန်အတွင်း၌ပင် အင်္ဂါဂြိုဟ်ပေါ်၌ သတ္တုတူးဖော်ရေးစခန်းတခု တည်ဆောက်ကြပေမည်။ လမိမာန်ပေါ်တွင် မြို့ပြများတည်သလို အင်္ဂါဂြိုဟ်ပေါ်၌လည်း တည်ဆောက်ကြမည်ဖြစ်သည်။ တချိန်က စိတ်ကူးယဉ်ခဲ့ကြသည့် နေအဖွဲ့အစည်းမှ အနီးဆုံးကြယ်သို့ ခရီးလှည့်ကြရန်လည်း လုပ်ဆောင်ကြပေတော့မည်။

အာကာသလွှန်းပျံယာဉ်က ဖန်တီးပေးသောအခွင့်အလမ်းများကို ဆောလျင်စွာရယူပြီး အစိုးရနှင့် ပုဂ္ဂလိကတို့ကလည်း စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ပေးကြမည် ဆိုပါက၊ နောင် နှစ်ပေါင်း ၃-၄ ဆယ် ကြာသည့်အခါ၌ အာကာသသည် အလွန်ရှုပ်ထွေးသော ကမ္ဘာတခုအဖြစ် ရောက်ရှိနေပေမည်။

ကမ္ဘာ့အနီးအနားရှိ ဝန်းပတ်လမ်းကြောင်းများကို ကျယ်ပြန့်စွာ အသုံးချခဲ့ကြသည်။ ဆက်သွယ်ရေး ဂြိုဟ်တုများ နှင့် ပြည်သူ့ဝန်ထမ်း အာကာသအလုပ်စခန်းများသည် ကမ္ဘာကြီးနှင့် ယှဉ်၍ ပြိုင်တူလည်ပတ်နေနိုင်သော ဝန်းပတ်လမ်းတွင် ရှိနေကြသည်။ ကြီးမားသည့်ဂြိုဟ်တုကြီးများမှ ကမ္ဘာ့အတွက် စွမ်းအင်များ ရနိုင်ခဲ့ကြသည်။ အာကာသစက်ရုံများကလည်း ကမ္ဘာ၌ မထုတ်လုပ်နိုင်သော ပစ္စည်းသစ်များကို ထုတ်လုပ်ပေးမည်ဖြစ်သည်။ ထောင်ပေါင်းများစွာသော လူသားများသည်လည်း လူနေ အာကာသစခန်းများ၊ မော်ဂျူးများ၊ အာကာသဆောက်လုပ်ရေး အလုပ်စခန်းများနှင့် စက်မှုလက်မှုဆိုင်ရာ အထောက်အကူပြု နေရာထိုင်ခင်းများ၌ နေထိုင် သွားလာကြမည်ဖြစ်သည်။ လက်ရှိ သို့မဟုတ် မျှော်မှန်းနိုင်သောစက်မှုနည်းပညာ၏အစွမ်းဖြင့် ယင်းဖြစ်ရပ်များ နောင်အနှစ် ၂၀ မှ ၄၀ အတွင်း ပေါ်ထွက်လာမည်ဖြစ်သည်။

ကမ္ဘာနှင့်ယှဉ်၍ ပြိုင်တူလှည့်ပတ်နိုင်သော ဝန်းပတ် လမ်းကြောင်းအလွန်ရှိ လ ပတ်လမ်းကြောင်းကိုလည်း လစန္ဒာအမြဲတမ်း စခန်းတည်ဆောက်နိုင်ရေးအတွက် ပြင်ဆင်ရန် များစွာအသုံးပြုကြမည်ဖြစ်သည်။ လစန္ဒာအား တပတ်ပြန်ကျော့၍ လေ့လာမှုပြုလုပ်ရန် ပထမဦးဆုံးအနေဖြင့် "လူနာ အော်ဘစ်တာ" လစန္ဒာဝန်းပတ်ယာဉ်ကဲ့သို့သော အာကာသယာဉ် ကို အာကာသ လွှန်းပျံယာဉ်မှ တင်လွှတ်မည် ဖြစ်သည်။ လ စန္ဒာဝန်းပတ်ယာဉ်မှ ပိုမိုခေတ်မီသော အာရုံခံ ကိရိယာများသည် လ မျက်နှာပြင်၏မြေပုံကို ရေးဆွဲမည့်အပြင် သယံဇာတပစ္စည်းများကိုလည်း ရှာဖွေပေးမည်ဖြစ်သည်။

လစန္ဒာအား ‌ ‌ ‌နအခြေခံစခန်းအဖြစ် အသုံးမပြုမီ အာကာသ သယ်ယူပို့ဆောင်ရေးစနစ်အတွက် အဆောက်အအုံနှစ်ခု

www.burmeseclassic.com

တည်ဆောက်ရမည်ဖြစ်သည်။ ၎င်းတို့မှာ လူနေ လဗိမာန်ပတ် အာကာသစခန်းနှင့် အခြေအနေအရ သင့်တော်စွာ တည်ဆောက်ရမည့် လဆင်းယာဉ်တို့ဖြစ်သည်။

လပတ် အာကာသစခန်း၌ လူ ၆ ဦးမှ ၈ ဦးအထိ လိုက်ပါ အလုပ် လုပ်ကိုင်နိုင်မည်ဖြစ်ပြီး လ၏အထက် အမြင့် ၆၉ မိုင်ခန့်အကွာမှနေ၍ ဝန်ရိုးစွန်း ဝန်းပတ်လမ်းအတိုင်း ဝန်းပတ်နေမည်ဖြစ်သည်။ လပတ်လမ်းကြောင်း အနည်းငယ် နိမ့်ကျနေသည့်အတွက် လပတ် အာကာသစခန်းမှာ လ၏ဆွဲအားနှောင့်ယှက်မှုများ၏ ဒဏ်ကို ခံရမည် ဖြစ်သည်။ ထို့ကြောင့် အနေအထား မပြောင်းလဲစေရန် သေးငယ်သော အင်အားမော်ဂျူးများဖြင့် အမြဲတမ်း ထိန်းသိမ်း ရမည် ဖြစ်သည်။ ၁၉၇၁ ခုနှစ်က နာဆာ၏ မူလကန်ထရိုက်အရ နော့(သ) အမေရိကန် ရော့(ခ)ဝဲလ်ကုမ္ပဏီလေ့လာဆန်းစစ်ခဲ့သော ၎င်း လပတ် အာကာသစခန်းမှာ လအား အချိန်ကြာမြင့်စွာ ဝင်ရိုးစွန်းလမ်းအတိုင်း ဝန်းပတ်နေမည့် လူနေ အာကာသစခန်း ဖြစ်သည်။ ၎င်းကိုတည်ဆောက်ရန် နာဆာ၏ဘတ်ဂျက်တွင် နှစ်ပေါင်း အတန်ကြာ ပါဝင်ခဲ့သော်လည်း ကွန်ဂရက် လွှတ်တော်၏ ခွင့်ပြုချက် မရခဲ့ပေ။

လပတ် အာကာသစခန်းအတွက် လိုအပ်သမျှသော ပစ္စည်းများကို ခေတ်မီစွာတည်ဆောက်ထားသော ကုန်တင်ဝန်းပတ်ယာဉ်များဖြင့် သယ်ဆောင်ပေးမည်ဖြစ်သည်။ ကုန်ပစ္စည်းများမှာလည်း ကမ္ဘာနှင့်ယှဉ်၍ ပြိုင်တူ လည်ပတ်နေနိုင်သော ဝန်းပတ်လမ်းကြောင်းအတွင်းစုပုံနေရာမှလည်းကောင်း၊ သို့မဟုတ် အာကာသလွန်းပျံယာဉ်ဖြင့်သယ်ယူခဲ့ပြီး ကမ္ဘာအနီးရှိ ဝန်းပတ်လမ်းကြောင်းအတွင်းထားရှိရာမှလည်းကောင်း ယူဆောင်

ပို့ပေးမည်ဖြစ်၏။ ၎င်း လပတ်အာကာသစခန်းကို အမျိုးမျိုး အဖုံဖုံ အသုံးပြုနိုင်မည်ဖြစ်သည်။ လဆင်းယာဉ်အတွက်အခြေခံစခန်း၊ လမျက်နှာပြင်တွင်လုပ်ဆောင်ခဲ့သော ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ကွန်းထောက်စခန်းနှင့် လ မျက်နှာပြင်စူးစမ်းလေ့လာရေးလုပ်ငန်းအတွက် ဆက်သွယ်ရေးနှင့် ကြည့်ရှုစစ်ဆေးရေးဌာန စသည်တို့ဖြစ်သည်။ ထို့ပြင် ပထမဦးဆုံး တည်ဆောက်မည့် လအခြေခံစခန်းအတွက် သင့်တော်မည့်နေရာကို လပတ်စခန်းကပင် ရွေးချယ်ပေးနိုင်သည်။

လ မျက်နှာပြင်၌ အခြေခံစခန်း တည်ဆောက်နိုင်ရေးမှာ သိပ္ပံနှင့် စက်မှုနည်းပညာအတွက်သာမက အခြားကိစ္စရပ်များအတွက်ပါ နှစ်မြို့ဖွယ်ရာဖြစ်သည်။ လ မျက်နှာပြင်ရှိ ပင်ရင်းသယံဇာတပစ္စည်းများ ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်မည်ဆိုပါက အာကာသအတွင်း ဆက်လက်၍ နယ်မြေချဲ့ထွင်ရေးအတွက် လိုအပ်သမျှသောအရာဝတ္ထုများ ရရှိရန် ဖန်တီးပေးမည့် ခြေလှမ်း တရပ် ဖြစ်နိုင်၏။ အာကာသ ဖွံ့ဖြိုးတိုးတက်လာရေး အတွက် ပျိုးထောင်ပေးမည့် စီးပွားရေး သယံဇာတ ပစ္စည်းများမှာ အာကာသအတွင်းမှသာ ရယူဆောင်ရွက်ရပေမည်ဟူသော အချက်ကို အထူးသတိချပ်သင့်သည်။ မြေကမ္ဘာမှသယံဇာတများမှာ အနာဂတ်တွင် ကုန်ခန်းမည့်အခြေအနေကို ပြဆိုလျက်ရှိသည်။ မြေကမ္ဘာမှ ပစ္စည်းများအား အာကာသသို့ တင်ဆောင်ရာ၌ ကုန်ကျသည့်စရိတ်မှာ ကြောက်ခမန်းလိလိဖြစ်၏။ ကုန်ခန်းမတတ်ဖြစ်နေသောကမ္ဘာ့သယံဇာတပစ္စည်းများအား အစားထိုးနိုင်ရန် အာကာသတွင်းမှ တိုးချဲ့ရှာဖွေရေး ကုန်ကျစရိတ်မှာ အတူးများပြားနေသည့်အတွက် နိုင်ငံရေးခွင့်ပြုချက်ရရှိရန် မလွယ်ကူပေ။ ၁၉၇၆ ခုနှစ်နှင့် ၁၉၇၇ ခုနှစ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com

တွင် နာဆာအဖွဲ့ကြီးကပြုလုပ်ခဲ့သော လေ့လာမှုများအရ ငွေရင်း မြှုပ်နှံမှု ဒေါ်လာကုဋေ ၆၀၀၀ ဖြင့် ၁၉၉၂-ခုနှစ်လောက်တွင် လမျက်နှာပြင် သတ္တုတူးဖော်ရေး လုပ်ငန်း နှင့် အာကာသတွင်း သတ္တုထုတ်လုပ်ရေးလုပ်ငန်းများ စတင်နိုင်မည်ဟု ခန့်မှန်းခဲ့ကြသည်။ ရင်း ငွေရင်းမြှုပ်နှံမှုမှာ အပိုလို စီမံကိန်း အသုံးစရိတ်ထက် ငွေအနည်းငယ်သာ ပိုလေသည်။

လစန္ဒာ အခြေခံစခန်းကို လဆင်း ယာဉ်များဖြင့် လပတ်လမ်းကြောင်းအတွင်းမှ သယ်ဆောင် လာခဲ့သော မော်ဂျူး စခန်းများဖြင့် တည်ဆောက်မည်ဖြစ်သည်။ လူပေါင်း ၁၂-ဦး အထိ နေထိုင်နိုင်စေမည့် စံချိန်ကိုက် အာကာသ စခန်းများ၏ ပုံစံများကို ပညာရှင်များက ရေးဆွဲတင်ပြခဲ့ကြသည်။

မော်ဂျူးများကို ကမ္ဘာ့အနီး ဝန်းပတ်လမ်းကြောင်း အတွင်းသို့ အာကာသလွှန်းပျံယာဉ်ဖြင့် တင်ပို့မည်ဖြစ်ပြီး လပတ်စခန်းအနီးသို့ရောက်အောင် ဝန်းပတ်သယ်ယူရေးယာဉ်ဖြင့် ပို့ဆောင်မည်ဖြစ်သည်။ လစန္ဒာအခြေခံစခန်းအား လမျက်နှာပြင်သို့ရောက်အောင် လဆင်းယာဉ်များက သယ်ဆောင်ပေးပြီးသောအခါ လပတ်စခန်းမှ အာကာသအမှုထမ်းများနှင့် ဆောက်လုပ်ရေးယာဉ်မှူးများသည် လစန္ဒာအခြေခံစခန်းအား တည်ဆောက်ကြမည်ဖြစ်သည်။ လပေါ်၌တွေ့ရှိရသော ကုန်ရိုင်း အရာဝတ္ထုများကို အခြေခံမော်ဂျူး၏အပေါ်မှ အကာအကွယ်အဖြစ် မိုးကာပေးမည်ဖြစ်သည်။

ကနဦးကွင် လစန္ဒာအခြေခံစခန်းအား လိုအပ်သမျှသော ပစ္စည်းများဖြင့် မြေကမ္ဘာမှ၊ သို့မဟုတ် အာကာသစခန်းများ

မှ ထောက်ပံ့ကြရမည်ဖြစ်၏။ နောင်ကာလ၌မူ စန္ဒာအခြေခံ စခန်းတွင်းဖြစ် ပစ္စည်းများဖြင့်သာ ထောက်ပံ့မည်ဖြစ်သည်။ ရေနှင့် လေကို တဖန်ပြန်၍ အသုံးပြုနိုင်အောင်လည်း ဖန်တီးယူမည်ဖြစ်ပြီး ဆောက်လုပ်ရေးပစ္စည်းများ၊ လယ်ယာငယ်ကလေးများအတွက် မြေဆီလွှာနှင့် ညူကလီယာ ဓာတ်အားပေး ရိအက်တာအတွက် လောင်စာ စသည်တို့ကို လပေါ်ရှိ ပင်ရင်း အခြေအမြစ် သတ္တုပစ္စည်းများမှထုတ်နုတ်ယူနိုင်မည်ဖြစ်သည်။

အနာဂတ် လစန္ဒာအခြေခံစခန်းများအတွက် လပေါ်တွင် ပင်ရင်း အခြေအမြစ်သတ္တုပစ္စည်း အများအပြား ရှိသည်။ အထူးသဖြင့် အသက်ရှူရန်နှင့် ဒုံးပျံများအတွက် တွန်းအားပေးရန် အောက်စီဂျင်အငွေ့များ၊ အဆောက်အအုံနှင့် ဒုံးပျံ တွန်းအား အတွက် အလူမီနီယမ်၊ မဂ္ဂနီစီယမ်၊ သံနှင့် တိုက်တန်နီယံ သတ္တုများ၊ ကြွေထည်မြေထည်နှင့် ဖန်သားများအတွက် ကုန်ကြမ်း ပစ္စည်းများ၊ အလင်းပို့ တိတ်နေအင်အားကိရိယာများ အတွက် စီလီကွန်များနှင့် ညူကလီယာဘရီဒါရီအက်တာများ အတွက် သိုရီယမ်သတ္တုများ ရရှိနိုင်သည်။ လစန္ဒာအခြေခံစခန်း အတွက် မူလကရေးဆွဲခဲ့သော ထောက်ပံ့ရေးအစီအစဉ်တိုင်း လိုလိုမှာ လပေါ်ရှိ ကုန်ကြမ်းပစ္စည်းများ အသုံးပြုရေးကို အားပေးခဲ့သည်။ လပေါ်တွင် အများအပြားရရှိနိုင်သည့်အရာမှာ နေခြည်စွမ်းအင်ပင်ဖြစ်သည်။ လပေါ်မှ တရက်တာမှာ ကမ္ဘာပေါ်ရှိ အချိန်ရက်သတ္တ နှစ်ပတ်ခန့်နှင့်ညီမျှသဖြင့် တနေကုန် ထွန်းတောက်နေမည့် နေအရှိန်ကို အများအပြား လက်ခံ ရရှိနိုင်မည်ဖြင်သည်။

လကိုလိုနီသည် မြေကမ္ဘာအားလည်းကောင်း၊ သို့မဟုတ် အာကာသ စခန်းများအားလည်းကောင်း၊ ထောက်ပံ့ ရေး

www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းများအတွက် လျင်မြန်စွာ အမှီအခိုကင်းနိုင်ရန်၊ လစန္ဒာအခြေခံစခန်းသည် ရှပ်ပိုင်းဆိုင်ရာနှင့် ဓာတ်ပိုင်းဆိုင်ရာတို့ ပေါင်းစပ်ထားသည့် စိုက်ပျိုးရေးလုပ်ငန်းစဉ်၊ အစားအစာအတွက် သီးနှံစိုက်ပျိုးမှုတိုးပွားရေးနှင့် အညစ်အကြေးများကို မြေဆီလွှာ ဘက်တီးရီးယားပိုးများဖြင့် တဖန်ပြန်လည် အသုံးပြုနိုင်သော အရာများအဖြစ် ပြောင်းလဲပေးရေး စသည့် လုပ်ငန်းရပ်များကို စတင်လုပ်ဆောင်ရမည်ဖြစ်သည်။ သို့သော် လကိုလိုနီသည် အစားအစာတိုးပွားမှုအတွက် လိုအပ်သော အာဟာရဓာတ်များ၊ အနည်းငယ်သော ဇိမ်ခံအသုံးအဆောင်များနှင့် ဟိုက်ဒရိုဂျင်အငွေ့များအတွက်မူ မြေကမ္ဘာပေါ် မှီခိုအားထားရမည်ဖြစ်သည်။

လ မျက်နှာပြင်ပေါ်တွင် ဟိုက်ဒရိုဂျင်အငွေ့ အနည်းငယ်သာ ရှိသည်။ အနည်းငယ်သော ဟိုက်ဒရိုဂျင်အငွေ့များလည်း နေရှိန်ဖြာမှုကြောင့် လ ပေါ်ရှိ မြေဆီလွှာများအတွင်း ရောက်ရှိခဲ့ခြင်းဖြစ်သည်။ လစန္ဒာအခြေခံစခန်း၌ ရေရရှိရန်နှင့် စွမ်းအင်ကြွယ် ဒုံးပျံလောင်စာထုတ်လုပ်ရန် ဟိုက်ဒရိုဂျင်အငွေ့ကို အများအပြား လိုအပ်မည်။ ထို့ကြောင့် လစန္ဒာအခြေခံစခန်းသို့ ဟိုက်ဒရိုဂျင်အငွေ့များကို ကမ္ဘာမှ သို့မဟုတ် အာကာသစခန်းများမှ ဦးစားပေး၍ ပို့ဆောင်ရပေမည်။

ကမ္ဘာပေါ်တွင် နေခြည်လျှပ်စစ်ဓာတ်အား အများအပြား ရရှိရေးအတွက် လ အခြေခံစခန်း၌ ကြီးမားသော နေခြည်ဓာတ်အားပေးဌာနများ ပထမခြေလှမ်းတရပ်အနေဖြင့်အစားထိုး တည်ဆောက်ရန် စဉ်းစားခဲ့ကြသည်။ လ ပေါ်ရှိ ပစ္စည်းများသုံးကာ ပြုလုပ်ထားသော "ထုပ်၊ ယက်မ တည်ဆောက်ရေး" ကိရိယာများဖြင့် လ မျက်နှာပြင်ပေါ်တွင် ဓာတ်အားပေးစက်များ တည်ဆောက်မည်ဆိုပါက ၎င်းတို့အား လပေါ်မှ ကမ္ဘာနှင့်ယှဉ်၍ ပြိုင်တူလည်ပတ်နိုင်သော ဝန်းပတ်လမ်းသို့ အရောက်တင်ပို့ရန် အင်အား အနည်းအပါးသာ လိုအပ်မည်ဖြစ်သည်။ တနည်းဆိုသော် ၎င်း အင်အား ဂြိုတ်တု၏ အစိတ်အပိုင်းကိုပင် ကမ္ဘာမှနေ၍ တင်လွှတ်မည်ဆိုပါက လပေါ်မှ တင်ပို့ရသည့်အင်အားထက် အဆ ၂၀ ခန့် ပို၍လိုအပ်မည်ဖြစ်သည်။ လမျက်နှာပြင်၌ သတ္တုများ တူးဖော်သန့်စင်ထုတ်လုပ်ပြီး နေအင်အားဂြိုဟ်တု တည်ဆောက်ကာ မြင့်မားသောကမ္ဘာပတ် လမ်းကြောင်းအတွင်း တင်လွှတ်မည်ဆိုပါက ရေရှည်တွင် ကုန်ကျစရိတ် ပိုမိုသက်သာမည်လည်းဖြစ်သည်။

လစန္ဒာအခြေခံစခန်း သို့မဟုတ် လကိုလိုနီ၌ နေအင်အားဂြိုဟ်တုများ တည်ဆောက်ထုတ်လုပ်မည်ဆိုပါက နှစ်စဉ် ဒေါ်လာ ကုဋေကုဋာကုန်ကျမည်ဖြစ်သည်။ အကယ်၍ နေအင်အားဂြိုဟ်တုသည် ကမ္ဘာမှ အထူးလိုအပ်သောအရာ ဖြစ်လာမည်ဆိုပါက ကမ္ဘာ့စက်မှုလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားများ ပေးစွမ်းနိုင်မည့် လစန္ဒာအခြေခံစခန်း တည်ဆောက်ရေးမှာ အကောင်အထည်ပေါ်လာနိုင်ပေမည်။

လစန္ဒာအခြေခံစခန်းသည် အာကာသတွင်း ဆောက်လုပ်မည့် အဆောက်အအုံများအတွက် အသုံးဝင်မည့် ဓာတ်သတ္တုများ တူးဖော်ရန်သာ အသုံးပြုနိုင်သည်။ မူလက လစန္ဒာအခြေခံစခန်းအား သတ္တုထုတ်လုပ်ရေးလုပ်ဆောင်နိုင်ရန်အတွက် ရည်စူးခဲ့ကြသည်။ သို့သော် နောက်ပိုင်း၌ တူးဖော်ရရှိသမျှသော သတ္တုရိုင်းများကို ကမ္ဘာနှင့်ယှဉ်၍ ပြိုင်တူလည်ပတ်နေ

www.burmeseclassic.com

www.burmeseclassic.com

သော ကမ္ဘာပတ်လမ်းကြောင်းအတွင်းရှိ ပစ္စည်းထုတ်လုပ်ရေးစခန်းသို့၊ သို့မဟုတ် လပတ် လမ်းကြောင်းအတွင်းသို့ တင်ပို့ပေးရန် ဆုံးဖြတ်ချက်ချခဲ့ကြသည်။

လ မျက်နှာပြင်တွင် ဟိုက်ဒရိုဂျင်အငွေ့ နည်းပါးသည့် အတွက် သမားရိုးကျ ဒုံးပျံတွန်းအားများသုံးစွဲနိုင်ရန်အခက်အခဲရှိသည်။ ထို့ကြောင့် သတ္တုရိုင်းများကို လစန္ဒာအခြေခံစခန်းမှ ဒြပ်တုတွန်းပို့ရေးကိရိယာဖြင့် တင် လွှတ် နိုင် သည်။ အာကာသယာဉ် သို့မဟုတ် ကုန်များကို မိုင်အများအပြား ရှည်လျားသည့် လမျက်နှာပြင်လမ်းကြောင်းတလျှောက်၏အထက် အတော်အတန်မြင့်သည့်နေရာအထိလွှန်ကဲလျှပ်ကူးသံလိုက်များသုံး၍ တင်ပို့နိုင်သည်။ လျှပ်စစ်မော်တာများသည် တွန်းအားများ တဖြောင့်တည်းသွားစေနိုင်ရန် စွမ်းဆောင်နိုင်သည်။ လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဆိုလာဓာတ်အားပေးစက်မှ ရသည်။ အကယ်၍ သတ္တုရိုင်း တွန်းပို့ရေး ကိရိယာကို လိုအပ်သည့် ဦးတည်မှုနှင့် အမြန်နှုန်းများရအောင် ထိန်းချုပ်နိုင်မည်ဆိုပါက၊ လ မျက်နှာပြင်မှ အရာဝတ္ထုများကိုဝန်းပတ်နေသော ပစ္စည်းထုတ်လုပ်ရေး အာကာသစခန်းသို့ အရောက်ပို့ပေးနိုင်မည်ဖြစ်သည်။ ယင်း ပစ္စည်းများကို အာကာသစခန်းမှ အလိုအလျောက် ရယူရေးကိရိယာဖြင့် ဆွဲယူမည်ဖြစ်သည်။

အာကာသတွင်း နယ်မြေချဲ့ထွင်ရေးအတွက် လစန္ဒာအခြေခံစခန်းသည် ယထာဘူတကျသော ခြေလှမ်းတရပ် ဖြစ်သည်။ အနာဂတ်တွင်ပေါ်ပေါက်လာနိုင်သည့်အရာများဟု လူအများတွေးထင်သည်ထက် အချိန်စော၍ ပေါ်ပေါက်လာနိုင်သည်။ ကမ္ဘာ့ရှိ ဓာတ်သတ္တုပင်ရင်း အခြေအမြစ်များမှာ နည်းပါး

လာနေသည်။ အစားထိုး၍လည်း ရမည်မဟုတ်ပေ။ အနာဂတ်တွင် အလွန်အသုံးဝင်ပြီး တန်ဖိုးကြီးမည်ဟု ခန့်မှန်းထားသည့် သိုရီယမ်နှင့် ယူရေနီယမ် သတ္တုများသည် ယခုအခါ ကမ္ဘာပေါ်၌ ရရှိရန်ပင် ခက်ခဲနေသည်။ အပိုလို ခရီးစဉ်များအရ လ မျက်နှာပြင်၌ သိုရီယမ်နှင့် အလူမီနီယမ်သတ္တုများ ရှိနေကြောင်း သိရှိရသည်။ ယင်းသတ္တုများကို လမျက်နှာပြင်၌ တူးဖော်ရန် စွမ်းအင်အများအပြား လိုအပ်သော်လည်း နေခြည် အင်အားမှစွမ်းအင်များ အခမဲ့ ရရှိမည်ဖြစ်သဖြင့် မဝေးတော့သည့် ကာလအတွင်း၌ လမျက်နှာပြင် သတ္တုတူးဖော်ရေး လုပ်ငန်းမှာ အမြတ်အစွန်း ရလာနိုင်စရာ အကြောင်းရှိသည်။

အာကာသအစီအစဉ်အား ဝေဖန်သူအချို့က လစန္ဒာအခြေခံစခန်းကို ယေဘုယျအားဖြင့် စိုးရိမ်ထိတ်လန့်ဖွယ်ရာအဖြစ် မြင်ခဲ့ကြသည်။ ဂုဏ်တုဂုဏ်ပြိုင်သဘော လုပ်ဆောင်သည့် အာကာသ စူးစမ်းရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများမှာ အချိန်ကုန်လူပန်းဖြစ်သည်ဟု ဝေဖန်သူများပြောကြားနေသည့်ကြားကပင် လပေါ်သို့ ထပ်မံဆင်းသက်ရန်နှင့် အမှန်တကယ် နေထိုင်နိုင်ကြစေရန် ဒေါ်လာ ကုဋေကဋာ ကုန်ကျစေမည့် အဆိုပြုချက်များ ပေါ်ထွက်နေခဲ့သည်။

လမျက်နှာပြင်တွင် အခြေခံစခန်းတခု တည်ဆောက်ရန် ၁၉၇၅ ခုနှစ်က ဒေါ်လာ၏တန်ဖိုးအရ ဒေါ်လာကုဋေ ၁၀၀ ကုန်ကျမည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စု၏ ကြွယ်ဝမှုမျိုး ကမ္ဘာ့လူသားထုတရပ်လုံး ရရှိစားနိုင်ရန် စွမ်းအင်များကို တိုးချဲ့သုံးစွဲမည်ဆိုပါက ကမ္ဘာ့ပျမ်းမျှခြင်း အပူချိန်သည် ၁၈ ဒီဂရီအထိ တက်သွားနိုင်သည်ဟု လေ့

www.burmeseclassic.com

www.burmeseclassic.com

လာတွက်ချက်မှုများအရ သိရှိရသည်။ ပျမ်းမျှခြင်း အပူချိန်၌ ဒီဂရီတဝက်တိုးသည်နှင့် အစားအစာထုတ်လုပ်ရေးတွင် ဒေါ်လာ ကုဋေနှင့်ချီ၍ ကုန်ကျစေနိုင်သည်။

မဝေးတော့သည့် အနာဂတ်ကာလတွင် လူအများစုသည် ကာလအတန်ကြာသည့်တိုင်အောင် လက်ရှိ လူနေမှုစနစ်ထက် နိမ့်ကျစွာနေထိုင်ကြရန် ဆုံးဖြတ်ချက်ချကြရပေမည်။သို့မဟုတ် လူသားများသည် ကမ္ဘာမှထပ်မံလိုအပ်သော ကုန်ကြမ်းပစ္စည်းများနှင့် သယံဇာတပစ္စည်းများအတွက် အာကာသသို့ပြောင်းရွှေ့ကာ ထုတ်ယူကြရပေမည်။ အကယ်၍ အထက်ပါအတိုင်း အဆုံးအဖြတ် ပေးမည်ဆိုပါက လူ့သမိုင်းစဉ်အား ညွှာတာထောက်ထား၍ ကုန်ကျစရိတ်မည်မျှပင်ကြီးကြီး လူသားများသည် အာကာသအား ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြရပေမည်။

၁၉၉၈ ခုနှစ်လောက်တွင် လစန္ဒာ အခြေခံ စခန်းများ အစောဆုံးပေါ်ပေါက်လာနိုင်သည်ဟု အချို့သော လေ့လာမှုများက ဆိုခဲ့ကြသည်။ ယင်းတင်ပြချက်မှာ မှန်နိုင်စရာ အကြောင်းမရှိပေ။နောင်နှစ်ပေါင်း ၅၀ ကျော်ကြာမည့် ၂၀၃၀ ခုနှစ်လောက်တွင်မှ ကမ္ဘာနှင့် လတို့အကြား ခရီးသွားလာမှုများ ပုံမှန်အခြေအနေလောက်သာ ရှိနေပေမည်။ ထိုမျှမက ကမ္ဘာနှင့် လမျက်နှာပြင်ရှိ သတ္တုတွင်းများ အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားများကို ကြီးမားသည့်အင်အား ဂြိုဟ်တုမှ ရရှိမည့်ဖြစ်သဖြင့် လမျက်နှာပြင်၌ သတ္တုတူးဖော်ရေး လုပ်ငန်းများလုပ်ကိုင်ခြင်း၊ လပေါ်တွင် မြို့များတည်ဆောက်ခြင်းနှင့် အာကာသစက်မှုနည်းပညာများ တိုးတက်ပြန့်ပွားစေရန် စက်မှုပညာရှင်ပေါင်း ထောင်နှင့်ချီ၍ နေထိုင်နိုင်ရန် ကြီး

မားသော အာကာသစခန်းတခု တည်ဆောက်ခြင်းစသည်တို့ကိုလည်း လုပ်ဆောင်ကြမည်ဖြစ်သည်။

ဓာတ်သတ္တုတူးဖော်ရေးပစ္စည်းများ တပ်ဆင်ထားသည့် လစန္ဒာအခြေခံစခန်းပေါ်ပေါက်နေပြီး၊တချိန်တည်း၌သယံဇာတပစ္စည်းများဖွံ့ဖြိုးလာပါက ကမ္ဘာနှင့်လတို့၏အကြား ခရီးသွားလာရေးမှာ ထင်တိုင်းပေါက်နေမည်ဖြစ်၏။ဓာတ်သတ္တုပစ္စည်းများရရှိရန် လမျက်နှာပြင်တူးဖော်ရေး၊ အဆောက်အအုံများဆောက်လုပ်ရန် အာကာသစက်မှုနည်းပညာနှင့်စွမ်းအင်ရရှိရန်အတွက် ပညာရှင်များသည် နေအင်အား ဂြိုဟ်တုများကိုအခြေခံကာ အာကာသ ကိုလိုနီဖန်တီးရန် စိတ်ကူးခဲ့ကြသည်။

အမှန်ဆိုသော် အာကာသ ကိုလိုနီထူထောင်ရေးမှာ အာကာသစခန်း တည်ဆောက်ရေးနှင့်မတူပဲ ကွဲပြား၍ ဆန်းသစ်သော သဘောရှိသည်။ အာကာသ ကိုလိုနီဆိုသည်မှာ အခန်းပေါင်းမြောက်မြားစွာပါဝင်သော ဟိုတယ်ကြီးမျိုး၊ သို့မဟုတ် မြို့ကဲ့သို့သော အာကာသအဆောက်အအုံမျိုး ဖြစ်သည်။ ယင်းအယူအဆကို ၁၉၇၄ ခုနှစ်က ပရင့်စတင်တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ ဂျီ၊ကေ၊ အိုနီးလ် တင်ပြခဲ့သည်။

ဖော်ပြပါ စိတ်ကူးယဉ်မှုများ ပေါ်ပေါက်လာသည်မှစ၍ အာကာသ ကိုလိုနီများ ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် အာရုံ အထူးပင် စိုက်ခဲ့ကြသည်။ နက္ခတ္တဗေဒ သိပ္ပံပညာရှင် တီ၊ အေ၊ ဟက်ပင်ဟီးမားဆိုသူ ရေးသား၍ ၁၉၇၇ ခုနှစ်က ထုတ်ဝေခဲ့သော "အာကာသအတွင်းမှ ကိုလိုနီများ" အမည်ရှိ စာအုပ်တွင် အာကာသကိုလိုနီနှင့်ပတ်သက်သော အယူအဆကို အတွင်းပိုင်း ပုံစံများပင်ရေးဆွဲ၍ ပြသခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာ အိုနီးလ် မျှော်မှန်းခဲ့သည့် အာကာသကိုလိုနီဆိုသည်မှာ အရှည် ၁၈.၆ မိုင်နှင့် အချင်း ၃.၇၂ မိုင်ရှိ ပြွန်ကြီးများ အစုံလိုက်တွဲ၍ အုပ်စုလိုက် တခုနှင့်တခု ဆက်စပ်ထားခြင်းမျိုးဖြစ်သည်။ ပြွန်ကြီးများ၏အတွင်းမျက်နှာပြင်၌ ကမ္ဘာ့ဆွဲအားနှင့် ညီမျှသော ဆွဲငင်အားများ ပေါ်ပေါက်စေရန် ပြွန်ကြီးများကို လိုအပ်သောနှုန်းထားအတိုင်း လည်ပတ်နေစေမည်ဖြစ်သည်။ ပြွန်ကြီးများ၏ အစွန်းတဘက်သည် နေဘက်မျက်နှာမူနေမည်ဖြစ်ပြီး၊ ကိုလိုနီ၏အတွင်းပိုင်း၌ နေရောင်များ ရောင်ပြန်ဟပ်၍ ဝင်ရောက်စေနိုင်ရန် အမြင်ဘက်၌မူ ကြီးမားသော မှန်ချပ်ကြီးများ တပ်ဆင်ထားမည်ဖြစ်၏။ သို့သော် ကမ္ဘာ၏နေ့နှင့်ည သံသရာလည်မှု ကဲ့သို့သော အခြေအနေမျိုး ရရှိစေရန် မှန်ကြီးများအား အချိန်အတိုင်းအတာအရ ရွှေ့ပေးမည်ဖြစ်သည်။

ကနဦး အာကာသကိုလိုနီ၌ ပါဝင်မည့် ပြွန်ချောင်းတခု၏ အရှည်မှာ ဝ.၇၅ မိုင်နှင့် အချင်းမှာပေ ၁,၃၀၀ ခန့်ရှိမည်ဖြစ်၍ သေးငယ်သည်ဟုဆိုနိုင်သည်။ သို့သော်ကြီးမားသောအာကာသကိုလိုနီများ တည်ဆောက်နိုင်ရန် သေးငယ်သော အာကာသကိုလိုနီကလေးများတွင် အာကာသဆောက်လုပ်ရေးလုပ်သားအမျိုးသားနှင့် အမျိုးသမီးတသောင်းခန့် နေထိုင်ပြီး ဆောက်လုပ်ကြမည်ဖြစ်သည်။ ကုန်ကြမ်းပစ္စည်းများကို လပေါ်မှ ရယူကြမည်ဖြစ်ပြီး၊ အာကာသကိုလိုနီတည်ဆောက်ရေးနှင့် ပြုပြင်မွမ်းမံရေးအတွက် လိုအပ်သော စွမ်းအားများကို နေခြည်စွမ်းအင်မှ ထုတ်နုတ်ရယူကြမည်လည်းဖြစ်၏။

အာကာသကိုလိုနီကို အခြေခံ လပတ်လမ်းကြောင်းတခုအတွင်းရှိ “လဂရင်ဂျင်း” အမှတ်တခုခုတွင် ထားရှိနိုင်သည်။

အခြေခိုင် လပတ်လမ်းကြောင်းဟူ၍လည်း အများအပြားမရှိနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် တစုံတခုသည် လအားဝန်းပတ်နေပါက ကမ္ဘာနှင့်နေတို့၏ ဆွဲငင်မှုဒဏ်ကို ခံနေရမည်သာမက လ၏ ဆွဲငင်မှုဒဏ်ကို ခံရမည့်အတွက်ကြောင့် ဖြစ်သည်။ လဂရင်ဂျင်း အမှတ်များဆိုသည်မှာ အာကာသယာဉ်တစင်း၊ သို့မဟုတ် အာကာသစခန်းတခု၊ သို့မဟုတ် အာကာသ ကိုလိုနီတခု စသည်တို့အား ကမ္ဘာနှင့် လတို့မှ ဆက်နွယ် ကြည့်မည်ဆိုပါက တနေရာတည်း၌ အမြဲတည်ရှိနေသည်ဟု ထင်မြင်ရသည့် နေရာအမှတ်မျိုးကို ဆိုလိုသည်။

လဂရင်ဂျင်း(L)အမှတ်(၁)မှ အမှတ်(၅)အထိ ရှိသည်။ ၁၉၇၂ ခုနှစ်က ၎င်းတို့အား ရှာဖွေတွေ့ရှိခဲ့သည့် ပြင်သစ်သင်္ချာပညာရှင်အား ဂုဏ်ပြုသည့်အနေဖြင့် သူ၏အမည်ကို ယူခဲ့ခြင်းဖြစ်သည်။ (L)အမှတ်(၁)၊ (L)အမှတ်(၂)နှင့် (L)အမှတ်(၃)တို့သည် ကမ္ဘာနှင့် လတို့၏အကြားမှ မျဉ်းဖြောင့်တခုပေါ်တွင်တည်ရှိပြီး၊ မတည်မြဲ အခြေမခိုင်သော အမှတ်များဖြစ်သည်။ အကယ်၍ အာကာသယာဉ်တစင်းအား ယင်းအမှတ်များ၌ ထားရှိမည်ဆိုပါက ၎င်းသည် ရက်အနည်းငယ်အတွင်း နေရာအနည်းငယ်ပြောင်းရွှေ့သွားမည်ဖြစ်ပြီး အချိန်အတန်ကြာသော် ဝန်းပတ်လမ်းကြောင်းမှခွဲထွက်ကာ တဖြည်းဖြည်းချင်း လွင့်ပါးသွားမည်ဖြစ်သည်။ (L)အမှတ်(၄)နှင့် (L)အမှတ်(၅)တို့မှာ ကမ္ဘာ/လ အဖွဲ့အစည်းမှ တူညီသော အကွာအဝေးများ၌တည်ရှိပြီး အမှတ်တခုခုမှ ကမ္ဘာနှင့် လတို့သို့ မျဉ်းဖြောင့်များရေးဆွဲမည်ဆိုပါက အနားညီတြိဂံရရှိမည်ဖြစ်သည်။ အဓိပ္ပာယ်သတ်မှတ်ချက်အရ ၎င်းတို့မှာလပတ်လမ်းကြောင်းအတွင်း၌ ရှိသည်ဟု မှတ်သားရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ ပြုပြင်မှုအချို့ကို ပြုလုပ်မည်ဆိုပါက လဂရင်ဂျင်းဝန်းပတ်လမ်းကြောင်းများ တည်ငြိမ်ခိုင်မြဲအောင် လုပ်ဆောင် နိုင် သည်။ ဥပမာ (L) အမှတ် ၅ တွင် ထား ရှိ မည့် အာကာသကိုလိုနီအား (L)အမှတ် ၅ ပေါ်တွင်မထားပဲ လဂရင်းဂျင်း အမှတ်၏ ဝန်းကျင်မှနေ၍ လည်ပတ်နေမည် ဆိုပါက နေ၊ ကမ္ဘာနှင့် လတို့မှ ယင်းအာကာသကိုလိုနီကို ဆက်စပ်ကြည့်မည်ဆိုသော် ခိုင်မြဲစွာတည်ရှိသည်ဟု မြင်ရ ပေမည်။ ရေးဆွဲထားသော အာကာသကိုလိုနီ ပုံစံအများ အ ပြား တွင် အစိတ်အပိုင်း အသီးသီးအား ဝန်းပတ်လမ်းကြောင်း အမျိုးမျိုးတွင် ထားစေမည်ဖြစ်သည်။ ဥပမာ အင်အားဂြိုဟ်တု တလုံးအား လဂရင်းဂျင်း အမှတ်တခုတွင် ထားပြီး လ မှ သယ်ဆောင်လာခဲ့သော ပစ္စည်းများ လက်ခံရာ စခန်းကို အခြားအမှတ်တွင်ထားကာ တကယ့် အာကာသကိုလိုနီအား တတိယအမှတ်တွင် ထားရှိခြင်းမျိုးဖြစ်သည်။

အချို့သော အာကာသကိုလိုနီ တည်ဆောက်ရေးအစီအစဉ်တို့တွင် လူပေါင်း နှစ်သောင်းကျော် နေထိုင်နိုင်စေရန်ရည်ရွယ်ထားသဖြင့် ကြီးမားသည်ဟုဆိုနိုင်၏။ အာကာသ ကိုလိုနီ အယူအဆအား ထောက်ခံသူအချို့က အနာဂတ်တွင် လူဦးရေဖိအားပေးမှုဒဏ်မှ ကင်းလွတ်သွားနိုင်သည်ဟု ဆိုခဲ့ကြသည်။ လူဦးရေဖိအားပေးမှုသည် နောင်မျိုးဆက် ၃ ဆက်ခန့် အထိ ဆက်လက်ဖိအားပေးသွားမည်ဖြစ်၏။ အာကာသကိုလိုနီများသည် ယင်းလူဦးရေ ဖိအားပေးမှုဒဏ်မှ ကင်းလွတ်ရန်လတ်တလော ကြံဆောင်နိုင်မည်မဟုတ်ပေ။ အဘယ့်ကြောင့် ဆိုသော် အာကာသအတွင်း၌ အာကာသကိုလိုနီများ တည်ဆောက်၍ မပြီးမီမှာပင် ကမ္ဘာ့လူဦးရေသည် အာကာသကိုလိုနီများတွင်

နေထိုင်နိုင်သည့် အရေအတွက်လောက် တိုးပွားလာမည့် အတွက်ကြောင့်ဖြစ်သည်။ သို့သော် အနာဂတ်၏ကြီးမားသော အာကာသစက်မှုလုပ်ငန်းများကို အကာအကွယ်ပြုမည့် စက်မှုပညာရှင်များနှင့် သိပ္ပံပညာရှင်များ နေထိုင် လုပ် ကိုင် နိုင်သည့် အာကာသကိုလိုနီများ ပေါ်ပေါက် လာနိုင်သည် ဟူသော အယူအဆမှာ မဖြစ်နိုင်သော အယူအဆမဟုတ်ပေ။

ယင်းကဲ့သို့သော ကိုလိုနီများသည် ၎င်းတို့အား ထောက်ခံသူတို့ တွေးထင် စိတ်ကူးယဉ်ခဲ့ကြသည့် အရာရာတွင် လို လေသေးမရှိအောင် ပြည့်စုံကုံလုံသော နေရာဒေသများ ဖြစ်လာမည် မလာမည်ကို မည်သူမျှ မခန့်မှန်းနိုင်ကြပေ။ လူ့သမိုင်းစဉ်အရ ဖြစ်ပေါ်လာနိုင်သည့် အခြေ အနေ မျိုး လည်း မရှိ။ ဥပမာအနေဖြင့် ပြရသော် အမေရိကန် ပြည်ထောင်စု၏ အနောက်ဘက်ခြမ်း ဒေသ၌ စီးပွားရေး စန်းထကာ တဟုန်ထိုး ပေါ်ပေါက်လာသော မြို့များသည် ယဉ်ကျေးမှု ထွန်းကားလာစေရန်နှင့် နယ်သစ်ပယ်သစ်ချဲ့ထွင်နိုင်ရန်အားပေးထောက်ခံခဲ့သော်လည်း အဘက်ဘက်၌ လိုလေသေးမရှိ ပြည့်စုံသော မြို့များဟု သတ်မှတ်နိုင်ခဲ့ခြင်း မရှိပေ။ ထို့နည်းတူစွာ ရေနံထွက်ရှိသဖြင့် ပေါ်ထွန်းလာခဲ့သော စက်မှုလုပ်ငန်းထွန်းကားသည့် မြို့များနှင့် စက်မှုနည်းပညာများ ရှင်သန် ပေါက်ဖွားသော လူနေအသိုက်အအုံများ၌ပင် အရာရာ၌ လိုလေသေးမရှိသော အခြေအနေမျိုးများ မရရှိခဲ့ကြပေ။

လမျက်နှာပြင်၌ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန်၊ အာကာသတွင်းဆောက်လုပ်ရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန်နှင့် အင်အားဂြိုဟ်တုများကို ချုပ်

www.burmeseclassic.com

www.burmeseclassic.com

ကိုင်နိုင်ရန်အတွက်သာ အာကာသကိုလိုနီ တူထောင်လိုကြခြင်းဖြစ်သည်။ အာကာသကိုလိုနီတူထောင်ခြင်းဖြင့်ကြယ်ပျံဥက္ကာပျံများကိုလည်းအာကာသမှ ထုတ်နုတ်ယူဆောင်နိုင်ကြပေမည်။ ကမ္ဘာ့မျက်နှာပြင်သို့ ကျရောက်လာလေ့ရှိသော ဥက္ကာပျံတို့တွင် အရည်အသွေးကောင်းသောသံမဏိများပါဝင်ကြောင်းသိရှိရသည်။ ဥက္ကာပျံတို့တွင် ယင်းကဲ့သို့သော သတ္တုများ ပါဝင်မည်ဟု ပညာရှင်များ ခန့်မှန်းခဲ့ကြသည်။ အချင်း ၀.၅ မိုင်ရှိ သံနှင့် နစ်ကယ်သတ္တုများ ပါဝင်သော ဥက္ကာပျံတွင် ဒေါ်လာကုဋေ ငါးသောင်းဖိုးခန့်တန်သောအရည်အသွေးကောင်းသည့် သံအလေးချိန်တန်ကုဋေ ၄၀၀ ခန့် ပါဝင်မည်ဟု သတ်မှတ်ခဲ့ကြသည်။

ဂြိုဟ်သိမ်၊ ဂြိုဟ်မွှားများ တူပြောသောဒေသမှ ကြီးမားသည့် သံနှင့် နစ်ကယ်တို့ပါဝင်သော ဥက္ကာပျံများသာ မကရေနှင့်ကာဗွန်တို့ ပေါကြွယ်သောဥက္ကာပျံအချို့ကမ္ဘာမြေပြင်သို့ ကျရောက်လာလေ့ရှိသည်။ ယင်းကဲ့သို့သော ဥက္ကာပျံမျိုးများကို အာကာသကိုလိုနီများတူထောင်ရာတွင်လည်းကောင်း၊ လစန္ဒာ အခြေခံစခန်းများတည်ဆောက်ရာတွင်လည်းကောင်း၊ အာကာသစက်ရုံများ အခြေစိုက်ရာတွင်လည်းကောင်း အနာဂတ်၏ ထောက်ပံ့ရေး ပစ္စည်းများအဖြစ် အသုံးပြုနိုင်သည်။

ဥက္ကာပျံများမှာ ဓာတ်သတ္တုများ ထုတ်ယူရေးလုပ်ငန်းမှာ အနာဂတ်၌သာ ပြုလုပ်နိုင်သောကိစ္စရပ် မဟုတ်ပေ။ နေမှ စွမ်းအင်နှင့် ဂြိုဟ်သိမ်၊ ဂြိုဟ်ငယ်တခုမှ လောင်စာများအား အသုံးပြု၍ သေးငယ်သော ဥက္ကာပျံအချို့ကို ၎င်းတို့၏ ဝန်းပတ်လမ်းမှ ကမ္ဘာ့အနီးဝန်းပတ် လမ်းကြောင်းသို့ ပြောင်းရွှေ့ယူ

နိုင်သည်။ ကမ္ဘာ့အနီးဝန်းကျင်သို့ ရောက်ရှိလာသည့် အခါ ၎င်းတို့တည်ရှိနေသရွေ့ ကမ္ဘာ့သယံဇာတ ပင်ရင်းအခြေအမြစ်များဖြစ်လာကြသည်။ အခြားကြီးမားသော ဥက္ကာပျံများနှင့် အရာဝတ္ထု များကိုလည်း အနာဂတ် သယံဇာတ ပစ္စည်းများအဖြစ် ကမ္ဘာမှ အသုံးပြုရန် ပြောင်းရွှေ့ယူနိုင်သည်။

ဂြိုဟ်သိမ်၊ ဂြိုဟ်မွှားများအား ကုန်ကြမ်းပစ္စည်းအဖြစ် ရယူအသုံးပြုနိုင်သည် ဟူသောအချက်ကို ကမ္ဘာ့မြေမျက်နှာပြင်၌ လက်ငင်းလုပ်ဆောင်နေသော သတ္တုတူးဖော်ရေး လုပ်ငန်း တခုက သက်သေခံလျက်ရှိ၏။ ကနေဒါနိုင်ငံ အွန်တေရီယိုနယ်ရှိ ဆဒ်ဗျူရီအက်(စ)ထရိုဘလီး(မ) ဟူသည့် ဒေသသည် သမိုင်းဦးခေတ်ကာလက ကြီးမားသောသံနှင့် နစ်ကယ် ဥက္ကာပျံများ ကျရောက်ရာမှ ဖြစ်ထွန်းလာသော ဒေသဖြစ်သည်ဟု ဆိုခဲ့ကြသည်။ ယင်းအွန်တေရီယို ဒေသ၌ ဓာတ်သတ္တုများ တူးဖော်ခဲ့ရာ ၁၉၆၀ ခုနှစ်များအတွင်းက ထွက်ရှိသော အရေအတွက်သည် ကမ္ဘာမှထွက်ရှိသော နစ်ကယ်အလေးချိန်၏ ထက် ဝက်ခန့်နှင့် ညီမျှကြောင်းသိရှိရသည်။ ကြီးမားသော ဥက္ကာပျံနှင့် သေးငယ်သော ဂြိုဟ်သိမ်၊ ဂြိုဟ်ငယ်တို့၏ အရွယ် အစား ခြားနားချက်မှာ အဓိပ္ပာယ်ကွဲပြားခြင်းသာ ဖြစ်သည်။

ကုန်ကြမ်းပစ္စည်း ရရှိရေးအတွက်ဂြိုဟ်သိမ်၊ ဂြိုဟ်ငယ်များမှ သတ္တုများ ထုတ်ယူလိုသူတို့ စိတ်ဝင်စားသည့် အရာမှာ ကမ္ဘာ့သတ္တုစားကျက်ဟုခေါ်သော ဂြိုဟ်သိမ်၊ ဂြိုဟ်မွှားအုပ်စုပင်ဖြစ်သည်။ ယင်းအုပ်စုတွင် ဂြိုဟ်သိမ်၊ ဂြိုဟ်မွှား အများ အပြားရှိသည်။ ၎င်းဂြိုဟ်သိမ်၊ ဂြိုဟ်မွှားများသည် ကမ္ဘာနှင့် နီးကပ်စွာရှိနေသဖြင့် လက်ရှိအာကာသ ယာဉ်များဖြင့်ပင် သတ္တုများကို

www.burmeseclassic.com

www.burmeseclassic.com

ထုတ်နုတ် ယူငင်နိုင်မည် ဖြစ်သည်။ ကမ္ဘာ့သတ္တု စားကျက်ကို နှစ်မျိုးနှစ်စား ခွဲခြားထားနိုင်သည်။ ပထမတမျိုးမှာ'အပိုလို' ဂြိုဟ်သိမ်ဂြိုဟ်မွှားများဟူ၍ခေါ်တွင်ပြီး ၎င်းတို့၏ ဝန်းပတ်လမ်းသည် အချို့နေရာတွင် ကမ္ဘာ့အနီးမှ ဖြတ်၍သွားသည်။ ဒုတိယအမျိုးအစားမှာ 'အာမာ' ဂြိုဟ်သိမ်ဂြိုဟ်မွှားများဟူ၍ ခေါ်ပြီး ၎င်းတို့သည် ကမ္ဘာနှင့် အင်္ဂါဂြိုဟ်တို့ နေ အား ဝန်း ဝန်းပတ်သည့် လမ်းကြောင်းတို့ အကြား၌တည်ရှိသည်။ ဂြိုဟ်သိမ်ဂြိုဟ်မွှားများ အဓိကတည်ရှိသည့် နေရာမှာ အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့၏အကြားတွင် ဖြစ်သည်။ ကမ္ဘာ့အနီးအနားသို့ ရောက်ရှိ လာတတ်သည့် ဂြိုဟ် သိမ် ဂြိုဟ် မွှား အုပ်စုစုပေါင်း ၄၀ ခန့်ရှိသည်။ ၎င်းတို့၏ အချင်းများ မှာ ပေပေါင်း သုံးလေးရာမှာ မိုင် ၆၀ အထိရှိသည်။ ၂၁ ရာ စု နှစ်အတွင်းတွင် အာကာသဆိုင်ရာ စီးပွားရေးဆူဖြိုးရန် လစန္ဒာပေါ်၌ ကိုလိုနီများထူထောင်ရန်နှင့် အာကာသကိုလိုနီအများအပြားတည်ဆောက်ရန်အတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများကိုယင်းဂြိုဟ်သိမ်ဂြိုဟ်ငယ်များဆီမှ ရယူနိုင်မည်ဖြစ်သည်။

အာကာသ သယ်ယူပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးရန်ကြံဆောင်နေချိန်နှင့် ကမ္ဘာ့ အနီးဝန်းကျင် ဝန်းပတ် လမ်းကြောင်းနှင့် ကမ္ဘာနှင့်ပြိုင်တူယှဉ်၍ လည်ပတ်နေနိုင်သော ဝန်းပတ် လမ်းကြောင်းများအတွင်း အာကာသယာဉ်များ တိုးချဲ့ တင် လွှတ်နေချိန်ဝယ် နေအဖွဲ့အစည်းအား လူမဲ့အာကာသယာဉ်များဖြင့် ဆက်လက်စူးစမ်းနေမည် ဖြစ်သည်။ ဤသည်ကား သိပ္ပံဆိုင်ရာ အသိဉာဏ်များ တိုးတက် ထွန်းကားလာစေရန် ရည်သန်ခဲ့ခြင်းဖြစ်သည်။ အခြားရည်မှန်းချက်များမှာ ကုန်ကြမ်းပစ္စည်းများရှာဖွေရန်၊ အနာဂတ် လူစီးအာကာသ ယာဉ်များ

နေအဖွဲ့အစည်းရှိ ဂြိုဟ်များပေါ်သို့ သက်ဆင်းနိုင်ရေးအတွက် မြေပုံရေးဆွဲရန်နှင့် လေ့လာမှုများပြုရန် မြေဆီလွှာပိုတင်ရှယ် ရှိ,မရှိ စမ်းသပ်နိုင်ဖို့အတွက် နမူနာပစ္စည်း ပြန်လည်ပေးပို့ရေး အာကာသခရီးစဉ်များ ပြုလုပ်ရန်နှင့် နေအဖွဲ့အစည်းအတွင်း အခြားသော နေရာများတွင် သက်ရှိအရာများ ရှိ,မရှိသိရှိနိုင်ရန် စသည်တို့ ဖြစ်သည်။

ဂလိုက်ဒါများနှင့် လေထက်ပေါ့ပါးသော ယာဉ်များဖြင့်သာမကလူမဲ့ ဝန်းပတ်ရေးယာဉ်များနှင့် သက်ဆင်းရေးယာဉ်များဖြင့်လည်း နေအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်များနှင့် ဂြိုဟ်သိမ်ဂြိုဟ်ငယ်များအကြား သွားရောက်ကြပေမည်။ ကြယ်တံခွန်များဆီသို့ အာကာသယာဉ်များစေလွှတ်၍လည်းကောင်း၊ တာရှည်ခံသေးငယ်သော အာကာသယာဉ်ဖြင့် နေအဖွဲ့အစည်း၏ အစွန်အဖျားဆီသို့စေလွှတ်၍လည်းကောင်းစူးစမ်းမှုများပြုကြမည်ဖြစ်သည်။ ယခုအခါတွင် အလင်းရောင် နှစ်၏ ဆယ်ပုံတပုံခန့်ဝေးသောနေရာသို့ရောက်ရှိနေသည့်အာကာသယာဉ်နှင့် အဆက်အသွယ်ပြုလုပ်နိုင်သည်။ ထို့ပြင်ယင်းအာကာသယာဉ်များသည် နေအဖွဲ့အစည်း အတွင်းရှိ ဂြိုဟ်များအကြားမှ ဟင်းလင်းပြင်အာကာသအားလည်းကောင်း၊ နေနှင့်အနီးဆုံးသော ကြယ်တို့၏ အကြားမှ ဟင်းလင်းပြင် အာကာသစတင် ပေါ်ပေါက်လာပုံကို လည်းကောင်း စူးစမ်း လေ့လာကြမည် ဖြစ်သည်။

လစန္ဒာ အခြေခံစခန်းများ၌ လုပ်ငန်းခွင်ဝင်နိုင်သည့် အခါနှင့် အာကာသ စက်မှုနည်းပညာဖြင့် လူ နေ အာ ကာ သ စခန်းကြီးများ၊ အာကာသစက်ရုံများ တည်ဆောက်နိုင်သည်

www.burmeseclassic.com

www.burmeseclassic.com

အခါတွင် လူစီးအာကာသ ယာဉ်များဖြင့် စူးစမ်း လေ့လာမှုများ ပြုမည်ဖြစ်သည်။ ထို့ပြင် ကမ္ဘာနှင့် အလှမ်းကွာသော ဝန်းပတ်လမ်းကြောင်းများအတွင်း၌ ဆောက်လုပ်ရေး လုပ်ငန်းများ လုပ်ဆောင်နိုင်သည့် အခါတွင်လည်း ယင်းကဲ့သို့ လူစီးအာကာသယာဉ်ဖြင့် စူးစမ်းမှုများ ပြုလုပ်မည်ဖြစ်သည်။

လူစီးအာကာသယာဉ်ဖြင့် နက္ခတ်တာရာများအကြား ဖြတ်၍ အင်္ဂါဂြိုဟ်သို့ ပထမဦးဆုံး ခရီးနှင်ရန် ကြံရွယ်ခဲ့ကြသည်။ ယင်းကြံရွယ်ချက် ပြောင်းလဲသွားမည်ဟုလည်း မထင်မှတ်ရပေ။ ဗုဒ္ဓဟူးဂြိုဟ်မှ သတ္တုများထုတ်နုတ်သယ်ဆောင်နိုင်မည်ဆိုပါက ကုန်ကျစရိတ် အထူးပင်ကြီးမားမည်ဖြစ်သည်။ ထို့ပြင် ဗုဒ္ဓဟူးဂြိုဟ်သည် စိတ်ဝင်စားဖွယ်ရာအချက်ဟူ၍ မရှိသည့် လနှင့် တူသော ဂြိုဟ်တစ်လုံးပင် ဖြစ်သည်။ သို့သော် သယံဇာတပစ္စည်းများ ပေါများပြီး သိပ္ပံဆိုင်ရာတန်ဖိုးလည်း ထူပြောလှသည်။ ကမ္ဘာပေါ်တွင်ရှားပါးနေပြီဖြစ်သော ဓာတ်သတ္တုများနှင့် သယံဇာတပစ္စည်းများ ဗုဒ္ဓဟူးဂြိုဟ်ပေါ်တွင် အများအပြား ရှာဖွေတွေ့ရှိနိုင်သည်။ ထို့ကြောင့် နောင်ကာလများတွင် ဗုဒ္ဓဟူးဂြိုဟ်ပေါ်သို့ လူသားများသည် လူစီးအာကာသယာဉ်ဖြင့် သွားရောက်ကောင်း သွားရောက်ကြမည်ဖြစ်သည်။

အမေရိကန်နှင့် ရုရှသောကြာဂြိုဟ်လေ့လာရေး အာကာသယာဉ်များ၏ ဆန်းစစ်ချက်များအရ သောကြာဂြိုဟ်သည် နေအဖွဲ့အစည်းအတွင်း၌ လူသားများ သွားရောက်မနေနိုင်အောင် အခြေအနေရှိသည့်ဂြိုဟ်ဖြစ်ကြောင်း သိရှိရသည်။ ပိုင်အိုနီးယားသောကြာဂြိုဟ် ခရီးစဉ်ဟု အမည်တွင်သည့် အမေရိကန် သောကြာဂြိုဟ် ဝန်းပတ်ရေးယာဉ်၏ ဆန်းစစ်ချက်များအရ

လည်း ယခင်က တွေးထင်ခဲ့ကြသည်ထက်ပင် လူသူများ မနေနိုင်ရလောက်အောင် အခြေအနေရှိသည်ကို သိရှိခဲ့ကြသည်။ အပူချိန်မှာ ၁၀၀၀ ဒီဂရီရှိပြီး ဖိအားမှာလည်း ကမ္ဘာ ဖိအားထက် အကြိမ် ၉၀ မျှရှိကြောင်း သိရှိရသည်။ လေထုမှာလည်း ကန့် ငရဲမီး တိမ်ခိုးများဖြစ်ကြပြီး မျက်နှာပြင်မှာလည်း မညီမညာနှင့် လူသူနေထိုင်ရန် မသင့်တော်ကြောင်း တွေ့ရှိခဲ့ကြသည်။

လူသားအများစုသည် အင်္ဂါဂြိုဟ်ကို တွေ့ရှိခဲ့သည့်အချိန်မှစ၍ ၎င်းနှင့်ပတ်သက်သောကိစ္စရပ် တခုမဟုတ် နောက်တခုအပေါ် စိတ်ဝင်စားခဲ့ကြသည်။ အင်္ဂါဂြိုဟ်ပေါ်တွင် လေထု၊ တိမ်ထု၊ ရေခဲထုနှင့် မြေသားထုများရှိနေခြင်းကြောင့် ကမ္ဘာနှင့် ခပ်ဆင်ဆင်တူသည့် ဂြိုဟ်ဟူ၍ ခေါ်ဝေါ် သမုတ်ခဲ့ကြပြီး ၎င်းနှင့်ပတ်သက်၍လည်း စိတ်ကူးအမျိုးမျိုး ယဉ်ခဲ့ကြသည်။ နေအဖွဲ့အစည်းအတွင်း၌ သက်ရှိအရာများ မည်သည့်နေရာတွင်မှ မရှိနိုင်ဟုဆိုစေကာမူ အင်္ဂါဂြိုဟ်ပေါ်တွင် သက်ရှိအရာများ ပေါ်ပေါက်ခဲ့သည် ဟု ဆိုလိုနိုင်သည်။ အင်္ဂါဂြိုဟ် ပေါ်တွင် တချိန်က ပင်လယ်ပြင်ကြီးများဖြစ်သည်ဟု သတ်မှတ်ခြင်း ခံရသည့် ဒေသကြီးများနှင့် ရေမြောင်းကြီးများကို ကမ္ဘာမှပင် မြင်တွေ့နေရသည်။

နောက်ပိုင်းတွင် လူမဲ့အာကာသယာဉ်များ အင်္ဂါဂြိုဟ်သို့ စေလွှတ်၍ ယခင်အခါက သံသယစိတ်များဖြစ်ပေါ်စေသည့် အကြောင်းအချက်များအား စူးစမ်းစေသောအခါတွင် အလွန် အေးကြောင်း တွေ့ရှိရပြီး၊ ရေမြောင်းများလည်းမရှိ၊ လေထုတွင် အောက်စီဂျင်အငွေ့လည်း မပါဝင်၊ အထူးလိုအပ်သော

www.burmeseclassic.com

www.burmeseclassic.com

ရေမှာလည်း အနည်းအကျဉ်းသာ တွေ့ရှိရကာ၊ သက်ရှိအရာ ဟူ၍လည်း ရှာ၍မတွေ့ခဲ့ကြပေ။ သို့သော် နီရဲရဲ ဖုံထူထူ သဲကန္တာရအသွင် ဆောင်နေသော အင်္ဂါဂြိုဟ်ပေါ်သို့ လူသားများ သက်ဆင်းရေးအစီအစဉ်ကို စွန့်လွှတ်ခဲ့ခြင်းမရှိသေး ဖြစ်သည်။ အင်္ဂါဂြိုဟ်သည် နေအဖွဲ့အစည်းအတွင်း၌ ကမ္ဘာကလွဲလျှင် သက်ရှိအရာများ ရှင်သန်နိုင်သော ဂြိုဟ်တလုံးပင် ဖြစ်သည်။ ထို့ကြောင့် နေအဖွဲ့အစည်းမှ အခြား ဂြိုဟ်များဆီသို့ လူစီး အာကာသယာဉ်ခရီးစဉ်များစေလွှတ်ရန် ကြံစည်စိတ်ကူးကာ ငွေကြေးထောက်ပံ့ခြင်းခံရမည်ဆိုပါက အင်္ဂါဂြိုဟ်သို့သာ စေလွှတ်သက်ဆင်းစေမည်ဖြစ်သည်။

အင်္ဂါဂြိုဟ်သို့သွားရောက်နိုင်ရေးမှာ ငွေကြေးထောက်ပံ့မှုသည် ကြံစည်စိတ်ကူးခြင်းထက် အရေးပါသည်။ နာဆာအဖွဲ့ကြီးသည် အင်္ဂါဂြိုဟ်သို့ လူစီးအာကာသယာဉ်များစေလွှတ်ရန် ၁၉၆၉ ခုနှစ်ကတည်းက ကြံစည်လာခဲ့သည်။ မူလက ကြံစည်ထားသည့်အစီအစဉ်အရ အာကာသယာဉ်မှူး ၁၂ ဦးအဖွဲ့သည် ကမ္ဘာ့ပတ်လမ်းကြောင်းမှ ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ထွက်ခွါကာ၊ ကမ္ဘာသို့ ၁၉၈၃ ခုနှစ် ဩဂုတ်လအတွင်း ပြန်လည်ရောက်ရှိရမည် ဖြစ်သည်။ အင်္ဂါဂြိုဟ် သွားရောက်ရေးအကြံအစည်အတွက် နာဆာ၏ ကနဦး အစီအစဉ်တွင် အာကာသယာဉ် ၂ စင်း ပါဝင်ခဲ့၏။ အာကာသယာဉ် ၂ စင်းသည် ရက်ပေါင်း ၂၇၀ မျှ သွား၍ပြီးစီးသည့်အခါ သို့မဟုတ် ကြီးမားသည့်နေဝန်းပတ်လမ်းကြောင်း၏ ခရီးစဉ် ထက်ဝက်ခန့်ရောက်မှသာ အင်္ဂါဂြိုဟ်အနီး ရောက်ရှိသွားမည်ဖြစ်၏။ အင်္ဂါဂြိုဟ်အား လေ့လာမည့်သူများသည် အင်္ဂါဂြိုဟ်အနီးသို့ ၁၉၈၂ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် ရောက်ရှိမည်

ဖြစ်ပြီး ရောက်လျှင်ရောက်ချင်း ကြက်ဥသဏ္ဍာန်အင်္ဂါဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ဝင်ရောက်ကြမည်ဖြစ်သည်။

အာကာသယာဉ် ၂ စင်းသည်အင်္ဂါဂြိုဟ်ပတ်လမ်းကြောင်းအတွင်း၌ ရက်ပေါင်း ၈၀ မျှ နေထိုင်ပြီး ယာဉ်မှူး ၆ ဦးတို့သည် ဂြိုဟ်ဆင်းယာဉ်ဖြင့် အင်္ဂါဂြိုဟ်ပေါ်သို့ သက်ဆင်းကြမည်ဖြစ်၏။ ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလအတွင်း၌ အာကာသယာဉ် ၂ စင်းသည် ဂြိုဟ်ပတ်လမ်းကြောင်းမှထွက်ခွာ၍ ကမ္ဘာ၏ နေပတ်လမ်းကြောင်းကိုဖြတ်ကာ ကမ္ဘာ့အနီး ချဉ်းကပ်ရာတွင် အမြန်နှုန်းလျော့ပါးသွားစေရန် သောကြာဂြိုဟ်အနီးမှ ဖြတ်၍ပျံသန်းမည်ဖြစ်သည်။ အင်္ဂါဂြိုဟ်မှ ပြန်လည်ထွက်ခွာလာပြီး ၁၂၃ ရက်အကြာတွင်မှ သောကြာဂြိုဟ်အနီး ဖြတ်၍ ပျံသန်းမည်ဖြစ်၏။ ကမ္ဘာ၏အနီးအနားသို့မူ ပြန်လည်ထွက်ခွာလာပြီး ၁၆၇ ရက်အကြာ ၁၉၈၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင်မှ ရောက်မည်ဖြစ်၏။

နာဆာအဖွဲ့ကြီး၏ မူလအင်္ဂါဂြိုဟ်သွား ခရီးစဉ်စီစဉ်ထားသည့်အတိုင်း ထောင်ရွက်နိုင်ရေးမှာ ၁၉၇၀ ပြည့်နှစ်အတွင်းက အာကာသယာဉ်၏ အင်ဂျင်များ တည်ဆောက်ဖို့ ဆုံးဖြတ်ချက် ချမှတ်မှသာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုနည်းတူစွာ အင်္ဂါဂြိုဟ် လေ့လာရေးယာဉ်ကိုလည်း ၁၉၇၄ ခုနှစ်တွင် စတင်ရန် ကြံရွယ်ခဲ့ကြသည်။သို့သော်ဖော်ပြပါ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်တစုံတရာမှ မချမှတ်နိုင်ခဲ့ပေ။ ထို့ကြောင့် ၁၉၈၁ ခုနှစ်အတွင်း၌ လူစီးအာကာသယာဉ်ဖြင့်အင်္ဂါဂြိုဟ်သို့ သွားရောက်ရေး အစီအစဉ် မပေါ်ပေါက်ခဲ့ခြင်းဖြစ်၏။ ယခုအချိန်အထိ အင်္ဂါဂြိုဟ်သွား ခရီးစဉ်နှင့်ပတ်သက်၍ စက်မှုနည်းပညာလည်း အကောင်အထည်ပေါ်မလာသေးပေ။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် နောင်အနာဂတ်တွင် အာကာသတွင်း ဆောက်လုပ်ရေး နည်းသစ်များ ဖွံ့ဖြိုးလာပြီး၊ လူစီး အင်္ဂါဂြိုဟ်သွား အာကာသယာဉ်များ ကမ္ဘာအနီး ဝန်းပတ် လမ်းကြောင်း၌ တည်ဆောက်ကာ ယင်းအင်္ဂါဂြိုဟ်သွား အာကာသယာဉ်များ အင်္ဂါဂြိုဟ်မှ ကမ္ဘာပတ် လမ်းကြောင်းအတွင်းရှိ အာကာသစခန်းသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက် နိုင်သည့်အခါတွင် အင်္ဂါဂြိုဟ်သွား ခရီးစဉ်များ အမှန်တကယ်ဖြစ်ထွန်းလာပေမည်မှာ မလွဲဖြစ်သည်။ သို့သော် လက်တွေ့မဆောင်ရွက်သေးသမျှကာလပတ်လုံး ယင်း အင်္ဂါဂြိုဟ်သွား ခရီးစဉ်သည် ၂ နှစ်လျှင် တကြိမ်ကျ အယူအဆအဖြစ်သာလျှင် တည်ရှိနေပေမည်။

အဘယ့်ကြောင့် ဆိုသော် အင်္ဂါဂြိုဟ်သည် ၂ နှစ် လျှင် တကြိမ်ကျ ကမ္ဘာနှင့် မျက်နှာချင်းဆိုင်၊ သို့မဟုတ် အနီးကပ်ဆုံးအနေအထားတွင် ရှိနေခြင်းကြောင့်ဖြစ်သည်။ ကမ္ဘာနှင့် အင်္ဂါဂြိုဟ်တို့သည် နေအားဝန်းပတ်ရာတွင် ကြက်ဥသဏ္ဌာန် ဝန်းပတ်လမ်းကြောင်းများဖြင့် ဝန်းပတ်ကြသဖြင့် ၎င်းတို့၏ မျက်နှာချင်းဆိုင် အနေအထားများသည် တခါတရံ တခုနှင့် တခု အထူးပင် နီးကပ်သည်ကို တွေ့ကြရသည်။ အင်္ဂါဂြိုဟ်သို့ ၁၉၈၄ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်တို့တွင် ခရီးနှင်ရန် အကြံပြုခဲ့ကြသည်။ သို့မဟုတ် ၁၉၉၂ ခုနှစ်နှင့် ၁၉၉၆ ခုနှစ်တို့တွင်လည်း တင်လွှတ်နိုင်သည်။

အင်္ဂါဂြိုဟ်သွား ခရီးစဉ်များ အောင်မြင်စွာ လုပ်ဆောင်ပြီးစီးသည့်အခါတွင် အခြားခရီးစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် ဂြိုဟ်သိမ်ဂြိုဟ်မွှား

များ ပေါများရာဒေသအား စူးစမ်းရန်၊ သောကြာဂြိုဟ်သို့ ခရီးနှင်ရန်နှင့် ကြာသပတေးဂြိုဟ်၏ လရံတလုံးအား လေ့လာရေးအတွက် အာကာသခရီး ရက်ရှည်တွက်ရန် စသည်တို့ဖြစ်ကြသည်။ ထို့ပြင် လေထုရှိသည်ဟု သိရှိရပြီး မကြာမီက လူမဲ့ အာကာသယာဉ်ဖြင့် ပြုလုပ်ခဲ့သော လေ့လာမှုများအရ မျက်နှာပြင်၌ ရေခဲများဖြင့် ဖုံးလွှမ်းနေသည်ဟု သိရှိရသည်။ စနေဂြိုဟ်၏ လရံ "တိုက်တန်" အားလည်း စူးစမ်းလေ့လာနိုင်မည်ဖြစ်သည်။

တနေ့နေ့တချိန်ချိန်တွင် လပေါ်တွင် အခြေခံစခန်းများ တည်ဆောက်ပြီးစီးနိုင်သကဲ့သို့ အာကာသလုပ်သားများ လိုက်ပါနေထိုင်ပြီး အင်္ဂါဂြိုဟ်အား ဝန်းပတ်နေသော အာကာသစခန်းများဖြင့် အစပျိုးကာ အင်္ဂါဂြိုဟ်ပေါ်တွင် အလုပ်စခန်းများ တည်ဆောက်ကောင်း တည်ဆောက်ကြပေမည်။ ထို့နည်းတူစွာ ဂြိုဟ် နက္ခတ်တာရာများအကြား သွားလာရာ၌ အသုံးပြုသည့် စက်မှုပညာဖြင့် အင်္ဂါဂြိုဟ်၏ လေထုအား လူသားများအတွက် သင့်တော်အောင် ဖန်တီးကောင်း ဖန်တီးပေးပေမည်။ ယုတ်စွအဆုံး သက်ရှိအရာများ မရှင်သန်နိုင်သည့် သောကြာဂြိုဟ်ပေါ်သို့ လူသားများသွားရောက်စွန့်စားနေထိုင်နိုင်ရန် ကြီးမားကျယ်ပြန့်၍ ထွန်းကားလှသော စက်မှုပညာ၏ အစီအစဉ်ဖြင့် သောကြာဂြိုဟ်အား ပြုပြင်ပေးနိုင်မည်ဟု ယုံကြည် ယူဆရမည်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရုပ်လုံးပေါ်အောင် ပြောပြဖို့ရာ အင်မတန်ခက်ခဲပါတယ်။

အာကာသယာဉ်မှူး ရောဘတ် ခရစ်ပင်
ကိုလံဘီယာ အာကာသလွန်းပျံယာဉ် အာကာသသို့
ပထမဦးဆုံးပျံသန်းစဉ် လိုက်ပါခဲ့သည့် တွဲဖက်ယာဉ်မှူး။

အခန်း(၁၄)
ကိုလံဘီယာ အာကာသလွန်းပျံယာဉ် ပျံသန်းမှု

အမေရိကန် အာကာသလွန်းပျံယာဉ် ''ကိုလံဘီယာ''တင်လွှတ်သည့်အခါတွင် တချိန်က အာကာသယာဉ်မှူးများအား လမျက်နှာပြင်သို့အရောက် ပို့ပေးသည့် အာကာသယာဉ်များအား တင်လွှတ်စဉ်ကကဲ့သို့ပင် ဖြစ်ရပ်ဖော်ပြင်းများ ထပ်မံဖြစ်ပွားခဲ့ပြန်သည်။ ကိုလံဘီယာ အာကာသ ယာဉ်အား ထက်ကောင်းကင်သို့ တရှိန်ထိုး တက်ရောက်သွားစေရန် တွန်းကန်ပေးသော တွန်းအား၏ အရှိန်တို့ကြောင့် မြေပြင်သည် တုန်ခါ၍သွားသည်။ အာကာသယာဉ် မီးနိုးလုံးကြီးများအကြားမှ မီးတောက်မီးလျှံများ တွန်းထုတ်ကာ အထက်ကောင်းကင်သို့ တက်ရောက်သွားသည်ကိုလည်း လူပေါင်းသန်းနှင့်ချီ၍ ကြည့်ရှုခဲ့ကြသည်။

သို့သော် ကိုလံဘီယာ အာကာသလွန်းပျံယာဉ်၏ ပျံသန်းမှုခရီးစဉ်တွင် ပညာရှင်များနှင့်လူထုတို့အကြားစိတ်အလှုပ်ရှားဆုံးဖြစ်ရသည့်အချိန်မှာ အာကာသယာဉ် မြေပြင်သို့ ပြန်လည်သက်ဆင်းလာနိုက်တွင်ဖြစ်သည်။နှောင်းခေတ်အာကာသယာဉ်များ ပြန်လည်သက်ဆင်းလာပုံနှင့်မတူ၊ တမူထူးခဲ့သည်။ ကိုလံဘီယာ အာကာသယာဉ်သည် ကြီးမားသည့် ငှက်ကြီးတကောင်ကဲ့သို့ အင်အားမစိုက်ထုတ်ရပဲ တွေ့ဝိုက်လှည့်ပတ်ကာ လေဟုန်စီး၍ ဖြည်းညှင်းစွာ လိမ့်ဆင်း လာခဲ့သည်။ တနည်းဆိုသော် လေယာဉ်ကဲ့သို့ ဖြည်းညှင်းစွာ သက်ဆင်းလာခဲ့ခြင်းဖြစ်သည်။ အာကာသယာဉ်အား အာကာသသို့ နောက်တကြိမ် ထပ်မံတင်လွှတ်ရန် စက်မှုပညာရှင်များသည် မြေပြင်မှမ်းမံခဲ့ကြသည်။ ယခင်က အသုံးပြုခဲ့ကြသော အာကာသယာဉ်ထိပ်ဖူးများသည် အများအားဖြင့် လူသူအများကြည့်ရှုနိုင်ရန် ပြတိုက်များဆီသို့သာ ရောက်ရှိသွားခဲ့ကြလေသည်။

ကိုလံဘီယာ အာကာသ လွန်းပျံယာဉ် ပျံသန်းမှုများနှင့်ပတ်သက်၍ ကမ္ဘာ့သတင်းစာအစောင်စောင်၊ မဂ္ဂဇင်းအသီးသီးတို့က အမျိုးမျိုးအဖုံဖုံ ချီးကျူးရေးသားခဲ့ကြသည်။အမှန်မှာ ကိုလံဘီယာ ပျံသန်းမှုသည် သာမန် အာကာသခရီးစဉ်များထက် ပိုမိုလွန်ကဲစွာ အဓိပ္ပာယ်သက်ရောက်သည်။ ကိုလံဘီယာ ပျံသန်းမှုမှ ရရှိမည့်အကျိုးကျေးဇူးများမှာလည်း အထူးပင် များပြားမည်ဖြစ်သည်။ အထူးသဖြင့် ဆက်သွယ်ရေး၊ ဆေးဝါးနှင့် ဓာတ်သတ္တုပစ္စည်း ထုတ်လုပ်ရေး၊ ဆောက်လုပ်ရေးနှင့် ကာကွယ်ရေးစသည့် နယ်ပယ်တို့တွင်ဖြစ်သည်။တနည်းဆိုသော် အာကာသလွန်းပျံယာဉ်ကိုလံဘီယာသည် အာကာသမှအပြန် စက်မှုနည်းပညာဆိုင်ရာ ပညာရပ် အများအပြားကို သယ်ဆောင်လာခဲ့သည်နှင့် တူပေသည်။

ယာဉ်မှူး ၂ဦးပါသော အမေရိကန် အာကာသလွန်းပျံယာဉ် ကိုလံဘီယာကို အာကာသသို့ ၁၉၈၁ ခုနှစ်၊ ဧပြီလ

www.burmeseclassic.com

www.burmeseclassic.com

၁၂ ရက်နေ့က ပထမဦးဆုံးအကြိမ် လွှတ်တင်ခဲ့ကြသည်။ တဖန် ဧပြီလ ၁၄ ရက်နေ့တွင် သတ်မှတ်ထားသည်ထက် အချိန် ၅၇ မိနစ်စော၍ ကမ္ဘာ့မြေပြင်သို့ ပြန်လည်သက်ဆင်းလာခဲ့သည်။ အာကာသယာဉ် ယခုကဲ့သို့ ချောမောပြေပြစ်စွာ ပြန်လည် သက်ဆင်းလာနိုင်ခဲ့သဖြင့်ပုံစံရေးဆွဲသူများနှင့်ထုတ်လုပ်သူများ ပင် တအံ့တဩဖြစ်ခဲ့ကြလေသည်။ ဝေဟင်မှ မြေပြင်သို့ လေ ဟုန်စီး၍ လွန်းပျံအာကာသယာဉ် ဆင်းသက်လာစဉ် "တွေး ထင်တာထက် ပိုကောင်းပါတယ်" ဟူသော ယာဉ်မှူးကျွန်ယမ်း၏ ထုတ်ဖော်ပြောကြားချက်ကို အမေရိကန် တပြည်ထောင်စုလုံး သာမက စက်မှုလောကတခုလုံးကပါ ကြားခဲ့ရလေသည်။

အာကာသသို့ အကြိမ်ကြိမ် တက်ရောက်နိုင်စေရန် ဖန်တီး ထားသော အတောင်တပ် အာကာသယာဉ်တစင်းအား အာ ကာသသို့ ပထမဦးဆုံးအကြိမ် ပျံသန်းနိုင်ခဲ့ခြင်းမှာ အမေရိ ကန် အမျိုးသားလေကြောင်းနှင့် အာကာသဆိုင်ရာ အုပ်ချုပ် မှုအဖွဲ့(နာဆာ)အဖို့ အပြောမဟုတ် အလုပ်နှင့်ပင် သက်သေပြ လိုက်ခြင်းပင်။ မကြာမီ ကာလအတွင်းတွင် သိပ္ပံပညာရှင် များ၊ စက်မှု ပညာရှင်များ၊ ကျွမ်းကျင်သော အတတ်ပညာ ရှင်များ၊ လေ့လာသူများ၊ သတင်းစာဆရာများနှင့် ခရီးသွား ဧည့်သည်များသည် နှစ်ပေါင်းများစွာ အပင်ပန်းခံ၍ လေ့ ကျင့်ခန်းမယူရပဲ အာကာသသို့ လွယ်ကူစွာ သွားရောက်ပြီး မိမိနေထိုင်ရာအိုးအိမ်ကဲ့သို့ သက်တောင့်သက်သာ အလုပ်လုပ် ကိုင်ပြီး ကမ္ဘာသို့ ပြန်လာနိုင်ကြတော့မည် ဖြစ်သည်။

ကိုလံဘီယာ အာကာသလွန်းပျံယာဉ် အာကာသသို့ ပထမ ဦးဆုံးအကြိမ် တက်ရောက်ကာ မြေပြင်သို့ ဆင်းသက်ပြီးမကြာ

မီပင် ယာဉ်မှူးများနှင့် စက်မှုပညာရှင်များ အာကာသယာဉ် အပြင်ဘက်၌ စစ်ဆေးကြည့်ရှုခဲ့ကြသည်။ အခြေအနေ ကောင်း မွန်ကြောင်းကိုလည်း တွေ့ရှိရသည်။ ကမ္ဘာ့လေထုအတွင်း အာ ကာသယာဉ် ထိုးဖောက်ဝင်ရောက်စဉ် လွန်ကဲသော အပူဒဏ်နှင့် ဖိအားဒဏ်များကို ခံခဲ့ရသည်။ မတင်လွှတ်မီကနဦး ကြီးမားများ ပြားလှသော အပူဒဏ်ကို ကိုလံဘီယာ အာကာသလွန်းပျံယာဉ် ခံမှုခံနိုင်ပါ့မလားဟု တွေးတောပူပင် ခဲ့ကြသည်။ ထို့ပြင်အာ ကာသယာဉ်အား မြေပြင်မှ ပစ်လွှတ်စဉ် ယာဉ်၌ တပ် ထား သော အပူကာ အုပ်ကြွတ်ပြားအချို့ ချောင်သွားကာ လမ်းခ ရီး၌ ပြုတ်ကျခဲ့၍လည်း ပူပင်သောကရောက်ခဲ့ကြရသေးသည်။

ဖော်ပြပါ အာကာသလွန်းပျံယာဉ် ပျံသန်းမှုသည် ၆ နှစ် အတွင်း အမေရိကန်တို့၏ ပထမဦးဆုံး ပြုလုပ်သော ပျံသန်းမှု ဖြစ်သည်။ တဖန် ဆိုဗီယက်အာကာသယာဉ်မှူး ယူရီဂါဂါရင် အာကာသသို့ တက်ရောက်၍အပြီး နှစ်ပေါင်း ၂၀ ကြာမှ ပြု လုပ်သော အာကာသယာဉ် ပျံသန်းမှုလည်းဖြစ်သည်။ ကိုလံဘီ ယာ အာကာသလွန်းပျံယာဉ် မြေပြင်မှ စတင် ထွက်ခွာစဉ်က ဝါရင့်ယာဉ်မှူး ဂျွန်ယမ်း၏ သွေးခုန်နှုန်းမှာ တမိနစ် လျှင် ၈၅ ကြိမ်ထက်မပိုပေ။ ယမ်းသည် အာကာသသို့ ၅ ကြိမ် မြောက် တက်ရောက်ခြင်း ဖြစ်သဖြင့် စိတ်ကို အေး ဆေး စွာ ထားနိုင်ခဲ့ခြင်း ဖြစ်သည်။

သို့သော် အာကာသသို့ ပထမဦးဆုံး အကြိမ်အဖြစ် တက် ရောက်သူ ရောဘတ်ခရစ်ပင်၏ သွေးခုန်နှုန်းမှာ တမိနစ်လျှင် ၁၃၅ ကြိမ်အထိ တက်ရောက်သွားခဲ့သည်။ အာကာသမှ တွေ့ မြင်ရသော မြင်ကွင်းမြင်ကွက်များ အကြောင်းနှင့် ပတ်သက်၍

www.burmeseclassic.com

www.burmeseclassic.com

ဂျွန်ယမ်းက မိမိအား မကြာမကြာ ပြောပြလေ့ရှိခဲ့ကြောင်း။ သို့သော် ကိုလံဘီယာအာကာသယာဉ်၏ ပြတင်းပေါက်မှ မြင်ရသော မြင်ကွင်းများမှာ ရုပ်လုံးပေါ်အောင် ပြောပြဖို့ ရာအင်မတန် ခက်ခဲကြောင်း၊ မြင်ကွင်းများအား မကြည့်ပဲအလုပ်ထဲတွင် စိတ်ဝင်စားအောင် လုပ်ဆောင်ရသည့် လုပ်ငန်းမှာလည်း မိမိအဖို့ အထူးပင်ခက်ခဲကြောင်း ရောဘတ်ခရစ်ပင်က ပြောပြခဲ့သည်။

ကိုလံဘီယာ အာကာသလွန်းပျံယာဉ် ပထမဦးဆုံးအကြိမ် ဝန်းပတ်သည့်အခါ၌ အာကာသယာဉ်မှ ကုန်တင်အခန်းတံခါးကိုစမ်းသပ်ဖွင့်လှစ်ကြည့်ခဲ့သည်။ ယာဉ်အတွင်းမှစက်ကိရိယာများကြောင့် ထွက်ပေါ်လာသော အပူရှိန်များ အာကာသအတွင်း ပြန့်လွင့်သွားစေရန် ဤသို့တံခါးကိုဖွင့်လှစ်ခဲ့ကြခြင်းဖြစ်သည်။ အခက်အခဲမရှိ ဖွင့်နိုင်ခဲ့ကြသည်။ ဤသို့လုပ်ဆောင်သည်ကို ရုပ်မြင်သံကြား ပရိသတ်များ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြသည်။ စက်ကိရိယာများ၏ အံ့မခန်းလုပ်ဆောင်ပုံများကိုပါ မြင်တွေ့ကြရသည်။

ကိုလံဘီယာ အာကာသလွန်းပျံယာဉ် ဒုတိယအကြိမ် အာကာသသို့ တက်ရောက်ခြင်း။

ကိုလံဘီယာ အာကာသယာဉ်အားအာကာသသို့ ဒုတိယအကြိမ်အဖြစ် ၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့က တင်လွှတ်ခဲ့သည်။ မူလက အာကာသတွင် ၅ ရက်ကြာ နေထိုင်လှည့်ပတ်နေစေရန် ကြံရွယ်ခဲ့သော်လည်း စက်အချို့၏ ချွတ်ယွင်းမှုကြောင့် ၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကမ္ဘာသို့ ပြန်လည် သက်ဆင်းလာခဲ့သည်။ ၎င်းအာကာသယာဉ်နှင့်အတူ ဦးစီးယာဉ်မှူး အသက် ၄၉ နှစ်အရွယ် ဂျိုးဇက်အင်ဂျယ်လ်နှင့် တွဲဖက်ယာဉ်မှူး အသက် ၄၃ နှစ်အရွယ် ရစ်ချဒ်ထရူလေ့တို့ လိုက်ပါခဲ့ကြသည်။

အမေရိကန် အာကာသယာဉ်မှူး ၂ ဦးအား တင်ဆောင်ထားသော ကိုလံဘီယာအာကာသလွန်းပျံယာဉ် ဒုတိယအကြိမ် အာကာသမှ ပြန်လည်သက်ဆင်းလာသောအခါ ၎င်းနှင့်အတူ သိပ္ပံဆိုင်ရာအချက်အလက် အတော်များများ ပြန်လည် ယူဆောင်လာခဲ့သည်။ ယင်းအချက်အလက်များအား သိပ္ပံပညာရှင်များ မည်သို့ပင်ဆန်းစစ်သော်လည်း ရရှိမည့်အကျိုး ကျေးဇူးများကိုမူ အတိအကျ မည်သူမှ ခန့်မှန်းနိုင်မည် မဟုတ်ပေ။

အာကာသလွန်းပျံယာဉ်၏ ပစ္စည်းတင်အခန်းတွင် သယ်ဆောင်သွားခဲ့သော ရှုတ်ထွေးလှသည့် သိပ္ပံဆိုင်ရာ ပစ္စည်း ၅ မျိုးမှာ အာကာသယာဉ် ကမ္ဘာအား ဝန်းပတ်ပျံသန်းစဉ် ဆောင်ရွက်ရန်ရှိသည့် တာဝန်ဝတ္တရားများကို ကောင်းစွာ ဆောင်ရွက်ပေးခဲ့ကြသည်။ ထို့မျှမက ကြိုတင် ကြံစည်ထားသည့်အတိုင်းလည်း စမ်းသပ်စစ်ဆေးရာမှ ထွက်ပေါ်လာသော စာရင်း ဇယားများကိုလည်း ကောင်းမွန်စွာ မှတ်တမ်းတင်နိုင်ခဲ့ကြသည်။ အာကာသလွန်းပျံယာဉ်၏ အခန်းငယ်တွင်း၌ထည့်၍ ယူဆောင်လာခဲ့သော အခြားစမ်းသပ်ရေး ကိရိယာများမှလည်း သတင်းအချက်အလက်များ ရရှိခဲ့၏။ အလားတူပင် ကနေဒါနိုင်ငံမှ စက်မှုနှင့် သိပ္ပံပညာရှင်များ တီထွင်စမ်းသပ်တည်ဆောက်ပေးသည့် "အဝေးမှ ထိန်းကျောင်းပေးရသော လက်တံ"ကိုလည်း အလေးချိန်မဲ့သည့်ဒေသတွင် ပထမဦးဆုံး အကြိမ် စမ်းသပ်မောင်းနှင် ကြည့်ရှုခဲ့ရာ စိတ်ကျေနပ်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com

အတိုင်း လုပ်ဆောင်နိုင်ကြောင်းကို အာကာသယာဉ်မှူးများ တွေ့ရှိခဲ့ကြသည်။

၁၉၈၁-ခုနှစ်၊ နိုဝင်ဘာလ ၁၂-မှ ၁၄-ရက်နေ့အထိ ပြုလုပ်ခဲ့သော ကိုလံဘီယာ အာကာသလွန်းပျံယာဉ်ခရီးစဉ်၏ အဓိကရည်မှန်းချက်မှာ လက်တုကြီးအား စမ်းသပ်မောင်းနှင်ကြည့်ခြင်းနှင့် အာကာသလွန်းပျံယာဉ် တင်လွှတ်စဉ်၊ ဝန်းပတ်ပျံသန်းစဉ် လေထုအတွင်း ပြန်လည်ဝင်ရောက်စဉ်နှင့် မြေပြင်သို့ သက်ဆင်းစဉ် မည်သို့မည်ပုံ လုပ်ဆောင်တုံ့ပြန်သည်ကို မှတ်တမ်းတင်၍ ဆန်းစစ်ရန်အတွက် ဖြစ်သည်။

၁၉၈၁ ခုနှစ်၊ ဧပြီလ (၁၂-၁၄)ရက်အတွင်း ကိုလံဘီယာ အာကာသလွန်းပျံယာဉ်အား အာကာသသို့ ပထမဦးဆုံး အကြိမ် တင်လွှတ်စဉ်က သိပ္ပံဆိုင်ရာ စမ်းသပ်မှုကိရိယာ တစ်ခုတလေမှ ပါဝင်သွားခြင်းမရှိပေ။ ထိုစဉ်က အာကာသလွန်းပျံယာဉ် အာကာသ၌ ဝန်းပတ်ပျံသန်းစဉ် ပါဝင်သော စက်ကိရိယာများ၏ ထူးထူးခြားခြားဖြစ်ရပ်များကိုသာ လေ့လာ ကြည့်ရှုလိုကြသည်။

ထို့ကြောင့် နာဆာအဖွဲ့ကြီးသည် ကိုလံဘီယာ အာကာသလွန်းပျံယာဉ် ဒုတိယအကြိမ်ပျံသန်းစဉ်တွင် စံချိန်ကိုက် ပြုလုပ်ထားသည့် သုတေသန ပစ္စည်းကိရိယာများကို တင်ဆောင်၍ စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။ သို့မှသာ နောင်ကာလ အာကာသလွန်းပျံယာဉ်များ ပျံသန်းမှုပြုကြရာတွင် စမ်းသပ်မှုများ ပြုလုပ်ရန်အတွက် သိပ္ပံပညာရှင်များသည်သင့်တော်မည့်ယာဉ်၏ပုံစံရအောင် ပြုပြင်မှုများ ပြုလုပ်နိုင်ကြမည်ဖြစ်ပေသည်။

www.burmeseclassic.com